www.dhammaransi.com

## သဲအင်းဂူဆရာတော်ဘုရားကြီး

၏

# တရားတော်များ

မိုးကြိုး ဦးအုန်းခင်

၁၉၇၀ ခု - ဒီဇင်ဘာလ ထုတ်ဝေသည်။

www.dhammaransi.com

# မူလသဲအင်းဂူဆရာတော်ဘုရားကြီး



www.dhammaransi.com

သု ဘာသနာစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေးရန်ကုန်

.... အမြဲလင်း ငွေတင်း သဲအင်းလာပြီ ....

# သဲအင်းဂူ

## ဆရာတော်ဘုရားကြီး၏

# တရား ဆောင်းပါးများ

မိုးကြိုး ဦးအုန်းခင်

ရေးသည်

ဘာသာရေးဆိုင်ရာစာပေ
ခွင့်ပြုချက်အမှတ် (၄၅၂၁)

www.dhammaransi.com

အမှတ် ၂၈၀၄၃...
ရက်စွဲ..................

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | |
| ၂။ | စာရေးဆရာသုခ၏ အနုမောဒနာ စာလွှာ | |
| ၃။ | ကကြီးလုံး ခခွေးလုံး မသိသူများ နိဗ္ဗာန်ရောက်ကြသည် | ၁ |
| ၄။ | ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်တွေ | ၆ |
| ၅။ | ဝိပဿနာအကျင့်ဆိုတာ ဥပါဒါန်တွေကို စိတ်တူနဲ့ ထုချေပစ်တာ | ၁၅ |
| ၆။ | မေးပါများ စကားရမှာ | ၂၂ |
| ၇။ | ဦးအောင်ဗလ - မယ်ကာက | ၃၀ |
| ၈။ | ရာကုဋေ | ၄၂ |
| ၉။ | ရှက်စရာတွေးတော့ သမုဒယပါ မဂ္ဂဆေးနှင့် ကုရမှာ | ၄၇ |
| ၁၀။ | ညောင်တုံးတရားပွဲ | ၅၂ |
| ၁၁။ | ဇာနာတိနဲ့ ပဇာနာတိ | ၅၉ |
| ၁၂။ | သဲအင်းကျင့်စဉ် | ၆၈ |
| ၁၃။ | သာသနာအဓွန့်ရှည်စွာတည်တန့်ရေး | ၇၁ |
| ၁၄။ | ရွှေမန်းသဲအင်းတရားပွဲ | ၈၃ |
| ၁၅။ | သတိပဋ္ဌာန်လေးပါးယာဉ်ရထား | ၈၉ |
| ၁၆။ | ညောင်တုန်းမြို့က ဓမ္မာစရိယ | ၁၂၅ |
| ၁၇။ | တနီကလေးတစောင် | ၁၃၄ |
| ၁၈။ | နင့်ဘရှူးနမ်း ရဟန်းပေါ့ပျက် | ၁၄၃ |
| ၁၉။ | စကားမှန်၏ ညက်မဓိ | ၁၅၅ |

www.dhammaransi.com

# " နိဒါန်း "

ဤသဲအင်းဂူဆရာတော်ဘုရား၏ တရားအကြောင်း ဆောင်းပါးများကို စတင်ရေးသားစဉ်က ၎င်းတို့ကို စုပေါင်း၍ စာတစ်အုပ်အနေနှင့် ထုတ်ဝေရန် ရည်ရွယ်ချက်မရှိခဲ့ပါ။ "စာမှာမတတ် ကိုယ်မှာတတ်သော" သဲအင်းဂူဆရာတော် ဘုရားဟောကြားသင်ပြပေးနေသော သတိပဋ္ဌာန်လေးပါး အကျင့်မြတ်တရားဟာ (၁)ဘုရားဟော ဒေသနာများနဲ့အံဝင်ဂွင်ကျ ဖြစ်နေကြောင်းနဲ့၊ (၂)ပရိယတ်သာသနာ နေလိုလလို ထွန်းလင်းတောက်ပနေတဲ့ တို့ဗမာပြည်မှာ ပဋိပတ်၊ ပဋိဝေဓ သာသနာနှစ်ရပ် ထပ်ဆင့်၍ စည်ပင်သာယာကျယ်ပြန့်လာစေ ခြင်းငှာ ညှာက်အားပေးသော အနေနဲ့ မိမိအစွမ်းရှိသမျှ ရေးသားခဲ့ခြင်းသာ ဖြစ်ပါတယ်။

သို့ရာတွင် ဒိဋ္ဌိသတ်တဏှာသတ်နဲ့ မဂ်လေးပါးစာအုပ်ကို ထုတ်ဝေပြီးချိန်၌ ထိုတရားဆောင်းပါးများဟာ ဒိဋ္ဌိသတ်၊ တဏှာသတ် စာအုပ်တွင် ဖော်ပြထားသော အချက်အလက်များကို ပိုမိုရှင်းလင်းစေသည် သာမကဘဲ ထပ်မံဖြည့်စွက်ထားသော ဘုရားဟောဒေသနာများပါရှိနေသဖြင့် ထိုဆောင်းပါးများကို စုပေါင်း၍ စာအုပ်ထုတ်ဝေလျှင်ကောင်းမည်ဟု ဓမ္မမိတ်ဆွေများက အကြံညှာက်ပေးကြပါတယ်။

ထို့ကြောင့် ဤဆောင်းပါးများကို ထပ်မံသုတ်သင်စီစဉ်၍ စာအုပ်အနေဖြင့် ထုတ်ဝေလိုက်ပါတယ် ခင်ဗျား။

ဒိဋ္ဌိသတ်၊ တဏှာသတ်စာအုပ်ကို ဖတ်ရှုပြီးနောက် ဤဆောင်းပါးများကို ဆက်လက်ဖတ်ရှုပါက သဲအင်းဂူဆရာတော် ဘုရားဟောကြားသော အကျင့် တရားများကို ပိုမိုရှင်းလင်းပြတ်သားစွာ နားလည်မည်သာမကဘဲ၊ သဲအင်းဂူကျင့်စဉ်ကိုလည်း ကောင်းစွာညှာက်ငုံမိကာ တိကျသော တရားအားထုတ်နည်း များကိုပါ ရရှိကြမည်ဖြစ်ပါသဖြင့် ဆယ့်တစ်မီးငြိမ်းအေး ဤမဂ္ဂင်ဆေးကြီးကို စားသုံးနိုင်ကြပါစေသတည်းဟူ၍ ဆုမွန်ကောင်းကို တောင်းလိုက်ပါတယ် ခင်ဗျား...

အမှတ် - ၄၁၂ (မိုးကြိုး) ဦးအုန်းခင်
သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၁၅၁၉၆၊ ၁၉၇၀-ခု အောက်တိုဘာလ

www.dhammaransi.com

# စာရေးဆရာ သုခ ၏
# အနုမောဒနာစာလွှာ

၃၁၊ ပါရမီရိပ်သာ
ကမ္ဘာအေးစာတိုက်၊ ရန်ကုန်မြို့
၁၃ - ၁၀ - ၁၉၇၀

လေးစားအပ်သော ဦးအုန်းခင် -

ပေးလိုက်သောစာကို ရရှိပါသည်။ သတင်းဂျာနယ်တွင် ရေးသမျှ ပထမစာဆောင်ကစပြီး ဖတ်ခဲ့၊ ကြေနပ်ခဲ့ပါသည်။ ထိုထက် ပွင့်လင်းစွာ အစီရင်ခံရမည်ဆိုပါလျှင် သံလျင်ကစာတွေထက် ဘဝင်ကျခဲ့ပါသည်။ အထူးသဖြင့် ""မင်္ဂလေးပါး"" စာဆောင်က တိုတိုနှင့် လိုရင်းကို ကွင်းကွင်း ကွက်ကွက် ရှင်းရှင်းပြတ်ပြတ်ဖြစ်သည်ဟု ထင်ပါသည်။ အလုပ်စခန်း၏ သော့ချက်ဟုလည်း ယုံကြည်ရပါမည်။ သတင်းဂျာနယ်က ဆောင်းပါးများ ကတော့ အလုပ်လုပ်ချင်လာ အောင် ဆွဲဆောင်သိမ်းသွင်းနိုင်ပါလိမ့်မည်။

ကျွန်တော်လည်း တတ်အားသမျှ လုပ်ပါသည်။ ဟောပါသည်။ ရေးပါသည်။ ထို့ကြောင့် ဦးအုန်းခင်ကို စေတနာချင်းစာ၍ လေးစား ချင်စေပါသည်။ သံဃာတော်များ ဟောတော်မူကြသော ဝေါဟာရတို့သည် သာသနာနှင့် စိမ်းသော လူပြိန်းလူငယ်များအဖို့ မျက်စိမမှီ၊ နားမှီ ဖြစ်နေတတ်၍ ဦးအုန်းခင်တို့လို ခေတ်မှီ၊ သာသနာမှီ စာရေးဆရာများက ကြိုးပမ်းပေးကြမှ ဘုရားရှင်၏ အဆုံးအမ ပြန်နှံ့ထင်ပေါ်လျှက် လူတော်လူကောင်းများ တိုးပွားလာနိုင်ပါလိမ့်မည်။

စကားစပ်၍ ပြောရလျှင် သတင်းဂျာနယ်ကို အပတ်စဉ် မှန်မှန်မရ၍ ပြတ်တောင်းပြတ်တောင်း ဖြစ်နေပါသည်။ ကျေးဇူးပြု၍ ကျွန်တော့်ထံ လပေး၊ နှစ်ပေးနှင့် ပေးပို့ရယူချင်ပါသည်။ အခမဲ့ မဟုတ်ပါ။

ကျေးဇူးတင်စွာ သာဓုခေါ်လျှက်
သုစိ အတ္တာနံ ပရိဟရန္တု

သုခ

www.dhammaransi.com

( မှတ်ချက်။ ။အထက်ပါ မိတ်ဆွေကြီးဦးသုခ၏ ချီးမြှင့် အားပေးစာကလေးကိုဖတ်ရတဲ့အခါ "ကြိုးစားပါမောင်၊ တို့ဗမာ ပြည်ဘောင်၊ အမျိုးသားတွေတက်ခေတ်မှာ ထွန်းသစ်နေဝန်းသို့ပြောင်" . . . အစချီသော ၁၉၃၆ - ခုနှစ် ဦးဇော်ဝိတ်နှင့် ကာယဗလ ဦးရှိန်တို့နှစ်ဦး ဘာလင်မြို့၌ ကျင်းပသည့် အိုလံပစ်ပွဲသွားရန် ရံပုံငွေကောက်ခံတဲ့ ကပွဲ၌ သီဆိုသော ရွှေတိုင်ညွန့် ရေးသားသည့် "အိုလံပစ်" သီချင်းကလေးကို ပြေးပြီးသတိရကာ ဆက်လက်ကြိုးပမ်းရန် အားတက်မိပါသည် ခင်ဗျား။ ။မိုးကြိုး )

www.dhammaransi.com



# " အမြဲလင်း – ဖွဲ့တင်း – သဲအင်းလာပြီ "

## မိုးကြိုးဦးအုန်းခင် နှင့် မိတ်ဆွေတစ်ဦးတို့၏ ဆွေးနွေးခန်း

ကကြီးလုံး – ခခွေးလုံး – မသိသူများ
နိမ့်မှာနိမ့်ရောက်ကြသည်

---

**မသူတော်ခုနစ်ပါး**

မိတ်ဆွေ – ဦးမိုးကြိုးရေးတဲ့ ဆွေးနွေးခန်းဆောင်းပါးများကို ဖတ်ရှုရတဲ့အတွက် ကျွန်တော်လည်း ဦးမိုးကြိုးနဲ့ဆွေးနွေးချင်လို့လာခဲ့ပါတယ် ခင်ဗျား . . .

မိုးကြိုး – "တောင်းကို မဖောက်၊ တောင်ကို ဖောက်၊ စိန်ကျောက် အလား၊ မိုးကြိုးသွား" ဆိုတာကို မိတ်ဆွေကြားဖူးတယ် မဟုတ်လား။

မိတ်ဆွေ – ကြားဘူးပါတယ်။ ဒါထက် "ကိုယ့်ကိုယ်ကိုဖေါ် မသူတော် ခုနစ်ပါး" ဆိုတာကိုလည်း ကျွန်တော်ကြားဖူးပါသေးတယ်။

မိုးကြိုး – အင်း ... ဒီလေပေါက်အတိုင်းဆိုရင်တော့ မိတ်ဆွေနဲ့ကျွန်တော်ဟာ အတိုင်အဖောက်ကိုက်ညီပြီလို့သာ မှတ်ပေတော့ဗျို့။ တယောက်ကို တယောက် မညှာတမ်းပြောကြရအောင်လား။ ဒါထက် ခင်ဗျား ဘာမေးချင်သလဲ မေးစမ်းပါ။

"ဖြေမနော်၊ အဖက်ဖက်က စမ်းကြပါတော့၊ မပြေသော် တစ်သက်နှင့် နှစ်သက်တန်းပါဘဲ" ဆိုတဲ့ ကွယ်လွန်သူဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ လေးချိုးကြီးလိုပေါ့ဗျာ၊ ဟုတ်လား။

မိတ်ဆွေ – အဘိဓမ္မာကို တော်တော်တန်တန် ကြိုတင်ခေါက်မိ သိရှိထားသူများမှသာ ဝိပဿနာတရားကို ကျင့်ကြံအားထုတ်လို့ တရားထူကို သိမြင်ပေါက်မြောက်နိုင်တယ်လို့ ဆိုနေပြောနေကြပါတယ်။ ဒီပြဿနာမှာ ဦးမိုးကြိုးဘယ်လိုယူဆပါသလဲ ခင်ဗျား၊ ကြားနာစမ်းပါရစေ။

**လူမလေး–ခွေးမခန့်**

မိုးကြိုး – ကျွန်တော့်ရဲ့အယူအဆကို ဒီပြဿနာမျိုးမှာ "လူမလေး ခွေးမခန့်" ဆိုတာမျိုးသာ ဖြစ်ပါလိမ့်မယ်။ ဒီပြဿနာမျိုးနဲ့ ပတ်သက်လာရင် ဘုရားသခင်

www.dhammaransi.com



ကဘယ်နည်း၊ ဘယ်ပုံ၊ ဘယ်သုတ်မှာ ဟောခဲ့တယ်ဆိုတာကိုသာ ကိုးကား တင်ပြပါမှ ပညာရှိသူတော်ကောင်းများ လေးစားမည်ဖြစ်ပါတယ်။

မိတ်ဆွေ - မှန်ပါတယ် ခင်ဗျာ၊ ဆက်ပြီး ပြောစမ်းပါ။

မိုးကြိုး - အဘိဓမ္မကို အတော်အတန် ခေါက်မိထားပါမှ ဝိပဿနာတရားကို ကျင့်ကြံအားထုတ်လို့ တရားထူးကို သိမြင်ပေါက်မြောက်နိုင်တယ်လို့ အဆိုပြုသူများက သူတို့ရဲ့အဆိုကို ထောက်ခံတဲ့ ဘုရားဟောဒေသနာကို တင်ပြရပါလိမ့်မယ်။

ဒီလို ဘုရားဟောဒေသနာမျိုးကို ကျွန်တော်တော့ မတွေ့ဘူးဘူး ခင်ဗျ။ ကျွန်တော်တွေ့ဘူးတာက ဘုရားသခင် လူပြည်မှာ မဟောဘဲ နတ်ပြည်မှာ ဟောတဲ့ အဘိဓမ္မာကဲ့သို့နက်နဲခက်ခဲတဲ့ တရားမျိုးကို ကြိုတင်သိဘို့ဆိုတာ ဝေးရော၊ ဘုရားရှိခိုးဂါထာကိုပင် သင်ယူရာမှာ ပထမပါဒဆုံးလို့၊ ဒုတိယပါဒ ရောက်တာနဲ့ တပြိုင်နက် ထိုပထမပါဒကို မေ့ပစ်တဲ့ ရဟန်းတစ်ပါးဟာ "လက်ပွတ်တရား" နဲ့ ပဋိသမ္ဘိဒါလေးပါး၊ အသိဉာဏ် ခြောက်ပါးနဲ့တကွ ရဟန္တာကြီးဖြစ်သွားတဲ့ ဝတ္ထုကလေးဘဲဖြစ်ပါတယ်။ ၎င်းကို တင်ပြပါမယ်။

မိတ်ဆွေ - လုပ်စမ်းပါဗျာ၊ ကြားနာမှတ်သားစမ်းပါရစေ။

## ရှင်စူဠပန်

မိုးကြိုး - တောင်ငါးလုံး ဝိတ်ဖုံးကာခို၊ ရာဇဂြိုလ်ဆိုတဲ့ မင်းနေပြည်အနီး၊ ရွာငယ်တစ်ခုမှာ နေသူဌေးရဲ့မြေး၊ မဟာပန်နဲ့စူဠပန် ညီအစ်ကို နှစ်ယောက် ရှိပါတယ်။

အစ်ကိုမဟာပန်ဟာ မြတ်စွာဘုရားတည်းဟူသော ဆရာကောင်းကို ရရှိတဲ့အတွက် အရဟတ္တဖိုလ်ရ၊ ရဟန္တာကြီးဖြစ်သွားပါတယ်။ ထိုအခါ မဟာပန်ဟာမိမိရရှိထားတဲ့ မဂ်ဖိုလ်ချမ်းသာ တရားများကို ညီဖြစ်သူ စူဠပန်အား ပေးဝေလိုတဲ့အတွက် စူဠပန်ကို ရှင်ပြုစေပြီး၊ လေးပါဒမျှရှိတဲ့ ဘုရားရှိခိုး ဂါထာကိုသင်ကြားပေးပါတယ်။

စူဠပန်ဟာ ထိုဘုရားရှိခိုးဂါထာရဲ့ အနက်ကို သိဘို့ မဆိုထားနဲ့၊ ပထမပါဒဆုံးလို့ ဒုတိယပါဒကို ရောက်တဲ့အခါ ထိုပထမပါဒကို မေ့သွားပါတယ်။ ဒါကြောင့် အစ်ကိုမဟာပန်က "အချင်း စူဠပန် သင်သည် လေးပါဒမျှသာရှိတဲ့ ဂါထာကို ဝါတွင်းလေးလပတ်လုံးသင်ယူ၍မျှ မရရှိချေ။ သင်ကဲ့သို့သော သူဟာ လူမည်ကာသာဖြစ်၍ အနှစ်သာရနဲ့ပြည့်စုံလှတဲ့

www.dhammaransi.com



ဘုရားရှင်သာသနာတော်နဲ့ မထိုက်တန်ပေ၊ မြေနုကျွန်း၌ ရေသွန်း၍ စိုက်ပါလျှက် မပေါက်သော မျိုးစေ့ကဲ့သို့ အကျိုးမဲ့တဲ့ ဘဝသာဖြစ်ရချေသည်၊ ယနေ့ပင်လူထွက်၍ အသက်မွေးပေတော့" လို့ ပြောဆိုကြိမ်းမောင်းပြီး ကျောင်းမှ နှင်ထုတ်လိုက်ပါတယ်။

## ဖေကာ်နှယ်ဆိုးပါဘိ

ဒါကြောင့် စူဠပန်ဟာ "ဖေကာ်နယ်ဆိုးပါဘိ ဒင့်အမေရိုးတဲ့ ကံရယ်ငါ့လစွိုးသာပ ငါ့ချည်းကျန်တော့တယ်" ဆိုပြီး ငိုတယ်တဲ့ ခင်ဗျ။

မိတ်ဆွေ - အင်း စကားကောင်းပြောနေရာက သွေ့ဖီရေးသမားကြီးဖြစ်သွားပြန်ပြီပေါ့ဗျာ။

မိုးကြိုး - အပျင်းတော်ပြေစေဘို့ လုပ်လိုက်တာပါဗျာ၊ ပျော်လို့ပျက်ကလက်တယ်လို့ မထင်လိုက်ပါနဲ့ ဆက်ပြီးပြောပါ့မယ်။

ဒီအကြောင်းကိုမြတ်စွာဘုရားသခင်သိတော်မူတဲ့အခါ "ချစ်သားစူဠပန်လာလှည့်၊ ငါသို့သော သဗ္ဗညုဘုရားထင်ရှားရှိပါလျက် ပညာလေးလံထိုင်းမှိုင်းသဖြင့် စာသင်၍ မတတ်ရုံမျှနှင့် ရဟန်းဘဝကို အသို့စွန့်ရအံ့နည်း၊ သင်၏ အစ်ကို၌ကား သူတစ်ပါးတို့၏ အာသယာနုသယကို မုချအားဖြင့် သိတတ်သော ဉာဏ်သည် မရှိ၊ သင်ကား သာဝကဝေနေယျမဟုတ်၊ ဗုဒ္ဓဝေနေယျဖြစ်သော ပုဂ္ဂိုလ်ပေတည်း၊ လျင်စွာလာလော့ ငါသင်ဦးအံ့" လို့ မိန့်တော်မူပြီး စူဠပန်အား ဖြူစင်သော ပုဆိုးပိုင်းကို ပေးအပ်ကာ ဤအဝတ်ကို ပွတ်နယ်လျှက် "ရဇောဟရဏံ" ကို စီးဖြန်းရွတ်ဆိုစေပါတယ်။

စူဠပန်ဟာ ယိုလက်ပွတ်ကမ္မဋ္ဌာန်းကို စီးဖြန်းရင်းမှာဘဲ လေးပါးသောရူပါဝစရဈာန်ကိုရပါတယ်။ အဲဒီအထိဟာ သမာဓိကို အင်အားကောင်းအောင်ထူထောင်တဲ့ သမထကြီးဖြစ်ပါတယ်။ ထို သမထကြီးနဲ့ ရအပ်တဲ့ ဈာန်သမာဓိကို အခြေပြုပြီး ဝိပဿနာသို့ကူးပြောင်းကာ ရုပ် - နာမ် - သင်္ခါရ တရားတို့ကို အရှုခံအာရုံအဖြစ်ထားပြီး လက္ခဏာဉာဏ်များပေါ်အောင် ဆက်လက်ရှုပွားတဲ့အခါ ပဋိသမ္ဘိဒါ လေးပါး၊ အဘိညာဏ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူ ပါတယ် ခင်ဗျား။

မိတ်ဆွေ - အင်း .... ဒီလိုဆိုတော့လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရရှိဘို့ရန်မှာ အဘိဓမ္မာကို တတ်ဖို့မပြောနဲ့ စာတတ်ဖို့ပင်မလို၊ ဆရာကောင်းရဘို့သာ လိုတယ်ဆိုပါတော့။

www.dhammaransi.com



မိုးကြိုး - မှန်ပါတယ်။ ဒီအတိုင်းပါဘဲ။ ဒါကြောင့် ရွှေကျင်နိကာယ တတိယသာသနာပိုင် ဒီပဲရင်းဆရာတော်ဘုရားကြီးက -

## ဒီပဲရင်းဆရာတော်-အာဘော်

ကျင်လည်လေသမျှ သံသရာဘဝမှာ ဝိပဿနာဟူ၍ အသံ ကိုသော်မျှ အလွန်ကြားရခဲသည်။ အနံ့ကိုမျှ နံရခဲသည်။ ဝိပဿနာနံ့တွေ မွှေးကြိုင် လှိုင်သင်းလှသော သာသနာတော်၏ အတွင်းကြုံကြိုက်ရသော ယခုဘဝ၌ အနံ့ကို နံဘူးသည်ရှိရုံ၊ အားထုတ်ဘူးသည် ရှိရုံမျှသော်လည်း အားထုတ် ကြရမည်။

စာတတ်မှ အားထုတ်တတ်သည်၊ စာတတ်မှ နည်းလမ်းကျသည်၊ စာမတတ်လျှင် အားမထုတ်တတ်၊ နည်းလမ်းမကျဟု မှတ်ထင်တတ်သည်။ မမှတ်ထင်နှင့်။

ဘုရားလက်ထက်တော်က စာမသင်၊ ပေမသင်၊ စာမတတ်ဘဲ ကကြီးလုံး ခခွေးလုံးကိုမျှ မသိဘဲ နိဗ္ဗာန်ရောက်သူတွေသာများသည်။ စာတတ်၍ နိဗ္ဗာန်ရောက်သူ အနည်းငယ်သာရှိသည်။

စာတတ်၊ ကျမ်းတတ်၊ ပိဋကတ်သုံးပုံဆောင် ဂိုဏ်းဆရာကြီး ပေါဋ္ဌိလမထေရ်ကြီးသည် (စာမတတ်တဲ့) ရဟန္တာသာမဏေငယ်ထံ နည်းယူ၍ သာမဏေငယ်နည်းပေးမှ နိဗ္ဗာန်သို့ ရောက်သည်ဟု ဓမ္မပဒအဋ္ဌကထာ မှာဆိုသည်။ (ဆရာကောင်းထံမှ) နည်းကောင်း ရသည်သာ လိုရင်းဖြစ်သည်။

အမှန်ကျန နည်းကောင်းရလျှင် ယုံယုံကြည်ကြည်သာ အားထုတ်သည် ထက် ကောင်းသောအလုပ် တစ်လောကလုံးမှာမရှိလို့ ရေးသားတိုက်တွန်း ခဲ့ပါတယ် ခင်ဗျား။

မိတ်ဆွေ - အင်း ... ကောင်းပါပေတယ် ခင်ဗျား။ ဒါထက် ရဟန္တာကြီးလို့ ဦးမိုးကြိုးတို့ ယုံကြည်နေတဲ့ သဲအင်းဂူဆရာတော် ဘုရားဟာ ဘယ်ဝိပါက် ကြောင့် စာမတတ်သလဲဆိုတာ ဦးမိုးကြိုး မေးလျှောက် မကြည့်ဘူးလား။

## စာညဏ်နဲ့ နိဗ္ဗာန်မိလို့

မိုးကြိုး - ကျွန်တော်မေးလျှောက်ကြည့်တဲ့အခါ သဲအင်းဂူ ဆရာတော်က ဒကာကြီးဦးအုန်းခင်၊ ဦးပဍ္ဍင်းဟာ ကကုသန်မြတ်စွာဘုရားအရင် ပွင့်တော်မူတဲ့ ဝေဿဘူမြတ်စွာဘုရားသခင် လက်ထက်မှာ မင်းဖြစ်ခဲ့တယ်။ ယောကျ်ားတို့

www.dhammaransi.com



တတ်အပ်တဲ့ (၁၈)ရပ်သော အတတ်ကို ကောင်းစွာတတ်ပြီး၊ ကျမ်းဂန်စာပေနယ်မှာ ထူးချွန်ခဲ့တယ်။ ဒီလိုစာတတ်တဲ့အတွက် စာမာန်တက်ပြီး သူတစ်ပါးကို စာညက်နဲ့ နှိပ်စက်ခဲ့တယ်။ ဒီဝိပါက်ကြောင့် ဦးပဋ္ဌင်းဟာ ယခုဘဝမှာ စာဖတ်ချင်စိတ်၊ စာသင်ချင်စိတ်၊ မရှိခဲ့ခြင်းဖြစ်တယ်လို့ ပြောကြားပါတယ် ခင်ဗျား။

**မိတ်ဆွေ** - ဒီလိုဆိုတော့ ဦးမိုးကြိုး ပြောသွားတဲ့ စူဠပန်ဟာကော ဘယ်ဝိပါက်ကြောင့် ညက်ထိုင်းရတာလည်း ခင်ဗျား။

**မိုးကြိုး** - ကဿပဘုရားသခင် လက်ထက်တော်မှာ ရှင်စူဠပန်ဟာ ရဟန်းဖြစ်ခဲ့ဘူးပါတယ်။ ထိုအခါ ပညာထုံတဲ့ ရဟန်းတစ်ပါးအား ကျီစယ်ပျက်ရယ်ပြုလျက် နှိပ်စက်ခဲ့ဘူးပါတယ်။ ဒီဝိပါက်ကြောင့် ယခုဘဝမှာ ညက်ပညာထုံထိုင်းခြင်းဖြစ်ရတာပါ ခင်ဗျား။

## သော်တာပေါ်လာ၊ ရောင်ရှက်ဖြာ

ဒါထက် သဲအင်းဂူဆရာတော်ရဲ့ဆွေမျိုးဆက်အကြောင်း "သော်တာပေါ်လာရောင်ရှက်ဖြာ၊ တောင်လက်ျာ၊ ကျွန်းမြတ်ဒီပါ၊ သာလဲသာ" ဆိုတာကို ကျွန်တော်တတ်သမျှ မှတ်သမျှပြောပြပါမယ် ခင်ဗျား။

www.dhammaransi.com



## ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်

"ပပငယ်လေး၊ ဝင်းဝင်းမှန်ရဝေဆောင်၊ ကိုယ်ရောင်တိုက် ခန်းလင်း ဟန်တခါပြင်၊ ရွှေစင်ဆယ်တင်း၊ ဆက်သွင်းပုံသော၊ သိန်းတန်တဲ့မေလေလေ..."

မိတ်ဆွေ - မြတ်စွာဘုရားသခင်ရဲ့ညီတော် မင်းနန်လို၊ နတ်သမီး လာစေတဲ့ ဂါထာတွေများ ရွတ်ဖတ်သရဇ္ဈာယ်နေတယ် မှတ်တယ်။

မိုးကြိုး - မိတ်ဆွေက သဲအင်းဂူဆရာတော်ဘုရားရဲ့ အတိတ်ကာလက အဖြစ်အပျက်တွေကို သိပါရစေဆိုလို့ မောင်အောင်ထွန်း သီဆိုလေ့ရှိတဲ့ ပပဝင်းဝင်း ပတ်ပျိုးကို မှတ်မိသေးရဲ့လားလို့ ဆိုကြည့်နေတာပါဗျာ၊ တလွဲမထင်ပါနဲ့။

မိတ်ဆွေ - ပပဝင်းဝင်း ပတ်ပျိုးနဲ့ သဲအင်းဂူဆရာတော်ဟာ ဘယ်လို ဆက်စပ်ပါသလဲခင်ဗျား။ အမိန့်ရှိစမ်းပါ။

မိုးကြိုး - မပြောမပြီး မတီးမမည်ဆိုတာလို တီးလို့ရှိမှ မည်ရတော့မှာ ပေါ့ဗျာ။ အကြောင်းက ဒီလိုပါ။ မကြာသေးမီက သဲအင်းဂူဆရာတော် ဘုရားဟာ ဟသ်ာတမြို့သို့ တရားဟောကြွပါတယ်။ ခမုံဆရာတော်လည်းပါတယ်။ ကျွန်တော် (ပဲခူးဆား)လည်းပါတယ်။ တည၌မှာ ခမုံဆရာတော်ဟာ ပါပါတီကုလားမလေး ဘုရားရှိခိုးဂါထာရွတ်ဆိုပုံကို ကုလားမသံလေးနဲ့ ကနဲ့ကယရွတ်ဆိုပြပါတယ်။ ခမုံဆရာတော်ဟာ အဟောကောင်း၊ အပြော ကောင်း အသံကလည်းကောင်းဆိုတော့ တရားနာပရိသတ်တွေ စွဲတာပေါ့ဗျာ။

ခမုံဆရာတော် ပွဲဦးထွက်ဟောပြီးတော့ သဲအင်းဂူဆရာတော် ဘုရား တရားဟောပါတယ်။ ဟောတဲ့အခါမှာ ကျွန်တော်မကြားဖူးတဲ့ ဓမ္မဂီတလေးကို ရွတ်ပြပါတယ်။

www.dhammaransi.com



၁။ မြင်သောသဘောကိုတော့ ဘေးလို့ထင်၊
မမြင်သောသဘောကိုတော့ ဘေးအေးမြင်၊
၂။ ကြားသောသဘောကိုတော့ ဘေးလို့ထင်၊
မကြားသောသဘောကိုတော့ ဘေးအေးမြင်၊
၃။ နံသောသဘောကိုတော့ ဘေးလို့ထင်၊
မနံသောသဘောကိုတော့ ဘေးအေးမြင်၊
၄။ စားသောသဘောကိုတော့ ဘေးလို့ထင်၊
မစားသောသဘောကိုတော့ ဘေးအေးမြင်၊
၅။ ထိသောသဘောကိုတော့ ဘေးလို့ထင်၊
မထိသောသဘောကိုတော့ ဘေးအေးမြင်၊
၆။ သိသောသဘောကိုတော့ ဘေးလို့ထင်၊
မသိသောသဘောကိုတော့ ဘေးအေးမြင်၊

လို့ အသံနေအသံထားနဲ့ ရွတ်ပြတော်မူပါတယ်။ သဘောကတော့ ခန္ဓာငါးပါး၊ ရုပ် - နာမ်နှစ်ပါးတို့ ချုပ်ခြင်းဟာ နိဗ္ဗာန်ချမ်းသာဘဲလို့ ဆိုတာကို ဗမာစကား သက်သက်နဲ့ ထင်ရှားအောင် မြွက်ပြလိုက်ခြင်းဖြစ်ပါတယ်။

ဒါနဲ့ နောက်တစ်နေ့နံနက် မိုးကြိုးရဲ့ မိတ်ဆွေများနဲ့ စကားပြောကြရာမှ ဟင်္သာတမြို့သားတစ်ဦးက သဲအင်းဂူဆရာတော်ဟာ ငယ်စဉ်က ဂီတပညာကို ကောင်းစွာ တတ်မြောက်လာပုံရတယ်။ ဘာကြောင့်လည်းဆိုတော့ ပြီးခဲ့တဲ့ ညဥ့်က ရွတ်ပြတဲ့ ဂါထာကို စည်းဝါးနဲ့ အသံနေအသံထား နားလည်သူများ ရွတ်ပုံမျိုး ရွတ်ပြသွားတယ်။ အသံဩဇာကလည်းကောင်းပါဘိသနဲ့လို့ ပြောပါတယ်။

မိတ်ဆွေ - ဟင်္သာတမြို့ဆိုတာက ခေတ်မြို့မဟုတ်ပါဘူး။ ဂီတပညာဆိုင်ရာမှာ နားကြီး၊ မျက်စိကြီးတဲ့ မြို့ဖြစ်ပါတယ်။

မိုးကြိုး - အဲဒီစကားကို မှတ်ထားပြီး ဆရာတော်ရဲ့ ငယ်စဉ်က အဖြစ်အပျက်တွေကို ကျွန်တော်စုံစမ်းသိရှိထားတဲ့အတိုင်း ဖောက်သည်ချခဲ့ပါတယ်။

မိတ်ဆွေ - ဒီလိုဆိုရင် ကျွန်တော့်ကိုလည်း ဖောက်သည်ချစမ်းပါခင်ဗျား၊ မှတ်သားထားစမ်းပါရစေ။

မိုးကြိုး - ကဲ နားသောတဆင်တော်မူစမ်းပ ကိုယ့်ဆရာ၊ သတင်းစာဆရာတို့ရဲ့ လေယူလေသိမ်းမျိုးနဲ့ ပြောပြမယ်။ အပျင်းလည်း ပြေစေ၊ ဗဟုသုတလည်း ဖြစ်စေပေါ့ဗျာ။

www.dhammaransi.com



## မိုးနတ်ဒေဝီ

မိုးနတ်ဒေဝီ၊ မေဘာရဏီတနွန်းကဲ့သို၊ ငွေပန်းချီရှုံးလောက်တဲ့၊ ပြုံးလျှက်မှုယာ၊ ခုံးမျက်စ-သုံးရက်လ၊ အတူမကွာ၊ အဆုံးတသက်ပ၊ မမုန်းရက်စရာ၊ ရှုပကာ အုံးစက်ပအတူမကွာ-မြဲရအောင်လေး၊ စွဲမောင့်စိတ်မှာ…။

အစရှိတဲ့ ဦးပြုံးချိုရေးတဲ့ မယ်ဘွဲ့ဘောလယ်သီဆိုသံနဲ့ ဘင်ဂျိုသံကို နောကုန်းရွာအတွင်းမှ ကြားရလေ့ရှိတယ်လို့ သိရပါတယ်။ သက်ကြီးခေါင်းချ၊ လသာတဲ့ ညအချိန်များမှာ ထိုသီချင်းသံကို ကြားကြရတဲ့၊ နောကုန်းရွာသူ ပျိုဖြူများဟာ မအိပ်နိုင်တော့ဘဲ ခေါင်းထောင်ကာ ထကြသတဲ့ခင်ဗျ။
မိတ်ဆွေ - တယ်လဲ ဆိုတဲ့ စာပါကလား။
မိုးကြိုး - ဒီလို အဆိုအတီး ကောင်းလှတဲ့အတွက် အောင်ထွန်း အောင်ထွန်းနဲ့ နာမည်ထွက်လာပါတယ်။

## ဆရာမပါရင် အလှူမဖြစ်သလောက်

နောကုန်းရွာအနီး တစ်ဝိုက်မှာ သာရေးနာရေးများရှိတဲ့အခါ "ဆရာမပါရင်လေ၊ အလှူမဖြစ်သလောက်၊ ဇမ္ဗူရာဇ် တလျှောက်မှာဖြင့်၊ ကျော်တဲ့စိန်ဗေဒါ" ဆိုတာလို အောင်ထွန်း မပါရင်မပြီးပါတဲ့ ခင်ဗျား။

သဲအင်းဂူဆရာတော်လောင်း အောင်ထွန်းကလေးဟာ သီချင်းများကို ကိုယ်တိုင်နိုင်နင်းစွာ သီဆိုတတ်ရုံမကဘဲ ဘင်ဂျိုကိုလည်း မြည်လှ၊ ပီသစွာ၊ ဒရန်ဒွယက်၊ အတောအတက်တွေ၊ ဗလဝနဲ့ ပရိသတ်ပွဲကျအောင် တီးတတ်ပါသေးတယ်။

အောင်ထွန်းကြိုက်နှစ်သက်ဆုံးကာလပေါ် သီချင်းတစ်ပုဒ်ဟာ နန်းတော်ရှေ့ဆရာတင်ရေးသားခဲ့တဲ့ "နာရီမှူး" သီချင်းဖြစ်ပါတယ်။

ဆွေတော်ရှစ်သောင်း၊ မျိုးတော်ပေါင်းရယ်လို့၊ ခညောင်းသည်မှာ၊ စည်သာငယ်သံ၊ ညီလာခံ၊ မဟာစည်ကြူးစဉ်က ကျွန်တော်တို့ မြန်မာနာရီမှူး။

ရွှေဘုံဦး၊ လွမ်းလိုထူး (ဗမာပြည်မှာ နာရီတွေကများ အချိန်ဟာ မှန်နိုင်ပါ့မလား) ကွာခြား၊ ရေးကနာရီ မမှန်ဘူး၊ ရာသီသံကြူး၊ ခါးပိုက်ဆောင်ထူးကိုဖြင့်၊ မြူးကာနေသည်၊ ရေနာရီလုပ်ဦးမည် ဟူ၍ပင်ဖြစ်ပါတယ်။

www.dhammaransi.com



## မောင်အောင်ထွန်းမွေးနေ့

သဲအင်းဂူဆရာတော်လောင်း မောင်အောင်ထွန်းကို ကောဇာ ၁၂၇၄-ခုနှစ်၊ တပေါင်းလဆန်း (၁၀)ရက်၊ ခရာဇ် ၁၉၁၃ခု၊ မတ်လ (၁၆)ရက်၊ တနင်္ဂနွေနေ့ နံနက် (၈)နာရီမှာ မွေးဖွားပါတယ်။ တနင်္ဂနွေသားဖြစ်တဲ့အတွက် ဖခင်ဆေးဆရာကြီးဦးသော်တာက သားကလေးကို အောင်ထွန်းလို့ အမည်ပေးပါတယ်။

မိခင်ဒေါ်မယ်အုံ့ဟာ အောင်ထွန်းကလေးကို ပဋိသန္ဓေတည်နေချိန်မှာ ထူးခြားတဲ့ အိပ်မက်ကို နှစ်ကြိမ်နှစ်ခါ မြင်မက်ပါတယ်။ ဒေါ်မယ်အုံ့ဟာ မိုးပေါ်ပျံတက်ပြီး ကမ္ဘာမြေပြင်ကို လှည့်လည်ကြည့်ရှုရတယ်လို့ ဆိုပါတယ်ခင်ဗျား။

အောင်ထွန်းကလေးဟာ အမိဝမ်းကကျွတ်တာနဲ့ တပြိုင်နက် ကျယ်လောင်စူးရှတဲ့ အသံနဲ့ ငိုပါတယ်။ ထိုငိုသံကို ကြားရတဲ့ လောကီပညာ အင်္ဂဝိဇ္ဇာကို အတော်အတန်ခေါက်မိတဲ့ အိမ်နီးချင်း အဖိုးကြီးတစ်ဦးက မယ်အုံ့ရဲ့သားကလေးအသံဟာ အသံဩဇာနဲ့ ပြည့်စုံတယ်။ အကောင်ထူးကလေးဘဲလို့ သာမာန်နိမိတ်ဖတ်လိုက်တယ်လို့ဆိုပါတယ်။

ထိုအဖိုးကြီးဟာ ကောသလတိုင်း သာဝတ္ထိပြည့်ရှင်ဘုရင် ပသေနဒီကောသလမင်းကြီးရဲ့ပုရောဟိတ်သဂ္ဂက ပုဏ္ဏားကဲ့သို့နက္ခတ်ဗေဒင်အရာကို တဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်သူ မဟုတ်တဲ့အတွက် မန္တာနီပုဏ္ဏေးမက မွေးဖွားသော အင်္ဂုလိမာလအလောင်း အဟိံသကကလေးမျိုး ဖြစ်လိမ့်မယ်ဆိုတာကို အတတ်မသိရှာပါ။

## နာမည်ကြီးလူဆိုး

၁၉၃၂-ခုနှစ် တဝိုက်မှာ မှော်ဘီမြို့ရဲ့ဌာနတွင် အမှုတိုင်ချက်တွေများသလောက် တရားခံမပေါ်တဲ့အတွက် ရဲစုံထောက်များဟာ "ကြံ့သေးတယ်၊ ကုန်ဆွေးဗျာထုကြွယ်၊ ဘယ်ရှေးကံရယ်၊ စီမံဖန်လေတယ်" ဆိုပြီး ငိုချင်းချနေကြပါတယ်တဲ့ ခင်ဗျ။

**မိတ်ဆွေ** - ဟော . . . ဟော . . . စကားကောင်းပြောနေရာက သွေဖယ်သွားနေပြန်ပါပြီ။

**မိုးကြိုး** - ရဲဌာနမှာ အမှုတိုင်ချက်များဆိုရင် ကျွဲပျောက်မှု၊ နွား ပျောက်မှု၊ ဖောက်ထွင်းမှု၊ ခိုးမှု၊ လုယက်မှု၊ ဓားပြတိုက်မှုများဖြစ်ပါတယ်။ တရားခံများ

www.dhammaransi.com



ရှာမရတဲ့အတွက် ရဲအရာရှိများဟာ "တတ်တဲ့ပညာ မနေသာ" ဆိုတဲ့အတိုင်း အောင်ထွန်းအား လူဆိုး စာရင်းထဲသို့ ပုဒ်မ(၁၁၀)အရ သွတ်သွင်းပြီး နယ်နှင်ဒဏ်ပေးခတ်လိုက်ပါတယ်။

အောင်ထွန်းဟာ (၁၅)နှစ်သားလောက်က အိမ်ထောင်ကျတဲ့အတွက်၊ ထိုအချိန်မှာ အသက် (၂၀)တွင်းသို့ဝင်ရုံသာရှိသေးသော်လည်း (၁)မတင်ရွှေ၊ (၂)မအုံးတင်၊ (၃)မသိန်းမြင့်ဆိုသော သမီး(၃)ယောက်ရဲ့ဖခင်ဖြစ်နေပါပြီ။

အောင်ထွန်းဟာ ဟသ်ာတခရိုင်၊ အဖျောက်မြို့နယ်၊ လှည်းလမ်းကူး ရွာသို့(၂)နှစ်ပြောင်းရွှေ့နေထိုင်ရန် ဖြစ်သော်လည်း သူ့အားအုပ်ထိန်းရတဲ့ လှည်းလမ်းကူးသူကြီးဟာ အောင်ထွန်းကို ချစ်ခင်ကာ သားလိုထားတဲ့အတွက် (၃)နှစ်ကျော်နေထိုင်ပါတယ်။ ထိုရွာမှာနေစဉ် အောင်ထွန်းရဲ့ အဆိုနဲ့ ဘင်ဂျိုအတီးကို နှစ်သက်ကြတဲ့အတွက် အောင်ထွန်းဟာ လူချစ်လူခင်များပြီး ထင်ရှားသူ တစ်ယောက်ဖြစ်ပါတယ်တဲ့ ခင်ဗျား။

## ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဘို့ရာ၊ လမ်းပေါက်သာလျက်။

မိတ်ဆွေ - ဒါထက်၊ သဲအင်းဂူဆရာတော်ဟာ မောင်အောင်ထွန်း ဘဝက လှည်းလမ်းကူးရွာမှ နောကုန်းရွာအပြန်မှာ ဓားပြတိုက်လို့ထောင် (၇)နှစ်ကျ သွားတဲ့ အကြောင်းကလေးကို သိစမ်းပါရစေ ခင်ဗျား။

မိုးကြိုး - မောင်အောင်ထွန်းဟာ လှည်းလမ်းကူးရွာသူကြီး ဦးဖိုးညွန့်ထံမှာ နေစဉ်အခါက ဖိုးသာထွန်းနဲ့အတူ ကျွဲအကောင် ကိုးဆယ်လောက်ကို နှစ်ယောက်သားကျောင်းကြရပါတယ်။ ဒီကျွဲများရဲ့အကြောင်းကို ဆရာတော် ဘုရားဟာ "ချည်တိုင်တရား" အမည်နဲ့တပည့်ဒကာ၊ ဒကာမများကို သတိ သံဝေဂဖြစ်ကြဘို့ဟောပြပါတယ်။

## ချည်တိုင်တရား

မောင်အောင်ထွန်းဟာ ဖိုးသာထွန်းနဲ့အတူ နံနက်လင်းတာနဲ့ တပြိုင်နက်၊ ကျွဲများကို ချည်တိုင်က လွှတ်လိုက်ပါတယ်။ ဒီလို ချည်တိုင်က လွှတ်လိုက်တဲ့အခါ ကျွဲတွေဟာ စားကျက်မှာ စားသူစား၊ ရေထဲ ဆင်းသူဆင်းနဲ့ အင်မတန် ပျော်ရွှင်မြူးတူးကြပါတယ်။ ညနေ နေဝင်ခါနီးအချိန်ရောက်တဲ့အခါ ကျွဲများကို သိမ်းပြီး ချည်တိုင်ရှိရာသို့မောင်းလာခဲ့ကြပါတယ်။ တစ်ချို့ကျွဲများဟာ

www.dhammaransi.com



ချည်တိုင်ကို ပြန်မလာချင်တဲ့အတွက် ပေတေတေကပ်တတ်တတ်လုပ်နေကြပါတယ်။ ထိုအခါမှာ မောင်အောင်ထွန်းက ကျယ်လောင်စူးရှတဲ့ အသံကြီးနဲ့ "ဟေ့ ...ချည်တိုင်၊ ချည်တိုင်" လို့ အော်လိုက်ပါတယ်။ ထိုအခါမှာ ပေတေတေ ကပ်တတ်တတ်လုပ်နေတဲ့ ကျွဲတွေဟာ သတိရပြီး ချည်တိုင်ရှိရာသို့ ပြေးကြပါတယ်။ မပြေးဘဲ ယောင်တောင်တောင် လုပ်နေခဲ့ရင် မောင်အောင်ထွန်းလက်ထဲက တစ်တောင်သာသာရှိတဲ့ တုတ်နဲ့ ချိုကို အနက်ခံရပါတယ်။ ကျွဲဟာ တုတ်ကို အင်မတန်ကြောက်ပါတယ်တဲ့။

ကျွဲဟာ အကောင်ကိုးဆယ်လောက်ဆိုတော့ အုပ်ကလဲ ကောင်းတယ်။ ခွန်အားလဲရှိတယ်။ ချိုကြီးများနဲ့ လူကိုခတ်လိုက်မယ်ဆိုရင် လူကိုနိုင်နိုင်တယ်။ ဒီလိုလူတို့နဲ့ဘေးရန်က လွတ်မြောက်အောင် ပြေးထွက်နိုင်ပေမဲ့ ပြေးမထွက်ဘဲ အချိန်ကြရင် ချည်တိုင်ကိုဘဲ ပြန်ကြတယ်။ ဒါဘာကြောင့်လဲတဲ့။

"ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဘို့ရာ၊ လမ်းပေါက်သာလျှင် ပြေးမထွက်လမ်းထွက်မဟုတ်ချေ" ဆိုတဲ့ အတိုင်းလမ်းပေါက်နေပါလျက်၊ ပြေးမထွက်ကြလို့ဘဲဖြစ်တယ်လို့ သဲအင်းဂူဆရာတော်ဘုရား ဟောကြားလေ့ရှိပါတယ်။

## လမ်းပေါက်သာနေပြီ

ယခုလို ဘုရားသာသနာနဲ့ ကြုံကြိုက်ပြီး ဝိပဿနာတရားတွေ တရားတွေဟာလည်း ပွင့်လင်းနေတဲ့အခါ ဆရာကောင်းနဲ့ တွေ့ပြီး၊ နည်းလမ်းကောင်းရခဲ့ရင် (၃၁)ဘုံက ပြေးထွက်ဖို့လမ်းပေါက်သာနေပြီပေါ့။ ဒီလိုအချိန်မှာမှ ပြေးမထွက်ရင် ဘယ်တော့လွတ်မြောက်နိုင်မှာတဲ့လဲ။

သားတွေ၊ သမီးတွေ၊ ဇနီးတွေ၊ ခင်ပွန်းတွေ၊ စိန်တွေ၊ ရွှေတွေကို မက်ပြီး၊ ပြေးမထွက်ကြရင် သေမင်းကြီးက "ဟေ့ ... ချည်တိုင်၊ ချည်တိုင်" လို့အော်ဟစ် သတိပေးတဲ့အခါ ချည်တိုင်ကိုဘဲ ပြန်ကြရလိမ့်မယ်။ လေးဆယ်၊ ငါးဆယ်၊ ခြောက်ဆယ်၊ ခုနစ်ဆယ်ဆိုတဲ့ အသက်တွေဟာ မငယ်ကြတော့ဘူး။ နေဝင်ကြတော့မယ်။ သေဘို့နီးနေကြပြီ။ ဒီတော့ ကိုယ်လာတဲ့လမ်း၊ ကိုယ့်ချည်တိုင်ကိုဘဲ ကိုယ်ပြန်ကြမလား၊ လမ်းပေါက်သာနေတုန်း ပြေးထွက်ကြမလားဆိုတာ စဉ်းစားကြ၊ ချည်တိုင်ဆိုတာ အပါယ်လေးဘုံကိုပြောတာ၊ လွတ်အောင်ပြေးထွက်တယ်ဆိုတာက အရိယာသူတော်ကောင်းတွေဖြစ်ပြီး၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ်ကတဆင့် နိဗ္ဗာန်စံဝင်တာကိုပြောတာ။

www.dhammaransi.com



## သိလို့ ဟောပြောပြသနေတာ

ဦးပဥ္စင်းတရားဟောနေတာ တရားပြနေတာဟာ သိလို့ဟောနေတာ၊ သိလို့ တရားပြနေတာ မသိဘဲနဲ့ ဟောပြောပြသနေတာမဟုတ်ဘူး။ ဆေးစာဖတ်ပြီး ဆေးဆရာလုပ်နေတာမျိုး မဟုတ်ဘူး။ ကိုယ်တိုင်ဆေးစားလို့ ကိလေသာရောဂါတွေ အမြစ်ပြတ်တာကို ကိုယ်တိုင်သိလို့လက်တွေ့ပွဲတွေ့ ဓမ္မဆေးကြီးကို ဒကာ၊ ဒကာမတွေကို ပေးနေတာ၊ ယုံယုံကြည်ကြည်နဲ့ ကြိုးစားအားထုတ်ကြ။ ဝိပဿနာတရားဆိုတာ ဘုရားသာသနာတော်တွင်းမှာမှ ပေါ်လာတဲ့ တရားမျိုး၊ အင်မတန်ကြားရခဲ၊ နာရခဲ၊ ကျင့်ကြံရခဲတဲ့ တရားမျိုး၊ ကိုယ်အားထုတ်မှ ကိုယ်ရမဲ့တရားမျိုး၊ တောင်လိုလို မြောက်လိုလို၊ ဟိုယောင်ယောင် ဒီယောင်ယောင် လုပ်မနေကြနဲ့၊ ချည်တိုင်ကို မပြန်ချင်ကြနဲ့ ချည်တိုင်က လွတ်အောင်ရုန်းကြစသည်ဖြင့် ဆရာတော်ဘုရားဟာ ဟောကြားလေ့ရှိပါတယ် ခင်ဗျား။

မိတ်ဆွေ - အင်း ... ကောင်းပါပေတယ်၊ ကောင်းပါပေတယ်။

မိုးကြိုး - မောင်အောင်ထွန်းဟာ လှည်းလမ်းကူးရွာမှာ (၂)နှစ်ခြေချုပ်နဲ့နေရပါတယ်။ (၂)နှစ်ပြည့်တဲ့အခါ သူကြီးဦးဖိုးညွန့်ရဲ့သားကိုပွကြီးက ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်နေလို့ မပြန်ပါနဲ့ဆိုပြီး၊ တားထားလို့ နောက်(၃)နှစ်ဆက်ပြီး နေပါတယ်။ ပေါင်း (၅)နှစ်ပေါ့ဗျာ။

## ညီ-မောင်ထွန်းညွန့်

မောင်အောင်ထွန်းဟာ လှည်းလမ်းကူးမှာ နောက် (၃)နှစ်ထပ်ပြီး နေချိန်မှာ ညီရင်းမောင်ထွန်းညွန့် ရောက်လာပြီး လယ်လုပ်ပါတယ်။ (၃)နှစ်ပြည့်လို့ ညီအစ်ကို နောကုန်းကို ပြန်တဲ့အခါ အင်းတရားရွာ ဦးသက်ထွန်းအိမ်မှာ တည်းခိုဝင်ပြီး တည်းကြပါတယ်။ ထိုနေညဥ့် (၆)နာရီလောက်မှာ မောင်အောင်ထွန်းက အဖျောက်မြို့ကို သွားပြီး ဘိုင်စကုတ် ကြည့်ရအောင်လို့ ညီကို အဖော်ညှိပါတယ်။ ဒါနဲ့ ညီအစ်ကိုနှစ်ယောက် သွားကြတဲ့အခါ လှည်းလမ်းကူးရွာထိပ် တံတားမှာ ငထေး၊ မိုးအေး၊ ကုလားတို့ သုံးယောက်နဲ့ ဆုံမိကြပါတယ်။ အမှန်ကတော့ မောင်အောင်ထွန်းဟာ ညီကိုခေါ်တာ ဘိုင်စကုတ်ကြည့်ဖို့မဟုတ်ပါဘူး ဓားပြသွားတိုက်ဖို့ဖြစ်ပါတယ်။ ငါးယောက်မပြည့်လို့မောင်ထွန်းညွန့်ကို ခေါ်ခြင်းဖြစ်ပါတယ်။

မောင်ထွန်းညွန့်ဟာ မောင်အောင်ထွန်းကဲ့သို့ လူဆိုးမဟုတ်၊

www.dhammaransi.com



သူတော်ကောင်းစိတ်ရှိသူဖြစ်ပါတယ်။ ဒါကြောင့် ဓားပြမတိုက်လိုသဖြင့် ငြင်းပါတယ်။ ထိုအခါမှာ အစ်ကိုမောင်အောင်ထွန်းက ဖြောင်းဖြပြီး အမျိုးမျိုး နားချပါတယ်။ ဒါနဲ့နောက်ဆုံးသဘောတူလိုက်ပါတယ်။

## ကုလားပေါ်ကက်

မောင်အောင်ထွန်း ခေါင်းဆောင်တဲ့ ဓါးပြငါးယောက်ဟာ ပိတုန်းပိတ်ရွာကုန်စုံဆိုင်ပိုင် ကုလားပေါ်ကက် ဇနီး မကုလားမတို့ အိမ်ကို ညဥ့် (၈)နာရီလောက်မှာ ရောက်ကြပါတယ်။ မောင်အောင်ထွန်းကတော့ လူသိများတဲ့အတွက် နောက်ချန်နေခဲ့ပါတယ်။ ငထေးက ကုလားမကို ဖမ်းပါတယ်။ ကုလားက ပေါ်ကက်ကို ဖမ်းပါတယ်။ ထိုအချိန်မှာ ရာဇဝင်လူဆိုးစာရင်းဝင် ဖိုးဆိုင်ဟာ မမျှော်လင့်ဘဲနဲ့ ပေါ်ကက်အိမ်မှာရောက်နေပါတယ်။ မောင်ထွန်းညွန့်က ဖိုးဆိုင်ကို ဖမ်းပါတယ်။

ငထေးဟာ မကုလားမကို အိမ်ပေါ်က အိမ်ပြင်ဘက်သို့ဆွဲခေါ်သွားပြီး ရွှေလက်ကောက်၊ နားကပ်၊ လက်စွပ်၊ ဆွဲကြိုး စသည်တို့ကို ဖြုတ်ပါတယ်။

ကုလားဟာ ပေါ်ကက်ကို ဖမ်းတဲ့အခါ ပေါ်ကက်က ရုန်းကန်ခုခံ အော်ဟစ်နေတဲ့အတွက် မောင်ထွန်းညွန့်က ပါလာတဲ့ သံတုတ်နဲ့ခေါင်းကို တစ်ချက်ရိုက်လိုက်တော့မှ ပေါ်ကက်ဟာငြိမ်ကျသွားပြီး ကုလားခေါ်ရာသို့ဒရွတ် ဒရွတ်နဲ့ပါသွားတယ်။

ဒီလိုဖြစ်နေချိန်မှာ မောင်အောင်ထွန်း အိမ်ပေါ်တက်လာပြီး သေတ္တာသော့ကို ဓားမြှောင်နဲ့ဖွင့်ပါတယ်။ ဖွင့်လို့မရဘဲ ဓားကျိုးသွားပါတယ်။ ဒါနဲ့သော့ဘယ်မလဲလို့ အိမ်ပေါ်မှာရှိတဲ့ ကုလားကိုမေးတော့ ပေါ်ကက်ဆီမှာ ရှိကြောင်းသိရပါတယ်။ သိရပေမဲ့ ပေါ်ကက်ဆီမှာသွားပြီး ယူဘို့အချိန် မရတော့ပါဘူး။

ပေါ်ကက်ဟာ ကုန်စုံဆိုင်ဖြစ်လို့ အောက်လင်းဓာတ်မီးကြီး ထွန်းထားပါတယ်။ ထိုအချိန်မှာ ဝရုန်းသုံးကား ဖြစ်နေသံကြားတဲ့အတွက် ပိတုန်းပိတ်ရွာသားများဟာ တုတ်၊ ဓား၊ နှစ်ဘက်ချွန်၊ ဒူးလေးများ ကိုယ်စီကိုင်ပြီး ပေါ်ကက်အိမ်အနီးသို့ ဝိုင်းလာကြပါတယ်။ ထိုအချိန်မှာ မောင်အောင်ထွန်း၊ မောင်ထွန်းညွန့် ညီအစ်ကို နှစ်ယောက်တည်း အိမ်ပေါ်မှာကျန်ရှိနေပါတယ်။ မောင်အောင်ထွန်းဟာ ဘီဒိုကို ဖွင့်ဘို့ ကြိုးစားနေပါတယ်။

www.dhammaransi.com



## ခက်ဖွယ်ရယ်ကြုံ

ပိတုန်းပိတ်ရွာသားများဟာ အိမ်ပတ်လည်မှုဝိုင်းပြီး ညာသံပေးနေကြတဲ့အတွက် ညီအစ်ကိုနှစ်ယောက်အဖို့မှာ "ခက်ဖွယ်ရယ်ကြုံ၊ လက်နက်စုံညီညာနဲ့ ရှစ်မျက်နှာဝိုင်း" ဆိုပုံမျိုး ဖြစ်နေတာပေါ့ ခင်ဗျား။

ဒါနဲ့ မောင်ထွန်းညွန့်က ဟေ့ - အောင်ထွန်း ရွာသားတွေ ဝိုင်းလာကြပြီ အိမ်ပေါ်မှာလည်း တို့နှစ်ယောက်ဘဲ ကျန်နေတယ် မဖြစ်တော့ဘူး။ ပြေးမှဘဲ ပြောကာ အတင်းဆွဲခေါ်တော့မှ မောင်အောင်ထွန်း ကရှေ့ မောင်ထွန်းညွန့် ကနောက်၊ အိမ်ပေါ်က ဆင်းပြီး လယ်ကွင်းထဲကို ပြေးကြပါတယ်။

လယ်ကွင်းထဲရောက်တော့ ဓါးပြငါးယောက်ဆုံမိကြပါတယ်။ မကုလားမဆီက လက်ဝတ်လက်စားတွေမေးတော့ ငထေးက မရခဲ့ဘူးလို့ လိမ်ပြောပါတယ်။ ဓားပြထဲမှာ သူခိုးပါနေပြီပေါ့ခင်ဗျား။ ဒါနဲ့ယူလာတဲ့ သစ်သားအံဆွဲထဲမှာ ရာလို့ရတဲ့ ပိုက်ဆံအကြွေတွေကို ဝေကြတော့ တစ်ယောက်သုံးပဲစီရကြသတဲ့ ခင်ဗျ။

## ထောင် (၇)နှစ်

ထိုအမှုနဲ့ပတ်သက်ပြီး အောင်ထွန်း၊ ငထေး၊ မိုးအေး၊ ကုလားတို့ဟာ ထောင်(၇)နှစ်စီကျသွားပါတယ်။ မောင်ထွန်းညွန့်ကတော့ တရားရှင် လွတ်သွားပါတယ်။

www.dhammaransi.com



## ဝိပဿနာအကျင့်ဆိုတာ ဥပါဒါန်တွေကို စိတ်တူနဲ့ ထုချေပစ်တာ

မိတ်ဆွေ - သဲအင်းဂူဆရာတော်လောင်း မောင်အောင်ထွန်းဟာ ထောင် (၇)နှစ်ကျသွားတော့အသက် (၂၄)နှစ် သာသာလောက်ဘဲ ရှိလိမ့်အုံးမယ်ပေါ့။

မိုးကြိုး - မှန်ပါတယ်။ ဒါထက် မောင်အောင်ထွန်းဟာ ထောင် (၇)နှစ် အပြစ်ရပြီးနောက်၊ ဟင်္သာတထောင်မှာ (၈)လလောက်နေရပါတယ်။ ၎င်းက တစ်ဆင့်နှစ်ကြီးသမားဖြစ်လို့ ပုသိမ်ထောင်ရောက်သွားတယ်။ ပုသိမ်ထောင်မှာ ဆိုတော့ မိဘဆွေမျိုးများနဲ့ တွေ့ရတာခက်လို၊ မုပ္ပလင်ထောင်ကို ပြောင်းယူပါတယ်။ မုပ္ပလင်ထောင်ကို ရောက်တော့ နေ့စဉ်ထောင်ပြင်ထွက်ပြီး ကျောက်ထုရပါတယ်။ မိဘဆွေမျိုးများနဲ့လဲ ခဏခဏ တွေ့ခွင့်ရပါတယ်။

ဒီလို မုပ္ပလင်ရောက်နေချိန်မှာ ဒုတိယကမ္ဘာစစ်မီးဟာ မြန်မာပြည်ကို ကူးစက်လာပါတယ်။ ဂျပန်ဟာ ယိုးဒယားဘက်ကနေပြီး မြန်မာပြည်ထဲကို ၁၉၄၁-ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့မှာ စတင်ဝင်လာပါတယ်။ ဒီလို ဂျပန်ဝင်လာတယ်ဆိုရင်ဘဲ မောင်အောင်ထွန်း အပါအဝင် မုပ္ပလင်က အကျဉ်းသမားများကို မန္တလေးထောင်ကို ပို့လိုက်ပါတယ်။ ရန်ကုန်ကို ဂျပန်တို့ ၁၉၄၂-ခုနှစ်၊ မတ်လ (၉)ရက်နေ့ သိမ်းပါတယ်။ မန္တလေးကို မေလ (၁)ရက်နေ့မှာ သိမ်းပါတယ်။ မန္တလေးကို ဂျပန်မသိမ်းမီ မန္တလေးထောင်မှ အကျဉ်းသားများကို ဘေးမဲ့လွှတ်လိုက်လို့ မောင်အောင်ထွန်း လွတ်လာ ခဲ့ပါတယ်။ (၇)နှစ်အနက်မှ (၄)နှစ်သာ အပြစ်ခံရပါတယ်။ မောင်အောင်ထွန်း ထောင်က လွတ်လာတော့ အသက် (၂၈)နှစ်ရှိပါပြီ။ ထိုအချိန်ကစပြီး (၁၈)နှစ်လုံးလုံး ဓားပြတိုက်လိုက်တာ သံဝေဂရရှိပြီး တရားစတင် အားထုတ်သည့်အသက် (၄၆)နှစ်အထိဖြစ်ပါတယ်။

www.dhammaransi.com



## ကျောက်ထုတဲ့ ပမာ

ဒီလို မုပ္ပလင်မှာ လက်တွေ့ကျောက်ထုလာခဲ့ရတာကို ဥပမာတင်စားပြီး သဲအင်းဂူဆရာတော်ဘုရားဟာ "ကျောက်ထု တရား" ကို ဟောကြားပါတယ်။

ဒကာကြီးဦးအုန်းခင်၊ ဝိပဿနာတရားကို ကျင့်ကြံအားထုတ်တယ်ဆိုတာ ခန္ဓာငါးပါးမှာ သံသရာလဆန်းတစ်ရက်နေ့ကစပြီး တွယ်ကပ်လာတဲ့ ဥပါဒါန်တွေကို အပြုတ်ဖြုတ်တဲ့ အလုပ်ဖြစ်တယ်။ ဥပါဒါန်တရားဆိုတာက အကျဉ်းအားဖြင့် ဒိဋ္ဌိနဲ့ တဏှာနှစ်ပါးဘဲဖြစ်တယ်။ ဒိဋ္ဌိကို ပထမမဂ်ဉာဏ်က အကြွင်းမရှိ ပယ်သတ်လိုက်တယ်။ တဏှာအကြွင်းမရှိလေအောင် အထက် မဂ်သုံးပါးနဲ့ ပယ်သတ်ရတယ်။

ဒီဒိဋ္ဌိနဲ့ တဏှာကို ပယ်သတ်ပုံဟာ ဥပမာ ဘာနဲ့တူသလဲဆိုတော့ ကျောက်တုံးကြီးကို ကွဲကြေပြီး အမှုန့်တွေဖြစ်အောင် တူနဲ့ ထုချေတဲ့ သဘောနဲ့တူတယ်။ ကျောက်တုံးကြီးဟာက ဥပါဒါန်တရားနဲ့ တူတယ်။

## ပထမမဂ်

ကျောက်တုံးကြီးကို တူနဲ့ အချက်ပေါင်းများစွာ ထုလိုက်တဲ့အခါ တချိန်မှာထိုကျောက်တုံးကြီးဟာ ပထမအဆင့်အနေနဲ့ လေးစိတ်လေးမွှာ ကွဲသွားတယ်။ အဲဒီလိုကွဲသွားပုံနဲ့ပထမမဂ် တူတယ်။

ကျောက်မထုဘူးတဲ့ လူဟာ စပြီးကျောက်ထုတဲ့အခါ ဟိုနေရာထု၊ ဒီနေရာထုနဲ့ ထုချက်မနာဘူး။ ဒီထုပုံမျိုးနဲ့လဲ ကျောက်တုံးကြီး မကွဲနိုင်ဘူး။ အဲဒီလိုဘဲ တရားအားထုတ်စ ယောဂီ ပုဂ္ဂိုလ်ဟာ ဥပါဒါန်ကျောက်တုံးကြီးကို ထုတဲ့အခါ စိတ်တူချက် မနာဘူး။ စိတ်ဟာ သမာဓိမရသေးတော့ ဟိုရောက် ဒီရောက်၊ ဟိုပြေး ဒီပြေးဖြစ်နေတယ်။ သမထကမှ သမာဓိဖြစ်တယ်။ သမာဓိ ဖြစ်မှ ပညာဖြစ်မယ်။

## သမာဓိရလာတဲ့အခါ

ဒီလိုစိတ်တူနဲ့ ထုပါများလာတဲ့အခါ တူကိုင်တဲ့လက်ဟာ အစမှာ ညောင်းလာတယ်။ ညောင်းရာက အညောင်းပျောက်လာတယ်။ အညောင်း ပျောက်ရာက လက်ဟာ သန်မာလာတယ်။

ဝိပဿနာရှုတဲ့စိတ်ဟာလည်း ဒီအတိုင်းဘဲ ပျင်းတဲ့စိတ်တွေ၊ အိပ်တဲ့စိတ်တွေ၊ တော်ချင်တဲ့စိတ်တွေ အစမှာ ဖြစ်လာတယ်။ ကာယိက

www.dhammaransi.com



ဒုက္ခဝေဒနာတွေဟာလည်း ပြင်းပြပြီး မခံသာဖြစ်လာကြတယ်။

သို့ပေမဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိတို့ကို ထူထောင်ပြီး ဆက်လက်အားထုတ်တဲ့အခါ သမထအကြောင်း ခံလိုက်လို့ သမာဓိ အကျိုးရလာတယ်။ အဲဒီလို သမာဓိဖြစ်ပြီး သမာဓိအားကောင်းလာတာဟာ တူကိုင်တဲ့လက် သန်မာလာတာနဲ့တူတယ်။

## နောက်ဆုံးအချက်

ဒီလိုသမာဓိရဲ့ အကူအညီကို ရလာတဲ့ ဝိပဿနာရှုတဲ့ စိတ်ဟာ ပညာအဆင့်အတန်းရောက်လာတယ်။ ဘယ်လိုထုရင်၊ ဘယ်နေရာကို ထုရင် ကွဲမယ်ဆိုတာကို ရိပ်မိလာတယ်။ ဥပါဒါန်ဆိုတဲ့ ကျောက်တုံးကြီးမှာ အက်ကြောင်းတွေ ပေးလာတာကိုလည်း သိလာတယ်။ ဒီလိုနဲ့ ထုပါများတော့ ကျောက်တုံးကြီးဟာ နောက်ဆုံးအချက်မှာ လေးစိတ် လေးမွှာကွဲ သွားတယ်။

အဲဒီနောက်ဆုံးအချက်နဲ့ ပထမမဂ်ဉာဏ်တူတယ်။ ဒီကျောက်တုံးကို ဘယ်တော့မှပြန်ပြီး ဆက်လို့မရသလို ဒိဋ္ဌိဆိုတဲ့ တရားဟာ ပြုတ်ကျ သွားတယ်။ ပြန်မပေါ်လာတော့ဘူး။

## အထက်မဂ်သုံးပါး

အဲဒီလို လေးမွှာကွဲသွားပြီးတဲ့နောက် တူကိုင်တဲ့လက်က အရင်က ထက်ပိုပြီးသန်စွမ်းလာသလို သမာဓိဟာလည်းတိုးတက်အားကောင်းလာတယ်။ ဒီလိုဆက်ပြီး ဥပါဒါန်ဆိုတဲ့ ကျောက်တုံးကို ထုတဲ့အခါ အတုံးကလေးတွေ ဖြစ်သွားပုံနဲ့ ဒုတိယမဂ်ဉာဏ် တူတယ်။ အဲဒီကနေပြီး ဆက်ထုလို့ ကျောက်မှုန့် ဖြစ်သွားပုံနဲ့ တတိယ မဂ်ဉာဏ်တူတယ်။ နောက်ဆုံးကျန်နေတဲ့ အမှုန်တွေကို လေပြင်း မှန်တိုင်းတိုက်လို့ လွင့်စင်ကုန်ပြီး ဘာမှမကျန်တာနဲ့ စတုတ္ထမဂ်ဉာဏ်တူတယ်။ စကားလုံးတွေကိုမနာနဲ့၊ သဘောတရားကိုဉာဏ်ငုံမိအောင် နာပါ။

## ယောဂီရဲ့ တာဝန်

ဒီတော့ ... တရားအားထုတ်တဲ့ ယောဂီတာဝန်က သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဗိုလ်ငါးပါးကို လက်ကိုင်ထားပြီး ဥပါဒါန်ကျောက်တုံးကြီး ကုန်ဆုံးကွယ်ပျောက်သည်အထိ မနားမနေ ထုရမှာဖြစ်တယ်။ ထုပုံထုနည်း

www.dhammaransi.com



ကိုသာ ဦးပဉ္ဇင်းက သင်ပြပေးနိုင်တယ်။ ကိုယ်တိုင်ဝင်ပြီး ထုပေးလို့မရဘူး။

## လက်တွေ့နည်း

ဒီဥပါဒါန်ကျောက်ကို ထုတဲ့ ထုနည်းဟာလဲ ဘုရားသခင် ဟောတော်မူသော သတိပဋ္ဌာန်လေးပါးအရ ဦးပဉ္ဇင်းလုပ်ခဲ့တဲ့ ပွဲတွေနည်းဖြစ်တယ်။ ဒီနည်းအတိုင်း ဦးပဉ္ဇင်းထုခဲ့လို့ ကျောက်တုံးကြီးဟာ အမှုန်တွေဖြစ်ပြီး၊ ဘာမှမကျန်တော့ဘူး။ ဒီတော့ သဒ္ဓါတရား ကောင်းကောင်းနဲ့ ယုံယုံကြည်ကြည်သာ အားထုတ်။ ဦးပဉ္ဇင်းရသလို၊ ဦးပဉ္ဇင်းပေါက်မြောက်သလိုရကြမယ်။ ပေါက်မြောက်ကြမယ်စသည်ဖြင့် ဟောကြားတော်မူပါတယ် ခင်ဗျား။

မိတ်ဆွေ - အင်း ... သဲအင်းဂူဆရာတော်ဘုရားရဲ့တရားကို ကြားနာရတာ အားရှိစရာကြီးပါ ခင်ဗျား။

မိုးကြိုး - ဒါထက် မောင်အောင်ထွန်းရဲ့ အတိတ်ဖြစ်စဉ်အတိုင်းဆိုရင် မောင်အောင်ထွန်းဟာ ထောင်ထဲရောက်သွားပြီ။ ဒီလို ထောင်ထဲ ရောက်နေချိန် အထိမှာ တခန်းရပ်ပြီး မောင်အောင်ထွန်းရဲ့ဘိုးဘွား အကြောင်းကို ပြောပြမယ်။

## အဘိုး ဦးဖိုး

မောင်အောင်ထွန်းရဲ့အဖဦးသော်တာဟာ အထက်အညာမြင်းမူမြို့သား ဇာတိဖြစ်ပါတယ်။ ဓာတ်ဗိန္ဓောဆရာကြီးလုပ်ပြီး အသက်မွေးပါတယ်။ ၎င်းရဲ့ ညီကတော့ ဦးပေါ်လာတဲ့။ ဒီညီအစ်ကို နှစ်ယောက်နဲ့ "သော်တာ၊ ပေါ်လာရောင်ရက်ဖြာ၊ တောင်လက်ျာ၊ ကျွန်းမြတ်ဒီပါ၊ သာလဲသာ" ဆိုတဲ့ သီချင်းနဲ့ ဘယ်လိုဆက်သွယ် တယ်ဆိုတာပါ တဖြေးဖြေးသိရပါလိမ့်မယ်။ ထို့အပြင် အစ်ကိုက အောင်ပြီးထွန်းတဲ့ အောင်ထွန်းတဲ့။

ညီဖြစ်သူက ထွန်းပြီးညွန့်အုံးမဲ့ ထွန်းညွန့်ပါတဲ့။

ဦးသော်တာရဲ့ဖခင်ဦးဖိုးဟာ သီပေါမင်းလက်ထက်တွင် အထက်အညာ တခွင်မှာ ယိုးဒယားဆရာဖိုးရယ်လို့ ဟိုးလေး တကျော်ကျော်ဇော ထင်ရှားသူ ဖြစ်ပါတယ် ခင်ဗျား။

အင်း ... ဒါထက် ကြုံကြိုက်တုန်းမို့ ပြောလက်စ အကြောင်းလေး ခေတ္တနားပြီး၊ သဲအင်းဂူဆရာတော်ဘုရားဟောကြားတဲ့ "ဖျာရက်တရား" ကို ရှင်းပြအုံးမယ်။

မိတ်ဆွေ - ကြားနာပါရစေလား ခင်ဗျား။

www.dhammaransi.com



မိုးကြိုး - သဲအင်းဂူဆရာတော်ဘုရားက မြင်တာလည်း တရား၊ ကြားတာလည်း တရား၊ နံ့တာလည်း တရား၊ ခါးတာလည်း တရား၊ ထိတာလည်း တရား၊ သိတာလည်း တရားလို့ ဆိုထားတယ် ဟုတ်လား။ ဒီတော့ ဖျာရက်တာလည်း နလုံးသွင်းတတ်ရင် တရားဘဲပေါ့ဗျာ။

မိတ်ဆွေ - ရှင်းစမ်းပါအုံးဗျ။ ကြားစမ်းပါရစေ။

မိုးကြိုး - သဲအင်းဂူဆရာတော်လောင်း မောင်အောင်ထွန်းဟာ ပုသိမ်ထောင် ရောက်တော့ ဖျာရက်ရပါတယ်။ ဒီလိုအတိတ်တုံးက ဖျာရက်ရပုံကို ဥပမာဆောင်ပြီး "ဖျာရက်တရား" ကို ဟောကြားပါတယ်။ ဒီလိုဆရာတော် ဟောကြားတဲ့ ဖျာရက်တရား" ကို မိတ်ဆွေလာရင် ပြောပြမယ် ကြံစည်တာနဲ့ တပြိုင်နက် ကျွန်တော် ငယ်စဉ်က ရထားတဲ့ ဇာတ်ဆရာဦးဖိုးစိန်ကြီး မင်းကုသဇာတ်မှာ သီဆိုသွားတဲ့ ငိုချင်းကလေးကို ပြန်ပြီး သတိရမိတယ်။

မိတ်ဆွေ - ဗဟုသုတ အတိုအစကိုတော့ တော်တော်မှတ်သားမိတဲ့ လူပါပေဘဲ။ ဒါထက် ကြားစမ်းပါရစေလား ခင်ဗျား။ လေယူလေသိမ်း တိတိကျကျနဲ့ ဆိုပြစမ်းပါ။

## ဖျာရက်ငိုချင်း

မိုးကြိုး - ကျွန်တော်ဆိုပြမယ်၊ နားထောင်။

"သခါရ ယရာစက်ကယ်က၊ ဝင်ပါစေ ခွာမထွက်နိုင်ဘူး ပဘာဝတီရယ် ဖျာရက်ရပြန်တော့တယ်၊

ဘယ်အခါကမှ မလုပ်ဘူးသော်လည်း၊ ရပ်ထူးသူ ပဘာဝတီကိုလ၊ မြသာကီစိတ်ပင်ပန်းလှတယ်၊ နွမ်းပါဘိကွယ်၊

ကညာမေ မောက်မာလို့ ကြားသူရဲ့ မဟာဆွေကို ထောက်ညှာလို့ သနားသင့်ပါရဲ့ နောက်တခါများ သွေဖယ်လျင် သေဘွယ်ရာပ ရက်တွေညောင်း။

အရိုးခံပါလေလေ့၊ တမျိုးတဖုံကြံကာ၊ အိုးပုံစံ လျင်မကြာ မက်တန်ရဲ့ လင်တခါဆက်သော် အဟုတ်မြင်လျှင် ပေါင်းရပ့ါ မလားရယ်လို့ ပဘာဝတီရယ် ဖျာရက်ရပြန်တော့မဗျ၊ ကျုပ်-ဗုဒ္ဓကူအလောင်း..."

မိတ်ဆွေ - အင်း-အရေးအသားတွင်မက အပြောအဆို အငိုတွေကိုလည်း ဌာန်ကရိုဏ်းကျ တတ်မြောက်ထားသေးသကိုး . . . ဒါထက် သဲအင်းဂူ ဆရာတော်ဘုရားရဲ့ "ဖျာရက် တရား" ကို ဆက်စမ်းပါအုံး ခင်ဗျာ။

www.dhammaransi.com



## ကိုယ့်စိတ်ကိုယ်စစ်

မိုးကြိုး - သဲအင်းဂူဆရာတော်ဘုရားက ဒကာကြီးဦးအုန်းခင် ဦးပဍ္ဍင်းဟာ ပုသိမ်ထောင်ထဲမှာ ဖျာရက်ခဲ့ရတယ်။ ဒီအလုပ်မျိုးကို တခါမှ မလုပ်ခဲ့ဘူးတော့ ဘယ်မှာ ရက်တတ်မှာတဲ့လဲ။ ဒါပေမဲ့ ဖျာမရက်ရင် မဖြစ်တော့တဲ့အခါကျတော့ ရက်ရတယ်။ ရက်ရမှာ စိတ်ပင်ပန်းလိုက်တာ မပြောနဲ့တော့။ ထို့နောက်နေ့စဉ် ရက်ဆက် ရက်ပါများလေတော့ နီးအကိုင်မတွယ်သာမကဘူး၊ အပြောက်တွေ ကိုလည်းကောက်တတ်လာတယ်။

ဝိပဿနာတရားကို အားထုတ်တယ်ဆိုတာ ကိုယ့်စိတ်ကို ကိုယ်စစ်တဲ့ အလုပ်ဖြစ်တယ်။ သမာဓိမရသေးချိန်မှာ စိတ်ဟာ ဟိုပြေးဒီပြေး၊ တောင်ရောက် မြောက်ရောက်နဲ့ မတည်ငြိမ်ဘူး။ ဒီလိုထွက်ပြီး ပြေးနေတယ်ဆိုတာကိုလည်း တရားအားမထုတ်တဲ့ လူဟာ မသိဘူး။

တရားအားထုတ်လို့ကြာလာတဲ့အခါ စိတ်ဟာတည်ငြိမ်လာတယ်။ ကိုယ်ထားချင်တဲ့ နေရာမှာ ထားလို့ရအောင် စိတ်တည်ငြိမ်လာအောင် လုပ်တဲ့အလုပ်ဟာ သမထအလုပ်ဘဲ၊ ဝိပဿနာ အလုပ်မဟုတ်ဘူး။ သီလ - သမာဓိ၊ ပညာရယ်လို့ လေ့ကားသုံးထစ်ရှိတယ်မဟုတ်လား။ သမာဓိမရဘဲနဲ့ ပညာဘယ်လိုဖြစ်မလဲ ဘယ်လိုမှမဖြစ်ဘူး။

သမာဓိဖြစ်အောင် လုပ်တဲ့အလုပ်ကို သမထလို့ခေါ်တယ် မဟုတ်လား။ သမာဓိဆိုရင် မပယ်ကြဘူး။ လက်ခံကြတယ်။ သမထဆိုရင် နှာခေါင်း ရှုံ့ချင်ကြတာက ဘယ်လိုသဘောလည်း သမထမပါရင် သမာဓိမဖြစ်ဘူး။ သမာဓိမဖြစ်ရင် ပညာမဖြစ်နိုင်ဘူးဆိုတာ မြဲမြဲ သာမှတ်ထားပေတော့။

## စိတ်ကို ထိန်းထား

တရားအားထုတ်တယ်ဆိုတာ တရားထိုင်နေချိန်မှာ စိတ်ကို ထိန်းထားပြီး၊ တရားလွှတ်လိုက်ချိန်မှာ စိတ်ကိုမထိန်းဘဲ ပေါက်လွှတ်ပဲစား ထားရင် တရားရဘို့မလွယ်ဘူး။ တရားအားထုတ် ပြီလို့ဆိုတာနဲ့ တပြိုင်နက်၊ စိတ်ကို ခန္ဓာကိုယ်ထဲမှာ အမြဲသွင်းထားရမယ်။ အပြင်ကို မထွက်စေရဘူး။ ဦးပဍ္ဍင်းတို့ တရားအားထုတ် တုန်းများကဆိုရင် ငါးမိနစ်လောက်တောင်စိတ်ကို အပြင်ဘက် မထွက်စေရဘူး။ ဒကာကြီးလည်း ဒီအတိုင်းအားထုတ်ရင် တရားမြန်မြန်ရမယ်။ စိတ်ကို အပြင်ဘက်မထွက်စေနဲ့၊ သတိနဲ့ အမြဲထိန်းထား စသည်ဖြင့် ဟောကြားပါတယ် ခင်ဗျား။

www.dhammaransi.com

သုတေသနစာကြည့်တိုက်
သဲအင်းဂူ ဆရာတော်ဘုရားကြီးသာသနာ့တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ၂၁
ထမ္ဘာအေး၊ ရန်ကုန်။

မိတ်ဆွေ - သဲအင်းဂူဆရာတော်ဘုရားရဲ့သတိပေးစကားထဲမှာ "ကိုယ့်စိတ်ကို ကိုယ်စစ်" ဆိုတဲ့ သတိပေးချက်ကို ကျွန်တော် အကြိုက်ဆုံးဘဲ ခင်ဗျ။

၂၈၀၄၃

www.dhammaransi.com



မေးပါများ စကားရှာ
သွားပါများ ခရီးရောက်တာ
မအိပ်မနေ အသက်ရှည်မယ်တဲ့
မောင်ပေါက်ကျိုင်း နဂါးနိုင်မင်းရာဇာ

မိုးကြိုး - ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘုရားဟော "အာရစ္စဝိရိယသုတ်" ကို ကျွန်တော်တင်ပြပါ့မယ်။

## အာရဗ္ဗဝိရိယသုတ်

"ဘိက္ခဝေ၊ သံသရာဘေး၊ ကြောက်လန့်တွေး၍၊ လွတ်ရေးရှာပြား၊ အိုချစ်သားတို့၊ စရတော၊ သွားစဉ်အခါ၌၊ ရဟန်းအား၊ အာယာဝတ္တု၊ တခုခုလျှင်၊ အကြောင်းရှိသော၊ ဗျာပါဒနှင့်စပ်သော၊ အကြံသည်၎င်း၊ သူတစ်ပါးကို နှိင်လိုစီးနင်း၊ ညှဉ်းဆဲခြင်းနှင့် စပ်သော အကြံသည် လည်းကောင်း၊ အကယ်၍ ဖြစ်ပေါ်ပြားအံ့။ ဘိက္ခဝေ၊ ရဟန်းတို့ ဘိက္ခုရဟန်းသည် ဖြစ်ပွားလာသော ဝိတက်ကို အကယ်၍ လက်ခံသိမ်းပိုက်စိတ်၌ သာယာပြားအံ့။ ထိုသို့လက်ခံ သိမ်းပိုက်စိတ်၌ သာယာသောကြောင့် သာလျှင်၊ ကင်းကွာ လွတ်အောင် မစွန့်ပစ်နိုင်၊ ထိုသို့ကင်းလွတ်အောင် မစွန့်ပစ်နိုင်၊ သောကြောင့်သာလျှင်၊ အရှင်းပျောက်အောင် မဖျောက်ပယ်နိုင်၊ ထိုသို့ အရှင်းပျောက်အောင် မဖျောက်ပယ်နိုင်၊ ထိုသို့အရှင်း ပျောက်အောင် မဖျောက်နိုင်သောကြောင့် သာလျှင်၊ မကျန်မကျွင်း ကုန်ပျက်ခြင်းကို အမှုပိုင်ပိုင်မပြုနိုင်၊ တဖန်အသစ်၊ ပြန်မဖြစ်ခြင်းသို့ မရောက်စေနိုင်။ ဘိက္ခုဝေရဟန်းတို့ သွားလာစဉ်၌လည်း၊ ဤသို့ကာမဝိတက်စသည်တို့ကို လက်ခံသိမ်းပိုင်လျှက်၊ ပျောက်ပျက်အောင် မပယ်နိုင်သော ဘိက္ခုရဟန်းကို ကိလေသာကို ပူပန်စေတတ်သော လုံ့လမရှိသော ရဟန်းဟူ၍လည်းကောင်း၊ မကောင်းမှုတို့မှ ရှက်ကြောက်ရမှန်း မသိသော ရဟန်းဟူ၍လည်းကောင်း၊ အမြဲမပြတ် အခါခပ်သိမ်း၊ အလုပ်ပြတ်က ရဟန်းပျင်းဟူ၍လည်းကောင်း၊ ယုတ်လျော့သော့သွမ်း လုံ့လမရှိသော

www.dhammaransi.com



ရဟန်းဟူ၍လည်းကောင်း၊ ဝုစ္စတိဆိုအပ်၏" လို့ မြတ်စွာဘုရားဟောကြား တော်မူခဲ့ပါတယ်။ ဒီအတိုင်းဘဲ ရပ်စဉ်၊ ထိုင်စဉ်၊ အိပ်စဉ်တို့နဲ့ ပတ်သက်ရာမှာလဲ ဟောကြား တော်မူခဲ့ပါတယ်။

ဒီတော့ သွား၊ ရပ်၊ ထိုင်၊ လျောင်းဆိုတဲ့ ဣရိယာပုတ်လေးပါးမှာ **"ကိုယ့်စိတ် ကိုယ်စစ်"** နေရမယ်။ ဒီလိုစစ်ပါမှ ကိလေသာကို ဖယ်ရှားနိုင်မယ်လို့ ဆိုခြင်းဘဲ မဟုတ်ပါလား ခင်ဗျား။

## သဲအင်းအာဘော်

ဒီကိစ္စနဲ့ ပတ်သက်ပြီး သဲအင်းဂူဆရာတော်ဘုရားကြီးက ဒကာကြီးဦးအုန်းခင် သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယ ဉာဏ်ရယ်လို့ ဉာဏ်သုံးပါးရှိတယ်လို့ ဆိုတယ်မဟုတ်ပါလား။ သုတမယ ဉာဏ်ဆိုတာ သညာသိ၊ စိန္တာမယဉာဏ်က ဝိဉာဏ်သိ၊ ဘာဝနာမယဉာဏ် ဆိုတာက ပညာသိလို့ခေါ်ဆိုနိုင်တယ်။

မြင်သိ၊ ကြားသိ၊ စာဖတ်လို့သိ၊ တွေးတောကြံဆိုလို့သိတဲ့ အသိမျိုးကို သုတမယဉာဏ်၊ စိန္တာမယဉာဏ်လို့ခေါ်တယ်။ ဘာဝနာ မယဉာဏ်ဆိုတာက ရုပ်နာမ်ကို တွေ့အောင်ရှာပြီး၊ တွေ့တဲ့အခါမှာ ရုပ်နာမ်ကိုမေးလို့ ရုပ်နာမ် ပြောတာကိုတကယ်သိ၊ အဟုတ်သိတဲ့ဉာဏ်ကိုပြောတာ။

ဉာဏ်ဆိုတာဟာ ဝေဖန်ပိုင်းခြားတာ။ ပညာက တထစ်ချ ဆုံးဖြတ်တာ၊ ပဌမမဂ်၊ ဒုတိယမဂ်၊ တတိယမဂ်နဲ့ စတုတ္ထမဂ်တို့ဟာ ပညာများဖြစ်တယ်။ တထစ်ချဆုံးဖြတ်လိုက်တယ်။ မဂ်ပညာက ဆုံးဖြတ်ပြီးရင် အမှားနဲ့ အမှန်ကို တကယ်သိသွားတယ်။ ဟိုလိုလို ဒီလိုလို၊ ယောင်တောင်တောင် မဖြစ်တော့ဘူး။

## မောင်ပေါက်ကျိုင်း

မောင်ပေါက်ကျိုင်းဟာ နဂါးကိုနိုင်ပြီး မင်းဖြစ်အောင် စကားကြီး သုံးခွန်းကို လက်ကိုင်ထားသလို တရားကျင့်တဲ့ ယောဂီဟာလည်း၊ ကိလေသာတွေကို နိုင်ပြီး၊ တရားမင်းဖြစ်အောင် ထိုစကားကြီးသုံးခွန်းကိုဘဲ လက်ကိုင်ထားရလိမ့်မယ်။

(၁) **"မအိပ်မနေ အသက်ရှည်"** ဆိုတာ အင်မတန်မှန်တယ်။ တရားကျင့်တဲ့ ယောဂီဟာ မအိပ်ရဘူး။ အိပ်နေရင် တရား မရနိုင်ဘူး။ မအိပ်ဘဲ မပြတ်မလပ် ဒလစပ်အားထုတ်တော့မှ နိဗ္ဗာန်ရောက်မယ်။

www.dhammaransi.com



နိဗ္ဗာန်ရောက်ရင် မသေတော့ဘူး။ အသက်ရှည်ပြီ။

(၂) "သွားပါများ ခရီးရောက်" ဆိုတာဟာလဲ အင်မတန်မှန်တာဘဲ။ ပုထုဇဉ်ဘဝက အရဟတ္တဖိုလ်ကို ရောက်အောင်ဟာ တသွားတည်း သွားနေရမယ်။ ဟိုအနားဝင်၊ ဟိုနားရပ်၊ ဒီအနားထိုင်၊ ဒီအနားရပ်၊ လုပ်နေလို့မရဘူး။ တသွားတည်း သွားနေရမယ်။ သွားပါများတော့ နိဗ္ဗာန်ကို အမှန် ရောက်မယ်။

(၃) "မေးပါများစကားရ" ဆိုတာဟာလည်းအင်မတန်မှန်တာဘဲ၊ သမာဓိကို အားကောင်းအောင်ထူထောင်ပြီး ရုပ်နာမ်ကို တွေ့အောင်ရှာရမယ်။ တွေ့တဲ့အခါမှာ နာမ်ရုပ်ကို မေးရမယ်။ မေးရင်သူက မှန်တဲ့အတိုင်း ပြန်ပြောလိမ့်မယ်။ ဘယ်လို ပြန်ပြောမလဲတဲ့။

ဥပမာ - တရားယောဂီဟာ တရားအားထုတ်စမှာ တောင့်တင်းကိုက်ခဲစတဲ့ ဝေဒနာတွေ ပေါ်လာတယ်ဆိုပါတော့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ဝေဒနာကို ဝေဒနာမှန်းမသိလို့ ငါတောင့်တယ်၊ ငါတင်းတယ်၊ ငါကိုက်တယ်၊ ငါနာတယ်လို့ အမှားကိုသိတယ်။ တကယ်ဆိုတော့ ရုပ်ဖောက်ပြန်တာကို ဝေဒနာနာမ် ခံစားတာဘဲရှိတယ်။ အဲဒါကို သညာနဲ့ဝိညာဏ်က ပူးပေါင်းပြီး၊ လိမ်လိုက်ကြလို့ ပုထုဇဉ်ပုဂ္ဂိုလ် တို့က ငါနာတယ်၊ ငါကိုက်တယ်လို့ထင်တာ၊ ဒီလိုထင်လာတာ ယခုမှ မဟုတ်ဘူး။ သံသရာလဆန်းတရက်နေ့ကစပြီး၊ ဒီအတိုင်းဘဲ ထင်လာခဲ့တယ်။

## ရုပ်နာမ်ကို မေးပါ

ဒီတော့ တရားကျင့်တဲ့ ယောဂီက မေးရမယ်။ ဘယ်လို မေးရမလဲဆိုရင် နာတယ်ဆိုတာ ဟုတ်သလားလို့မေးရမယ်။ ဒီလိုမေးရင် ရုပ်ကကျွန်တော်ဟာ မနာတတ်ပါဘူး။ ကျွန်တော်ဟာ ပြောင်းလဲ ဖောက်ပြန်တတ်ပါတယ်လို့ ပြန်ပြောလိမ့်မယ်။ တဖန်နာမ်ကိုမေးရမယ်။ ဘယ်လိုမေးရမလဲတဲ့။ ခင်ဗျားဟာ နာတတ်သလားလို့ မေးရမယ်။ မေးရင် ဝေဒနာနာမ်က ကျွန်တော်ဟာ မနာတတ်ပါဘူး။ ကျွန်တော့်ရဲ့အလုပ်က ခံစားတာဘဲဖြစ်ပါတယ်လို့အမှန်အတိုင်း ပြန်ပြောလိမ့်မယ်။

ထို့နောက် နာတယ်ဆိုတာဘာလဲ၊ ဘယ်သူနာတာလဲလို့မေးပါများရင် သညာနဲ့ ဝိညာဏ်တို့က နာတယ်လို့၊ ကျွန်တော်တို့ဟာ သံသရာလဆန်း တရက်နေ့ကစပြီး၊ သိလာခဲ့တဲ့အတိုင်း နာတယ်လို့ သတ်မှတ်ပေးနေရတာပါ။

www.dhammaransi.com



နာတယ် မနာဘူးဆိုတာ ပညာသာလျှင် သိပါလိမ့်မယ်။ ပညာကို မေးပါလို့ ပြန်ပြောလိမ့်မယ်။ ပညာကို မေးပေမဲ့ ပညာက ဖြုံးကနဲ အဖြေမပေးဘူး။ ဦးစွာဉာဏ်က ဝေဖန်သေးတယ်။ ဉာဏ်က ဝေဖန်ရုံဘဲ ဝေဖန်နိုင်တယ်။ မဆုံးဖြတ် နိုင်ဘူး။ ဒီလိုဉာဏ်ကလည်း ဝေဖန်၊ သမာဓိလည်း ကောင်းလာတဲ့ အချိန်ရောက်တော့မှ နောက်ဆုံးပညာကဝင်ပြီး အဆုံးအဖြတ်ပေး လိုက်တယ်။ ဘယ်လိုပေးသလဲဆိုတော့ ရုပ်ဆိုတာ ပြောင်းလဲဖောက်ပြန်တဲ့ သဘော သက်သက်ဖြစ်တယ်။ ဝေဒနာနာမ်ဆိုတာ ခံစားတဲ့ သဘော သက်သက် ဖြစ်တယ်။ သညာနဲ့ ဝိဉာဏ်တို့က လှည့်စားပြီး အမှားကို သတ်မှတ်နေကြတယ်။ ဒါကြောင့် ငါနာတယ်၊ ငါကျပ်တယ်၊ ငါကိုက်တယ် ဖြစ်နေကြတာလို့ တရားသူကြီး အမိန့်ချသလို အမိန့်ချမှတ်လိုက်တယ်။ အဲဒါကိုပထမမဂ်ပညာလို့ ခေါ်တယ်။

အဲဒီလို မဂ်ပညာပေါ်လာပြီးတဲ့နောက်မှာ မြင် - ကြား - နံ - ခါး - ထိ - သိ ဆိုတဲ့ ကိစ္စတွေအားလုံးဟာ ဝေဒနာတလုံးတည်း ဖြစ်သွားတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ သူတပါးယောကျ်ား၊ မိန်းမဆိုတဲ့ အတ္တဒိဋ္ဌိကြီး အပြီးတိုင် ပြုတ်ကျသွားတယ် ... စသည်ဖြင့် သဲအင်းဂူဆရာတော်ဘုရားက ဟောကြား တော်မူပါတယ် ခင်ဗျား။

မိတ်ဆွေ - အင်း ... အမြဲလင်း အမြဲရှင်းတဲ့ သဲအင်းပါ ခင်ဗျာ၊ ကျွန်တော်တို့ ယောဂီများအဖို့ကတော့ ဖွဲတင်းဘို့သာလိုပါတယ်။

တရားအားထုတ်တယ်ဆိုတာ "ငါဘာလုပ်နေတာလဲ" ဆိုတာကို ယောဂီဟာ သိဘို့လိုတယ်။

မိတ်ဆွေ - "ကိုယ့်စိတ် ကိုယ်စစ်" ဆိုတဲ့ သဲအင်းဂူဆရာတော် ဘုရားရဲ့ ဩဝါဒစကားကိုကျွန်တော်တော်တော်သဘောကျတဲ့အတွက်ဒီအကြောင်းကိုဘဲ ဦးမိုးကြိုးနဲ့ ဆက်လက်ဆွေးနွေးခဲ့ပါတယ်။ ဒီလိုဆွေးနွေးပြီးတဲ့နောက် အိမ်ပြန်ရောက်တဲ့အခါမှာ "ကိုယ့်စိတ်ကို ကိုယ်စစ်" ဆိုတဲ့အလုပ်ကို ကျွန်တော်အားထုတ်ကြည့်ပါတယ်။ ဒီလိုအားထုတ်ကြည့်တဲ့အခါ "ကိုယ့်စိတ်ကို ကိုယ်စစ်" ဘို့ မပြောနဲ့ စိတ်ကို ဖမ်းလို့ပင် မမိဘဲဖြစ်နေပါတယ်။ တော်တော်မလွယ်တဲ့ အလုပ်ပါခင်ဗျာ။

မိုးကြိုး - "ကိုယ့်စိတ်ကိုယ်စစ်" တဲ့အလုပ်ဟာ တော်တော်မလွယ်ဘူးဆိုတာကို မိတ်ဆွေသိလာတယ်ဆိုရင် တော်လာပြီပေါ့။

မိတ်ဆွေ - အင်း ... လုပ်တော့မယ်၊ ဒီပြောပုံကလေးတွေကတော့ သေရာပါမဲ့

www.dhammaransi.com



ပြောပုံကလေးတွေ ဖြစ်မှာပါ။

မိုးကြိုး - "ကိုယ့်စိတ် ကိုယ်စစ်" ဆိုတဲ့ အလုပ်ဟာ အပြောလွယ်သလောက် အလုပ်မလွယ်ပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်ကြားဖူးတဲ့ အဖြစ်အပျက်ကလေးတစ်ခုကို ပြောပြပါမယ်။

## ဆရာကြီးဦးမြတ်ကျော်

ကျွန်တော်ဟာ ၁၉၃၁ - ခုနှစ်မှာ မဟာသတိပဋ္ဌာနသုတ်လာ ဝိပဿနာတရားကို မူလမင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးရဲ့ တပည့်ရင်း ဆရာကြီးဦးမြတ်ကျော်ထံမှာ အားထုတ်ဘူးပါတယ်။ ကမ္မဋ္ဌာန်းတိုက်က ရန်ကုန်အနီး ဘောက်ထော်ရွာ၊ ဘောက်ထော် ဘုရားအနီးမှာ ဖြစ်ပါတယ်။ ထိုအချိန်ကဆိုရင် ရန်ကုန်နဲ့ ရန်ကုန် အနီးတဝိုက်မှာ တရားကမ္မဋ္ဌာန်းတိုက်ဆိုတာ မရှိသလောက် ရှားပါးလှတဲ့ အချိန်ဖြစ်ပါတယ်။

## တို့ဗမာအစည်းအရုံး

ဒါနဲ့ စကားစပ်မိလို့ ပြောလိုက်ရအုံးမယ်။ ၁၉၃၀ - ခုနှစ်၊ မေလ (၂၆)ရက်နေ့မှာ ရန်ကုန်မြို့၌ ကုလား - ဗမာ ရိုက်ပွဲကြီး ဖြစ်ပါတယ်။ ၎င်းကို အကြောင်းပြုပြီး ၃၃ - မှတ်၊ ခြံ၊ ရေတာရှည်လမ်း၊ ဗဟန်း၊ သခင်ဗသောင်း ရဲ့ တဲအိမ်မှာ တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်ကြပါတယ်။ ဦးစီးခေါင်းဆောင်က သခင်ဗသောင်း ဖြစ်ပါတယ်။ အခြားပါဝင် သူများကတော့ သခင်လှဘော်၊ ဗိုင် - အမ် - ဘီ သခင်တင်၊ (ဝါးခယ်မ) သခင်အုန်းဖေ၊ သခင်အုန်းခင် (မိုးကြိုး) စသည်တိုဖြစ်ပါတယ်။ ထုတ်ဝေတဲ့ စာတမ်းများကတော့ (၁)တို့ဗမာစာတမ်းနဲ့ (၂)နိုးကြားရေးစာတမ်း၊ ရှစ်စောင်တို့ဘဲ ဖြစ်ပါတယ်။ တို့ဗမာသီချင်းကို ရွှေတိဂုံကုန်းတော် အနောက်မြောက် ဒေါင့်၊ ဦးစံထွန်း - ဒေါ်နှစ် ဇရပ်မှာ ၁၉၃၀ - ခုနှစ်၊ ဇူလိုင်လ (၂၀)ရက်၊ တနင်္ဂနွေနေ့ညနေ (၅)နာရီမှာ ပထမဆုံးအကြိမ် သီဆိုကြပါတယ်။ အခမ်းအနားပွဲအပြီးမှာ စားသောက်ခဲ့ရတဲ့ ဆိတ်သားမုန့်နဲ့ကာဖီကို ယနေ့တိုင် မမေ့နိုင်သေးပါခင်ဗျား။ သခင်ဗသောင်းကို မိုးကြိုးရဲ့ သူငယ်ချင်း နိုင်ငံကျော် ရုပ်ရှင်မင်းသားကြီး ခင်မောင်ရင် (ကိုအောင်တင်)မှတဆင့် အသိမိတ်ဆွေဖြစ်ခဲ့ရတဲ့အတွက် တို့ဗမာ အစည်းအရုံးကို စတင်သူများထဲတွင် ကံကောင်းထောက်မလို့ ပါဝင် ခွင့်ရရှိခဲ့ခြင်းဖြစ်ပါတယ် ခင်ဗျား။

www.dhammaransi.com



## သခင်အစ–ပန်းဆိုးတန်းက

သခင်အမည်ကို စတင်ကင်ပွန်းတပ်ဘို့ သခင်ဗသောင်းက သခင်လှဘော်နဲ့ ကျွန်တော်ကို ပန်းဆိုးတန်းအမှတ်–၂၅၅၊ ဒေါက်တာသိမ်းမောင်တိုက်၊ ဒုတိယအထပ်ကို တနေ့သောတနင်္ဂနွေနေ့နံနက် (၈)နာရီမှာ အရောက်လာဘို့ချိန်းဆိုပါတယ်။ ထိုနေ့မှာ ကျွန်တော်မသွားနိုင်တဲ့အတွက် ဒေါက်တာသိမ်းမောင်ကလဲ သူမခေါ်လိုဘူးလို့ ငြင်းဆိုတဲ့အတွက် (၁)သခင်ဗသောင်းနဲ့ (၂)သခင်လှဘော်တို့ နှစ်ဦးတို့သည်သာလျှင် နောင်းခေတ်သခင် များရဲ့ဖခင်ကြီးများဖြစ်သွားကြပါတယ်ခင်ဗျား။

## ကံလှိုင်–တော်လာပြီဘဲ

မိတ်ဆွေ – ဝိပဿနာတရားများကို ဆွေးနွေးနေရာက တို့ဗမာ အစည်းအရုံးတို့ ယခင်တို့ဆီကို ဘယ်လိုရောက်သွားပြန်တာလဲ တရားကို ဆက်စမ်းပါအုံး။

မိုးကြိုး – အလျဉ်းသင့်လို့ ကိုယ်ပါဝင်ပြီး ကိုယ်တိုင်သိတဲ့ ဗဟုသုတ ကလေးတွေကို ဖေါက်သယ်ချတာပါဗျာ။ ဒါထက် မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးဟာ ၁၉၅၅–ခုနှစ်၊ မတ်လ (၁၈)ရက် သောကြာနေ့မှာ ဘဝနတ်ထံပျံလွန်တော်မူပါတယ်။ ဆရာတော်ဘုရားပျံလွန် တော်မမူမီ နှစ်နှစ်လောက်က ကျွန်တော်ဟာ သထုံမြို့ဆရာတော်ဘုရားထံသို့ အဖူးမျှော်ရောက်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ဆရာတော်ဘုရားရဲ့တပည့် တကာရင်း၊ သမဝါယမဝန်မင်း (ပင်စင်စား) ဦးကံလှိုင်နဲ့ ခင်မင်ရင်းနှီး သွားပါတယ်။ ဦးကံလှိုင်ဆိုသူတာက ငယ်စဉ်က အထက်မြန်မာပြည် ဘောလုံးအသင်းမှာ နာမည်ကျော်ဘောသမားတစ်ဦးဖြစ်ပြီး ရယ်စရာ မောစရာကို အလွန်ပြောတတ်ပါတယ်။

တနေ့မှာ သူတရားအားထုတ်ပုံကို ပြောပြပါတယ်။ သူ့ကို မင်းကွန်းဇေတဝန်ဆရာတော်ဘုရားက "ကံလှိုင်သွား ဟောဟိုကျောင်းကလေး မှာ သွားပြီး တရားအားထုတ်၊ ဘယ်လိုမှတ်ရတယ်ဆိုတာ သိတယ်မဟုတ်လား။ အဲဒီအတိုင်းသွားမှတ်၊ ထူးရင်လာလျှောက်" လို့နိုင်းလို့ကြောက်ကြောက်နဲ့ သွားပြီး အားထုတ်ပါတယ်။ ဆယ်ရက်လောက်ကြာတော့ ငါဟာ တရားရမဲ့ လူမဟုတ်ပါဘူးလို့စိတ်ပျက်ပြီး ဆရာတော်ဘုရားထံ သွားလျှောက်ပါတယ်။ ဆရာတော်က ကံလှိုင်ဘာထူးသလဲ လျှောက်စမ်းပြောလို့ "ဆရာတော် ဘုရား တပည့်တော်စိတ်ကို တပည့်တော်ငြိမ်အောင် လုပ်နေရလို့ မရပါဘုရား။

www.dhammaransi.com



ဟိုထွက်သွား ဒီထွက်သွားနဲ့ စိတ်ကို တည်ငြိမ်အောင်လုပ်နေရလို့ စားလဲ မစားနိုင်၊ အိပ်လဲမအိပ်နိုင် အင်မတန် စိတ်ဆင်းရဲနေပါတယ်ဘုရား။ တပည့်တော်ဟာ တရားကိုဆက်ပြီး အားထုတ်လို့ရတော့မယ် မထင်ပါဘူး ဘုရား" လို့လျှောက်လိုက်တယ်တဲ့။

ထိုအခါမှာ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားက "ကံလှိုင် နင်ဟာတော်လာပြီးဘဲ" လို့ အမိန့်ရှိပါတယ်။ ဒါနဲ့ အံ့အားသင့်ပြီး "ဘယ်လို တော်တာပါလဲဘုရား အမိန့်ရှိတော်မူပါ" လို့ပြန်လျှောက်လိုက်တယ်တဲ့။

"ကံလှိုင် နင့်အသက်ဟာ ခြောက်ဆယ်ကျော်ပြီ မဟုတ်လား။ နင်လူမှန်းသိချိန်ကစပြီး နင့်စိတ်ဟာ ပေါက်ပဲစား သွားချင်ရာ သွားနေတာကို နင်မသိခဲ့ဘူးမဟုတ်လား။ ယခု တရားအားထုတ်လို့ နင့်စိတ်အကြောင်း နင်သိလာတာ တော်လာပြီးပေါ့။ သွားဆက်ပြီး အားထုတ်၊ သမာဓိကောင်း လာလေ နင့်စိတ်အကြောင်း နင်သိလာလေဖြစ်လိမ့်မယ်။ တရားအားထုတ်တယ်ဆိုတာ စိတ်အကြောင်းကိုသိအောင် လုပ်တဲ့အလုပ်ဖြစ်တယ်။ ဒီလို စိတ်အကြောင်းကို သိအောင်လုပ်လို့ သိလာတာဟာ တော်လာပြီးပေါ့။ ဒီထက်တော်လာရင် တရားတွေ့လိမ့်မယ်။ ဆက်ပြီးသာအားထုတ်" လို့ အမိန့်ရှိဟော့မှ သဘောကျကာ အားတက်သွားပြီး ဆက်ပြီးအားထုတ်တာ တရားရသွားပါတယ်တဲ့ ခင်ဗျား။

## သဲအင်းဂူ အာဘော်

ဒီလို "ကိုယ့်စိတ် ကိုယ်စစ်" ဆိုတဲ့ အလုပ်နဲ့ ပတ်သက်ပြီး သဲအင်းဂူဆရာတော်ရဲ့အာဘော်ကတော့ အမြဲရှင်း၊ အမြဲလင်းဘဲ ဖြစ်ပါတယ်။

သဲအင်းဂူဆရာတော်ဘုရားက ဒကာကြီး ဦးအုန်းခင်၊ ဝိပဿနာ တရားကို အားထုတ်တယ်ဆိုတာ မြင်းစီးလို့ အထီးမှန်း အမမှန်း မသိပုံမျိုးဖြစ်လို့မရဘူး။ တရားယောဂီဟာ ငါဘာလုပ်နေတာလဲဆိုတာကို သိနေရမယ်။ သိအောင်ကိုလဲ ကမ္မဋ္ဌာန်းဆရာ လုပ်တဲ့သူက နားလည်၊ နားရှင်းအောင် ဗမာစကားသက်သက်နဲ့က ပြောပြရမယ်။ ပြောလဲ ပြောပြတတ်ရမယ်။ ပြောပြတတ်ဘို့ဆိုတာကလဲ ကမ္မဋ္ဌာန်းဆရာဟာ ကိုယ်ကိုယ်တိုင်အားထုတ်ပြီး ကိုယ်တိုင် ကိုယ်ကျတွေ့သိထားသူဖြစ်မှ ပြောပြတတ်၊ သင်ကြားပေးတတ်မယ်။ မျက်စိမြင်သူကမှ မျက်စိကန်းသူကို လမ်းညွှန်နိုင်တယ်။ အကန်း အကန်းချင်း ဘယ်လိုလုပ်ပြီး လမ်းပြ နိုင်မှာတဲ့လဲ။

www.dhammaransi.com



## သညာကို ပညာဖြစ်အောင်

ဝိပဿနာတရားကို အားထုတ်တယ်ဆိုတာ သညာသိ၊ ဝိညာဏ်သိကို ပညာသိနဲ့ အစားထိုးပြီး သိအောင်လုပ်တာ တိုတိုပြောရင် သညာကို ပညာဖြစ်အောင် လုပ်တာဘဲ (၁)ပထမအဆင့်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ သူတစ်ပါး၊ ယောက်ျား၊ မိန်းမလို့သိနေတဲ့ သညာအသိကို ပညာ အသိဖြစ်အောင် ပြောင်းပေးလိုက်ခြင်း ဖြစ်တယ်။ ဒီတော့ သောတာပန် ပုဂ္ဂိုလ်ဟာ မြင်၊ ကြား၊ နံ၊ လျက်၊ ထိ၊ သိ ကိစ္စတွေမှာ ဝေဒနာနာမ်ခံစားတဲ့ သဘောသက်သက် ကလေးပါလားလို့ ပညာအသိနဲ့ ပြောင်းပြီးသိတယ်။ ဒီလိုပညာနဲ့ ပြောင်းပြီးသိအောင် တရားရောဂီဟာ ကိုယ့်စိတ်ကိုကိုယ် အမြဲစစ်နေရမယ်။ ဒါမှတရားမြန်မြန်ရမယ် စသည်ဖြင့် အမိန့်ရှိပါတယ် ခင်ဗျား။

မိတ်ဆွေ - အင်း ... ကိုယ့်စိတ်ကိုယ်စစ်တဲ့ လုပ်ငန်းအကြောင်းကို ကျွန်တော်သဘောပေါက်သွားပါပြီ ခင်ဗျား။

www.dhammaransi.com



## ဦးအောင်ဗလ - မယ်ကာက

မိတ်ဆွေ - ဒီကနေ့ သဲအင်းဂူတရားအပြင် ဘယ်လိုဗဟုသုတတွေကို ပြောအုံးမှာလည်း ခင်ဗျ။

မိုးကြိုး - ယောက်ျားမင်းသမီးနာမည်ကျော် ဦးအောင်ဗလ၊ မယ်ကာက အဖြစ်နဲ့ သီဆိုသွားတဲ့ ဝိချင်းကလေးကို ဆိုပြပါအုံးမယ်။

မိတ်ဆွေ - အင်း ... ဝိပဿနာ တရားရေးနေချိန်များမှာ တို့ဗမာ အစည်းအရုံးတို့၊ သခင်တို့၊ ဦးဖိုးစိန်၊ ဦးအောင်ဗလတို့ရဲ့ အကြောင်းတွေ သီချင်းတွေကို ဝေဝေဆာဆာကြားညှပ်ပြီး ရေးပုံရေးနည်းမျိုးကတော့ ပရိသတ်ကြိုက် ရင်ကြိုက်၊ မကြိုက်ရင်တော့ ခံပေါက်ခံရမဲ့ အတတ်ဘဲ ခင်ဗျ။

မိုးကြိုး - ဆေးစားရင် ရောဂါပျောက်မှန်သိပေမဲ့ ဆေးကဆေးခါးကြီး ဖြစ်နေရင် လူနာများ မစားချင်ကြဘူး ခင်ဗျ။ ဒီတော့ ဆေးခါးကြီးအလုံး ကလေးတွေကို သကြားနဲ့ ဖုံးပေးခဲ့ရင်တော့ စားချင်ကြတယ်။ စားကြတယ်။ စားတော့ ရောဂါပျောက်ကြတယ်မဟုတ်လား။ ဒီတော့ ပျင်းလို့ ဝိပဿနာတရားကို မဖတ်ချင်သူတွေ ဖတ်ချင်အောင်၊ စိတ်ဝင်စားစရာ များကို ကြိုကြားကြိုကြား ထည့်ပေးခြင်း အပြစ်မဟုတ်ဘူးလို့ထင်ပါတယ်။ အိပ်ချင်စရာ စာမျိုးကိုတော့ မရေးတတ်တာ အမှန်ပါဘဲ ခံပေါက်ရင် တိုက်ဆောက်ဘိုအသင့်ပါ။

မိတ်ဆွေ - ဒီလိုဆိုတော့လဲ "ရှမ်းကြိုက်နွားချော" ဆိုတာလိုပေါ့ဗျာ။ ကိုယ်ပိုင်ရေးနည်းရေးဟန်အတိုင်း၊ မဆိုင်းမတွ ဝိချင်းသာချပေတော့ ဆရာခင်ဗျား။

### ပွတ်သမား ဥပမာ

မိုးကြိုး - မြတ်စွာဘုရားသခင်ဟာ အင်မတန်ခက်ခဲ နက်နဲလှတဲ့ တရား

www.dhammaransi.com



ဒေသနာများကို ဟောကြားတဲ့အခါမှာ ဘုရားသခင်လက်ထက်တော် အခါက ထင်ရှားလှတဲ့ ဥပမာများနဲ့တင်စားပြီး ဟောကြားလေ့ရှိပါတယ်။
ဥပမာ - မဟာသတိပဋ္ဌာနသုတ်မှာ ထွက်သက်၊ ဝင်သက်ရှုပုံရှုနည်းကို ပွတ်သမားဥပမာနဲ့တင်စားပြီး ဟောကြားခဲ့ပါတယ်။

"ရဟန်းတို့ ... ဥပမာသော်ကား ကျွမ်းကျင်သော ပွတ်ကြိုးကို ရှည်ရှည်ဆွဲငင်လျှင်လည်း ရှည်ရှည်ဆွဲငင်သည်ဟု သိရ၏။ တိုတိုဆွဲငင်လျှင်လည်း တိုတိုဆွဲငင်သည်ဟု သိရ၏။ ရဟန်းတို့... ဤအတူပင် ရဟန်းသည် ရှည်ရှည်ရှူရှိုက်လျှင်လည်း ရှည်ရှည်ရှိုက်သည်ဟု သိ၏" စသည်ဖြင့် ဟောကြားတော်မူပါတယ်။ အနီးလို ဥပမာပေါင်းမြောက်များစွာကို အသုံးပြုကာ ဟောကြားခဲ့ပါတယ်။

## နောက်မယားငယ်တွေနဲ့ ပျော်ပျော်ပေါင်း

အဲဒီတော့ ပုထုဇဉ်ပုဂ္ဂိုလ်တို့နဲ့ သောတာပန်အရိယာ ပုဂ္ဂိုလ်တို့ရဲ့ အမြင်နှစ်မျိုးတို့ရဲ့ ကွဲပြားခြားနားပုံကို သဲအင်းဂူဆရာတော်ဘုရားက ဥပမာတခုပြပြီး ဟောကြားပါတယ်။ ထိုသဘောသွားကို ကျွန်တော်က ဥပမာတင်စားပြီး ပြောပြပါမယ်။

"ကျမလင် အသရေမနတ်ရအောင်ပ၊ ဘဝတွင် အခြေ ဟုတ်စေဘို့ အမလေး ငွေထုတ်ကိုတဲ့ ယူခဲ့တယ်၊ (ဟင် ... ယူခဲ့ပြီ၊ သူကဖြင့် ဘာမှမသိရှာဘူး၊ အမယ်လေး ငါဖြင့် သေရ ချီတော့မယ်) ကျေးဇူးရှင်၊ သခင်မှတ်တာကြောင့်၊ ကျေးဇူးတင် လင်အမြတ်ကိုတော် ပေးအပ်ခဲ့မယ်၊ အကျိုးကံ နှစ်လီမွဲတာ ကြောင့် ဖိုးမတန်သည် မယ်မွဲရယ်နဲ့ ခွဲကြအုံးစိုရဲ့ယောက်ျားသည်ရယ်၊ နောက် မယားငယ်တွေနဲ့ပျော်ပျော်ပေါင်း စားရစ်တော့လေ၊ ထောင်ထုပ်ကယ်သပြာငွေ နဲ့ (အို ... ကိုကာက ရဲ့ အမယ်လေး တခါဖြင့် သေကွဲခွဲရတော့မယ် မောင်ကြီးရဲ့ ရှင်ဘာမှန်းမှမသိဘူး၊ အမိုက်မလေး၊ သေမှသာ ရှင်အေးတော့မယ်၊ ချမ်းသာတော့မယ်၊ ကျုပ်မသေသမျှ ဒီဘဝမှာဖြင့် ကောင်းစားမှာ မဟုတ်ဘူး မောင်ရဲ့ ...) စားရစ်တော့လေ၊ ထောင်ထုပ်ကယ်အသပြာငွေနဲ့ ဂါရဝေ ညွတ်ကာသခဲ့ပါရဲ့ ကျမမှာ မနေသာပါပြီ၊ မရဏာသေရွာသို့သွားရတော့မယ်၊ အမယ်မင်းနောက်မယားအသွင်လှသူတို့နဲ့၊ ဘဝသွေမရှောင် ပေါင်းရစ်ပေတော့ (မှာခဲ့ပါ့မယ်တော်...) ယောက်ျားလင်၊ သမတ၊ ကျမရွှေယောင်ဆောင်း ...။"

www.dhammaransi.com



## ကာကဝလ္လိယဇာတ်

ရာဇဂြိုလ်ပြည့်ရှင်၊ ဘုရင်ဗိမ္ဗိသာရမင်းကြီးက တမ္ဗဒီပသူ သတ်ကုန်းက ရာဇပတ်ကောင်းကို ညတွင်းချင်းပွဲတော်အုပ်ပို့နိုင်သူကို အသပြာတထောင် ပေးမယ်လို့ မောင်းခတ်တာကို ကြားလို့ ဆင်းရဲသူမ မယ်ကာကဟာ ထိုငွေတထောင်ကို ယူလိုက်ပါတယ်။ သူသတ်ကုန်းကို သွားရမဲ့လမ်းမှာ ကာဠဒီယဘီလူးကြီးရှိပါတယ်။ ဒီတော့ သူသတ်ကုန်းကို မရောက်ခင်လမ်းမှာ ဘီလူးစားခံရပါ လိမ့်မယ်။ ဒါပေမယ့် မယ်ကာကဟာ ချစ်သောလင်ကို ချမ်းသာ စေချင်လွန်းလို့ သူအသေခံပြီးသွားမယ်။ သူရတဲ့ငွေတွေကို သူ့လင်ကို အကုန်ပေးခဲ့မယ်တဲ့ ခင်ဗျ။

ဒီလိုငွေယူပြီးတဲ့နောက် "ရော်...ငွေစဖြင့် ရပါပေါ့၊ လင်ကိုတိုင်ပင်တို့က ခက်တယ်။ အမယ်လေး၊ ဘယ်နယ်ပြောရပါ့မတုံး သူသိရင်ဖြင့် မရှိအောင်ရှိရှာတော့မယ် ..."၊

## ယောက်ျားမင်းသမီး

ဦးအောင်ဗလဟာ အင်မတန်နာမည်ကျော်ခဲ့တဲ့ ယောကျာ်း မင်းသမီးဖြစ်ပါတယ်။ ၁၉၁၃ - ခု၊ နိဝင်ဘာလ (၁၁)ရက် စနေနေ့မန္တလေးမှာ ကွယ်လွန်ရှာပါတယ်။ ကွယ်လွန်တော့ သူ့အသက်ဟာ (၃၁)နှစ်ပါ။ ထိုအချိန်က မိုးကြိုးရဲ့ အသက်ဟာ နှစ်ဆယ်သာ ရှိပါသေးတယ်။ ဦးအောင်ဗလကို ကျွန်တော်မမြင်ဘူးလိုက်ပါ။ သို့ရာတွင် ဦးဖိုးစိန်နဲ့တွဲပြီးခါတ်ပြားသွင်းထားတဲ့ ကာကဝလ္လိယဇာတ်ထုတ်နဲ့မဃစည်သူဇာတ်ထုတ်များကိုတော့ငယ်စဉ်အခါက ကြားရပါများလို့ ငိုချင်းတွေကို အလွတ်ရနေပါတယ်။

ဥပမာ - မဃစည်သူဇာတ်မှာ ဦးဖိုးစိန်က ...

"တောင်လကျာ်၊ ဖေါင်စကြာ၊ အလှည့်သွားစဉ်က၊ မိဖုရားကို ယကွမယ်ထင်လို့၊ ကျွန်ပ်မနေ၊ နင်မိတာ နမြော ... မယ်ပပရယ်၊ မယ်ပပရဲ့ အမယ်လေး၊ မင့်မောင်ကြီးနင်မိတာတွေ၊ နမြော" စသည်တို့ဖြစ်ပါသည်ခင်ဗျား။

## ဖိုးစိန်ငို

မယ်ကာက လင်ကိုနှိုးပြီး အကျိုးအကြောင်းကို ပြောတော့ ဦးဖိုးစိန် မောင်ကာကက ...

"မာနကြွယ်၊ တမင်မောက်လို့ မဝင့်လိုက်ပါနဲ့ ကာကမယ်

www.dhammaransi.com



ထင်သလောက် ကျင့်ပုံက၊ အမယ်လေး ... နင်သောက်တင့် ရဲပေဟယ်၊ ထမင်းရေကို ရက်ရစေတော့၊ ငွေမက်ကာ မယူချင်ပါနဲ့. အတူပင် တဲအိုပျက်မှာကွယ် တွဲလျက်ပျော်မယ်၊ မယွင်းအောင် တကယ်မှတ်လို့. တားလိုက်ပါတော့ ထမင်းတောင် ဆယ်နပ် မစားရသော်လဲ တကယ်မပြတ် အနားမှာတဲ့ နေစေချင်တယ် သေရင်တကယ်ပ၊ အမှန်မလွဲ... အဲဒီလို ချည်းလင်မသိအောင် မပလွှားလိုက်ပါနဲ့. ငါ့မယားကို ငါအလွန်မင်သကွဲ့ (ဟောဟိုက အကောင်တွေက) မြင်ပြန်ရင် နောက်ပိုးမဲ့ ငနဲတွေကြောင့် သောက်ကျိုးနဲ့ ထိတ်သကွယ်၊ တမင်ဆုတ်ကာ လွှဲလိုက်ရပါတော့ မယ်ကာကရယ်၊ ကောက်ရိုးထဲမှာ အိပ်ရစေတော့၊ နင့်ငွေထုပ်ကို ငါဘာလုပ်စရာလဲ"

## ပုထုဇဉ်အမြင်

အဲဒီလို မင်းသားအကျော်နဲ့မင်းသမီးအကျော်တို့ဟာ သဏ္ဌာန်လုပ် သရုပ်ဆောင်ပြီး ကပြတဲ့ပွဲကို ကြည့်ကြရတဲ့ ပွဲကြည့် ပရိသတ်များဟာ မောင်ကာကနဲ့မယ်ကာကတို့ရဲ့အဖြစ်အပျက်တွေကို တကယ်ဘဲ၊ အဟုတ်ဘဲ ထင်မှတ်ကြပါတယ်။ ထင်မှတ်ကြတော့ မင်းသမီးငိုရင်လဲ သူတို့ပါ ငိုကြပါတယ်။ မင်းသားငိုရင်လဲ သူတို့ပါရောပြီး မျက်ရည်ထွက်ကျပါတယ်။ အဲဒီအသိမျိုးဟာ၊ ပုထုဇဉ်အသိမျိုးဖြစ်ပါတယ်။

ဒါက ဥပမာတင်စားပြီး ပြောတာပါ။ တကယ်ကတော့ ရုပ်နဲ့နာမ်ဟာ၊ လူဘဲ၊ နတ်ဘဲ၊ ပြဟ္မာဘဲ ချောလိုက်တာ၊ လှလိုက်တာ နဲ့...၊ ၃၁ ဘုံမှာ၊ ရုပ်ဆောင်ပြီး ပြနေလိုက်ဟာ ဘယ်လောက်သဏ္ဌာန်လုပ်၊ သရုပ်နဲ့တူသလဲဆိုတော့ ဘုရား တဆူတဆူ ပွင့်တော်မူလို့သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူတော့ မှ၊ ရုပ်မှန်း နာမ်မှန်းကိုသိပြီး ဒီ ၃၁ဘုံက လွတ်မြောက်ခွင့်ရကြပါတယ် ခင်ဗျား။

## သောတာပန်အမြင်

ဦးဖိုးစိန်နဲ့၊ ဦးအောင်ဗလတို့ရဲ့ဇာတ်ပွဲကိုသွားပြီး ကြည့်ကြ သူတွေ ထဲမှာ၊ အော်..ဖိုးစိန်က မောင်ကာကလုပ်တယ်။ အောင်ဗလကတော့ မယ်ကာက လုပ်ပြီး ဇာတ်ကနေကြတာပါလား။ အမှန်ကတော့ ဖိုးစိန်၊ အောင်ဗလတို့နှစ်ဦး သရုပ်သဏ္ဌာန်ဆောင်နေကြတာကတော့ မောင်ကာက၊ မယ်ကာကတို့ပါလား လို့ အမှန်နဲ့အမှားကို ခွဲခြားပြီး သိကြပါတယ်။ ဒီအတိုင်းဘဲ သောတာပန်

www.dhammaransi.com



အရိယာဟာ ပရမတ်ဖြစ်တဲ့ ရုပ် - နာမ်အမှန်ကိုလဲ သိတယ်။ ပညတ်ဖြစ်တဲ့ ငါ၊ သူတပါး၊ ယောက်ျား၊ မိန်းမ ဆိုတာကိုလဲ သိတယ်။ ပရမတ်နဲ့ ပညတ်ကို နှစ်ခုစပ်စပ်ပြီးသိပါတယ်။

## သဲအင်း အာဘော်

ဒကာကြီးဦးအုန်းခင်၊ သောတာပန်ရဲ့ အသိဟာ သူများဆီက၊ လက်ပတ်နာရီကို ငှားပတ်ထားတဲ့ လူလိုဘဲ၊ လက်ပတ်နာရီကို မြင်တိုင်းမြင်တိုင်းမှာ ဒါဟာ ငါ့လက်ပတ်နာရီမဟုတ်ဘူး၊ သူများထံက ငါငှားထားတာ ငါပြန်ပေးရမယ်လို့သိသလို၊ သောတာပန်ကြီးဟာလဲ ပရမတ် ရုပ် - နာမ်နဲ့ပညတ်၊ ပုဂ္ဂိုလ်သတ္တဝါကို နှစ်ခု စပ်စပ်ပြီး သိနေတယ်။

တရားအားထုတ်ချိန်မှာ ပရမတ် ရုပ် - နာမ်ကို သိနေတယ်ဆိုရင် တဒင်္ဂဘဲဖြစ်သေးတယ်။ ရုပ် - နာမ်၊ တဒင်္ဂကိုဘဲ မြင်သိသေးတယ်။ တရားချလိုက်ချိန်များမှာ ပညတ်နဲ့ပရမတ်ကို နှစ်ခုစပ်စပ်ပြီး သိနေတယ်။ ဒါပေမယ့် သတိလစ်သွားတဲ့အခါတွေ ရှိသေးတယ်ဆိုရင်၊ ဝိက္ခမ္ဘန - တာရှည်သိမြင်လာပြီ။ ဆက်ပြီး ကြိုးစားရမယ်။ နောက်ဆုံးမဂ်ပညာ၊ ပယ်သတ်လိုက်တဲ့အခါမှာ သမုစ္ဆေဒ - အမြဲဖြစ်သွားပြီး ဘယ်တော့မှ အမြင်မပြောင်းလဲတော့ဘူး။

မဂ်ဆိုတာ မေ့နေတာမဟုတ်ဘူး။ မိစ္ဆာဒိဋ္ဌိ အမြင်ကို အကြွင်းမဲ့ ပယ်သတ်လိုက်တဲ့ ဉာဏ်ဘဲဖြစ်တယ်။ "ကိုယ့်စိတ် ကိုယ်စစ်ကြည့်ရင် သိလိမ့်မယ်။ ပရမတ်နဲ့ပညတ်ကို တွဲပြီး ဒလစပ်သိနေရင် ငါသောတာပန်ဘဲလို့ မှတ်ပေတော့" ပါတဲ့ ခင်ဗျား။

## ရဟန္တာဆိုတာ

မိတ်ဆွေ - ၁၉၆၉ - ခု၊ ဇွန်လ (၁၆)ရက်နေ့က သဲအင်းဂူဆရာတော်ကြီးနှင့်အတူ ဦးမိုးကြို၊ ပုသိမ်မြို့သို့ လိုက်သွားတော့ မိတ်ဟောင်း ဆွေဟောင်းတွေနဲ့ တွေ့ခဲ့ရမှာပေါ့။

မိုးကြို - မှန်ပါတယ်။ ဒါနဲ့ စကားစပ်မိလို့ ပြောရအုံးမယ်။ ၁၉၃၆ခုနှစ်၊ ဂျာမဏီပြည်၊ ဘာလင်မြို့တော်ကြီး၌ ကျင်းပတဲ့ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကြီးမှာ ဦးဇော်ဝိတ် ပါဝင်ယှဉ်ပြိုင်ပါတယ်။ ဦးဇော်ဝိတ်နဲ့အတူ ကာယဗလ ဦးရှိန်လိုက်ပါသွားပါတယ်။ သူတို့နှစ်ဦး ဗမာပြည်ကို ပြန်ရောက်ကြတဲ့အခါ

www.dhammaransi.com



ရင်းတို့နှစ်ဦးနဲ့အတူ ကျွန်တော်ဟာ ပုသိမ်မြို့သို့သွားရောက်ပြီး အိုလံပစ် ဟောပြောပွဲ ကျင်းပပါတယ်။ ဒီအချိန်ကစပြီး ပုသိမ်မြို့ဟာ ကျွန်တော်နဲ့ခင်မင် ရင်းနှီးသွားပါတယ်။ သဲအင်းဂူဆရာတော်ဘုရားနဲ့အတူ ကျွန်တော် လဲပါလာတယ်ဆိုတော့ မိတ်ဆွေဟောင်းတွေလာကြပြီး၊ တရားအကြောင်းကို ဆွေးနွေးမေးမြန်းကြပါတယ်။

အဲဒီမိတ်ဆွေများထဲမှာ တော်တော်ထူးဆန်းတဲ့ ပြဿနာ တခု ပေါ်နေပါတယ်။ အသက်လေးဆယ်ကျော်ငါးဆယ်တွင်း ပုဂ္ဂိုလ်တစ်ဦးက "ကျွန်တော်ဟာ ဗုဒ္ဓဘာသာတရားကို ကောင်းစွာ နားမလည်ပါဘူး။ ဒါပေမယ့် ဦးအုန်းခင်ကဲ့သို့သော လောကီလောကုတ်နံ့စပ်သူတစ်ဦး၊ သဲအင်းဂူဆရာတော်ရဲ့တရားကို ယုံကြည်တယ်ကြားတာနဲ့မမှားနိုင်ဘူးဆိုပြီး၊ သဲအင်းဂူဆရာတော်ရဲ့ တရားကို သူလက်ခံယုံကြည်ပါတယ်တဲ့၊ ဒါပေမယ့် ဦးအုန်းခင်ဟာ သဲအင်းဂူဆရာတော်ဘုရားကို ဘာကြောင့် ရဟန္တာကြီးရယ်လို့လက်ခံယုံကြည် တာလဲဆိုတာတော့ သိချင်ပါတယ် ခင်ဗျား" လို့မေးပါတယ်ခင်ဗျား။

မိတ်ဆွေ - ဒီလိုဆိုရင် အတော်ပါဘဲ။ ကျွန်တော်လည်း ဒီမေးခွန်းကို မေးမယ်လို့ ကြံစီနေတာကြာပါပြီ။ မေးတဲ့ဆီကို မရောက်ခဲ့ပါဘူး။ စကားစပ်မိတုန်း ပြောပြစေလိုပါတယ်။ မှတ်သားစမ်းပါရစေ ခင်ဗျား။

မိုးကြိုး - အင်း ... အမေးလွယ်သလောက်၊ အဖြေက သိပ် မလွယ်လှပါဘူး။ ဒါပေမယ့် ကျွန်တော်ကြိုးစားပြီး ဖြေပါ့မယ်။ ကိုးကွယ်တဲ့ ဘာသာအယူဝါဒ ဆိုတာက ယုံကြည်မှုပေါ်မှာ တည်ပါတယ်။ ယုံကြည်မှု ဆိုတာကလည်း ရှေးဘဝက ပါရမီမပါလာရင် ဘုရားနဲ့တွေ့တောင် မယုံကြည်နိုင်ပါဘူး။

## တရားဂုဏ်တော်

သဲအင်းဂူဆရာတော်ဘုရားဟာ ၄၆-နှစ်ထိအောင် လူဆိုးကြီး ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် အင်္ဂုလိမာလကဲ့သို့သော လူသတ်သမားကြီးတော့ မဟုတ်ခဲ့ပါဘူး။

တရားကို အားထုတ်သဖြင့် တရားထူးရသူဟာ တရားရဲ့ ဂုဏ်တော်ခြောက်ပါးနဲ့ပြည့်စုံလိမ့်မယ်လို့ဆိုထားပါတယ်။ (၁)သွာက္ခာတ ဂုဏ်တော်ဆိုတာက စ-လယ်-ဆုံး သုံးပါးလုံးစုံအောင် ကောင်းသောဂုဏ်၊ (၂)သန္ဒိဋ္ဌိကဂုဏ်တော်ဆိုတာက ကျင့်သူတို့အား ဘဝမခြားစေဘဲ ဒိဋ္ဌမျက်မှောက် ကိုယ်တွေ့အကျိုးခံစားရသော ဂုဏ်၊ (၃)အကာလိက

www.dhammaransi.com



ဂုဏ်ဆိုတာက ကာလမရွေးကျင့်သည့်နေ့ပင် မင်္ဂလာကောင်းကျိုးဖြာဝေဖြိုးသော ဂုဏ်၊ (၄)ဧဟိပဿိဂုဏ်ဆိုတာ က လာလှည့်၊ ရှုလှည့်၊ ကျင့်လှည့်စမ်းပါ လွန်ချမ်းသာဟု ... အစမ်းခံခြင်းငှာ ထိုက်သော ဂုဏ်၊ (၅)ဩပနယိကဂုဏ်ဆိုတာက မိမိကာလ အဖျွတ္တတွင် ရရှိပေါက်ရောက်ကိုယ်တွေ့မြောက်အောင် ကပ်၍ ဆောင်ထိုက်သော ဂုဏ်၊ (၆)ပစ္စတ္တံ ဝေဒိတဗ္ဗောဝိညူဟိဂုဏ်ဆိုတာက အသီးသီးသော မိမိတို့၏ သန္တာန်၌ ချမ်းသာပါပေ့၊ ကောင်းပါပေ့ဟု ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ ခံစားသိမြင်ရသော ဂုဏ်တော်များဖြစ်ပါတယ်။

## စာမတတ်–ပေမတတ်

သဲအင်းဂူဆရာတော်ဟာ စာမတတ်ပါဘူး။ ဒါပေမယ့် ဗုဒ္ဓတော်ဘုရားဟောကြားတဲ့ "မဂ်လေးပါး" တရားတော်ကို ထောက်ရှုခြင်းအားဖြင့် ဆရာတော်ဟာ တကယ့်တရားထူးကိုရသောကြောင့် တရားဂုဏ်တော်ခြောက်ပါးနဲ့ပြည့်စုံပါတယ်။ ဒီလို ပြည့်စုံလို့ဒီလိုခန္ဓာကိုယ်တွေ့တရားမျိုးကို ဟောနိုင်တာဘဲလို့ ယူဆပြီး၊ သဲအင်းဂူဆရာတော်ဘုရားဟာ တကယ့်ရဟန္တာကြီးဘဲလို့ကျွန်တော်ယုံကြည်ခြင်းဖြစ်ပါတယ်။

## ကိုယ့်စိတ် ကိုယ်စစ်

"ကိုယ့်စိတ်ကိုယ်စစ်" ရမယ်။ သူတပါးစိတ်ကိုမစစ်ရဆိုတဲ့အဆုံးအမကို ကျွန်တော်ဟာ သဲအင်းဂူဆရာတော်ဘုရားနဲ့တွေ့မှသာ ကြားနာမှတ်သားရပါတယ်။ ထိုအချိန်ကစပြီး ကျွန်တော်ဟာ ကိုယ့်စိတ်ကိုယ်စစ်တဲ့ အလေ့အကျင့်ကို မပြတ်မလပ်၊ ဒလစပ်လုပ်လိုက်တဲ့အခါမှာ အင်မတန်ထူးတဲ့ အကျိုးထူးများကို ခံစားရပါတယ်။

ဒါနဲ့ ကိုယ့်စိတ်ကိုယ်စစ်တဲ့ တရားမျိုးကို မြတ်စွာဘုရားဘယ်သုတ်များမှာ ဟောကြားခဲ့ပါသလဲဆိုတာကို သိချင်လို့ဓမ္မပဒပါဠိတော်မြန်မာပြန်ကို ရှာဖွေဖတ်ရှုတဲ့အခါမှာ အောက်ပါအတိုင်း တွေ့ရပါတယ်။

## ပါဝေယျအာဇီဝကဝတ္ထု

သူတပါးတို့၏ မလျော်သော အပြစ်အနာအဆာတို့ကို မကြည့်ရှုရာ၊ သူတစ်ပါးတို့၏ ကောင်းမှု မကောင်းမှု၊ ပြုမပြုကို မကြည့်ရှုရာ၊ မိမိ၏ ကောင်းမှု

www.dhammaransi.com



မကောင်းမှု၊ ပြုမပြုကိုသာလျှင် ကြည့်ရှုရာ၏။

## ဥဒ္ဓါခနသညီတွေ့ရဝတ္ထု

သူတပါး၏ အပြစ်ကို အစဉ်ရှုလျက် အမြဲမပြတ်ကဲ့ရဲ့တတ်သူအား အာသဝေါတရားတို့သည် တိုးပွားကုန်၏။ ထိုသူသည် အာသဝေါကုန်ခြင်းမှ ဝေးကွာ၏။

## နင်္ဂလကူလတွေ့ရဝတ္ထု

ရဟန်း - မိမိကိုယ်တိုင်စောကြောစစ်ဆေးလေလော့၊ မိမိ ကိုယ်ကို မိမိကိုယ်တိုင်ဆင်ခြင်လေလော့၊ မိမိကိုယ်ကို မိမိကိုယ်တိုင် စောင့်ရှောက်သည်ဖြစ်၍ သတိရှိသော သင်သည်ချမ်းသာစွာ နေရလတ့်ဟူ၍ပင် ဖြစ်ပါတယ်။

## ဒိဋ္ဌိသတ်–တဏှာသတ်

ဒိဋ္ဌိသတ် - တဏှာသတ်၊ တရားနှစ်ပါးကို ကျင့်စဉ်နှစ်မျိုးနဲ့ခွဲခြားပြီး၊ ဟောကြားခြင်းမျိုးကိုလည်း သဲအင်းဂူဆရာတော်ဘုရားထံမှသာ ကျွန်တော် ကြားနာရဘူးပါတယ်။ ဒိဋ္ဌိသတ်ရန် ဓါတ်ကြီးလေးပါးဖောက်ပြန်မှုကြောင့် ဖြစ်ပွားပေါ်ပေါက်လာတဲ့ ဝေဒနာသုံးမျိုးကို ရှုပွားခိုင်းပါတယ်။

တဏှာသတ်ရန် ရုပ်ကို အသုဘဉာဏ်ပေါ်အောင် ရှုပွားခိုင်းပါတယ်။ အဲ့ဒီလို ရှုပွားခိုင်းပုံဟာ ဘုရားဟောဒေသနာနဲ့ ညီမညီ၊ ကိုက်မကိုက်ကို ကျွန်တော်ရှာဖွေလေ့လာကြည့်တဲ့အခါမှာ အောက်ပါ အတိုင်းတွေ့ရပါတယ် ခင်ဗျား။

## ခန္ဓာငါးပါးခွဲခြားရှုပုံ

တရားထူးရပြီး ပေါက်မြောက်လွယ်အောင်၊ ခန္ဓာငါးပါးတို့ကို တပါးစီခွဲခြားပြီး ဝိပဿနာရှုပွားသင့်ကြောင်း ဝိသုဒ္ဓိမဂ်ကျမ်းမှာ တွေ့ရပါတယ်။ ဘယ်လိုခွဲခြားပြီး ရှုပွားရမလဲဆိုရင် -

(၁) သတ္တဝါတို့ရဲ့ ကိုယ်ကာယ၊ အထည်ဒြပ်၊ သဏ္ဍာန်ကြီး ဖြစ်နေတဲ့ ရူပက္ခန္ဓာကို၊ မတင့်တယ်မဖွယ်ရာသော အသုဘဟူ၍ ရှုဆင်ခြင်ရမယ်ဟူ၍ဝှင်း၊

(၂) ဝေဒနာက္ခန္ဓာကို ဒုက္ခဟူ၍ ရှုဆင်ခြင်ရမယ်ဟူ၍ဝှင်း၊

www.dhammaransi.com



(၃) သညာက္ခန္ဓာ - သင်္ခါရက္ခန္ဓာနှစ်ပါးကို၊ အနတ္တဟူ၍ ရှုဆင်ခြင်ရမယ်ဟူ၍ရှင်း၊

## သတိပဋ္ဌာန်လေးပါးပြီးစီးပုံ

ဒီလိုခန္ဓာငါးပါးကို တပါးစီခွဲခြားပြီး၊ ဝိပဿနာရှုပွားခဲ့ပါရင်၊ သတိပဋ္ဌာန်လေးပါးပြီးစီးပါတယ်တဲ့ ပြီးစီးပုံက -

(၁) ရူပက္ခန္ဓာကို အသုဘဟူ၍ ရှုဆင်ခြင်ပါရင် ကာယာ နုပဿနာ သတိပဋ္ဌာန်ကိစ္စပြီးစီးပါတယ်။

(၂) ဝေဒနာက္ခန္ဓာ ဝေဒနာကို ဒုက္ခဟူ၍ ရှုဆင်ခြင်ပါရင် ဝေဒနာ နုပဿနာ သတိပဋ္ဌာန်ကိစ္စပြီးစီးပါတယ်။

(၃) သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာနှစ်ပါးကို အနတ္တဟူ၍ ရှုဆင်ခြင်ပါရင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကိစ္စပြီးစီးပါတယ်။

(၄) ဝိညာဏက္ခန္ဓာကို အနိစ္စဟူ၍ ရှုဆင်ခြင်ပါရင် စိတ္တာနုပဿနာ သတိပဋ္ဌာန်ကိစ္စပြီးစီးပါတယ် ခင်ဗျား။

## ဒုတိယဝေဒနာသုတ်

ထို့ပြင် ဣတိဝုတ်ပါဠိတော်မြန်မာပြန်မှာ ... "အကြင် သူသည် သုခဝေဒနာကို ဆင်းရဲဟူ၍ မြင်၏။ ဒုက္ခဝေဒနာကို ငြောင့်တံကျင် ဟူ၍ မြင်၏။ ငြိမ်သက်သော ဥပေက္ခာဝေဒနာကို အနိစ္စဟူ၍ မြင်၏။ ဝေဒနာသုံးပါးတို့ကို ကောင်းစွာမြင်ပြီးသော ထိုရဟန်းသည် ထိုဝေဒနာ၌ သမ္မာဒိဋ္ဌိမှတ္တအားဖြင့် လွတ်မြောက်၏။ ထို့ကြောင့် ထိုရဟန်းသည် အဘိညာဏ် ကိစ္စပြီးဆုံးပြီး၍ ငြိမ်းအေးပြီးလျှင် ယောဂလေးပါးကို လွန်မြောက်ပြီးသူဖြစ်၏။" ဟု ဤဂါထာဖြင့် ဆိုအပ်၏ဟူ၍ပင် ဖြစ်ပါတယ်ခင်ဗျား။

## သဲအင်းဂူကျင့်စဉ်

(၁) သောတာပန်ကျင့်စဉ်က အာနာပါနသမထကမ္မဋ္ဌာန်းနဲ့ သမာဓိကို ထူထောင်ပြီး ခါတ်ကြီးလေးပါးဖေါက်ပြန်မှုကြောင့် ပေါ်လာတဲ့ ဝေဒနာရဲ့ ခံစားခြင်းသဘောကို သမ္မာဒိဋ္ဌိအသိမြဲအောင် ရှုပွားပါတယ်။ ထိုအခါမှာ "မြင် - ကြား - နံ - လျက် - ထိ - သိ" ကိစ္စတွေမှာ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတဲ့ သက္ကာယဒိဋ္ဌိပျောက်ပြီး ခံစားတဲ့သဘောကို သာလျှင် သိမြင်နေပါတယ်။

www.dhammaransi.com



(၂) မိမိကိုယ် - သူတပါးကိုယ်ဆိုတဲ့ ရုပ်ကို အသုဘလက္ခဏာဉာဏ် သမ္မောဒအသိမြဲအောင် ရှုပွားတဲ့အခါ ကာမ တဏှာခေါင်းပါးသော သကဒါဂါမ်ပုဂ္ဂိုလ်ဖြစ်လာတယ်။ ထိုပုဂ္ဂိုလ်ဟာ သုခဝေဒနာကို လွန်မြောက်သွားပါတယ်။ "မြင် - ကြား - နံ - လျက် - ထိ - သိ" ကိစ္စတွေမှာ ဒုက္ခဝေဒနာ ချည်းဖြစ်နေပါတယ်။

(၃) အသုဘလက္ခဏာဉာဏ်ပေါ်နေတဲ့အခါ သကဒါဂါမ်ရှုပွား တဲ့ ရုပ်ကိုဘဲ ထပ်မံရှုပွားတဲ့အခါမှာ ဒုက္ခဝေဒနာမှ လွန်မြောက်ပြီး ဥပေက္ခာဝေဒနာဉာဏ် သမ္မောဒသိမြင်နေတဲ့ပုဂ္ဂိုလ်ကို အနာဂါမ်လို့ခေါ်ပါတယ်။ သုခနဲ့ ဒုက္ခဝေဒနာနှစ်ပါးကို ပယ်လိုက်ပြီးဖြစ်လို့ ထိုပုဂ္ဂိုလ်ဟာ ကာမတဏှာကို လွန်မြောက်သွားပါတယ်။

(၄) ထိုပုဂ္ဂိုလ်ဟာ ရုပ်ကလပ်ကလေးတွေဒလစပ်ဖြစ်ပျက်နေတာကိုဘဲ မြင်နေသိနေတဲ့အတွက် ဥပက္ခာဝေဒနာဖြစ်နေပါတယ်။ ထိုရုပ်ကလပ်ကလေးတွေနဲ့စိတ်ကို စိတ္တာနုပဿနာအရရှုပွားရာက ဓမ္မာနုပဿနာအဆင့်သို့ရောက်သွားပြီး ရဟန္တာကြီးဖြစ်သွား ပါတယ်။

အဲဒီလို ခန္ဓာကိုယ်တွေ့အကျင့်တရားများကို စာတတ်ရုံနဲ့ ဟောတတ်ဘို့ဟာ မလွယ်ပါဘူး။ ဒီဟောပုံမျိုးကိုလဲ "စာမှာမတတ်၊ ကိုယ်မှာတတ်" တဲ့ သဲအင်းဂူဆရာတော်ပေါ်လာတော့မှဘဲ ကြားဘူးရပါတယ်။ ဒီလိုခက်ခဲနက်နဲတဲ့ မဂ်လေးပါးတရားတော်ကို တရားဂုဏ်တော်ခြောက်ပါးနဲ့ ပြည့်စုံလို့သာ စာမတတ်ဘဲနဲ့ ဟောနိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် သဲအင်းဂူဆရာတော်ဘုရားကြီးဟာ ရဟန္တာအစစ်ဧကန်ဖြစ်တယ်လို့စိတ်ချယုံကြည်ခြင်းဖြစ်ပါတယ် ခင်ဗျား။

မိတ်ဆွေ - ဝိပဿနာတရားတွေကို ဆွေးနွေးတာများသွားလို့ ဆရာဖိုးရဲ့ အကြောင်း အဆက်ပြတ်နေတာ တော်တော်ကြာသွားပါပြီ။ ဆက်စမ်းပါအုံး ခင်ဗျာ။

## ဆရာဖိုးရဲ့ သားသမီးများ

ဆရာဖိုးဟာ ယိုးဒယားမှ ဇာတိချက်ကြွေ မြင်းမူနယ်ကို ပြန်လည်ရောက်ရှိလာတဲ့အခါမှာ ဖခင်ကြီးနဲ့ မိခွေးတို့ဟာ ကွယ်လွန်သွားကြပြီဖြစ်ပါတယ်။ တကယ်၍ မိခွေးဖြစ်သူဟာ အသက်ရှင်လျက်ရှိနေသည့်တိုင်အောင် ဆရာဖိုးတွင် ငယ်စဉ်က အခဲမကြေတည်ရှိနေတဲ့ ဒေါသစိတ်

www.dhammaransi.com



တွေဟာ ပြေပျောက်သွားပြီဖြစ်တဲ့အတွက် မိခွေးလုပ်သူကို ကလဲ့စားချေကာ အသေသတ်တော့မည် မဟုတ်ပါ။

ဆရာဖိုးဟာ မြင်းမူနယ်သူ ဒေါ်ရေးနဲ့ အကြောင်းပါပြီး သား ဦးသော်တာ၊ ဦးပေါ်လာနဲ့ သမီးမလေးတို့ကို မွေးဖွားပါတယ်။

## သော်တာ၊ ပေါ်လာ

ဆရာဖိုးရဲ့သားကြီးဦးသော်တာဟာ မိဘရိုးရာဆေး အတတ်ပညာနဲ့ အသက်မွေးပါတယ်။ ညီဖြစ်သူဦးပေါ်လာကတော့ အနုပညာဘက်မှာ ဝါသနာပါတဲ့အတွက် ဆိုင်းဆရာအဖြစ်နဲ့ အသက်မွေးပါတယ်။ နာမည်ကျော်ဆိုင်းဆရာစိန်ဗလဟာ ဦးပေါ်လာရဲ့သားဖြစ်ပါတယ်။

ဦးသော်တာဟာ အသက် ၃၀ အရွယ်မှာ မကျန်းမမာဖြစ်လို့ ငွေဝင်မမှန်ရာမှ အစပြုပြီး လင်မယားကွာကြပါတယ်။ ထို့နောက် ဦးသော်တာဟာ သားတယောက်နဲ့ သမီးတယောက်ကို မြင်းမူ၊ ဇီးဖြူခြံမှာထားခဲ့ပြီး အောက်ပြည်အောက်ရွာကို စုန်ဆင်းမဲ့ လှေကြီးတစင်းနဲ့လိုက်လာခဲ့ပါတယ်။

## ဆေးဆရာဦးသော်တာ

ရန်ကုန်၊ ကြည့်မြင်တိုင်တွင် လှေကြီးဆိုက်ကပ်နေစဉ် ကြည့်မြင်တိုင်မှ အရာရှိကြီးတစ်ဦးရဲ့သမီးတယောက်မှာ ရောဂါ ကြီးစွာရနေသဖြင့် ကုသနိုင်မဲ့ ဆရာကောင်းတဦးကို လိုက်လံစုံစမ်း ရှာဖွေနေကြောင်း သိပါတယ်။ ထိုအခါ ဦးသော်တာက ထိုရောဂါ ကို မိမိကုသနိုင်ကြောင်းကို ပြောလိုက်ပါတယ်။ ထိုစကားကို လှေသူကြီးကြားတဲ့အခါ ထမင်းချက်သော်တာက မရေမရာ ပြောရကောင်းလားဆိုပြီး ကြိမ်းမောင်းပါတယ်။

ဒါပေမယ့် ဦးသော်တာဟာ လူနာရှင်ခေါ်ရာသို့ လိုက်သွားပြီး လူနာအားဆေးကုသပေးခဲ့အခါ ၃-၄ ရက်အတွင်းမှာဘဲ ရောဂါ ပျောက်ကင်းသွားတဲ့အတွက် ငွေသုံးရာနဲ့ဝတ်စုံတစ်စုံ ပူဇော်ခြင်းခံရပါတယ် ခင်ဗျား။

## နှောကုန်းရွာသို့

ဦးသော်တာက ဆေးဆရာအဖြစ်နဲ့ဆေးကုသနေချိန်မှာ အညာမူးဝ၊ ရထောင်ဇာတိ ဦးဖိုးနောင်းနဲ့ကြည့်မြင်တိုင်မှာ တွေ့ကြပါတယ်။ အညာသားချင်းမို့တွေ့လျှင်တွေ့ခြင်းမှာဘဲ တဦးနဲ့တဦး ခင်မင် ရင်းနှီးသွားကြပါတယ်။

www.dhammaransi.com



ဦးဘိုးနှောင်ဟာ မှော်ဘီမြို့ အနောက်ဘက်လေးမိုင်ကွာ၊ နှောကုန်းရွာ၊ အညာစုမှာ နေထိုင်ပြီး စပါးရောင်းဘို့ ကြည့်မြင်တိုင်သို့ လာရောက်ခြင်း ဖြစ်ပါတယ်။

ဤကဲ့သို့ ခင်မင်ရင်းနှီးကြရာက ဦးသော်တာက ဦးဘိုးနှောင် နေထိုင်ရာနှောကုန်းရွာသို့လည်ပတ်ရင်း၊ ဆေးကုရင်း ရောက်သွားပါတယ်။ ဒီလိုဦးဘိုးနှောင်ရဲ့အိမ်မှာဘဲ တည်းခိုနေထိုင်ရာက မိဘများရဲ့သဘောတူချက်အရ ဦးဘိုးနှောင် သမီးကြီး ဒေါ်မယ်အုံ့နဲ့အိမ်ထောင်ပြုကာ နှောကုန်းရွာမှာဘဲ ဆေးဆရာကြီး အဖြစ်နဲ့အသက်မွေးပါတယ်တဲ့ ခင်ဗျား။

ဦးသော်တာ၊ ဒေါ်မယ်အုံ့တို့ဟာ သားသမီးများဖြစ်ကြတဲ့ (၁)ဒေါ်ဖွားစိန်၊ (၂)ဒေါ်ပန်းရှင်၊ (၃)ဦးအောင်ထွန်း (သဲအင်းဂူဆရာတော်ဘုရား)၊ (၄)ဦးထွန်းညွန့်၊ (၅)ဦးထွန်းကွန့်၊ (၆)ဦးသောင်းစိန်၊ (၇)ဦးချစ်ဖူး တို့ကို ကြီးစဉ်ငယ်လိုက်မွေးဖွားပါတယ် ခင်ဗျား။

www.dhammaransi.com



## ရာကူငွေ

### ရာကူငွေ
### ရှာဖွေပတ်နှောက်၊ သန္ဓါပေါက်၍
### တယောက်ရရဲ၊ ထွက်နိုင်ခဲ့၏။

မိတ်ဆွေ - ရှေးရှေးလူဟောင်း သူတော်ကောင်းများက "ရာကူငွေ" လင်္ကာကလေးကို စပ်ဆိုခဲ့တာ တယ်လဲမှန်ပါကလား ခင်ဗျား။ ဘာကြောင့်လဲဆိုတော့ ယခုခေတ်၊ ယခုအခါမှာ ငါးရာ၊ ငါးထောင်၊ ငါးသောင်း စသည်ဒါနပြုနိုင်ကြ နေ့ရက်များစွာ သီလကိုဆောက်တည်ကြ ပိဋကတ်သုံးပုံကို နှစ်ပေါင်းများစွာ ကြိုးစားပြီး နှုတ်ငုံဆောင်၍ ပြသနိုင်ကြ သော်လည်း၊ သမထ၊ ဝိပဿနာ (သမာဓိနဲ့ ပညာ)အလုပ်ကိုနေ့ရက် အနည်းငယ်မျှပင် အားမထုတ်လိုကြ၊ အားမထုတ်ကြပါဘူး။

အချို့သော ပုဂ္ဂိုလ်များဆိုရင် သမထဝိပဿနာ (သမာဓိနဲ့ပညာ) အလုပ်ကို မိမိတို့ကိုယ်တိုင် အားမထုတ်ရုံသာမကဘဲ မိမိတို့အား ကိုးကွယ်ဆည်းကပ်နေကြတဲ့ဒကာ၊ဒကာမများက သမထဝိပဿနာကျင့်နည်း၊ ကြံနည်းများကို အပါယ်ဘေးက လွတ်လိုရေးနဲ့ မေးတဲ့အခါမှာ "ဟဲ့ ဒကာမ၊ နင့်အရာလား" လို့ပင် ပက်ပက်စက်စက် ပြောရက်ကြပါ သေးတယ် ခင်ဗျ။

တချို့သော ပုဂ္ဂိုလ်များက မိမိတို့သည်လည်း ခန္ဓာကိုယ်တွေ့ ကျင့်ကြံအားထုတ်သဖြင့် ဟုတ်ပြီ၊ မှန်ပြီလို့ တထစ်ချ ဆုံးဖြတ်ထားတဲ့ သမထဝိပဿနာ ကျင့်ကြံနည်းမရှိပါဘဲလျက် သူတစ်ပါးကျင့်ကြံအားထုတ် လို့ ဟုတ်ပြီ၊ မှန်ပြီလို့ တထစ်ချ သိမြင်ထားတဲ့ ကျင့်ကြံအားထုတ်နည်းကို ပိဋကတ်စာပေနဲ့ မကိုက်ညီဘူးလေး ဘာလေးနဲ့ ငါ့စကားနွားရ၊ အတင်း အဓမ္မပြောဆိုနေကြပါတယ်။

www.dhammaransi.com



အချို့ပုဂ္ဂိုလ်များသည်လည်း ယခုခေတ်ဟာ အရိယာခေတ် မဟုတ်တော့ဘူးလို့ ဓမ္မန္တရာယ်စကားကို မကြောက်မရွံ့ နောက်မတွန့်ဘဲ ပြောဆိုနေကြပါသေးတယ်။

ဒီလိုအရိယာခေတ်မဟုတ်တော့ဘူးဆိုရင် ရဟန်းသံဃာတော်များဟာ ဘာ့ကြောင့်စာသင်စာချ ပြုလုပ်နေကြပါသလဲ၊ မြန်မာပြည်မှာ သံဂါယနာ နှစ်ကြိမ်နှစ်ခါ ဘာ့ကြောင့်တင်ကြပါသလဲ။ ဆေးစာနဲ့တူတဲ့ ပိဋကတ်တော်များကို မှန်အောင်ရှင်းလင်း သုတ်သင်ကြတာဟာ ဒိဋ္ဌိနဲ့တဏှာဆိုတဲ့ ရောဂါကို ပျောက်ကင်းစေနိုင်တဲ့ ဆေးနည်းကို မမှားမယွင်း ရလေအောင် ပြုပြင်ခြင်းဘဲ မဟုတ်ပါလား။ ဆေးနည်းမှန်ရှိနေသမျှ ဒီဆေးနည်းအတိုင်း ဆေးဖော်စားရင် ဒီဒိဋ္ဌိရဲ့တဏှာဆိုတဲ့ ရောဂါဟာ ပျောက်ကင်းမယ်မဟုတ်လား။ ဒါ့ကြောင့် ဒီဆေးနည်းဖြစ်တဲ့ ပိဋကတ်သုံးပုံ၊ တည်ရှိနေသမျှ ဒိဋ္ဌိရောဂါနဲ့ တဏှာ ရောဂါတို့ဟာ ပျောက်ကင်းနိုင်တယ်။ ဒီလိုပျောက်ကင်းနိုင်ခဲ့ရင် အရိယာ ခေတ်ဟာ ကောန်ရှိရမည်ပေါ့ ခင်ဗျား။

မိတ်ဆွေ - အင်း ... ကိုယ့်ဆရာ၊ ဒီကနေ့တယ်ပြီးအာသွက်လှချည် လား။ ဘုရားသခင်ကသီလ၊ သမာဓိ၊ ပညာရယ်လို့ သိက္ခာသုံးပါးကို ဟောကြား ဆုံးမခဲ့ပါတယ်။

(၁) သီလဆိုတာက ကာယကံမှု၊ ဝစီကံမှုကို မကျူးလွန်အောင် စောင့်ထိန်းတဲ့ အလုပ်ဖြစ်ပါတယ်။

(၂) သမာဓိဆိုတာက သမာဓိရှိနေချိန်မှာ မနောကံမှု မကျူးလွန် အောင် စောင့်ထိန်းတဲ့ အလုပ်ဖြစ်ပါတယ်။

(၃) သီလ - သမာဓိဆိုတဲ့ တရားနှစ်ပါးဟာက ဘုရားမပွင့်တဲ့ သာသနာပ၊ အခါများမှာလဲ ရှိနေတဲ့အတွက် ကမ္ဘာ့တန်ဆာ တရားများဖြစ်ပါတယ်။ ပညာဆိုတာကတော့ ဘုရားပွင့်ရာ သာသနာတော်တွင်းမှာသာ ရနိုင်ယူနိုင်တဲ့ အတိဒုလ္လဘ အလွန်ရခဲလှသော တရားမျိုးဖြစ်ပါတယ်။

ပညာဆိုတာက ဒိဋ္ဌိသတ်ရန်၊ တဏှာသတ်ရန် ထက်မြက်လှတဲ့ လက်နက်ကောင်းများဖြစ်ပါတယ်။ ဒိဋ္ဌိသေရင် အပါယ်လေးဘုံက လွတ်ပါတယ်။ တဏှာသေရင်တော့ နိဗ္ဗာန်ရောက်ပါတယ်။ သဲအင်းဂူဆရာတော်ဘုရားက တဖွဖွသတိပေးပါတယ်။

www.dhammaransi.com



## ဥရုဝေဠတော

ဒါထက်စကားစပ်မိလို့ပြောရအုံးမယ်။ မြတ်စွာဘုရားပွင့်တော် မမူမီက တစ်ထောင်သော အမျိုးသားတို့ဟာ လူ့ဘောင်ကိုစွန့်ကာ ရသေ့ပြုကြပြီး ကာယကံမှု၊ ဝစီကံမှု ပြုလုပ်ကျူးလွန်မှုဟာ ထင်ရှားတယ်။ မနောကံမှု ကျူးလွန်မှုဟာ မထင်ရှားဘူး။ သူတပါးတို့ဟာလဲ မသိနိုင်၊ မမြင်နိုင်ဘူး။ ကိုယ့်စိတ်ကိုကိုယ် စစ်ကြည့်မှသာ သိနိုင်တယ်။ ဒါ့ကြောင့် မနောကံမှု ကျူးလွန်သူဟာ ဖက်ရွက်ခန့်လောက်သဲကိုယူဆောင်ပြီး၊ တခုသော အရပ်မှာ စုပုံပြီးထားကြမယ်လို့ကတိကဝတ်ပြုကြပါတယ်။

မိတ်ဆွေ - သဲအင်းဂူဆရာတော်ဘုရားက တရားအားထုတ်တဲ့ သဲအင်းဂူ ယောဂီများအား ကိုယ့်စိတ်ကို ကိုယ်စစ်ကြလို့ ဆုံးမလေ့ရှိပါတယ်။ ဒီလို ဆုံးမခြင်းနဲ့ တချိန်တည်းမှာ မနောကံ ကြူးလွန်မိသူဟာတကြိမ်လျှင် အလှူငွေကြေးပြားတပြားထည့်ရမယ်လို့အလှူခံသေတ္တာတလုံးလုပ်ထား ခဲ့ရင် တနှစ်ကြာရင် ငွေဘယ်လောက်များရမယ် မပြောတတ်ဘူး။ အများကြီး ရလိမ့်မယ် ထင်တယ်။

မိုးကြိုး - အင်း ... တော်တော်ကောင်းတဲ့ အကြံပေဘဲဗျို့။ ဒါထက် ဆက်ပြီးပြောပါအုံးမယ်။ ရသေ့တထောင်တို့ဟာ မိမိတို့ပြုထားတဲ့ ကတိက ကဝတ်အရ မနောကံလွန်ကြူးမိတိုင်း သဲကိုယူဆောင်ပြီး၊ သတ်မှတ်ထားတဲ့ နေရာမှာ စုပုံပြီးထားလိုက်တာ ကြီးစွာသော သဲစုသဲပုံရှိတဲ့ ဥယျာဉ်ကြီး ဖြစ်လာပါတယ်။ (ဥရု - ကြီးကျယ်သော၊ ဝေဠ - ဥယျာဉ်၊ ဥရုဝေဠတောဟာ ယခု ဗုဒ္ဓဂါယာပင်ဖြစ်ပါတယ်။)

မြတ်စွာဘုရားဟာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ထိုဥရုဝေဠတော်မှာ ဥရုဝေဠကဿပအမှူးရှိတဲ့ ရသေ့တထောင်တို့နဲ့ နေတော်မူပြီး၊ ထိုရသေ့တို့အား စက္ခုဘိက္ခုဝေအာဒိတ္တံအစရှိသော တရားတော်ကို ဟောကြားတော်မူပါတယ်။

အဓိပ္ပါယ်လိုရင်းကတော့ . . . ငါ၏ ချစ်သားတို့စက္ခုသည် ရဲရဲတောက် လောင်၏။ အဆင်းရုပ်သည် ရဲရဲတောက်လောင်၏။ စက္ခုဝိညာဏ်သည် ရဲရဲ တောက်လောင်၏။ စက္ခုဖြင့် တွေ့ထိခြင်းဟူသော အကြောင်းကြောင့် ခံစား အပ်သော သုခဝေဒနာ ဒုက္ခဝေဒနာ - ဥပေက္ခာဝေဒနာသည်ဖြစ်ရ၏။ ထိုခံစားမှု ဝေဒနာသည်လည်း ရဲရဲတောက်လောင်၏။ အဘယ်တရားဖြင့် ရဲရဲတောက် လောင်သနည်း။ အဆင်းရုပ်၌ သာယာခြင်းကြောင့် ရာဂမီးတောက်လောင်၏။

www.dhammaransi.com



အဆင်းရုပ်၌ နလုံးမသာယာခြင်းကြောင့် ဒေါသမီးတောက်လောင် ၏၊ အဆင်းရုပ်၌ မေ့၍ မသိမှုကြောင့် မောဟမီးတောက်လောင်၏၊ ထို မီးသုံးပါး တောက်လောင်ခြင်းကြောင့် ပဋိသန္ဓေနေရသောမီး၊ အိုရသောမီး၊ သေရသော မီး၊ ငိုကြွေးရသောမီး၊ ဒုက္ခရောက်ရသောမီး၊ စိတ်နလုံးမသာယာသောမီး၊ သက်ကြီးရှိုက်ငင် အလွန်ပင်ပန်းရသောမီး။ ဤ ဆယ့်တစ်ပါးသော မီးတို့သည် မြင်မှု၌ ဆယ့်တစ်စီး၊ ကြားမှု၊ နံမှု၊ စားမှု၊ သိမှုတို့၌ ဆယ့်တစ်မီးစီတို့သည် မပြီးမပြတ် အမြဲပင်ထပ်ကာထပ်ကာ လောင်၏လို့ ငါဘုရားဟောတော်မူသည် ဟူ၍ပင် ဖြစ်ပါတယ် ခင်ဗျာ။

## သဲအင်းအာဘော်

အနိစ္စသြနာနဲ့ ပတ်သက်ပြီး သဲအင်းဂူဆရာတော်ဘုရားက ဒကာကြီး ဦးအုန်းခင်၊ လောဘ၊ ဒေါသ၊ မောဟရယ်လို့ ကိလေသာသုံးပါးရှိတယ်။ ဒီတရားသုံးပါးမှာ မောဟဆိုတဲ့ အမှန်ကိုမသိမှု၊ အဝိဇ္ဇာဟာ ဦးစီးခေါင်းဆောင်ဘဲ။ မသိမှု မောဟ အဝိဇ္ဇာကြောင့် လောဘတို့၊ ဒေါသတို့ဖြစ်ကြရတယ်။

ဘုရားသခင်က သတိပဋ္ဌာန်တရားလေးပါးကို အကျင့်တရားအနေနဲ့ ဟောကြားခဲ့တယ်။ သတိပဋ္ဌာနတရားကို အားထုတ်တဲ့ တရားယောဂီဟာ သတိဦးစီးထားရမယ်။ အမြဲသတိရှိရမယ်။ သတိကို ဘယ်တော့မှ လက်မလွှတ်ရဘူး။ တရားထိုင်ချိန်မှာသာ သတိရှိပြီး တရားမထိုင်ချိန်မှာ သတိမရှိဘူးဆိုရင် တရားရဘို့မလွယ်ဘူး။ ဒါကြောင့် သတိအမြဲရှိနေရလိမ့်မယ်။

သတိရှိတော့ သမာဓိဖြစ်လာမယ်။ သမာဓိဖြစ်လာတော့ ရုပ်၊ နာမ်အမှန်ကိုမြင်တဲ့ ပညာဖြစ်လာတယ်။ သဘောကကတော့ သဒ္ဓါဗိုလ်၊ ဝိရိယဗိုလ်၊ သတိဗိုလ် သုံးပါးကို တရားယောဂီဟာ အမြဲလက်ကိုင်ထားခဲ့ ရင်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တို့ဟာ ဖြစ်ပေါ်လာကြလိမ့်မယ်။

ဘုရားသခင်က (၁)ရူပက္ခန္ဓာကို အသုဘလို့ရှုရမယ်၊ (၂)ဝေဒနာ က္ခန္ဓာကို ဒုက္ခလို့ရှုရမယ်၊ (၃)သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာနှစ်ပါးကို အနတ္တလို့ ရှုရမယ်၊ (၄)ဝိညာဏက္ခန္ဓာကို အနိစ္စလို့ ရှုရမယ်။ ဒီလိုရှုပွား ခဲ့ရင် လျင်လျင်မြန်မြန် တရားထူးရနိုင်တယ်လို့ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ဆိုကြောင်း ဒကာကြီးဦးအုန်းခင်ဖတ်ပြလို့ဦးပဥ္စင်းသိရတယ်။

ဦးပဥ္စင်းကစာတတ်လို့ (၁)ရူပက္ခန္ဓာကို အသုဘရှုကောင်းမှန်း၊ (၂)ဝေဒနာက္ခန္ဓာကို ဒုက္ခလို့ ရှုရကောင်းမှန်းသိတာမဟုတ်ဘူး။ မိမိ

www.dhammaransi.com



ရေးရေးဘဝတွေက ပါလာတဲ့ ပါရမီအလျောက် ပစ္စုပ္ပန်ပေါ်ဆဲရုပ် - နာမ်ကို ပွားခြင်းဘဲဖြစ်တယ်။

ဒီလိုဝိသုဒ္ဓိမဂ်ကျမ်းကြီးနဲ့ဦးပဋ္ဌင်းအားထုတ်လာခဲ့တဲ့ တရား ဦးပဋ္ဌင်း ယခုသင်ပြနေတဲ့ တရားဟာ ညီညွတ်ပါလျက်ကနဲ့(၁)ဝေဒနာကို ဒုက္ခလို့ ရှုခြင်းကို သဲအင်းဂူက "ဒုက္ခ - ဒုက္ခ" ကြီးကို ရှုနေတာပါကွာ၊ (၂)သဲအင်းဂူ အသုဘရှုနည်းဟာက သမထကြီးပါကွာလို့ ပြောနေကြတာ စာဖတ်ပြီး၊ အဓိပ္ပါယ်မကောက်တတ်လို့ဘဲဖြစ်ရမယ်။

သဲအင်းတရားကို မယုံရင် စမ်းပြီး အားထုတ်ကြည့်ပေါ့။ အကုသိုလ် မဖြစ်ပါဘူး။ အပါယ်မကျပါဘူး။

ဒိဋ္ဌိဆိုတဲ့ တရားကဝေဒနာကို ဝေဒနာမှန်းအမှန်မသိလို့ငါ၊ သူတပါး၊ ယောက်ျား၊ မိန်းမလို့ထင်တဲ့ အထင်ဖြစ်တယ်။ ဒီတော့ ဒီဒိဋ္ဌိသေအောင် ဝေဒနာနာမ်ပေါ်မှာ အမြင်မှန်တဲ့ ဝေဒနာကို ဝေဒနာမှန်းသိတဲ့ ဝိဇ္ဇာဉာဏ်ကို ရအောင် အားထုတ်ရတယ်။

တဏှာဆိုတာက ရုပ်ပေါ်မှာ ရာဂနဲ့ဒေါသဖြစ်တဲ့ တရားဘဲ။ ဒီတော့ အသုဘကမ္မဋ္ဌာန်းနဲ့ ရုပ်ပေါ်မှာ စွဲနေတဲ့ ရာဂနဲ့ ဒေါသကို သတ်ပါမှ ဒီတဏှာသေတော့မပေါ့။ ရုပ်ပေါ်မှာ ဝိဇ္ဇာဉာဏ်ရတဲ့ ပုဂ္ဂိုလ်ဟာ မြင်၊ ကြား၊ နံ၊ ခါး၊ ထိ ဆိုတာတွေအားလုံးမှာအသုဘသဘောဖြစ်သွားတယ်။

အသုဘရဲ့သဘောကို ထင်ရှားအောင် ဥပမာတစ်ခုကို ပြောပြ မယ်။ နိုင်ငံခြားကလာတဲ့ အင်မတန် အဘိုးထိုက်တန်တဲ့ ထမင်းစား ပန်းကန်ပြား တစ်ချပ်ရှိတယ်ဆိုပါတော့။ ဒီပန်းကန်ပြားနဲ့ဘဲ ဒကာကြီးဟာ နေ့စဉ် ထမင်းစားနေတယ်ဆိုပါတော့။ တနေ့သ၌မှာ သားကလေးက ဒီပန်းကန်ပြားနဲ့ မစင်တွေကို ထည့်ထားတာကို ဒကာကြီးတွေ့တယ်ဆိုပါတော့။ ဒီလိုတွေ့ပြီး တဲ့နောက် ဒကာကြီးဟာ ဒီပန်းကန်နဲ့ ထမင်းထည့်စားလို့ရသေးရဲ့လား၊ မရတော့ဘူး မဟုတ်လား။ ဒီပန်းကန်ပြားနဲ့ထမင်းထည့်လာရင် အော့အန် ဖြစ်တယ် မဟုတ်လား။ ဒါဘာကြောင့်လဲ ပထမပန်းကန်ပေါ်မှာ စွဲနေတဲ့ တင့်တယ်ဘွယ်ကောင်းတယ်ဆိုတဲ့ သုဘအထင်နေရာမှာ မစင်ဆိုတဲ့ စက်ဆုတ်စရာ၊ ရွံရှာစရာ၊ အသုဘ သဘောထင်လာလို့ဘဲ မဟုတ်လား။ အသုဘကမ္မဋ္ဌာန်းဆိုတာအဲဒီအသုဘသဘောကိုစွဲမြဲစွာထင်နေအောင်လုပ်တဲ့ အလုပ်ဘဲ သုဘပညာ ကို အသုဘသညာနဲ့ပြောင်းပေးလိုက်တဲ့ အလုပ်ဘဲလို့ သဲအင်းဂူ ဆရာတော်ဘုရား အမိန့်ရှိပါတယ် ခင်ဗျား။

www.dhammaransi.com



## ရှက်စရာတွေးတော့ သမုဒယပါ မဂ္ဂဆေးနဲ့ကုရမှာ

မိတ်ဆွေ - ကျေးဇူးရှင် သဲအင်းဂူဆရာတော်ဘုရားဟောကြားတဲ့ မဂ်လေးပါးတရားတော်ကို ဖတ်ချင်ကြပါတယ်။ သတင်းရျာနယ်က အစအဆုံးတင်ပြပေးပါအုံးလို့ တောင်းပန်ကြတဲ့အတွက် မဂ်လေးပါး တရားတော်ကို တင်ပြတာပြီးဆုံးသွားပါပြီ။ ဒီလိုပြီးဆုံးသွားတဲ့အတွက် ကျွန်တော်တို့ရဲ့ဆွေးနွေးခန်းကလေးကို ဆက်ကြအုံးစို့လား ခင်ဗျာ။

(မှတ်ချက် ။ ။ မဂ်လေးပါးတရားတော်ကို အကြိမ်ကြိမ်ဖော်ပြပြီး ဖြစ်၍ ထပ်မံထပ်မံ မဖော်ပြတော့ပါ။)

မိုးကြိုး - အင်း...ဆွေးနွေးခန်းကို ဘာကပြန်ပြီး စရမလဲလို့စဉ်းစားလိုက်တဲ့အခါ ဆရာဦးပြုံးချိုရေးသားခဲ့တဲ့ တေးဘုမ္မာဂီတထဲက "ရှက်စရာ တွေးတော့ သမုဒယပါ၊ မဂ္ဂါဆေးနဲ့ကုရမှာ၊ လက္ခဏာရေးဖြင့် ရှုကြပါ" ဆိုတဲ့ အပိုဒ်ကို ပြေးပြီးသတိရမိပါတယ်။

မိတ်ဆွေ - ဦးမိုးကြိုးဟာ တရားအားထုတ်တယ်လဲဆိုတယ် အရေးရှိရင် သီချင်းတွေကိုဘဲ သွားသွားပြီး သတိရတယ်ဆိုတာက ဘာသဘောလဲဗျ။

မိုးကြိုး - အဲဒါက ဝါသနာပါ။ ဒါထက် ဦးပြုံးချိုရေးတဲ့ တေးဘုမ္မာသီချင်း ရဲ့ အနက်အဓိပ္ပါယ်ကို ကောင်းကောင်းကြီး နားလည်မယ်ဆိုရင် မြတ်စွာ ဘုရားဟောကြားတော်မူခဲ့တဲ့ တရားသဘောတွေကို ဉာဏ်ဆုပ်ကိုင်မိမည် ဖြစ်ပါတယ်။ သီချင်းဆိုတာနဲ့အထင်မသေးသင့်ပါဘူး။

### တေးဘုမ္မာ

ဥပမာ - တေး - ဘုမ္မာ - အနိစ္စာ - ဒုက္ခာ - အနတ္တာ - တရားမရလို့များလု သံသရာဆိုတာကို ကြည့်ပါ။ သုံးဆယ့်တစ်ဘုံမှာ ပြေးလျှောက် နေကြတဲ့

www.dhammaransi.com



သတ္တဝါတွေဟာ ရုပ်နာမ်ကို မသိခြင်း၊ ဒီလိုမသိကြလို့ ရုပ်နာမ် တို့ရဲ့ မမြဲခြင်း အနိစ္စလက္ခဏာ၊ ဆင်းရဲခြင်း ဒုက္ခလက္ခဏာ၊ အစိုးမရခြင်း အနတ္တလက္ခဏာကို မသိကြဘူး။ ဒီလိုအမှန်မသိကြဘဲ အမှားကို သိနေ ကြတဲ့အတွက် ဒိဋ္ဌိနဲ့ တဏှာရောဂါတွေ စွဲကပ်ပြီး၊ သံသရာတလျှောက် လုံးမှာ တပြေးထဲပြေး တသွားထဲသွားနေကြရတယ်လို့ဆိုပါတယ်။

**သစ္စာလေးပါး**

မိတ်ဆွေ - အင်း ... ဒီလိုဒီသီချင်းမျိုးကို သတိရကာ ညည်းတွားရင်း သတိသံဝေဂရယူတယ်ဆိုရင်တော့ ကောင်းပါတယ်။ (၁)ရုပ်နာမ်အမှန်ကို သိခြင်းနဲ့ (၂)ရုပ်နာမ်တို့ရဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခဏာ၊ အနတ္တလက္ခဏာ၊ အသုဘလက္ခဏာများကို သိခြင်းဟာ ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ ဒုက္ခသစ္စာကို သိခြင်းပေါ့ခင်ဗျား။

မိုးကြိုး - မှန်ပါတယ်။ ဘုရားရှင်ရဲ့ တရားတော်အစဟာ သစ္စာလေးပါး ဘဲဖြစ်ပါတယ်။ (၂)သမုဒယသစ္စာကိုပယ်ရမယ်။ (၃)မဂ္ဂသစ္စာကိုပွားများရမယ်။ (၄)နိရောဓသစ္စာကို ဆိုက်ရောက်ကာ မျက်မှောက်ပြုရမယ်လို့ ဓမ္မစကြာ တရားတော်မှာ မြတ်စွာဘုရားဦးဦးဖျားဖျား ဟောကြားတော်မူခဲ့ပါတယ်။

မိတ်ဆွေ - ဒါထက် ဘုရားသခင်ဟောကြားတော်မူတဲ့ တရားဒေသနာများဟာ မြောက်များလှတဲ့အတွက်၊ စာပေမတတ်တဲ့ ပုဂ္ဂိုလ်များဟာ ဘယ်လို နားလည်ရမလဲဆိုတာကို ဉာဏ်မင့်မိကြပါဘူး။ ဒီတော့ ဦးမိုးကြိုးက လူဖိန်း၊ လူအပါမကျန် နားလည်သဘောပေါက်ရန် တိုတိုတုတ်တုတ်နဲ့ လိုရင်း အချုပ်ကို တင်ပြစမ်းပါခင်ဗျာ။

မိုးကြိုး - အင်း . . . မိတ်ဆွေကတော့ မိုးကြိုးကို လူသိလူတတ်ကြီး ထင်နေပြီမှတ်တယ်။ မိုးကြိုးကတော့ လူပြန်တော်သညာရှိ ဉပကရဟန်း ကြီးကို စောင်းမြောင်းပြီး လှောင်ပြောင်တဲ့ ဆာဝါသီချင်းကလေးထဲက "နင့်တရှူးနမ်း၊ ရဟန်းပေါ့ပျက်၊ ငါ့ကိုမက်၍၊ လူထွက်လာသည်၊ ပညာပေတုံး၊ ထမင်းဖြုန်း၊ ခေါင်းတုံးမွဲရဲ့သား၊ ဟဲ့ - အိပ်ပါတော့လား" ဆိုတာလို ပညာပေတုံးလို့သာ ထင်မြင်မိပါတယ်ခင်ဗျာ။

ဒါပေမယ့် မိတ်ဆွေက ကြားနာချင်ပါတယ်ဆိုတဲ့အတွက် တတ်သိ သလောက်၊ မှတ်မိသလောက်တော့ ပြောပြပါ့မယ်။

မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ ဒေသနာများအနက် သုတ်သုံး

www.dhammaransi.com



သုတ်ရဲ့ အနက်သဘောကို ဉာဏ်ငုံမိ၊ ဉာဏ်ဝါးမိခဲ့ရင် ဘုရားသခင်ရဲ့ အလိုတော်ကို နားလည်နိုင်မည်ဖြစ်ပါတယ်။ ထိုသုတ်သုံးသုတ်က ဘာတွေလဲ ဆိုရင် (၁)ဓမ္မစကြာသုတ်၊ (၂)အနတ္တလက္ခဏာသုတ်နဲ့(၃)မဟာသတိပဋ္ဌာန သုတ်တို့ဘဲဖြစ်ပါတယ်။

ဓမ္မစကြာသုတ်နဲ့ အနတ္တလက္ခဏာသုတ်တို့က (က)ဘုရားဟော ဒေသနာကို အကျဉ်းအားဖြင့်ရင်း၊ (ခ)အကျယ်အားဖြင့်ရင်း၊ ကြားနာရရုံနဲ့ အရိယာသူတော်ကောင်းများအဘို့ဖြစ်တယ်လို့ဆိုရပါမယ်။ ဒီလိုတရားတော်ကို ကြားနာရရုံနဲ့အရိယာမဖြစ်ဘဲ၊ ကိုယ်ထိလက်ရောက် ကျင့်ကြံအားထုတ်ပါမှ အရိယာဖြစ်နိုင်တဲ့ နေယျပုဂ္ဂိုလ်များအဘို့ကို ဘုရားရှင်က ကျင့်ကြံ အားထုတ်နည်းဖြစ်တဲ့ မဟာသတိပဋ္ဌာနသုတ်ကို ဟောကြားတော်မူခဲ့ပါတယ်။ သဘောကတော့၊ သစ္စာလေးပါးကို သိအောင် မဂ္ဂင်ရှစ်ပါးစည်းမျဉ်းအဖြစ်နဲ့ ဟောကြားခဲ့ပြီး မဂ္ဂင်ရှစ်ပါးစည်းမျဉ်းနဲ့အညီ၊ ကျင့်ကြံအားထုတ်ဘို့ကတော့ သတိပဋ္ဌာန်လေးပါးအကျင့်မြတ်တရားဘဲ ဖြစ်ပါတယ်။ မဂ္ဂင်က လမ်းစဉ်နဲ့တူပြီး၊ သတိပဋ္ဌာန်က ယာဉ်ရထားနဲ့တူတယ်လို့ဆိုထားပါတယ်။

## ဒုက္ခသစ္စာ

သစ္စာလေးပါးအနက်မှ တရားယောဂီရဲ့ တာဝန်က ဒုက္ခသစ္စာကို တကယ်သိ၊ အဟုတ်သိ၊ သိအောင်ကြိုးစားအားထုတ်ရန်ဖြစ်ပါတယ်။ ဒီလိုကြိုးစားအားထုတ်ကာ မဂ္ဂင်အကျင့်ကိုကျင့်လို့ ဒုက္ခသစ္စာကို အမှန် တကယ်သိခဲ့ရင် သမုဒယသစ္စာပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက် ပြုခြင်း ကိစ္စများဟာ ယောဂီပုဂ္ဂိုလ်က ထပ်မံပြုဘို့မလိုဘဲ သူ့သဘောနဲ့သူ ပြီးစီးထားမည်ဖြစ်ပါတယ်။

## ခန္ဓာငါးပါး

ဒုက္ခသစ္စာကို သိခြင်းဆိုတာဟာလဲ တခြားမဟုတ်ပါ။ ဥပါဒါန် ခန္ဓာငါးပါးကို အမှန်သိ၊ အဟုတ်သိ၊ သိအောင်၊ သတိပဋ္ဌာန်လေးပါးအရ ရှုပွားတဲ့ အလုပ်ဖြစ်ပါတယ်။ ဒီလိုရှုပွားလို့ ဥပါဒန် ခန္ဓာငါးပါးကို သိမြင်ပြီး၊ ငြီးငွေ့ကာ လွတ်မြောက်အောင် ရုန်းထွက်သွားတဲ့အခါ ထိုခန္ဓာငါးပါးဟာ ဥပါဒါန်လွတ်တဲ့ ခန္ဓာငါးပါးဖြစ်သွားပါတယ်။ ဒီလိုဥပါဒါန်လွတ်တဲ့ ခန္ဓာငါးပါးနဲ့သာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။

www.dhammaransi.com



## သဲအင်းအာဘော်

အနိစ္စနဲ့ပတ်သက်ပြီး သဲအင်းဂူဆရာတော်ဘုရားက ဒကာကြီး ဦးအုန်းခင်၊ မြတ်စွာဘုရားသခင်က ဓမ္မစကြာသုတ်မှာ သစ္စာလေးပါးနဲ့ မဂ္ဂင်ရှစ်ပါးတရားများကို ဟောကြားခဲ့ပါတယ်။ သစ္စာလေးပါးကိစ္စပြီးစီးအောင်၊ မဂ္ဂင်ရှစ်ပါးစည်းမျဉ်းအရ တရားအားထုတ်ရမယ်ဆိုထားတယ်။ ယောဂီပုဂ္ဂိုလ်ဟာ သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်ခဲ့ရင် မဂ္ဂင်ကိစ္စပြီးတယ်။

သစ္စာလေးပါးအနက်မှာလ တရားယောဂီဟာ ဒုက္ခသစ္စာကို ပိုင်းခြားပြီးသိအောင်၊ ကျင့်ကြံအားထုတ်ရမယ်။ ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိအောင်၊ အားထုတ်တဲ့အလုပ်မှာ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ထက် ကောင်းတဲ့အလုပ်ဟာ မရှိဘူးလို့ဆိုချင်ပါတယ်။ ဦးပဋ္ဌင်းက ဝေဒနာ နုပဿနာ၊ သတိပဋ္ဌာန်ကို အားထုတ်လာတဲ့အတွက် ဒီလိုပြောတယ်လို့ ယူဆရင်လဲ ယူဆနိုင်ပါတယ်။

ပုဂ္ဂိုလ်တွေဟာဖြင့် ဒိဋ္ဌိသေအောင်က ဝေဒနာနာမ်ပေါ်မှာ သတ်ရတယ်။ တဏှာသေအောင်ကတော့ ရုပ်ပေါ်မှာသတ်ရတယ်လို့ တိတိကျကျ၊ ပိုင်းပိုင်းခြားခြား မသိရှာကြဘူး။

ပုဂ္ဂိုလ်တွေဟာ မြင် - ကြား - နံ - လျက် - ထိ - သိ ကိစ္စတွေမှာ ဝေဒနာနာမ်ရဲ့ခံစားခြင်းသဘောလက္ခဏာ အမှန်ကို မသိကြတဲ့အတွက် ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမရယ်လို့အမှားကို သိမြင်နေကြတယ်။

ယောဂီပုဂ္ဂိုလ်ဟာ အာနာပါန၊ သတိ၊ သမာဓိကို ထူထောင် လိုက်ပြီး ပေါ်လာကြတဲ့ ကာရိကဒုက္ခဝေဒနာတွေမှာ နာမ်ရဲ့ခံစားတဲ့ သဘောကို ရှုချင်ရှု၊ ဒါမှမဟုတ်ရင် ရုပ်ရဲ့ ဖောက်ပြန်ပြောင်းလဲတဲ့ သဘောကို ရှုချင်ရှု၊ ဒီလိုရှုလိုက်တဲ့အခါ ရုပ်နာမ်တို့ရဲ့ မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ အစိုးမရ အနတ္တသဘောတွေကို သိမြင်လာတဲ့အခါ ငြီးငွေ့ပြီး ရုပ်နာမ်ကို မလိုချင်တော့ဘူး။ လွတ်မြောက်ရာကို ရှာတယ်။ ရှာလို့တွေ့တဲ့အခါ ရှန်းထွက်ကာ လွတ်မြောက်သွားတယ်။ အဲ့ဒီလို လွတ်မြောက်သွားတဲ့ ပုဂ္ဂိုလ်ကို ဒိဋ္ဌိပြုတ်တဲ့ သောတာပန်အရိယာလို့ခေါ်တယ်။

ဒီသောတာပန်ပုဂ္ဂိုလ်ဟာ မြင် - ကြား - နံ - လျက် - ထိ - သိ ကိစ္စ ခြောက်မျိုးမှာ ငါမပါတော့ဘူး။ ငါပြုတ်ကျသွားပြီ။ ဘူတရုပ်လေးပါးကို ရှုပြီး လွတ်မြောက်တဲ့ သောတာပန်က ရုပ်ရဲ့ဖောက်ပြန်ပြောင်းလဲခြင်း သဘောကို ဒလစပ် သိမြင်သွားတယ်။ ဝေဒနာနာမ်ကိုရှုပြီး လွတ်မြောက်တဲ့ သောတာပန်

www.dhammaransi.com



အရိယာကတော့ ဝေဒနာနာမ်ရဲ့ ခံစားတဲ့ သဘောလက္ခဏာကိုဘဲ သိမြင်နေတယ်။ ဒီလိုဝေဒနာနာမ်ရဲ့ခံစားတဲ့ သဘောကို သိမြင်နေတဲ့အတွက် ငါဆိုတဲ့ အတ္တဒိဋ္ဌိသာပြုတ်တယ်။ သို့ပေမယ့် ထိုသောတာပန်အရိယာဟာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသုံးမျိုးလုံးကိုတော့ ခံစားနေသေးတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီဝေဒနာ ပေါ်မှာစွဲနေတဲ့ တဏှာမပြုတ်သေးလို့ဘဲဖြစ်တယ်။ ထိုသောတာပန်ကြီးဟာ အပါယ်ကိုတော့ ဘယ်တော့မှ မကျန်တော့ဘူး။

ဒုတိယအရိယာပုဂ္ဂိုလ်ကတော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဓမ္မဆိုတဲ့ ရုပ်ပေါ်မှာ စွဲနေတဲ့ သုခဝေဒနာကို ပယ်သတ်လိုက် တယ်။ သူ့အဖို့မှာ မြင် - ကြား - နံ - လျက် - ထိ - သိ ဆိုတဲ့ ကိစ္စခြောက်မျိုးအပေါ်မှာ သုခဝေဒနာ မဖြစ်တော့ဘဲ ဒုက္ခဝေဒနာတွေ ဒလစပ်ဖြစ်နေတယ်။ အဲဒီလိုရုပ်ပေါ်မှာ သုခဝေဒနာကို ပယ်သတ်ထားတဲ့အတွက် ရာဂ၊ ခေါင်းပါးနေခြင်းဖြစ်တယ်။

တတိယအနာဂါမ်အရိယာကတော့ ဒုက္ခဝေဒနာကို ပယ်သတ်လိုက်တယ်။ သူ့အဖို့မှာ မြင် - ကြား - နံ - စား - ထိ - သိ ခြောက်မျိုးသော ကိစ္စတွေမှာ သုခ၊ ဒုက္ခကလွတ်ပြီး ဥပေက္ခာဝေဒနာတွေ ဒလစပ်ဖြစ်နေတယ်။ ဒါကြောင့် အနာဂါမ်ကြီးဟာ ရာဂနဲ့ဒေါသကို အပြီးတိုင် ပယ်လိုက်ခြင်းဘဲ။

စတုတ္ထ ရဟန္တာအရှင်မြတ်ကြီးကတော့ ဝေဒနာသုံးမျိုးသုံးစားလုံးကို ပယ်သတ်လိုက်တဲ့အတွက် မဂ္ဂင်အကျင့်ပြီးဆုံးပြီး ကျင့်ဘွယ်ကိစ္စမရှိတော့ဘူးလို့ ဆိုခြင်းဖြစ်တယ်။

## သမာဓိအရေးကြီးတယ်

"ဒီလို မဂ္ဂင်အကျင့်ပြီးဆုံးအောင် ကျင့်ကြံအားထုတ်တဲ့ အလုပ်မှာ၊ သမာဓိဟာ အရေးကြီးတယ်။ သမာဓိအရင်းမခံခဲ့ရင် ပညာအမြင် မဖြစ်နိုင်ဘူး။ သမာဓိဆိုတာဟာလဲ တခြားဟာမဟုတ်ဘူး။ အာနာပါန၊ ထွက်သက် - ဝင်သက်ကို သတိနဲ့ရှုရိုက်ခြင်းဖြစ်တယ်။ ဒီလို အာနာပါန အလုပ်ကို စာတွေနဲ့ လုပ်ရင်ခက်တယ်။ အချိန်ကြာတယ်။ ကျွမ်းကျင်တဲ့ ဆရာကောင်းထံမှာ နည်းခံပြီး လက်တွေ့သင်ယူခြင်းက မြန်တယ်။ လွယ်တယ်" လို့ဟောကြားပါတယ်ခင်ဗျား။

www.dhammaransi.com



## ညောင်တုန်းတရားပွဲ

မိတ်ဆွေ - တနေ့က ကျွန်တော်လာပါသေးတယ်။ ဦးမိုးကြိုးမရှိဘူး။ သဲအင်းဂူဆရာတော်ဘုရားနဲ့ ညောင်တုန်းမြို့မှာ ကျင်းပမယ့် တရားပွဲသို့ လိုက်သွားတယ်ဆိုတာကို သိရလို့ပြန်သွားရပါတယ်။ ညောင်တုန်းတရားပွဲ အခြေအနေတော်တော်ကောင်းရဲ့လား။

မိုးကြိုး - သဲအင်းဂူဆရာတော်ရဲ့တရားကို နာကြားလိုသူနဲ့ဆရာတော် ဘုရား သင်ကြားပြသပေးသောအတိုင်း၊ တရားအားထုတ်ချင်ကြသူတွေ ပေါ်များလှ ပါတယ်။ ဒါပေမယ့်တရားနာ၊ တရားထိုင်ရန်တော့ အရဲစွန့်ပြီး လာကြရတဲ့အတွက် တရားနာပရိသတ်ဟာ များသင့်သလောက်မများပါ။ လွန်ခဲ့တဲ့နှစ်က ပရိသတ် ငါးထောင်လောက်ရှိပေမယ့်၊ ယခု ၁၉၇၀ - ခုနှစ်မှာတော့ သုံးထောင်နီးပါး လောက်သာရှိပါတယ်။

မိတ်ဆွေ - တရားနာ၊ တရားထိုင်ဘို့ အရဲစွန့်ပြီးလာကြရတယ်ဆိုတာက ဘာသဘောလဲဗျ။ လမ်းသရဲတွေရဲ့ရန်ကိုကြောက်ရလို့လား။

မိုးကြိုး - မဟုတ်ပါဘူး။ ညောင်တုန်းမြို့မှာ အုပ်ချုပ်ရေးကောင်းပါတယ်။ လမ်းသူရဲလဲမရှိပါဘူး။ လက်နက်ကိုင်သောင်းကျန်းသူများရဲ့ အနှောက် အယှက်လဲကင်းပြီး အေးချမ်းပါတယ်။ ဒါပေမယ့် သုဓမ္မာသံဃာအချို့က "လာပြီ လာပြီ၊ စာနီနဲ့ ဂျာမဏီက မုန့်ဖက်ထုပ်" ဆိုတာလို လက်တဝါးလောက်ရှိတဲ့ စာနီကြော်ငြာများ ကမ်းလှမ်းပြီး၊ သဲအင်းဂူ ဆရာတော်ဘုရားရဲ့တရားကို ကန့်ကွက်ကြပါတယ်။ ဒီလိုကန့်ကွက်တဲ့ အထဲမှာ ရွှေကျင်သံဃာတော်များ လုံးဝမပါကြပါဘူး။ ဒီလိုကန့်ကွက်တဲ့ စာနီများကြောင့် သဲအင်းတရားကို လာရောက်နာကြားသူများဟာ အရဲစွန့်ပြီး လာကြရခြင်းဖြစ်ပါတယ်။

မိတ်ဆွေ - ထိုသုဓမ္မာသံဃာအချို့ရဲ့ ကန့်ကွက်တဲ့ စာနီထဲမှာ ဘယ်လို

www.dhammaransi.com



အကြောင်းပြပြီး ကန့်ကွက်ကြပါသလဲ ခင်ဗျား။
မိုးကြိုး - ၎င်းတို့ရဲ့အကြောင်းပြချက်က (၁)သဲအင်းဂူဘုန်းကြီးဟောကြားသော တရားများသည် ဘုရားဟော၊ ပရိယတ္တိဒေသနာနှင့် မကိုက်ညီသဖြင့် သံဃာတော်များက လက်မခံကြကြောင်း၊ (၂)၎င်းဘုန်းကြီး လာရောက်၍ တရားဟောခြင်းဖြင့် ဗုဒ္ဓဘာသာဝင်များ စိတ်ဝမ်းကွဲပြား လျက် မြို့ရွာနှင့် သာသနာတော်ကို ထိခိုက်ကြောင်းတို့ဘဲ ဖြစ်ပါတယ်။
မိတ်ဆွေ - သဲအင်းဂူဆရာတော်ဘုရားဟောကြားတဲ့မဂ်လေးပါးတရားတော်ကို အစိုးရရဲ့ခွင့်ပြုချက်အရ စာအုပ်နှစ်သောင်းရိုက်ပြီး၊ ၁၉၆၈ခုနှစ်၊ နိဝင်ဘာလမှာ ထုတ်ဝေဖြန့်ချိခဲ့တယ်မဟုတ်လား။ ထို မဂ်လေးပါးတရားတော်ကိုဘဲ တပတ်လျှင် သောင်းကျော်အောင် ထုတ်ဝေရတဲ့၊ သတင်းဂျာနယ်ထဲမှာလဲ အစအဆုံး ဖော်ပြခဲ့တယ် မဟုတ်လား။ ပြည်ထောင်စုမြန်မာနိုင်ငံသူနိုင်ငံသားများဟာ သာသနာရေး မှာ လွတ်လပ်စွာ ယုံကြည်နိုင်တဲ့ အခွင့်အရေး လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်တဲ့အခွင့်အရေးတို့ကို အညီအမျှရရှိကြတယ်မဟုတ်လား။ ဒီလို ကိုယ်ရတဲ့ အခွင့်အရေးကို ကိုယ်အသုံးပြုတာ မကန့်ကွက်ထိုက်၊ မကန့်ကွက်သင့်ဘူးလို့ထင်ပါတယ်။ တဖန် သဲအင်း တရားဟာ ပရိယတ္တိဒေသနာနဲ့ မကိုက်ညီဘူးလို့ တထစ်ချဆုံးဖြတ်နိုင်တဲ့ အရည်အချင်းဟာ ထိုသုဓမ္မာ သံဃာအမျိုးမှာ ရှိ/မရှိ ဆိုတာဟာလဲ စဉ်းစားစရာပါ ခင်ဗျား။
မိုးကြိုး - ဒီပြဿနာနဲ့ ပတ်သက်တဲ့ စဉ်းစားစရာအချက်အချို့ကို ကျွန်တော်တင်ပြပါမယ်။ အနီအချက်အလက်များကိုကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစားပြီး၊ ကိုယ်ပိုင်ဉာဏ်နဲ့ဆုံးဖြတ်ကြပေါ့ဗျာ။ အချက်အလက်များ ကတော့ -
(၁) သုဓမ္မာသံဃာအချို့က သဲအင်းဂူတရားဟာ ပရိယတ္တိဒေသနာနဲ့ မကိုက်ညီကြောင်းကို သိမ်းကြုံးပြီးပြောပေမယ့် ဒေသနာ အထောက်အထားမပါတဲ့အတွက်၊ ၎င်းတို့ရဲ့ပြောဆိုချက်က ပေါ့ပျက်ပျက် ဖြစ်နေပါတယ်။ မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တော်ရ မစိုးရိမ် ဆရာတော်ဘုရားကြီး ကတော့ "ဒကာကြီး ဦးအုန်းခင်ပေးပို့လိုက်တဲ့ သဲအင်းဂူဆရာတော်ဟောကြားတဲ့ မဂ်လေးပါးစာအုပ်ကို ဦးပဥ္စင်းတပါးအား နစ်ကြိမ်တိတိဖတ်ပြခိုင်းပြီး၊ ဘုန်းကြီးကြားနာ ကြည့်ပါတယ်။ ဘုန်းကြီးတို့က ပရိယတ်ကိုသာ ကျွမ်းကျင်တယ်၊ ပဋိပတ်ကို မကျွမ်းကျင်ဘူး၊ သဲအင်းဂူဆရာတော်က ပဋိပတ် ကျွမ်းကျင်ပြီး သူ့စာမဟုတ်ပါဘူး" လို့ အတိအလင်း ဝန်ခံထားတယ်။ "ဒီတော့ သူ့ခန္ဓာကိုယ်တွေ့တရားများကို ဘုန်းကြီးတို့က စာပေတန်နဲ့ တိုင်းထွာရင်

www.dhammaransi.com



သဘာဝကျမယ်မဟုတ်ဘူး။ ဒီလိုစာမတတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ သတိပဋ္ဌာန် လေးပါးတရားကို ကြိုးစားအားထုတ်လို့ ဒီအသိထူးမျိုးကိုရတယ်ဆိုတာ ဘုန်းကြီးတို့က ဝမ်းမြောက်ပါတယ်၊ ကြည်လဲကြည်ညိုပါတယ်၊ ဒီလို ပုဂ္ဂိုလ်ထူးတွေ များများပေါ်လေလေ၊ ဘုန်းကြီးတို့ရဲ့ သာသနာဟာ စည်းကမ်းရှိလေလေဘဲ၊ ပရိယတ်သာသနာတခုတည်း ငုံးတိတိဖြစ်နေရင် အဓွန့်ရှည်စွာ မတည်နိုင်ဘူး။ ပရိယတ်သာသနာကို ပဋိပတ်၊ ပဋိဝေဓသာသနာ နှစ်ရပ် က ကူပင့်ထောက်မပေးခဲ့ရင် သာသနာသုံးရပ်လုံးဟာ အဓွန့်ရှည်စွာ တည်တံ့နိုင်မြဲမယ်၊ ဒကာကြီးဦးအုန်းခင်ဟာ ပဋိပတ်သာသနာကို အထူး အားပေးနေတယ်ဆိုသိရတာ ဘုန်းကြီးဝမ်းသာတယ်" စသည်ဖြင့် ကျွန်တော့် အား မစိုးရိမ်ဆရာတော်ဘုရားကြီးက အမိန့်ရှိလိုက်ကြောင်း ကျွန်တော် ရေးသားတဲ့ ဒိဋ္ဌိသတ်တဏှာသတ် စာအုပ်စာမျက်နှာ ၁၄-၁၅ တို့မှာ ဖော်ပြထားပါတယ်။

မိတ်ဆွေ - အင်း ... (၁)ညောင်တုန်းမြို့က သုဓမ္မာသံဃာတော်ရဲ့အယူအဆနဲ့ (၂)အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးရဲ့အယူအဆနှစ်ခုဟာ မိုးနဲ့မြေကြီး၊ မနီးသည့်နယ် ကွဲပြားခြားနားနေသည်ဆိုပါတော့။ ဒါထက် အနိစ္စပြဿနာမျိုးမှာ ဘုရားရှင်က ဘယ်နည်းဘယ်ပုံ ဟောကြား တော်မူခဲ့သလဲဆိုတာ ဦးမိုးကြိုးက တဆိတ်ရှင်းလင်းတင်ပြစမ်းပါ ခင်ဗျား။

## ဒိဋ္ဌိသတ်-တဏှာသတ် စာအုပ်

မိုးကြိုး - အနိစ္စပြဿနာနဲ့ ပတ်သက်ပြီး ဘုရားရှင်ဟောကြားတော်မူတဲ့ ဒေသနာအကိုးအကားအချို့နဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများရဲ့ အယူအဆများကို ကျွန်တော်ရေးသားထုတ်ဝေထားတဲ့ ဒိဋ္ဌိသတ် - တဏှာသတ်စာအုပ်ထဲမှာ ရှည်ရှည်လျားလျား ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြထားပါတယ်။ ဒါပေမယ့် သတင်းဂျာနယ်ဖတ် ပရိတ်သတ် များသိအောင် အကျဉ်းချုပ်ပြီးလိုရင်းကို ကောက်နုတ်တင်ပြပါမယ်။

## အဘယနဲ့ မဟာဓမ္မရက္ခိတ

အခါတပါး၌ ပရိယတ် ပိဋကတ်ကို ကောင်းစွာမတတ်တဲ့ သောတာပန်အရိယာအဘယအမည်ရှိတဲ့ မထေရ်ဟာ အဆုံးအဖြတ်နဲ့တကွ အလုံးစုံသော ပရိယတ်ပိဋကတ်ကိုင်ဆောင်တဲ့ မဟာဓမ္မရက္ခိတ မထေရ်

www.dhammaransi.com



ပုထုဇဉ်ကြီးထံသွားပြီး အဋ္ဌကထာတရားကို နာကြားမှတ်သားသင်ယူပါတယ်။

အနီလို သင်ယူခြင်းကိစ္စ ပြီးဆုံးတဲ့အခါ အင်းပျဉ်ပေါ်မှာ ထိုင်နေတဲ့ ပိဋကတ်ဆောင်ဆရာဟာ အင်းပျဉ်ပေါ်မှ ဆင်းကာဖျာပေါ်မှာ ထိုင်ပြီး အရိယာတပည့်ဖြစ်တဲ့ အဘယမထေရ်အား "ငါ့ရှင် အဘယ၊ ငါ့အား ကမ္မဋ္ဌာန်းတရားကို ပေးပါလော့" လို့ရိုသေစွာ တောင်းပန် ပါတယ်။ အဓိပ္ပါယ်က ငါ့ကို ကမ္မဋ္ဌာန်းတရားကျင့်ကြံအားထုတ်နည်း သင်ပေးပါလို့တောင်းပန်ခြင်း ဘဲဖြစ်ပါတယ်။

ထိုအခါ "အရှင်ဘုရားအဘယ်သို့ဆိုတော်မူပါသလဲ၊ အကျွန်ုပ်သည် အရှင်ဘုရား၏အထံ၌ သင်အပ်၊ နာယူအပ်သော တပည့်မဟုတ်ပါလော့။ အကျွန်ုပ်သည် အရှင်ဘုရားတို့ မသိအပ်သော အဘယ်ကမ္မဋ္ဌာန်းကို သင်ကြားပေးရပါအံ့နည်း" လို့အဘယ မထေရ်က ဆိုပါတယ်။

မဟာဓမ္မရက္ခိတက "အိုငါ့ရှင်၊ မြင်အပ်ပြီးသော သစ္စာရှိ၍ လမ်းရိုးလမ်းမှန်ကျပြီးသော အရိယာပုဂ္ဂိုလ်၏ ကမ္မဋ္ဌာန်းဟူသော လမ်းခရီးသည် နွားကျောင်းသားအဖြစ်နှင့်တူသော ပရိယတ်၊ ခရီးလမ်းမှ တပါးတခြားပေတည်း" လို့ဆိုပါတယ်။ အဓိပ္ပါယ်က စာတွေနဲ့လက်တွေ့ဟာ တခြားစီဖြစ်တယ်လို့ ဆိုလိုပါတယ်။

ထိုအခါ သောတာပန်အရိယာဖြစ်တဲ့ အဘယမထေရ်ဟာ မိမိရဲ့ ပရိယတ်ဆရာဖြစ်တဲ့ မဟာဓမ္မရက္ခိတမထေရ်ကြီးအား ပဋိပတ်အကျင့် မြတ်ကို သင်ကြားပေးပါတယ်။ ထိုအကျင့်နည်းနဲ့ကျင့်ကြံအားထုတ်တဲ့ အခါ၊ မဟာဓမ္မာရက္ခိတမထေရ်ကြီးဟာ ရဟန္တာကြီးဖြစ်သွားပါတယ်။

## နွားရှင်နဲ့ နွားကျောင်းသား

နွားကျောင်းသားနဲ့ နွားရှင်ဥပမာကတော့ သဝတ္ထိပြည်သား အဆွေခင်ပွန်းနှစ်ဦးဟာ ဘုရားတရားတော်ကို နာကြားရတဲ့အတွက် သံဝေဂဖြစ်ပြီး ရဟန်းပြုကြပါတယ်။

တပါးသော ရဟန်းဟာ ပိဋကတ်စာပေကို သင်ကြားပါတယ်။ ဝိပဿနာကိုတော့ အားမထုတ်ပါ။ ကျန်တစ်ပါးကတော့ စာပေမသင်ကြား ဘဲ ဝိပဿနာတရားကို ကျင့်ကြံအားထုတ်လိုက်တာ ရဟန္တာကြီး ဖြစ်သွားပါတယ်။

ထိုအဆွေခင်ပွန်းနှစ်ပါးဟာ တနေ့သ၌ တွေ့ဆုံကြပါတယ်။ ထိုအခါ စာပေသမားပုထုဇဉ်ရဟန်းက စာမတတ်တဲ့ ရဟန္တာကြီးအား အမေးပုစ္ဆာ

www.dhammaransi.com



ပြဿနာကို မေးရန်အကြံပြုတယ်။

ထိုအခါ ဘုရားရှင်က စာပေသမားရဟန်းဟာ ငါ့သားတော် ရဟန်းအား အမေးပုစ္ဆာနဲ့ညှဉ်းပန်းခဲ့သော်၊ ငရဲသို့ကျတော့မည်ကို မြင်တော်မူတဲ့အတွက် ထိုရဟန်းနှစ်ပါးတို့ရှိရာသို့ကြွလာတော်မူပါတယ်။

ဘုရားသခင်ဟာ ကျမ်းဂန်တတ်စာပေသမားအား ပဌမဈာန်ကို အစပြုပြီး ရှစ်ပါးသော သမာပတ်နဲ့ ရုပ် - နာမ်အကြောင်းကို မေးမြန်းပါတယ်။ ကျမ်းဂန်တတ်ရဟန်းဟာ ထိုအမေးများကို ကောင်းစွာဖြေဆိုနိုင်ပါတယ်။ ထို့နောက် သောတာပတ္တိမဂ်နဲ့စပ်တဲ့ အမေးပုစ္ဆာများကို မေးတဲ့အခါ ထိုကျမ်းတတ်အကျော် ရဟန်းတော် မဖြေဆိုနိုင်တော့ပါ။

ထိုအခါ ဘုရားရှင်က ရဟန္တမထေရ်အား မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ နိဗ္ဗာန်နဲ့စပ်တဲ့ မဂ်လေးပါးတရားများကို မေးတော်မူပါတယ်။ ဘုရားရှင် မေးသမျှ ပုစ္ဆာများကို ရဟန္တာမထေရ်ဟာ ကောင်းစွာဖြေဆိုပါတယ်။ ထိုအခါ မြတ်စွာဘုရားက သာဓုသုံးကြိမ်ခေါ်တော်မူပါတယ်။ ကျမ်းတတ်အကျော် ပုထုဇဉ်ရဟန်းတော်ကိုတော့ ဘုရားက သာဓုမခေါ်ပါ။

ဒီရဟန်းနှစ်ပါးဝတ္ထုကို ဓမ္မပါဒ (မြန်မာပြည်)ထဲမှာ ဖတ်ရှုနိုင် ပါတယ်။ ဒီဝတ္ထုမှာ ဘုရားသခင်က "ချစ်သားတို့ပရိယတ်မျှကိုသာ တတ်သောသူသည် ငါဘုရားသာသနာတော်၌ အဘိုးအခတို့ဖြင့် နွားတို့ကို စောင့်ရှောက် ထိန်းကျောင်းရသော နွားကျောင်းသားနှင့် တူ၏။ ပရိယတ်ကိုမတတ်သော်လည်း အရဟတ္တဖိုလ်သို့ဆိုက်ရောက်ပြီးသော ငါ၏သားတော်သည်ကား အလိုရှိတိုင်း နွားနို့အရသာငါးပါးတို့ကို သုံးဆောင်ရသော နွားရှင်နှင့်တူ၏" လို့ မိန့်တော်မူပါတယ်။

မိတ်ဆွေ - အင်း ... ဒီဘုရားဟာ ဒေသနာအရ နွားကျောင်းသားနဲ့ တူတဲ့ စာတတ်ပုဂ္ဂိုလ်များဟာ နွားရှင်နဲ့တူတဲ့ အရိယာသူတော်ကောင်း များဖြစ်အောင် ကျင့်ကြံအားထုတ်ရန် အရည်အချင်းနဲ့ ပြည့်စုံပါလျက် အားမထုတ်ဘဲ၊ နွားကျောင်းသားရဲ့ အရည်အချင်းလောက်မရှိတဲ့ စာမတတ်သူများ ကျင့်ကြံအားထုတ်သဖြင့် နွားရှင်နဲ့တူတဲ့ အရိယာအဖြစ်ရတာကို ဝမ်းမြောက်ဘို့ ကောင်းပါလျက် ဝမ်းမြောက်ဝမ်းသာမဖြစ်နိုင်ရှာဘဲ၊ မနာလိုဝန်တို ဖြစ်ကြမယ်ဆိုရင်တော့ ကိုယ်ပြုတဲ့ကံ၊ ကိုယ်ခံရုံပေါ့ ခင်ဗျား။

www.dhammaransi.com



## ဒိပဲရင်းအာဘော်

မိုးကြိုး - ထိုမှတပါး အနာဂါမ်ဟု ကျော်ဇောထင်ရှားခဲ့သော ကျမ်းတတ်အကျော် ဒိပဲရင်းဆရာတော်ဘုရားကြီးက သူရေးသားခဲ့တဲ့ ပရမတ္ထစက္ကုကျမ်းမှာ ...

ပရမတ်မျက်စိဆိုသည်မှာ "ဘုတ်အုပ်စာ၊ ပေစာ၊ ကျမ်းဂန် တို့၌သာ ကျေပွန်ရမိ၊ တတ်သိလိမ်မာ၍ ခန္ဓာကိုယ်ထဲ၌ မတတ်မသိသော သုတသညာမျက်စိကိုမဆို အဘယ်ကြောင့်နည်းဆိုသော် ထိုသုတသညာ မျက်စိသည် ကိုယ်မှာမတတ်၊ စာမှာသာတတ်သဖြင့် သင်ပုံးကြီး၌ ကျေပွန်ရမိ၊ တတ်သိလိမ္မာခြင်းကဲ့သို့ ပညာတတ်၊ ပညတ်သိ၊ ပညတ်လိမ္မာသာ၍ များသောအားဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ကို ပွားစေတတ်သောကြောင့်တည်း။ စာပေတတ်သည်၊ ကျမ်းဂန်တတ်သည် ဖြစ်ပါလျက် လောဘကြီးကြ၊ ဒေါသကြီးကြ၊ မာနကြီးကြ၊ ဣဿာမစ္ဆရိယကြီးကြသော လူဆရာ၊ ရဟန်းဆရာတို့သည် ကိုယ်ထဲမှာမတတ်၊ စာထဲမှာသာတတ်၍ တဏှာ၊ မာန၊ ဒိဋ္ဌိပွားများသည့်အတွက် ကြီးနိုင်ကြလေသည်။ ကိုယ်မှာမတတ်၊ စာမှာတတ်၊ ဂါဟတ်ကိုက်တတ်သည်။ သတိထားရမည်။

မိမိကိုယ်ကို အားရနှစ်သက်သည်ကား တဏှာ၊ မိမိကိုယ်ကို ဟုတ်တုတ်တုတ် ဟန်တန်တန် ထင်မှတ်သည်ကား မာန၊ ဖွဲ့မရ ခွဲမရ တရှိထဲ အကောင်အခဲ သူအကောင်အခဲ ထင်မြင်သည်ကား ဒိဋ္ဌိ။ စာပေ ကျမ်းဂန်တတ်၍ပင်ဖြစ်စေ၊ မတတ်ဘဲ ကြားရနာရသည်ကို မှတ်သား၍ဖြစ်စေ၊ အဖန်ဖန် လေ့လာမပြတ်သုံးသပ်ဆင်ခြင်၍ ပညတ်ကို ဖယ်ထားခွာလှန် ကိုယ်တွင်းရှိ ရုပ်နာမ်၊ ခန္ဓာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာများကို ခွဲခြမ်းစိတ်ဖြာနိုင်၊ အမိဖမ်းနိုင်၍ ကိုယ်ထဲ၌တတ်သိသော ပညာကို ပရမတ်မျက်စိဆိုသည်။ ကိုယ်ထဲ၌ တတ်သိသော ပညာမှသာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ဖယ်ရှားစေနိုင်၊ ဖျက်ဆီးပယ်နှုတ်နိုင်၊ ကင်းရှင်းစေနိုင်သည်။ စာမှာတတ် - မတတ်၊ ကိုယ်မှာတတ်၊ ဂါဟတ်ကျင်းပြတ်မည်" ဟူ၍ပင် ဖြစ်ပါတယ် ခင်ဗျား။

## သဲအင်းအာဘော်

အနီးပြဿနာနဲ့ ပတ်သက်ပြီး သဲအင်းဂူဆရာတော်ဘုရားဟာ "ဒကာကြီးဦးအုန်းခင် ဒါန၊ သီလ၊ သမထ ဆိုတဲ့ တရားမျိုးဟာက ဘုရားမပွင့်တဲ့ သုညကမ္ဘာတွေမှာလဲရှိတယ်။ လိုချင်တဲ့အခါ ယူနိုင်တဲ့ ကမ္ဘာ့တန်ဆာတရားမျိုး

www.dhammaransi.com



ဖြစ်တယ်။ ဒိဋ္ဌိနဲ့ တဏှာကို ပယ်သတ်တဲ့ ဝိပဿနာတရားမျိုးကတော့ ဘုရားပွင့်ရာသာသနာမှာသာ ပေါ်ထွန်းတဲ့ တရားမျိုးဖြစ်တယ်။ ယခုလို ဘုရားသာသနာနဲ့ကြုံကြိုက်ချိန်မှာ ဝိပဿနာတရားကိုကြိုးစားအားထုတ်ကြဖို့ (၁)လယ်တီဆရာတော် (၂)မင်းကွန်းဇေတဝန်ဆရာတော် (၃)မိုးညှင်းဆရာတော် (၄)စွန်းလွန်းဆရာတော်စတဲ့ ဆရာတော်ဘုရားကြီးများ ဆုံးမတော်မူခဲ့ကြတဲ့အတွက် မြန်မာပြည် ဗုဒ္ဓဘာသာဝင်သူတော်စင်များဟာ အနည်းဆုံးအပါယ်လေးပါး က လွတ်တဲ့ ဒိဋ္ဌိသတ်နည်း၊ ဝိပဿနာတရားကို အားထုတ်ချင်နေကြတယ်။ ထိုတရားကိုသင်ကြားပေးနိုင်တဲ့ဆရာကောင်းကိုလဲ ရှာဖွေနေကြတယ်။ ဦးပဏ္ဍိတ်အဘိုဂကတော့ ၂၁-လတိုင်တိုင် သတိပဋ္ဌာန် လေးပါးကို အားထုတ် ထားတဲ့အတွက် ကိုယ်သိတဲ့ လမ်းစဉ်အကျင့်ကို ဟောနေတယ်။ ဒီကျင့်စဉ် ကိုလဲ ဗမာစကားသက်သက်နဲ့ ဟောတော့ လူတိုင်းနားလည်သဘော ပေါက်ကြတယ်။ ဦးပဏ္ဍိတ်သင်ကြားပေးနေတဲ့ မိမိရဲ့ ခန္ဓာကိုယ်တွေ့ကျင့်စဉ်ကို မှားတယ်ဆိုရင်၊ မှားတယ်လို့ဆိုရုံနဲ့မပြီးပါဘူး။ မှန်တဲ့ကျင့်စဉ်ကို အစားထိုးပြီး ပေးဘို့တာဝန်ရှိတယ်။ ဒီလိုမှန်တယ်ဆိုတဲ့ ကျင့်စဉ်ကို အစားထိုးပေးနိုင်အောင်ဟာလဲ ကိုယ်မှန်တယ်ထင်တဲ့ အကျင့် နဲ့ ကိုယ်ကိုယ်တိုင်ကျင့်ဘို့လိုတယ်။ ဒီလိုကျင့်ကြံအားထုတ်ပြီး သစ္စာလေးပါးကို ထိုးထွင်းပြီး သိတဲ့အခါကြမှ မိမိခန္ဓာကိုယ်တွေ့ကို ဟောပါမှ သင်ကြား ပေးပါမှလည်း အကျိုးများမယ်။ ဝရှိအောင် လုပ်ပြီးမှ ဝိလုပ်ရမယ်၊ ဝမရှိဘဲကတော့ ဝိလုပ်လို့မရပါဘူး။ ဝမရှိဘဲ ဝိလုပ်ခြင်းမျိုးကိုလဲ နားကြီး၊ မျက်စိကြီး၊ ပညာရှိပရိသတ်များက လက်မခံနိုင်ကြပါဘူး" လို့ဟောပြပါတယ် ခင်ဗျား။

www.dhammaransi.com



## အနာဂတ်နဲ့ပစ္စုပ္ပန်

မိတ်ဆွေ - သဲအင်းဂူဆရာတော်ဘုရားဟာ မော်လမြိုင်မြို့က ပြန်ကြွလာပြီးတဲ့နောက် ရန်ကုန်၊ တာမွေရပ်ကွက်မှာ သုံးညနဲ့သာကေတ ရပ်ကွက်မှာ ငါးညပေါင်းရှစ်ည တရားဟောတရားပြပါတယ်။ ထိုတရားပွဲကို ကျွန်တော်ရောက်ခဲ့ပါတယ်။ တရားနာပရိသတ်ဆိုရင် လေး-ငါးထောင်နီးပါးရှိပြီး တရားထိုင်သူများဟာလဲ တထောင်နီးပါးရှိတာကို ညစဉ်ညတိုင်းတွေ့မြင်ရတာဟာ အားရစရာ အားတက်စရာပေပ ခင်ဗျာ။

မိုးကြိုး - အားရစရာအားတက်စရာထက် စာမတတ်တဲ့ဆရာတော်ရဲ့တရားပွဲမှာ တရားနာပရိသတ်ဒီလိုစည်ကားများပြားတယ်ဆိုတာ စဉ်းစား စရာဘဲခင်ဗျ။

မိတ်ဆွေ - ဦးမိုးကြိုးရဲ့စဉ်းစားပုံ စဉ်းစားနည်းကို မသိရဘူးလားခင်ဗျာ၊ အမိန့်ရှိစမ်းပါ။

မိုးကြိုး - "ပန်းစပယ်၊ နန်းအလယ်၊ မပေါ်ခိုက်ဟာမို့၊ အလိုက် ကယ်တော် သင့်ရုံပ၊ ခံပွင့်ကိုကုံး၊ နန်းရဝေ၊ မန်းမြေမှာ စပယ်လှိုင်တော့၊ ခံပန်းခိုင်၊ ယာယီရွေ့တယ်၊ တောလေ့ရွာသုံး" ဆိုတဲ့ ကဗျာလေးရဲ့ သဘောသွားကို မိတ်ဆွေညာဏ်ငုံမိ၊ ညာဏ်ခြုံမိရင် စာမတတ်တဲ့ သဲအင်းဂူဆရာတော်ရဲ့ တရားပွဲမှာ ဒီလိုလူစည်ကားခြင်း အကြောင်းရင်းကို ရိပ်စားမိမည်ဖြစ်ပါတယ်။ "ဗမာအတွေး ရှမ်းအပြေ" ဆိုတာလို ပြေးပြီးကြည့်ဘို့မလိုပါဘူး။ တွေးပြီးကြည့်ရင် သိနိုင်ပါလိမ့်မယ်။

မိတ်ဆွေ - စကားထာဝှက်တဲ့ ပဟေဠိမျိုးတွေ လုပ်မနေစမ်းပါနဲ့ဗျာ။ ရှင်းရှင်းနဲ့ဘွင်းဘွင်းပြောစမ်းပါ။

မိုးကြိုး - မြန်မာလူမျိုးတွေဟာ စားဝတ်နေရေးကြပ်တည်းလာကြတဲ့အတွက် သံဝေဂတွေဖြစ်ပြီး ဘဝသံသရာဝဋ်က ကျွတ်လွတ်ချင်ကြတယ်။ ဒီလို

www.dhammaransi.com



ကျွတ်လွတ်ချင်ကြတဲ့အတွက် ဘဝသံသရာဝဋ်က ကျွတ်လွတ်နိုင်တဲ့ တရားကို ကြားချင်ကြ၊ သိချင်ကြ၊ ကျင့်ကြံအားထုတ်ချင်ကြတယ်။ ရှေးရှေးတုန်းကလို သံသရာကိုလည်ပတ်ပြေးလွှားစေတတ်တဲ့ဒါနကထာ၊ သီလကထာလောက်ကို ကြားနာရရုံလောက်နဲ့ မတင်းတိမ်မရောင့်ရဲကြ တော့ပါဘူး။ အဲဒါကြောင့် စာမတတ်ပေမယ့် ၂၁ လတိုင်တိုင် သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်ထားသဖြင့် ကိုယ်မှာတတ်ထားတဲ့ သဲအင်းဂူဆရာတော်ရဲ့တရားကို နာကြားပြီး သူ့ရဲ့ ကိုယ်တွေ့လက်တွေ့ နည်းနဲ့ ကျင့်ကြံအားထုတ်ကြခြင်းဖြစ်ပါတယ်။ အဲဒီအချက်ကို ထောက်ရှုကာခံပန်းကိုပစ်ပြီး စပယ်ပန်းကို ချစ်တယ်လို့ ဆိုထိုက်သည့်အလျောက်ဆိုလိုက်ခြင်းဖြစ်ပါတယ် ခင်ဗျား။

မိတ်ဆွေ - အင်း ... အဲဒါတွေ ထားစမ်းပါအုံး။ သဲအင်းဂူဆရာတော် ဘုရားက မဟာသတိပဋ္ဌာနသုတ်၊ ဣရိယာပထပဗ္ဗလာ၊ ပစ္စဝေက္ခဏ၊ ဂစ္ဆာမိတိ၊ ပဇာနတိမှာ ဇာနာတိဆိုတာ လူတိုင်းသိတဲ့ အသိမျိုးဖြစ်တယ်။ ပဇာနတိဆိုတာက လူတိုင်းသိတဲ့ အသိမျိုးမှ ကျော်လွန်ပြီး၊ ဉာဏ်ပညာနဲ့ ရုပ်နာမ်ကို ထိုးထွင်းပြီးသိရမယ်လို့ ဟောကြားတော်မူပါတယ်။ ထိုပါဠိကို ဆဋ္ဌမူ မြန်မာပြန်ထဲမှာ ရဟန်းသည် သွားလျှင်လည်းသွားသည်ဟု သိ၏ လို့ဘဲဆိုထားပါတယ်။ အဲဒီအချက်ကို ဦးမိုးကြိုးက ရှင်းပြနိုင်ရင် ရှင်းပြစမ်းပါခင်ဗျား။

မိုးကြိုး - အနီးပြဿနာနဲ့ပတ်သက်ပြီး စာအလို၊ သဒ္ဒါအလိုများကို သိချင်ခဲ့ပါရင် ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတဖြစ်တော်မူသော မဟာစည် ဆရာတော်ဘုရား ရေးသားအပ်တဲ့ မဟာသတိပဋ္ဌာနသုတ်၊ ပါဠိနိဿယစာအုပ်ကို ဖတ်ကြပေါ့ဗျာ။ စာမတတ်တဲ့ သဲအင်းဂူဆရာတော်ဟောကြားတဲ့ သဘောသွားကိုတော့ ကျွန်တော်ဉာဏ်မှီသလောက် ရှင်းလင်းတင်ပြပါ့မယ်။ ကြိုက်ရင်ဆောင်၊ မကြိုက်ရင်ရှောင်ပေါ့။

## ခန္ဓာငါးပါး

ဝိပဿနာအလုပ်ဆိုတာ ခန္ဓာငါးပါးကို အရှုခံအာရုံအဖြစ်ထားပြီး (၁)အနိစ္စဉ္စ နိစ္စဟု ထင်မြင်စွဲလန်းမှု ဥပါဒါန်၊ (၂)ဒုက္ခဉ္စသုခဟု ထင်မြင်စွဲလန်းမှု ဥပါဒါန်၊ (၃)အနတ္တဉ္စ အတ္တဟု ထင်မြင်စွဲလန်းမှု ဥပါဒါန်၊ (၄)အသုဘဉ္စ သုဘဟု ထင်မြင်စွဲလန်းမှု ဥပါဒါန်ဆိုတဲ့ ဒိဋ္ဌိတဏှာစွဲများ ကို ကျူပင်ခုတ် ကျူငုတ်မှ မကျန်ရလေအောင် ရှင်းလင်းသုတ်သင် ခုတ်ထွင်ပယ်သတ်ဘို့ ရှုပွားတဲ့

www.dhammaransi.com



အလုပ်ဖြစ်ပါတယ်။

တနည်းပြောရမယ်ဆိုရင် သံသရာလဆန်းတရက်နေ့က စတင်ဖြစ်ပေါ်လာခဲ့တဲ့ ဥပါဒါန်ခန္ဓာငါးပါးကို အညစ်အကြေးတွေ စင်ကြယ်တဲ့ ခန္ဓာငါးပါးဖြစ်လာအောင် ဖွတ်လျှော်တဲ့ ခဝါသည်အလုပ်ဘဲဖြစ်ပါတယ်။

## ဥပါဒါန် ခန္ဓာငါးပါး

ဥပါဒါန် ခန္ဓာငါးပါးဆိုတာက -

(၁) ရူပက္ခန္ဓာဟာ ဒြပ်သဏ္ဌာန်အဖြစ်ကို ဆောင်ယူပြီး၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျာ်း၊ မိန်းမအသွင်နဲ့ တင့်တယ် တယ်၊ လှတယ်၊ ချောတယ်၊ ယဉ်ကျေးတယ်လို့စွဲမက် နစ်သက်စေပါတယ်။ ထို့ကြောင့် ၎င်းကို ဥပါဒါန်ဖြစ်နေတဲ့ ရူပက္ခန္ဓာလို့ခေါ်ဆိုပါတယ်။

(၂) ဝေဒနာက္ခန္ဓာဟာ အာရုံအမျိုးမျိုးကို ငါခံစားနိုင်တယ်လို့ ထင်မြင်စွဲလန်းစေပါတယ်။ ထို့ကြောင့် ၎င်းကို ဥပါဒါန်ဖြစ်တဲ့ ဝေဒနာက္ခန္ဓာလို့ ခေါ်ဆိုပါတယ်။

(၃) သညာက္ခန္ဓာဟာ အာရုံအမျိုးမျိုးကို ငါခံစားနိုင်တယ်လို့ ထင်မြင်စွဲလန်းစေပါတယ်။ ထို့ကြောင့် ၎င်းကိုဥပါဒါန်ဖြစ်တဲ့ သညာက္ခန္ဓာလို့ ခေါ်ဆိုပါတယ်။

(၄) သင်္ခါရက္ခန္ဓာဟာ အမှုကိစ္စအမျိုးမျိုးကို ငါပြုလုပ်စီရင်နိုင်တယ်လို့ ထင်မြင်စွဲလန်းစေပါတယ်။ ထို့ကြောင့် ၎င်းကို ဥပါဒါန်ဖြစ်တဲ့ သင်္ခါရက္ခန္ဓာလို့ခေါ်ဆိုပါတယ်။

(၅) ဝိညာဏက္ခန္ဓာဟာ အာရုံအမျိုးမျိုးကို ငါသိနိုင်တယ်လို့ ထင်မြင်စွဲလန်းစေပါတယ်။ ထို့ကြောင့် ၎င်းကို ဥပါဒါန်ဖြစ်တဲ့ ဝိညာဏက္ခန္ဓာလို့ ခေါ်ဆိုပါတယ်။

အချုပ်ကတော့ ရုပ်ခန္ဓာဟာ သတ္တဝါတို့ရဲ့ ကိုယ်အကောင်အထည်ဒြပ်ကြီး၊ ထင်မြင်အောင် ထိုပြင် ၎င်းကို တင့်တယ်တယ်၊ ချောတယ်၊ လှတယ်၊ ယဉ်ကျေးတယ်လို့ စွဲလန်းတပ်မက်အောင် ရှက်ဆောင်ပါတယ်။ နာမ်ခန္ဓာလေးပါးကတော့ ထိုကိုယ်ကောင်အထည် ဒြပ်ကြီးအတွင်းမှာ တည်ရှိနေတယ်လို့ ထင်ရတဲ့ အသက်ဇီဝသဘောကို စွဲလန်းတပ်မက်အောင် ရှက်ဆောင်ကြပါတယ်။ ထိုအခါမှာ ၎င်းခန္ဓာငါးပါးကို ဥပါဒါန်ခန္ဓာငါးပါးလို့ ခေါ်ဆိုပါတယ်။ ထိုဥပါဒါန်ခန္ဓာငါးပါးရဲ့ အယောင်ဆောင်မှုအမှန်ကို

www.dhammaransi.com



သိမြင်ခြင်းကို ဒုက္ခသစ္စာကို သိမြင်ခြင်းလို့ ခေါ်ဆိုပါတယ်။

## ခန္ဓာငါးပါး

ဉပါဒါန်လွတ်ကင်းတဲ့ ခန္ဓာငါးပါးရဲ့ပရမတ္ထသဘာဝများကတော့

(၁) အချမ်းအပူစတဲ့ ဆန့်ကျင်ဘက်အကြောင်းများကြောင့် ပြောင်းလဲဖောက်ပြန်ပျက်စီးတဲ့ပရမတ္ထသဘာဝကြီးယာသဘောသက်သက်မျှကို ရူပက္ခန္ဓာရုပ်လို့ခေါ်ဆိုပါတယ်။

(၂) အာရုံတို့ရဲ့ အရသာကို ခံစားတတ်တဲ့ ပရမတ္ထသဘာဝကြီးယာသဘောသက်သက်မျှကို ဝေဒနာက္ခန္ဓာ - ဝေဒနာလို့ခေါ်ဆို ပါတယ်။

(၃) အာရုံတို့ကို မှတ်သားတတ်တဲ့ ပရမတ္ထသဘာဝ ကြိယာသဘောသက်သ[illegible]မျှကို သညာက္ခန္ဓာသညာလို့ခေါ်ပါတယ်။

(၄) ကုသိုလ်၊ အကုသိုလ်ဟူသော ကံအမျိုးမျိုးတို့ကို ပြုလုပ်စီရင် တတ်တဲ့ ပရမတ္ထသဘာဝ ကြိယာသဘောသက်သက်မျှကို သင်္ခါရက္ခန္ဓာ၊ သင်္ခါရလို့ခေါ်ဆိုပါတယ်။

(၅) အာရုံအမျိုးမျိုးတို့ကို သိတတ်သော ပရမတ္ထသဘာဝကြိယာသဘောသက်သက်မျှတို့ကို ဝိညာဏက္ခန္ဓာ ဝိညာဏ်လို့ခေါ်ပါတယ်။

## သညာစတင်ဖြုတ်ဘို့

ဝိပဿနာအကျင့်ဆိုတာ ဘာလဲလို့ တနည်းပြောရမယ်ဆိုရင် (၁)သညာဝိပလ္လာသ (၂)စိတ္တဝိပလ္လာသနဲ့(၃)ဒိဋ္ဌိဝိပလ္လာသတရားများကို ခုတ်ထွင်ဖယ်ရှင်းတဲ့ အလုပ်ဖြစ်ပါတယ်။

ဝိပလ္လာသဆိုတာက ဖောက်ပြန်မှားယွင်းခြင်းဖြစ်ပါတယ်။ ဟုတ်တာမှန်တာကို မဟုတ်မမှန်လို့ မှားယွင်းခြင်း၊ မဟုတ်မမှန်တာတို့ကို ဟုတ်တယ်မှန်တယ်လို့မှားယွင်းခြင်းဖြစ်ပါတယ်။

ခန္ဓာငါးပါးကို အရှုခံအာရုံအဖြစ်ထားပြီး ဝိပဿနာဉာဏ်များ ပေါ်လာအောင် ရှုပွားတဲ့အခါ သညာက္ခန္ဓာသညာကို အထူးဂရုပြုရပါမယ်။ သဲအင်းဂူဆရာတော်ရဲ့ကိုယ်တွေ့အသိအတိုင်းက ဝိပလ္လာသဖြစ်တဲ့ သညာကို အဝိပလ္လသဖြစ်တဲ့ သညာနဲ့အစားထိုးပြီး သိဘို့ဖြစ်ပါတယ်။ ဝိပလ္လာသဆိုတာက အဝိဇ္ဇာဖြစ်ပြီး။ အဝိပလ္လာသဆိုတာက ဝိဇ္ဇာပါတယ်။ သဲအင်းဂူဆရာတော်ရဲ့ ကျင့်စဉ်နဲ့ပတ်သက်ရင် ဒီအချက်ဟာ အရေးအကြီးဆုံးဖြစ်တဲ့အတွက်

www.dhammaransi.com



အထူးသတိပြုရမည်ဖြစ်ပါတယ်။

ဒီတော့ ရုပ်ကို အရှုခံအာရုံအဖြစ်ထားပြီး ဝိပဿနာရှုပွားခဲ့ရင် ရုပ်ရဲ့ ပရမတ္ထသဘာဝ၊ ကြိယာသဘောသက်သက်မျှဖြစ်တဲ့၊ ပြောင်းလဲ ဖောက်ပြန်တဲ့ သဘောကို ဉာဏ်ငုံမိအောင်ရှုပွားပြီး ပြောင်းလဲတယ် ဖောက်ပြန်တယ်လို့ ဝိဇ္ဇာပညာတ်တတ်ပြီး သိရန်ဖြစ်ပါတယ်။

ရုပ်ကို အရှုခံမထားဘဲ ဝေဒနာနာမ်ကို အရှုခံအာရုံအဖြစ်ထားပြီး ဝိပဿနာရှုပွားခဲ့ရင် ဝေဒနာနာမ်ရဲ့ ပရမတ္ထသဘာဝကြိယာသဘော သက်သက်မျှကို ဉာဏ်ငုံမိအောင် ရှုကြည့်ပြီးခံစားခြင်း သဘောခံစားတယ်၊ ခံစားတယ်လို့ဝိဇ္ဇာပညာတ်တတ်ပြီးသိရန်ဖြစ်ပါတယ်။

အနီးလို ရုပ်ကို ရှုပွားတဲ့အခါ ရုပ်ရဲ့ ပြောင်းလဲဖောက်ပြန်တဲ့ ပရမတ္ထသဘာဝကိုဉာဏ်ငုံမိအောင်နဲ့ဝေဒနာနာမ်ကို အရှုခံအာရုံအဖြစ် ထားပြီး ရှုပွားခဲ့ရင် ဝေဒနာနာမ်ရဲ့ခံစားတဲ့ သဘောလက္ခဏာကို ဉာဏ်ငုံမိအောင် ရှုပွားခြင်းကို ပဇနာတိပညာနဲ့သိတယ်လို့သဲအင်းဂူ ဆရာတော်ဘုရားက မိမိကျင့်ကြံအားထုတ်သဖြင့် သိသောအတိုင်း ဟောကြားခြင်းဖြစ်ပါတယ်။ ဒီလိုသိလိုက်တဲ့အခါ "ငါ" ကွာခြားပါတယ်။

**မိတ်ဆွေ** - အင်း . . . တင်ပြပုံဟာက ရှင်းရှင်းလင်းလင်းရှိလှပါတယ်။ ဒါထက်သဲအင်းဂူဆရာတော်ဘုရားဟာ သာကေတရပ်ကွက်တရားပွဲမှာ အာနာပါန၊ ရှုနည်းရှုက်နည်းကို ကိုယ်တော်တိုင်း ရှုရိုက်ပြတာက ဘယ်သဘောလဲဗျ။

## အာနာပါန ဈာန်သမာဓိ

**မိုးကြိုး** - "ဆရာမပြ - ငါးပိဖုတ်တောင်နည်းမကျ" လို့ ရှေးစကားရှိတယ် မဟုတ်ပါလား။ ပုဂ္ဂိုလ်တွေဟာက မွေးဖွားကာစ "အူဝဲ" လို့အော်တဲ့အချိန်ကစပြီး သေတဲ့အချိန်အထိ၊ ထွက်သက်ဝင်သက်ကို ရှုလာ ရှိုက်လာခဲ့တဲ့ အလုပ်ဖြစ်လို့ မိမိကိုယ်ကို မိမိအသက်ရှုရိုက်တတ်တယ် ထင်ခဲ့တယ်။ ဆေးဆရာဝန်တွေ မေးကြည့်ရင်လူတွေဟာအသက်ကောင်းကောင်းမရှုတတ်လို့ရောဂါဘယတွေ ထူပြောတယ်လို့ပြောပြ ပါလိမ့်မယ်။

ဝိပဿနာတရားကို အားထုတ်တဲ့ ယောဂီဟာ ဦးစွာသမာဓိ အခြေခံခိုင်မြဲရမယ်ဆိုတာကို သိသူအလွန်နည်းပါးပါတယ်။ အာနာပါန ဈာန်သမာဓိကိုရအောင် ကြီးထွားအောင် ဘယ်နည်းဘယ်ပုံ အသက်ရှု

www.dhammaransi.com



ရှုကြ်ရမယ်ဆိုတာ သိတဲ့သူများကတော့ ပိုမိုနည်းပါးလှတယ်။ အဲဒီအချက် ကို သိရှိတော်မူတဲ့အတွက် ဆရာတော်ဘုရားဟာ ကကြီးရေက၊ ကအစပြုပြီး၊ တရားထူးကို အလွယ်နဲ့ ရကြပါစေဆိုတဲ့ မေတ္တာဂရုဏာနဲ့ အပင်ပန်းခံပြီး သင်ကြားပြသပေးခြင်းဖြစ်ပါတယ်။ ဒီအချက်ကို လေးနက်တယ်လို့ သဘောမပေါက်ကြတဲ့အတွက် တရားထိုင်သူတော်တော်များများဟာ ဆရာတော်သင်ကြားပေးတဲ့ အသက်ရှူရှုကြ်နည်းကို မလိုက်နာဘဲ၊ ကိုယ်လုပ်လေ့လုပ်ထရှိသလို လုပ်နေကြတာကို မြင်ရတာ ဝမ်းနည်း စရာပေပ ခင်ဗျာ။

ဒီတော့ ဘာဖြစ်သလဲဆိုရင် ဝေဒနာသညာအဆင့်က ဝေဒနာ သမာဓိ၊ ဝေဒနာပညာအဆင့်တို့သို့မတတ်နိုင်ဘဲ ဝေဒနာကို သည်းမခံ နိုင်တဲ့အတွက် ဣရိယာပုတ်ကို ပြုပြင်လိုက်ကြ၊ တရားအထိုင်ရပ်လိုက်ကြ၊ လှန်ပစ် လိုက်ကြပါတယ်။ အထက်စခန်းကို မတက်လှမ်းနိုင်ကြတော့ပါဘူး။

မိတ်ဆွေ - အင်း ... ဒီလိုဆိုရင်တော့ ဝေဒနာချုပ်ဆုံးပြီး ဝေဒနာ သမာဓိ၊ ဝေဒနာပညာအဆင့်တို့သို့တက်လှမ်းနိုင်ဘို့ဦးမိုးကြိုးသင်ကြား ပေးနိုင်ရင် သင်ကြားပေးဘို့ လိုအပ်နေပြီပေါ့ ခင်ဗျာ။ စာရေးဆရာဘဝက ဝိပဿနာနည်းပြဆရာဘဝသို့ကူးပြောင်းဘို့ရာသာ စိတ်ကူးထည့်ပေ တော့ဗျို့။

မိုးကြိုး - တနေရာရာမှာ ယောဂီ ၁၀ ယောက်လောက်စုပြီး သင်ကြား ပေးဘို့ဖိတ်ခေါ်ရင်တော့ ကျွန်တော်အားလပ်ခဲ့ရင် သင်ကြားပေးဘို့ အဆင်သင့်ပါ။ ကျွန်တော်နဲ့တကွ သဲအင်းယောဂီဦးခဲမောင်၊ ဦးဘချစ် တို့ပါ လာရောက်ပြသမည်ဖြစ်ပါတယ်။ တရားအားထုတ်လိုတဲ့ ယောဂီ များဟာ သင်ကြားပြသပေးတဲ့အတိုင်း တသတွေမတိမ်းလုပ်ကြမယ် ဆိုရင်တော့ ၃ - ၄ ကြိမ်နဲ့ဘဲ ဝေဒနာသညာအဆင့်က ဝေဒနာသမာဓိ၊ ဝေဒနာ ပညာအဆင့်သို့ တက်လှမ်းနိုင်ကြမည်ဖြစ်ပါတယ်။ အဲဒီစခန်းမှ တဆင့် ဆရာတော်ဘုရားရဲ့ လမ်းစဉ်အတိုင်း ဆက်လက်အားထုတ်သွားခဲ့ရင် အရိယာဖြစ်ဘို့မခဲယဉ်းပါဘူး။

## ဒိဋ္ဌိသတ်-တဏှာသတ်စာအုပ်

မိတ်ဆွေ - ဦးမိုးကြိုးရေးသားထုတ်ဝေတဲ့ ဒိဋ္ဌိသတ် - တဏှာသတ်စာအုပ် ငါးထောင်ဟာ နှစ်လအတွင်းမှာ ကုန်သွားပြီလို့ကြားရတာ ဝမ်းသာသဗျာ။ သမထဝိပဿနာနဲ့ ပတ်သက်တဲ့ အလွန်ပျင်းစရာကောင်းသော စာမျိုးကို လူဖတ်များ၊ လူကြိုက်များတယ်ဆိုတာ လူဗိန်း၊ လူအပါမကျန် နားလည်

www.dhammaransi.com



လွယ်အောင်နဲ့ ဖတ်လို့ စိတ်ဝင်စားအောင် ရေးသားတင်ပြထားခြင်းထက် သမထဝိပဿနာအကျင့်တရားကို ပေါက်မြောက်ပြီးတဲ့ သဲအင်းဂူ ဆရာတော်ရဲ့ ကိုယ်တွေ့ကျင့်စဉ်နည်းနဲ့ ကျင့်ကြံအားထုတ်လိုကြတဲ့ ပရိသတ်များ ပေါပေါက်ထွန်းကားမြောက်မြားလာတဲ့အတွက်ကြောင့် ဒီစာအုပ်တွင် ကျယ်တာဖြစ်မှာဘဲလို့ယူဆပါတယ်။ ဒါထက် ကျွန်တော်တို့အရင်အပတ်က ဆွေးနွေးခဲ့တဲ့အကြောင်းနဲ့ ပတ်သက်ပြီး (၁)ဥပါဒါန် ဝေဒနာနာမ်ပေါ်မှာ ဥပါဒါန်ဖြုတ်ကာ ဒိဋ္ဌိသတ်ပုံနဲ့ (၂)ဥပါဒါန်ရုပ်ပေါ်မှာ တဏှာသတ်ပုံကို ဆက်လက်ဆွေးနွေးစမ်းပါဦးလို့ ဓမ္မမိတ်ဆွေတစ်ဦးက လာရောက် တောင်းပန်တဲ့အတွက် ဒီပြဿနာကို ဦးမိုးကြိုးက ဆက်လက်ပြီး ရှင်းလင်း တင်ပြစေချင်ပါတယ် ခင်ဗျား။

မိုးကြိုး - ဒိဋ္ဌိသတ်နည်းက တဖုံ၊ တဏှာသတ်နည်းက တခြား၊ အနီ သတ်နည်းနှစ်ပါးကို "စာမှာမတတ် ကိုယ်မှာတတ်" တဲ့ သဲအင်းဂူ ဆရာတော်ပေါ်လာမှဘဲ ရှင်းရှင်းလင်းလင်း ကွင်းကွင်းကွက်ကွက် လူဗိန်း၊ လူအ ပါမကျန် နားလည်သဘောပေါက်လာကြပါတယ်။ ဒါကြောင့်လဲ သဲအင်းဂူ ဆရာတော်ရဲ့ တရားပွဲများဟာ ရုပ်ရှင်ပွဲ၊ ဇာတ်ပွဲများထက်ပင် ပရိသတ် စည်ကားခြင်းဖြစ်ပါတယ်။ အဲဒါကို တွေ့မြင်ပြီး မနာလိုဝန်တို ဖြစ်သူများ သဲအင်းဂူဘုန်းကြီးဟာ စာလဲမတတ်ဘဲနဲ့ မဂ်လေးပါး၊ ဖိုလ် လေးပါးကို ဟောလိုဟော၊ တောင်စဉ်ရေ မရတွေပြောလိုပြောနဲ့ထင်ရာ စိုင်းနေတယ်လို့ အပြစ်ပြောပါတယ်။

အနီလိုသူတစ်ပါးရဲ့ အပြစ်ကို ပြောနေကြသူများနဲ့ ပတ်သက်ပြီး၊ ဘုရားရှင်က ဓမ္မပဒပါဠိတော်၊ မလဝဂ်၊ ဥဇ္ဈာနသညိတ္ထေရဝတ္ထုမှာ "၂၅၃၊ သူတပါး၏ အပြစ်ကို အစဉ်ရှုလျက် အမြဲမပြတ်ကဲ့ရဲ့တတ်သူအား၊ အာသာဝေါတရားတို့သည် တိုးပွားကုန်၏။ ထိုသူသည် အာသဝေါ ကုန်ခြင်းမှ ဝေးကွာ၏" လို့ဟောကြားဆုံးမပါတယ်။ အဲဒါကြောင့် အပြစ်ပြောသူတို့အား "ရဲဘော်သတိ" လို့သတိပေးလိုက်ပါတယ်။

တဖန်မြတ်စွာဘုရားသခင်က သစ္စာလေးပါးနဲ့ပတ်သက်ပြီး သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်စတဲ့ ဉာဏ်သုံးစားနဲ့ တကယ်သိ၊ အဟုတ်သိတဲ့ အရိယာသူတော်ကောင်းများသည်သာ မိမိတို့ သိမြင်သော အတိုင်း မဂ်ဖိုလ်အကြောင်းကို ဟောပြောနိုင်ကြောင်း၊ ဓမ္မပဒပါဠိတော် ဒွေသဟာယက ဘိက္ခုဝတ္ထုမှာ နွားရှင်းနဲ့နွားကျောင်းသား၊ ဥပမာဆောင်ပြီး အထင်အရှား

www.dhammaransi.com



ဟောကြားထားပြန်ပါတယ်။

ထိုပြင် ဝိသာခသူဌေး အနာဂမ်ပုဂ္ဂိုလ်ကြီး ပင်သူဌေးကတော် ဟောင်း ရဟန္တာမကြီးဖြစ်တဲ့ ဓမ္မဒိန္နာထေရီရဲ့ပြောစကားကို နားလည်ခြင်း မရှိကြောင်းကို ထောက်ရှုခြင်းအားဖြင့် ရဟန္တာရဲ့ပြောစကားတွင် ပါဝင်တဲ့ သဘောတရားများကို အနာဂမ်ပင်လျှင် နားမလည်ခဲ့သော် ပုထုဇဉ်ပုဂ္ဂိုလ် တို့ဟာ ဘယ်နည်းနှင့်မျှ နားမလည်နိုင်၊ သဘောမပေါက်နိုင်ဘူးဆိုတာ တထစ်ချမှတ်သား ထားသင့်ပါတယ် ခင်ဗျား။

မိတ်ဆွေ - ဒါထက် စကားလက်စနဲ့ ဝိသာခနဲ့ ဓမ္မဒိန္နာတို့ရဲ့ အမေးအဖြေကို အကျဉ်းတင်ပြပါခင်ဗျား။ ကြားနာစမ်းပါရစေ။

မိုးကြိုး - ရဟန္တာမကြီးဖြစ်လာတဲ့ မိမိရဲ့ဇနီးဓမ္မဒိန္နာထေရီကို အနာဂမ် ဖြစ်တဲ့ ဝိသာခါသူဌေးကြီးက လေးထွေသောမဂ်၌ ခဲခက်သော ပြဿနာကို ငါမေးတော့အံ့လို့ကြံပြီး ခန္ဓာငါးပါးဝယ် တဆယ့်ခြောက်ပါးသော ကိစ္စဖြင့် သိထိုက်သမျှသော လက္ခဏာကို မေးပါတယ်။ ဓမ္မဒိန္နာမထေရ်မဟာ မေးသမျှသော ပြဿနာ၌ ကြာရိုးကို သံလျက်နှင့် ပိုင်းဖြတ်သကဲ့သို့ မဆိုင်းမရပ်ဘဲ ဖြေပါတယ်။ အနီးလို ဖြေဆိုပြီးနောက် သူ့ရဲ့အဖြေကို အနာဂမ်ဖြစ်တဲ့ ဝိသာခါသူဌေးကြီးနားမလည်သဘောမပေါက်သည်ကို သိတဲ့အတွက် "ဝိသာခါဒါယကာ တရားတော်မည်သည်ကား လေးပါးသော ဂမ္ဘီရဂုဏ်တော်နှင့် ပြည့်စုံပါတယ်၊ ငါဖြေသော တရားကို ဘုရားသခင်အား လျှောက်ကြား၍ သဗ္ဗညုတ ဉာဏ်တော်နဲ့ ဆက်ဆံညီညွှတ်ပါက မှတ်သား ပိုက်ကျုံးပါလော့" လို့ပြောကြားပါတယ်။

ထိုအခါ ဝိသာခါသူဌေးဟာ ဓမ္မဒိန္နာထေရီရဲ့ အဖြေစကားကို ဖြေသောအတိုင်းမှတ်သားပြီး၊ ဘုရားရှင်အား လျှောက်ထားပါတယ်။ ဘုရားသခင်က "ဒါယကာ ငါ၏သမီးတော် ဓမ္မဒိန္နာသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်ကုန်သော ခန္ဓတို့၌ မြဲးယုက်လွှမ်းကာထားသော အဝိဇ္ဇာကွန်ယက်ကို ပယ်ဖျက်စွန့်ခွာခြင်း ကိစ္စပြီးစီးလေပြီ၊ တဏှာဟူသော အကြောင်းအားဖြင့် တပြောင်းပြန်ပြန် သံသရာ၌ ကျင်လည်ခြင်းမရှိပြီ၊ သင်မေးသော ပုစ္ဆာကို ငါဘုရားအား လျှောက်ထားခဲ့လျှင်လည်း ဓမ္မဒိန္နာ ဖြေသောအတိုင်းသာ ငါဖြေလတ္တံ့" လို့မိန့်တော်မူပါတယ်။ အနီးလိုဘုရား သခင်ရဲ့အဆုံးအဖြတ်ကို ကြားနာရတော့မှ ဓမ္မဒိန္နာဟာ ရဟန္တာမကြီးဇကန် ဖြစ်သည်ကို အနာဂမ်ဝိသာခါ သူဌေးဟာ စိတ်ချယုံကြည်သွားပါတယ်တဲ့ ခင်ဗျား။

www.dhammaransi.com



မိတ်ဆွေ - အင်း . . . ဗဟုသုတဖြစ်ရပါတယ် ခင်ဗျား။ ဒါထက် ဒိဋ္ဌိသတ်၊ တဏှာသတ်ပြဿနာကို ဆက်စမ်းပါအုံး ခင်ဗျား။
မိုးကြိုး - ဝိသုဒ္ဓိမဂ်ကျမ်းက ဒိဋ္ဌိကို အရင်သေအောင်သတ်ပြီးမှ တဏှာကို တဆင့်တက်ပြီး သတ်ရမယ်လို့ဆိုထားပါတယ်။ ဒိဋ္ဌိသေရင် အပါယ် လေးပါးက လွတ်မြောက်ပါတယ်။ တဏှာသေခဲ့ရင်တော့ နိဗ္ဗာန်သို့ဆိုက်ရောက်ပါတယ်။

www.dhammaransi.com



## သဲအင်း ကျင့်စဉ်

သဲအင်းဂူဆရာတော်ဘုရားဟာ လွန်ခဲ့သော နှစ်နှစ်တို့ကာလ ပတ်လုံး (၁)ဒိဋ္ဌိသေအောင် ဒိဋ္ဌိကို ဦးစွာသတ်စေပြီးမှ၊ (၂)တဏှာကို နောက်ထားပြီး သတ်သောနည်းကို သင်ကြားပေးခဲ့ပါတယ်။

သို့ရာတွင် ပါရမီရင့်ပြီး၊ သမာဓိကြီးထွားနေတဲ့ တပည့်ယောဂီများ လျင်လျင်မြန်မြန်နဲ့ တရားထူးရစေရန်၊ ၁၃၃၁ - ခုနှစ် ဝါတွင်းလေးလမှာ ဒိဋ္ဌာန်စခန်းဖွင့်ပြီး အချိန်ပြည့်တရားအားထုတ်စေကာ ဒိဋ္ဌိနဲ့ တဏှာကို ပူးတွဲပြီးသတ်တဲ့ စုံတွဲသတ်နည်းကို သင်ကြားပေးပါတယ်။ အနီစုံတွဲ သတ်နည်းနဲ့ ဒိဋ္ဌိစခန်းမှာ ဝင်ရောက်ပြီး တရားအားထုတ်တဲ့ ယောဂီအချို့ဟာ အနာဂါမ်အဆင့်အတန်းသို့ထိအောင် တက်လှမ်းနိုင်ခဲ့ကြပါတယ်။

### ဒိဋ္ဌိသတ်နည်း

ငါ၊ သူတပါး၊ ယောက်ျား၊ မိန်းမဆိုတဲ့ အယူအမှတ်များခြင်း မိစ္ဆာဒိဋ္ဌိကို ဥပါဒန်ဖြစ်တဲ့ ဝေဒနာနာမ်ပေါ်မှာ ဒုက္ခအားဖြင့် ရှုပွားပြီး ပယ်သက်စေပါတယ်။ ဒီလိုပယ်သက်ခြင်းဟာ ဘုရားဟောဒေသနာနဲ့ ညီညွတ်ကြောင်းကို ဝိသုဒ္ဓိမဂ်ကျမ်းမှာ အတိအလင်းဖော်ပြထားပါတယ်။ ဘယ်လိုဖော်ပြထား သလဲဆိုရင် ဝေဒနာက္ခန္ဓကို ဒုက္ခအားဖြင့် ရှုသော ယောဂီသည် ...

(က) ဖဿဟာရကို ပိုင်းခြား၍သိ၏၊

(ခ) ဒုက္ခ၌ သုခဟု မှတ်များသော ဝိပ္ပလ္လာသသုံးပါးကို ပယ်စွန့်နိုင်၏၊

(ဂ) ဘဝေါဃကို ကူးခတ်နိုင်၏၊

(ဃ) ဘဝယောဂနှင့် မယှဉ်၊

(င) ဘဝါသဝအားဖြင့် အာသဝေါကင်း၏၊

www.dhammaransi.com



(စ) ဗျာပါဒကာယဂန္ထကို ဖျက်ဆီးနိုင်၏၊

(ဆ) သီလဗ္ဗတုပါဒါန်ဖြင့် မစွဲလန်းဟူ၍ပင်ဖြစ်ပါတယ် ခင်ဗျား။

မိတ်ဆွေ - သဲအင်းဂူကျင့်စဉ်က ဒီလိုဘုရားဟောဒေသနာနဲ့ညီညွတ် ပါလျက်နဲ့ သဲအင်းဂူတရားကို အပြစ်ပြောသူများဟာက ဘာသဘောလဲဗျ။

မိုးကြိုး - ဘာသဘောရမှာလဲ "နန်းရဝေမန်းမြေမှာ စပယ်လှိုင်တော့ ခံပန်းနိုင်ယာယီရွှေ့တယ်၊ တောလေ့ရှာသုံး" ဆိုရတာလို စပယ်ပန်းနဲ့တူတဲ့ သမထ - ဝိပဿနာ တရားစစ်၊ တရားမှန်တွေ ပေါ်ပေါက်ထွန်းကား လာတဲ့အခါ ခံပန်းနဲ့တူတဲ့ တောဓလေ့ရှာသုံးတရားတွေ ယာယီရွှေ့မှာ စိုးလို့ခံပန်းတွေ မခံနိုင်မရပ်နိုင်ဖြစ်ကာ သောင်းကျန်းကြတဲ့ သဘောမျိုး ပေါ့ဗျ။

မိတ်ဆွေ - ဒီအပြောမျိုးကတော့ ကျန်နေပေသေးသကိုး၊ ဒါထက် ဆက်စမ်းပါအုံး ခင်ဗျာ။

မိုးကြိုး - သဲအင်းဂူဆရာတော်ဘုရားဟာ ဒိဋ္ဌိသတ်ရန် ဝေဒနာနာမ်ကို အရှုခံအာရုံအဖြစ်ထားကာ ရှုပွားစေပြီး၊ တဏှာသတ်ရန်အတွက် ရုပ်ကို အသုဘလို့ရှုပွားခိုင်းပါတယ်။ အဲဒီလို ရှုပွားခိုင်းခြင်းကို သမထကြီး ပါကွာလို့ ဘိုင်ကျလို့ ဘေးမှာ ထိုင်ပြီး ဘုပြောတဲ့၊ ဘသုံးလုံးသမားများက အတင်းအဖျင်းပြောကြပေမယ့် သဲအင်းဂူဆရာတော်ရဲ့ရုပ်ကို အသုဘဟု ရှုပွားခြင်းဟာ ဘုရားဟော ဒေသနာနဲ့တသဝေမတိမ်းညီညွတ်ကြောင်းကို ဝိသုဒ္ဓိမဂ်ကျမ်းကြီးက အထင်အရှားထောက်ခံထားပါတယ်။ ဘယ်လိုလဲဆိုရင် အဇ္ဈတ္တိကရုပ်ကို အသုဘဟု ရှုပွားသော ယောဂီသည် -

(က) ကဗဠီကာယဟာရ၊ ပိုင်းခြား၍ သိ၏၊

(ခ) အသုဘဖြစ်သော အဇ္ဈတ္တိကရုပ်၌ သုဘဟု မှတ်သားသော၊ သညာဝိပ္ပလ္လာသစိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ တို့ကို စွန့်ပယ်နိုင်၏၊

(ဂ) ကာမောဃကို ကူးခတ်နိုင်၏၊

(ဃ) ကာမယောဂနှင့် မယှဉ်၊

(င) ကာမာသဝအားဖြင့် အာသဝေါကျင်း၏၊

(စ) အဘိဇ္ဈာဟူသော ကာယဂန္ထကို ဖျက်ဆီးနိုင်၏၊

(ဆ) ကာမုပါဒါန်းဖြင့် မစွဲလန်း ... ဟူ၍ပင် ဖြစ်ပါတယ် ခင်ဗျား။

မိတ်ဆွေ - အင်း ... ကောင်းလှပါပေတယ်ဗျာ။ ဒါထက် သဲအင်းဂူ တရားဟာ အမှားကြီးပါကွာလို့ပြောသူများဟာ သူတို့မှန်တယ်၊ ဒေသနာနဲ့ကိုက်တယ်ဆိုတဲ့

www.dhammaransi.com



ကျင့်စဉ်များကို ကိုယ်တိုင်ကျင့်ကြံအားထုတ်ပြီး ကိုယ်တိုင်မှန်သည်လို့ သိသောအခါမှာ အစားထိုးပြီး သင်ကြားပေးဘို့မကောင်းပေဘူးလား ခင်ဗျား။

မိုးကြိုး - ဒါထက် သတိပဋ္ဌာန်ကိုကျင့်ကြံအားထုတ်ပါလျက်၊ သတိပဋ္ဌာန် မဖြစ်တဲ့ မောဟပဋ္ဌာန်ဖြစ်ပုံများကို ကျွန်တော်နောက်တပတ်မှာ တင်ပြ ပါမယ် ခင်ဗျား။

www.dhammaransi.com



## သာသနာ အဓွန့်ရှည်စွာ တည်တံ့ရေး

မိတ်ဆွေ - လွန်ခဲ့တဲ့အပတ်က ဆွေးနွေးခဲ့တဲ့ လက်စကို ဆက်လက်မဆွေးနွေးမီ ကျွန်တော်ထံသို့ လာရောက်မေးမြန်းတဲ့ ဓမ္မမိတ်ဆွေတဦးရဲ့ အမေးကို ဖြေကြားစေချင်ပါတယ်။

မိုးကြိုး - ဆိုစမ်းပါဘယ်လိုပါတဲ့လဲ။

မိတ်ဆွေ - ဖေဖော်ဝါရီလ ၁၄ ရက်နေ့ထုတ် သတင်းဂျာနယ်မှာ သောတာပန်အရိယာ "ကိုယ့်စိတ်ကို ကိုယ်စစ်" တဲ့ သဲအင်းဂူစစ်ဆေး၊ စမ်းသတ်နည်းကို ဦးမိုးကြိုးတင်ပြခဲ့ပါတယ်။

သမထ ဝိပဿနာကို ကျင့်ကြံအားထုတ်နေတဲ့ တရားယောဂီ ဟာ တရားထိုင်နေချိန်မှာ ဖါတ်ကြီးလေးပါးဖေါက်ပြန်မှုကြောင့်၊ ကာယိက - ဒုက္ခဝေဒနာတွေ ပေါ်လာကြတယ်။ ဒီလိုပေါ်လာတဲ့အခါဒိဋ္ဌိဆိုတဲ့ ငါစွဲ မပြုတ်ခဲ့ရင်၊ ငါနာတယ်၊ ငါကျင်တယ်လို့ ပုထုဇဉ်အထင်မျိုးထင်မြင်ပြီး မခံနိုင်၊ မရပ်နိုင် ဒေါသဖြစ်ကာ ဣရိယာပုတ်ကို ပြုပြင်ပြောင်းလဲ ပစ်လိုက် ပါတယ်။ အကယ်၍ အဓိဋ္ဌာန်နဲ့ တစ်နာရီ၊ နှစ်နာရီ ထိုင်တယ်ဆိုရင်လဲ နာရီပြည့်အောင် ဒေါသဖြစ်လျက်နဲ့အောင့်အီးကာ ထိုင်နေရပါတယ်။

သက္ကာယဒိဋ္ဌိပြုတ်နေတဲ့ သောတာပန်အရိယာဖြစ်ခဲ့ရင်တော့ ထိုထို နာကျင်ကိုက်ခဲမှုကို ဝေဒနာဟာနာမ်၊ နာမ်ရဲ့ ပရမတ္ထသဘာဝဟာလဲ ခံစားမှုသက်သက်မျှသာဖြစ်တယ်။ နာသူမရှိ၊ ကိုက်သူမရှိဘူး။ သူ့သဘောကို သူဆောင်နေတဲ့ အနတ္တလက္ခဏာပါလားလို့ သိမြင်ပြီး၊ ထိုဝေဒနာပေါ်မှာ ဒေါသကိလေသာမဖြစ်ဘဲ သည်းခံနိုင်တယ်လို့ဆိုထားပါတယ်။ သဘောကတော့ ကိုယ်၌ဖြစ်တဲ့ ဒုက္ခဝေဒနာတခုကိုသာ ခံစားရတယ်။ စိတ်၌ဖြစ်တဲ့ ထပ်ဆင့်အပိုဝေဒနာကို မခံစားရဘူးလို့ဆိုခြင်းဖြစ်ပါတယ်။

www.dhammaransi.com



ထိုဓမ္မမိတ်ဆွေဟာ သမထ - ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ပြီးနောက် ကမ္မဋ္ဌာန်းဆရာဟောပြောတဲ့ "ဝိပဿနာဉာဏ်စဉ်" များကို ကြားနာထားရသောကြောင့် မိမိကိုယ်ကို မိမိသောတာပန် အရိယာကြီးရယ်လို့ ထင်မြင်ယူဆနေပါတယ်။ ထိုဓမ္မမိတ်ဆွေဟာ ဦးမိုးကြိုးတင်ပြသော သဲအင်းဂူစမ်းနည်းနဲ့ မိမိကိုယ်ကို စမ်းသပ်ကြည့်တဲ့ အခါ တရားထိုင်နေစဉ်မှာ ပေါ်လာကြတဲ့ နာကျင်ကိုက်ခဲမှု၊ ကာယိက - ဒုက္ခဝေဒနာတွေကို သည်းမခံနိုင်သည့်အတွက် ဣရိယာပုတ်ကို ပြုပြင် ပေးလိုက်ရပါတယ်။

ထို့ကြောင့် ဦးမိုးကြိုးတင်ပြထားတဲ့ သဲအင်းဂူစမ်းသပ်နည်းအရ ဆိုရင် သူဟာ သောတာပန်အရိယာမဟုတ်ပါဘဲ ပုထုဇဉ်ဖြစ်နေပါတယ်။

ဒါကြောင့် ဦးမိုးကြိုးတင်ပြတဲ့ သဲအင်းဂူစမ်းသပ်နည်းဟာ ငါထင်ရာ ငါပြောတဲ့ ငါ့သဘောလား၊ သို့တည်းမဟုတ် ဘုရားဟောဒေသနာလမ်း စမ်းနည်းလားဆိုတာ မေးပေးစမ်းပါတဲ့။ ဒီလိုမေးမြန်းခြင်းဟာ အမှန်တကယ်ကို သိချင်လို့ ရိုးသားတဲ့ မေးခြင်းဖြစ်ပါတယ်။ ဦးမိုးကြိုးကို "ဝွတော" လိုခြင်း အလျှင်းမဟုတ်ပါတဲ့ ခင်ဗျား။

မိုးကြိုး - အင်း ... တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းဘဲ ဗျို့။ ရဟန္တာဟောနဲ့ ဘုရားဟော ဒေသနာများကို ကိုးကားပြီး ဖြေဆို ရမှာပေါ့။ ဒါပေမယ့် မိုးကြိုးဆိုတဲ့ ငနဲဟာ ပညာရဲရင့်သဖြင့် ပွဲလည် တင့်ပေသော ကွယ်လွန်သူ ဆရာကြီးကိုယ်တော်မှိုင်းကဲ့သို့ "ဖြေမနော် - အဖက်ဖက်က စမ်းကြပါလော့၊ မပြေသော်တသက်နှင့် နှစ်သက် တမ်းပါဘဲ" ဆိုတဲ့ "ချဲ့လင်း" မျိုးနဲ့ "စိမ်" ခေါ်ရဲသူ မဟုတ်ဘူးဆိုတာ ကိုတော့ မိတ်ဆွေသတိပြုစေချင်ပါတယ်။

မိတ်ဆွေ - ဝှေ့လည်ပြောင်ပတ်တွေနဲ့ စကားတတ်တိုင်းလုပ်မနေ စမ်းပါနဲ့ဗျာ။ ဖြေမှာသာ ဖြေစမ်းပါ။ သတင်းဂျာနယ်ဖတ် ပရိသတ်များဟာက ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားချိန်ဆနိုင်တဲ့ ပညာရှိပရိသတ်တွေဖြစ်လို့ ဖြီးလိုဖြန်းလို့ မရဘူးဆိုတာကိုလဲ ဦးမိုးကြိုးသိထားစေချင်ပါတယ်။

မိုးကြိုး - အလို ... ကြိမ်းလှ၊ မောင်းလှချည့်လား ကိုယ့်ဆရာ။ ဒါထက် မိတ်ဆွေရဲ့ မေးခွန်းကို နှစ်ပိုင်း ပိုင်းခြားပြီး ဖြေဆိုပါ့မယ်။

(၁) အချို့ကမ္မဋ္ဌာန်းဆရာများဟာ သမထဝိပဿနာတရားကို ကျင့်ကြံအားထုတ်လို့ တလတန်သည်၊ ၄၅ ရက်တန်သည် အချိန်ကြာတဲ့အခါ ထိုယောဂီအား ဝိပဿနာဉာဏ်စဉ်ကို ဟောကြားလေ့ရှိပါတယ်။ သဘောကတော့ တရားယောဂီဟာ တရားအားထုတ်စဉ်မှာ

www.dhammaransi.com



မိမိကိုယ်တွေ့ဖြစ်တဲ့ အတွေ့အမြင်များကို ဘုရားဟောဒေသနာ ဉာဏ်စဉ်နဲ့ တိုက်ဆိုင်ပြီး ကိုယ့်စိတ်ကို ကိုယ်စစ်ဆေးကာ ငါဘာလဲဆိုတာကို စဉ်းစားချိန်ဆနိုင်ရန် ဉာဏ်ပေတံပေးခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဉာဏ်စဉ်ကို ကြားနာရတယ်ဆိုရုံနဲ့ မိမိကိုယ်ကို မိမိသောတာပန်အရိယာဘဲလို့အထင်မကြီးသင့်ပါဘူး။ သောတာပန် အသိမျိုးကို တဒင်္ဂအနေ ခေတ္တသိခြင်း၊ ဝိက္ခမ္ဘနအနေတာရှည်သိခြင်း၊ သမုစ္ဆေဒအနေ အမြဲထာဝစဉ်သိခြင်းဆိုတဲ့ အသိသုံးမျိုးသုံးစား ရှိခြင်းကိုလဲ အထူးသတိပြုရမည် ဖြစ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးအား သောတာပန်အရိယာဘဲ၊ သကဒါဂါမ်အရိယာဘဲ၊ အနာဂါမ်ဘဲ၊ ရဟန္တာဘဲလို့ တထစ်ချ ဆုံးဖြတ်နိုင်သူဟာ မြတ်စွာဘုရား သခင်တစ်ပါးသာလျှင်ဖြစ်ပါတယ်။ ထို့ပြင် တရားယောဂီဟာ ကိုယ့်စိတ်ကို ကိုယ်စစ်တဲ့ ဉာဏ်နဲ့ ပြည့်စုံပြီး အချိန်ယူကာ ကိုယ့်စိတ်ကိုကိုယ် စစ်ကြည့်ရင်လဲ သိနိုင်စွမ်းရှိပါတယ်။ အဲဒါက မေးခွန်းရဲ့ပထမပိုင်းအဖြေဖြစ်ပါတယ်။

(၂) ယထာဘူတဉာဏ်ကို မြဲမြဲစွဲစွဲ ကိုယ်ပိုင်ရရှိကာ ဝသီဘော်ဝင်ထားတဲ့ စူဠသောတာပန်သည်ရင်း၊ မဂ်ဉာဏ်ဖိုဉာဏ်ကို ကိုယ်ပိုင်ရရှိထားတဲ့ မဟာသောတာပန်အရိယာကြီးသည်ရင်း၊ ငါစွဲ - သူစွဲ ပုဂ္ဂိုလ်စွဲဆိုတဲ့ သက္ကာယဒိဋ္ဌိကွာနေတဲ့အတွက် ကာယိက - ဒုက္ခဝေဒနာကို ခံစားရတဲ့ အခါမှာ ငါနာတယ်၊ ငါကျင်တယ်၊ ငါကျင်တယ်၊ ငါခဲတယ်ဆိုတဲ့ အမြင်အသိပျောက်ပြီး၊ ဝေဒနာနာမ်ခံစားတဲ့ ပရမတ္ထသဘာဝ ကြီးယာသက်သက်ကိုမျှသိတဲ့ အနတ္တလက္ခဏာ ဉာဏ်ကို ရရှိပါသည်။ ဒီပြဿနာနဲ့ပတ်သက်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစားချိန်ဆနိုင်ရန် မိလိန္ဒပဉှာ ပါဠိတော်၊ ဆဋ္ဌမူ မြန်မာပြန်၊ အနုမာန ပဉှာလာ (ရဟန္တာ ဝေဒနာ၊ ခံစားခြင်းပြဿနာ)ကို တင်ပြပါမယ်။ ထို့ပြင် ဘုရားဟော၊ ဝေဒနာသံယုတ်၊ သလ္လသုတ် အကျယ်ကိုလဲ ဖတ်ရှုလေ့လာပါလို့ တိုက်တွန်းပါတယ် ခင်ဗျား။

## ရဟန္တာ–ဝေဒနာ–ခံစားခြင်း–ပြဿနာ

မေး - အသျှင်နာဂသေန၊ အဘယ်အကြောင်းကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည်

www.dhammaransi.com



(၁)ကိုယ်၌လည်းဖြစ်၊ (၂)စိတ်၌လည်းဖြစ်သော ဝေဒနာကို ခံစားပါ သနည်းဟု လျှောက်၏။

ဖြေ - မင်းမြတ်၊ စိတ်ကို မပွားများ မထုံအပ်သည်၏ အဖြစ်ကြောင့်၊ ပုထုဇဉ်ပုဂ္ဂိုလ်သည် (၁)ကိုယ်၌လည်းဖြစ်သော (၂)စိတ်၌လည်းဖြစ်သော ဝေဒနာကိုခံစား၏။ မင်းမြတ်ဥပမာသော်ကား။ ဆာလောင်မွတ်သိပ်သော နွားကို အားနည်းချို့တဲ့၍ အနည်းငယ်သော မြက်ပင်တို့၌ရင်း၊ နွယ်၌ရင်း၊ ဖွဲ့ချည်ထားသည်ဖြစ်ရာ၏ ထိုနွားသည် အမျက်ထွက်သောအခါ ဖွဲ့ချည်ထားသော မြက်နွယ်နှင့်တကွ ထွက်သွား၏။ မင်းမြတ်ဤအတူသာလျှင် မပွားစေအပ်သော စိတ်ရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အား ခံစားမှုဝေဒနာသည် ဖြစ်၍ စိတ်ဖောက်ပြန်လတ်သော် ကိုယ်ကိုတုံ့စေ၏။ မစောင့်ထိန်းနိုင်၊ တပြောင်းပြန်ပြန်ဖြစ်၏။ ထိုအခါ၌ ထိုပုဂ္ဂိုလ်သည် မပွားစေအပ်သော စိတ်ရှိသည်ဖြစ်၍ ထိတ်လန့်၏။ မြတ်တမ်း၏။ ကြောက်ဖွယ်ကောင်းသော အသံကို အော်၏။ မင်းမြတ်၊ အကြင်အကြောင်းကြောင့် ပုထုဇဉ်သည် (၁)ကိုယ်၌လည်းဖြစ်၊ (၂)စိတ်၌လည်းဖြစ်သော ဝေဒနာတို့ကို ခံစား၏။ ဤအရာ၌၊ ဤသည်ကား အကြောင်းတည်း။

မေး - အကြင်အကြောင်းကြောင့် ရဟန္တာသည် (၁)ကိုယ်၌ဖြစ်သော တခုတည်းသောဝေဒနာကိုသာ ခံစား၏။ (၂)စိတ်၌ဖြစ်သောဝေဒနာကိုမခံစား။ ထိုအကြောင်းကားအဘယ်ပါနည်းဟု လျှောက်၏။

ဖြေ - မင်းမြတ်၊ ရဟန္တာ၏ စိတ်သည် ပွားစေအပ်ပြီး၊ ကောင်းစွာ ပွားများစေအပ်ပြီး၊ ဆုံးမယဉ်ကျေးပြီး၊ ကောင်းစွာဆုံးမယဉ်ကျေးပြီး၊ ကောင်းစွာနာယူပြီး၊ ဆိုဆုံးမတိုင်းလိုက်နာပြီးဖြစ်၏။ ထိုရဟန္တာပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိသိရှိသော် အမြဲမရှိ-အနိစ္စဟူ၍ မြဲစွာစွဲယူ၏။ သမာဓိတည်းဟူသော တိုင်၌စိတ်ကိုမြဲစွာ ဖွဲ့ချည်ထား၏။ ထိုရဟန္တာ ပုဂ္ဂိုလ်၏ ထိုစိတ်သည်၊ သမာဓိတည်းဟူသော တိုင်၌မြဲစွာ ဖွဲ့ချည်ထား အပ်သည်ရှိသော် မယိမ်းမယိုင်၊ မတုန်မလှုပ် တည်တံ့၏။ မပျံ့လွင့်။ ထိုရဟန္တာ၏ (၁)ကိုယ်သည် ဝေဒနာဖြင့် ဖောက်ပြန်ပျံ့နှံ့ခြင်းကြောင့် တွန့်ခွေ၏။ မစောင့်ထိန်းနိုင် တပြောင်းပြန်ပြန်ဖြစ်၏။ မင်းမြတ် အကြင်အကြောင်းကြောင့်၊ ရဟန္တာသည် (၁)ကိုယ်၌ဖြစ်သော တခုတည်း သော ကာယိက ဝေဒနာကိုသာ ခံစား၏။ (၂)စိတ်၌ဖြစ်သော (စေတသိက ဝေဒနာ)ကိုကား မခံစား။ ဤအရာ၌၊ ဤသည်ကား အကြောင်းတည်းဟု ဖြေတော်မူ၏။

www.dhammaransi.com



မေး - အသျှင်နာဂသေန ကိုယ်တုန်လှုပ်ပါလျက် စိတ်မတုန်လှုပ်ခြင်းသည် အံ့ဖွယ်ရှိပါ၏။ ထိုသို့ဖြစ်ရာ၌ အကျွန်ုပ်အား အကြောင်းကို ဆိုတော်မူပါလော့ဟု လျှောက်၏။

ဖြေ - မင်းမြတ် ဥပမာသော်ကား ပင်စည် အခက်အရွက်နှင့် ပြည့်စုံသော သစ်ပင်ကြီးကို အားကြီးသော လေတိုက်ခတ်သော် အကိုင်းအခက်သည် တုန်လှုပ်၏။ ထိုသစ်ပင်ကြီး၏ ပင်စည်သည်လည်း တုန်လှုပ်သလောဟု မေးမြန်းတော်မူ၏။ အသျှင်ဘုရားမတုန်လှုပ်ပါဟု လျှောက်၏။ မင်းမြတ် ဤအတူသာလျှင် ရဟန္တာသည် ဆင်းရဲသော ဒုက္ခဝေဒနာနှင့် တွေ့ထိသည် ရှိသော် အနိစ္စဟူ၍ မြဲစွာ စွဲယူ၏။ သမာဓိတည်းဟူသော တိုင်၌ စိတ်ကို ဖွဲ့ချည်ထား၏။ ထိုရဟန္တာပုဂ္ဂိုလ်၏ ထိုစိတ်သည် သမာဓိတည်းဟူသော တိုင်၌ ဖွဲ့ချည်ထားအပ်သည်ရှိသော် မတုန်မလှုပ်တည်တံ့၏။ မပျံ့လွင့်။ ထိုရဟန္တာပုဂ္ဂိုလ်၏ ကိုယ်သည် ဝေဒနာဖောက်ပြန်ခြင်း၏ ပျံ့နှံ့သောကြောင့် တွန့်ခွေ၏။ မစောင့်ထိန်းနိုင်။ တပြောင်းပြန်ပြန်ဖြစ်၏။ မင်းမြတ် ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်ကား သစ်ပင်ကြီး၏ ပင်စည်ကဲ့သို့ မတုန်မလှုပ် ဟု ဖြေတော်မူ၏။

အသျှင်ဘုရားနာဂသေန အံ့ဖွယ်ရှိပါပေစွ။ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ။ အကျွန်ုပ်သည် ဤသို့သဘောရှိသော အခါခပ်သိမ်းတည်သော၊ တရားတည်းဟူသော ဆီမီးကို မမြင်ဘူးပါဟု လျှောက်၏။

## ဘုရားဟော သလ္လသုတ်အကျဉ်းချုပ်

ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် စိုးရိမ်ရ၏။ ပင်ပန်းရ၏။ ငိုကြွေးရ၏။ ရင်ထုလျက် မြည်တမ်းရ၏။ မိန်းမောခြင်းသို့ ရောက်ရ၏။ (၁)ကိုယ်၌လည်းဖြစ်သော၊ (၂)စိတ်၌လည်း ဖြစ်သော နှစ်မျိုးသော ဝေဒနာတို့ကို ခံစားရ၏။ ထိုသူသည် ထိုဝေဒနာတို့၏ (၁)ဖြစ်ကြောင်းကိုရင်း၊ (၂)ချုပ်ကြောင်းကိုရင်း၊ (၃)သာယာဖွယ်ကိုရင်း၊ (၄)အပြစ်ကိုရင်း၊ (၅)ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာမသိ။

ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည်ကား ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ထုလျက် မမြည်တမ်း၊ မိန်းမောခြင်းသို့ မရောက် ထိုသူသည် (၁)ကိုယ်၌ဖြစ်သော ဝေဒနာတမျိုးကိုသာ ခံစားရ၏။ (၂)စိတ်၌ဖြစ်သော ဝေဒနာကို မခံစားရ။

www.dhammaransi.com



ထိုသူသည် (၁)ဝေဒနာတို့၏ ဖြစ်ကြောင်းကိုရင်း၊ (၂)ချုပ်ကြောင်းကိုရင်း၊ (၃)သာယာဖွယ်ကိုရင်း ဟုတ်တိုင်းမှန်စွာသိ၏... ဟူ၍ပင် ဖြစ်ပါတယ် ခင်ဗျား။

မိတ်ဆွေ - ကျေးဇူးအထူးတင်ပါတယ်။ ဒါထက် ဒီဒေသနာအရက သောတာပန်အရိယာကို မဆိုလိုဘဲ၊ ရဟန္တာကိုသာဆိုခြင်းဖြစ်တယ်လို့ ကျွန်တော်သဘောပေါက်ပါတယ်။ ဦးမိုးကြိုး ဘယ်လိုယူဆပါသလဲ ခင်ဗျား။

မိုးကြိုး - မိတ်ဆွေရဲ့အယူအဆက အဖြောင့်အမှန်မဟုတ်ဘဲ အကောက်ညာက်ဖြစ်နေပါတယ်။ မိတ်ဆွေယူဆပုံမျိုးဆိုရင် သောတာပန်ကြီးဟာဘုတ်ကြီးလေးပါး၊ မြွေကြီးလေးစင်းကိုက်သဖြင့် သေခါနီးဆဲဆဲမှာ ကာယိကဒုက္ခရော၊ စေတသိကဒုက္ခပါ ခံစားပြီး၊ အော်ဟစ်ကာ ဒေါသစိတ် နဲ့ သေရမလိုဖြစ်မနေပေဘူးလား။ ဒေါသစိတ်နဲ့သေခဲ့ရင် ဒေါသစိတ် ကြောင့် အပါယ်လားရမည့် မုချဖြစ်မနေပေဘူးလား။ အဲ့ဒီအချက်ကို မိတ်ဆွေစဉ်းစားပြီး ကြိုက်သလိုယူဆပေတော့။

တခြားတခြားသော တရားယောဂီများ အကြောင်းကို ကျွန်တော် မပြောလိုပါဘူး။ သဲအင်းယောဂီများကတော့ တရားအားထုတ်စဉ်မှာ ပေါ်လာကြတဲ့ ဓါတ်ကြီးလေးပါးဖောက်ပြန်မှု ဒုက္ခဝေဒနာတွေမှ လွတ်ကင်းတဲ့ ထွက်မြောက်ရာကို အထက်ကပြောခဲ့တဲ့ ဘုရားဟော ဒေသနာနဲ့အညီ ဟုတ်တိုင်းမှန်စွာသိနေအောင် မသေမီကပင် အလေ့အကျင့် လုပ်ထားသူများ ဖြစ်ကြပါတယ်။ အဲဒီအချက်ကို ထောက်ရှုပြီး ကျေးဇူးရှင်သဲအင်းဂူ ဆရာတော်ဘုရားက သဲအင်းယောဂီတွေ ဘယ်အကျင့်ကို ကျင့်ကြံအားထုတ်သလဲလို့မေးရင် အသေတတ်ဘို့ကျင့်နေကြတယ်လို့သာ ပြန်ပြောပေတော့လို့ အမိန့်ရှိပါတယ်။ အသေတတ်အောင် ကျင့်တယ်ဆိုတာ ဒုက္ခ-ဝေဒနာနဲ့ တွေ့တဲ့အခါ ကာယိကဒုက္ခကိုသာ ခံစားပြီး (စေတသိက) စိတ်၌ဖြစ်တဲ့ ဒေါမနဿဝေဒနာကို မခံစား ရလေအောင် မသေမီက အလေ့အကျင့်လုပ်ခြင်း ဖြစ်တယ်ဆိုတဲ့ သဘောဘဲဖြစ်ပါတယ်။

မိတ်ဆွေ - သဘောပေါက်ပါပြီ ခင်ဗျား။ ယောဂီပုဂ္ဂိုလ်ဟာ ကိုယ့်စိတ်ကို ကိုယ်စစ်ကြည့်ရင် ငါဘာလဲဆိုတာသိနိုင်ကြောင်း ထင်ရှားလှပါပြီ။

မိုးကြိုး - ဒါထက် ရှေးရှေးတုန်းက ပါဠိစာပေမတတ်သူတွေ လက်လှမ်းမမှီတဲ့ ပါဠိပိဋကတ်တော်များဟာ ယခုအချိန်မှာဆိုရင် ဆဋ္ဌမ-မြန်မာပြန်များ ပေါ်ပေါက်နေပြီဖြစ်တဲ့အတွက် စာတတ်သူတိုင်း အလွယ်နဲ့ ဖတ်ရှုနိုင်တဲ့ ပရိယတ်သာသနာတော်ပွင့်လင်းနေချိန်ဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ

www.dhammaransi.com



သတိပဋ္ဌာန်လေးပါးကို အရိယာဆရာကောင်းထံမှာ နည်းခံကာ ကျင့်ကြံအားထုတ်ပြီး၊ ကိုယ်တွေ့ဉာဏ်အမြင်များကို ပရိယတ်စာပေတာံနဲ့ ကိုယ်တိုင်တိုင်းထွာတဲ့ အလေ့အကျင့် စည်ပင်ပြန့်ပွားလာခဲ့ရင် "တတ်ယောင်ကား" တို့ရဲ့ အလိမ်ကိုမခံရတော့ဘဲ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဆိုတဲ့ သာသနာသုံးရပ်လုံးဟာလဲ အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲ မည်ဖြစ်ပါတယ် ခင်ဗျား။

## မောဟာပဋ္ဌာန်

**မိတ်ဆွေ** - မောဟာပဋ္ဌာန်ဆိုတဲ့ အကြောင်းကို ဆွေးနွေးတင်ပြမယ်လို့ ကတိပြုခဲ့ပါတယ်။ ဒါထက် သတိပဋ္ဌာန်လို့သာ ကြားဘူးပါတယ်။ ဦးမိုးကြိုး ဖက်ရှင်ထွင်လိုက်တဲ့မောဟာပဋ္ဌာန်ရယ်လို့တော့ဖြင့် နားမျှလေသံမှ မကြားဘူးပါ။ ရှင်းစမ်းပါ ခင်ဗျား။

**မိုးကြိုး** - ဘုရားဟော မဟာသတိပဋ္ဌာနသုတ်ဆိုတာက အလွန်တရာ ကြီးကျယ်ထင်ရှားလူသိများလှတဲ့ သုတ်ဖြစ်ပါတယ်။ နိဗ္ဗာန်ရောက်ကြောင်း အတွက် တခုတည်း၊ တကြောင်းတည်းသော ခရီးလမ်းဖြစ်ပါတယ်။ တခြား တပါး အကျင့်မြတ်တရားမရှိဘူးလို့ဆိုထားပါတယ်။

မြန်မာအခေါ်သတိပဋ္ဌာန်၊ ပါဠိအခေါ်သတိပဋ္ဌာန ဆိုတဲ့ပုဒ်ရဲ့အဓိပ္ပါယ်က အာရုံ၌ သတိ၏ မြဲမြံစွာတည်ခြင်းဟူ၍ပင်ဖြစ်ပါတယ်။ သတိပဋ္ဌာန်ဆိုတဲ့ အကျင့်မြတ်ကို သတိဦးစီးပြီး အားထုတ်ရပါတယ်။ ဒါ့ကြောင့် နိဗ္ဗာန်သို့ သွားရာလမ်းခရီးမှာ သီလ - သမာဓိ - ပညာဆိုတဲ့ လှေခါသုံးထစ်နေရာမှာ သတိပဋ္ဌာန်ကို ကျင့်ကြံအားထုတ်တဲ့ ယောဂီ ပုဂ္ဂိုလ်အရဆိုရင် သတိ၊ သမာဓိ၊ ပညာဆိုတဲ့ လှေခါးသုံးထစ်ကို အစားထိုး သင့်တယ်လို့ထင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သတိပဋ္ဌာန်တရားကို ကျင့်ကြံအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တို့လက်ကိုင်ထားရမဲ့ (၁)သဒ္ဓါဗိုလ်၊ (၂)ဝီရိယဗိုလ်၊ (၃)သတိဗိုလ်၊ (၄)သမာဓိဗိုလ်၊ (၅)ပညာဗိုလ်ဟူ၍ (အားငါးပါး)ရှိတဲ့အနက် သဒ္ဓါအားနဲ့ ဝီရိယအားကို ထူထောင်လိုက်ခဲ့ရင် သတိအားဟာ ကြီးမားလာပါတယ်။ သတိအား ကြီးမားလာခဲ့ရင် သမာဓိအားဖြစ်လာပြီး၊ ထိုမှတဆင့် ဝိပဿနာယောဂီဟာ ပညာအားကောင်းသော အဆင့်အတန်းသို့ တက်လမ်းနိုင်မည်ဖြစ်ပါတယ်။ ထို့ကြောင့် သတိ - သမာဓိ - ပညာရယ်လို့ လှေခါးသုံးထစ်ကိုအစားထိုးသင့်တယ်လို့ကျွန်တော်ဆိုခြင်းဖြစ်ပါတယ် ခင်ဗျား။

www.dhammaransi.com



ဝိပဿနာယောဂီ အရှုခံအာရုံအဖြစ်ဖြင့် ထားရမဲ့ တရားများဟာက ရုပ်ခန္ဓာတပါးနဲ့ ဝေဒနာ - သညာ - သင်္ခါရ - ဝိညာဏ်ဆိုတဲ့ နာမ် ခန္ဓာလေးပါး တိုဖြစ်ပြီး ထိုခန္ဓာငါးပါး၊ ရုပ် - နာမ်နှစ်ပါးတို့ဟာ အတူဖြစ် အတူပျက်ကြ တဲ့အတွက် ယောဂီပုဂ္ဂိုလ်ဟာ (၁)သုခဝေဒနာ၊ (၂)ဒုက္ခဝေဒနာ၊ (၃)ဥပေက္ခာ ဝေဒနာဆိုတဲ့ဝေဒနာသုံးပါးအနက် တစ်ပါးပါးကို ခံစားရမည်ဖြစ်ပါတယ် ခင်ဗျား။ မခံစားဘဲနေလို့မဖြစ်ပါ။

အနိုလို ဝေဒနာကို ခံစားရတဲ့အခါ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ဝေဒနာဟာ ဝေဒနာတွင် မရပ်ခဲ့သော် တဏှာ - ဥပါဒါန်စသည်တို့ကို ကူးကာ ဘဝသံသရာစက်ရဟတ်ဟာ လည်ပတ်သွားမည်ဖြစ်ပါတယ်။ တဏှာ ဆိုတာက (၁)လောဘတဏှာ (၂)ဒေါသတဏှာ (၃)မောဟတဏှာတို့ဘဲ ဖြစ်ပါတယ်။ မီးတစ်ဆယ့်တစ်ပါးတို့ရဲ့ မူလဗီဇရေသောက်မြစ်ဖြစ်တဲ့ တရားဟာလဲ ထိုတဏှာသုံးပါးပင်ဖြစ်ပါတယ်။

## တေးဘုမ္မာ ယိုးဒယား

ဒါ့ကြောင့် ကျိုက်လတ်မြို့သားစာရေးဆရာကြီး ဦးပြုံးချိုက သူရေးသားသော တေးဘုမ္မာ၊ ဓမ္မဂီတ ယိုးဒယားကြီးမှာ "ကိုယ့်ကိုယ်ကို သနားပါ၊ များသတ္တဝါ လောဘ၊ ဒေါသ၊ မောဟ၊ လောင်မီးကိလေသာ၊ တဟုန်းဟုန်းတောက်လို့သာ၊ တဖြုန်းဖြုန်းမောက်မို့စွာ၊ အကုသိုလ်စရိုက် ဆိုးတွေဟာ ပြုလွယ်၊ ဖြစ်လွယ်စိတ်အား ထက်သန်စွာ၊ နတ်ရွာနိဗ္ဗာန်လမ်းကို၊ လှမ်းဖို့အမှုဟာ၊ ထိ စိတ်မပါ၊ နေရပ်ဟောင်းကို လွန်အောက်မေ့တာ၊ လေးဘုံပါယ်ရွာ၊ လေးဘုံပါယ်ရွာထဲမှာ - နေမြဲသာ၊ များသည် သတ္တဝါ" ရယ်လို့ သတိပေးရေးသားခဲ့ခြင်းဖြစ်ပါတယ် ခင်ဗျား။

ဒီတော့ (၁)သုခဝေဒနာဟာ ဝေဒနာ၌ မရပ်ခဲ့ရင် လောဘ တဏှာသို့ ကူးသွားပါတယ်၊ (၂)ဒုက္ခဝေဒနာဟာ ဝေဒနာ၌ မရပ်ခဲ့ရင် ဒေသတဏှာသို့ ကူးသွားပါတယ်။ (၃)ဥပေက္ခာဝေဒနာဟာ ဝေဒနာ၌ မရပ်ခဲ့ရင် မောဟတဏှာသို့ ကူးပြောင်းသွားပါတယ်။

## သဲအင်းအာဘော်

အနီဝေဒနာသုံးပါးကို အရှုခံအာရုံအဖြစ်ထားပြီး လောဘ - ဒေါသ - မောဟဆိုတဲ့ ကိလေသာတဏှာသုံးပါးကို ပယ်သတ်ရန်၊ စာမှာမတတ်၊

www.dhammaransi.com



ကိုယ်မှာတတ်တဲ့၊ သဲအင်းဂူဆရာတော်ဘုရားက -

(၁) သောတာပန်အရိယာဖြစ်ရန် ဓါတ်ကြီးလေးပါး ဖေါက်ပြန်မှုကြောင့် ဖြစ်ပေါ်လာကြတဲ့ ဒုက္ခဝေဒနာကို အရှုခံ အာရုံအဖြစ်ထားပြီး၊ ဝိပဿနာရှုပွားသော ကိုယ်တွေ့နည်းကို သင်ကြားပေးပါတယ်။ ထိုနည်းအတိုင်း ရှုပွားကြတဲ့ သဲအင်းယောဂီ အချို့တို့ဟာ အတ္တဒိဋ္ဌိပြုတ်ကာ သောတာပန် အရိယာများဖြစ်ကြပါတယ်။ ဘယ်လိုအတ္တဒိဋ္ဌိကို ဖြုတ်သလဲဆိုရင် နာကျင်၊ ကိုက်ခဲ၊ ပူအေး၊ တောင့်တင်းတဲ့ ဒုက္ခဝေဒနာပေါ်မှာ ငါနာတယ်၊ ငါကျင်တယ်၊ ငါကိုက်တယ်၊ ငါပူတယ်၊ ငါအေးတယ်လို့ သံသရာလဆန်း တရက်နေ့ကစပြီး ထင်မြင်လာ၊ စွဲလန်းလာတဲ့ အယူများ၊ အမှတ်များ၊ အသိများကို ပယ်ကာငါစွဲနဲ့ မစွဲတော့ဘဲ၊ ဝေဒနာနာမ်ရဲ့ ခံစားတဲ့ သဘောတခုတည်းကိုဘဲ အမှန်မြင်၊ အမှန်သိလာပါတယ်။ အဲဒီလို အသိမှန်၊ အမြင်မှန်၊ သမာဒိဋ္ဌိ ဉာဏ်မျိုးကို ရတယ်လို့ ပြောခဲ့ရင် မကျင့်ကြံ အားမထုတ်သူများ၊ ယုံကြည်ကြမယ် မဟုတ်ပါဘူး။ ကျင့်ကြံအားထုတ်ကြတဲ့ သူများသာ လက်တွေ့သိ၊ ဒိဋ္ဌသိ၊ မုချသိကြမည်ဖြစ်ပါတယ်။ "ပြောမယုံ၊ ကြုံဘူးမှသိ" ဆိုတာမျိုး ပေါ့ဗျာ။ ဒီတော့ သောတာပန်အရိယာဟာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမရယ်လို့မသိတော့ဘဲ၊ မြင် - ကြား - နံ - လျက် - ထိ - သိ ကိစ္စတွေမှာ ဝေဒနာနာမ်ရဲ့ ခံစားတဲ့ သဘောခံစားတယ်လို့ တခုတည်းကိုဘဲ သိနေပါတယ်။ ထိုသောတာပန် အရိယာဟာ သူသိတဲ့ ဝေဒနာနာမ်၊ ခံစားတဲ့ သဘောထဲမှာ ပါဝင်နေတဲ့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာဆိုတဲ့ ဝေဒနာသုံးမျိုးလုံးကို ခံစားနေပါတယ်။ အဲဒါက ဓမ္မသဘောကို ပြောတာပါ။ အမှန်ကတော့ ထိုသောတာပန်ကြီးဟာ သမာဓိမရင့်သန် မထွားကျိုင်းသေးတဲ့အတွက် သုခနဲ့ဒုက္ခ ဝေဒနာနှစ်မျိုးကိုသာ သိပါတယ်။ သိသောအတိုင်းလဲ ခံစားပါတယ်။ ဥပေက္ခာဝေဒနာ ကိုတော့ သမာဓိမရင့်သန် သေးတဲ့အတွက်မသိနိုင်သေးပါ။ မသိနိုင်တဲ့အတွက် မခံစားနိုင်သေးပါ။ ဒီလို ဥပေက္ခာဝေဒနာကို မသိနိုင်၊ မခံစားနိုင်သေးတဲ့အတွက် သုခဝေဒနာနဲ့ဒုက္ခဝေဒနာ နှစ်ခုတို့က လွတ်သွားတဲ့အခါ သမာဓိကို ကောင်းစွာထူထောင်မထားခဲ့ရင် မောဟဝင်လာတတ်ပါတယ်။

www.dhammaransi.com



ဒီအကြောင်းကို နောက်ပိုင်းမှာ ဆက်ပြီး ရှင်းလင်းတင်ပြပါမယ်။

(၂) အနီလိုသောတာပန်ကြီးဟာ အတ္တဒိဋ္ဌိကို ပယ်သတ်ပြီးနောက် သူသိမြင်ခံစားနေတဲ့ ဝေဒနာသုံးပါးအနက်မှ သုခဝေဒနာကို ပတ်သက်ဘို့ မြတ်စွာဘုရားသခင်က ခေမာမိဘုရားကြီးအား ရှုပွားခိုင်းတဲ့ အသုဘကမ္မဋ္ဌာန်းကို ရှုပွားပါတယ်။ ဒီလိုရှုပွားလို့ ဒလစပ်အသုဘထင်မြင်ကာ သုခဝေဒနာပျောက်ပြီး၊ ဒုက္ခဝေဒနာရောက်ကာ၊ မြင် - ကြား - နံ - စား - ထိ - သိ ကိစ္စတွေ၌ ဒုက္ခဝေဒနာချည်းဖြစ်နေချိန်မှာ သုခဝေဒနာကို မဂ်ဉာဏ်က သမုစ္ဆေဒပတာန်အားဖြင့် ပယ်သတ်လိုက်ကာ သောတာပန်ကြီးဟာ သကာဒါဂါမ် ကြီး ဖြစ်သွားပါတယ်။

အဲဒီအချ[illegible]ကို ရည်ရွယ်ပြီး ဦးပြုံးချိုက "ကိုက်ခဲအဝိဇ္ဇာ၊ စိတ်တဏှာ၊ အနိဋ္ဌာ - ဣဋ္ဌာရုံထင်မိမှား၊ ကာယအပုတ် ကောင်ဟာ၊ ဟုတ်ယောင်သာ၊ ရုပ်ဆောင်စွာ၊ ချုပ်နှောင် ကာ သူလှည့်စား၊ တရားကွာ၊ မှားရှာ၊ များသတ္တဝါ၊ ဘဝအနေကာ၊ ဖြစ်ပျက်သံသရာမီးဆယ့်တစ်ငြိမ်းရာ ချုပ်ရာ၊ နိဗ္ဗာန် ရောက်နိုင်ရာ၊ မဂ်ဖိုလ်ကြိုးစားရအောင်ရှာ" လို့ အားပေးစကား တိုက်တွန်းရေးသား ခဲ့ခြင်းဖြစ်ပါတယ် ခင်ဗျား။

(၃) သကဒါဂါမ် အရိယာဟာ၊ ဝေဒနာသုံးပါးအနက်၊ ဒုက္ခဝေဒနာချည်း ဒလစပ်ဖြစ်နေတဲ့အတွက် ထိုအသုဘကမ္မဋ္ဌာန်းကိုဘဲ ဆက်လက်ရှုပွားရပါတယ်။ ဒီလိုဆက်လက်ရှုပွားလို့မဂ်ဉာဏ်က ဒုက္ခ ဝေဒနာကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်သတ်လိုက်တဲ့အခါ၊ ဒုက္ခဝေဒနာ ပျောက်ပြီး ဥပေက္ခာဝေဒနာရောက်လာပါတယ်။ အနီကဲ့သို့ လောဘတဏှာ ကိလေသာဖြစ်စေတဲ့ သုခဝေဒနာနဲ့၊ ဒေါသတဏှာ ကိလေသာဖြစ်စေတဲ့ဒုက္ခဝေဒနာ နှစ်ပါးကိုပယ်သတ်လိုက်တဲ့အတွက် အနာဂါမ်အရိယာကြီးဟာ လောဘနဲ့ ဒေါသကို အကြွင်းမရှိ ပယ်သတ်ခြင်းဖြစ်ပါတယ်။

(၄) ထိုအချိန်မှာ အနာဂါမ်ကြီးဟာ အစိုင်အခဲအဖြစ်နဲ့ လှည့်ပတ်ဖြားယောင်းနေတဲ့ ယနပညတ်ကို မမြင်တော့ပါ။ ရုပ်ကလာပကလေးတွေမပြတ်မလပ်ဒလစပ်၊ ဖြစ် - ပျက်နေတဲ့ သန္တတိအစဉ်ကိုဘဲ မြင်သိနေပါတော့တယ်။ အနီလို ရုပ်န - နာမ်န ကလေးတွေ၊ ဖြစ်ပျက်နေတာကို မြင်တဲ့အတွက်၊ ရုပ်ကြမ်း၊ နာမ်ကြမ်း၊ ရုပ်လတ် -

www.dhammaransi.com



နာမ်လတ်ကို မြင်သိနေရချိန်က ခံစားရတဲ့ လောဘတဏှာကိလေသာဖြစ်စေတဲ့ သုခဝေဒနာနဲ့၊ ဒေါသ တဏှာကိလေသာဖြစ်စေတဲ့ ဒုက္ခဝေဒနာနှစ်ပါးမဖြစ်တော့ဘဲ (သမာဓိမကြီးထွားခဲ့ရင် မောဟတဏှာကိလေသာကိုဖြစ်စေ တတ်တဲ့) ဥပေက္ခာဝေဒနာကိုသာ ခံစားနေပါတယ် ခင်ဗျား။ ထိုအချိန်မှာ အနာဂါမ်ကြီးရရှိနေတဲ့ သမာဓိအင်အားဟာ ဘယ်လောက်ကြီးမားပါသလဲဆိုရင် ၃၁-ဘုံလုံးကို အကုန်အစင် မြင်နိုင်တဲ့ သမာဓိအလင်းရောင်ကြီးကို ရရှိနေပါတယ်။ ဓမ္မစကြာသုတ်မှာ ဟောကြားထားတဲ့ အာလောကော ဥဒပါဒိ ဆိုတာ အဲဒီလို ဉာဏ်သမာဓိ အလင်းရောင်ကြီးကို ပြောခြင်းဖြစ်ပါတယ် ခင်ဗျား။

(၅) ထိုအနာဂါမ်ကြီးဟာ ဥပေက္ခာဝေဒနာကို ဖြစ်ပေါ်စေတဲ့ ရုပ်ကလာပကလေးတွေကို ဆက်လက်ရှုပွားရာက အရဟတ္တမဂ်ဉာဏ်ပေါ်လာပြီး ထိုကျန်ရှိနေသေးတဲ့ ဥပေက္ခာဝေဒနာကို ပယ်သတ်လိုက်ပါတယ်။ ဒီလိုပယ်သတ်လိုက်လို့ ဝေဒနာသုံးပါး က လွတ်မြောက်သွားတဲ့အခါမှာ အာသဝေါကင်းတဲ့ ရဟန္တာကြီး ဖြစ်သွားပါတယ်။ ပယ်သတ်စရာ ဝေဒနာမရှိတော့တဲ့အတွက် မဂ္ဂင်အကျင့်လမ်း ဆုံးတယ်လို့ဆိုခြင်းဖြစ်ပါတယ်။

အဲဒါဟာ (၁)သောတာပန်အတ္တဒိဋ္ဌိဖြစ်တဲ့ ငါစွဲကို ပယ်သတ်ပုံ နဲ့၊ (၂)သကဒါဂါမ် - အနာဂါမ် - ရဟန္တာပုဂ္ဂိုလ်တို့၊ တဏှာသေအောင် ဝေဒနာသုံးပါးကို အဆင့်ဆင့်ပယ်သတ်ပုံ၊ (ဝါ) ဒိဋ္ဌိသတ် - တဏှာသတ်ပုံ၊ အကျဉ်းဖြစ်ပါတယ် ခင်ဗျား။

မိတ်ဆွေ - ဒိဋ္ဌိသတ် - တဏှာသတ် အကျင့်တရားကို အကျဉ်းအားဖြင့် ထပ်မံပြီးကြားသိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါထက် မောဟပဋ္ဌာန် အကြောင်းကို ဆက်စမ်းပါအုံး ခင်ဗျား။

မိုးကြိုး - သတိ - ဦးစီးပြီး ကျင့်ကြံအားထုတ်ရတဲ့ အကျင့်မြတ်တရားကို သတိပဋ္ဌာန်လို့ခေါ်ဆိုနိုင်ခဲ့ရင် မောဟဦးစီးပြီး တဝိုက်ထဲဝိုက်နေတဲ့ အကျင့်ကို မောဟပဋ္ဌာန်လို့ ခေါ်ဆိုနိုင်ရမယ်ပေါ့။ သောတာပန်ဖြစ်ရန် ကျင့်ကြံအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဒုက္ခဝေဒနာက လွန်မြောက်ပြီး (၁)သုခဝေဒနာကို သို့မဟုတ် (၂)ဥပေက္ခာဝေဒနာကို ခံစားရတဲ့အခါ အာနာပါန ရှာန်သမာဓိကို ပိုမိုကြီးထွားအောင် မထူထောင်ပါဘဲ အသက်

www.dhammaransi.com



ပြင်းပြင်းရှုရှုက်ခြင်းကို ရပ်တဲ့ကာ၊ မိုန်းပြီးသုခချမ်းသာကို ခံစားနေခဲ့ရင် ငိုက်မြည်းခြင်း မောဟဝင်လာပါလိမ့်မယ်။ ထိုငိုက်မြည်းခြင်းမှ တဆင့် ထိုင်လျက်သားအိပ်ပျော်ခြင်းသို့ တက်လှမ်းသွားပါလိမ့်မယ်။ အနီးလို အိပ်ပျော်ခြင်းဟာ အင်မတန်ချမ်းသာတဲ့အတွက် မဂ်ပဲ၊ ဖိုလ်ပဲလို့တောင် ထင်မြင်ယူဆနေသူတော်တော်များများ ရှိနေပါတယ်။

အဲဒီလို မောဟဝင်ပြီး အိပ်မငိုက် အိပ်မပျော်ရလေအောင် တရားစတင်ထိုင်ချိန်ကစပြီး၊ တရားဖြုတ်ချိန်ထိအောင် ဦးပဋ္ဌင်းတို့တော့ တသမတ်တည်းရှုရှိက်ကာ အာနာပါနစျာန်သမာဓိကို ကြီးမားအောင် ဒလစပ်ထူထောင်ခဲ့တယ်။ တရားယောဂီများသည်လဲ အသက်ရှုရှိုက်မှု မတန့်ရပ်ဘဲ ဦးပဋ္ဌင်းကဲ့သို့ တသမတ်တည်း ရှုရှိုက်သွားရမယ်လို့ သဲအင်းဂူဆရာတော်ဘုရားက သတိပေးနိုးဆော်ခြင်းဖြစ်ပါတယ် ခင်ဗျား။

## ငိုက်နေတဲ့ ရှင်မောဂ္ဂလာန်

အနီးအိပ်ငိုက်ခြင်းနဲ့ ပတ်သက်ပြီး၊ ရှင်မောဂ္ဂလာန်ကြီး တရားအားထုတ်နေချိန်မှာ ငိုက်မျည်းနေတဲ့အတွက် မြတ်စွာဘုရားကြွသွားပြီး၊ ငိုက်မျည်းခြင်းပြေပျောက်စေရန်နည်း (၇) နည်းကိုပေးပါတယ်။ ၎င်းနည်းများကို တရားယောဂီများ ငိုက်မျည်းတဲ့အခါ အသုံးပြုနိုင်ရန်၊ အင်္ဂုတ္တိုရ်အဖွာ ကတဝဂ် ပစလာယလာ သုတ်လာနည်း (၇) နည်းကို တင်ပြပါမယ်။

(၁) ငိုက်မျည်းခြင်း သညာကို ပယ်ဖျောက်ရန်၊
(၂) ကြားနာပြီး၊ သင်ယူပြီးသော တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည်သုံးသပ်ရန်၊
(၃) သင်ယူပြီးသော တရားတို့ကို အကျယ်အားဖြင့် သရဇ္ဈာယ်ရန်၊
(၄) နားရွက်နစ်ဘက်တို့ကို ဆွဲငင်ရန်နှင့် လက်ဖြင့် ကိုယ်ကို သုံးသပ်ရန်၊
(၅) နေရာမှထ၍ ရေဖြင့်မျက်စိတို့ကို ပွတ်သပ်ပြီးနောက် အရပ်မျက်နှာတို့ကိုင်၎င်း၊ နက္ခတ်တာယာတို့ကိုင်၎င်းကြည့်ရန်၊
(၆) အလင်းရောင်ဟူသော အမှတ်ကို နှလုံးသွင်းရန်၊
(၇) စင်္ကြံသွားရန် စသည်တို့ဘဲဖြစ်ပါတယ်။ နည်းတခုနှင့် မရပါက အခြားနည်းတခုကို အာရုံပြုရန်ဖြစ်ပါတယ် ခင်ဗျား။

www.dhammaransi.com



## ရွှေမန်းသဲအင်း တရားပွဲ

မိတ်ဆွေ - တလောက ဦးမိုးကြိုး မန္တလေးသွားတယ်လို့ သိရပါတယ်။ ဘယ်အရေး၊ ဘယ်ကိစ္စများပါလဲ ခင်ဗျား။

မိုးကြိုး - ဒိဋ္ဌသတ် တဂျာသတ်စာအုပ်ထွက်တဲ့ ၁၉၆၉-ခု၊ ဒီဇင်ဘာလ ကလဲ ထိုစာအုပ်များကို ကျွန်တော်ရဲ့ ဆရာရင်းများဖြစ်ကြတဲ့၊ မန္တလေးမြို့ က ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများကို ဖတ်ရှုတော်မူကြရန် ပေးပို့ လှူဒါန်းခဲ့ပါတယ်။ ထိုစာအုပ်နဲ့ ပတ်သက်ပြီး ဆရာတော်ကြီးများရဲ့ ထင်မြင်ယူဆချက်များနဲ့ဩဝါဒကို နာယူမှတ်သားဘို့မန္တလေး သွားရောက်ပြီး ဆရာတော်ဘုရားများကို ဖူးမြင်ခြင်းဖြစ်ပါတယ်။ အခြား ကိစ္စထူးမရှိပါ။

### ဆရာတော်များရဲ့ဩဝါဒ

မိတ်ဆွေ - ဘယ်ဆရာတော်ကြီးများနဲ့ တွေ့ခဲ့ပါသလဲ၊ ဘာတွေကို အမိန့်ရှိလိုက်ပါသလဲ၊ မသိရဘူးလား ခင်ဗျား။

မိုးကြိုး - (၁)အဘိဓဇ-မဟာရဋ္ဌဂုရု-မစိုးရိမ်ဆရာတော်ဘုရား၊ (၂)အဘိဓဇ-မဟာရဋ္ဌဂုရု-ဝိသုဒ္ဓာရုံကျောင်းတိုက် ရွှေကျင်သာသနာပိုင်-စံကင်း (သက်တော်ရှည်) ဆရာတော်ဘုရား၊ (၃)ရွှေရေးဆောင် ဆရာတော် ဘုရား၊ (၄)တိပိဋကဆရာတော်ဘုရား-အရှင်ဝိစိတ္တသာရာဘိဝံသ၊ (၅)အမရပူရ ဆရာတော်အရှင်ဇနကာဘိဝံသ၊ (၆)ရဟန်းပျိုဆရာတော်-ဦးဉာဏောဘာသ တို့အား ဖူးမြင်ခဲ့ရပါတယ်။

ထိုထိုဆရာတော်ဘုရားကြီးများ ကျမ်းမာရွှင်လန်းစွာရှိနေတော်မူသည်ကို ဖူးတွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ် ခင်ဗျား။

ဒိဋ္ဌသတ်တဂျာသတ်စာအုပ်နဲ့ ပတ်သက်ပြီး မစိုးရိမ်ဆရာတော်

www.dhammaransi.com



ဘုရားက ဒကာကြီး ဦးအုန်းခင်ဟာ စာရေးတယ်၊ ကောင်းတယ် သူတပါးနားလည်သဘောပေါက်အောင် ရှင်းရှင်းလင်းလင်းပြတ်ပြတ် သားသား ရေးသားတတ်တာကို ဘုန်းကြီးချီးကျူးပါတယ်။ ကိုယ့်အယူအဆကို ဓမ္မမိတ္တာန်ကျကျ သူတပါးအား မပုတ်ခတ်ဘဲ ရေးသားထားပုံဟာလဲ တယ်ကောင်းတယ်၊ နောင်ကိုလဲ စာရေးတဲ့အခါ သူတပါးကို မပုတ်ခတ်နဲ့၊ အယူအဆဆိုတာ တစ်ဦးနဲ့တစ်ဦး အခါခတ်သိမ်း မတူညီနိုင်ကြဘူး။ ဒီတော့ ကိုယ့်အယူအဆကို အကြောင်းအကျိုးသင့်အောင် ရေးသားတင်ပြဘို့ဟာ ကိုယ့်တာဝန်ဘဲ၊ ကိုယ့်အယူအဆကိုကြိုက်နှစ်သက်သူများ ယူလို့က ယူကြပေါ့။ မကြိုက်နှစ်သက်သူများ မယူလို့က မယူကြနဲ့ပေါ့။ သဲအင်းဂူ ဆရာတော်ရဲ့ နည်းနိသျှနဲ့ ဒကာကြီးဦးအုန်းခင် ကြိုးစားအားထုတ်ပါ။ အသိထူး၊ အမြင်ထူးများကို ရတယ်လို့ တထစ်ချဆုံးဖြတ်တဲ့အခါ ဘုန်းကြီးကို မမေ့နဲ့ လာပြီးလျှောက်စမ်းပါ။ ဒကာကြီး နေရာကျတယ်ဆိုရင် ဘုန်းကြီးစမ်းပြီး အားထုတ်ကြည့်ပါ့မယ် ... ဟူ၍ အမိန့်ရှိလိုက်ပါတယ် ခင်ဗျား။

တိပိဋကဆရာတော် ဦးဝိစိတ္တထံမှာ တညဥ့်အိပ်ပြီး၊ ဆရာတော်ရဲ့ ဩဝါဒများကို နာခံမှတ်သားခဲ့ပါတယ်။

ကျွန်တော်ရဲ့ စာရေးသားပုံကောင်းကြောင်းကို ချီးကျူးပါတယ်။ စာပေရေးသားတဲ့အခါ အစွန်းနှစ်ပါးလွတ်အောင်ရေးဘို့ ဒေါသမပါဘဲ မေတ္တာရှေ့ထားပြီး၊ ယထာဘူတကျအောင်ရေးဘို့ ဘုရားဟောဒေသနာ များကို နံ့စပ်အောင်လေ့လာဘို့၊ အဆုံးအဖြတ်ကို ရှေ့လောမကြီးဘို့၊ ချင့်ချင့်ချိန်ချိန် သုခမိန်ဆိုတာလို အချိန်ယူကာ လေ့လာပြီးမှ ဆုံးဖြတ်ဘို့ စသည့် ဩဝါဒများကို ပေးပြီး၊ စာပေနဲ့ပတ်သက်၍ ကျွန်တော်ဉာဏ် မရှင်းသောအချက်အလက်များကို ရှင်းလင်းဖြေကြားပါတယ်။ နောင်ကို လဲ မရှင်းလင်းသော ပြဿနာများကို စာရေးမေးပါက ဖြေဆိုပေးမည့် အကြောင်းနဲ့တကွ ဖတ်ရှုလေ့လာသင့်တဲ့ စာအုပ်များကိုပါ ပေးသနားလိုက်ပါတယ် ခင်ဗျား။ အခြားသော ဆရာတော်ကြီး များကတော့ ထူးထူး ထွေထွေ အမိန့်မရှိကြပါ ခင်ဗျား။

မိတ်ဆွေ - အင်း ... အနီးလို ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများရဲ့ မေတ္တာဓါတ်ကို ခိုလှုံရတာ ဝမ်းသာစရာပေပ ခင်ဗျာ။ ဒါထက် မန္တလေး မြို့ပေါ်ရှိ ဓမ္မမိတ်ဆွေများနဲ့ကော တရားဆွေးနွေးခဲ့ရပါသေးသလား။

www.dhammaransi.com



## သဲအင်းတရားဆွေးနွေး

မိုးကြိုး - ဓမ္မမိတ်ဆွေတော်တော်များများနဲ့ သဲအင်းဂူကျင့်စဉ်တရားများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ရပါတယ်။ ၎င်းပုဂ္ဂိုလ်များဟာ ကျွန်တော် ရေးသားတဲ့ သဲအင်းဂူဆောင်းပါးကို (၁)အိုးဝေဂျာနယ် (၂)သတင်းဂျာနယ်မှာ အမြဲဖတ်ရှုပြီး (၃)ဒိဋ္ဌသတ် - တဏှာသတ်စာအုပ်ကိုလဲ ဖတ်ရှုထားသူများ ဖြစ်ပါတယ်။ ကျွန်တော်နဲ့တွေ့ဆုံဆွေးနွေးကြတဲ့အခါ သဲအင်းဂူကျင့်စဉ်ရဲ့ လိုရင်းသဘောအချုပ်ကို မေးမြန်းတဲ့အတွက် တိုတိုတုပ်တုပ်ပဲ ရှင်းလင်း ဖြေကြားခဲ့ရပါတယ် ခင်ဗျား။

မိတ်ဆွေ - ထိုထိုဓမ္မမိတ်ဆွေများနဲ့ ဦးမိုးကြိုးဆွေးနွေးစဉ်အခါက ရှင်းလင်းတင်ပြခဲ့တဲ့ သဲအင်းဂူ - ကျင့်စဉ် အကျဉ်းချုပ်ကို ကျွန်တော်များ ကြားနာလိုပါတယ်။ ကျွန်တော်ကဲ့သို့ ကြားနာမှတ်သားလိုသူများလဲ ရှိလိမ့် မယ်လို့ယူဆပါတယ်။

## စာရေးလို့ ဟောပြောလို့လျှင်

မိုးကြိုး - စာရေးလိုသူဖြစ်စေ၊ ပြောဟောလိုသူဖြစ်စေ -

(၁) ဦးစွာကိုယ်ရေးချင်၊ ဟောပြောချင်တဲ့ အကြောင်းကို ကိုယ်ကိုယ် တိုင် တိတိကျကျ၊ ပြတ်ပြတ်သားသား ကြိုတင်သိရှိထားဘို့လိုအပ်ပါသည်။ ဒီလို တိတိကျကျ သိရှိမထားဘဲ စာရေးခြင်း၊ ပြောဟောခြင်းများကို ပြုလုပ်ပါရန် "အမေဘုတ်ရဲ့သူ့ချည်ခင်" ဆိုတာလို ဖတ်ရှုရသူများ၊ ကြားနာသူများဟာ နားလည်သဘောပေါက်ကြမည်မဟုတ်ပါ။ အနီလို နားမလည်သဘောမပေါက် ကြတဲ့အတွက် ပျင်းရိငြီးငွေ့ကြမည်သာ ဖြစ်ပါတယ်။

(၂) ဒီလိုကိုယ်ကိုယ်တိုင်ပြောမဲ့၊ ရေးမဲ့အကြောင်းကို တိကျပြတ်သားစွာ ကြိုတင်သိရှိထားပြီးနောက်၊ အစ၏ ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်း၊ ကောင်းခြင်းသုံးပါးနဲ့ပြည့်စုံ အောင် အစီအစဉ်လုပ်ရပါတယ်။ အဆောက်အဦး မဆောက်မီ ကြိုတင်ပြီး ပုံစံရေးဆွဲသလိုပေါ့ခင်ဗျာ။

(၃) ထို့နောက်အဆောက်အဦးအတွက်လိုအပ်သောပစ္စည်းကောင်းများကို ရရှိအောင် ရှာဖွေစုဆောင်းသလို ထင်ရှားတဲ့ အကြောင်းအရာ အချက်အလက် အထောက်အထားများကို ရှာဖွေစုဆောင်းရပါတယ်။

www.dhammaransi.com



(၄) ဒီလိုရှာဖွေစုဆောင်းပြီးနောက် မိမိရေးဆွဲထားသော ပုံစံအတိုင်း အကောင်အထည်ဖော်နိုင်အောင် အသင့်တော်ဆုံး အသုံးအနှုန်း ဝေါဟာရ စကားလုံးများကို ထည့်သွင်းပြီး စာဖတ်သူများ၊ နားကြားသူများ၊ နားလည်သဘောပေါက်အောင် မငြီးငွေ့ရလေအောင် စိတ်ဝင်စားအောင် ကြိုးစားပန်းစား မေတ္တာရှေ့ထားပြီး၊ သဒ္ဒါစည်းကမ်းကျကျ ရေးသားပြောဟောရပါတယ် ခင်ဗျား။

အဲဒါက စကားစပ်မိလို့စာရေးသားတဲ့အခါနဲ့စကားပြောတဲ့ အခါများမှာ ကျွန်တော်လက်သုံးပြုတဲ့ နည်းနိသျှည်းများဖြစ်ပါတယ်။ ၎င်းကို အသုံးပြုလိုသူများ အသုံးပြုနိုင်ရန် တင်ပြခြင်းဖြစ်ပါတယ်။

ဒါထက် သဲအင်းဂူကျောင့်စဉ်ရဲ့လိုရင်းအချုပ်သဘောများကို ထုတ်နုတ်ပြီး ဓမ္မစည်းမျဉ်းအတွင်းသို့သွတ်သွင်းပြီး ကျွန်တော်တင်ပြပါ့မယ်။

## အရိယသစ္စာ

မြတ်စွာဘုရားသခင်က ဒုက္ခ-သမုဒယနဲ့ နိရောဓ-မဂ္ဂဆိုတဲ့ သစ္စာလေးပါးကို တကယ်သိ၊ အဟုတ်သိ၊ မှချသိတဲ့ အရိယာသူတော်ကောင်းများကိုသာ ချီးကြူးပါတယ်။ ထိုသစ္စာလေးပါးကို အရိယာသူတော်ကောင်းများသည်သာ တကယ်သိ၊ အဟုတ်သိ၊ မှချသိတဲ့အတွက်အရိယသစ္စာလို့ တိတိကျကျ ခေါ်ဆိုထားခြင်းဖြစ်ပါတယ်။ ပုထုဇဉ်သစ္စာရယ်လို့ခေါ်ဆိုမထားပါ ခင်ဗျား။

တဖန် သစ္စာလေးပါးကို သညာသိ၊ ဝိညာဏ်သိ၊ ပညာသိ အသိသုံးမျိုးနဲ့ သိနိုင်ပေမဲ့ သညာသိ၊ ဝိညာဏ်သိမျိုးဟာ ပုထုဇဉ်အသိမျိုးဖြစ်ပြီး၊ ပညာသိနဲ့ သိခြင်းမျိုးသည်သာ အရိယာအသိမျိုးဖြစ်တယ်ဆိုတာကိုလဲ အထူးသတိပြုရမည် ဖြစ်ပါတယ်။

သစ္စာလေးပါးကို သညာသိ၊ ဝိညာဏ်သိနဲ့သိတဲ့ ပုထုဇဉ်ဟာ တဏှာမာန ဒိဋ္ဌိတန်းလန်းကြီးရှိနေသောကြောင့် အပါယ်လေးဘုံက လွတ်ပြီရယ်လို့ တထစ်ချမဆိုနိုင်ပါ။ သစ္စာလေးပါးကို ပညာသိနဲ့တကယ်သိ၊ အဟုတ်သိသော အရိယာသူတော်ကောင်းသည်သာ တဏှာ၊ မာနဒိဋ္ဌိတို့ အဆင့်ဆင့်ပြုတ်နေပြီဖြစ်တဲ့အတွက် အပါယ်လေးပါးသို့ဘယ်တော့မှမကျတော့ဘဲ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့မှ တဆင့် နိဗ္ဗာန်စံဝင်တော်မူကြမည်ဖြစ်ပါတယ်။

သစ္စာလေးပါးအနက်မှ မဂ္ဂသစ္စာဆိုတာ (၁)ပွားများတဲ့ လောကီ

www.dhammaransi.com



မဂ္ဂင်အကျင့်နဲ့ (၂)ကိလေသာကို အကြွင်းမရှိပယ်သတ်တဲ့ မဂ်ဉာဏ်ခေါ် လောကုတ္တရာမဂ္ဂင်ဟူ၍နှစ်မျိုးရှိတာကိုလဲအထူးသတိပြုကြရမည်ဖြစ်ပါတယ်။

သစ္စာလေးပါးအနက် ဒုက္ခသစ္စာကို တကယ်သိ၊ အဟုတ်သိ၊ မှချသိအောင် မဂ္ဂင်ရှစ်ပါးစည်းမျဉ်းနဲ့ အညီပွားများ အားထုတ်ပါရင် (၂)သမုဒယသစ္စာကို ပယ်ခြင်း၊ (၃)နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ (၄)မဂ်ဉာဏ်ဖြင့်ကိလေသာကိုပယ်သတ်ခြင်းကိစ္စများဟာ ပြီးစီးပါလိမ့်မယ်။ ယောဂီပုဂ္ဂိုလ်များက ထိုထိုကိစ္စများပြီးစီးအောင် တသီးတခြား ကြိုးစားအားထုတ်ရန် မလိုပါ ခင်ဗျား။

## ပန်းတိုင်ခရီးလမ်းနှင့် ယာဉ်

ဒီတော့ ... ဘယ်လိုလဲဆိုရင် (၁)သစ္စာလေးပါးဟာ ၃၁ - ဘုံ သားတို့ ရည်မှန်းရမဲ့ ပန်းတိုင်ဖြစ်တယ်ဆိုတာကို စွဲစွဲမြဲမြဲ သိထားရမည် ဖြစ်ပါတယ်၊ (၂)ထိုပန်းတိုင်သို့ရောက်အောင်သွားရမဲ့ ခရီးလမ်းဟာက မဂ္ဂင်ခရီးလမ်း၊ (၃)ထိုပန်းတိုင်သို့ရောက်အောင် မဂ္ဂင်ရှစ်ပါးခရီးလမ်းကို သတိပဋ္ဌာန် လေးပါးဆိုတဲ့ ယာဉ်ရထားကို စီးပြီးသွားရန်ဖြစ်ပါတယ်။ အနီလိုပန်းတိုင်က ဘာလဲ၊ ခရီးလမ်းက ဘယ်ဟာလဲ၊ စီးနင်းလိုက်ပါ သွားရမဲ့ ယာဉ်ရထားက ဘယ်သင်းလဲဆိုတာကို ကြိုတင်သိရှိထားခဲ့ရင် တရားယောဂီများဟာ မိမိတို့လိုအင်ဆန္ဒလျှင်လျှင်မြန်မြန် ပြည့်ဝမည် ဖြစ်ပါတယ်။

မဂ္ဂင်ရှစ်ပါးကိုအကျဉ်းချုံးလိုက်ပြန်ရင် (၁)သီလ၊ (၂)သမာဓိ၊ (၃)ပညာ သုံးပါးရပါတယ်။ သီလဆိုတာက ကာယကံမှုနဲ့ဝစီကံမှု လုံခြုံခြင်းဘဲဖြစ်ပါတယ်။ သမာဓိဆိုတဲ့ စိတ်တည်ငြိမ်မှုရတဲ့အခါ ကာယကံ၊ ဝစီကံနှစ်ပါးလုံခြုံသည် သာမကပါဘဲ၊ မနောကံပါ လုံခြုံသွားတဲ့အတွက် သီလကို တသီးတခြား ဆောက်တည်ရန် မလိုတော့ပါ။ ထို့ပြင် စိတ်၏ တည်ကြည်မှု သမာဓိဟာ သမ္မာသမာဓိဖြစ်လာချိန်မှာမှ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင် နှစ်ပါးဟာ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် သမာဓိဟာ၊ သမ္မာသမာဓိ အဆင့်သို့ရောက်ရှိအောင် ထူထောင်ဘို့အရေးကြီးတယ်ဆိုတာကို အထူး သတိပြုရမည်ဖြစ်ပါတယ်။ ထို့ပြင် သမာဓိထူထောင်တဲ့ အလုပ်မှာ အာနပါနအလုပ်ဟာ အထွဋ်အထိပ်ဖြစ်တယ်ဆိုတာကိုလဲ သိရှိထားရပါ လိမ့်မယ်။

ယနေ့အဘို့မှာတော့ ဒီမျှနဲ့ဘဲ ဆွေးနွေးခန်းရပ်လိုက်ကြအုံးစို့ရဲ့။

www.dhammaransi.com



ဆွေးနွေးခန်းမရပ်မီ မန္တလေးမြို့မှ သဲအင်းဂူဆရာတော်ဘုရားရဲ့တရားကို နာကြားလိုသော ပုဂ္ဂိုလ်များပင့်လျှောက်ချက်အရ သဲအင်းဂူဆရာတော်ဘုရားဟာ ကချင်ပြည်နယ်မှအပြန် (၁၉၇၀-ခု၊ ဧပြီလ ၉-၁၀) တန်းခူးလဆန်း ၃-၄ရက်နေ့များမှာ မန္တလေးမြို့ အိမ်တော်ယာဘုရားအတွင်း (၁၄)ခန်း တံဆောင်းမှာ ညစဉ် ၇-နာရီမှအစပြု၍ နှစ်ညတိုင်တိုင် တရားဟောမည်ဖြစ်ပါကြောင်း၊ မင်္ဂလာသတင်းကောင်းတခုကို လက်ဆောင်ပါးလိုက်ပါတယ် ခင်ဗျား။

www.dhammaransi.com


## သတိပဋ္ဌာန်လေးပါး ယာဉ်ရထား

မိတ်ဆွေ - ယခင်တပတ်က တင်ပြခဲ့တဲ့ မန္တလေးဆွေးနွေးပွဲအကြောင်းကို ဆက်စမ်းပါဦးလား ခင်ဗျာ။

မိုးကြိုး - ကျွန်တော်ယခင်တပါတ်က (၁)သစ္စာလေးပါးကို သိ - ပယ် - ဆိုက် - ပွားခြင်း ကိစ္စဟာ ၃၁ - ဘုံက လွတ်မြောက်လို သူတို့ရဲ့ရည်မှန်းချက် အဓိပ ပန်းတိုင်ဖြစ်ကြောင်း၊ (၂)ထိုပန်းတိုင်သို့ရောက်ရှိရန် မဂ္ဂင်ရှစ်ပါးတည်း ဟူသော ခရီးလမ်းမကြီးဖြင့် သွားရမည်ဖြစ်ကြောင်း၊ (၃)ထိုလမ်းမကြီး၌ သတိပဋ္ဌာန်လေးပါးဆိုတဲ့ ယာဉ်ရထားကို စီးနင်းပြီး သွားမှသာ ဆိုက်ရောက်မည်ဖြစ်ကြောင်းများကို ဆွေးနွေးတင်ပြခဲ့ပါတယ်။

ယနေ့အဘို့မှာတော့ သတိပဋ္ဌာန်လေးပါး ယာဉ်ရထားကြီးကို ဘယ်ပုံဘယ်နည်း စီးနင်းသွားရမည်ဆိုတာကို တင်ပြပါ့မယ်။

သတိပဋ္ဌာန်လေးပါး အကျင့်မြတ်တရားကို ယာဉ်ရထားကြီးစီးသော အနေနဲ့ ကျင့်ကြံအားထုတ်တဲ့အခါ သမာဓိဆိုတဲ့ စိတ်တည်ကြည်မှုက ရိုးရိုးအဆင့်အတန်းမှ သမ္မာသမာဓိအဆင့်အတန်းသို့ ရောက်ရှိ အောင် ထူထောင်ပေးမှသာ သမာဓိမဂ္ဂင်ဖြစ်တယ်ဆိုတာကို အထူးသတိပြု သင့်လှပါတယ်။

ဥပမာ ဘာနဲ့တူသလဲဆိုရင် ကမ်းတဘက်မှ အခြားကမ်းတဘက်သို့ ကူးမြောက်ရန်အတွက် ပေါင်းကူးတံတားလိုအပ်သလို သီလမဂ္ဂင်ကမ်းဘက်မှ ပညာမဂ္ဂင်ကမ်းတဘက်သို့လှမ်းတက်ရန်အတွက် သမာဓိမဂ္ဂင်ဆိုတဲ့ ပေါင်းတူး တံတားရှိမှသာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံ အားထုတ်တဲ့အခါ၊ သမ္မာသမာဓိဖြစ်အောင် ထူထောင်မှသာ အကျိုးထူးကို ရလိမ့်မယ်ဆိုတာကို စွဲစွဲမြဲမြဲသဘောပေါက်ထားရန် လိုအပ်ပါသည်။

www.dhammaransi.com



## သမာဓိဆိုတာ

အနိုပြဿနာနဲ့ပတ်သက်ပြီး ခင်ပွန်းသည်ဟောင်းဖြစ်တဲ့ သူဌေးကြီး ဝိသာခ (အနာဂါမ်)ရဲ့အမေးကို ဖြေကြားသော ဇနီးဟောင်း ရဟန္တာထေရီ ဓမ္မဒိန္နာရဲ့အဖြေစကားဟာ အလွန်တရာ မှတ်သားဖွယ်ရာ ကောင်းလှပါတယ်။

"အသျှင်မ အဘယ်သည် တည်ကြည်မှု သမာဓိပါနည်း။ အဘယ်တရားတို့သည် တည်ကြည်မှုဖြစ်ကြောင်း "သမာဓိနိမိတ်" တို့ပါနည်း၊ အဘယ်တရားတို့သည် တည်ကြည်မှု၏ အခြံအရံတို့ပါသနည်း၊ အဘယ်သည် တည်ကြည်မှုကို ပွားများခြင်းပါနည်း" ဟု မေးလျှောက်ခဲ့ပါတယ်။

ဒါယကာဝိသာခ (၁)စိတ်အာရုံတမျိုးတည်းသာရှိခြင်းသည် တည်ကြည်မှု - သမာဓိတည်း (၂)လေးပါးသော အောက်မေ့မှု ထင်ခြင်း သတိပဋ္ဌာန်တို့သည် တည်ကြည်မှုဖြစ်ကြောင်း၊ "သမာဓိနိမိတ်" တို့တည်း (၃)လေးပါးသောကောင်းစွာအားထုတ်ခြင်း "သမ္မပ္ပဓါန်တို့သည်တည်ကြည်မှု၏ အခြံအရံတို့တည်း (၄)ထိုတရားတို့ကိုသာလျှင် မှီဝဲခြင်း - ပွားခြင်း - ကြိမ်ဖန်များစွာပြုခြင်းသည် ဤအရာ၌ တည်ကြည်မှုကို ပွားများ ခြင်းတည်း" ဟု မိန့်ဆိုပါသည်။

(မူလပဏ္ဏာသစူဠယမကဝဂ်စူဠဝေဒလ္လသုတ်)

(ကျင့်စဉ်လေးမျိုး) တဖန် ပဋိသမ္ဘိဒါမဂ်ပါဠိတော်ဆဋ္ဌမူ (မြန်မာပြန်) ယုဂနဒ္ဓဝဂ် - ယုဂနဒ္ဓကထာ သုတ္တန်အကျယ်ပြုခြင်းအခန်းမှာ

(၁) သမထကို ရှေ့သွားပြု၍ ဝိပဿနာပွားနည်း၊ (၂)ဝိပဿနာ ကို ရှေ့သွားပြု၍သမထကိုပွားနည်း၊ (၃)သမထဝိပဿနာကိုအစုံတွဲယှက် သည်ကို ပြု၍ပွားနည်း၊ (၄)ဓမ္မုဒ္ဓစ္စ(ခေါ်)ဝိပဿနာ၏ အန္တရာယ်ဆယ်ပါးအတွင်း၌ နစ်မွန်းနေသော ယောဂီအဘို့ လွတ်မြောက်ရာနည်းလမ်းစသည်ဖြင့် မဂ်ရောက်ဖိုလ်ဝင် သမထဝိပဿနာကျင့်စဉ်လေးမျိုးကို ဖော်ပြထားပါသည်။

အနီအထောက်အထား ဘုရားဟောဒေသနာမျိုးကို ဖော်ပြနေတာက "သဲအင်းဂူအကျင့်ဟာ သမထကြီးပါကွာ" ရယ်လို့ ပြောဆိုနေသူများ သတိထားကြဘို့ဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့ သမထသမာဓိကင်းပြီး ဝိပဿနာပညာအလျဉ်းမဖြစ်နိုင်ဆိုသော အချက်ကို ထင်ရှားစေလို သောကြောင့်ဖြစ်ပါတယ်။

ထိုမှတပါး သမာဓိကို မထူထောင်တတ်သဖြင့် သမာဓိအားနည်းကာ ကြည်လင်သန့်ရှင်းသော ပညာအမြင်ကောင်းစွာမဖြစ်တဲ့အတွက် ဝိပဿနာ

www.dhammaransi.com



ဉာဏ်မထက်သန်ဘဲ မျက်စိလည်လမ်းမှားနေသူများ ဆင်ခြင်စဉ်းစား သတိတရားရကြစေရန် ရည်သန်ပြီး အဆိုပါဘုရားဟော ဒေသနာများကို တင်ပြနေခြင်းလဲဖြစ်ပါတယ် ခင်ဗျား။

## သစ္စာလေးပါး

သတိပဋ္ဌာန်လေးပါးကို ကျွန်တော်ဆက်လက်တင်ပြပါ့မယ်။ သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်တယ်ဆိုတာ သစ္စာလေးပါး အနက်မှ ဒုက္ခသစ္စာကို သိခြင်းနဲ့ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စများ ပြီးမြောက်အောင် ဥပါဒါန်ဖြစ်တဲ့ ခန္ဓာငါးပါးကို အရှုအာရုံအဖြစ်ထားပြီး၊ အနုပဿနာဉာဏ်သုံးပါးနဲ့ ရှုပွားခြင်းဖြစ်ပါတယ်။ ဒီလိုရှုပွားခြင်းကိစ္စ အောင်မြင်တဲ့အခါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များဟာ သူ့သဘောနဲ့သူ ပေါ်လာကြပါတယ်။ တရားယောဂီက တသီးတခြားလုပ်ပြီး ဖော်ထုတ် ယူရသော တရားမျိုးမဟုတ်ပါ ခင်ဗျား။

## အနုပဿနာဉာဏ်

အနုပဿနာဉာဏ်သုံးပါးဆိုတာဟာလဲ တခြားမဟုတ်ပါဘူး။ ဒုက္ခသစ္စာကိုသိအောင် ထူထောင်ရသော ဝိပဿနာဉာဏ်များဘဲ ဖြစ်ပါတယ်။

(၁) အနိမိတ္တာ အနုပဿနာဆိုတာက ပုဂ္ဂိုလ်ပုံအသွင်၊ သတ္တဝါပုံ အသွင်၊ ယောကျ်ားပုံအသွင်၊ မိန်းမအသွင်၊ ဦးခေါင်းမျက်နှာ၊ ခြေလက်ပုံ အသွင်စတဲ့ အသွင်နိမိတ်၊ သဏ္ဌာန်အမျိုးမျိုးကို ပျောက်ပျက်ကုန်အောင် ရှုဆင်ခြင်နိုင်ပါလျှင် အနိမိတ္တာနုပဿနာဖြစ်ပါတယ်။ ၎င်းကိုအနိစ္စလက္ခဏာဉာဏ်လို့လဲခေါ်ဆိုပါတယ်။

(၂) အပဏိဟိတာ၊ နုပဿနာဆိုတာက မတင့်တယ်၊ မဖွယ်ရာ၊ ကျက်သရေမင်္ဂလာမရှိ၊ နှစ်သက်သာယာဖွယ်မကောင်း၊ မချမ်းသာရိုးအမှန်ဟု ထင်မြင်အောင် ရှုဆင်ခြင်နိုင်ပါလျှင် အပဏိဟိတာ၊ နုပဿနာဖြစ်ပါတယ်။ ၎င်းကိုဒုက္ခလက္ခဏာဉာဏ်လို့ပဲခေါ်ဆိုပါသည်။ ဤအချက်ကို ထောက်ရှုကာ သဲအင်းဂူရဲ့အသုဘလက္ခဏာထင်မြင်အောင် ရှုပွားခြင်းကို သမထကြီးပါကွာလို့ အပြစ်ပြောသူများ အထူးသတိထားပြီး စဉ်းစားသင့်ကြပါတယ် ခင်ဗျား။

(၃) သုညတာနုပဿနာဆိုတာက ပုဂ္ဂိုလ်ဖြစ်သည်၊ သတ္တဝါဖြစ်သည်၊ ငါဖြစ်သည်၊ သူဖြစ်သည်၊ ယောကျ်ားဖြစ်သည်၊ မိန်းမဖြစ်သည်၊

www.dhammaransi.com



အစိုးရသည်၊ အလိုဘို့လိုက်သည်၊ အသက်ရှိသည်၊ ငါခံစားနိုင်သည်၊ ငါပြုလုပ်နိုင်သည် စသည်ဖြင့် ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝသဘောများ ပျောက်ကင်းအောင် ရှုဆင်ခြင်နိုင်ပါလျှင် သုညတာနုပဿနာ ဖြစ်ပါသည်။ ၎င်းကို အနတ္တလက္ခဏာညာဏ်လို့လဲ ခေါ်ဆိုပါတယ်။

## ခန္ဓာငါးပါးခွဲခြားရှုပါ

ခန္ဓာငါးပါးတို့ကို အသီးသီးခွဲခြားပြီး၊ ဝိပဿနာရှုပွားသင့် ကြောင်းကို ဝိသုဒ္ဓိမဂ်ကျမ်း (မြန်မာပြန်) ဒုတိယတွဲ ခန္ဓနိဒ္ဒေသစာမျက်နှာ(၄၁၈)မှာ ဖော်ပြထားပါတယ်။

(၁) သတ္တဝါတို့ရဲ့ကိုယ်ကာယအရပ်သဏ္ဌာန်ကြီးဖြစ်၍နေတဲ့ ရူပက္ခန္ဓာကို မတင့်တယ်မဖွယ်ရာသော အသုဘရှုဆင်ခြင် သင့်ကြောင်း၊ ထိုသို့ ရှုဆင်ခြင်ပါရင် ကာယာနုပဿနာ သတိပဋ္ဌာန် ကိစ္စပြီးစီးကြောင်း၊

(၂) ဝေဒနာက္ခန္ဓာကို ဒုက္ခဟုရှုဆင်ခြင်သင့်ကြောင်း၊ ထိုသို့ရှုဆင်ခြင် ပါရင်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်ကိစ္စပြီးစီးကြောင်း၊

(၃) သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့ကို အနတ္တဟူ၍ ဆင်ခြင်သင့်ကြောင်း၊ ထိုကဲ့သို့ ရှုဆင်ခြင်ခဲ့ပါရင် ဓမ္မာနုပဿနာသတိပဋ္ဌာန် ကိစ္စပြီးစီး ကြောင်း။

(၄) ဝိညာဏက္ခန္ဓာကို အနိစ္စဟူ၍ ရှုဆင်ခြင်သင့်ကြောင်း၊ ထိုကဲ့သို့ ရှုဆင်ခြင်ပါရင် စိတ္တာနုပဿနာ သတိပဋ္ဌာန်ကိစ္စပြီးစီးကြောင်းများကို အမြင်မမှားအောင် အထင်အရှားတွေ့ရမည်ဖြစ်ပါတယ်။

အဲ … သို့ကလို၊ သတိပဋ္ဌာန်လေးပါး ခွဲခြားဝေဖန်ကာ ရှုပွားနည်းကို တင်ပြပြီးနောက်၊ ဘုရားဟောဓမ္မစကြာသုတ်လာ မဇ္ဈိမပဋိပဒာခေါ် မဂ္ဂင်ရှစ်ပါး တည်းဟူသော ဗဟိုလမ်း၊ ဗဟိုအကျင့်နဲ့ ပတ်သက်ပြီး၊ သဘောအယူအဆ မလွဲမှားရလေအောင် ရှင်းလင်းတင်ပြ ပါဦးမယ်။

## ဗဟိုလမ်းနှင့် အာတာပ ဝီရိယ

မြတ်စွာဘုရားသခင်က (၁)ကာမသုခလ္လိကာနုယောဂနဲ့ (၂)အတ္တကိလ မထာနုယောဂဆိုတဲ့ ယုတ်မာသော အစွန်းနှစ်ပါးမှ လွတ်မြောက်တဲ့ မဂ္ဂင်ရှစ်ပါး လမ်းကို မဇ္ဈိမပဋိပဒါလမ်းလို့ ဓမ္မစကြာသုတ် မှာ အတိအလင်းခေါ်ဆိုခဲ့ပါတယ်။ မဂ္ဂင်ရှစ်ပါးကိစ္စပြီးမြောက်အောင် သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်

www.dhammaransi.com



ရမယ်လို့ ဆိုတော်မူထားပြန်သဖြင့် သတိပဋ္ဌာန်လေးပါးကို အရိယာဆရာကောင်းထံမှာ နည်းခံပြီး ကျင့်ကြံအားထုတ်ခြင်းဟာ ဘယ်နည်းနဲ့မှ ကာမသုခလ္လိကနုယောဂနဲ့ အတ္တကိလမထာနုယောဂဆိုတဲ့ အကျင့်ယုတ်များ မဖြစ်နိုင်ဘဲ မဇ္ဈိမပဋိပဒါ ဗဟိုလမ်းသာဖြစ်ရမယ်ဆိုတာ တထစ်ချယုံကြည်သင့်ကြပါတယ် ခင်ဗျား။

ဒီလို . . . သတိပဋ္ဌာန်လေးပါးဟာ မဇ္ဈိမဗဟိုလမ်းဖြစ်ပေမဲ့ ထိုသတိပဋ္ဌာန်လေးပါးကို သမ္မပ္ပဓာန်လုံ့လနဲ့ အရိုးကြေကြေ၊ အရေခန်းခန်း၊ လူသေရင်သေ၊ လူမသေရင် ကိလေသာသေရောဟဲ့ဆိုတဲ့ လုံ့လဝီရိယနဲ့ ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်ခြင်းကို တွေ့မြင်ကြတဲ့အခါ၊ ဒီလို ပြင်းပြင်းထန်ထန် အားထုတ်ခြင်းဟာ အတ္တကိလမထာနုယောဂကြီးဘဲ၊ သက်သက်သာသာကလေး အားထုတ်ခြင်းသည်သာလျှင် မဇ္ဈိမပဋိပဒါလမ်းဖြစ်တယ်လို့ လုံ့လဝီရိယဆုတ်နစ်ပျော့ညံ့မှုကို မဇ္ဈိမပဋိပဒါလမ်းလို့ အယူမှား၊ အမှတ်မှားခြင်းများကို တွေ့မြင်နေရခြင်းဟာ ဝမ်းနည်းစရာပင်ဖြစ်ပါတယ်။

အနီသမ္မပ္ပဓာန်ဝီရိယနှင့် ပတ်သက်ပြီး ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားက တွန့်တိုခြင်းမရှိသော ဝီရိယကို သမ္မပ္ပဓာန်ဆိုသည် အာတာပဝီရိယလည်းခေါ်သည်။ အားထုတ်မှုအရာ၌ လွန်စွာအပူအပန်၊ အပင်အပန်းခံနိုင်သော ဝီရိယဟူလို၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယ ၏ အမည်ချည်းတည်း။ (၁)အရေကြွင်းစေ၊ အင်္ဂါတပါး၊ (၂)အကြော ကြွင်းစေ၊ အင်္ဂါတပါး၊ (၃)အရိုးကြွင်းစေ၊ အင်္ဂါတပါး၊ (၄)အသားအသွေး အကုန်ခန်းခြောက်လေစေ၊ အင်္ဂါတပါး၊ ဤကားသမ္မပ္ပဓာန်ဝီရိယ၏အင်္ဂါလေးပါးတည်း။

အရှင်သောဏမထေရ်သည် ဝါတွင်းသုံးလပတ်လုံး အိပ်မှုမရှိ၊ ထိုင်မှု၊ စင်္ကြံသွားမှုနှင့် အားထုတ်၏။ ရှင်စက္ခုပါလလည်း ထို့အတူ၊ ဖုဿဒေဝမထေရ်သည် ထိုကဲ့သို့ ၂ နှစ်တိုင်တိုင်အားထုတ်မှုရ၏။ မဟာသီဝ မထေရ်သည် အိပ်မှုကိုပင် ပယ်ရှား၍ အနှစ်သုံးဆယ်အားထုတ်မှုရ၏။

ယခုကာလ၌ ထိုကဲ့သို့သော သမ္မပ္ပဓာန်မှု၊ အလွန်ကြီးလို၍နေကြ၏ဟူ၍ ဗောဓိပက္ခိယဒီပနီမှာ ဖော်ပြထားပါတယ် ခင်ဗျား။

## ပြင်းစွာအားထုတ်ခြင်း

ထိုပြင် ဘုရားဟောမဟာသတိပဋ္ဌာနသုတ်မှာ သတိပဋ္ဌာန်

www.dhammaransi.com



တရားလေးပါးကို ရှုဆင်ခြင်တဲ့အခါ (၁)အာတာပီ ကိလေသာအစေး၊ စိတ်အညစ်အကြေးကို ပူနွေးသွေ့ခြောက်၊ ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန်လုံ့လ၊ ဝီရိယရှိသည်ဖြစ်၍ ဝါ၊ အပြင်းအထန်အားထုတ်ခြင်းနှင့် ပြည့်စုံခြင်း၊ (၂)အမြော်အမြင် ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံခြင်း၊ (၃)သတိ တရားကို မပြတ်ရှေ့သွားပြုခြင်း၊ (၄)မက်မောသည့် အဘိဇ္ဈာနှင့် နလုံး မသာယာသည့် ဒေါမနဿတို့ကို ပယ်ဖျောက်ခြင်းစတဲ့ အင်္ဂါလေးပါးနှင့် ပြည့်စုံရမယ်လို့ ဆိုထားပါသည်။ ထိုအင်္ဂါလေးပါးအနက် အာတာပဝီရိယဆိုတဲ့ အပြင်းအထန် အားထုတ်ခြင်းနဲ့ပြည့်စုံရမယ်ဆိုတဲ့ အချက်ကို အထူးသတိပြုသင့်ပါတယ် ခင်ဗျား။

## ဝီရိယပျော့ညံ့မှု(ဘာ ဗဟိုလမ်းမဟုတ်

အနီဘုရားဟောဒေသနာများကို ထောက်ရှုခြင်းအားဖြင့် (၁)သတိပဋ္ဌာန်လေးပါးကို အရိယာဆရာကောင်းထံမှာ နည်းခံပြီး၊ ကျင့်ကြံအားထုတ်ခြင်းဟာ မဇ္ဈိမပဋိပဒါလမ်းအမှန်ဖြစ်သည်။ (၂)ထို သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်တဲ့အခါ ဣရိယာပုတ်ကလေးကို ပြင်ကာပြင်ကာနဲ့ခန္ဓာကိုယ်ကို သက်ညှာစွာ ပြုလုပ်နေခြင်းဟာ သမ္မပ္ပဓာန်၊ ဝီရိယပျော့ညံ့မှုသာဖြစ်ကြောင်း၊ (၃)သတိပဋ္ဌာန်လေးပါးကို အားထုတ်တဲ့ အခါ ဣရိယာပုတ်ကိုမပြောင်းလဲဘဲဒုက္ခဝေဒနာ၏အစ၊အလယ်၊အဆုံးသုံးပါးလုံးကို ဉာဏ်ငုံမိအောင် သေသေကြေကြေ၊ လဲလဲပြိုပြို၊ အားထုတ်မှုသည်သာ သမ္မပ္ပဓာန်၊ ဝီရိယနဲ့ ပြည့်စုံကြောင်းများကို ကောင်းကောင်းကြီးသဘော ပေါက်သင့်ပါတယ် ခင်ဗျား။

မိတ်ဆွေ - မန္တလေးဆွေးနွေးပွဲနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့ နှစ်ပတ်က တင်ပြ ခဲ့သော အချက်အလက်များဟာက (၁)၃၁ - ဘုံက လွတ်မြောက်လို သူတို့ရဲ့ အဓိကပန်းတိုင်ဟာ သစ္စာလေးပါး သိ - ပယ် - ဆိုက် - ပွားခြင်း ကိစ္စ ဖြစ်ကြောင်း၊ (၂)ထိုပန်းတိုင်သို့ သွားရာလမ်းကြောင်းဟာ မဂ္ဂင်ရှစ်ပါး အကျင့်မြတ် တရားဖြစ်ကြောင်း၊ (၃)ထိုပန်းတိုင်သို့သွားရာလမ်းကြောင်း၌ သတိပဋ္ဌာန် လေးပါးတည်းဟူသော ယာဉ်ရထားကို စီးနင်း၍ သွားမှသာလျှင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ (အခြားတပါးဖြစ်သော ယာဉ်ရထားကို စီးသွား ၍ မရောက်နိုင်ဆိုသော အချက်ကို အထူးသတိပြုပါ) (၄)သီလ မဂ္ဂင်ကမ်းမှ ပညာမဂ္ဂင်ကမ်းတဖက်သို့ လှမ်းတက်လိုသူဟာ ပေါင်းကူးတံတားနဲ့တူတဲ့

www.dhammaransi.com



သမာဓိမဂ္ဂင်ကို ကောင်းစွာ ထူထောင်ရမည်ဖြစ်ကြောင်း၊ (၅)သတိပဋ္ဌာန် လေးပါးကို နည်းနာကျကျ ကျင့်ကြံအားထုတ်မှုကိုသာ မဇ္ဈိမပဋိပဒါဟုလည်းဟုခေါ်ကြောင်း၊ (၆)ခန္ဓာကိုယ်ကို ၀ံညာစွာ သက်သက်သာသာ ကျင့်သော အကျင့်သည် အာတာခေါ်သမ္မပ္ပဓာန်လုံ့လ၊ အားနည်းချူချာမှုသာ ဖြစ်ကြောင်း၊ (၇)သတိပဋ္ဌာန်တရားကို အားထုတ်တဲ့အခါ အရိုးကြေကြေ အရေခန်းခန်း၊ လူသေရင်သေ၊ လူမသေရင် ကိလေသာသေအောင် ရွတ်ရွတ်ချွန်ချွန်၊ ပြင်းပြင်းထန်ထန် အားထုတ်ခြင်း သည်သာ အာတာပဝိရိယနဲ့ ပြည့်စုံသည်ဟူ၍ ခေါ်ဆိုကြောင်း၊ (၈)သတိပဋ္ဌာန်လေးပါးကို အားထုတ်ခြင်း ဆိုသည်မှာ ဥပါဒါန်ဖြစ်သော ခန္ဓာငါးပါးကို ခွဲခြား၍ အရှုခံအာရုံအဖြစ်ထားကာ အနိစ္စညာဏ်၊ ဒုက္ခညာဏ်၊ အနတ္တညာဏ်၊ အသုဘညာဏ်ဆိုတဲ့ ဝိပဿနာညာဏ် များပေါ်အောင် (ဝါ) ဒုက္ခသစ္စာကို ထိုးထွင်း၍ သိမြင်အောင် ရှုပွားခြင်း ဖြစ်ကြောင်းစသည် များဘဲဖြစ်တယ်လို့ကျွန်တော်မှတ်သားမိပါတယ်ခင်ဗျား။ ယနေ့ဆက်လက်ပြီးဘယ်အချက်တွေကိုတင်ပြပွဲမလဲ၊ကြားနာမှတ်သားပါရစေ ခင်ဗျား။

မိုးကြိုး - မိတ်ဆွေမှတ်သားမိတဲ့ အချက်အလက်များဟာ နိဗ္ဗာန်ကို ရည်မှန်းပြီး သမထဝိပဿနာကို အားထုတ်ကြတဲ့ တရားယောဂီတိုင်း အသဲစွဲအောင် မြဲမြဲကြီးမှတ်ထားရမဲ့ အဓိကအချက်များဘဲဖြစ်ပါတယ်။ ဒါထက်ယနေ့ ကျွန်တော်တင်ပြလိုတာက သမထ - ဝိပဿနာအလုပ်ဆိုတာ အာသဝေါတရားတို့ရဲ့ အာရုံဖြစ်တဲ့ ရုပ် - ဝေဒနာ - သညာ - သင်္ခါရ - ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးအနက်မှ ရုပ်ကိုဆုံးမတဲ့ အလုပ်အလျဉ်းမဟုတ်ဘဲ နာမ် ခန္ဓာလေးပါးကိုသာ ယဉ်ကျေးအောင် ဆုံးမပဲ့ပြင် သွန်သင်တဲ့ အလုပ် ဖြစ်တယ်ဆိုတာကို ညာဏ်ငုံမိထားရမယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ တနည်း ပြောရမယ်ဆိုရင် သမထဝိပဿနာအလုပ်ဆိုတာ နာမ်ခန္ဓာလေးပါးမှာ သံသရာလဆန်းတရက်နေ့ကအစပြုပြီး၊ မှီတွယ်ယှဉ်ကပ်လာတဲ့ ဥပါဒါန် အစွဲကို ဖြုတ်တဲ့ အလုပ်ဖြစ်တယ်လို့ဆိုလိုပါတယ်။ ဒီလိုသမထဝိပဿနာ အလုပ်ကို အားထုတ်လို့ အောင်မြင်ထမြောက်တဲ့အခါ ဥပါဒါန်ဖြစ်နေတဲ့ နာမ်ခန္ဓာ လေးပါးဟာ ဥပါဒါန်လွတ်ကင်းသော နာမ်ခန္ဓာလေးပါးဖြစ်သွားပါတယ်။ ထိုပုဂ္ဂိုလ်ကို ရဟန္တာလို့ခေါ်ဆိုပါတယ်။ ရုပ်ကတော့ ဥပါဒါန်လွတ်ကင်းတဲ့ ရူပက္ခန္ဓာမဖြစ်နိုင်ပါ။ ဥပါဒါန်မလွတ်သော ရူပက္ခန္ဓာအဖြစ်နဲ့သာ အရဟတ္တမဂ်ညာဏ်ကိုရပြီး ပရိနိဗ္ဗာန်စံဝင်တော်မူသည့်တိုင်အောင်

www.dhammaransi.com



ထိုဥပါဒါန်ဖြစ်တဲ့ ကိုယ်ခန္ဓာကြီးကိုဘဲ အဖော်လုပ်နေရမည်ဖြစ်ပါတယ်။

အနိစ္စပြဿနာနဲ့ပတ်သက်ပြီး သိမှတ်စရာတခုကို လယ်တီဆရာတော် ဘုရားရေးပရမတ္ထသံခိပ်ကို ဖွင့်ဆိုတဲ့ လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီးရေး ပရမတ္ထသံခိပ်ဋီကာကျမ်းမှ ကောက်နှုတ်ချက်ကို ဖော်ပြ ပါ့မယ်။

ရုပ်တရားတို့သည် လုံးလုံးလျောင်းလျောင်းပေါင်း၍ တည်ဟန်၊ သဏ္ဌာန်ပုံပန်းအဖြစ်သို့ ရောက်နိုင်သောကြောင့် အကောင်အထည်နှင့် ဖြစ်သောတရား၊ မည်ကုန်၏။ ထိုသို့အကောင်အထည်ရှိသော ရုပ်တရားတို့၌သာ ဖေါက်ပြန်ထွေပြားမှုသည် မျက်မှောင်ထင်ထင် သိမြင်လွယ်လှ ၏။ ထို့ကြောင့် ရုပ်ဟူသော အမည်သည် အကောင်အထည်ရှိသော တရားမျိုးတို၌သာ ထင်ရှား၏။ နာမ်တရားတို့သည်ကား အကောင်အထည်ရှိသော တရားမျိုး မဟုတ်ကြကုန်။ ယိုနာမ်တရား၏ ဖောက်ပြန်ထွေပြားမှုသည်လည်း ပစ္စက္ခအားဖြင့် မထင်ရှား၊ ရုပ်တရားတို့၏ဖောက်ပြန်ထွေပြားမှုကို မြင်ရ၊ ကြားရ၊ မေးမြန်းမှသာလျှင် နာမ်တရားတို့၏ ဖောက်ပြန်ထွေပြားမှု ထင်ရှား၏ဟူ၍ ရှင်းလင်းဖော်ပြထားပါသည်။

အနီးအချက်ကို ထောက်ရှုခြင်းအားဖြင့် ခက်မာမှု၊ ပထဝီ၊ ပူအေးမှု၊ တေဇော၊ ယိုစီးဖွဲ့စည်းမှု၊ အာပေါ၊ တွန်းကန်လှုပ်ရှားမှု၊ ဝါယော ဆိုသော ဓာတ်ကြီးလေးပါးဦးစီးနေတဲ့ ရုပ်ဟာ တပြောင်းပြန်ပြန် ဖောက်ပြန် နေမည်သာဖြစ်ပါတယ်။ မပြောင်းလဲနဲ့ မဖောက်ပြန်နဲ့လို့ မည်သူမျှ တားဆီးပိတ်ပင်၍ ရမည်မဟုတ်ပါ။

ထိုကဲ့သို့ ရုပ်တရားပြောင်းလဲဖောက်ပြန်တဲ့အခါ နာမ်ခန္ဓာ လေးပါးတို့သည်လဲ ဖောက်ပြန်ထွေပြားကြပါတယ်။ အနီကဲ့သို့နာမ်တရားများ ဖောက်ပြန်ထွေပြားကြတဲ့အခါ ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ ဒိဋ္ဌိနဲ့တဏှာဦးစီးသော ဖောက်ပြန်ထွေပြားမှုများဖြစ်ပေါ်ပါတယ်။

သမထဝိပဿနာတရားကို ကျင့်ကြံအားထုတ်တယ်ဆိုတာ တနည်းပြောရမယ်ဆိုရင် ရုပ်တရားဖောက်ပြန်သဖြင့် နာမ်တရားဟာ ယှဉ်တွဲကာဖောက်ပြန်ရတဲ့အခါ ဒိဋ္ဌိနဲ့ တဏှာဦးစီးသော ဖောက်ပြန် ထွေပြားမှုမဖြစ်အောင် နာမ်ခန္ဓာလေးပါးကို ယဉ်ကျေးအောင် ဆုံးမပဲ့ပြင် သွန်သင်တဲ့ အလုပ်ဖြစ်တယ်လို့ ဉာဏ်ငုံမိရမည်ဖြစ်ပါတယ် ခင်ဗျား။

အဲဒီလို သမ္မာဒိဋ္ဌိဦးစီးလိုက်တဲ့အခါ ကျွန်မဂ္ဂင်ခုနစ်ပါးတို့ဟာ မိစ္ဆာဘဝ မှာ သမ္မာဘဝသို့ပြောင်းလဲသွားပါတော့တယ်။ သဘောကတော့ "ရှေ့ဆောင်

www.dhammaransi.com



နွားလား၊ ကောက်ကောက်သွားက နောက်နွားတသိုက် ကောက်ကောက် လိုက်၏၊ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတသိုက် ဖြောင့်ဖြောင့်လိုက်၏" ဆိုသော ဥပမာအတိုင်း ဖြစ်ပါတယ် ခင်ဗျား။

နောက်တစ်ခုပြောချင်တာကတော့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဆိုတဲ့ သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ကတွတ် ပေါက်ကစောင့်ပြီး မိမိရှေ့သို့ သူ့အလိုအလျောက်ရောက်လာ ကြတဲ့ ငါးများကို ကောက်ယူတဲ့ ဖျင်းကဲ့သို့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဆိုတဲ့ သတိပဋ္ဌာန်များကို ကျင့်ကြံအားထုတ်တဲ့အခါ ပစ္စုပ္ပန်ပေါ်လာတဲ့ ရုပ်နာမ်ကို ဉာဏ်ငုံမိအောင် အလိုက်သင့် ရှုပွားသွားရတယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒါကြောင့် ကာယသတိပဋ္ဌာန်တခုတည်းကိုသာ ရှုပွားကာ၊ ကျန်သတိပဋ္ဌာန်သုံးပါးကို ဝေယျာလကံ၊ ဝကွက်၍ ချန်ထားခြင်း မျိုးသည်၎င်း ထိုပြင် ဝေဒနာတွေ ဒုန်ဒေပေါ်နေတာကို မရှုပွားဘဲ ဝေဒနာတွေချုပ်ဆုံးတဲ့အခါမှာမှ စိတ်ကလေး တည်ငြိမ်ချမ်းသာနေသဖြင့် ရှုပွားလို့ရတဲ့ စိတ္တသတိပဋ္ဌာန်ကိုသာ ရှုပွားရမည် ဟူ၍ ယူဆပြောဆို လုပ်ကိုင်နေခြင်းမျိုးသည်၎င်း၊ ထိုသို့လုပ်ကြခြင်းမျိုးဟာ ငါးသဘော လုပ်နေခြင်းမျိုးသာဖြစ်နေပါ၍ ဓမ္မစည်းမျဉ်းဘောင်အတွင်းသို့ သွတ်သွင်း၍ရမည်မဟုတ်ကြောင်းကိုလဲ အထူးသတိပြုစေချင်ပါတယ်။

အဲဒီလို သမထဝိပဿနာအလုပ်နဲ့သက်ဆိုင်တဲ့ ဓမ္မစည်းမျဉ်း များကို အကျဉ်းအားဖြင့် တင်ပြပြီးနောက် သဲအင်းဂူကျင့်စဉ်ကို ထိုဓမ္မစည်းမျဉ်း ဘောင်အတွင်းသို့ သွတ်သင်း၍ ပြပါတော့မယ်။ ကြိုက်ရင်ဆောင် မကြိုက်ရင်ရှောင်ကြပေါ့ ခင်ဗျား။

## သဲအင်း ကျင့်စဉ်

(၁) သဲအင်းဂူဆရာတော်ဘုရားဟာ တရားအားထုတ်စယောဂီအား အာနာပါန သတိသမာဓိကို ဦးစွာထူထောင်နိုင်းပါတယ်။ တရားယောဂီဟာ တရားအားထုတ်စမှာ ထွက်လေဝင်လေ ရှုရှိုက်မှုကို ပြင်းလိုက်ပျော့လိုက်၊ နေးလိုက်မြန်လိုက်နဲ့ ငါ့သဘောဖြစ်နေတတ်ပါတယ်။ ထို့နောက် အချိန်အတန်ကြာလာတဲ့အခါ ဆရာသင်ပြသောအတိုင်း နည်းနာကျကျ အားထုတ်သူဟာ ထွက်လေဝင်လေသည် အချိုးကျကာ သူ့သဘောနဲ့သူ ရှုရှိုက်နေတာပါလားဆိုတာကို အံ့သြစွာတွေ့ရမည်ဖြစ်ပါတယ်။ ဤကဲ့သို့သူ့သဘောကို

www.dhammaransi.com



သိခြင်းဟာ အနတ္တလက္ခဏာကို စတင်တွေ့ သိခြင်းဖြစ်ပါတယ်။ အနီကဲ့သို့ အနတ္တလက္ခဏာကို တွေ့သိပြီးချိန်မှာ အာနာပါန သတိသမာဓိဟာ ထူးထူးခြားခြား ကြီးမားထွားကြိုင်းလာသည်ကို ထပ်မံတွေ့ရမည်ဖြစ်ပါတယ်။ အနီကဲ့သို့ထွက်လေဝင်လေကို ဒလစပ်သိအောင် ရှုပွားခြင်းကို ကာယသတိပဋ္ဌာန်လို့ခေါ်ဆိုပါတယ်။

(၂) ထို့နောက် အချိန်အတန်ကြာလာပြီဖြစ်တဲ့အတွက် ခါတ်ကြီး လေးပါးတို့ရဲ့ဖောက်ပြန်မှုကြောင့် တောင့်တင်း၊ ထုံကျင်၊ ညောင်းညာ၊ ကိုက်ခဲ၊ ပူအေးစတဲ့ ဒုက္ခဝေဒနာများပေါ်လာကြပါတယ်။ အနီ ဝေဒနာများကို တောင့်တယ်၊ တင်းတယ်၊ ထုံတယ်၊ ကျင်တယ်၊ ညောင်းညာတယ်၊ ကိုက်ခဲတယ်၊ ပူတယ်၊ အေးတယ်လို့ မိရိုးဖလာ သိနေကြအတိုင်း အဝိဇ္ဇာအမည်ပညတ်နဲ့မသိစေဘဲ၊ ဝေဒနာနာမ်ရဲ့ ခံစားခြင်းသဘောပရမတ္ထသဘာဝကိုဉာဏ်ငုံမိအောင် သမ္မာဒိဋ္ဌိအသိကို ဖြစ်ပေါ်စေတဲ့ ဝိဇ္ဇာအမည် ပညတ်နဲ့ အသိနိုင်းပါတယ်။ (ဤနေရာမှာ အရေးတကြီး သတိထားဘို့က ခံစားတယ်၊ ခံစားတယ်လို့ ရွတ်ဆိုမှတ်သားခြင်း မျိုးအလျဉ်း မဟုတ်ပါ။ ခံစားတယ်ဆိုတဲ့ ဝေါဟာရစကားပေါ်မှာ ဉာဏ်မေးတင်၍ မနေစေဘဲ ခံစားတဲ့ ပရိမတ္ထသဘာဝကိုဉာဏ်ငုံမိသိရှိအောင် ရှုကြည့်ခြင်းသက်သက်မျှသာ ဖြစ်ပါတယ်) ထိုကဲ့သို့ဝေဒနာရဲ့သဘောကို သိအောင် ရှုပွားခြင်းကို ဝေဒနာသတိပဋ္ဌာန်လို့ခေါ်ပါတယ်။

ဤကဲ့သို့ပေါ်လာကြတဲ့ဒုက္ခဝေဒနာရဲ့အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ဒလစပ်သိအောင် ရှုကြည့်ဖန်များတဲ့အခါ ဝေဒနာ သညာဖြစ်နေတုန်း အချိန်မှာ အလွန်တရာပြင်းပြလှတဲ့ ဒုက္ခဝေဒနာများကို ခံစားရသည့် တိုင်အောင် ဝေဒနာသညာမှ ဝေဒနာသမာဓိဖြစ်လာချိန်မှာတော့ ထိုဒုက္ခဝေဒနာများကို ကောင်းစွာ သီးခံနိုင်လာပါတယ်။ သဘော ကတော့ ဝေဒနာ သညာဖြစ်ချိန်မှာ အတ္တဒိဋ္ဌိငါစွဲကြီးနဲ့ငါနာတယ်။ ငါကျင်တယ်ဆိုတဲ့ အသိမျိုးနဲ့ သိခြင်းမျိုးဖြစ်ပြီး ဝေဒနာသမာဓိ ဖြစ်ချိန်ကြတော့ အတ္တဒိဋ္ဌိဆိုတဲ့ ငါစွဲလုံးလုံးမပြုတ်သည့်တိုင်အောင် ကြီးမားသော သမာဓိနဲ့စိတ်ကိုတည်တံ့ခိုင်မြဲအောင်ထားနိုင်တဲ့အတွက် ဝေဒနာကို ခံနိုင်ရည်ရှိလာခြင်းဖြစ်ပါတယ်။ ထို့နောက် အားထုတ်ဖန် များသဖြင့် နာတဲ့ဝေဒနာချုပ်ပျောက်ပြီး ကျင်တဲ့ ဝေဒနာပေါ်လာကာ

www.dhammaransi.com



ကျင်တဲ့ဝေဒနာချုပ်ပျောက်ပြီး ထုံတဲ့ဝေဒနာပေါ်လာခြင်း၊ ထုံတဲ့ဝေဒနာ ချုပ်ပျောက်ပြီး ကိုက်ခဲတဲ့ ဝေဒနာပေါ်လာခြင်း၊ ကိုက်ခဲတဲ့ ဝေဒနာ ချုပ်ပျောက်ပြီး ပူတဲ့ဝေဒနာပေါ်လာခြင်းစသည့် ဝေဒနာရဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အစိုးမရအနတ္တလက္ခဏာများကို နဖူးတွေ့ ဒူးတွေ့တွေ့သိတဲ့အခါ ဝေဒနာသမာဓိအဆင့်မှ ဝေဒနာရဲ့ သဘောအမှန်ကို သိတဲ့ သမ္မာဒိဋ္ဌိဉာဏ်ကိုရရှိကာ ဝေဒနာပညာ အဆင့်ကို ရောက်ရှိလာပါတယ် ခင်ဗျား။

## ဝေဒနာစမ္မာ

(၃) ဝေဒနာတွေဟာ ဖြစ်ပေါ်လာလိုက် ချုပ်ဆုံးသွားလိုက်နဲ့ပြောင်းလဲ နေချိန်မှာ ဝေဒနာချုပ်ဆုံးသွားချိန်၌ စိတ်ဟာ အေးငြိမ်းချမ်း သာသွားပါတယ်။ ထို့နောက် ဝေဒနာများ ပေါ်လာချိန်မှာ စိတ်ဟာ ဆင်းရဲရပြန်ပါတယ်။ အနီးလို ချမ်းသာခြင်းနဲ့ ဆင်းရဲခြင်းတို့ကို ပြောင်းလဲခံစားနေတဲ့ စိတ်ရဲ့ခံစားနေခြင်းသဘောကို သိအောင် ရှုပွားခြင်းကို စိတ္တသတိပဋ္ဌာန် အဆင့်သို့ရောက်တယ်လို့ဆိုပါတယ်။

(၄) ထိုမှ တဖန်ဓာတ်လေးပါးတို့ရဲ့ပြောင်းလဲဖောက်ပြန်မှုနဲ့ယှဉ်တွဲပြီး စိတ်ဟာလဲလိုက်လိုက်ပြီး ပြောင်းလဲဖောက်ပြန်ပါတယ်။ ထိုရုပ်နာမ် တို့ရဲ့ပြောင်းလဲဖောက်ပြန်ခြင်း သဘောကို သိအောင် ရှုပွားခြင်းကို ဓမ္မသတိပဋ္ဌာန်လို့ခေါ်ဆိုနိုင်ပါတယ်။

အဲဒီလို ကာယ - ဝေဒနာ၊ စိတ္တ - ဓမ္မဆိုတဲ့ သတိပဋ္ဌာန်လေးပါးကို တပြောင်းပြန်ပြန်၊ အဖန်ဖန်၊ အထပ်ထပ် ရှုပွားပြီးနောက် သတိနဲ့သမာဓိ၊ ဝီရိယနဲ့ပညာညီမျှတဲ့အခါမှာ ပထမမဂ်ဉာဏ်၊ ထို့နောက် ဖိုဉာဏ်၊ ၎င်းမှတဆင့် ပစ္စဝေက္ခဏာဉာဏ်များ ပေါ်လာကြပြီး ယောဂီပုဂ္ဂိုလ်ဟာ ပုထုဇဉ် အနွယ်ပြတ်ကာ အရိယာနွယ်ဝင် သူတော်ဝင်ဖြစ်သွားပါတယ်။

(၁) ထိုသောတာပန်အရိယာဟာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမရယ်လို့မြင်သိနေတဲ့ငါစွဲအသိကို ပယ်ပြီးမြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ ကိစ္စတွေမှာ ဝေဒနာရဲ့ခံစားခြင်း သဘောအမှန်ကို ဝေဒနာရယ်လို့ အမှန်အတိုင်းသိတဲ့ သမ္မာဒိဋ္ဌိဉာဏ်ကို ထာဝစဉ်ရရှိသွားပါတယ်။ ထိုသောတာပန်ဟာ ဝေဒနာကို ဝေဒနာမှန်း အမှန်မြင်အမှန်သိ

www.dhammaransi.com



နေတဲ့အတွက် (၁)သုခဝေဒနာကို သုခဝေဒနာအနေနဲ့ ခံစားပါတယ်၊ (၂)ဒုက္ခဝေဒနာကို ဒုက္ခဝေဒနာအနေနဲ့ခံစားပါတယ်၊ (၃)ဥပေက္ခာဝေဒနာကိုလဲ ဥပေက္ခာဝေဒနာအနေနဲ့ခံစားပါတယ်။

(၂) ထိုသောတာပန်ကြီးဟာ အထက်မဂ်သို့ တက်ဘို့ရန် အသုဘကမ္မဋ္ဌာန်းကို ရှုပွားပါတယ်။ ရုပ်ပေါ်မှာ ဖြစ်နေတဲ့ သုခဝေဒနာကို ပယ်သတ်ရန် အားထုတ်ပြီး သုခဝေဒနာကို ပယ်သတ်လိုက်တဲ့အခါ တလောကလုံးဟာဖြင့် သုခဝေဒနာပျောက်ပြီး ဒုက္ခဝေဒနာ တွေချည်း ထာဝစဉ်ဖြစ်သွားပါတယ်။ ၎င်းအရိယာကို သကဒါဂါမ်လို့ခေါ်ပါတယ်။

(၃) ထိုသကဒါဂါမ်ကြီးဟာ အထက်မဂ်သို့ တက်ချင်တဲ့အခါ အသုဘကမ္မဋ္ဌာန်းကိုဘဲ တဖန်ရှုပွားရပြန်ပါတယ်။ ထိုသို့ ရှုပွားတဲ့အခါ ဒုက္ခဝေဒနာပျောက်ပြီး ဥပေက္ခာဝေဒနာဖြစ်သွားပါတယ်။ ၎င်းကို အနာဂါမ်အရိယာလို့ခေါ်ဆိုပါတယ်။

(၄) ထိုအနာဂါမ်ကြီးဟာ အထက်မဂ်သို့ တက်ချင်တဲ့အခါ ဥပေက္ခာဝေဒနာဖြစ်စေတဲ့ ရုပ်အစိုင်အခဲကြေနေသော ရုပ်က လာပကလေးများနဲ့မပေါ်တဲ့ စိတ်ကို ပေါ်မလားဆိုပြီး အနုသယကို ပယ်သတ်တဲ့အနေနဲ့ နာမ်တရားများကို ရှုပွားရပါတယ်။ ထိုသို့ ရှုပွားတဲ့အခါ ရုပ်ကလာပကလေးများပျောက်ပြီး ဥပေက္ခာဝေဒနာဟာလဲ ချုပ်ပျောက်သွားပါတယ်။ ၎င်းကို ရဟန္တာလို့ခေါ်ဆိုပါတယ်။

အနိမ်မဂ်လေးပါးပယ်ပုံကို အကျဉ်းထပ်မံပြီးပြောရမယ်ဆိုရင် -

(၁) သောတာပန်ဟာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းဆိုတဲ့ ငါစွဲ၊ အတ္တစွဲကိုပယ်ပြီး ဝေဒနာကို ဝေဒနာမှန်း မှန်သောအတိုင်း သိမြင်တဲ့ ဉာဏ်အမြင်ကို ထာဝစဉ်ရပါတယ်။

(၂) သကဒါဂါမ်ကတော့ ဝေဒနာသုံးပါးအနက်မှ သုခဝေဒနာကို ပယ်သတ်လိုက်တဲ့အတွက် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ ကိစ္စတွေမှာ ဒုက္ခဝေဒနာချည်း ထာဝစဉ်ဖြစ်နေပါတယ်။

(၃) အနာဂါမ်ကြီးကတော့ ဒုက္ခဝေဒနာကို ပယ်သတ်လိုက်တဲ့အတွက် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိကိစ္စဟူသမျှမှာ ဥပေက္ခာဝေဒနာချည်း ထာဝစဉ်ဖြစ်နေပါတယ်။

(၄) ရဟန္တာကြီးကတော့ထိုဥပေက္ခာဝေဒနာကိုပယ်သတ်လိုက်တဲ့အတွက်

www.dhammaransi.com



မြင် - မြင်ကာမျှ၊ ကြား - ကြားကာမျှ၊ နံ - နံကာမျှ၊ စား - စားကာမျှ၊ ထိ - ထိကာမျှ၊ သိ - သိကာမျှ ဖြစ်သွားပါတယ်။ သောတာပတ္တိမဂ်ကဒိဋ္ဌိကို ပယ်သတ်ပါတယ်။ အရဟတ္တမဂ် ကတော့ အဝိဇ္ဇာတဏှာနဲ့မာနကို ပယ်သတ်ပါတယ်။ အဲဒါက သဲအင်းကျင့်စဉ်နဲ့ ဒိဋ္ဌိတဏှာကို အဆင့်ဆင့်ပယ်သတ်ပုံများကို ဓမ္မစည်းမျဉ်းဘောင်အတွင်းသို့ သွင်သွင်း၍ တင်ပြလိုက်ခြင်း ဖြစ်ပါတယ် ခင်ဗျား။

## ပဟာနသုတ်

ထိုပြင် "သဲအင်းကျင့်စဉ်ဟာ စာပေကိုလဲမတတ်ဘဲနဲ့ထင်ရာပြောပြီး ထင်ရာလုပ်နေတဲ့ အကျင့်ယုတ်ကြီးပါကွာ" လို့ အပြစ်ပြောသူတွေများ အထူးသတိသံဝေဂရကြစေရန် ဘုရားဟော ဝေဒနာသံယုတ်မှ ထင်ရှားသော သုတ်များကို တင်ပြပါဦးမယ်။

ရဟန်းတို့-

(၁) ခံစားမှုဝေဒနာကို မသိသည်ဖြစ်၍ သုခဝေဒနာကို ခံစားသော ထွက်မြောက်ရာလမ်းကို မတွေ့မြင်သောသူအား စွဲမက်မှု၊ ရာဂါနုသယ ဖြစ်၏။

(၂) ခံစားမှုဝေဒနာကို မသိသည်ဖြစ်၍ ဒုက္ခဝေဒနာကို ခံစားသော ထွက်မြောက်ရာလမ်းကို မတွေ့မြင်သောသူအား အမျက်ထွက်မှု၊ ပဋိဃာနုသယဖြစ်၏။

(၃) ငြိမ်သက်ကောင်းမြတ်လှ၏ဟု မြတ်စွာဘုရားဟောထားတော် မူသော ဥပေက္ခာ(ဝေဒနာ)ကိုပင် အလွန်နှစ်သက်နေပါလျှင် ဆင်းရဲဒုက္ခမှ မလွတ်နိုင်။

လုံ့လရှိသော ရဟန်းသည် ဆင်ခြင်ဉာဏ် သမ္ပဇဉ်ကို မစွန့်ခဲ့ သော် ထိုပညာရှိရဟန်းသည် ခံစားမှုဝေဒနာအားလုံးတို့ကို ပိုင်းခြား သိနိုင်၏။ ထိုရဟန်းသည် ဝေဒနာတို့ကို ပိုင်းခြားသိအောင် ယခုဘဝ၌ပင် အာသဝေါကင်းသွားနိုင်၏။ လောကုတ္တရာ၊ ဓမ္မဒ်တည်သော ရဟန္တာဖြစ်၍ ခန္ဓာကိုယ်ပျက်စီးသော် ဘဝသုံးပါး၌ ဖြစ်သူဟူသော အရေအတွက်သို့မရောက်တော့ချေဟူ၍ပင် ဖြစ်ပါတယ်။

www.dhammaransi.com



## သလ္လသုတ်

ထိုပြင်တဝ၊ သလ္လသုတ်၌ ရဟန်းတို့ အကြားအမြင်ရှိသော အရိယတပည့်သည်ကား ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် မစိုးရိမ်၊ မပူပန်၊ မငိုကြွေး၊ ရင်ထုလျှက် မမြည်တမ်း၊ မိန်းမောခြင်းသို့မရောက်။ ထိုသူသည် ကိုယ်၌ဖြစ်သော ဝေဒနာမျိုးကိုသာ ခံစားရ၏။ စိတ်၌ဖြစ်သော ဝေဒနာကို မခံစားရ။

ရဟန်းတို့ဥပမာသော်ကား ယောက်ျားကို ခြောင့်စူးမိရာ၏။ ထိုသူကို ဒုတိယခြောင့်သည် နောက်ထပ်မစူးရာ၊ ရဟန်းတို့ ထို့အတူပင် အကြားအမြင်ရှိသော အရိယာ၏ တပည့်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိ ခံရသော် မစိုးရိမ်ရ၊ မပူပန်ရ၊ မငိုကြွေးရ၊ ရင်ထုလျှက် မမြည်တမ်းရ၊ မိန်းမောခြင်းသို့မရောက်ရ။ ထို[illegible]သည် ကိုယ်၌ဖြစ်သော ဝေဒနာတမျိုးကိုသာ ခံစားရ၏။ စိတ်၌ဖြစ်သော ဝေဒနာကို မခံစားရ။ ထိုသူသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိအပ်သော် အမျက်မထွက်၊ ဒုက္ခဝေဒနာဖြင့် အမျက်မထွက်သူအား ဒုက္ခဝေဒနာကြောင့်ဖြစ်သော ပဋိဃာနုသယသည် မကိန်း။ ထိုသူသည် သုခဝေဒနာဖြင့် တွေ့ထိခံရသော် ကာမချမ်းသာကို မနှစ်သက်၊ ထိုမနှစ်သက်ခြင်းသည် အဘယ်ကြောင့်နည်း။ ရဟန်းတို့ အကြားအမြင်ရှိသော အရိယာတပည့်သည် ကာမချမ်းသာမှတပါး၊ သုခ ဝေဒနာမှ ထွက်မြောက်ရာကို သိသောကြောင့်တည်း။

ထိုအရိယာသာဝကအား လိုက်လျောမှု၊ ရာဂနှင့် ဆန့်ကျင်မှု၊ ဒေါသတို့သည် ဒါတွက်အပ်ပြီး ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန်ပြီဖြစ်ရကား မရှိကုန်။ ထိုသူသည် ကိလေသာမြူကင်းသော စိုးရိမ်ခြင်းမရှိသော နိဗ္ဗာန်ကို သိသောကြောင့် ဘဝ၏ တဖက်ကမ်းသို့ရောက်သူဖြစ်၍ ကောင်းစွာ သိ၏ ဟူ၍ပင်ဖြစ်ပါတယ် ခင်ဗျား။

## ကျေနပ်ခြင်း

အဲဒီလို ကျွန်တော်တင်ပြခြင်းကို ကြားနာကြရတဲ့ မန္တလေးက မိတ်ဆွေများဟာ ကျေနပ်ဝမ်းမြောက်ကြသည်ကို တွေ့ရပါတယ် ခင်ဗျား။

## ခန္ဓာသံယုတ်ဖေကာပိဏ္ဍူပမသုတ်

မိတ်ဆွေ - သဲအင်းဂူဆရာတော်ရဲ့ တရားကျင့်စဉ်ကို ဘုရားဟော

www.dhammaransi.com



ဒေသနာအတွင်းသို့ သွတ်သွင်းကာ လိုရင်းသဘောများကို ထုတ်နုတ်ပြီး အကျဉ်းချုပ်ပြောပြခြင်းကို ကြားရတာ ကျေးဇူးတင်ပါတယ်။ ဒါထက် သဲအင်းဂူကျင့်စဉ်ကို အထူးထောက်ခံထားတဲ့ ဘုရားဟောဒေသနာကို ဖော်ပြနိုင်ရန် ဖော်ပြစမ်းပါဗျာ။ ကြားနာမှတ်သားပါရစေ။

မိုးကြိုး – သမထဝိပဿနာအလုပ်နဲ့ ပတ်သက်ပြီး ဘုရားဟော ခန္ဓာသံယုတ်လာ ဒေသနာအချို့ကို ဖော်ပြရာမှ ရှေးရှေးဆရာတော် ဘုရားကြီးများဟာ လိုရင်းကို ကောက်နုတ်ပြီး အကျဉ်းချုပ်ကိုသာ ဖော်ပြလေ့ရှိကြပါတယ်။ ယခုအချိန်မှာ ဆိုရင် သံယုတ်ပါဠိတော် ကျမ်းသုံးကျမ်းလုံးကို မြန်မာပြန်ဆိုထားသော (ဆဋ္ဌမူ)ကျမ်းစာအုပ်များ ထွက်ပေါ်လာပြီဖြစ်သဖြင့် အကျယ်ကို ကျွန်တော်ဟာ ယခုမှဘဲ ဖတ်ရှုရပါတော့တယ်။ ဒါကြောင့် သဲအင်းဂူဆရာတော်ရဲ့ အကျင့်တရားဟာ ထိုဘုရားဟောဒေသနာနဲ့ မည်သို့မည်နှယ် အံဝင်ဂွင်ကျ ညီညွတ်နေရတယ်ဆိုတာကို စာဖတ်ပရိသတ်များ သိရအောင် ကျွန်တော် တင်ပြပါမယ်။

## ရေမြှုပ်စိုင်ကြီး ဥပမာ

အခါတပါး၌ မြတ်စွာဘုရားဟာ အယုဇ္ဈဂင်္ဂါမြစ်ကြီးမှာ သီတင်းသုံး နေတော်မူပါတယ်။ ထိုအခါ မြတ်စွာဘုရားဟာ ရဟန်းတို့ကို မိန့်တော်မူပါတယ်။

ရဟန်းတို့ ဥပမာသော်ကား ဤဂင်္ဂါမြစ်သည် ကြီးစွာသော ရေမြှုပ်စိုင်ကို ဆောင်လာရာ၏။ ၎င်းကို မျက်စိအမြင်ရှိသော ယောကျ်ားသည် တစိမ့်စိမ့် ကြည့်ရှု၍ အသင့်အားဖြင့် ဆင်ခြင်ရာ၏။ ဤကဲ့သို့ ကြည့်ရှုဆင်ခြင်နေစဉ် ရေမြှုပ်စိုင်ကြီးသည် အသုံးမဝင်အချည်းအနှီးဖြစ်သည်။ အနှစ်မဲ့သည်ဟု ၍သာ ထင်ရာ၏။ ရဟန်းတို့ ဤအတူပင် ကာလသုံးပါးလည်းဖြစ်သော၊ အတွင်းအပြင်လည်းဖြစ်သော၊ အကြမ်းအနု လည်းဖြစ်သော ရုပ်အားလုံးကို ရဟန်းသည် တစိမ့်စိမ့်ကြည့်ရှုဆင်ခြင်လျက် ရုပ်သည် အသုံးမဝင် အချည်း အနှီးဖြစ်သည်။ အနှစ်မဲ့သည်ဟူ၍သာ ထင်ရာ၏။

## ရေပွက်ပမာ

ရဟန်းတို့ ဥပမာသော်ကား တန်ဆောင်မုန်းလအခါ၌ မိုးကြီး သည်းထန်စွာရွာသွန်းလတ်သော် ရေ၌ရေပွက်သည်ဖြစ်လည်းဖြစ်၏။ ချုပ်လည်းချုပ်၏။ ၎င်းကို မျက်စိအမြင်ရှိသော ယောကျ်ားသည် တစိမ့်စိမ့်

www.dhammaransi.com



ကြည့်ရှု၍ အသင့်အားဖြင့် ဆင်ခြင်ရာ၏ ဤကဲ့သို့ ကြည့်ရှုဆင်ခြင်နေစဉ် ထိုရေပွက်သည် အသုံးမဝင်အချည်းအနှီးဖြစ်သည်။ အနှစ်မဲ့သည်ဟူ၍သာ ထင်ရာ၏ ရဟန်းတို့ ဤအတူပင် ကာလသုံးပါးတည်းဖြစ်သော (ပ) အဝေးအနီးလည်းဖြစ်သော၊ ဝေဒနာအားလုံးကို ရဟန်းသည် တစိမ့်စိမ့် ကြည့်ရှုဆင်ခြင်လျက် ဝေဒနာသည် အသုံးမဝင် အချည်းအနှီးဖြစ်သည်။ အနှစ်မဲ့သည်ဟူ၍သာထင်ရာ၏။

## တံလျှပ်ဥပမာ

ရဟန်းတို့ ဥပမာသော်ကား နွေဥတုတို့၏ နောက်ဆုံးလဝယ် မွန်းတည့်အချိန်၌ တံလျှပ်သည် တဖျတ်ဖျတ်တုန်လှုပ်၏။ ၎င်းကိုယောကျ်ားသည် တစိမ့်စိမ့်ကြည့်ရှု၍ အသင့်အားဖြင့် ဆင်ခြင်ရာ၏။ ဤကဲ့သို့ ကြည့်ရှု ဆင်ခြင်နေစဉ် ထိုတံလျှပ်သည် အသုံးမဝင် အချည်းအနှီးဖြစ်သည်။ အနှစ်မဲ့သည်ဟူ၍သာ ထင်ရာ၏။ ရဟန်းတို့ ဤအတူပင် ကာလသုံးပါး လည်းဖြစ်သော (ပ) အဝေးအနီးလည်းဖြစ်သော သညာအားလုံးကို ရဟန်းသည် တစိမ့်စိမ့်ကြည့်ရှုဆင်ခြင်လျက် သညာသည် အသုံးမဝင် အချည်းအနှီးဖြစ်သည်။ အနှစ်မဲ့သည်ဟူ၍သာထင်ရာ၏။

## ငှက်ပျောတုံးဥပမာ

ရဟန်းတို့ အနှစ်ကို အလိုရှိသော ယောကျ်ားသည် ဓါးမကို ယူ၍ တောသို့ဝင်ပြီးလျှင် ငှက်ပျောတုံးအရင်း၌ ဖြတ်ရာ၏။ ထိုယောကျ်ားသည် ငှက်ပျောတုံး၏ အထပ်ထပ်သော အပတ်ကို ခွာသော် အကာကိုမျှ မရရာ ထိုယောကျ်ားသည် ၎င်းကို တစိမ့်စိမ့်ကြည့်ရှု၍ အသင့်အားဖြင့် ဆင်ခြင်ရာ၏။ ဤကဲ့သို့ ကြည့်ရှုဆင်ခြင်နေစဉ် ထိုငှက်ပျောတုံးသည် အသုံးမဝင် အချည်းအနှီးဖြစ်သည်။ အနှစ်မဲ့သည်ဟူ၍သာထင်ရာ၏။ ရဟန်းတို့ ဤအတူပင် ကာလသုံးပါးလည်းဖြစ်သော (ပ) အဝေးအနီးလည်းဖြစ်သော သင်္ခါရအားလုံး တို့ကို ရဟန်းသည် တစိမ့်စိမ့်ကြည့်ရှု ဆင်ခြင်လျက် ထိုသင်္ခါရတို့သည် အသုံးမဝင်အချည်းအနှီးဖြစ်သည်ဟူ၍ သာထင်ရာ၏။

## မျက်လှည့်သမားဥပမာ

ရဟန်းတို့ ဥပမာသော်ကား မျက်လှည့်သမားဖြစ်စေ၊ ၎င်း၏

www.dhammaransi.com



တပည့်ဖြစ်စေ လမ်းဆုံလမ်းမ၌ မျက်လှည့်ပြရာ၏။ ၎င်းကို ယောကျ်ား သည် တစိမ့်စိမ့်ကြည့်ရှု၍ အသင့်အားဖြင့် ဆင်ခြင်ရာ၏။ ဤကဲ့သို့ ကြည့်ရှု ဆင်ခြင်နေစဉ် ထိုမျက်လှည့်သည် အသုံးမဝင် အချည်းအနှီးဖြစ်သည်။ အနှစ်မဲ့သည်ဟူ၍သာထင်ရာ၏။ ရဟန်းတို့ ဤအတူပင် ကာလသုံးပါး လည်းဖြစ်သော (ပ) အဝေးအနီးလည်းဖြစ်သော ဝိညာဏ်အားလုံးကို ရဟန်း သည် တစိမ့်စိမ့်ကြည့်ရှုဆင်ခြင်လျက် ဝိညာဏ်သည် အသုံးမဝင် အချည်းအနှီး ဖြစ်သည်။ အနှစ်မဲ့သည်ဟူ၍သာ ထင်ရာ၏။

**(မှတ်ချက်။ ။အဲဒါ ခန္ဓာငါးပါး၌ အနတ္တလက္ခဏာကို ရှုခြင်းဖြစ်ပါတယ်)**

## ညည်းငွေ့၍ လွတ်မြောက်

ရဟန်းတို့ ဤသို့မြင်သော အကြားအမြင်ရှိသော အရိယာ၏ တပည့်သည် ရုပ်၌လည်း ညည်းငွေ့၏၊ ဝေဒနာ၌လည်း ညည်းငွေ့၏၊ သညာ၌လည်း ညည်းငွေ့၏၊ သင်္ခါရတို့၌လည်း ညည်းငွေ့၏၊ ဝိညာဏ်၌လည်း ညည်းငွေ့၏၊ ညည်းငွေ့သော်စွဲမက်မှုကင်း၏။ စွဲမက်မှု ကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်၏။ (ပ) ဤမဂ်ကိစ္စအလို့ငှာတပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏။

**(မှတ်ချက်။ ။အဲဒါဟာ ဝိပဿနာဉာဏ်စဉ်ပင်ဖြစ်ပါတယ် ခင်ဗျား)**

အကြင်ပညာရှိသည် ထိုခန္ဓာငါးပါးကို အကြင်အကြင်သော အခြင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ တစိမ့်စိမ့်ရှု၏။ အသင့်အားဖြင့် ဆင်ခြင်၏။ ထိုထိုအခြင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ကြည့်ရှုဆင်ခြင် သော် ထိုပညာရှိအား ထိုခန္ဓာငါးပါးသည် အသုံးမဝင်ဟူ၍သာ အချည်း အနှီးဟူ၍သာထင်၏။

## ပိုးလောက်အစာဤခန္ဓာ

ဤခန္ဓာကိုယ်ကို အကြောင်းပြု၍ မြတ်စွာဘုရားဟောကြား တော်မူ၏။ တရားသုံးပါးတို့၏ ကင်းပျောက်ခြင်းကြောင့် စွန့်ပစ်အပ်သော ရုပ်ကို ရှုကြကုန်လော့။

(၁)ဇီဝိန္ဒြေဟူသော အသက် (၂)ကမ္မဇတေဇောဟူသော အနိုးအငွေ့

www.dhammaransi.com



(၃)ဝိဉာဏ် (ဤတရားသုံးပါးကိုသည်) ဤကိုယ်ကို စွန့်ခွာ၍ သွားကြသောအခါ ဤခန္ဓာကိုယ်သည် စွန့်ပစ်အပ်သည်ဖြစ်၍ စိတ် စေတနာစေ့ဆော်မှုမရှိဘဲ ပိုးလောက်စသည်တို့၏ အစာဖြစ်၍ အိပ်နေ ရ၏။
(မှတ်ချက် ။ ။ သဲအင်းဂူကျောင်းစဉ်ဖြစ်တဲ့ အသုဘကမ္မဋ္ဌာန်းမျိုးကို ဤဘုရားဟောဒေသနာနှင့် တိုက်ဆိုင်ညှိနှိုင်းကြည့်ပါလေ၊ မိုးကြိုး)

ဤခန္ဓကိုယ်သည် ဤသို့သဘောရှိ၏။ ဤဝိညာဏက္ခန္ဓာသည် လူမိုက်တို့ကို ယောင်မှားပြောစေသော မျက်လှည့်သည်ဖြစ်၏။ ဤခန္ဓာ ကိုယ်ကို သူသတ်သမားဟု သိရ၏။ ဤခန္ဓာတို့၌ အနှစ်ဟူ၍မရှိ။

## ဦးထိပ်၌ မီးလောင်သူပမာ

ထက်သန်သော လုံ့လရှိသော ရဟန်းသည် နေ့၌ဖြစ်စေ၊ ညဉ့်၌ဖြစ်စေ၊ ဆင်ခြင်ဉာဏ်ရှိသည် အောက်မေ့မှုသတိရှိသည်ဖြစ်၍ ခန္ဓာတို့ကို ဤသို့ဆင်ခြင်ရာ၏။

သေခြင်းမရှိသော နိဗ္ဗာန်ကို တောင့်တသော ရဟန်းတို့သည် အနှောင့်အဖွဲ့ သံယောဇဉ်အားလုံးကို စွန့်ပယ်ရာ၏။ မိမိ၏ ကိုးကွယ်ရာ အားထုတ်ရာကို ပြုရာ၏။ ဦးထိပ်၌ မီးလောင်နေသော သူကဲ့သို့ကျင့်ရာ၏ဟု (မိန့်တော်မူ၏)ပါတဲ့ ခင်ဗျား။

မိတ်ဆွေ – ယခု ဦးမိုးကြိုးတင်ပြလိုက်တဲ့ ဘုရားဟောဒေသနာများကဖြင့် တရားထူးကိုရဘို့ရန် ရည်သန်ပြီး တရားကို ကျင့်ကြံအားထုတ်နေသူများ ခန္ဓာငါးပါးအား ဝိပဿနာရှုပွားနည်းကို အလွယ်တကူသိရတဲ့အတွက် အားရစရာ၊ အားတက်စရာပေပ ခင်ဗျား။

ဒါထက် ဒီဒေသနာတော်တွေကို ရှာဖွေလေ့လာနေတာ ဘယ်လောက်ကြာပါပြီလဲ။

မိုးကြိုး – ကြိုးကြားကြိုးကြား လေ့လာဖတ်ရှု သုတေသနပြုနေတာကတော့ နှစ်သုံးဆယ်လောက်ရှိပါပြီ။ တလောကတော့ သိမ်ကြီးဈေး ဦးဘရင်၊ ဒေါ်မြသီတို့က သံဃာတော်တို့အား လှူဒါန်းသော စာအုပ်ရေ (၂၈)အုပ် ပါဝင်တဲ့ မြန်မာပြည်ပိဋကတ်အစုံတစ်ရာကျော် ငွေလေးသောင်းနီးပါးဖိုး အနက်မှ ကျွန်တော်အား (၂၈)အုပ်တစ်စုံ လှူဒါန်းပါတယ်။ နေ့စဉ်နဲ့အမျှ ထိုကျမ်းများကို ဖတ်ရှုလေ့လာရသဖြင့် ကျွန်တော်ရော ကျွန်တော့်ရဲ့ တင်ပြချက်များကို

www.dhammaransi.com



တဆင့်ဖတ်ရှုရသူ သတင်းရှာနယ်ဖတ်ပရိသတ်များပါ အလွန်အကျိုးများပါတယ်။

ဒါထက် ကျွန်တော်ဟာ သဲအင်းဂူဆရာတော်ရဲ့ ကျင့်စဉ်အတိုင်း ကျင့်ကြံအားထုတ်ထားသဖြင့် မိမိရဲ့ခန္ဓာကိုယ်တွေ့ဉာဏ်အမြင်များနဲ့ ဘုရားဟောဒေသနာကို တိုက်ဆိုင်ကြည့်တဲ့အခါ အံဝင်ဂွင်ကျညီညွတ်နေသည်များကို တွေ့နေရပါတယ်။ ဒါကြောင့် သဲအင်းဂူဆရာတော်ဘုရားအား ကျေးဇူးဆပ်တဲ့အနေနဲ့ ၎င်းပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သာသနာသုံးရပ်လုံး အဓွန့်ရှည်စွာ တည်တံ့စိမ့်သောငှာရင်း မိမိတ်အားသမျှ လုပ်အားပေးနေခြင်း ဖြစ်ပါတယ် ခင်ဗျား။

## နကုလပိတုသုတ်

မိတ်ဆွေ - သဲအင်းဂူဆရာတော်ဘုရားဟောပြောသင်ကြားပေးနေတဲ့ သမထဝိပဿနာအကျင့်တရားများကို "စာလဲမတတ်ဘဲနဲ့တွေ့ကရာ တွေကို လျှောက်ပြောနေတယ်၊ ဘုရားဟောဒေသနာနဲ့ ဘာတခုမှလဲ မညီဘူး" စသည်ဖြင့် အကုသိုလ်ကို အခမဲ့ဝယ်ယူနေသူများနဲ့ဆွေးနွေးခဲ့ရဘူးပါသလား ခင်ဗျား။

မိုးကြိုး - ထိုကဲ့သို့သော အဓမ္မဝါဒီသမားများနဲ့ တွေ့ဆုံကာ ဒူးတိုက်ဆွေးနွေးခွင့်မရခဲ့ပါဘူး။ ဒါပေမယ့် တဆင့်စကားကိုတော့ မကြာခဏကြားရဘူးပါတယ်။ ထိုထို အဓမ္မဝါဒီပုဂ္ဂိုလ်များက သဲအင်းကျင့်စဉ်ဟာ ဘုရားဟောဒေသနာနှင့် မညီညွတ်သည့်တိုင်အောင် အပါယ်တော့ မကျပါဘူး။ အနည်းဆုံးသမထအလုပ်ဖြစ်တဲ့အတွက် လူ့ပြည်၊ နတ်ပြည်တော့ ရောက်နိုင်ပါတယ်လို့မတတ်သာတတ်သာဝန်ခံကြပါတယ် ခင်ဗျား။

မိတ်ဆွေ - ဒီလောက်ဝန်ခံတယ်ဆိုရင် မဆိုးလှဘူးပေါ့။ ဒါထက် သဲအင်းကျင့်စဉ်နဲ့ တရားအားထုတ်သူ ယောဂီအချို့ဟာ ဣရိယာပုတ်ကို မပြုပြင်ရတဲ့အတွက် ဝေဒနာပြင်းထန်လာတဲ့အခါ လဲပြိုသွားကြတာကို အချို့က မကြိုက်တတ်ဘူး၊ ကြောက်ကြပါတယ်။ ဒီပြဿနာကို ဒိဋ္ဌိသတ် တဏှာသတ်စာအုပ်မှာ ဦးမိုးကြိုး ဖြေရှင်းထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ထင်ရှားတဲ့ ဘုရားဟောဒေသနာကို တင်ပြကာ ထပ်မံရှင်းလင်းစမ်းပါဦး ခင်ဗျား ကြားနာမှတ်သားပါရစေ။

မိုးကြိုး - ခန္ဓာသံယုတ်နကုလပိတုသုတ်မှာမြတ်စွာဘုရားက အိုမင်းပြီးဖြစ်သော နကုလပိတာ သူကြွယ်အား သူကြွယ် ဤကိုယ်သည်နာကျင်သည် သာတည်း

www.dhammaransi.com



ဥက္ကဲ့သို့ဖြစ်၍ အရေးပါးတို့ဖြင့် ခြေးယှက်ထားအပ်၏ တစ်ဦး တစ်ယောက်သော သူသည် ဤကိုယ်ကို ရွက်ဆောင်နေရလျက် တခဏမျှ သော်လည်း အနာကင်းခြင်းကိုဝန်ခံပါလျှင် ထိုသူသည် သူမိုက်သာတည်းထို့ကြောင့် "ငါသည် နာကျင်သော ကိုယ်ရှိသူဖြစ်လျက် ငါ၏ စိတ်သည် နာကျင်ခြင်းကင်းသည် ဖြစ်လတ္တံ့" ဟု ဤသို့သင်ကျင့်အပ်၏လို့မိန့်တော်မူပါတယ်။

(မှတ်ချက် ။ ။ ရဟန္တာပုဂ္ဂိုလ်သည် ကိုယ်၌ဖြစ်သော တခုတည်း သော ဝေဒနာကိုသာ ခံစား၏။ စိတ်၌ဖြစ်သော စိတ်ဝေဒနာကိုကား မခံစားဟူသော မိလိန္ဒပဉှာလာစကားကို ထောက်ထားပါလေ။ မိုးကြိုး)

ဤအချက်ကို ထောက်ရှုလျက် နကုလပိတာ သူကြွယ်အား ရဟန္တာဖြစ်ရန် ကျင့်အပ်၏ ကျင့်ပါလို့မြတ်စွာဘုရားတိုက်တွန်းခြင်း ဖြစ်ပါတယ် ခင်ဗျာ။

ထိုဘုရားစကားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်ပြီးနောက် နကုလပိတာသူကြွယ်ဟာ အရှင်သာရိပုတြာထံသို့ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုတည်းသော နေရာ၌ ထိုင်နေပါတယ်။

## ဒိဋ္ဌိနဲ့ တဏှာဖြတ်နည်း

အသျှင်သာရိပုတြာက အကြောင်းကို မေးသဖြင့် မြတ်စွာဘုရား သည် တရားတည်းဟူသော အမြိုက်ရေဖြင့် သွန်းလောင်းလိုက်ကြောင်းကို သိရှိရတဲ့အခါ သူကြွယ် "မြတ်စွာဘုရား (၁)အဘယ်မျှဖြင့် နာကျင်သော ကိုယ်ရှိသူဖြစ်၍ နာကျင်သော စိတ်ရှိသူလည်းဖြစ်ပါသနည်း၊ (၂)အဘယ်မျှ ဖြင့် နာကျင်သော ကိုယ်ရှိသူသာဖြစ်၍ နာကျင်သော စိတ်မရှိသူဖြစ်ပါ သနည်း" ဟု မြတ်စွာဘုရားအား ထပ်မံ၍ လျှောက်ထားမေးမြန်းရန် သင့်ဉာဏ်၌ မထင်ပြီလောလို့အရှင်သာရိပုတြာက မေးမြန်းပါတယ်။

ထိုအခါ သူကြွယ်က မိမိမလျှောက်မိခဲ့ကြောင်း၊ ထို့ကြောင့် "အရှင်ဘုရားပင် ထိုဘုရားစကားတော်၏ အနက်သဘောကို ရှင်းလင်း ဟောကြားမိန့်မြွက်ပါဘုရား" ဟု တောင်းပန်ပါတယ်။ ထိုအခါ အသျှင် သာရိပုတြာက အောက်ပါအတိုင်း ဟောကြားတော် မူပါတယ်။

## ပုထုဇဉ်အသိ

(၁) သူကြွယ်အဘယ်သို့သာလျှင် နာကျင်သော ကိုယ်ရှိသူဖြစ်၍

www.dhammaransi.com



နာကျင်သော စိတ်ရှိသူလည်းဖြစ်သနည်း။

ဤသာသနာတော်၌ အကြားအမြင်မရှိသော အရိယာတို့ကို မဖူးမြင်ဘူးသော အရိယာတရား၌ မလိမ္မာသော အရိယာတရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ မလိမ္မာသော သူတော်ကောင်းတို့ကို မဖူးမြင်ဘူးသော သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည် (က)ငါသည် ရုပ်ဖြစ်၏၊ (ခ)ရုပ်သည် ငါ၏ဥစ္စာဖြစ်သည်ဟု ထကြွလွှမ်းမိုးသော အခြင်းအရာ အားဖြင့် တည်၏။ ထိုသူ၏ ထိုရုပ်သည် ဖောက်ပြန်၏ တမျိုးတဖုံဖြစ်ခြင်း ကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှု တို့သည်ဖြစ်ကုန်၏။

(၂) ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် (က)ဝေဒနာသည် ငါဖြစ်၏၊ (ခ)ဝေဒနာ သည် ငါ၏ ဥစ္စာဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာဖြင့် တည်၏ ထိုသူအား ဝေဒနာဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းတို့ကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းမှု၊ ပြင်းစွာပင်ပန်းမှုတို့သည်ဖြစ်ကုန်၏။

(၃-၅) ထိုပုထုဇဉ် ပုဂ္ဂိုလ်သည် သညာသင်္ခါရဝိညာဏ်တို့သည် (က)ငါဖြစ်သည်၊ (ခ)ငါ၏ ဥစ္စာဖြစ်သည်ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် တည်၏ ထိုသူအား သညာသင်္ခါရဝိညာဏ်တို့၏ ဖောက်ပြန် ခြင်း၊ တမျိုးတဖုံဖြစ်ခြင်းတို့ကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှုတို့သည် ဖြစ်ကုန်၏။ (အကျဉ်းရုံး လိုက်သည်)

သူကြွယ် ဤသို့လျှင် ပုထုဇဉ်ပုဂ္ဂိုလ်သည် နာကျင်သော ကိုယ်ရှိသူဖြစ်၍ နာကျင်သော စိတ်ရှိသူလည်းဖြစ်၏။

## အရိယာအသိ

(၁) သူကြွယ်အဘယ်သို့လျှင် (က)နာကျင်သော ကိုယ်ရှိသူသာ ဖြစ်၍၊ (ခ)နာကျင်သော စိတ်ရှိသူမဖြစ်သနည်း။ ဤသာသနာတော်၌ အကြား အမြင်ရှိသော အရိယာတို့ကို ဖူးမြင်ဘူးသော အရိယာတရား၌ လိမ္မာသော အရိယာ တရား၌ ယဉ်ကျေးသော အရိယာတပည့်သည် (က)ရုပ်သည် ငါဖြစ်၏၊ (ခ)ရုပ်သည် ငါ၏ဥစ္စာဖြစ်၏ဟု ထကြွလွှမ်းမိုး သော အခြင်းအရာဖြင့် မတည်။ ထိုသူ၏ထိုရုပ်သည်ဖောက်ပြန်၏တမျိုးတဖုံဖြစ်၏ထိုသူအားရုပ်ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှုတို့သည် မဖြစ်ကုန်။

www.dhammaransi.com



(၂) ထိုပုဂ္ဂိုလ်သည် (က)ဝေဒနာသည် ငါဖြစ်၏၊ (ခ)ဝေဒနာသည် ငါ၏ ဥစ္စာဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာအားဖြင့် မတည်။ ထိုသူအား ဝေဒနာ၏ ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှုတို့သည် မဖြစ်ကုန်။

(၃-၅) ထိုပုဂ္ဂိုလ်သည် သညာသင်္ခါရဝိညာဏ်တို့သည် (က)ငါဖြစ်သည်၊ (ခ)ငါ၏ ဥစ္စာဖြစ်သည်ဟု ထကြွလွှမ်းမိုးသော အခြင်းအရာ အားဖြင့် မတည်။ ထိုသူအား သညာသင်္ခါရဝိညာဏ်တို့၏ ဖောက်ပြန်ခြင်း တမျိုးတဖုံ ဖြစ်ခြင်းတို့ကြောင့် စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှုတို့သည် မဖြစ်ကုန်။

သူကြွယ် - ဤသို့လျှင် အရိယာပုဂ္ဂိုလ်သည် နာကျင်သော ကိုယ်ရှိသူသာ ဖြစ်၍ နာကျင်သော စိတ်ရှိသူမဖြစ်။

အသျှင်သာရိပုတြာသည် ဤစကားကို မိန့်တော်မူသောအခါ နကုလပိတာ သူကြွယ်အိုကြီးသည် အလွန်နှစ်သက်ဝမ်းမြောက်လေ၏ ဟူ၍ပင်ဖြစ်ပါတယ် ခင်ဗျာ။

## ပဥ္စမ ဓမ္မ နာဒဆရာတော်

မိတ်ဆွေ - အနိဘုရားဟော ခန္ဓဝဂ္ဂသံယုတ်လာ ဒေသနာအရဆိုရင် မင်းကွန်းတိပိဋကရေအသျှင်စိတ္တသာရာဘိဝံသဆရာတော်ရဲ့ ပဥ္စမဓမ္မနာဒ ဆရာတော်ဘုရားကြီးဟာ အရိယာသူတော်ကောင်းကြီးလို့ ယူဆရမှာပေါ့ ဘာကြောင့်လဲဆိုတော့ အသျှင်ဝိစိတ္တသာရာ ဘိဝံသဆရာတော်ကိုယ်တိုင် (၆-၁၀-၃၁)နေ့စွဲနဲ့ နိဒါန်းရေးကာ ထုတ်ဝေလိုက်တဲ့ ပဥ္စမဓမ္မနာဒ ဆရာတော်ဟောကြားထားခဲ့သော ဓါတ် ၆ ပါးသိမ်းဆည်းပုံ တရားတော် တစောင်ငယ်မှာ အောက်ပါအတိုင်းဖော်ပြထားခြင်းကြောင့် ဖြစ်ပါတယ်။

မင်းကွန်းဓမ္မနာဒကျောင်းတိုက် ပဥ္စမဆရာတော်ဘုရား (ဦးပညာစက္က) ဟာကောဇာ ၁၂၉၈-ခုနှစ်မှာ အသက်ကို ချွေမဲ့ရောဂါလည်ပင်းမှာရှိပါတယ်။ ထိုအချိန်မှစပြီး အသက်တော်ကြွေသည့် ၁၂၉၉-ခုနှစ်၊ တော်သလင်း လပြည့်ကျော်၊ ၉ ရက်နေ့ထိအောင် ရောဂါကြောင့် မျက်နှာရှုံ့မဲ့ဖောက်ပြန်ခြင်း အလျဉ်းမရှိဘဲ ရောဂါဒဏ်ကို ကြံ့ကြံ့သည်းခံနိုင်ကြောင်း တွေမြင်ရတဲ့ ရဟန်းရှင်လူအပေါင်းဟာ တအံ့တသြဖြစ်ပါတယ်။

မင်းကြီးတိုက်သီရိဝေပုလ္လတိုက်ကျောင်းဆရာတော်အရှင်ဇဂရ

www.dhammaransi.com



မထေရ်က "ညှိမျှပြင်းထန်တဲ့ ရောဂါဒဏ်ကို အပြုံးမပျက် ကြံ့ကြံ့သည်းခံနိုင်အောင် ဆရာတော်ဘုရား အထူးနလုံးသွင်းအပ်တဲ့ တရားကို ညွှန်ကြားပါရန်" လျှောက်တောင်းပန်ပါတယ်။

ထိုအခါ ရောဂါကြောင့် နှုတ်ဖြင့် မမြွက်နိုင်တဲ့အတွက် "ဓါတ် ၆ ပါး သိမ်းဆည်းပုံ" စာစောင်ငယ်ကို ဆရာတော်ကိုယ်တိုင်ရေးသားတော်မူခဲ့ပါတယ်။ ထိုစာစောင်ငယ်ကို တိပိဋကဆရာတော်က တည်းဖြတ်ပြီး မုံရွာမြို့နယားပျံ ဆေးလိပ်ရုံပိုင်ရှင် ဦးဘဟိန် - ဒေါ်သန်းယဉ်တို့က ပုံနှိပ်ပြီး ဓမ္မဒါနပြုပါတယ်။ ထိုစာစောင်ငယ်ကို ဦးမိုးကြိုးအား တိပိဋကဆရာတော်ဘုရားက မပေးလိုက်ဘူးလား။

မိုးကြိုး - ကျွန်တော်တအုပ်ရရှိခဲ့လို့သေချာဂဏာစွာဖတ်ရှုလေ့လာပြီးဖြစ်ပါတယ်ခင်ဗျာ။ ထိုစာစောင်ငယ်ကို ဖတ်ရှုရသဖြင့် ဦးပညာစက္ကု ဓမ္မနာဒ ဆရာတော်ဘုရားဟာ အရိယာကြီးဘဲလို့ ကျွန်တော်ယုံကြည် ကြည်ညိုနေပါတယ်။

## တရားနှင့် နေလေ့ရှိသူ

မိတ်ဆွေ - ဒါထက်ထိုစာစောင်ကို တည်းဖြတ်တဲ့ တိပိဋကဆရာတော် ကော ထို "ဓာတ် ၆ ပါး သိမ်းဆည်းခြင်း" ပဋိပတ်အကျင့်ကို အားထုတ် နေပုံရသလား။ ဦးမိုးကြိုး ဘယ်လိုထင်ပါသလဲ။

မိုးကြိုး - တိပိဋက ဆရာတော်က "ဓာတ် ၆ ပါး သိမ်းဆည်းခြင်း" အကျင့် ကို သူအားထုတ်နေတယ်လို့ တိတိကျကျ ဖွင့်ဟပြီး မပြောတော့ ကျွန်တော် ဘယ်လိုမှမသိနိုင်ပါဘူး။ ကျွန်တော်အဖို့ကတော့ ကျွန်တော် အလွန်ကြည်ညိုလေးစားအပ်တဲ့ တိပိဋကဆရာတော်ကို အင်္ဂုတ္တိုရ် ဒုတိယပဏ္ဏာသကဝဂ်၏ ပဌမဓမ္မဝိဟာရီသုတ်မှာ ဘုရားသခင် ဟောတော်မူသော ရဟန်း၊ ဤရဟန်းကို သင်ကြားမှု "ပရိယတ္တိ" များသူ သူတပါးတို့အား သိစေလိုသဖြင့် ဟောကြားဆုံးမသူဟူ၍သာဆိုအပ်၏။ မိမိ၏အတွင်း သန္တာန်၌ စိတ်၏ (ကိလေသာမှ) ငြိမ်းမှုကို ကြိုးစားကာ တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်ဟု ဟောတော်မူသောအတိုင်း မဖြစ်စေလိုပါ။ ဘုရားအလိုတော်ကျတရားနှင့် နေလေ့ရှိသူသာ ဖြစ်စေလိုပါတယ်။ ဘာကြောင့်လဲတဲ့။ တိပိဋကဆရာတော်ရဲ့ခန္ဓာကိုယ်တွေ့ပဋိပတ်ကျင့်စဉ်ကို ဆရာတော်ဘုရားကဲ့သို့သော ပိဋကတ်အကျော် ဆရာတော်က ဟောကြားသင်ပြပေးမယ်ဆိုရင်

www.dhammaransi.com



ပရိယတ်ပဋိပတ်နဲ့ ပဋိဝေဒသာသနာ သုံးရပ်လုံးဟာ မြန်မာပြည်မှာ နေလိုလလိုထွန်းလင်း တောက်ပလာမည်ကို မျှော်လင့်ကိုးစားအားထားသောကြောင့် ဖြစ်ပါတယ် ခင်ဗျား။

## ဓမ္မဝိဟာရီသုတ်

မိတ်ဆွေ - အရင်တပတ်က အင်္ဂုတ္တိုရ် ဒုတိယပဏ္ဏာသကဝဂ် ပဉ္စမ ဓမ္မဝိဟာရီသုတ်ကို ရည်ညွှန်းပြောဆိုခဲ့ပါတယ်။ ကျွန်တော်ကဲ့သို့ စာဖတ်ပျင်းသူများ အလွယ်နဲ့ သိရလေအောင် ထိုဘုရားဟောဒေသနာကို အကျယ်တင်ပြစေချင်ပါတယ် ခင်ဗျား။

မိုးကြိုး - အခါတပါး၌ ရဟန်းတပါးဟာ မြတ်စွာဘုရားအားရှိခိုးလျှက် ....

"အသျှင် ဘုရား၊ တရားနှင့် နေလေ့ရှိသူ၊ တရားနှင့် နေလေ့ရှိသူဟုဆိုပါ၏ အဘယ်မျှလောက်ဖြင့် ရဟန်းသည် တရားနှင့် နေလေ့ရှိသူ ဖြစ်ပါသနည်း" ဟု လျှောက်ထားမေးမြန်းပါတယ်။ ထိုအခါ မြတ်စွာဘုရားက ....

## အဖတ်သမား

(၁) ရဟန်း . . . ဤသာသနာတော်၌ ရဟန်းသည် သုတ်၊ ဂေယျ၊ ဝေယျာကရိုဏ်း၊ ဂါထာ ဥဒါန်း ဣတိဝုတ်ဇာတ်၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ ဟူသောတရားကို သင်ယူ၏ ထိုရဟန်းသည် ထိုတရားတော်ကို သင်ယူခြင်းဖြင့် နေ့ကိုကုန်လွန်စေ၏ တယောက်တည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏ (တယောက်တည်းဆိတ်ငြိမ်ရာ၌ မနေ) မိမိအတွင်းသန္တာန်၌ စိတ်၏ (ကိလေသာမှ) ငြိမ်းမှုကို မကြိုးစား (သမထဝိပဿနာတရားကို မကျင့်)။

ရဟန်း . . . ဤရဟန်းကို သင်ကြားမှု "ပရိယတ္တိများသူဟုသာ ဆိုအပ်၏။ တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်၊"

## အဟောသမား

(၂) ရဟန်း . . . နောက်တမျိုးကား ရဟန်းသည် ကြားနာအပ်၊ သင်ယူအပ်ပြီးတိုင်သော တရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟော၏ ထိုရဟန်းသည် ထိုတရားကို သူတပါးတို့အား သိစေခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏။ တယောက်တည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏။ မိမိအတွင်း သန္တာန်၌ စိတ်၏ (ကိလေသာမှ) ငြိမ်မှုကို မကြိုးစား။

www.dhammaransi.com



ရဟန်း ... ဤရဟန်းကို သိစေခြင်းများသူ (အပဟောသမား) ဟုသာ ဆိုအပ်၏။ တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

## အရွတ်သမား

(၃) ရဟန်း . . . နောက်တမျိုးကား ရဟန်းသည် ကြားနာအပ်၊ သင်ယူအပ်ပြီးတိုင်းသော တရားကို အကျယ်အားဖြင့် ရွတ်သံ (သရဇ္ဈာယ်) ခြင်းဖြင့် နေ့ကိုကုန်လွန်စေ၏။ တယောက်တည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏။ မိမိအတွင်း သန္တာန်၌ စိတ်၏ (ကိလေသာမှ)ငြိမ်းမှုကို မကြိုးစား။

ရဟန်း . . . ဤရဟန်းကို ရွတ်အံ (သဇ္ဈာယ်)ခြင်းများသူ အရွတ်သမားဟုသာ ဆိုအပ်၏။ တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

## အကြံသမား

(၄) ရဟန်း . . . နောက်တမျိုးကား ရဟန်းသည် ကြားနာအပ်၊ သင်ယူအပ်ပြီးတိုင်းသော တရားကို စိတ်ဖြင့် ကြံ၏၊ သုံးသပ်၏၊ စိတ်ဖြင့် အဖန်ဖန်ရှု၏။ ထိုရဟန်းသည် ထိုတရားကို ကြံစည်ခြင်း "ဝိတတ်" တို့ဖြင့် နေ့ကို ကုန်လွန်စေ၏၊ တယောက်တည်းကိန်းအောင်းမှုကို စွန့်လွှတ်၏၊ မိမိအတွင်း သန္တာန်၌စိတ်၏ (ကိလေသာမှ)ငြိမ်းမှုကို မကြိုးစား။

ရဟန်း . . . ဤရဟန်းကို ကြံစည်ခြင်း "ဝိဘက်" များသူ (အကြံသမား)ဟုသာ ဆိုအပ်၏တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

(မှတ်ချက် ။ ။ ကျွန်တော်ကဲ့သို့သော စာရေးသူရှင်လူ အပေါင်းကိုလည်း အရေးသမားဟုသာဆိုရမည်ဖြစ်ပြီး တရားနှင့် နေလေ့ရှိသူဟုကား မဆိုအပ်သေးပါ ခင်ဗျား။ မိုးကြိုး)

## အကျင့်သမား

(၅) ရဟန်း . . . ဤသာသနာတော်၌ ရဟန်းသည် သုတ်၊ ဂေယျ၊ ဝေယျာ၊ ကရိုဏ်း၊ ဂါထာ ဥဒါန်၊ ဣတိဝုတ်၊ ဇာတ်၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ ဟူသော တရားကို သင်ယူ၏ သင်ယူခြင်းဖြင့် နေ့ကို မကုန်လွန်စေ မစွန့်လွှတ်။ မိမိအတွင်း သန္တာန်၌ စိတ် (ကိလေသာမှ) ငြိမ်းမှုကို ကြိုးစား၏။

ရဟန်း . . . ဤသို့လျှင် ရဟန်းသည် တရားနှင့် နေလေ့ရှိသူ ဖြစ်၏။

ရဟန်း . . . ဤသို့လျှင် ငါသည် (၁)သင်ကြားခြင်းများ သူကို ဟောပြီးပြီ၊

www.dhammaransi.com



(၂)သူတပါးတို့အား သိစေခြင်းများသူကို ဟောပြီးပြီ၊ (၃)ရွတ်အံ့ (သရဇ္ဈာယ်)ခြင်းများသူကို ဟောပြီးပြီ၊ (၄)ကြံစည်ခြင်း "ဝိဘတ်" များသူကို ဟောပြီးပြီ၊ (၅)တရားနှင့် နေလေ့ရှိသူကို ဟောပြီးပြီ။

## နောင်တမဖြစ်စေနဲ့

ရဟန်းအစီးအပွားကို ရှာလေ့ရှိ၍ သာသနာကို စောင့်ရှောက်တတ်သည့် ဆရာဖြစ်သော ငါသည် တပည့်တို့အား သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ သင်တို့အတွက် ပြုဖွယ်ကို ငါပြုပြီးပြီ။

ရဟန်း... ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း။ ဤသည်တို့ကား ဆိတ်ငြိမ်ရာအရပ်တို့တည်း။

ရဟန်း . . . ဤနေရာအရပ်တို့ကို ကပ်၍ ရှုကြည့်ကြကုန်လော့။ မမေ့မလျော့ကြကုန်လင့်၊ နောက်မှ (အားမထုတ်လိုက်ရ)ဟု နောင်တ ပူပန်ခြင်းမဖြစ်စေကြကုန်လင့်၊ ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမပင်တည်းဟု (မိန့်တော်မူ၏)ပါတဲ့ ခင်ဗျား။

မိတ်ဆွေ - ဒီလိုဆိုတော့ မြတ်စွာဘုရားက (၁)ပရိယတ်သင်ကြားခြင်း၊ (၂)သူတပါးအား ဟောပြောခြင်း (၃)ရွတ်အံ့ (သရဇ္ဈာယ်)မှုကို ပြုခြင်း၊ (၄)ကြံစည်ခြင်းအမှုကို ပြုခြင်းတို့ကို လုပ်ကြပါ။ ဒါပေမယ့် တဦးတည်း ဆိတ်ငြိမ်ရာအရပ်ကို ကပ်၍ မိမိအတွင်းသန္တာန်မှာ သံသရာလဆန်း တရက်နေ့ကစ၍ စွဲကပ်ပူးတွဲပါလာကြတဲ့ ဒိဋ္ဌိနဲ့တဏှာကို ပယ်သတ်၊ ခုတ်ထွင်၊ သုတ်သင်ရှင်းလင်းဘို့တော့ မမေ့ပါလေနဲ့၊ ကျင့်ကြပါ။ လုပ်ကြပါ။ ငါ၏ ချစ်သားရဟန်းများတို့ဟူ၍ အဆုံးအမပေးခြင်းဖြစ်တယ်ပေါ့ ခင်ဗျား။

မိုးကြိုး - မှန်ပါတယ်။ "မိုးလွန်မှ ထွန်ရျ" ဆိုတာလို ဘုရားသာသနာတော် နဲ့ ကြုံကြိုက်ချိန်မှာ သမထ ဝိပဿနာတရားကို အားမထုတ်လိုက်ရလို့ နောင်တပူပန်ခြင်း မဖြစ်ကြစေနဲ့လို့ သတိပေးခြင်းဖြစ်ပါတယ်။

## သဲအင်းအာဘော်

မိတ်ဆွေ - ယခုလို ဦးမိုးကြိုးက အပန်းခံပြီး ရှာဖွေလေ့လာထားတဲ့ ဘုရားဟောဒေသနာများကို အလွယ်တကူ ဖတ်ရှုရအောင် တင်ပြတဲ့ အတွက် အထူးကျေးဇူးတင်ပါတယ်။ ဒါထက်သဲအင်းဂူဆရာတော်ဟာတရားဟောရာများမှာ (၁)ပရိယတ်ကို ပစ်ပယ်ပြီး၊ (၂)ပဋိပတ်နဲ့ပဋိဝေဓနှစ်ပါးတို့ကိုသာ

www.dhammaransi.com



အသားပေးအရေးအထားကာ ဟောကြားတယ်လို့ အချို့ပုဂ္ဂိုလ်များ အပြစ်တင်စကားပြောနေကြတာကို ကြားသိရပါတယ်။ ဘယ်သဘောလဲဗျ။ ဦးမိုးကြိုးက ရှင်းပြစမ်းပါ။

မိုးကြိုး - သဲအင်းဂူဆရာတော်ဘုရားဟောကြားတဲ့ တရားများကို ကိုယ်တိုင်မနာကြားဘဲ တဆင့်စကားနဲ့ အပြင်ပြောခြင်းမျိုးသာဖြစ်ပါတယ်။ ဥပမာ ဘာနဲ့တူသလဲဆိုတော့ (၁)ခလုပ်တိုက်တယ်လို့ ပြောတာကို နားစွန်နားဖျား တဆင့်ကြားသူက (၂)ဖားဖြုတ်ကိုက်ယ်လို့ပြောပါတယ်။ ၎င်းကို နောက်တဆင့်ကြားသူက (၃)တရုတ်ရိုက်တယ်လို့ မဟုတ်တန်းတရား ကောဠာဟာလ သတင်းစကားပြောကြားပုံမျိုးနဲ့တူပါတယ်။

သဲအင်းဂူဆရာတော်ဘုရားဟောကြားလေသမျှသော တရားများကို အသံလွှင်းတိတ်ခွေများနဲ့ အမြဲတမ်းဖမ်းယူသိမ်းဆည်းထားပါတယ်။ ကြားနာချင်သူများ နာကြားလိုခဲ့ရင် ရန်ကုန်မြို့ မိုးကောင်းဘုရား အတွင်း သဲအင်းဆရာတော်ဘုရားရဲ့ တပည့်တကာရင်း ဦးသြဘာထံမှာ တောင်းယူ ကြားနာနိုင်ကြပါတယ်။

ထိုတိတ်ခွေများကို ကြားနာကြည့်ခဲ့ရင် ထိုထို ပုဂ္ဂိုလ်တို့ စွပ်စွဲတဲ့ တရုတ်ရိုက်တယ်ဆိုသော စကားမျိုးလုံးဝမပါဘူးဆိုတာ အမြင်မမှားအောင် အထင်အရှားတွေ့သိရမည်ဖြစ်ပါတယ်။

သဲအင်းဂူဆရာတော်ဘုရားဟာ အကျင့်တတ်ပေမယ့် စာမတတ် လို့သူဟာ အစွယ်တချောင်းသာရှိသူဖြစ်ကြောင်း စာလည်းတတ်၊ အကျင့် လည်းတတ်ပြီး ပရိယတ်သာသနာ ပဋိပတ်သာသနာ ပဋိဝေဓသာသနာ၊ သာသနာသုံးရပ်လုံးကို ပြုစုနိုင်မယ်။ စွယ်စုံအရိယာသူတော်ကောင်းများ ပေါ်ပေါက်လာခြင်းကို မျှော်လင့်တောင့်တနေသူဖြစ်ကြောင်းများကို ဟောကြား လေ့ရှိပါတယ်။

ဓမ္မပဒပါဠိတော်၊ ယမကဝဂ် ဒွေသဟာယကဘိက္ခုဝတ္ထုထဲ ကစာမှာ မတတ်၊ ကိုယ်မှာတတ်တဲ့အရိယာသူတော်ကောင်းကိုစာပေနဲ့ဆိုင်တဲ့အမေးကို ပုစ္ဆာများနဲ့ညှဉ်းဆဲမိရင် ငရဲကျကုန်မှာ စိုးတဲ့အတွက် သီးလုံးဆရာတော်အား ကင်းတောရဆရာတော်ဘုရားက ဂန္ထဓုရစာညက် အသိမျှနဲ့မသေကြစေဘို့ သတိပေးစကားမျိုးနဲ့ ကရုဏာတရားရှေ့ထားကာ သတိပေးစကားပြောကြား ခြင်းမျိုးသာဖြစ်ပါတယ်။ ပရိယတ်စာပေကို ဘယ်သောအခါမှ ပုတ်ခတ် ပြောဆိုလေ့မရှိပါတယ် ခင်ဗျား။

www.dhammaransi.com



## ဆရာကောင်းကို ရှာပါ

မိတ်ဆွေ - ဆရာကောင်းက လျာဏမိတ္တကို ရှာပါဆိုတဲ့ ဘုရားဟော ဒေသနာနဲ့ ပတ်သက်တဲ့ ကိစ္စမှာ စာပေသမားများရဲ့ အယူအဆတို့ဟာ အမျိုးမျိုး ဖြစ်နေပါတယ်။ အနှိုပြသနာကို ဦးမိုးကြိုးရှင်းပြစမ်းပါ။ မှတ်သား ပါရစေ။

မိုးကြိုး - ဆရာကောင်းရှာပါဆိုတဲ့ ကိစ္စမှာ ကိုယ်ဘာကိုသိချင်သလဲ တတ်မြောက်ချင်သလဲဆိုတာကို ဦးစွာဆုံးဖြတ်ရပါမယ်။ ဥပမာ အင်္ဂလိပ် စာပေကို တတ်ချင်တယ်ဆိုရင် အင်္ဂလိပ်စာကို ကောင်းစွာတတ်မြောက်တဲ့ ပါရဂူထံမှာ သင်ယူရပါမယ်။ စောင်းတီးတဲ့ အတတ်ကို တတ်ချင်ရင် ကောင်းစွာတတ်တဲ့ စောင်းဦးဘသန်း ကဲ့သို့သော ဆရာထံမှာ သင်ယူရ ပါမယ်။ သတင်းစာအတတ်ကို သင်ယူချင်တယ်ဆိုရင် ဆရာတက်တိုးတို့ ဗမာ့ခေတ်ဦးအုံးမြင့် တို့ထံမှာ နည်းခံရပါတယ်။ ရုပ်ရှင်ဒါရိုက်တာ အတတ်ကို တတ်ချင်တယ်ဆိုရင်တော့ ဒါရိုက်တာအတတ်ကို တတ်ချင် တယ်ဆိုရင်တော့ ဒါရိုက်တာရွှေအုံးဘီအောင်၊ ဒါရိုက်တာ ဦးသုခစတဲ့ ပါရဂူများထံမှာ နိသျှည်းနဲ့ သူ့နည်းကို ခံရပါလိမ့်မယ်။

ဒီဥပမာအတိုင်းပါဘဲ ပါဠိစာပေကို တတ်မြောက်ချင်ရင် မန္တလေးမြို့ ရွှေရေးဆောင် ဆရာတော်တိပိဋကဆရာတော်ဦးဝိစိတ္တတို့ထံသွားပါ။ သမထဝိပဿနာအကျင့်ကို ပေါက်မြောက်ချင်ရင်တော့ ပေါက်မြောက် ထားတဲ့ သဲအင်းဂူဆရာတော်ထံမှာ နည်းနာခံပြီး ကျင့်ကြံအားထုတ်ပေါ့။

စောင်းဦးဘသန်းက အင်္ဂလိပ်စာပေကို သင်ပေးမယ်ဆိုရင် သို့မဟုတ် ဆရာတက်တိုးက ရုပ်ရှင်ဒါရိုက်တာပညာကို သင်ပေးမယ်ဆိုရင် သို့တည်းမဟုတ် ဗမာ့ခေတ် ဦးအုံးမြင့်က သမထဝိပဿနာအကျင့်ကို သင်ကြားပေးမယ်ဆိုရင် မယုံကြနဲ့ပေါ့။ ဒါမှမဟုတ်ဘဲ ယုံကြည်တယ်ဆိုရင် ကိုယ့်မိုက်ပြစ်ကို ကိုယ်ခံကြပေါ့။

မိတ်ဆွေ - အင်း … အကွင်းအကွင်း မှန့်တီဟင်းလို ရှင်းလင်းလှပါတယ် ခင်ဗျား။ ဒါထက် သမထဝိပဿနာအကျင့်နဲ့ ပတ်သက်ပြီး ဆရာကောင်းရှာလို့ ဆရာကောင်းနဲ့တွေ့တဲ့အခါ ဘယ်လိုအကျိုးပြီးစီး ပြည့်စုံပါသလဲ ခင်ဗျား။

## သမဂ္ဂသံယုတ် ကလျာဏမိတ္တသုတ်

အနှိုပြသနာနဲ့ပတ်သက်ပြီး ဘုရားဟောဒေသနာကို တင်ပြပါမယ်။ အခါတပါး၌ မြတ်စွာဘုရားဟာ သာဝတ္ထိပြည် အနာထပိဏ်သူဌေးရဲ့

www.dhammaransi.com



အရာမ်ဖြစ်တဲ့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။ ထိုအခါ မြတ်စွာဘုရားဟာ ရဟန်းတို့အား ဤစကားကို မိန့်တော်မူပါတယ်။

(၁) ရဟန်းတို့ အရုဏ်တက်ခြင်းသည် နေထွက်ပေါ်လာခြင်း၏ ရှေ့သွားဖြစ်သကဲ့သို့ ပုဗ္ဗနိမိတ်ဖြစ်သကဲ့သို့ ရဟန်းအား မိတ်ဆွေကောင်းရှိခြင်းသည် အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွားများလိမ့်မည် ကြိမ်ဖန်များစွာ ပြုလုပ်လိမ့်မည်ဟု မျှော်လင့်အပ်၏ ဟူ၍ပင်ဖြစ်ပါတယ်။

(၂) ရဟန်းတို့တခုသော တရားသည အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ဖြစ်စေခြင်းငှာ ကျေးဇူးများ၏ တခုသော တရားဟူသည် အဘယ် နည်း မိတ်ဆွေကောင်းရှိခြင်းတည်း။ ရဟန်းတို့မိတ်ဆွေကောင်း ရှိသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ဟု မျှော်လင့်အပ်၏ ဟူ၍ပင် ဖြစ်ပါတယ်။

(၃) မဖြစ်ပေါ်သေးသော အင်္ဂါရှစ်ပါးရှိသော အရိယမာဂ်ဖြစ်ပေါ်ရန် ဖြစ်ပေါ်ပြီးသော အင်္ဂါရှစ်ပါးရှိသော အရိယမာဂ်ပွားများ ပြည့်စုံ ခြင်းသို့ရောက်ရန် မိတ်ဆွေကောင်းရှိခြင်းမှ တပါးအခြား တခုသော တရားကိုမျှလည်း ငါဘုရားမြင်တော်မမူဟူ၍ပင် ဖြစ်ပါတယ်။

## သဂ္ဂသံယုတ်၊ ဥပမ္ဗသုတ္တ

အခါတပါး၌ မြတ်စွာဘုရားဟာ သက္ကတိုင်း၊ သက္ကရမည်သော သာကီဝင်မင်းတို့၏ နိဂုံးမှာ သီတင်းသုံးနေတော်မူပါတယ်။ ထိုအခါ အရှင်အာနန္ဒာဟာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး ဤစကားကို လျှောက်ထားပါတယ်။

"အရှင်ဘုရား မိတ်ဆွေကောင်းရှိသည်၏အဖြစ်၊ အပေါင်း အသင်းကောင်းရှိသည်၏အဖြစ်၊ မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်း သည်၏ အဖြစ်သည် (အရိယမဂ်တည်းဟူသော) အကျင့်မြတ်ကို ထက်ဝက် ပြီးစေနိုင်ပါ၏" လို့လျှောက်ထားပါတယ်။

ထိုအခါမြတ်စွာဘုရားက -

အာနန္ဒာ ... ဤသို့မဆိုလင့်၊ အာနန္ဒာ မိတ်ဆွေကောင်းရှိ သည်၏အဖြစ်၊ အပေါင်းအသင်းကောင်းရှိသည်၏အဖြစ် မိတ်ဆွေကောင်းတို့၏ ကိုင်းရှိုင်း သည်၏ အဖြစ်သည် အကျင့်မြတ်ကို အလုံးစုံပင်ပြီး စေနိုင်၏။

www.dhammaransi.com



"အာနန္ဒာ မိတ်ဆွေကောင်း အပေါင်းအသင်းကောင်းရှိ၍ မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွားများနိုင်လိမ့်မည် ကြိမ်ဖန်များစွာ ပြုနိုင်လိမ့်မည်" ဟူသော ဤအကြောင်းကို မချွတ်(ရလိမ့်မည်)ဟု မျှော်လင့်အပ်၏ဟူ၍ပင် ဖြစ်ပါတယ်။

## မဂ္ဂသံယုတ်သာရိပုတ္တသုတ်

အခါတပါး၌ အရှင်သာရိပုတြာဟာ မြတ်စွာဘုရားထံသို့ချဉ်းကပ်ပြီး ဤစကားကို လျှောက်ထားပါတယ်။

အရှင်ဘုရားမိတ်ဆွေကောင်းရှိသည်၏အဖြစ် မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းသည်၏အဖြစ်သည် အကျင့်မြတ်ကို အလုံးစုံပင်ပြီးစေနိုင်၏။

ထိုအခါ ဘုရားရှင်က သာရိပုတြာကောင်းပေစွ၊ ကောင်းပေစွ သာရိပုတြာ မိတ်ဆွေကောင်းရှိသည်၏အဖြစ် အပေါင်းအသင်းကောင်း ရှိသည်၏အဖြစ် မိတ်ဆွေကောင်း အပေါင်းအသင်းကောင်းရှိ၍ မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းခြင်းရှိသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွားများနိုင်လိမ့်မည် ကြိမ်ဖန်များစွာ ပြုနိုင်လိမ့်မည်ဟူသော အကြောင်းကို မချွတ် (ရလိမ့်မည်ဟု) မြော်လင့်အပ်၏ဟူ၍ပင်ဖြစ်ပါတယ်။

## အသိချင်းခြားနားပုံ

အနီ ဥပမာသုတ်လာသောတာပန်ဖြစ်တဲ့ အရှင်အာနန္ဒာရဲ့ အသိနဲ့ သာရိပုတ္တသုတ်လာ ရဟန္တာကြီးဖြစ်တဲ့ အရှင်သာရိပုတြာရဲ့အသိ နှစ်မျိုးကို နှိုင်းယှဉ်ကြည့်ပါရင် သောတာပန်အသိနဲ့ရဟန္တာကြီးတို့ရဲ့အသိနှစ်မျိုးဟာ လွန်စွာခြားနားနေတာကို ဉာဏ်ငုံမိမည်ဖြစ်ပါတယ်။

မိတ်ဆွေ - အင်း...မင်္ဂလာရှိတဲ့စကားတွေကိုကြားရတာ ဝမ်းမြောက်လှပါတယ် ခင်ဗျား၊ ဆက်စမ်းပါအုံး။

မိုးကြိုး - ယခုခေတ် ယခုအခါမှာ ဗုဒ္ဓဘာသာဝင်သူတော်စင်များဟာ အနည်းဆုံးအပါယ်ဘေးက အကြွင်းမဲ့လွတ်မြောက်နိုင်တဲ့ တမင်္ဂတဖိုလ်ကို ရှာဖွေနေကြပါတယ်။ အဲဒီအချက်ကို ထင်ရှားပေါ်လွင်အောင် ခမုံ ဆရာတော်က -

မင်းကွန်း၊ မိုးညှင်း၊ ဉာဏစာဂီ အချိန်ကောင်းလို့ပိန်ဖောင်း မဟာစည်၊ အမြဲလင်းဖွဲ့တင်း သဲအင်းလာပြီ အမျိုးမယုတ်မိုးကုတ် မဟာထေရ်လို့

www.dhammaransi.com



ကဗျာလင်္ကာကလေး စပ်ဆိုလိုက်ခြင်းဖြစ်ပါသည်။

တနည်းအားဖြင့် ယခုခေတ်က "နန်းအလယ် ပန်းစပယ် မပေါ်ခိုက်တာမို့ အလိုက်ကယ်တော်တန်သင့်ရှုပ ခံပွင့်ကိုကုံး နန်းရဝေမန်းမြေမှာ စပယ်လှိုင်တော့ ခံပန်းခိုင် ယာယီရွှေတယ် တောလေ့ရှာသုံး" ဆိုတာလို ပရိယတ္တိလောက်နဲ့ မကျေနပ်ကြဘို့ ပဋိပတ်၊ ပဋိဝေဓတို့ နောက်သို့လိုက်ကြသူများကို အချို့ပရိယတ္တိသမားများက မလိုလား၊ မနှစ်သက်ကြတဲ့အတွက် အခမွတားဆီး ပိတ်ပင်နေကြပါတယ်။

အထူးသဖြင့် စာမတတ်တဲ့ သဲအင်းဂူဆရာတော်ဘုရားရဲ့ကျင့်စဉ်တရားကို သဲမဲကာ အပြစ်ပြောနေကြပါတယ်။

သဲအင်းဂူဆရာတော်ဘုရားသည် ကားဆိုရင် ၂၁-လတိုင်တိုင် သတိပဋ္ဌာန်လေးပါး၊ အကျင့်မြတ်တရားကို ကျင့်ကြံအားထုတ်သဖြင့် သိရှိတော်မူအပ်တဲ့ ကိုယ်တွေ့တရားများကိုသာ ဟောကြားပြသနေပါတယ်။

ဒိဋ္ဌိကို ဝေဒနာနာမ်ပေါ်မှာ သတ်ရတယ်။ တဏှာသေအောင်တော့ ရုပ်ပေါ်မှာသတ်ရတယ်ဟူ၍ရှင်း။

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ ဆိုတဲ့ အာရုံခြောက်ပါး တံခါးခြောက်ပေါက်မှာ သောတာပန်ဟာ၊ ငါသူတပါး၊ ယောကျ်ား၊ မိန်းမဆိုတဲ့ အတ္တဒိဋ္ဌိကိုပယ်ပြီး၊ ဝေဒနာနာမ်ခံစားတဲ့ သဘောမျှကိုသာ သိနေတယ်။

အကာဒါဂါမ်ကတော့ အသုဘကမ္မဋ္ဌာန်းကို ရှုပွားပြီးလှတယ်၊ ချောတယ်၊ ကောင်းတယ် ဆိုတဲ့ သုဘသညာကို ပယ်သတ်လိုက်ပြီး အပုတ်ကောင်၊ အရိုးစုဆိုတဲ့ အသုဘသညာဖြစ်နေတယ်၊ သုခဝေဒနာကို ပယ်လိုက်တယ်။

အနာဂါမ်ကတော့ တလောကလုံးဟာဖြင့် သဲပုံကြီးပြိုပျက်နေသလို ရုပ်-နာမ်တို့ရဲ့ မပြတ်မလပ် ဒလစပ်ဖြစ်ပျက်နေခြင်းကို မြင်သိနေတယ်။ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာနှစ်မျိုးကို အကြွင်းမဲ့ ပယ်သတ်ပြီးလို့ ဥပေက္ခာဝေဒနာချည်းဖြစ်နေတယ်။ ရဟန္တာကြီးကတော့ သုခ ဒုက္ခ-ဥပေက္ခာ ဝေဒနာသုံးပါးလုံးကို ပယ်လိုက်လို့ မြင်-မြင်ကာမျှ၊ ကြား-ကြား ကာမျှ၊ နံ-နံကာမျှ၊ စား-စားကာမျှ၊ ထိ-ထိကာမျှ၊ သိ-သိကာမျှ ဖြစ်နေတယ်လို့ မိမိကိုယ်တွေ့သိတဲ့ အသိလေးမျိုးကို ဟောပြောနေတယ်။

မိတ်ဆွေ - မှန်ပါတယ်ခင်ဗျား၊ ဒါထက် ဦးမိုးကြိုးတို့ကျွန်တော်တို့ အဖို့ကတော့ "မသိသူကျော်သွား သိသူဖေါ်စား" ဆိုတဲ့ ရှေးစကားကိုဘဲ လက်ကိုင်ထားရမယ်ပေါ့ဗျာ။

www.dhammaransi.com



## သူတော်ကောင်းတရားကြာရှည်တည်ရေး

မိတ်ဆွေ - တနေ့က ကျွန်တော်ဟာ ဦးမိုးကြိုးရေးသားတဲ့ ဒိဋ္ဌိသတ်၊ တဏှာသတ်စာအုပ်ကို ပုံနှိပ်ထုတ်ဝေဖြန့်ချိပေးတဲ့ ပြည်သူ့အလင်းစာပေ တိုက်ပိုင်ရှင် ဦးစိန်ကြည်ထံသို့ ရောက်ခဲ့ပါတယ်။ အနီစာအုပ်ငါးထောင် ကုန်ရခြင်းအကြောင်းကိုမေးတော့ စာအုပ်ငါးထောင်အနက်လေးထောင်ကိုသာ ရောင်းတယ်။ စာအုပ်တစ်ထောင်ကတော့ ဦးမိုးကြိုးဟာ သူရဲ့ မိတ်ဆွေ သင်္ဂဟတွေကို ဓမ္မလက်ဆောင်ပေးတယ်လို့ ကြားခဲ့ရတဲ့အတွက် သာဓုခေါ်ပါတယ်ဗျာ။

ဒါထက် ရုပ်ရှင်နယ်ထဲက ဦးမိုးကြိုးရဲ့ မိတ်ဆွေများဖြစ်ကြတဲ့ ရွှေဒုံးဘီအောင်၊ ရှုမဝဦးကျော်၊ အကယ်ဒမီဦးကျောက်လုံး၊ မန်းတက္ကသိုလ် မြန်မာစာကထိကဦးဆန်းထွန်း၊ ရုပ်ရှင်မင်းသားဦးအေးကြူစတဲ့ ပုဂ္ဂိုလ်တွေဟာ သဲအင်းဂူတရားကို ကျင့်ကြံအားထုတ်နေကြတယ်ဆိုတဲ့ သတင်း ရောမှန်ပါသလား ခင်ဗျား၊ သာဓုခေါ်ချင်လို့မေးတာပါဗျာ။

မိုးကြိုး - မိုးကြိုးဆိုတဲ့ ငနဲက (ခြေလျင်) အုန်းခင်၊ (ဗမာခေတ်) အုန်းခင်၊ (မိုးကြိုး)အုန်းခင်ဆိုတဲ့ သုံးမည်ရသူဖြစ်တဲ့အပြင် အတိတ်ကာလ အန္ဓ ပုထုဇဉ်ဘဝတုန်းက "မြေပေါ်မှာ ရွှေကြော်ငြာ" ထုတ်ခြင်းခံရတဲ့ လူရှုပ်-လူပွေ-လူတေ၊ လူပေဆိုတော့ အသိမိတ်ဆွေပေါ်များ ကြွယ်ဝတယ်ခင်ဗျ။ ဒါကြောင့် မိတ်ဆွေသင်္ဂဟတွေကို စေ့ငအောင်ပေးမယ်ဆိုရင် စာအုပ် တစ်ထောင်ပင်ပေး၍ လောက်မည်မထင်ပါ။ အနီလို စာအုပ်တွေကို ဓမ္မ လက်ဆောင်အဖြစ်နဲ့ ပေးကမ်းခြင်းဟာလဲ ဘုရားသခင်ဟောကြားတော် မူသောအတိုင်း ပေးကမ်းလှူဒါန်းခြင်းသာဖြစ်ပါတယ်။

မိတ်ဆွေ - ပါဠိတော်မြန်မာပြည်တွေကို ဖတ်ပြီး စကားတတ်တိုင်း ပြောနေတာပါလား ခင်ဗျား၊ ရှင်းစမ်းပါ ကြားနာမှတ်သားပါရစေ။

မိုးကြိုး - ဘုရားဟောသတိပဋ္ဌာန သံယုတ်အညတရဗြဟ္မဏသုတ်ကို တင်ပြပါမယ်။

## အညတရဗြာဟ္မဏသုတ်

အခါတပါး၌ မြတ်စွာဘုရားဟာ သာဝတ္ထိပြည်၊ အနာထပိဏ် သူဌေး၏ အရာမ်ဖြစ်တဲ့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။ ထိုအခါ ပုဏ္ဏားတယောက်ဟာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး ဤစကားကို

www.dhammaransi.com



လျှောက်ထားပါတယ်။

အသျှင်ဘုရား ဂေါတမမြတ်စွာဘုရား၊ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော (၁)သူတော်ကောင်းတရား၊ ကြာရှည်စွာ၊ မတည်ခြင်း၏အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း (၂)အသျှင် ဂေါတမမြတ်စွာဘုရား၊ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရားကြာရှည်စွာ တည်ခြင်း၏အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်းလို့ မေးလျှောက်ပါတယ်။

ထိုအခါ မြတ်စွာဘုရားသခင်က -

ပုဏ္ဏား - (၁) သတိပဋ္ဌာန်လေးပါးကို မပွားများခြင်းကြောင့်၊ ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့်၊ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်၊ သူတော်ကောင်းတရားသည် ကြာရှည်စွာမတည်။

(၂) သတိပဋ္ဌာန်လေးပါးတို့ကို ပွားများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်၊ သူတော်ကောင်းတရားသည်ကြာရှည်စွာတည်၏။

## အဘယ်လေးပါးတို့နည်း

ပုဏ္ဏား - ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် - သမ္ပဇဉ်၊ အောက်မေ့မှုသတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ဆင်ခြင်ဉာဏ် သမ္ပဇဉ် အောက်မေ့မှုသတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ဝေဒနာတို့၌ဍင်း၊ စိတ်၌ဍင်း၊ သဘောတရားတို့၌ဍင်း၊ ဝေဒနာ စိတ်သဘောတရားတို့ကို အကြိမ်ကြိမ် ရှုကျင့်လေ့ရှိသည်ဖြစ်၍ နေ၏။

ပုဏ္ဏား - (၁) ဤသတိပဋ္ဌာန်လေးပါးတို့ကို မပွားများခြင်းကြောင့် ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရားကြာရှည်စွာမတည်။

(၂) ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွားများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရားကြာရှည်စွာတည်၏ဟု မိန့်တော်မူပါတယ်။

အဲဒီဘုရားဟောဒေသနာတော်အရ သဲအင်းဂူဆရာတော်ရဲ့သတိပဋ္ဌာန်

www.dhammaransi.com



လေးပါး အကျင့်တရားဖြစ်တဲ့ ဒိဋ္ဌိသတ်၊ တဏှာသတ်စာအုပ်ကို ဓမ္မလက်ဆောင်အဖြစ် ပေးကမ်းပြီး မိတ်ဆွေသင်္ဂဟကို အားထုတ်ရန် တိုက်တွန်းခြင်းဟာ သူတော်ကောင်းတရား (၀ါ) ဂေါတမမြတ်စွာဘုရားရဲ့ သာသနာကို ကြာရှည်စွာ တည်တံ့နိုင်မြဲအောင် ဆောင်ရွက်ခြင်းဘဲ မဟုတ်ပါလား ခင်ဗျား။

မိတ်ဆွေ - ရပ်ရှင်လောကထဲမှ ကျွန်တော်ရဲ့မိတ်ဆွေ သင်္ဂဟတော်တော်များများကို သဲအင်းဂူဆရာတော်ရဲ့သတိပဋ္ဌာန်လေးပါးကျင့်စဉ်နဲ့ကျင့်ကြံအားထုတ်ကြဘို့ ကျွန်တော်တိုက်တွန်းပြီး၊ တိုက်တွန်းဆဲ၊ တိုက်တွန်းလတ္တံ့ဖြစ်ပါတယ်။ ရွှေဒုံးဘီအောင် ရှုမဝဦးကျော်၊ ဦးကျောက်လုံးတို့သည် ၎င်း၊ စာပေနယ်မှ ဦးဆန်းထွန်းသည်၎င်း၊ သဲအင်းဂူဆရာတော်ကျင့်စဉ်နဲ့ ကျင့်ကြံအားထုတ်နေကြပါတယ်။ ကျွန်တော်ဒီလို သတိပဋ္ဌာန်လေးပါးကို အားထုတ်ဘို့တိုက်တွန်းခြင်းဟာအရိယာတို့သည် သာတကယ်သိတကယ်မှတ် အဟုတ်သိ သိအပ်တဲ့ (မုချ) အရိယသစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာသိခြင်း အကျိုးငှာဖြစ်ပါတယ်။ ဒီကိစ္စမှာလဲ ဘုရားဟော ဒေသနာလာအတိုင်း ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

မိတ်ဆွေ - စကားလုံးက ကြီးထွားလှချည်လား ခင်ဗျာ။ သူတကာပြောဘို့ ကလေးများ ချန်ထားသင့်သေးတယ်ထင်ပါတယ်။

မိုးကြိုး - ကျွန်တော်ကြွားပြောနေတယ်ထင်ရင် ဘုရားဟောသစ္စာသံယုတ်မိတ္တသုတ်ကို တင်ပြပါတယ်။ မိတ်ဆွေသေသေချာချာ နားထောင် ပါ။

## သစ္စသံယုတ်၊ မိတ္တသုတ်

ရဟန်းတို့(၁)အစဉ်သနား (စောင့်ရှောက်) ထိုက်သူဟူသမျှတို့ကို၎င်း၊ (၂)မိမိစကားကို လိုက်နာလိမ့်မည်ဟု မှတ်ထင်ရကုန်သော မိတ်ဆွေ၊ ခင်ပွန်းဆွေမျိုးသားချင်းဟူသမျှတို့ကို၎င်း၊ အရိယသစ္စာတရားလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းအကျိုးငှာ ဆောက်တည်စေအပ်ကုန်၏။

အဘယ်လေးပါးတို့နည်း (၁)ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား (ဒုက္ခသစ္စာ)၊ (၂)ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယာ တို့၏ အမှန်တရား (သမုဒယသစ္စာ)၊ (၃)ဆင်းရဲချုပ်ရာနိဗ္ဗာန်ဖြစ်သော အရိယာတို့၏ အမှန်တရား (နိရောဓသစ္စာ)၊ (၄)ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား (မဂ္ဂသစ္စာ) တို့တည်း။

www.dhammaransi.com



ရဟန်းတို့ အစဉ်သနား (စောင့်ရှောက်) ထိုက်သူဟူသမျှတို့ကိုဎင်း၊ မိမိစကားကို လိုက်နာလိမ့်မည်ဟု မှတ်ထင်ရကုန်သော မိတ်ဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းဟူသမျှတို့ကိုဎင်း၊ ဤအရိယသစ္စာတရားလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းအကျိုးငှာ ဆောက်တည်စေအပ်ကုန်၏ သွင်းထားအပ်ကုန်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း" ဟုသိရန် အားထုတ်ရမည်။ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း" ဟုသိရန် အားထုတ်ရမည်။ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်တည်း" ဟုသိရန် အားထုတ်ရမည်။ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း" ဟုသိရန် အားရမည်၊ မိန့်တော်မူ၏ ဟူ၍ပင်ဖြစ်ပါတယ်။

**မိတ်ဆွေ** - ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ဒါထက် သဲအင်းဂူဆရာတော် ဘုရားသင်ကြားပေးတဲ့ အာနာပါနပွားနည်း၌ တရားအားထုတ်စဉ်မှာ ဣရိယာပုတ်ကို မပြုပြင်ရတဲ့အတွက် နာကျင်ကိုက်ခဲမှုဝေဒနာဟာ မခံရပ်နိုင်အောင် ပြင်းပြလာပါတယ်။ အဲဒီဝေဒနာဒဏ်ကို တရားအားထုတ်စ ယောဂီဟာ သည်းမခံနိုင်တဲ့အတွက် သဲအင်းဂူဆရာတော်ကျင့်စဉ်ကို ရှံ့ကြောက်နေကြပါတယ်။ အဲဒီပြဿနာကို ဦးမိုးကြိုးက ဖြေရှင်းနိုင်ရင် ဖြေရှင်းစမ်းပါ ခင်ဗျား။

## အာတပ္ပကရဏီယသုတ်

မြတ်စွာဘုရားက အင်္ဂုတ္တိုရ်ပါဠိတော် (မြန်မာပြန်) အာတပ္ပကရဏီယသုတ်မှာ ရဟန်းတို့ဖြစ်ပေါ်လာကြကုန်သော ပြင်းထန်ကုန်၊ ကြမ်းတမ်းကုန်၊ ကျင်နာကုန်၊ စပ်ရှားကုန် မသာယာဖွယ်ကြကုန်၊ မနှစ်သက်ဖွယ်ဖြစ်ကုန် အသက်ကို ဆောင်တတ်ကုန် ကိုယ်၌ဖြစ်ကုန်သော ဆင်းရဲဝေဒနာကို သည်းခံနိုင်ခြင်းငှာ အားထုတ်ခြင်းကို ပြုအပ်၏။

ထိုအခါ ဤရဟန်းကို ဆင်းရဲအဆုံးကို ကောင်းစွာပြုခြင်းငှာ အားထုတ်ခြင်းရှိသော ရင့်ကျက်သော ပညာရှိသော သတိနှင့် ပြည့်စုံသော ရဟန်းဟု ဆိုအပ်၏လို့ မိန့်တော်မူထားပါတယ်။

ဒီတော့ သေခါနီးဆဲဆဲမှာ ပေါ်လာကြမဲ့ ပုဂ္ဂိုလ်တဦးကို သတ်မဲ့ ဒုက္ခဝေဒနာကို မသေမီအချိန်ကပင် ကျော်လွန်နိုင်စွမ်းရှိအောင် (သမာဓိ ပညာတို့ဖြင့်) အလေ့အကျင့်ပြုပြီးအနိုင်တိုက်ထားရပါလိမ့်မယ်။ ဒုက္ခဝေဒနာကို

www.dhammaransi.com



ကျော်လွန်အောင် တရားအားထုတ်စယောဂီဟာ အစမှာ သမာဓိနဲ့ အရင်တိုက်ရပါတယ်။

နည်းသိခဲ့ရင် အာနာပါနစျာန်သမာဓိကို အလွန်နဲ့ ထူထောင် တတ်ပါတယ်။ ထိုအာနာပါနစျာန်သမာဓိထူထောင်နည်းကို သိရှိထားသူက သင်ပြပေးရင် တစ်နာရီမျှလောက်နဲ့ဘဲ တတ်မြောက်နိုင်ပါတယ် ဒီလို တတ်မြောက်ပြီးတဲ့အခါ "လှိုင်းကြီး လေ့အောက်" ဆိုတဲ့စကားလို ယောဂီ ပုဂ္ဂိုလ်ဟာ သည်းခံနိုင်စွမ်းရှိပါလိမ့်မည် ခင်ဗျာ။

www.dhammaransi.com



## ညောင်တုန်းမြို့က ဓမ္မစရိယ

မိတ်ဆွေ - ညောင်တုန်းမြို့က ဓမ္မစရိယ၊ ဓမ္မကထိက သုဓမ္မာဆရာတော် က (၁)သဲအင်းဂူဘုန်းကြီးဟောကြားတဲ့ တရားများဟာ ဘုရားဟော ဒေသနာနှင့် မကိုက်ညီဘူးဟူ၍ရင်း၊ (၂)ထိုဘုန်းကြီးဟောတဲ့ အာနာပါနနဲ့ အသုဘ ကမ္မဋ္ဌာန်းများဟာ ရောမသမထကြီးများ ဖြစ်တယ်ဟူ၍ရင်း၊ ပြောဆိုခြင်း အကြောင်းနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့အပတ်က ဦးမိုးကြိုးရဲ့ ရှင်းလင်းတင်ပြချက် ကို ပီပီသသတီးပြပါအုံး ခင်ဗျား။

မိုးကြိုး - မိတ်ဆွေရဲ့အမေးစကားကို ကြားရတော့ မိုးကြိုးအား အလွန် ခင်မင်တဲ့ ကွယ်လွန်သူ သခင်ကိုယ်တော်မှိုင်းကို ပြေးပြီး မြော်မှန်းတမ်းတ အပုံကြီး သတိရမိပါတယ်။ ငါဟာ ငယ်စဉ်အခါ ပညာရှာချိန်က ပျို့ကဗျာ လင်္ကာရေး နည်းများကို မသင်ယူခဲ့မိဘူး။ သင်ယူခဲ့လို့ယခုနေအခါများ လေးချိုးတို့ ဘာတို့ ရေးစပ်တတ်ရင် ဘယ်လောက်များ အဘိုးတန်လိုက်မလဲဆိုတာကို နောင်တကြီးစွာ ရမိပါတယ်။

ဆရာကြီးဟာ မစ္စတာမောင်မှိုင်းဒုဂ္ဂတိအပါယ်တိုင်းသို့ မကြွ ရောက်တော်မူစေရန် ကရုဏာရှေ့ထား၍ ရေးသားခြင်းဖြစ်ပါသည်ဟူ၍ ရင်း၊ မိမိကိုယ်ကိုလည်း တယ်ပြီး မမြှင့်နဲ့နော်၊ ဟိုဒင်းကျကျလျှင် နာတတ် တယ်ဟူ၍ရင်းစသည့် စွဲချက်ပုဒ်(၈)ချက်တင်လိုက်သော မယ်တင့်၊ တင်တင်တို့အား ပြန်လည်ဖြေကြားရေးသားအပ်သော ဗိုလ်ငြိုကာတွင် တွေ့နိုင်တဲ့၊ ဂုဏတ္ထပကာသနီလေးချိုးကြီးဆိုရင် ဆရာကြီးအား နောင်လာ နောက်သားများ အထူးသတိရစေဘို့ကဗျာစာပေဖြစ်ပါတယ်။ မိုးကြိုးဆိုတဲ့ ငနဲဟာ ထိုစာမျိုးကို ရေးတတ်ရင်၊ ရေးစပ်မည်ဖြစ်ပါတယ်။ ယခု မှာတော့ ကဗျာဆိုလို့ ဘာတခုမှ ဟုတ်ဟုတ်ဟတ်ဟတ် လုပ်တတ်သူမဟုတ်ပါဘူး

www.dhammaransi.com



ခင်ဗျား။ သို့ရာတွင် ဆရာကြီးရဲ့လေးချိုးကို မကြားဘူး၊ မဖတ်ဘူးသေးသူများ ကြားဘူး၊ ဖတ်ဘူး ရလေအောင်မူအတိုင်း တင်ပြပါမယ်။

## ဂုဏာဗ္ဗပကာသနီ လေးချိုးကြီး

ကောင်မကလေးနယ်ရိုးပုံနှင့် လှသူရဲ့တထောင်ကမဝေး သဟာယ်၊ တမျိုးတဖုံထပြန်ပေါ့။ ဆိုးဂုဏ်မပြချင်နှင့် (တင်)၏ သဘွယ်၊ (မယ်တင့်ရယ်)ဟောသည့် ပုဆိုးခပုံ(မ)ပါလို့ ပြင်မိတယ်။ ရန်မဖြစ်ချင်ဘူး ကွယ်တို့ရယ် (ဩော်) တရန်ဖြစ်ရပြန်ပေါ့။ မာရ်စစ်သည်ဗိုလ်သေနင်တို့နှင့် ဗဟိုမြေပလ္လင်ကို တိုက်စရာခဲသလိုပ၊ ကိုရွှေတင်ကြိုက်ရာကန္တဲ့ခဲ့ပေတော့၊ ပွဲများအလယ်မှာ နော်ကွယ် ရဲစတကယ်။ မင်းတို့ညာဏ်အမြင် တမိုက်တထွာမျှရယ်နှင့် ငြင်းဘို့ သန်လျှင် မိုက်ရာကျပါလိမ့် စရိုက်သဘာဝရယ်တဲ့ ကျမ်းဂန်နယ် (အို)မန်းသံ ထယ်ထယ်နှင့် မာနတက်စရာအများ (တင်တင်ရယ်) အရမ်းထန်မဟယ်ဖြင့် တလလက္ခဏာတပါးစသည်တို့ဖြစ်ပါတယ် ခင်ဗျား။

မိတ်ဆွေ - မူတည်စကားကို မဖြေကြားဘဲ၊ ဘေးသို့သဝေထိုးသွားနေရင် နားကြားပြင်းကပ်မှာ စိုးရပါတယ်။

မိုးကြိုး - သည်းခံပါခင်ဗျား၊ စကားလက်စရလို့ဆက်ပြီး၊ ဟာဝါးပန်းမိသွားတာပါ၊ ဓမ္မကထိကနဲ့ပတ်သက်ပြီး ဘုရားဟောသဉ္ဇာယတန သံယုတ်၊ ဓမ္မကထိက၊ ပုစ္ဆသုတ်ကို တင်ပြပါမယ်၊ နားသောတဆင်ပါတော့ ခင်ဗျား။

## ဓမ္မကထိက ပုစ္ဆသုတ္တ

အခါတပါး၌ မြတ်စွာဘုရားဟာ သက္ကတိုင်း ဒေဝဒဟမည်သော သာကီဝင်မင်းတို့ရဲ့ နိဂုံးမှာ (သီတင်းသုံး)နေတော်မူပါတယ်။ ထိုအခါ ရဟန်းတပါးဟာ မြတ်စွာဘုရားအား "အရှင်ဘုရားဓမ္မကထိက၊ ပုဂ္ဂိုလ်ဟု ဆိုအပ်၏ အရှင်ဘုရား အဘယ်မျှလောက်သော အကြောင်းဖြင့် ဓမ္မကထိက ပုဂ္ဂိုလ်ဖြစ်ပါသနည်း" လို့မေးလျှောက်ပါတယ်။

ထိုအခါမြတ်စွာဘုရားက -

(၁) ရဟန်းသည် မျက်စိကို ငြီးငွေ့ခြင်းငှာ စွဲမက်မှုကင်းခြင်းငှာ၊ ချုပ်ခြင်းငှာတရားကို ဟောခဲ့မူ ဓမ္မကထိကရဟန်းဟုဆိုခြင်း ငှာထိုက်၏။

(၂) ရဟန်းသည် မျက်စိကို ငြီးငွေ့ခြင်းငှာ စွဲမက်မှုကင်းခြင်းငှာ၊

www.dhammaransi.com



ချုပ်ခြင်းငှာကျင့်သည်ဖြစ်ခဲ့မူ တရားတော်အား လျော်သော အကျင့်ကို ကျင့်သော ရဟန်းဟုဆိုခြင်းငှာထိုက်၏။

(၃) ရဟန်းသည် မျက်စိကို ငြီးငွေ့ခြင်းကြောင့် စွဲမက်မှုကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် မစွဲလန်းမူ၍ (ကိလေသာမှ) လွတ်မြောက်သည် ဖြစ်ခဲ့မူ ယခုဘဝ၌ပင် နိဗ္ဗာန်သို့ရောက်သော ရဟန်းဟုဆိုခြင်းငှာ ထိုက်၏။ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ကိုလဲ အထက်ပါအတိုင်းချဲ၍ယူပါ။ မိုးကြိုး)

## သဲအင်းကျင့်စဉ်

ဒီတော့ ညောင်တုန်းမြို့မှ ဓမ္မကထိက သုဓမ္မာဆရာတော်ရဲ့ ဟောပြောကျင့်သုံးပုံနဲ့ သဲအင်းဘုန်းကြီးရဲ့ဟောပြောကျင့်သုံးပုံကို ချိန်ခွင်တွင် တဖက်စီထည့်ကာ ချိန်တွယ်ကြည့်ကြဘို့တင်ပြပါမယ်။

ညောင်တုန်းမြို့မှ ဓမ္မကထိက သုဓမ္မာဆရာတော်ရဲ့ အကြောင်း သိကောင်းစရာများကို ညောင်တုန်းမြို့မှ ဒကာ၊ ဒကာမများသိပြီးဖြစ်တဲ့ အတွက် ရှည်ရှည်လျားလျား မိုးကြိုးက တင်ပြတော့မည်မဟုတ်ပါ ခင်ဗျား။

ဒါပေမယ့် သဲအင်းဆရာတော်အကြောင်း သိကောင်းစရာများ ကိုတော့ တင်ပြပါမယ်။ သဲအင်းဂူဆရာတော်ဘုရားဟာ ဘုရားဟော သတိပဋ္ဌာန် လေးပါးအကျင့်မြတ်တရားကို ၂၁ – လတိုင်တိုင် အာတာပဝိရိယနဲ့အရိုးကြေကြေ အရေခန်းခန်း၊ လူသေရင်သေ လူမသေရင် ကိလေသာ သေရောတဲ့ ဆိုတဲ့၊ ဖွဲသတ္တိနဲ့ ကျင့်ကြံအားထုတ်ပါတယ်။ ထိုကဲ့သို့ ကျင့်ကြံအားထုတ်သဖြင့် အသိလေးမျိုးကို ရရှိပါတယ်။

(၁) ပထမ အသိထူးကို ကာယိက၊ ဒုက္ခဝေဒနာပေါ်ကနေပြီး ရရှိပါတယ်။ နာကျင်ကိုက်ခဲဆိုတဲ့ အဝိဇ္ဇာအသိပျောက်ပြီး၊ ဝေဒနာနာမ်ရဲ့ ပရမတ္ထသဘာဝခံစားခြင်း သဘောတခုကိုဘဲ သိနေပါတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ခွေး၊ ဝက်၊ ဘဲ၊ ကြက်စတဲ့ ပုဂ္ဂလပညတ်ကိုပယ်လိုက်ပါတယ်။ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိကိစ္စတွေမှာ ဝေဒနာနာမ်ရဲ့ခံစားခြင်း သဘောခံစားတယ်လို့ဘဲ သိပါတယ်။

(၂) ဒုတိယ အသိထူးကို ရုပ်ပေါ်ကနေပြီး ရရှိပါတယ်။ လှတယ် ချောတယ်ဆိုတဲ့ သုဘသညာပျောက်ပြီး တလောကလုံးဟာဖြင့် မတင့်မတယ် မဖွယ်မရာဆိုတဲ့ အသုဘသညာရောက်လာပါတယ်။

www.dhammaransi.com



သဘောကတော့ သုခဝေဒနာကို ပယ်လိုက်ပြီး ဒုက္ခဝေဒနာချည်း ဖြစ်နေပါတယ်။

(၃) တတိယ အသိထူးကို ထိုအသုဘဖြစ်နေတဲ့ ရုပ်ပေါ်ကနေပြီး ရရှိပြန်ပါတယ်။ အသုဘရယ်လို့ ခေါ်စရာမရှိဘဲ မျက်စိတမှိတ် လျှပ်တပြက်၊ လက်ဖျစ်တတွက်မှာ ဖြစ်ပေါ်ချုပ်ပျောက်နေကြတဲ့ ရုပ်ကလာပ်များကိုဘဲ မြင်သိနေပါတယ်။ ဤနည်းဖြင့် ဒုက္ခဝေဒနာကို ပယ်လိုက်ပြီး၊ ဥပေက္ခာဝေဒနာချည်းဖြစ်နေပြန် ပါတယ်။

(၄) စတုတ္ထ၊ အသိထူးကိုတော့ ထိုရုပ်ကလာပ်ကလေးများပေါ်က နေပြီး ရရှိပါတယ်။ ထိုရုပ်ကလာပ်များ အကြွင်းမဲ့ချုပ်ပျောက် သွားတဲ့အတွက် ရှုစရာမရှိတော့ဘူး ကျင့်ဘွယ်ကိစ္စအပြီးတိုင် ရောက်သွားပါတယ်။ ဥပေက္ခာဝေဒနာကို သမုစ္ဆေဒအားဖြင့် ပယ်လိုက်ပါတယ်။ မြင်မြင်ကာမျှ ကြားကြားကာမျှ စသည်ဖြစ် နေပါတယ်။

အဲဒီအသိထူးလေးမျိုး၊ ထူးတဲ့ ဉာဏ်လေးမျိုးကို အကျဉ်းတဖန် ပြောပြရမယ်ဆိုပြန်ရင် (၁)ပထမ - အသိထူးက၊ ပုဂ္ဂလသညာမတ္တကို ပယ်လိုက်ပြီး၊ ဝေဒနာသညာချည်း ဖြစ်နေပါတယ်၊ (၂)ဒုတိယ - အသိထူး ကတော့ ဒုက္ခဝေဒနာသညာမတ္တချည်းဖြစ်နေပြီး၊ သုခဝေဒနာသညာကို ပယ်လိုက်ပါတယ်၊ (၃)တတိယ - အသိထူးကတော့ ထိုဒုက္ခဝေဒနာကို ပယ်သတ်လိုက်လို့ဥပေက္ခာဝေဒနာသညာမတ္တချည်းဖြစ်နေပါတယ်၊ (၄)စတုတ္ထ - အသိထူးကတော့ ဥပေက္ခာဝေဒနာသညာကို အပြီးအပိုင် ပယ်သတ်လိုက်လို့ ပုဂ္ဂလသညာ၊ သုခဝေဒနာသညာ၊ ဒုက္ခဝေဒနာသညာ၊ ဥပေက္ခာဝေဒနာသညာ မတ္တများမရှိတော့ဘဲ၊ ဝေဒနာသညာတွေ ချုပ်ကုန်လို့ မြင်မြင်ကာမျှ၊ ကြားကြား ကာမျှ၊ နံနံကာမျှ၊ စားစားကာမျှ၊ ထိထိကာမျှ၊ သိသိကာမျှဖြစ်နေပါတယ်ခင်ဗျား။ စာလိုကတော့ ရဟန္တာဖြစ်ပြီး ဝဋ္ဋုဂ်ပေက္ခာဂုဏ်နဲ့ပြည့်စုံနေတယ်ပေါ့ ခင်ဗျား။ ထိုသဲအင်းဂူဆရာတော် ဘုရားဟာ အဲဒီလို မိမိကျင့်လို့အသိထူးများကို တပည့် ယောဂီများသည်လဲ ငါကဲ့သို့သိပါစေဆိုတဲ့ မေတ္တာနဲ့မိမိကျင့်ကြံအားထုတ်တဲ့ လက်တွေ့ပွဲတွေ့ကျင့်စဉ်များကို ဟောကြားသင်ပြပေးနေခြင်းဖြစ်ပါတယ်။ အဲဒါ ကြောင့် ညောင်တုန်းမြို့က ဓမ္မာစရိယ၊ ဓမ္မကထိက၊ သုဓမ္မဆရာတော်ရဲ့ ပြောဟောချက်နဲ့ သဲအင်းဂူဆရာတော်ရဲ့ ပြောဟောသင်ပြချက်များကို ချိန်ခွင်မှာထည့်ပြီး ချိန်တွယ်ကြည့်ခဲ့ရင်၊ အမှန်တရားကို သိနိုင်မယ်လို့ ပြောဆိုလိုက်ခြင်းဖြစ်ပါတယ် ခင်ဗျား။

www.dhammaransi.com



မိတ်ဆွေ - အင်း - ကောင်းလှပါတယ် ခင်ဗျာ ဆက်စမ်းပါအုံးကိုယ့်ဆရာ။
မိုးကြိုး - ဒီလောက်ကြိုးစားပန်းစား ဖြေကြားခြင်းကို ကောင်းပါတယ် ဆိုရုံလောက်နဲ့တော့ မကျေနပ်ဘူး ခင်ဗျား။

"သူမတို့လေမှ၊ သူတို့လျှင်၊ အလွန်မြည်တဲ့၊ မြို့ရွှေလည်၊ ရွှေစည်ကြီးပါကွဲ၊ တီးသမျှဖိန့်ဖိန့်တုန်" ဆိုတဲ့ မန်လည်ဆရာတော် ဘုရားရဲ့ လင်္ကာလေးကို ရွတ်ပြီး ချီးကျူးလိုက်ရင် မိတ်ဆွေကို အထူး ကျေးဇူးတင်မည်ဖြစ်ပါတယ်။ ဒါထက် ယနေ့အဘို့တော့ ဒီဒင်ဘဲရပ်နား လိုက်ကြအုံးစို့ရဲ့၊ နောက်တပတ်ကြမှဘဲ "ရဟန်းတို့ အာနာပါနသတိကို ပွားများသည်ရှိသော် သတိပဋ္ဌာန်လေးပါး ဖော်ရှုင်စုနစ်ပါးနဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ပြည့်စေကုန်၏" လို့ ဘုရားဟောတော်မူတဲ့ ဥပရိပဏ္ဏာသ ပါဠိတော်၊ အာနာပါနသုတ်ကို အထူးသဖြင့် ညောင်တုန်းက ဓမ္မာစရိယ ဆရာတော်သတိရစေခြင်း အကျိုးငှာတင်ပြပါ မယ် ခင်ဗျား။

## အာနာပါနသတိသုတ်

မိုးကြိုး - မိတ်ဆွေရောက်လာပြီးလား။ ထိုင်ပါ ထိုင်ပါ။ ယနေ့တော့ ကျွန်တော်ကဘဲ စတင်ပြီး၊ ဘုရားဟောဥပရိပဏ္ဏာသပါဠိတော် အနုပဒဝဂ် အာနာပါနသတိသုတ်ရဲ့ လိုရင်းအကျဉ်းချုပ်ကို တင်ပြပါမယ်။ အာနာပါန ကမ္မဋ္ဌာန်းဟာ ညောင်တုန်းမြို့က ဓမ္မာစရိယဆရာတော်ပြောသလို ရောမ သမထကြီးလား၊ သို့တည်းမဟုတ် ရောမဝိပဿနာကြီးလားဆိုတာကိုမိတ်ဆွေရဲ့ ဉာဏ်နဲ့ ဆုံးဖြတ်ပေါ့။

အခါတပါး၌ မြတ်စွာဘုရားဟာ သာဝတ္ထိပြည်ဝိသာခါရဲ့ပြသာဒ် ဖြစ်တဲ့ ပုဗ္ဗာရုံကျောင်းမှာ များစွာကုန်သော အလွန့်အလွန် ထင်ရှားကုန် သော တပည့်မ - ထေရ်တို့နဲ့အတူ သီတင်းသုံးနေတော်မူပါတယ်။ ထိုအခါ မြတ်စွာဘုရားဟာ ရဟန်းတို့အား အနိဒေသနာကို ဟောကြားပါတယ်။

ရဟန်းတို့ ဤရဟန်းအပေါင်း၌ ထွက်သက်ဝင်သက်ကို အောက်မေ့မှု "အာနာပါနသတိ" ပွားများအားထုတ်မှုကို လုံ့လပြုကုန်သည်ဖြစ်၍ နေကုန်သော ရဟန်းတို့သည် ရှိကုန်၏။ ရဟန်းတို့ ထွက်သက် ဝင်သက်ကို အောက်မေ့မှု "အာနာပါနသတိ" ကို ပွားများလေ့လာသည်ရှိသော် များသောအကျိုးရင်း၊ အကျိုးဆက်ရှိ၏။ ရဟန်းတို့ အာနာပါန သတိကို ပွားများ လေ့လာသည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေကုန်၏။

www.dhammaransi.com



သတိပဋ္ဌာန်လေးပါးတို့ကို ပွားများလေ့လာကုန်သည်ရှိသော် ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပြည့်စေကုန်၏။

ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွားများလေ့လာသည်ရှိသော် အရဟတ္တ မဂ်၊ အရဟတ္တဖိုလ်ကိုပြည့်စေကုန်၏။

ရဟန်းတို့ အာနာပါနသာတိကို အဘယ်သို့ ပွားများလေ့လာသည် ရှိသော် များစွာသော အကျိုးရင်း အကျိုးဆက်ရှိသနည်း။ ရဟန်းတို့ ရဟန်း သည် တောသို့ကပ်သည်ဖြစ်၍ရင်း၊ သစ်ပင်ရင်းသို့ ကပ်သည် ဖြစ်၍ရင်း၊ ဆိတ်ငြိမ်ရာသို့ကပ်သည်ဖြစ်၍ရင်း၊ တင်ပလ္လင်ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကိုဖြစ်စေ၍ ထိုင်နေ ၏။ ထိုရဟန်း သည် သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင် ထွက်သက်ကိုဖြစ်စေ၏။ သတိ နှင့် ပြည့်စုံသည်ဖြစ်၍သာလျှင် ဝင်သက်ကို ဖြစ်စေ၏စသည်ဖြင့် ဟောကြား ပါတယ်။ ထို့နောက် ဆက်လက်၍-

(၁) ရဟန်းသည် (က)ကိလေသာကို ပူပန်စေတတ်သော လုံ့လ၊ (ခ)ဆင်ခြင်တတ်သောပညာ၊ (ဂ)အောက်မေ့တတ်သော သတိရှိသည် ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသော လောက၌၊ (ဃ)အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်ပြီးလျှင် ပထဝီစသော ဓါတ်လေးပါးအပေါင်း "ကာယ" ၌ ဝါယောဓါတ်ဟူသော အစိတ် "ကာယ" ကို အဖန်ဖန်လေ့ရှုသည်ဖြစ်၍ နေ၏။ ရဟန်းကို ထွက်သက် ဝင်သက်တို့ကို ပထဝီဓါတ်တော်စသော ဓါတ် လေးပါးတို့တွင် တပါးအပါအဝင်ဖြစ်သော ဝါယောဓါတ် ဟူသော ကာယဟူ၍ ငါဟော၏စသည်တို့ပင်ဖြစ်ပါတယ်။
(မှတ်ချက် - ဤနည်းနဲ့ ပွားများလေ့လာခြင်းဟာ ကာယာန ပဿနာ သတိပဋ္ဌာန်ဖြစ်ပါတယ်၊ မိုးကြိုး)

(၂) ရဟန်းသည် သုခဝေဒနာစသော အပေါင်းဝေဒနာတို့၌ သုခ ဝေဒနာဟူသောအစိတ်ဝေဒနာကိုအဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရဟန်းတို့ ထွက်သက်ဝင်သက်တို့ကို ကောင်းစွာနှလုံး သွင်းခြင်းကို သုခဝေဒနာစသော ဝေဒနာသုံးပါးတို့တွင် တပါး အပါအဝင်ဖြစ်သော သုခဝေဒနာဟူ၍ ငါဟော၏စသည်ပင် ဖြစ်ပါတယ်။
(မှတ်ချက် - ဤကဲ့သို့ပွားများ လေ့လာခြင်းဟာ ဝေဒနာ နုပဿနာသတိပဋ္ဌာန်ဖြစ်ပါတယ်၊ မိုးကြိုး)

(၃) ရဟန်းသည် "စိတ်ကို ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့"

www.dhammaransi.com



"စိတ်ကို ထင်စွာသိလျက်၊ ဝင်သက်ကို ဖြစ်စေအံ့" ဟု ကျင့်၏။ "စိတ်ကို အလွန်ဝမ်းမြောက်စေလျက်၊ ထွက်သက်ကို ဖြစ်စေအံ့" "စိတ်ကို အလွန်ဝမ်းမြောက်စေလျက်၊ ဝင်သက်ကို ဖြစ်စေအံ့" ဟု ကျင့်၏။ "စိတ်ကို ကိလေသာမှ လွတ်စေလျက် ဝင်သက် ထွက်သက် ကို ဖြစ်စေအံ့" ဟု ကျင့်၏။ ထိုအခါ၌ ရဟန်းသည် စိတ်၌စိတ်ကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍နေ၏ စသည်ဖြင့်ဖြစ်ပါတယ်။

(မှတ်ချက် - ဤကဲ့သို့ပွားများလေ့လာခြင်းဟာ စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြစ်ပါတယ်။ မိုးကြိုး)

(၄) ရဟန်းသည်အဘိဇ္ဈာဒေါမနဿတို့ကို ပယ်ခြင်းကိုဝိပဿနာပညာဖြင့် မြင်၍၊ ကောင်းစွာ လျစ်လျူရှုခြင်းရှိ၏။ ရဟန်းတို့ ထို့ကြောင့်၊ ထိုအခါ၌၊ ရဟန်းသည် တရားတို့၌၊ တရားကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍နေ၏။

(မှတ်ချက် - ဤကဲ့သို့ ပွားများလေ့လာခြင်းဟာ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်ပါတယ်။ မိုးကြိုး)

ရဟန်းတို့ ဤသို့ပွားများလေ့လာထားသော အာနာပါနသတိ သည် သတိပဋ္ဌာန်လေးပါးကို ပြည့်စေ၏ဟူ၍ပင်ဖြစ်ပါတယ်။ အကျယ်ကို သိလိုလျှင် မူရင်းသုတ်ကို ဖတ်ရှုပါ ခင်ဗျား။

မိတ်ဆွေ - စာရှာတဲ့ နေရာမှာတော့ သတင်းစာဆရာပီသပါပေတယ်။ ယခု ဦးမိုးကြိုးတင်ပြသွားတဲ့ ဘုရားဟောဒေသနာအရဆိုရင် အာနာပါနဟာ သမထကြီးပါ ဝိပဿနာမဟုတ်ပါဘူးလို့ပြောခဲ့ရင် ဓမ္မန္တရာယ် ဖြစ်မယ်ပေါ့နော်။

မိုးကြိုး - ဓမ္မအန္တရာယ်ဖြစ်တယ်မဖြစ်ဘူးဆိုတဲ့ ပြဿနာကို ဘေးချိတ် ထားပြီး အာနာပါနဟာ သမထဖြစ်တယ်ဆိုရင် အာနာပါန သမထစျာန်ရအောင် ဘယ်လိုရှုရှုကိရတယ်ဆိုတာကို သိသလား။ ကိုယ်တိုင်အားထုတ် ကြည့်ဘူးသလားဆိုတာကို မေးကြည့်ဘို့ကောင်းပါတယ်။

မိတ်ဆွေ - "ရှုးရဲ ရှူးရဲ အထူးဘဲ တာရှည်စွန်းလွန်းထေရ်ဘုန်း၊ နေတန္ခန်းပမာညီ" လို့ စပ်ဆိုတဲ့ ခမုံဆရာတော်ရဲ့ လင်္ကာထဲကလို မွေးဖွားစအချိန်ကစပြီး အသက်ရှုလာခဲ့တဲ့အတိုင်း ရှုရှုိက်ခဲ့ရင် အာနာပါန ဈာန်သမာဓိကိုရမှာပေါ့ ဘာများခက်ခဲစရာရှိလို့ပါလဲ ခင်ဗျာ။

မိုးကြိုး - ခက်ခဲစရာမရှိဘူးထင်ရင် စမ်းလုပ်ကြည့်ပေါ့။ စမ်းကြည့်ရင် ခက်တယ်မခက်ဘူးဆိုတာ လက်တွေ့သိရမှာပေါ့။

ဘယ်အရေးဘယ်ကိစ္စမျိုးမှာမဆို "ဆရာမပြရင် နည်းမကျဘူး"

www.dhammaransi.com



လို့ဆိုတယ် မဟုတ်လား။ အသက်ရှူရှိုက်နည်းဟာ အာနာပါနရှာန် သမာဓိကိုရဘို့အတွက်ဖြစ်ခဲ့ရင် မိတ်ဆွေထင်သလောက် မလွယ်ဘူး ခင်ဗျာ။ ဒါကြောင့် မြတ်စွာဘုရားရှင်က ညီတော်အာနန္ဒာကို ချစ်သား ဆရာကောင်းကို အမှီရရှိသူဟာ သင်ပြောသကဲ့သို့ ထက်ဝက်ကိုသာ ပြီးစေနိုင်သည်မဟုတ် အကျင့်မြတ်အလုံးစုံကိုပင် ထက်ဝက်ကိုသာ ပြီးစေ နိုင်သည်မဟုတ် အကျင့်မြတ်အလုံးစုံကိုပင် ပြီးစေနိုင်တယ်လို့ မဂ္ဂသံယုတ် ဥပမာသုတ်မှာဆို ဆုံးမတယ် မဟုတ်ပါလား။

ဒီပြဿနာမှာ မိတ်ဆွေက ကိုယ့်ဟာကိုယ်လုပ်လို့ အာနာပါန ရှာန် သမာဓိကို ရလိမ့်မယ်ထင်ရင် ကိုယ်တိုင်စမ်းကြည့်ပေါ့။ တလကိုး သတင်းစမ်းကြည့်လို့မဖြစ်ဘူးဆိုရင် ကျွန်တော့်လာပြောပေါ့။

ဒီနေရာမှာ ရှာန်ဆိုတာ ဥပစာရရဲ့ အပ္ပနာရှာန်ကို ပင်မပြောလို သေးပါဘူး။ ဒုက္ခဝေဒနာကို သည်းခံနိုင်တဲ့ ဝေဒနာသမာဓိရှာန်လောက်ကိုဘဲ ပြောလိုပါသေးတယ်။ မိတ်ဆွေဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အာနာ ပါနကမ္မဋ္ဌာန်းကိုအားထုတ်လို့ညောင်းညာကိုက်ခဲတဲ့ဝေဒနာများပေါ်လာတဲ့အခါ ဣရိယာပုတ်ကို မပြုမပြင် မပြောင်းမလဲဘဲ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီအထိ ဝေဒနာကို ဒေါမနဿမဖြစ်တဲ့ ဥပေက္ခာရှုနိုင်တယ် ဆိုရင် မိတ်ဆွေရဲ့အာနာပါန အားထုတ်နည်းဟာ မှန်ပြီလို့ဆုံးဖြတ် နိုင်ပါတယ်။

မိတ်ဆွေ - ဒီလိုဆိုရင်တော့ ကျွန်တော်ရဲ့နည်းဟာနေရာတကျ မဖြစ်သေးဘူး လို့ ဝန်ခံရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ သဲအင်းဂူ ဆရာတော်နည်းကို "ဆရာမပြနည်းမကျ" ဆိုတာလို နည်းမှန်လမ်းမှန် မကျ တဲ့အတွက် ယခုအားထုတ်နေတာ တနှစ်ကျော်ပြီဖြစ်ပေမယ့် ဒုက္ခဝေဒနာကို လျစ်လျူမရှုနိုင်သေးပါဘူး။ ကျွန်တော်က ငါဟာစာပေတတ်သားဘဲ မိုးကြိုးဆိုတဲ့ စာမတတ်တဲ့ ငနဲ့ထံမှာ တပည့်မခံဘူးဆိုပြီး ခင်ဗျားမသိအောင် တိတ်တိတ်ကလေး ကျိတ်ပြီး အားထုတ်နေပါတယ်။ တနှစ်ကျော်လို့တောင် မဟန်သေးတဲ့အတွက် စိတ်ပျက်မိပါတယ် ခင်ဗျား။

မိုးကြိုး - ကျွန်တော်ဟာ သဲအင်းဂူဆရာတော်ထံမှာ အားထုတ်နေတာ နှစ်နှစ်ကျော်ပါပြီ။ ဆရာတော်ဟာ ကျွန်တော့်ကို အာနာပါနရှာန်သမာဓိ ထူထောင်နည်းကို ကျွန်တော်နဲ့တွေ့တဲ့အချိန်ကစပြီး သင်ကြားပေး ပါတယ်။ ဒါပေမယ့် ကျွန်တော်ဆိုတဲ့ ငနဲဟာက ကိုယ့်ကိုယ်ကို လူတတ် ကြီးထင်ပေမယ့် အမှန်ကလော့ တော်တော်တုံး၊ တော်တော်အတဲ့ လူပါ။ ဒါကြောင့်

www.dhammaransi.com



သဲအင်းဂူဆရာတော်ကိုယ်တိုင် သင်ကြားပေးတဲ့ အာနာပါနစျာန်သမာဓိထူထောင်နည်းကို တနစ်ခွဲလောက်ကြာတော့မှ ကောင်းစွာရိပ်မိသိရှိလာပါတယ်။ ထိုနည်းမှန်ကို ရရှိပြီးနောက် ကိုယ်တိုင်စမ်းသပ်အားထုတ်ပြီးလို့ စိတ်ကျေနပ်မှုရတဲ့အခါ နီးစပ်ရာမိတ်ဆွေသင်္ဂဟများကို စမ်းသပ်အားထုတ်ခိုင်းပါတယ်။ ဒီလိုသင်ပြပေးလို့ ကျွန်တော်ပြောတဲ့အတိုင်း အားထုတ်တဲ့လူဟာ တရားမှာ တရားလုံးဒုက္ခဝေဒနာကို အလွယ်နဲ့ကျော်နိုင်တဲ့ အာနာပါနစျာန်သမာဓိကို ရကြပါတယ်။ မရသူမရှိပါ။

မိတ်ဆွေ - ဒီလိုဆိုရင်တော့ ရှေ့မျက်နှာနောက်ထားပြီး ဦးမိုးကြိုးထံမှာဘဲ အာနာပါနစျာန်သမာဓိထူထောင်နည်းကို သင်ယူရတော့မှာဘဲ ကျွန်တော့်ကို ယနေ့ကစပြီး တပည့်အမှတ်နဲ့သင်ကြားပေးပါ ခင်ဗျာ။ တောင်းပန်ပါတယ်။

မိုးကြိုး - ဒီလိုဆိုရင်တော့ မိတ်ဆွေနဲ့ အိမ်နီးချင်းဖြစ်တဲ့ အကယ်ဒမီသုံးထပ်ကွမ်းရုပ်ရှင်မင်းသားဦးကျော်လုံးထံမှာဘဲ အချိန်အားတဲ့အခါ သွားပြီးအာနာပါနစျာန်သမာဓိ ထူထောင်နည်းကို သင်ယူပေါ့။

မိတ်ဆွေ - ဒီလိုဆိုရင် သာလို့ပင် ကောင်းပါတယ်။ ဦးကျော်လုံးဟာ သဲအင်းဂူကျင့်စဉ်နဲ့ အားထုတ်တာတော်တော် ခရီးရောက်နေပြီပေါ့။ ဝမ်းသာလိုက်တာ ခင်ဗျာ။ သူနဲ့ ကျွန်တော်ဟာ ခင်မင်ရင်းနှီးပါတယ်။ အိမ်နီးချင်းလဲဖြစ်ပါတယ်။ သူ့ဆီမှာဘဲ သွားပြီးအားထုတ်ပါမယ်။

www.dhammaransi.com



## စာနီကလေးတစောင်

မိတ်ဆွေ - ဦးမိုးကြိုးက "လာပြီ - လာပြီ စာနီနဲ့ ဂျာမနီက မုန့်ဖက်ထုပ်" လို့ ပြောနေတာကို ကျွန်တော်သဘောမပေါက်ခဲ့ပါဘူး။ ဒါပေမယ့် တနေ့ကတော့ မိတ်ဆွေတဦးက "ညောင်တုန်းမြို့နယ်လုံး ဆိုင်ရာ သုဓမ္မသံဃ အဖွဲ့ချုပ်ကြီး၏ ကြော်ငြာချက်" ခေါင်းစဉ်နဲ့ လက်တဝါးလောက်ရှိတဲ့ စာနီကလေး တစောင်ကိုပြတော့မှာ ဦးမိုးကြိုး ပြောနေတာဒါဘဲကိုလို့ သဘောပေါက်သွားပါတယ်။ ထိုစာထဲမှာ -

"မြို့နယ်အတွင်း မှီတင်းနေထိုင်ကြကုန်သော ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကြားသိစေအပ်ပါသည်။

မော်ဘီမြို့ နောကုန်းရွာ၊ သဲအင်းဂူဘုန်းကြီးသည် မနစ် (၁၃၃၀)ခုက ညောင်တုန်းမြို့သို့ လာရောက်၍ တရားဟောကြားရာတွင် ၎င်းသဲအင်းဂူ ဘုန်းကြီးဟောကြားသော တရားများသည် ဘုရားဟော ပရိယတ္တိဒေသနာနှင့် မကိုက်ညီသဖြင့် သံဃာတော် များက လက်မခံကြကြောင်း" ဟူ၍ ပါရှိပါတယ်။ ၎င်းစာနီကလေးကို ၁၉၇၀ - ခုနှစ်၊ ဇန်နဝါရီလဆန်းမှာ ဝေငှတယ်လို့ဆိုပါတယ်။ အနိုပြဿနာ နဲ့ပတ်သက်ပြီး ဦးမိုးကြိုးရဲ့ထင်မြင်ချက်ကို သိပါရစေ ခင်ဗျား။

မိုးကြိုး - ပြည်သူလူထုကြီးက ခေါင်းပေါ်မှာ တင်ပြီး ကိုးကွယ်ထားတဲ့ ညောင်တုန်းမြို့ သုဓမ္မာသံဃာတော်အချို့က ကောင်းတယ်ထင်လို့ လုပ်တာလုပ်ပေစေပေါ့။ ဒါပေမယ့် ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော် မြန်မာပြန်များထွက်ပေါ်နေတဲ့ အချိန်အခါမျိုးမှာ "သဲအင်းဂူဘုန်းကြီး ဟောကြားသော တရားများသည် ဘုရားဟောပရိယတ္တိဒေသနာနှင့် မကိုက်ညီဘူး" လို့ သိမ်းကြုံးပြီး ကိုယ်ထင်ရာကိုယ်ပြောလို့ရတဲ့ ခေတ် မဟုတ်ဘူးဆိုတာကိုတော့ ဆရာတော်ဘုရားများ သိရှိရပ်မိဖို့ကောင်းပါတယ်။

www.dhammaransi.com



အနီပြသနာနဲ့ပတ်သက်ပြီး ရှည်ရှည်လျားလျား ကျွန်တော် မဖြေကြားလိုပါ။ သို့ပေမယ့် စာဖတ်ပရိသတ်များ စဉ်းချိန်ဆနိုင်ဘို့ ဘုရားဟောအင်္ဂုတ္တိုရ် ပါဠိတော် ဧကာဒသကနိပါတ် ဂေါဂါလသုတ်ကို တင်ပြပါမယ်။ သာသနာ ထိန်းကျောင်းနိုင်မည့် ရဟန်းနဲ့ မထိန်းကျောင်းနိုင်မည့် ရဟန်းကို နွားကျောင်းသားအင်္ဂါ (၁၁)ရပ်နှင့် ဥပမာဟပ်၍ ပြခြင်းဖြစ်တဲ့ ရဟန်းကို ကျင့်အပ်သော အကျင့်ပြ။ နွားကျောင်းသား ဥပမာ ပြတရားဖြစ်ပါတယ် ခင်ဗျား။ ၎င်းကို အကျဉ်းတင်ပြပါမယ်။

## ဂေါပါလသုတ်

ရဟန်းတို့ အင်္ဂါတစ်ဆယ့်တစ်မျိုးတို့နှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းကို ဆောင်ရွက်ရန် တိုးပွားအောင်ပြုရန် မထိုက်၊ အဘယ်တစ်ဆယ့်တစ်မျိုးတို့နည်းဟူမူ နွားကျောင်းသားသည် (၁)ရုပ်ပုံ သဏ္ဌာန်ကို မသိ၊ (၂)လက္ခဏာ၌ မလိမ္မာ၊ (၃)ယင်းချေးဥကို မခွါတတ်၊ (၄)အနာကို မဖုံးလွှမ်းတယ်၊ (၅)မီးခိုးမတိုက်တတ်၊ (၆)ဆိပ်ကမ်း ကို မသိ၊ (၇)ရေသောက်ပြီး၊ မသောက်ရသေးကို မသိ၊ (၈)လမ်းခရီးကို မသိ၊ (၉)စားကျက်၌ မလိမ္မာ၊ (၁၀)အကြွင်းမဲ့ နို့ညှစ်လေ့ရှိ၏၊ (၁၁)နွား တို့၏အဖ နွားလားတို့ကို ပိုလွန်သော ပူဇော်ခြင်းဖြင့် မပူဇော်တတ်။ ဤ အင်္ဂါတဆယ့်တမျိုးနှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းကို ဆောင်ရွက်ရန် တိုးပွားအောင်ပြုရန် မထိုက်။

ရဟန်းတို့ ဤအတူပင် တရားတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဤဓမ္မဝိနယ သာသနာတော်၌ ကြီးပွားခြင်း စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ရောက်အောင် ပြုရန်မထိုက်၊ အဘယ်တဆယ့်တမျိုးတို့ နည်းဟူမူကား။

ရဟန်းတို့သာသနာတော်၌ရဟန်းသည်(၁)ရုပ်ကိုမသိ၊(၂)လက္ခဏာ၌ မလိမ္မာ၊ (၃)ယင်းချေးဥကို မခွာတတ်၊ (၄)အနာကို မဖုံးလွှမ်းတတ်၊ (၅)အခိုးကို မပြုတတ်၊ (၆)ဆိပ်ကမ်းကို မသိ၊ (၇)သောက် ရပြီးကို မသိ၊ (၈)လမ်းကို မသိ၊ (၉)စားကျက်၌ မလိမ္မာ၊ (၁၀)အကြွင်းမဲ့ ညှစ်လေ့ရှိ၏၊ (၁၁)သံဃာ၏ ရှေ့ဆောင်မထေရ်ရဟန်းတို့ကို ပိုလွန်၊ ပူဇော်ခြင်းဖြင့် မပူဇော်။

ထို့နောက် မြတ်စွာဘုရားသခင်က ထိုတဆယ့်တမျိုးတို့ရဲ့အဓိပ္ပါယ်ကို သိနားလည်စေရန် ထပ်မံရှင်းလင်းဟောကြားပါတယ်။

www.dhammaransi.com



(၁) အဘယ်သို့လျှင် ရဟန်းသည် ရုပ်ကို မသိသူဖြစ်သနည်း။ ဤသာသနာတော်၌ ရဟန်းသည် "မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို ဥပါဒါရုပ်" ဟူသော ရုပ်အားလုံးကို ဟုတ်တိုင်းမှန်စွာမသိ ဤသို့လျှင် ရဟန်းသည် ရုပ်ကို မသိသူဖြစ်၏။

(၂) ဤသာသနာတော်၌ ရဟန်းသည် "လူမိုက်သည် (အကုသိုလ်) ကံဟူသော လက္ခဏာရှိ၏၊ ပညာရှိသည် (ကုသိုလ်) ကံဟူသော လက္ခဏာရှိ၏။" ဟု ဟုတ်တိုင်းမှန်စွာမသိ။ ဤသို့လျှင် ရဟန်းသည် လက္ခဏာ၌မလိမ္မာသူဖြစ်၏။

(၃) ရဟန်းသည် "ဖြစ်ပေါ်လာသော ကာမအကြံအစည်ကာမ ဝိတက်" ကို လက်ခံထား၏ မပယ်စွန့်၊ ဖြစ်ပေါ်လာသော ဖျက်ဆီးလိုသော အကြံအစည် "ဗျာပါဒဝိတက်" ကိုရင်း ညှဉ်းဆဲလိုသော အကြံအစည် "ဝိဟိံသာဝိတက်" ကိုရင်း ဖြစ်တိုင်းသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို လက်ခံ ထား၏။ မပယ်စွန့်၊ ဤသို့လျှင် ရဟန်းသည် ယင်းချေးဥကို မခွာတတ်သူဖြစ်၏။

(၄) ရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်သော် မိန်းမ၊ ယောကျ်ားစသော အမှတ်နိမိတ်ကို စွဲယူလေ့ရှိ၏ ပြုံးဟန်ရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏။ ယင်းအကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍နေသော ထိုရဟန်းကို မက်မောမှု အဘိဇ္ဈာ နှလုံးမသာယာမှု ဒေါမနဿတို့သည် အစဉ်လိုက်ကုန်ရာ၏။ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှာ မကျင့်၊ နားဖြင့် အသံကို ကြားသော် နှာခေါင်းဖြင့် အနံ့ကို နမ်းသော်၊ လျှာဖြင့် အရသာကိုလျက်သော် ကိုယ်ဖြင့်အတွေ့ကို တွေ့ထိသော်။ စိတ်ဖြင့် သဘောကိုသိသော်၊ မိန်းမယောကျ်ားစသော အမှတ်နိမိတ်စွဲယူလေ့ရှိ၏။ ယင်းအကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို အဘိဇ္ဈာ၊ ဒေါမနဿတို့သည် အစဉ်လိုက်ကုန်၏။ ဤသို့လျှင် ရဟန်းသည် အနာကို မဖုံးလွှမ်းတတ်။

(၅) ရဟန်းသည် ကြားနာပြီး သင်ယူပြီးတိုင်သော တရားကို အကျယ် အားဖြင့် သူတပါးတို့အားမဟော ဤသို့လျှင် ထိုရဟန်းသည် အခိုးကို မပြုတတ်သူဖြစ်၏။

(၆) ရဟန်းသည်အကြားအမြင်များသော သုတ်၊ အဘိဓမ္မာကိုဆောင်သော

www.dhammaransi.com



ဝိနည်းကိုဆောင်သော ရဟန်းတို့အား ချဉ်းကပ်၍ မမေးတတ်၊ ထိုရဟန်းအားထိုအချင်တို့သည်မဖွင့်သေးသည်ကိုလည်းမဖွင့်ပြကုန် ယုံမှားမှု၏ တည်ရာအကြောင်းတရားတို့၌ ယုံမှားမှုကို မပယ် ဖျောက်ကုန်။ ဤသို့လျှင် ရဟန်းသည် ဆိပ်ကမ်းကို မသိ။

(၇) ရဟန်းသည် သုတ်အဘိဓမ္မာဝိနည်းကို ဟောလတ်သော် အနက်ကို သိနားလည်မှုမရ။ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို မရ။ ဤသို့လျှင် ရဟန်းသည် သောက်ပြီးကို မသိ။

(၈) ရဟန်းသည် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို ဟုတ်တိုင်းမှန်စွာ မသိ။ ဤသို့လျှင် ရဟန်းသည် လမ်းကို မသိ။

(၉) ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာမသိ။ ဤသို့လျှင် ရဟန်းသည် စားကျက်၌ မလိမ္မာသူဖြစ်၏။

(၁၀) ရဟန်းအား ယုံကြည်မှု သဒ္ဓါရှိကုန်သော ဒါယကာတို့သည် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး အသုံးအဆောင်တို့ဖြင့် ရေးရှုဆောင်၍ ဖိတ်ကုန်၏။ ထိုဖိတ်ရာ၌ ရဟန်းသည် ခံယူရန် အတိုင်းအရှည်ကို မသိ။ ဤသို့လျှင် ရဟန်းသည် အကြွင်းမဲ့ ညှစ်လေ့ရှိသူဖြစ်၏။

(၁၁) ရဟန်းသည် သံဃာရှေ့ဆောင် မထေရ်ရဟန်းတို့၌ မျက်မှောက် မျက်ကွယ်တို့၌ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာကို ရေးရှုမတည်စေ။ ဤသို့လျှင် ရဟန်းသည် သံဃာ့ရှေ့ဆောင် မထေရ်ရဟန်းတို့ကိုပိုလွန်သောပူဇော်ခြင်းဖြင့်မပူဇော်တတ်သူဖြစ်၏။

ရဟန်းတို့ ဤတရားတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဤဓမ္မဝိနယသာသနာတော်၌ ကြီးပွားခြင်း ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်။

ထို့နောက် မြတ်စွာဘုရားက တရားတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ပြန့်ပြောခြင်းကို ရောက်ရန် ထိုက်၏။ အဘယ်တဆယ့်တမျိုးတို့ နည်းဟူမူ -

ရဟန်းသည် ရုပ်ကို သိ၏။ လက္ခဏာ၌ လိမ္မာ၏။ ယင်းချေးဥကို ခွာတတ်၏။ အနာကို ဖုံးလွှမ်းတတ်၏။ အခိုးထုတ်တတ်၏။ ဆိပ်ကမ်းကို သိ၏။ သောက်ရပြီးကို သိ၏။ လမ်းကို သိ၏။ စားကျက်၌ လိမ္မာ၏ ချွန်းချင်၍ နို့ညှစ်လေ့ ရှိ၏။ သံဃာ့ရှေ့ဆောင်မထေရ်ရဟန်းတို့ကို ပိုလွန်သော ပူဇော်ခြင်းဖြင့် ပူဇော် တတ်၏။

ထိုတရားတစ်ဆယ့်တစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည်

www.dhammaransi.com



သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်၏ဟု မိန့်တော်မူပါတယ် ခင်ဗျား။ အနိုဒုတိယတဆယ့်တစ်မျိုးကတော့ ပထမ တဆယ့်တစ်မျိုးတို့ရဲ့ဆန့်ကျင်ဘက်တရားများ ဖြစ်ပါတယ်။

မိတ်ဆွေ - ဒီလို ဘုရားဟောဒေသနာတွေ အခိုင်အမာရှိပါလျှက်နဲ့ သဲအင်းဂူတရားဟောဘုရားဟောနဲ့မကိုက်ဘူး ပြောတာက ဘာသဘော လဲဗျ။

မိုးကြိုး - ဘာသဘောရမှာလဲ ပြောချင်လို့ ပြောတဲ့ သဘောပေ့ါ။ ဘုရား အလိုတော်ကျ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များကို အဖတ်သမား၊ အဟောသမား၊ အရွတ်သမား၊ အကြံသမားများဟာ မသိနိုင်ဘူး။ အရေး သမားများကိုလဲ ထည့်ယူရမှာပေ့ါလေ။ အမှန်ကတော့ အကျင့်သမား သာမှချသိနိုင်တယ်လို့ မြတ်စွာဘုရားအထင်အရှားဟောထားတာကို လေးစားယုံကြည်ပြီး ကျင့်ကြည့်ရင် အမှားအမှန်ကို ကောန်သိမည်ဖြစ်ပါ တယ်။ မကျင့်ဘဲနဲ့ ပြောနေခြင်းမျိုးကတော့ အဆံမပါတဲ့ သကြံန်အမြောက် မျိုးသာဖြစ်မှာပေ့ါ။

## အသုဘာနုပဿီသုတ်

အာနာပါန ကမ္မဋ္ဌာန်းနဲ့ အသုဘကမ္မဋ္ဌာန်းနှစ်ခုကို ပူးတွဲပြီး ကျင့်ကြံအားထုတ်ခြင်း ကျင့်စဉ်နဲ့ အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြောင်း၊ ဘုရားဟောဒေသနာတခုရှိတယ်လို့မိတ်ဆွေတစ်ဦးက ပြောပြလို့အနီသုတ်ကို ကျွန်တော်ရှာပါတယ်။ မတွေ့ပါ။ ဦးမိုးကြိုးတွေ့ဘူးရင် အဲဒီသုတ်ကို တင်ပြစေချင်ပါတယ်။

မိုးကြိုး - အနီသုတ်ကို ခင်ဗျားသိချင်တယ်ဆိုရင် တင်ပြပါမယ်။ ဣတိဝုတ် ပါဠိတော် (မြန်မာပြန်) တတိယနိပါတ်အသုဘာနုပဿီသုတ်ဖြစ်ပါတယ်။

ရဟန်းတို့ (၁)ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှုလျက် နေကြကုန်လော့၊ (၂)အာနာပါနဿတိသည်လည်း သင်တို့၏ ကမ္မဋ္ဌာန်း အာရုံ၌ ရှေးရှုတည်စေကြကုန်လော့၊ (၃)အလုံးစုံသော သင်္ခါရတရားတို့၌ အနိစ္စဟု ရှုလျက်နေကြကုန်လော့။

(၁) ရဟန်းတို့ ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှေးရှုလျက် နေကြကုန်သော သူတို့အား တင့်တယ်သည့် အဖြစ်ဟူသော သုဘဓါတ်ကြောင့် ရာဂကိန်းဝပ်မှု ရာဂါနုသယသည် ကင်းပျောက်၏။

(၂) အာနာပါနဿတိ၏ ကမ္မဋ္ဌာန်းအာရုံ၌ ရှေးရှုတည်မှုကြောင့်

www.dhammaransi.com



ဝိနည်းကိုဆောင်သော ရဟန်းတို့အား ချဉ်းကပ်၍ မမေးတတ်၊ ထိုရဟန်းအားထိုအသျှင်တို့သည်မဖွင့်သေးသည်ကိုလည်းမဖွင့်ပြကုန် ယုံမှားမှု၏ တည်ရာအကြောင်းတရားတို့၌ ယုံမှားမှုကို မပယ် ဖျောက်ကုန်။ ဤသို့လျှင် ရဟန်းသည် ဆိပ်ကမ်းကို မသိ။

(၇) ရဟန်းသည် သုတ်အဘိဓမ္မာဝိနည်းကို ဟောလတ်သော် အနက်ကို သိနားလည်မှုမရ။ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို မရ။ ဤသို့လျှင် ရဟန်းသည် သောက်ပြီးကို မသိ။

(၈) ရဟန်းသည် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို ဟုတ်တိုင်းမှန်စွာ မသိ။ ဤသို့လျှင် ရဟန်းသည် လမ်းကို မသိ။

(၉) ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာမသိ။ ဤသို့လျှင် ရဟန်းသည် စားကျက်၌ မလိမ္မာသူဖြစ်၏။

(၁၀) ရဟန်းအား ယုံကြည်မှု သဒ္ဓါရှိကုန်သော ဒါယကာတို့သည် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး အသုံးအဆောင်တို့ဖြင့် ရှေးရှုဆောင်၍ ဖိတ်ကုန်၏။ ထိုဖိတ်ရာ၌ ရဟန်းသည် ခံယူရန် အတိုင်းအရှည်ကို မသိ။ ဤသို့လျှင် ရဟန်းသည် အကြွင်းမဲ့ ညှစ်လေ့ရှိသူဖြစ်၏။

(၁၁) ရဟန်းသည် သံဃာရှေ့ဆောင် မထေရ်ရဟန်းတို့၌ မျက်မှောက် မျက်ကွယ်တို့၌ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာကို ရှေးရှုမတည်စေ။ ဤသို့လျှင် ရဟန်းသည် သံဃာ့ရှေ့ဆောင် မထေရ်ရဟန်းတို့ကိုပိုလွန်သောပူဇော်ခြင်းဖြင့် မပူဇော်တတ်သူဖြစ်၏။

ရဟန်းတို့ ဤတရားတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဤဓမ္မဝိနယသာသနာတော်၌ ကြီးပွားခြင်း ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်။

ထို့နောက် မြတ်စွာဘုရားက တရားတဆယ့်တမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ပြန့်ပြောခြင်းကို ရောက်ရန် ထိုက်၏။ အဘယ်တဆယ့်တမျိုးတို့ နည်းဟူမူ -

ရဟန်းသည် ရုပ်ကို သိ၏။ လက္ခဏာ၌ လိမ္မာ၏။ ယင်းချေးဥကို ခွာတတ်၏။ အနာကို ဖုံးလွှမ်းတတ်၏။ အခိုးထုတ်တတ်၏။ ဆိပ်ကမ်းကို သိ၏။ သောက်ရပြီးကို သိ၏။ လမ်းကို သိ၏။ စားကျက်၌ လိမ္မာ၏ ချွန်းချင်၍ နို့ညှစ်လေ့ ရှိ၏။ သံဃာ့ရှေ့ဆောင်မထေရ်ရဟန်းတို့ကို ပိုလွန်သော ပူဇော်ခြင်းဖြင့် ပူဇော် တတ်၏။

ထိုတရားတစ်ဆယ့်တစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည်

www.dhammaransi.com



ရေကြည်ကြည်ရေအိုင်ထဲမှာ ဖားသူငယ်ကလေးဟာ မတုန်လှုပ်ဘဲငြိမ်သက်စွာ ဝပ်ပြီး ချမ်းသာနေသလို တရားယောဂီဟာ ဒုက္ခဝေဒနာ တွေ ခံစားရရာက ဒုက္ခဝေဒနာတွေ ချုပ်ဆုံးသွားလို့ သုခချမ်းသာကို စိတ်ကလေး ခံစားနေတယ်လို့ ဥပမာပေးပြီး ဟောပြောလေ့ရှိပါတယ်။ အဲဒါ ဝေဒနာနုပဿနာ သတိပဋ္ဌာန်က စိတ္တာနုပဿနာသတိပဋ္ဌာန်သို့ သူ့အလိုလို ကူးပြောင်းသွားခြင်းမဟုတ်ပါလား။

ထို့နောက် ဒုက္ခဝေဒနာတွေဟာ တဖန်ပြန်ပြီး ပေါ်လာကြပြန် ပါတယ်။ နာကျင်တဲ့ ဝေဒနာပျောက်ပြီး ကိုက်ခဲတဲ့ ဝေဒနာရောက်လာ ပါတယ်။ အဲဒီလို ဒုက္ခဝေဒနာတွေဟာ တခုပေါ်လာလိုက် ချုပ်ပျောက် သွားလိုက်၊ နောက်တခုပေါ်လာလိုက် ချုပ်ပျောက်သွားလိုက်နဲ့ ကရွတ် ကင်းရှောက်ဖြစ်နေ ဖန်များလာတဲ့အခါ ယောဂီပုဂ္ဂိုလ်ဟာ ဆင်ခြင်တယ် အော် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓါတ်ကြီးလေးပါးဟာ ထာဝစဉ်ပြောင်းလဲ ဖောက်ပြန် နေကြပါကလား။ ဒီလိုဓါတ်ကြီးလေးပါး ဖောက်ပြန်ပြောင်းလဲခြင်းကို စိတ်ကလေးဟာ သူ့သဘောသူဆောင်ပြီး ဖြစ်ပျက်နေကြပါလားလို့ ဓမ္မသဘောကို ဆင်ခြင်ပါတယ်။ အဲဒီလို ဆင်ခြင်တာဟာ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဘဲ မဟုတ်ပါလား။ သတိပဋ္ဌာန်လေးပါးဟာဖြင့် သူ့သဘောနဲ့ သူပြောင်းလဲသွားတာကို ယောဂီဟာ အံ့ဝင်ဂွင်ကျလိုက်လိုက်ပြီး သိမြင် ရှုပွားနေရာက အချိန်ကျ ရောက်တဲ့အခါ -

(၁) ရုပ် - နာမ်ကို အနိစ္စအားဖြင့် ရှုမြင်တဲ့ယောဂီဟာ "ငါးပါးသော ခန္ဓာတို့ကို မမြဲဟု ရှုသည်ရှိသော် အနုလောမခန္တီဉာဏ်ကို ရ၏။ ငါးပါးသော ခန္ဓာ၏တို့ချုပ်ခြင်းသည် မြဲသော နိဗ္ဗာန် တည်း။ ဤသို့မြင်သည်ရှိသော မဂ်သို့ဝင်၏" ဆိုတဲ့ ပဋိသမ္ဘိဒါမဂ်ပဋ္ဌိတော် ပညာဝဂ်လာ ဝိပဿနာကထာအရ -
မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့ဟာ အစဉ်အတိုင်း ပေါ်လာပြီး ထိုယောဂီပုဂ္ဂိုလ်ဟာ သောတာပတ္တိမဂ်ရတဲ့ အရိယာကြီး ဖြစ်သွားပါတယ်။

(၂) ရုပ် - နာမ်ကို ဒုက္ခအားဖြင့် ရှုမြင်တဲ့ ယောဂီပုဂ္ဂိုလ်ကတော့ ငါးပါးသော ခန္ဓာတို့ကို ဆင်းရဲဟု ရှုသည်ရှိသော် အနုလော မခန္တီဉာဏ်ကိုရ၏ ငါးပါးသော ခန္ဓာတို့၏ ချုပ်ခြင်းသည် ချမ်းသာသော နိဗ္ဗာန်တည်း။ ဤသို့မြင်သည်ရှိသော် မဂ်သို့သက်ဝင်၏ဟူသော အတိုင်းရင်း။

(၃) ရုပ် - နာမ်ကို အနတ္တအားဖြင့် ရှုမြင်တဲ့ယောဂီဟာ ငါးပါးသော ခန္ဓာတို့၏

www.dhammaransi.com



ချုပ်ခြင်းသည် ပရမတ္ထဖြစ်သော နိဗ္ဗာန်တည်း ဤသို့မြင်သည်ရှိသော် မဂ်သို့သက်ဝင်၏ဟူသော အတိုင်းရင်း။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်များကို အဆင့်ဆင့် ရရှိကာ သောတာပန်ကြီးဖြစ်သွားပါတယ်။

## အထက်မဂ်များကို ရရန်

ထိုသောတာပန်ကြီးကို အထက်မဂ်သုံးပါးရရှိဘို့အတွက် သဲအင်းဂူဆရာတော်ဘုရားဟာ အသုဘကမ္မဋ္ဌာန်းကို ရှုပွားခိုင်းပါတယ်။ ဒီလိုရှုပွားတဲ့အခါ (၁)ဒုတိယမဂ်နဲ့ သုခဝေဒနာကို ပယ်သတ်လိုက်ပါတယ်၊ (၂)တတိယမဂ်နဲ့ ဒုက္ခဝေဒနာကို ပယ်သတ်လိုက်ပါတယ်၊ (၃)စတုတ္ထမဂ်နဲ့ ကျန်နေသေးတဲ့ ဥပေက္ခာဝေဒနာကို ပယ်သတ်လိုက်ပါတယ်။

အဲဒီလို ဘုရားဟောဒေသနာနဲ့ကိုက်ညီတဲ့ မိမိခန္ဓာကိုယ်တွေ့အကျင့်ကို ဟောပြောသင်ကြားပေးနေတဲ့အတွက် သဲအင်းဂူဆရာတော်ဘုရားရဲ့တပည့်ယောဂီအရေအတွက်ဟာ တနေ့တခြား ဒီရေအလားကဲ့သို့ တိုးပွားများပြားနေခြင်းဖြစ်ပါတယ် ခင်ဗျား။

မိတ်ဆွေ - တင်ပြပုံကတော့ ရှင်းလင်းပြတ်သားလှပါပေတယ်။ ဒါထက် ခင်ဗျားလို ဘာသာပြန်ကလေးဘာလေးကို ဖတ်ပြီး အဖတ်သမား၊ အရေးသမား လူတွင်ကျယ်လုပ်သူများ သတိထားဘို့ကျေးဇူးရှင်လယ်တီ ဆရာတော်ဘုရား ရေးသားအပ်တဲ့ တေးထပ်ကလေးကို တင်ပြပါမယ်။ မုံရွာမြို့အနီး ဆားတုန်းရွာနေ တပည့်မောင်ရောင်နီသို့ရေးပေးသော ပိဋကတ်အစွယ်ချိုး တေးထပ်ဖြစ်တယ်လို့ဆိုပါတယ် ခင်ဗျား။

## ပိဋကတ်အစွယ်ချိုးတေးထပ်

တပိုင်းကြောင့် ကျက်စာရရုံနှင့် ခက်ပါလှ သဘောဉာဏ်၊ တက်မာနအပြောသန်တယ် ဒေါသမာန်ထူပွား၊ စောဒကတုဘက်လာလျှင် သူ့ထက်ငါ ငြင်းတဲ့လူစား၊ ဘုရားဟောမြတ်ဓမ္မခန်ကို တက်လေဟန်ယောင် ဝါးပရမတ်ပြန် အကြောင်းသမားတွေတို့ ထောင်လွှားကြ သူ့ထက်ငါ အသိဉာဏ်တထွာလောက်ကယ်နှင့် ညှာမထောက်ဟောတတ်လှပါ၊ ပရိသတ် ထောမနာအောင် စောမနာဉာဏ်အကောက်တွေနှင့် ကန်အကျောက် အတင်းမရှောင် ငြင်းတဲ့လူ့ဘောင် ပိဋကတ်အစွယ်ထောင်လျှင် အပါယ်

www.dhammaransi.com



ဘောင်ဆင်းရလိမ့်လေးဟူ၍ပင်ဖြစ်ပါတယ် ခင်ဗျား။
မိုးကြိုး - ကောင်းပါပေတယ်ဗျာ။ ကျွန်တော့်လိုလူစား အထူးသတိပြုထားဘို့ ကောင်းပါတယ်။ ဒါထက် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားက မိတ်ဆွေတို့လို တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်သော ဆရာတော်ရဲ့ တပည့်မောင်သြဇာကို ဆိုဆုံးမတဲ့ သတိသံဝေဂ တေးထပ်ကလေးကိုလဲ နားထောင်ပါအုံးပေါ့ဗျာ။ ကျွန်တော်ရွတ်ပြပါအုံးမယ်။

## သံဝေဂတေးထပ်

ငါးအာရုံ အင်အစု ခင်မင်မှုနှင့် နေ့ကုန်၊ နင်ယခုမေ့ပုလို တွေ့မကြုံစခန်း၊ ပါယ်လေးဝ သောကဘုံမှာ မျောရရုံရှိတော့ခမန်း။ အောက်စီစီသောင်းအငူမှာ ခေါင်းမပြူစတမ်း ဒေသနာ ထင်အလင်းရယ် နှင့် နင်အဖျင်းပိုထက်သာပိုသည် လောဘစရိုက်အိုကို မလိုက်လိုရှောင်ပစ် လို့နောင်အသစ်တကယ်ပြင်လျှင် ကောင်းဘို့အစဉ်အခွင့်သာခိုက်ကမ၊ မလိုက်ချင်လျှင်၊ အမိုက်နှင့် ပြင်ရှိသေးလေလိမ့်လား၊ ခွင့်သာဆဲကမှ မခဲချင်လျှင်၊ အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား။
မိတ်ဆွေ - အင်း...တဘက်တကိုးစီဆိုတော့ သရေပွဲပေါ့ဗျာ ဟုတ်လား။

www.dhammaransi.com



## နင့်ဘာရှူးနှမ်း၊ ရဟန်းပေါ့ပျက်

မိုးကြိုး - ဟလို ... လူပြန်တော် သညာရှိကြီးကြွလာပြီကိုး လာပါလာပါ ... ထိုင်ပါ။ ခင်ဗျား အလာကိုဘဲ ကျွန်တော်စောင့်မျှော်နေ ပါတယ်။

လူပြန် - ဘယ်လိုလဲ သူ့ဆရာ၊ ကျွန်တော့်ကို လူပြန်တော်ပညာရှိလို့မခေါ်ဘဲ ဘာကြောင့် သညာရှိလို့ချိုးချိုးဖွဲ့ဖွဲ့ ဒုတ်ထိုးအိုးပေါက် ချောက် လိုက်ရတာလဲဗျ။

မိုးကြိုး - ကျွန်တော်ရဲ့ အာဘော်မဟုတ်ပါ။ ဆရာတော်ကြီးတစ်ပါးက (ပိဋကတ်တတ်၊ သညာမှတ်၊ ပညတ်ဟောတတ်ပါ) (ပညတ်ဆိုတာ သင်္ကေတ၊ ဘယ်ခါမလွတ်ပါ) (သင်္ကေတရှိ၊ စွဲဒိဋ္ဌိ၊ ငြိ၏အပါယ်မှာ) လို့ သံနိပ်စပ်ဆိုတော်မူသောအတိုင်း သညာရှိလို့ခေါ်လိုက်ခြင်းဖြစ်ပါတယ်။ စိတ်မရှိပါနဲ့နော် သညာနဲ့ ပညာကို ခွဲပြောချင်လို့ စကားဖန်ထိုးကာ နိဒါန်းပျိုးလိုက်တပါ လူပြန်တော်ပညာရှိတွေကို စော်ကားချင်လို့မဟုတ်ပါဘူးဗျာ။

တဖန်ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူတဲ့ ဇိနတ္ထပကာသနီကျမ်းမှာ "နင့်ဘရှူးနမ်း ရဟန်းပေါ့ပျက် ငါ့ကိုမက်၍ လူထွက်လာသည် ပညာပေတုံး ထမင်းဖြုန်း (ခေါင်း) တုံးမွဲရဲ့သား၊ ဟဲ့အိပ်ပါတော့လား" လို့ဉပကရဟန်းလူထွက် ကြီးအား ချစ်ဇနီးမဆာဝါက ကလေးချော့သီချင်းနဲ့ပြက်ရယ်ပြောင်လှောင် ထားပုံရေးသားထားခြင်းကို ဖတ်ရှုရပြန်တဲ့အတွက် လူပြန်တော်သညာရှိ လို့ခေါ်ဆိုလိုက်ခြင်းဖြစ်ပါတယ်။

ထိုပြင် တနေ့သ၌မှာ သဲအင်းဂူဆရာတော်ဘုရားက တပည့်ဒကာရင်းတဦးဖြစ်တဲ့ ရဟန်းလူထွက်ကြီးတစ်ဦးကို -

ဆရာတော် - ဒကာကြီး ဘယ်နှစ်ဝါရမှ လူထွက်ခဲ့သလဲ။

လူထွက် - တပည့်တော် (၁၅) ဝါရခဲ့ပါတယ် ဘုရား။

ဆရာတော် - အင်း ... (၁၅) ဝါဆိုတော့ နမြောစရာကြီးဘဲ ယခု ဦးပဉ္စင်းဆိုရင်

www.dhammaransi.com



ကိုးဝါဘဲရသေးတယ်။ ဒါထက် ဒကာကြီးဘာဖြစ်လို့လူထွက်တာလဲ။
လူထွက် - ရုပ် - နာမ်ကို မသိလို့ပါ ဘုရား။
ဆရာတော် - စာလိုပြောရင် ရုပ် - နာမ်ကို မသိလို့ရယ်လို့ ပြောရမှာပေါ့။ အရပ်စကားနဲ့သဘောကို ပြောမယ်ဆိုရင်တော့ မိန်းမမြင် မိန်းမလို့သိလို့ပေါ့။ ချောတာမြင် ချောတယ်လို့သိလို့ပေါ့။ လှတာမြင် လှတယ်လို့သိလို့ပေါ့။ ဝတာမြင် ဝတယ်လို့သိလို့ပေါ့။ အဲဒါကြောင့် လူထွက်တာဘဲ မဟုတ်ပါလား။
လူထွက် - မှန်ပါတယ် ဘုရား (ပရိသတ်များ ဝိုင်း၍ ရယ်မောကြသည်)

## ပညာရှိစကား

ထိုပြင် ပိဋကတ်ပညာရှိတစ်ဦးက -

(၁) ရဟန်းအပေါင်းကို အောင်ပါလျက်လည်း သူရဲကောင်းမမည်၊
(၂) ပိဋကတ်သုံးပုံကို ဆောင်ပါလျက်လည်း ပညာရှိမမည်၊
(၃) တထောင်သော အမေးပုစ္ဆာကို ဖြေဆိုနိုင်ပါလျက်လည်း စကားတတ်မမည်၊
(၄) အဝိဇ္ဇာပါသော ဒါနသည်လဲ ဒါနမမည်။

(၁)ငါးပါးသော ဣန္ဒြေတို့ကို စောင့်ရှောက်နိုင်သော သူသည်သာ သူရဲကောင်းမည်၏၊ (၂)တည်ကြည်မှန်ကန်သော သစ္စဝါဒီ ပုဂ္ဂိုလ်သည်သာ စကားတတ်မည်၏၊ (၃)သတိပဋ္ဌာန်၌လာသော တရားကိုကျင့်သော သူသည်သာ ပဏ္ဍိတော ပညာရှိမည်၏။ ရုပ်နာမ်ကို တကယ်သိသော အသိလိမ္မာ ဉာဏ်ပညာနှင့် လှူခြင်းသည်သာ ဒါနမည်၏လို့ ရေးသား ထားပြန်ပါတယ် ခင်ဗျား။
လူပြန် - ဒီပညာရှိတစ်ဦးရဲ့ စကားအရဆိုတော့ (၁)ပိဋကတ်သုံးပုံကို ဆောင်သူဟာ ပညာရှိ ပဏ္ဍိတမဟုတ်၊ သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံ အားထုတ်သူသည်သာ ပညာရှိပဏ္ဍိတဟုတ်တယ်ဆိုတော့ ကျွန်တော်ဟာ သဲအင်းဂူဆရာတော်သင်ကြားပြသနေတဲ့ ကာယ - ဝေဒနာ - စိတ္တ - ဓမ္မဆိုတဲ့ သတိပဋ္ဌာန်လေးပါးကိုအမြဲအားထုတ်နေသူဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ကို လူပြန်တော်သညာရှိလို့ မခေါ်ထိုက်ပါ။ လူပြန်တော်ပညာရှိလို့သာ ခေါ်ဆိုထိုက်ပါတယ် ခင်ဗျား။
မိုးကြိုး - ဒီလိုဆိုရင် ကျွန်တော်မှားသွားပါတယ် ခင်ဗျား။ အနူးအညွတ် တောင်းပန်ပါတယ် ကျေနပ်တော်မူပါ။

www.dhammaransi.com



လူပြန် - ကျေနပ်ပါတယ်ဗျာ။ မူလပကတူးကိုက မကျေနပ်လို့ ပြောနေတာမဟုတ်ပါဘူး။ ဒါထက် လယ်တီဆရာတော်ဘုရားဟာ တပည့်ကြီး လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးလောင်း၊ ဦးပဏ္ဍိတ လူထွက်မယ်ကြား သိလို့ သံဝေဂတေးထပ်ကလေးများကို ရေးစပ်ပြီး ပေးပို့လိုက်တယ်လို့ဆိုပါတယ်။ အဲဒီတေးထပ်ကလေးတွေကို ဦးမိုးကြိုးရရင် ဆိုပြစမ်းပါဗျာ၊ နားထောင်စမ်းပါရစေ။

မိုးကြိုး - ကျွန်တော်ဆိုပြပါမယ်၊ သေသေချာချာနားထောင်ပါ။

## နိဗ္ဗိန္ဒတေးထပ်များ

(၁) အဝိဇ္ဇာပိတ်ကာဆို၊ မိစ္ဆာမြူပြင်ပြင် ဣဋ္ဌာလို့ ခင်မင်လျှင် လွှင့်စင်မည်မလွဲ အရိုးစုအပုပ်ကောင်ကို အဟုတ်ယောင်မှားဘို့ဟန်နဲ့ အသုဘရုပ်တစ္ဆေယ်မဟုတ်လေ ကိုယ်ထဲ၊ အပုပ်ရေစိုတရွှဲဟာမို့ ယိုမစဲ သူ့မှာ သွေးသည်းချေပြီသလိပ်တွေက၊ တည်မဆိတ် လျှမ်းပြည့်သည်သာ၊ သို့ကလောက်ရွံစရာကို လွန်တဏှာမက်စွဲလို့စပ်ဝဲမှာတပေပေမွန်းနစ်ကြပေ၊ တဏှာဖမ်းတဲ့၊ အတန်းတွေမှာ၊ အပန်းမပြေဟိုက်မောရှာကြလေး။ တဏှာပူးတဲ့ အရှူးတွေမှာ အမူးမပြေမိုက်မောရှာကြလေး။ တဏှာလိုက်တဲ့ အမိုက်တွေမှာ၊ အဟိုက်မပြေ ပင်ပန်းရှာကြလေ။

(၂) ကိုယ်ခန္ဓာကောင်ရုပ်က ပေါင်ပုပ်ပုပ်နံညှီ ကိုးဒွါရပွန် နဒီမှာ ရွံစလီပါဘဲ၊ ဤကာယရုပ်အရှင်ကို အဟုတ်ပင်မှတ်ကြမစဲ သုသာန်နှင့် တစပြင်မှာ သူသေသွင်မလဲ ချွေးမျက်ရေနပ်ချွဲက ပြတ်မစဲစီးယို၊ အိုင်အနာနူအရွဲယ်နှင့် တူတူဘဲမှတ်ကြ ကိုယ့်ကိုယ်များတစ လူဗိုလ်မှာ အဟုတ်လို ထင်စွဲလို့စက်ဝဲဃသံသရာမွှမ်းနစ်ကြရှာ ကမ်းတဘက်ခေမာကို ရောက်နိုင်ပြီပါဘူးကွဲ့လေး၊

(၃) နှစ်မပါဗလာသုံး အကာဖြုန်းစင်စင် မသာတုံးပြင်ပြင်ထင်မြင် ဘွယ်မှန်စွ၊ အနတ္တဤရုပ်ကောင်ငယ် ညှီပုပ်ဟောင်ဆိုးညစ်တန်လှ ခြောက်ဝတ္ထုအသားဆိုင်မှာ အများပြိုင်နိုကြ။ နာမ်ဝိညာဏ်ထိုမျှက အိုဇရာ ဖြစ်ပုံ ထောင့်ငါးရာညစ်အကြေးတွေက ရစ်အမြှေးလွှမ်းအုပ်လို့ခြုံ၊ စိုးမရတရား စုံကို ဇယားပုံတင်ဖို့လို့မြင်တဲ့အောင်မတွယ်တာခဲသင့်လှပါ။ ရှင်သေမင်း အတင်းလာလျှင် မငြင်းနိုင်သာရချေလိမ့်လေး။

လူပြန် - ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး သီကုံးနှန်းဖွဲ့သော

www.dhammaransi.com



ကဗျာများဟာကတယ်လဲ ပရမတ္ထသဘာဝကို ထိမိလှပါပေတယ်။ ဒါထက် ဆက်စပ်းပါအုံးဗျာ။

မိုးကြိုး - တနေ့သ၌မှာ ကျေးဇူးရှင် သဲအင်းဂူဆရာတော်ဘုရားက "ဒကာကြီးဦးအုန်းခင် ရိုးရိုးခန္တာငါးပါးဟာ ရိုးရိုးသံနဲ့ ဥပမာတူတယ်၊ ဥပါဒါန်ခန္ဓာငါးပါးကတော့ သံလိုက်ဓါတ်ရှိနေတဲ့ သံလိုက်သံ အထူးနဲ့တူတယ်။

ဒီဥပမာကို ဆက်ပြီး တင်စားကာ ပြောမယ်ဆိုရင် သံရိုးရိုးဟာ အခြားသံများနဲ့တွေ့ထိတဲ့အခါ အခြားသံတွေကို ဆွဲမထားဘူး၊ မတွယ် ကပ်ဘူး၊ သူ့ချည်းသတ်သတ်နေတယ်။

သံလိုက်ကတော့ အခြားသံများနဲ့ တွေ့ထိတဲ့အခါ ဆွဲထားတယ် တွယ်ကပ်ထားတယ်။

ဒီတော့ရိုးရိုးသံဟာ ရဟန္တာကြီးရဲ့ စိတ်နဲ့တူတယ်။ ဘယ်နည်း ဘယ်ပုံတူသလဲဆိုတာ ပြောပြမယ်။

(၁) မျက်စိနဲ့ အဆင်းတို့ ဆုံတွေ့တယ်ဆိုပါတော့ ဆုံတွေ့ခြင်း ဖဿကြောင့် ဝေဒနာခံစားမှုဖြစ်တယ်။ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ခံစားမှုကို ခံစားမှု ဘဲလို့ သစ္စာဉာဏ်ကို မရတဲ့အတွက် ငါဘဲ၊ သူဘဲ၊ ယောကျ်ားဘဲ၊ မိန်းမဘဲ၊ လှလိုက်တာ၊ ချောလိုက်တာ အထိရောက်သွားပြီး စွဲမက်တွယ်တာသွားတယ်။ စွဲမက်တွယ်တာခြင်းကို စာလိုက တဏှာ ဥပါဒါန်ဘဝဇာသိစတဲ့ သံသရာ စက်လယ်သွားတယ်လို့ဆိုတယ်။ ပုထုဇဉ်စိတ်ဆိုတာ အင်မတန်အားကောင်းတဲ့ သံလိုက် သံတုံးကြီးဖြစ်တယ်။ မြင်တဲ့အဆင်းပေါ်မှာ ကြားတဲ့အသံပေါ်မှာ နံတဲ့အနံ့ပေါ်မှာလျက်တဲ့ အရသာပေါ်မှာ ထိတဲ့ အတွေ့ပေါ်မှာ သိတဲ့ ဓမ္မအပေါ်မှာ မခွဲနိုင်၊ မခွာရက်စွဲမက်တွယ်တာသွားတယ်။

ဘုရားသခင်ဟောကြားတဲ့ သတိပဋ္ဌာန်လေးပါးအကျင့်မြတ်တရားဆိုတာ ဒီသံလိုက်တုံး သံလိုက်ခဲနဲ့တူတဲ့ ပုထုဇဉ်စိတ်၏ သံလိုက်ဓါတ်တွေ ချုပ်ပျောက်ကင်းငြိမ်းကုန်အောင် လုပ်တဲ့ တရားလို့ ဥပမာတင်စားပြီးပြောနိုင်တယ်။

(၂) အဲဒီပုထုဇဉ်ပုဂ္ဂိုလ်ဟာ သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်လိုက်တဲ့အခါ မြင် - ကြား - နံ - စား - ထိ - သိ ကိစ္စတွေမှာ ဝေဒနာနာမ်ခံစားတဲ့ သဘောပါလားလို့ အမြင်မှန်ရပြီး အမှန်ကို သိသွားတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ ဆိုတဲ့

www.dhammaransi.com



အမှားအမြင်မှားသိတွေကို ပယ်သတ်လိုက်တယ်။ ပုဂ္ဂလ ပညတ်ကိုပယ်ပြီး၊ ဝေဒနာခံစားခြင်း ပညတ်ကို တွယ်လိုက်တယ်။ ဒီအချိန်မှာ သံလိုက်တုံးကြီးဟာ သံလိုက်ဓါတ်အနည်းငယ် ပျောက်ကင်းသွားတဲ့အတွက်အားလျော့သွားတယ်။ အပါယ်လေးပါးကို ပို့မယ့်ဓါတ်တွေဟာ အကြွင်းမဲ့ ချုပ်ငြိမ်းသွားတယ်။ အဲဒါ သောတာပန်ကြီးပဲ။ ဒါပေမယ့် ထိုသောတာပန်ကြီးသိနေ ခံစားနေတဲ့ ဝေဒနာထဲမှာ (၁)သုခဝေဒနာ၊ (၂)ဒုက္ခဝေဒနာ၊ (၃)ဥပေက္ခာဝေဒနာ သုံးမျိုးစလုံးပါရှိနေပါတယ်။ ခံစားနေတယ်။ ဝိသာခါကျောင်းအမ သောတာပန်ကြီးဟာ ခင်ပွန်းသယ်ယောကျ်ားတွေ၊ သားသမီးမြေးမြစ် တွေ အလယ်မှာ သူဌေးစည်းစိမ်ကို ခံစားနေတာဟာ သုခဝေဒနာ ကို ခံစားနေတာပဲ မဟုတ်လား။

(၃) သကဒါဂါမ်ကျတော့ သုခဝေဒနာကို ပယ်သတ်လိုက်တယ်။ ဒီလို သုခဝေဒနာကိုပယ်သတ်ဖို့အတွက် တင့်တယ်တယ်၊ ကောင်းတယ် ဆိုတဲ့ သုဘအထင်ပျောက်အောင် အသုဘကမ္မဋ္ဌာန်းကို ရှုပွား ရခြင်းဖြစ်တယ်။ မဂ်ဉာဏ်က သုဘသညာကို အကြွင်းမဲ့ ပယ်သတ်လိုက်တဲ့အခါ သကဒါဂါမ်အရိယာကြီးဟာ တလောက လုံး မတင့်တယ်၊မကောင်းဆိုတဲ့အသုဘမြင်၊အသုဘသိ မြင်သိသွားတယ်။ သကဒါဂါမ်အရိယာဟာ သုဘသညာကို ပယ်သတ်လိုက်လို့ အသုဘသညာကို တွယ်နေတယ်။ ဒီအချိန်မှာ သံလိုက်သံတုံးကြီးဟာ ပထမအဆင့်ကထက် ပိုမိုအားလျော့သွားပြီ။ ကာမကိလေသာ ခေါင်းပါးသွားပြီ။

(၄) အနာဂါမ်အရိယာကြီးကတော့ ထိုဒုက္ခဝေဒနာကို ထပ်မံ ပယ်သတ် လိုက်တယ်။ သူ့အဖို့မှာ တလောကလုံးဟာဖြင့် သုခဝေဒနာဖြစ်စေရာ၊ ဒုက္ခဝေဒနာဖြစ်စေရာ ဘာတခုမျှမရှိတော့ဘဲ ဥပေက္ခာဝေဒနာချည်း ဖြစ်နေတယ်။ ကာမကိလေသာကို အကြွင်းမဲ့ပယ်သတ်လိုက်ပြီ။ ဒီအချိန်မှာ သံလိုက်သံတုံးကြီးဟာ သံလိုက်ဓါတ်တွေ အားကြီး လျော့နည်းကုန်ပြီ။ သံလိုက်ဓါတ် မျှင်မျှင်ကလေးသာ ကျန်ရှိ နေတော့တယ်။

(၅) ရဟန္တာကြီးဖြစ်သွားတော့ သံလိုက်ဓါတ်အားလုံးချုပ်ဆုံးသွားတဲ့ အတွက် ဘယ်သံမျိုးနဲ့ဘဲတွေ့တွေ့မဆွဲယူနိုင်တော့ဘူး။ သံလိုက်ဓါတ်

www.dhammaransi.com



ကင်းပြတ်ချုပ်ငြိမ်းနေတဲ့ ရိုးရိုးသံဖြစ်သွားပြီး ဥပါဒါန်ခန္ဓာငါးပါးဟာ ဥပါဒါန်တွေ ပြုတ်ကျသွားပြီး ရိုးရိုးခန္ဓာငါးပါးဖြစ်သွားပြီ။ ဇာတိ တရားချုပ်ငြိမ်းပြီ။ ခန္ဓာဇာတ်သိမ်းသွားပြီ။

ဒီတော့ ဒကာကြီး တခုသတိထားဖို့က သဒ္ဓါဗိုလ် ဝီရိယဗိုလ်၊ သတ်ဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဆိုတဲ့ ဗိုလ်ငါးပါးဘဲ ဖြစ်တယ်။

(၁)သောတာပန်ဟာ ဗိုလ်ငါးပါးတကျပ်သားရှိတယ်ဆိုရင်၊ (၂)သကဒါဂါမ်ဟာ ဗိုလ်ငါးပါးနှစ်ကျပ်သားရှိရမယ်၊ (၃)အနာဂါမ်ဟာ ဗိုလ်ငါးပါးလေးကျပ်သားရှိရမယ်၊ (၄)ရဟန္တာဟာ ဗိုလ်ငါးပါးရှစ်ကျပ်သား ရှိရမယ်။

သဘောကတော့ စက္ကူကို လောင်ကျွမ်းအောင်ရှို့ဘို့အတွက် မီးချစ်ဆံ မီးတောက်နဲ့လုံလောက်ပေမယ့် သံကို အရည်ဖျော်ဘို့ဆိုရင် ကျောက်မီးသွေး ကောင်းကောင်းနဲ့ ဖားဖိုထဲမှာ ထည့်ပြီး နာနာပါအောင် ထိုးပါမှ သံဟာ အရည်ပျော်မယ်မဟုတ်လား။

ဗိုလ်ငါးပါးအားလျော့နေရင် အထက်မဂ်အထက်ဖိုလ်တွေကို မတတ်နိုင်ဘူးဆိုတာ ဒကာကြီးအထူးသတိထားပြီး၊ ဗိုလ်ငါးပါးအင်အား ကြီးမားအောင် အာနာပါနနဲ့မပြတ်မလပ်ထူထောင်ဘို့မမေ့နဲ့ သတိ မလစ်နဲ့....

ဟူ၍ သဲအင်းဂူဆရာတော်ဘုရားက ဆုံးမဩဝါဒပေးပါတယ် ခင်ဗျား။

## ရွှေမန်း–သဲအင်းတရားပွဲ

မိုးကြိုး - ၁၃၃၁ - ခု၊ တန်ခူးလဆန်း ၃ - ၄ ရက် (ဧပြီလ ၉ - ၁၀ ရက်) နေ့ညနှစ်ည မန္တလေးမြို့ အိမ်တော်ရာဘုရား ၁၄ ခန်း တန်ဆောင်းကြီးထဲမှာ တရားနှစ်ကြိမ်ဟောပါတယ်။ ရဟန်းပရိသတ်တစ်ရာကျော်နဲ့ လူပရိသတ် တထောင်ကျော်တို့ ကြွရောက်နာကြားကြပါတယ်။ သဲအင်းဂူဆရာတော် ဘုရားက မဂ်လေးပါးစာအုပ်ထဲကအတိုင်း မိမိသတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်လို့သိပုံမြင်ပုံ၊ ဉာဏ်ထင်ပုံများကိုဘဲ ဟောကြားပါတယ်။

လူပြန် - မန္တလေးမြို့တော်က ဆရာတော်များက သဲအင်းဆရာတော်ဟာ စာလဲမတတ်ဘဲနဲ့ သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလားလို့ အပြစ်မပြောကြဘူးလား။

မိုးကြိုး - ခင်ဗျားကြီးက စကားကောင်းပြောနေရာက ဖောက်သွားပြန်ပြီ။ မန္တလေးမြို့တော်ဆရာတော်ကြီးများဟာက တကယ်တမ်းစာတတ်တဲ့

www.dhammaransi.com



ဆရာတော်ကြီးများဖြစ်တဲ့အပြင် သူတော်ကောင်းကြီးတွေဖြစ်ပါတယ်။ ဒေသနာဉာဏ်မနူးမနပ်နဲ့ပုဂ္ဂိုလ်မျိုးပြောတဲ့ စကားမျိုးကို ဘယ်ပြောပါ့မလဲ။ သဲအင်းဂူဆရာတော်ဟာ မန္တလေးတောင်ခြေမှာ တည်းခိုသတင်းသုံးပါတယ်။ ရဟန်းပျို ဆရာတော်ဦးဇောတိကကို သွားပြီးကန်တော့တော့ - "ယခုခေတ် ယခုအခါဟာ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေ ကြီးမားတဲ့ ခေတ်အခါ ဖြစ်တယ်။ သဲအင်းဂူဆရာတော်က မိမိကျင့်ကြံအားထုတ်တဲ့ သတိပဋ္ဌာန် လေးပါး အကျင့်တရားကို ဟောကြားသင်ပြခြင်းကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေ နည်းပါးသွားစရာ အကြောင်းရှိတယ်။ ကြိုးစားပြီး ဟောကြားသင်ပြပေးပါဘုရား။ တပည့်တော်ကတော့ ဝမ်းမြောက်ပါတယ်။ မန္တလေး တောင်ခြေမှာဘဲ ကိုယ်စိတ်နှစ်ပါးချမ်းသာသလို တည်းခိုပါဘုရား" လို့ အမိန့်ရှိလိုက်ပါသေးတယ် ခင်ဗျား။

## မြတ်စွာဘုရား အာနာပါနပွားများပုံ

မိတ်ဆွေ - ၁၉၇၀ - ခု၊ ဖွန်လ ၁၃ ရက်နေ့စွဲ သတင်းဂျာနယ်မှာ အာနာပါနသတိ၊ သမာဓိကို ပွားများခြင်းနဲ့ သတိပဋ္ဌာန်လေးပါးပြီးစီးပုံကို ဥပရိပဏ္ဏာသ ပါဠိတော်ကို ကိုးကားတင်ပြခြင်းကို စာဖတ်ပရိသတ်များ အတော်သဘောကျ တယ်လို့ ကြားသိရပါတယ်။ သဘောကျကြတဲ့ သူများက အာနာပါနနဲ့ ပတ်သက်ပြီး ဗဟုသုတတိုးပွားစရာ အချက်အလက် အသစ်အဆန်းကလေး များရှိသေးရင် ထပ်မံတင်ပြစမ်းပါလို့ တောင်းပန်ကြပါတယ်။ ဒါပေမယ့် ရေးစရာကုန်သွားလို့မရေးတတ်ရင်လဲ မရေးပါနဲ့ပေ့ါဗျာ။

မိုးကြိုး - အနော်ရထာမင်းလက်ထက် ပုဂံပြည်သို့ ပိဋကတ်တော်များ ရောက်ရှိလာတဲ့ အချိန်ကစပြီး ဆဋ္ဌမူ - ပိဋကတ်တော်မြန်မာပြန်ကျမ်းများ ပုံမနှိပ်မဖြန့်ဝေရသေးချိန်ထိအောင် မြန်မာပြည်မှာ ပရိယတ်သာသနာ ထွန်းကားတယ်ဆိုတာ ပါဠိစာပေကို ကောင်းစွာတတ်ကျွမ်းကြတဲ့ လက်တ ဆုတ်စာမျှသော ဆရာတော်သံဃာတော်များအဘို့သာ ဖြစ်ပါတယ်။ ဆဋ္ဌမူ ပိဋကတ်တော်မြန်မာပြန်ကျမ်းများ ပေါ်ထွက်လာတဲ့ အချိန်ရောက်တော့မှ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မြန်မာပြည်တဝှမ်းလုံးသို့ ဘုရားဟောဒေသနာဖြစ်တဲ့ ပရိယတ်သာသနာဟာ ပြန့်နှံ့သွားတယ်လို့ ဆိုသင့်ပါတယ်။ ထိုဆဋ္ဌမူမြန်မာပြန်များမပေါ်ပေါက်မီ၌ ကျေးရွာရှင် မုံရွာမြို့လယ်တီဆရာတော်ဘုရားကြီးက မြန်မာတို့ကျောင်းစွာနားလည်

www.dhammaransi.com



သဘောပေါက်နိုင်တဲ့ မြန်မာစကားပြေသက်သက်နဲ့ ဒီပနီပေါင်းတရားကျော်ကို ရေးပြီး ပွဲဦးထွက်ပေးခဲ့တဲ့အတွက်လဲ အလွန်အကျူးအထူးပင် ကျေးဇူးတင်ထိုက်ပါတယ်။ ဒီလိုအားကိုးစရာ အထောက်အထားတွေ မြောက်မြားစွာ ရှိနေတဲ့အပြင် သဲအင်းဂူဆရာတော် ဘုရားကဲ့သို့သော ခန္ဓာကိုယ်တွေ့ အရိယာဆရာတော်ကြီးကို အမှီသဟဲ ရနေပြန်တော့ ရေးစရာပြောရာကုန်သွားမယ်ဆိုရင် "ပညာပေတုံး၊ ထမင်းဖြုန်းတဲ့" ဖိုးသူတော်ဖြစ်နေမှာပေါ့ဗျာ။

လူပြန် - "တီးရင် မြည်တယ်" ဆိုလို့ တီးစမ်းကြည့်တာပေါ့ဗျာ။ စိတ်မရှိပါနဲ့နော် ...။ ဒါထက် ဆက်စမ်းပါအုံးခင်ဗျာ နာခံလျက်ပါ။

## ဝိဘင်းပါဠိတော်

မိုးကြိုး - ဘိက္ခုဝိဘင်းပါဠိတော် တတိယပါရာဇိက ကဏ္ဍမှာ အာနာပါန သတိကမ္မဋ္ဌာန်းအကြောင်းကို အနီးလိုဟောတော်မူခဲ့ပါတယ်။

"ရဟန်းတို့ ဤအာနာပါနသတိ သမာဓိသည် ပွားများလေ့လာအပ်သည်ရှိသော် ငြိမ်လည်းငြိမ်သက်၏၊ မွန်လည်းမွန်မြတ် ၏ သွန်းလောင်းစရာလည်း မလိုချမ်းသာသောနေရာလည်းဖြစ်၏၊ ဖြစ်တိုင်းဖြစ်တိုင်းကုန်သော အကုသိုလ်အယုတ်တရားတို့ကို တခဏခြင်းကွယ်ပျောက်ငြိမ်းစေနိုင်၏။

ရဟန်းတို့ ဥပမာသော်ကား နွေလတို့၏ နောက်ဆုံးလ၌ အထက်သို့ လွင့်တက်သော မြူမှုန်ကို အခါမဲ့ (သည်းထန်စွာ ရွာသွန်းသော) မိုးကြီးသည် အခဏချင်း ကွယ်ပျောက်ငြိမ်းအေး စေနိုင်သကဲ့သို့ ဤအတူပင် ရဟန်းတို့ အာနာပါနသတိသမာဓိသည် ပွားများလေ့လာအပ်သည်ရှိသော် ငြိမ်လည်းငြိမ်သက်၏၊ မွန်လည်းမွန်မြတ်၏၊ သွန်းလောင်းစရာလည်း မရှိ၊ ချမ်းသာသောနေရာလည်းဖြစ်၏၊ ဖြစ်တိုင်းဖြစ်တိုင်းကုန်သော အကုသိုလ် အယုတ်တရားတို့ကို တခဏခြင်းကွယ်ပျောက်ငြိမ်းအေးစေနိုင်၏" ဟူ၍ပင်ဖြစ်ပါတယ် ခင်ဗျား။

လူပြန် - ယခုအတိုင်းဆိုတော့ အာနာပါဟာ သမထကြီးဖြစ်မနေပေ ဘူးလား။

မိုးကြိုး - မိတ်ဆွေ ဒီကနေ့ အိမ်သူဇနီးမယားနဲ့ အပေးအယူမတဲ့များ ဖြစ်လာသလား။ အဖြောင့်မစဉ်းစားဘဲ ကောက်ကောက်ကွေ့ကွေ့ဘဲ စဉ်းစားပြောဆိုနေပါတယ်။ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးဟာ (၁)သီလ၊ (၂)သမာဓိ၊ (၃)ပညာသိက္ခာသုံးပါးဘဲ မဟုတ်ပါလား။ သမာဓိ မရှိရင် ဘယ်လိုလုပ်ပြီး ပညာဖြစ်နိုင်မှာတဲ့လဲ။ အာနာပါန - ပဉ္စမ - စတုတ္ထ

www.dhammaransi.com



အလုပ်ပြီးစေဘို့ ဥပစာရရျာန် အခြေခံရပြီးလျှင် သမထလုပ်ချင်ရင် သမထလမ်းသွား၊ ဝိပဿနာလုပ်ချင်ရင် ဝိပဿနာလမ်းလိုက်ပေါ့။ အဲဒါ လမ်းခွဲပါဘဲ။ ဒါမှ မဟုတ်ဘူး ပဌမရျာန်၊ ဒုတိယရျာန်၊ တတိယရျာန်၊ စတုတ္ထရျာန်စတဲ့ ရျာန်တွေရောက်အောင် သမထလမ်းအတိုင်း သွားပြီးမှ ဝိပဿကို ကူးချင်ရင် ဘယ်အချိန်မဆို ကူးလို့ရပါတယ်။ မိတ်ဆွေဟာ စာပေတတ်တဲ့ ဘုန်းကြီးထွက်ပါလျက် ဉာဏ်ကို လွှာသုံးတတ်ဖို့ ကောင်းပါတယ်။ "လေ့နံ့ခါး ထစ်" လုပ်ပုံမျိုးပြောပုံမျိုး မလုပ်သင့် မပြောသင့်ပါဘူး။
လူပြန် - တီးလုချည့်လား သူ့ဆရာနားထောင်လို့ ကောင်းအောင် တမင်ဆွပေးနေတာပါဗျာ။ ဒါထက် ဆက်စမ်းပါအုံး ခင်ဗျာ။

## ဝိသုဒ္ဓိမဂ် မိုးကြိုး

မိုးကြိုး - ထိုပြင် ဝိသုဒ္ဓိမဂ်ကျမ်းဆရာကြီးက -

(၁) "ဤအာနာပါန ကမ္မဋ္ဌာန်းဟာ ကမ္မဋ္ဌာန်းအမျိုးမျိုးတို့တွင် ဦးထိပ်သဘွယ်ဖြစ်သော အလုံးစုံသောဘုရား၊ ပစ္စေက ဗုဒ္ဓါ ဘုရားတပည့်သာဝကတို့၏ တရားအထူးကိုရခြင်း၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရခြင်း၏ နီးစွာသော အကြောင်း ဖြစ်၏" လို့ဆိုထားပြန်ပါတယ်။

(၂) တဖန် "အို ရဟန်းတို့ သတိလွတ်သော သူအား ပညာအဆင်အခြင် ကင်းသော သူအား အာနာပါနသတိ သမာဓိဘာဝနာကို ငါဘုရားသည်ဟောတော်မမူ" ဟူ၍ ရင်း။

(၃) "ဤအာနာပါနသတိ ကမ္မဋ္ဌာန်းသည်ကား ခက်ခဲ၏ ခက်ခဲ သော ဘာဝနာဖြစ်၏၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားသားတော် ယောကျာ်းမြတ်တို့သာလျှင် နှလုံးသွင်းရာ ဌာနဖြစ်၏၊ သိမ်သိမ် ငယ်ငယ်မဟုတ်၊ သာမန်လူစားများ၊ နည်းနာကျကျ သဘာဝအညီ မှီဝဲနိုင်သည်မဟုတ်" ဟူ၍ ရင်း။

(၄) "ဤအာနာပါနသတိ ကမ္မဋ္ဌာန်း၌ အားကြီးသော သတိကိုရင်း၊ ပညာဉာဏ်ကိုရင်း အလိုရှိအပ်၏ သိမ်မွေ့နူးညံ့သော အဝတ်ကို ချုပ်သောအခါ သိမ်မွေ့သေးငယ်သော အပ်ကိုရင်း၊ ထို့ထက် သိမ်မွေ့သေးငယ်သော အတ်နဖါးတွင်းသော စူးကိုရင်း၊ အလို ရှိအပ်သော သကဲ့သို့ ဤအတူ နူးညံ့သိမ်မွေ့သော အဝတ်နှင့်

www.dhammaransi.com



တူသော ဤအာနာပါန ကမ္မဋ္ဌာန်းကို ပွားများသော ကာလ၌ အတ်နှင့်တူသော သတိကိုဎင်း၊ အတ်နဖားတွင် စူးနှင့်တူသော ထိုသတိနှင့် ယှဉ်သော အားကြီးသော ပညာကိုဎင်း၊ အလိုရှိအပ်၏" ဟူ၍ဎင်း ဝိသုဒ္ဓိမဂ်ကျမ်းကြီးမှာ ဆိုထားပါတယ် ခင်ဗျား။

လှပြန် - ဒီလို သာမန်လူစားများ နည်းနာကျကျ သဘာဝအညီမှီဝဲနိုင်သည် မဟုတ်လို့ဆိုထားတဲ့အတွက် လူတိုင်းအားမထုတ်သင့်ဘူးလို့ တချို့ပုဂ္ဂိုလ်များ ယူဆပြောဆိုနေကြတာပေါ့။ ဦးမိုးကြိုးတို့ သဲအင်းဂူတပည့် တွေကသာ ကိုယ့်ငါးချဉ်ကိုယ်ချဉ်ပြီး လူတိုင်းကို အာနာပါန အားထုတ် ခိုင်းနေတယ်လို့ ပြောဆိုနေကြပါတယ်။

မိုးကြိုး - ခင်ဗျားကြီးက ဒီကနေ့အဘိုမှာ ကျွန်တော့်ကို "ဂွတော" မယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ လာခဲ့တယ်ထင်တယ်။ ဒါထက် "အာနာပါနဟာ ယောကျ်ား မြတ်တို့၏သာလျှင် နလုံးသွင်းရာဌာနဖြစ်၏" လို့ ပြောဆိုခြင်းဟာက ယောဂီပုဂ္ဂိုလ်များ စိတ်အားငယ်သွားအောင် ပြောခြင်းမျိုးမဟုတ်ပဲ ယောဂီတိုင်း ကြိုးစားအားထုတ်ဘို့တိုက်တွန်းခြင်းမျိုးသာဖြစ်တယ် ဆိုတာကို လှပြန်တော်ကြီး နားလည်ဘို့ကောင်းပါတယ်။ ဝိဂြိုလ်အရာမှာ ငါဆရာဘဲ ဒါကြောင့် ငါယူဆတာ မှန်ရမယ်ဆိုတဲ့ သဘောမျိုးထားပြီး ငါတကောကောရင်လဲ သဘောပါဘဲ။

ဒါထက် အရယမဂ်ကို ရခြင်းငှာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ တခုတည်းသော လမ်းတကြောင်းတည်းသော လမ်းပေတည်း၊ တခြားတပါးလမ်း မရှိဘူးလို့ မြတ်စွာဘုရားဟောကြားထားတဲ့ သတိပဋ္ဌာန်လေးပါး အကျင့်မြတ်တရားကို ခင်ဗျား ဆန်းစစ်ကြည့်စမ်းပါ။

သတိပဋ္ဌာန်ဆိုတဲ့ ပါဠိစကားရဲ့အဓိပ္ပါယ်ဟာက လွန်စွာတည်သော သတိ၊ ခိုင်မြဲစွာ တည်သောသတိလို့ဆိုလိုပါတယ်။ ဒါကြောင့် -

(၁) ထွက်သက် ဝင်သက် အစရှိသော ရူပကာယ၌ ခိုင်မြဲစွာတည်တဲ့ သတိဟာ ကာယာနုပဿနာသတိပဋ္ဌာန်မည်ပါတယ်။

(၂) ဝေဒနာတရားတို့၌ ခိုင်မြဲစွာတည်တဲ့ သတိဟာ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်မည်ပါတယ်။

(၃) သရာဂစိတ်၊ ဝီတရာဂစိတ် အစရှိသော စိတ်အပြား၌ ခိုင်မြဲစွာ တည်တဲ့ သတိဟာ စိတ္တာနုပဿနာသတိပဋ္ဌာန်မည်ပါတယ်။

(၄) နီဝရဏအစရှိသော ဓမ္မတို့၌ ခိုင်မြဲစွာတည်တဲ့ သတိဟာ ဓမ္မာ နုပဿနာသတိပဋ္ဌာန်မည်ပါတယ်။

www.dhammaransi.com



သတိပဋ္ဌာန်တရားဆိုတာ ကြီးစွာသော သတိဦးဆောင်ပြီး အားထုတ်ရတဲ့ တရားဖြစ်ပါတယ်။ သတိချွတ်ယွင်းတဲ့ ပုဂ္ဂိုလ်များ အားထုတ်လို့ရတဲ့ တရားမျိုးမဟုတ်ပါ။ ဒီတော့ သတိချွတ်ယွင်းသူဖြစ်ခဲ့ရင် အာနာပါန ကမ္မဋ္ဌာန်းတခုတည်းကိုသာ အားထုတ်လို့ အကျိုးထူးမည် မဟုတ်ပါဘူး။ သတိပဋ္ဌာန်လေးပါးလုံးကို အားထုတ်ပါကလဲ အကျိုးထူး မည်မဟုတ်ပါ ခင်ဗျား။

ထို့ပြင် မြတ်စွာဘုရားဟာ ဘုရားအဖြစ်သို့ရောက်ပြီးနောက်၌လဲ အာနာပါနသတိကိုဘဲ ပွားများနေပါတယ်။ ဒီအကြောင်းကို ထင်ရှားစေရန် အာနာပါနသံယုတ် ကင္ခာနင်္ဂလသုတ်ကို တင်ပြပါ့မယ်။

## ကင္ခာနင်္ဂလသုတ်

အခါတပါး၌ မြတ်စွာဘုရားဟာ ကင္ခနင်္ဂတရွာ ကင္ခနင်္ဂလ တောအုပ်မှာ သီတင်းသုံးတော်မူပါတယ်။ ထိုအခါ ရဟန်းတို့ကို "ရဟန်း တို့ ငါသည် သုံးလပတ်လုံးတပါးတည်း ကိန်းအောင်းနေလို၏၊ ဆွမ်းပို့မည့် ရဟန်းမှတပါး ငါ၏ထံသို့မည်သူမျှ မချဉ်းကပ်ရ" ဟု မိန့်တော်မူပါတယ်။

ထို့နောက် သုံးလလွန်သဖြင့် တပါးတည်းကိန်းအောင်းရာမှ ထတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူပါတယ်။ ရဟန်းတို့ သာသနာပြင်ပ အယူရှိသော ပရိဗိုဇ်တို့က ငါ့သျှင်တို့ရဟန်းဂေါတမ မိုးလပတ်လုံး အဘယ်နေခြင်းမျိုးဖြင့် အနေများသနည်းလို့အကယ်၍ မေးကုန်ငြားအံ့။ "ငါ့သျှင်တို့ မြတ်စွာဘုရားဟာ မိုးလပတ်လုံး အာနာပါနသတိ သမာဓိ ဖြင့် အနေများ၏" ဟု ဖြေကုန်ရာ၏။

ရဟန်းတို့ အကြွင်နေခြင်းမျိုးကို ကောင်းစွာဆိုလိုသူသည် (၁)အရိယာတို့၏နေခြင်းဟူ၍ရင်း၊ (၂)မြတ်သောနေခြင်းဟူ၍ရင်း၊ (၃)မြတ်စွာဘုရား၏နေခြင်းဟူ၍ရင်း ဆိုရာ၏။

တဖန် အာနာပါနသံယုတ် ကခေ်ယျသုတ်မှာ -

## ကခေ်ယျသုတ်

ရဟန်းတို့ (ကျင့်ဆဲ) သေက္ခဖြစ်ကုန်သော အရဟတ္တဖိုလ်သို့ မရောက်သေးကုန်သော အတုမရှိသော ယောဂ၏ကုန်ရာ နိဗ္ဗာန်ကို တောင့်တ၍ နေကုန်သော ရဟန်းတို့အား အာနာပါနသတိ သမာဓိကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော အာသဝကုန်ခြင်း ငှာဖြစ်၏။

www.dhammaransi.com



ရဟန်းတို့အားသာကုန်ပြီးသော (မဂ်အကျင့်ကို) ကျင့်သုံးပြီးကုန်သော (အရဟတ္တဖိုလ်) သို့ရောက်ပြီးကုန်သော ရဟန်းတို့အား အာနာ ပါနသတိ သမာဓိကို ပွားများအပ်၊ ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော်၊ ယခုဘဝ၌ပင် ချမ်းသာစွာ နေခြင်းငှာရင်း အောက်မေ့မှုသတိ၊ ဆင်ခြင်ဉာဏ် - သမ္ပဇဉ်နှင့် ပြည့်စုံခြင်းဖြစ်၏ဟူ၍ ဟောတော်မူပါတယ် ခင်ဗျား။ (အကျယ်ကို မူရင်းသုတ်မှာကြည့်ပါ)

လူပြန် - လက်သံက တယ်လဲပြောင်လိုက်ပါလား ခင်ဗျာ။ ဒါထက် မြတ်စွာဘုရားထူးထူးခြားခြား ချီးကျူးထားတဲ့ အာနာပါနကမ္မဋ္ဌာန်းကို ကိုယ့်အားမထုတ်ချင်နေပါ။ "သဲအင်းဂူအာနာပါနဟာ သမထကြီးပါကွာ" လို့တော့ သူတပါးအား "သူခိုးသေဘော်ညို" တဲ့ ဓမ္မန္တရာယ်ဖြစ်မယ့် စကားမျိုးကို ပြောဆိုပြီး အဘော်မညှိပါနဲ့ သတိပေးချင်တယ်ဆိုပါတော့။

www.dhammaransi.com



စကားမှန်၏ ညာဏ်မခ

မိုးကြိုး - ဟလိုး ... လူပြန်တော်ပညာရှိကြီး ဒီနေ့တယ်စောပါကလား။ ဘယ်အရေး ဘယ်ကိစ္စထူးများရှိပါသလဲ ခင်ဗျား။

မိတ်ဆွေ - သတိပဋ္ဌာန်၌လာသော တရားကို ကျင့်သောသူသည် ပဏ္ဍိတော ပညာရှိမည်၏ဆိုသောအတိုင်း သဲအင်းဂူဆရာတော်ဘုရား သင်ကြားပြသပေးနေတဲ့ သတိပဋ္ဌာန်လေးပါးအကျင့်မြတ်တရားကို ကြိုးစားအားထုတ်နေတဲ့ ကျွန်တော်အား ပညာရှိအမည်တပ်ပြီး ခေါ်လိုက်ခြင်းအတွက် အထူးကျေးဇူးတင်ပါတယ်။

ဒါထက် စာတတ်ပေတတ်တစ်ဦးက ကျွန်တော့်ထံလာပြီး သဲအင်းဂူကျင့်စဉ်ဟာ အတ္တကိလမထာနုယောဂအကျင့်များဖြစ်နေလေရော့သလားဆိုတာ ဆွေးနွေးပါတယ်။

မိုးကြိုး - ဒီ အတ္တကိလမထာနုယောဂပြဿနာဟာ တယ်လဲဒုဒယ်ကြီးမားပါကလား ခင်ဗျား။ ကျွန်တော်ရေးသားထုတ်ဝေထားတဲ့ ဒိဋ္ဌိသတ် - တဏှာသတ်စာအုပ်ကို ထိုပုဂ္ဂိုလ်မဖတ်ရှုရသေးဘူးထင်တယ်။ ဒါထက်သူက စာတတ်ပေတတ်ဆိုတော့ ပါဠိတော်အဋ္ဌကထာနဲ့ ဋီကာလာစကားများကို အထောက်အထားပြုပြီး ဆွေးနွေးတယ်ဆိုပါတော့။

မိတ်ဆွေ - ဒိဋ္ဌိသတ်၊ တဏှာသတ်စာအုပ်ကို သူမဖတ်ရှုရသေးပါဘူးတဲ့။ ဒါပေမယ့် သူက ပဋိသမ္ဘိဒါမဂ်၊ အဋ္ဌကထာလာ၊ မဇ္ဈိမပဋိပဒါပုဒ်ရဲ့ ရှင်းလင်းဖွင့်ဆိုချက်ကို ကိုးကားပြီးပြောပြပါတယ်။

မိုးကြိုး - သူရဲ့ပြောပြချက်ကို မိတ်ဆွေမှတ်မိသမျှ တင်ပြစမ်းပါ။

မိတ်ဆွေ - မဇ္ဈိမာတိသံကိလိဋ္ဌ သုခဒုက္ခာနံ ...(အစ)ပဋိပဒါ ... အဆုံး ရှိတဲ့ ပုဒ်ရဲ့ အဓိပ္ပါယ်က နိဗ္ဗာန်ရအောင် အားထုတ်လိုသော ယောဂီသည် ကိလေသာဖြစ်၍

www.dhammaransi.com



ညစ်ညူးစေတတ်သော ချမ်းသာဆင်းရဲတို့မပါအောင် ကျင့်မှာသာလျှင် မဇ္ဈိမပဋိပဒါအလယ်လမ်းအကျင့်မည်၏ပါတဲ့ ခင်ဗျား။

မိုးကြိုး - မိတ်ဆွေရဲ့ လူစာတတ်ပေတတ်ဓမ္မစရိယကြီးသည်ကားဆိုရင် (သံကိလေသိက)နဲ့(သံကိလိဋ္ဌ)ဆိုတဲ့ ပါဠိပုဒ်နှစ်ပုဒ်ရဲ့အဓိပ္ပါယ်ကိုတောင် ကွဲကွဲပြားပြားခွဲခြားပြီး မသိသေးဘဲကိုး။ မာတိကာ ဓါတုကထာအရ ကောက်ကျမ်းကို ပြန်လည်ဖတ်ရှုခဲ့ရင် -

(၁) သံကိလေသိကာ ပူပန်စေတတ်၊ နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကိုရခြင်းငှာ ထိုက်ကုန်သော ဓမ္မာသဘောတရားတို့သည် သန္တိရှိကုန်၏လို့ဆိုထားပါတယ်။ ၎င်းအထဲမှာ လောကီစိတ် (၈၁)၊ စေတသိတ်(၅၂)နဲ့ရုပ်(၂၈)ပါးတို့ပါဝင်ပါတယ်။ အဲဒီကိလေသာ ဟာက နဂိုရှိရင်းစွဲ ကိလေသာဖြစ်ပါ တယ်။

(၂) သံကိလိဋ္ဌာ၊ ပူပန်စေတတ်၊ နှိပ်စက်တတ်ကုန်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သော ဓမ္မသဘောတရားတို့သည် သန္တိရှိကုန်၏လို့ဆိုထားပါတယ်။ ၎င်းအထဲမှာ အကုသိုလ်စိတ် (၁၂)နဲ့ စေတသိက် (၂၇)ပါးတို့ ပါဝင်ပါတယ်။ ထိုကိလေသာဟာက နဂိုရှိရင်းမှာ အပိုသွန်းလောင်းပါဝင်နေကြတဲ့ ကိလေသာဖြစ်ပါတယ်။ ၎င်းပုဒ်နှစ်ပုဒ်တို့ရဲ့ မတူကြဘူး၊ ခြားနားကွဲပြားတယ်ဆိုတာကို သဘောပေါက်ရမည်ဖြစ်ပါတယ်။ အဲဒီအချက်ကို ဉာဏ်ငုံမိသွားခဲ့ရင် မဇ္ဈိမပဋိပဒါဆိုတဲ့ အဋ္ဌကထာ ဆရာရဲ့ဆိုလိုသော အနက်သဘောကို သိရှိသွားမည်ဖြစ်ပါတယ်။ ဒါထက်ဆက်စမ်းပါအုံးခင်ဗျာ။

မိတ်ဆွေ - သူက ကိလေသာဆိုတာ စင်ကြယ်တဲ့ တရားကို တနည်းနည်း နဲ့ ညစ်နွမ်းအောင် လုပ်တာကိုခေါ်တယ်။ ဒါကြောင့် ချမ်းသာကို နှစ်သက်ကျေနပ်လို့ သဘောကျနေတာဟာ လောဘကိလေသာဖြစ်နေသလို၊ ဆင်းရဲခြင်းကို မနှစ်သက် မကျေနပ်သဘောမကျဖြစ်နေတာဟာ ဒေါသကိလေသာ ဖြစ်တာဘဲတဲ့။ ဒီတော့ တရားယောဂီဟာ ချမ်းသာကိုတွေ့လို့နှစ်သက်နေရင် ကိလေသာဖြစ်တယ်။ ဒီလိုကိလေသာဖြစ်ပြီး ရုပ်နာမ်တို့ရဲ့အမှန်ဖြစ်ပျက် သဘောကို မသိခဲ့ရင် မဇ္ဈိမပဋိပဒါမကျတော့ဘဲ "ကာမသုခလ္လိက" အစွန်းတဖက်သို့ရောက်သွားပြီလို့ဆိုပါတယ်။ ထို့အတူ ကိုယ်ဆင်းရဲတွေ့လို့ ဒေါမနဿဝင်နေရင် ကိလေသာဖြစ်တယ်။ ဒီလို ကိလေသာဖြစ်ပြီး ရုပ်နာမ်တို့ရဲ့ အမှန်ဖြစ်ပျက်သဘောကို မသိမြင်ခဲ့ရင်လဲ မဇ္ဈိမပဋိပဒါ မကျတော့ဘဲ

www.dhammaransi.com



"အတ္တကိလမထ" အစွန်းထဲသို့ရောက်သွားတာဘဲတဲ့။ ဒီတော့ ဒုက္ခဝေဒနာ တခုခုကို တွေ့လာရင် ဒေါမနဿအဆင့်သို့မရောက်အောင် ဣရိယာပုတ်ကို ပြောင်းလဲပေးလိုက်ရင် ဒေါမနဿ ဆက်မဖြစ်ဘူးတဲ့။ သဲအင်းဂူကျင့်စဉ်အရ ဒီလိုကာယိက ဒုက္ခဝေဒနာတွေပေါ်လာလို့သည်းမခံနိုင်လျှင် တရားရမယ် မဟုတ်လို့ ထင်မြင်ယူဆကာ ဣရိယာပုတ်မပြောင်းဘဲထားခြင်းဟာ ခန္ဓာကိုယ်ကိုတနည်းတဖုံအားဖြင့်ညှဉ်းပန်းရာကျတဲ့အတွက် "အတ္တကိလမထ" အစွန်းဘက်သို့ရောက်နေတယ်လို့ဆိုလိုပါတယ်တဲ့ ခင်ဗျာ။

မိုးကြိုး - ဒါထက် ခင်ဗျားရဲ့လူက သူတို့အားထုတ်တဲ့ မဇ္ဈိမပဋိပဒါအကျင့်က ဘယ်လိုလဲဆိုတာ ပြောမပြဘူးလား။

မိတ်ဆွေ - ပြောပြပါတယ်။ သူတို့အားထုတ်တဲ့ ကျင့်စဉ်ဟာက ဒီလိုပါ။ တရားယောဂီဟာ တရားအားထုတ်တဲ့အခါ ကိုက်ခဲ၊ ထုံကျင်စတဲ့ ကာယိက ဒုက္ခဝေဒနာတွေပေါ်လာခဲ့ရင် ဒေါမနဿဖြစ်မှာစိုးလို့ ဣရိယာပုတ်ကို ပြုပြင်ပြောင်းလဲပေးလိုက်ပြီး ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ သတိပဋ္ဌာန် လေးပါးအရ ရုပ်နာမ်ကို ဉာဏ်နဲ့စူးစိုက်ပြီး ရုပ်လဲဖြစ်ပျက်၊ ဝေဒနာလဲ ဖြစ်ပျက်၊ သဘောတရားလဲဖြစ်ပျက်ကို ရှုပွားပါတယ်။ ဒီလိုရှုပွားလို့ ဖြစ်ပျက် တွေမြင်တဲ့အခါ ဝိပဿနာပညာဖြစ်တယ်။ အဲဒီပညာနဲ့ ဖြစ်ပျက် မြင်ဖန်များတော့ ဒုက္ခသစ္စာကို မြင်တယ်။ အဲဒီဒုက္ခသစ္စဟာ တဖြေးဖြေး ကုန်ဆုံးချုပ်ပျောက်သွားရင် အဲဒါ (သုည) နိဗ္ဗာန်လို့ ခေါ်တာပါဘဲတဲ့။ ရှေ့ကဖြစ်ပျက်၊ နောက်ကမဂ်ဆိုတဲ့ သဘောဘဲတဲ့။

မိုးကြိုး - နေပါအုံးဗျ။ ခင်ဗျားလူပြောတဲ့ မဇ္ဈိမပဋိပဒါအရ ဒုက္ခဝေဒနာ ပေါ်လာတဲ့အခါ ဣရိယာပုတ်ကို ပြုပြင်ကာ သုခဝေဒနာဖြစ်အောင် ဝါသဘောနဲ့ လုပ်ပေးလိုက်တော့ကော "ကာမသုခလ္လိက" အစွန်းဘက်သို့ရောက်မသွားဘူး တဲ့လား ဘယ်လိုပါလဲ။

မိတ်ဆွေ - သူကရိုးရိုးဘဲ သူတို့ရဲ့ကျင့်စဉ်ဟာ "ကာမသုခလ္လိက" အစွန်းဘက်သို့ ရောက်သွားပါတယ်လို့ ဝန်ခံပါတယ်။ ဒါပေမယ့် သုခဝေဒနာဟာ သမာဓိကြီးထွားရန် ပဒဋ္ဌာန်အကြောင်းဖြစ်တဲ့အတွက် ထိုသမာဓိကို အခြေခံလိုက်ရင်ဖြစ်ပျက်ကိုမြင်လွယ်တယ်လို့ဆိုပါတယ်။

မိုးကြိုး - အင်း ... ကိုယ့်ငါးချဉ်ကိုယ်ချဉ်ခြင်းဟာ လောကဓမ္မတာပေပ ခင်ဗျား။ ဒါထက် ဝေဒနာနာမ်သုံးပါးကို အရှုခံ အာရုံအဖြစ်ထားပြီး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာဉာဏ်များပေါ်အောင် (ဝါ) ဒုက္ခသစ္စာကို ထူးသော ဉာဏ်နဲ့သိအောင်

www.dhammaransi.com



ရှုပွားရမယ်လို့ မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ် ဝေဒနာနုပဿနာကမ္မဋ္ဌာန်းပိုင်းမှာ အတိအလင်းဟောထားပါလျှက်ကနဲ့ ဒုက္ခဝေဒနာကို ဣရိယာပုတ်ပြုပြင်ပေးခြင်းနဲ့ ဖယ်ရှားဖုံးဖိကာ မရှုပွားဘဲ ချွန်းချန်ထားခဲ့ခြင်းကတော့ ဘုရားစကားကို ဖြောင့်ဖြောင့်ဆန့်ကျင်ရာ ကျမနေပေဘူးလား ခင်ဗျား။

သူပြောတဲ့ မဇ္ဈိမပဋိပဒါလမ်းဟာ ဟုတ်တယ်၊ မှန်တယ်လို့ထားပြီး ဆက်လက်စဉ်းစားရင် (၁)သဲအင်းဂူကျင့်စဉ်ဟာက အတ္တကိလမထ အပြစ်တမျိုးတည်းသာဖြစ်ပါတယ်၊ (၂)ခင်ဗျားလူ့ရဲ့ ကျင့်စဉ်က (က)ကာမသုခလ္လိက အပြစ်တမျိုးနဲ့ (ခ)ဘုရားဟော ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ဆန့်ကျင်ခြင်းအပြစ်တမျိုးပေါင်း အပြစ်နှစ်မျိုးဖြစ်မနေပေဘူးလား။

ဒီလို ဘာကြောင့်ဖြစ်ရသလဲဆိုတော့ ကျွန်တော်ပြောခဲ့တဲ့ (၁)သံကိလိဋ္ဌနဲ့(၂)သံကိလေသိကတို့ရဲ့ကွဲပြားခြားနားချက်ကို တိတိကျကျ ခွဲခြားပြီး မသိလို့ဖြစ်ရတာပါ။

အမှန်ကတော့ ခင်ဗျာလူ့ရဲ့ ကျင့်စဉ်မျိုးနဲ့ ကျင့်နေတယ်ဆိုတဲ့ ဆရာတော်ကြီးတပါးနဲ့ ကျွန်တော်ဟာ လွန်ခဲ့တဲ့ (၁၂)နှစ်လောက်က ခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့ဘူးပါတယ်။ ထိုဆရာတော်ကြီးဟာ လွန်ခဲ့သော (၈)နှစ်လောက်က ပြန်လွန်တော်မူသွားပါတယ်။ ဆရာတော်ကြီးက စာပေတတ်မြောက်ပါတယ်။ နာမည်တော့ မကြီးပါ။ ဒီလိုစာပေတတ်မြောက်လို့ ဒေသနာနဲ့ညီညွတ်တယ်လို့သူထင်မြင်ယူဆတဲ့ သမထဝိပဿနာအကျင့်ကို ဆရာတော်ဟာ နည်းပြဆရာမရှိဘဲ ကျင့်ကြံအားထုတ်ပါတယ်။ ဆရာတော် ပြန်လွန်တော်မူပြီးတဲ့နောက် ဆရာတော်ဘုရားဟာ ဒုက္ခဝေဒနာ ခံစားရတဲ့အခါ သည်းခံနိုင်၊ သည်းမခံနိုင်ကြောင်းကို ဆရာတော်ဘုရားအား ပြုစုကြရတဲ့ ပုဂ္ဂိုလ်များကို စုံစမ်းမေးမြန်းကြည့်တဲ့အခါ ဆရာတော်ဟာ ဒုက္ခဝေဒနာကို သည်းမခံနိုင်တဲ့အတွက် နံရံနဲ့ခေါင်းနဲ့ဆောင့်ကြောင်း ကယ်ပါလေးယူပါလေး အော်ဟစ်ညည်းတွားပြီး ပြန်လွန်တော်မူကြောင်းများကို ဝမ်းနည်းဘွယ်ရာ သိရှိရပါတယ် ခင်ဗျား။

ဒီလိုဘာကြောင့်ဖြစ်ရသလဲဆိုတော့ "ရဟန်းပုဂ္ဂိုလ်လူ့ထိုထို စာကိုကျင့်သုံး၏၊ စကားမှန်၏၊ ဉာဏ်မမိ၊ ထိအောင်သူမသိ" ဆိုတာမျိုး ဘုရားဟောဒေသနာကို ဉာဏ်မငုံမိတဲ့အတွက်နဲ့အရိယာဆရာကောင်း ထံမှာ

www.dhammaransi.com



နည်းမခတဲ့အတွက် ဒီလိုဖြစ်တယ်လို့ဆိုရပါမယ်။

ဘုရားဟောမဟာသတိပဋ္ဌာနသုတ်မှာ ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာ သုံးပါးလုံးကို ပညာနဲ့သိအောင် ရှုပွားရမယ်လို့တိတိကျကျ ဆိုထားပါလျက်ကနဲ့ ဒုက္ခဝေဒနာကို ဣရိယာပုတ်ပြုပြင်ကာ ဖယ်ရှား ထားခြင်းကြောင့်ရင်း။

အင်္ဂုတ္တိုရ်ပါဠိတော် အာတပ္ပကရနီယသုတ်မှာ -

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် (၁)မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားထုတ်ခြင်းကို ပြု၏။ (၂)မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ အားထုတ် ခြင်းကို ပြု၏။ (၃)ဖြစ်ပေါ်လာကုန်သော ပြင်းထန်ကုန်၊ ကြမ်းတမ်းကုန်၊ ကြင်နာစပ်ရှားကုန် မသာယာဖွယ်ဖြစ်ကုန်၊ မနှစ်သက်ဖွယ်ကုန် အသက်ကို ဆောင်တတ်ကုန်သော ကိုယ်၌ဖြစ်ကုန်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်ခြင်းငှာ အားထုတ်ခြင်းကို ပြု၏။

ရဟန်းထိုအခါ၌ ဤရဟန်းကို ဆင်းရဲအဆုံးကို ကောင်းစွာပြု ခြင်းငှာ၊ (အရဟတ္တမဂ်ကိုရရှိခြင်းငှာ)အားထုတ်ခြင်းရှိသော ရင့်ကျက်သော၊ ပညာရှိသော၊ သတိနှင့် ပြည့်စုံသော ရဟန်းဟုဆိုအပ်၏လို့ ဟောကြားထားပါလျက်နဲ့ ကာယိကာဒုက္ခဝေဒနာကို သည်းခံကာ မရှုပွားဘဲ ဣရိယာပုတ်ပြုပြင်ကာ ဖယ်ရှားထားခြင်းကြောင့်ရင်း ဤအကြောင်းများကြောင့် -

သေခါနီးဆဲဆဲတွင် မိမိအားသတ်မဲ့ ဒုက္ခဝေဒနာကြီးများ ပေါ်ပေါက်လာသဖြင့် ဣရိယာပုတ်ကို ပြုပြင်ပေးခြင်းဖြင့် ဖယ်ရှားထား၍ မရတော့တဲ့အခါ အမယ်လေး၊ အဘလေးအော်ဟစ်ကာ ဒေါမနဿကြီး တခွဲသားနဲ့ပြန်လွန်တော်မူရခြင်းဖြစ်တဲ့အတွက် ကြေကွဲဝမ်းနည်းဘွယ်ရာ ကောင်းလှပါတယ် ခင်ဗျား။

မိတ်ဆွေ - အရင်တပတ်က ဆွေးနွေးခဲ့တဲ့အကြောင်းကို ပြည့်စုံအောင် ဆက်လက်ဆွေးနွေးကြရင် ကောင်းမယ်ထင်ပါတယ်။

မိုးကြိုး - မှန်ပါတယ် ဆွေးနွေးပါမယ်။ မြတ်စွာဘုရားက ဓမ္မစကြာ တရားဦးမှာ (က)ကာမသုခလ္လိကာ နုယောဂနဲ့ (ခ)အတ္တကိလမထာ နုယောဂဆိုသော ယုတ်မာတဲ့ အစွန်းတရားနှစ်ပါးကို ရှောင်ရှားဘို့သတိ ပေးဟောကြားပြီးနောက် မဂ္ဂင်ရှစ်ပါးဆိုတဲ့ မဇ္ဈိမပဋိပဒါအလယ်လမ်းနဲ့ သစ္စာလေးပါးကို ဟောကြား တော်မူခဲ့ပါတယ်။

www.dhammaransi.com



## ကာမသုခလ္လိကာနုယောဂ

ကာမသုခလ္လိကာနုယောဂရဲ့အဓိပ္ပါယ်ကတော့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ကာမဂုဏ်ငါးပါးကို လိုက်စားမြှူးထူးပြီး၊ ယစ်မူးမေ့လျော့တရားဘက်၌ ပေါ့လျော့နေကြတာကို ကာမသုခလ္လိကာနုယောဂလို့ဆိုပါတယ်။ ၎င်းကို အဘိဓမ္မနည်းအားဖြင့် တရားကိုကောက်ရင် ကာမဂုဏ်တို့၌ သာယာသော တဏှာလောဘကို ကောက်ယူရပါမယ်။

ကာမသုခလ္လိကာနုယောဂအကျင့်ကို ဘယ်လိုကျင့်သလဲဆိုတာကို ပြောပြပါမယ်။ ဘုရားသာသနာရဲ့ အပြင်အပဖြစ်ကြတဲ့ တိတ္ထိအချို့တို့က တင်းတိမ်ရောင့်ရဲစွာ ခံစားခွင့်မရတဲ့အတွက်ကြောင့် တဏှာစိတ်ခါတ်ဟာ အမြဲမပြတ်ငတ်၍သာနေတယ်။ တဏှာခါတ်ဟာ သဘောကျအတိုင်း အတားအဆီးမရှိ တွေ့တွေ့သမျှ ကာမဂုဏ်တို့ကို တင်းတိမ် ရောင့်ရဲအောင် ခံစားလိုက်ခဲ့ရင် ထိုတဏှာဟာ အားရတင်းတိမ်ပြီး။ နောက်တကြိမ် သာယာတပ်မက်ခြင်းမရှိတော့မည် မဟုတ်လို့ ထင်မြင်ယူဆကြပါတယ်။ ဒီလိုအမြင်မှောက်မှားတဲ့ တိတ္ထိတို့ဟာ ကာမဂုဏ်ကို အစွမ်းကုန် လိုက်စားကြပါတယ်။

မိတ်ဆွေနဲ့ လာရောက်ဆွေးနွေးတဲ့ ပုဂ္ဂိုလ်ဟာက စာတတ် ပေတတ်ဆိုတော့ စာပေအထောက်အထားများကို ထည့်သွင်းပြောဆိုရမှာ ပေါ့ ခင်ဗျား။

ကာမသုခလ္လိကာနဲ့ ပတ်သက်ပြီး ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကြီးက ကာမဂုဏ်ငါးဖြာကို သာယာခံစားမှု၌ လိုက်စားအားထုတ်တတ်သော ကာမသုခလ္လိကာနုယောဂအယုတ်တရားသည် ပစ္စုပ္ပန်ဘဝ၌လည်း တဏှာ ဒိဋ္ဌိနှစ်ပါးတို့ဖြင့် ညစ်ညူးသော ချမ်းသာဖြစ်သောကြောင့်၎င်း၊ နောင် သံသရာ၌လည်း ၎င်းတဏှာဒိဋ္ဌိတို့အတွက် သက်သက်ဆင်းရဲသော အကျိုးကိုပေးတတ်သောကြောင့်၎င်း၊ ထိုအယုတ်တရားကို လိုက်စား အားထုတ်မိသူတို့အား တဏှာဒိဋ္ဌိဟူသော နှောင့်ဖွဲ့ခြင်းဖြင့် အတင်းဖွဲ့ ချည်မိသည့်အတွက် သံသရာစက်မှ မထွက်နိုင်၊ မလွတ်နိုင်သောကြောင့် ၎င်း၊ ထိုအယုတ်တရားကို မလိုက်စားအပ်ဟု ဆိုပါတယ်။

အဲဒီအဋ္ဌကထာ အဖွင့်ပါဠိမှာ (သံကိလိဋ္ဌသုခတ္တာ)လို့ဆိုထားပါတယ်။ အဲဒီအချက်ကို အထူးသတိပြုရမည်ဖြစ်ပါတယ်။ ကာမသုခလ္လိ က အကျင့်ဟာ ရှိရင်းကိလေသာထဲသို့ ကိလေသာနောက်ထပ်ဖြည့်စွက်ခြင်းကို တွေ့ရမည်

www.dhammaransi.com



ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ သဲအင်းဂူကျင့်စဉ်ဖြစ်တဲ့ ဒုက္ခဝေဒနာကို ရှုပွားနည်းဟာ အတ္တကိလမထာနုယောဂအကျင့်ရယ်လို့ စွပ်စွဲ ပြောဆိုပေမယ့် ထိုပုဂ္ဂိုလ်ရဲ့ အကျင့်ဖြစ်တဲ့ သုခဝေဒနာကို ရှုခြင်းဟာ ကာမသုခလ္လိကာနုယောဂအကျင့်မဟုတ်ဘူးလို့ ကျွန်တော်ဆိုပါတယ်။ အကယ်၍ အပြစ်ဆိုချင်ရင် အရိယာဆရာကောင်းထံမှာ နည်းမခံတဲ့အတွက် ဘုရားဟောဝေဒနာနုပဿနာသတိပဋ္ဌာန်ကို အချိုးကျအောင် မရှုပွားတတ်ဘူးဟူ၍သာ အပြစ်ဆိုသင့်ပါတယ်။

ထိုပုဂ္ဂိုလ်က ဝမ်းမြောက်ခြင်းသောမနဿ နှလုံးမသာခြင်း၊ ဒေါမနဿဆိုရင် ဘယ်သောမနဿ ဘယ်ဒေါမနဿကိုမှ မမှီဝဲအပ်ဘူး။ လစ်လျူရှုခြင်း၊ ဥပေက္ခာဆိုရင် မမှီဝဲအပ်တာမရှိ၊ အားလုံးမှီဝဲအပ်တယ်လို့ ယူဆနေဟန်တူပါတယ်။ ဒီအကြောင်းကို နောက်ပိုင်းမှာ သက္ကပညှသုတ်နဲ့ ရှင်းလင်းတင်ပြပါမယ်။

## အတ္တကိလမထာနုယောဂ

အတ္တကိလမထာနုယောဂဆိုတဲ့ အဓိပ္ပါယ်က ရေချိုးခြင်း၊ မီးလှုံခြင်း၊ ဆူးပေါ်အိပ်ခြင်း၊ အကြောင်းမဲ့အဟာရဖြတ်ထားခြင်း၊ ပြာလူးခြင်းစတဲ့ မိမိကိုယ်ကိုပင်ပန်းဆင်းရဲအောင် အပိုဆောင်းပြီး ကျင့်တဲ့အကျင့်ကို ဆိုပါတယ်။ ၎င်းကို အဘိဓမ္မာနည်းအားဖြင့် ဒေါသကို တရားကိုယ် ကောက်ယူရပါမယ်။

၎င်းအကျင့်မျိုးကို ကျင့်ကြံသူများကတော့ ဘုရားသာသနာရဲ့ အပြင်ဘက်ကတိတ္ထိမချို့တို့ဖြစ်ပါတယ်။ ၎င်းတို့က ကိုယ်ကာယကြီးကို ချမ်းသာအောင် မွေးမြူ၍ထားသောကြောင့် တဏှာတိုးပွားနေတယ်။ ဒီကိုယ်ကြီးကိုယ် ညှင်းဆဲနိုင်သမျှ ညှင်းဆဲခဲ့ရင် တဏှာဖြစ်ပေါ်ခွင့်မရနိုင်ဘဲ တဏှာကုန်ခမ်းသွားမယ်လို့ထင်မြင်ယူဆပြီး ကိုယ်ကိုညှင်းပန်းကြပါတယ်။ စိတ်ကို ယဉ်ကျေးအောင် ဆုံးမသောအကျင့် လုံးဝမဟုတ်ပါ။ အဲဒီကျင့်စဉ် နဲ့ သဲအင်းဂူကျင့်စဉ်ဟာ အမဲနဲ့အဖြူလိုကွာခြားကွဲပြားနေပါတယ်။

အတ္တကိလမထာနုယောဂနဲ့ ပတ်သက်ပြီး ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကြီးက ဒိဋ္ဌိတရားအယူမှား၍ လိုက်စားမိတဲ့အတွက် ကိုယ်ခန္ဓာကို အပင်ပန်းရှာမှုဆိုတဲ့ အတ္တကိလမထာနုယောဂ အယုတ်တရားဟာ ပစ္စုပ္ပန်ဘဝ၌လည်း ဒိဋ္ဌိဟူသော တရားရှုံးဖြင့် ညစ်ညူးသော၊ ဆင်းရဲဖြစ်သော

www.dhammaransi.com



ကြောင့်ဝှင်း၊ နောင်သံသရာ၌လည်း ဝှင်းဒိဋ္ဌိအတွက် သက်သက်ဆင်းရဲ သော အကျိုးကိုပေးတတ်သောကြောင့်ဝှင်း၊ ထိုအယူတ်တရားကို လိုက်စား အားထုတ်မိသူတို့အား ဒိဋ္ဌိဟူသော နှောင်ဖွဲ့ခြင်းဖြင့် အတင်းဖွဲ့ချည်မိတဲ့ အတွက် သံသရာစက်မှ မထွက်နိုင်၊ မလွတ်နိုင်သောကြောင့်ဝှင်း၊ ထို အတ္တကိလမထာ နုယောဂအယူတ်တရားကို မလိုက်စားအပ် မမှီဝဲအပ်ဟု ဆိုထားပါတယ်။ ထိုအကျင့်ဟာ ခါတ်ကြီးလေးပါးဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာတဲ့ နဂိုဒုက္ခထဲမှာ ရေ၊ မီး၊ ဆူးစတဲ့ ဗဟိဒ္ဓပယောဂတို့နဲ့အပိုဒုက္ခ များကို ထပ်လောင်းဖြည့်စွက်ထားခြင်းကို တွေ့ရမည်ဖြစ်ပါတယ်။

## သက္ကပဉှသုတ်

မြတ်စွာဘုရားသခင်က သကြ်ာနိအတွင်းမှာ နတ်ပြည်က လူပြည်ကို ဆင်းဆင်းလာတယ်လို့တို့ ဗမာများ ယုံကြည်ယူဆနေကြတဲ့ နတ်တို့အရှင် သိကြားမင်းကြီးကို ဟောကြားတဲ့ သက္ကပဉှသုတ်မှာ -

နတ်တို့၏ အရှင်သိကြားမင်း၊ ဝမ်းမြောက်ခြင်းသောမနသဿကို လည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။ နတ်တို့၏ အရှင်သိကြားမင်း နှလုံးမသာခြင်း ဒေါမနဿကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း မမှီဝဲအပ်သော နှလုံးမသာခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဟော၏။

နတ်တို့၏ အရှင်သိကြားမင်း လျစ်လျူရှုခြင်း ဥပေက္ခာကိုလည်း မှီဝဲအပ်သော လျစ်လျူရှုခြင်း မမှီဝဲအပ်သော လျစ်လျူရှုခြင်းဟူ၍ နှစ်ပါး အပြားဖြင့် ငါဟော၏။

နတ်တို့၏ အရှင်သိကြားမင်း မှီဝဲအပ်သော၊ မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းသောမနသဿနှစ်ပါးတို့တွင် ဤဝမ်းမြောက်ခြင်းကိုမှီဝဲအပ်သော ငါ့အား အကုသိုလ်တရားတို့ပွားများ၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟု အကြင်ဝမ်းမြောက်ခြင်းကို သိငြားအံ့။ ထိုသို့သဘောရှိသော ဝမ်းမြောက်ခြင်းကို မမှီဝဲအပ် ဤဝမ်းမြောက်ခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ပွားများကုန်၏ဟု အကြင်ဝမ်းမြောက်ခြင်းကို သိငြားအံ့ ထိုသို့သဘော ရှိသော ဝမ်းမြောက်ခြင်းကို မှီဝဲအပ်၏။

(မှတ်ချက် ။ ။ သုခဝေဒနာကို ဒုက္ခသစ္စာအနေသိမြင်အောင် ရှုပွားခြင်းဟာ ဤဒေသနာနဲ့ ညီညွတ်နေပါတယ်။ မိုးကြိုး)

www.dhammaransi.com



ထိုမှီဝဲအပ်သော ဝမ်းမြောက်ခြင်း၌ အကြင်ဝမ်းမြောက်ခြင်းသည် ကြံစည်ခြင်း၊ ဝိတတ်နှင့် သုံးသပ်ခြင်း ဝိစာရတို့နှင့်လည်း တကွဖြစ်၏။ အကြင်ဝမ်းမြောက်ခြင်းသည် ကြံစည်ခြင်းလည်းမရှိ၊ သုံးသပ်ခြင်းလည်းမရှိ၊ ထိုနှစ်ပါးတို့တွင် ကြံစည်ခြင်းလည်းမရှိ၊ သုံးသပ်ခြင်းလည်းမရှိသော ထို ဝမ်းမြောက်ခြင်းသည်သာလွန်၍မြတ်၏။

## နှလုံးမသာခြင်း ဒေါမနဿ

နတ်တို့၏ အရှင်သိကြားမင်းမှီဝဲအပ်သော၊ မမှီဝဲအပ်သော နှလုံးမသာခြင်း ဒေါမနဿနှစ်ပါးတို့တွင် အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ဆုတ်ယုတ်သော သဘောရှိသော နှလုံးမသာခြင်းကိုမမှီဝဲအပ်။ အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွားသော သဘောရှိသော နှလုံးမသာခြင်းကို မှီဝဲအပ်၏။ ထိုမှီဝဲအပ်သော နှလုံးမသာခြင်း ဒေါမနဿတို့တွင် ကြံစည်ခြင်း၊ သုံးသပ်ခြင်းရှိသော ဒေါမနဿထက် ကြံစည်ခြင်း၊ သုံးသပ်ခြင်းမရှိသော ဒေါမနဿသည် သာလွန်၍ မြတ်၏။
(မှတ်ချက်။ ။ ဒုက္ခဝေဒနာကို ဒုက္ခသစ္စာအနေသိအောင် ရှုပွားခြင်းဟာ ဤဒေသနာနဲ့ ညီညွတ်နေပါတယ်။ မိုးကြိုး)
(လျစ်လျူရှုခြင်း ဥပေက္ခာ၌လည်း အထက်ပါအတိုင်း သိပါလေ)

နတ်တို့၏ အရှင်သိကြားမင်း ဤသို့ကျင့်သော ရဟန်းသည် သံသရာချဲ့ထွင်တတ်သည့် တဏှာမာန ဒိဋ္ဌိ၊ ပပဉ္စသညာအစု၏ ချုပ်ငြိမ်းခြင်းအားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်သည် မည်၏ဟု ဟောကြားတော်မူ၏ဟူ၍ပင်ဖြစ်ပါတယ် ခင်ဗျား။
မိတ်ဆွေ - အဲ ... သို့မို့ကြောင့် ထင်ပါရဲ့ဦးမိုးကြိုးရဲ့သူငယ်ချင်း ရုပ်ရှင်မင်းသားကြီး ခင်မောင်ရင်က "ထီးရိုးကို မိုးကြိုးပစ်မတဲ့ စာရှိ ပါသည်။ ၁၃၀၁ - ခုကစ၍ ရတနာဆိုတာလိုရာရနိုင်မည်" လို့ တေးသီချင်းနဲ့ နိမိတ်ဖတ်ခဲ့တာဖြစ်မှာပေါ့။ ဒါထက် ဦးမိုးကြိုးတင်ပြသွားတဲ့ ဘုရားဟောသက္ကပဉှသုတ်အတိုင်းဆိုရင် သတိပဋ္ဌာန်လေးပါး အကျင့် မြတ်တရားကို ကျင့်ကြံအားထုတ်နေသူများဟာ ဘယ်သောအခါမှ ကာမသုခလ္လိကာနဲ့ အတ္တကိလမထအယုတ်တရားနှစ်ပါး မဖြစ်နိုင်ဘူး ဆိုတာ ထင်ရှားနေပြီပေါ့ ခင်ဗျား။
မိုးကြိုး - မှန်ပါတယ်။ သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်နေခြင်း သာမှန်ပါစေ။ ဘယ်တော့မှ အတ္တကိလမထာနဲ့ ကာမသုခလ္လိကာ၊

www.dhammaransi.com



အယုတ်တရားနှစ်ပါးမဖြစ်နိုင်ပါဘူး။ ကိုယ်တိုင်ကျင့်ကြံအားထုတ်ထားသဖြင့် ကိုယ်တိုင်သိမြင်ပေါက်ရောက်နေတဲ့ သဲအင်းဂူဆရာတော်ဘုရားကဲ့သို့သော ကမ္မဋ္ဌာန်းဆရာမျိုးကို မရရှိခဲ့ရင် သတိပဋ္ဌာန်အချိုးမကျတဲ့အတွက် ခရီးရောက်သင့်သလောက် မရောက်ဘဲသာ ဖြစ်နေပါလိမ့်မယ်။ ကုသိုလ် တော့ မလွဲမသွေရရှိနေပေလိမ့်မည်။ အကုသိုလ်တော့ ဘယ်သောအခါမှ မဖြစ်ဘူးဆိုတာ တစ်ထစ်ချ၊ နှစ်ထစ်ချ၊ သုံးထစ်ချ၊ လေးထစ်ချ ယုံကြည် သင့်ပါတယ် ခင်ဗျား။

မိတ်ဆွေ - အရင်အပတ်က ကျွန်တော်တို့ဆွေးနွေးခဲ့ကြရာမှာ မဇ္ဈိမပဋိပဒါ အလယ်လမ်းအကြောင်းကောင်းကောင်းမပါသေးဘူးဗျ။ ဒါကြောင့် ၎င်း အကြောင်းကို ယနေ့ဆက်ပြီး ဆွေးနွေးရအောင်လား ခင်ဗျား။

မိုးကြိုး - မိတ်ဆွေ စကားကြောကြီးသိပ်ရှည်မနေပါနဲ့ မြတ်စွာဘုရားက ကာမသုခလ္လိကာနုယောဂနဲ့ အတ္တကိလမထာနုယောဂအယုတ်တရားနှစ်ပါးကို ရှင်းလင်းပြီးနောက် ထိုအယုတ်တရားနှစ်ပါးရဲ့အလယ်လမ်းဟာ မဂ္ဂင်ရှစ်ပါးလို့ ဟောကြားခဲ့ပါတယ်။ သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်ခဲ့ရင် မဂ္ဂင်ရှစ်ပါးကိစ္စ ပြီးစီးပြည့်စုံတယ်လို့လဲ အထင်အရှား ဟောကြားတော် မူခဲ့ပြန်တယ်။

ထို့နောက် အရိယာဆရာတော်ကောင်းထံမှာ နည်းခံပြီး ထို သတိပဋ္ဌာန်တရားကို ကျင့်ကြံအားထုတ်ခဲ့ရင် ရာခိုင်နှုန်းပြည့် မဂ်ကိစ္စ ပြီးစီးမယ်လို့လဲ ဟောကြားသတိပေးခဲ့ပါသေးတယ်။ အဲဒီလို အရိယာ ဆရာကောင်းကို ရှာဖွေတဲ့အခါမှာ -

"မင်းကွန်းမိုးညှင်း၊ ဉာဏစာရီ၊
အချိန်ကောင်းလို့ ပိန်းဖောင်းမဟာစည်၊
အမြဲလင်း၊ ဖွဲတင်း၊ သဲအင်းလာပြီ
အကျိုးမယုတ်၊ မိုးကုတ်မဟာထေရ်" ဆိုသော လင်္ကာလေးအတိုင်း

ကိုယ်ကြိုက်နှစ်သက်ရာ ကမ္မဋ္ဌာန်းတိုက်မှာ ခြောက်လတစ်နှစ်ဆိုသလိုအာတာပ ဝီရိယနဲ့ကြိုးစားအားထုတ်ပါ။ ဒီလိုအားထုတ်ပြီးနောက် သူများ အပြောကို ဟုတ်ပြီမှန်ပြီလို့တစ်ထစ်ချမယုံကြည်သေးဘဲ "ကိုယ့်စိတ်ကိုကိုယ်စစ်" ကြည့်ပါ။ တရားအားမထုတ်မီက အမြင်အသိထက်၊ တရားအားထုတ်ပြီးနောက် အမြင်အသိဟာ ထူးခြားပြီး အကျိုးများမှန်း ကိလေသာကွာမှန်းကိုသိရင် ဆက်လက်အားထုတ်ပါ။ ဘာမှမထူးခြားဘူး။ မိမွေးတိုင်း ဖမွေးတိုင်းဘဲ

www.dhammaransi.com



ဆိုရင်တော့ "တစ်ဆရာမကောင်း၊ တစ်ဆရာပြောင်း" ဆိုတာလို ဆရာပြောင်း ကမ္မဋ္ဌာန်း တိုက်ပြောင်းပြီးအားထုတ်ပါ။

မြတ်စွာဘုရားက ရေကူးတတ်သူတို့အား ရေထဲမှာဆင်းပြီး ကူးပါဆိုတဲ့ သဘောနဲ့ အရိယာဆရာကောင်းထံမှာ နည်းခံပြီး သတိပဋ္ဌာန် လေးပါးကို အားထုတ်နိုင်းခြင်းဖြစ်ပါတယ်။ ရေကူးနည်းစာအုပ်ကို ဖတ်ပြီး (ရေ)ထဲ မဆင်းဘဲ (လေ)ထဲမှာဘဲ ကူးနေဘို့ မဟောကြား၊ မဆုံးမခဲ့ပါဘူး။ ဒီလို ရေကူးသင်တဲ့အခါမျိုးမှာ သူကိုယ်တိုင်ကောင်းစွာ ရေကူးကျွမ်းကျင်တဲ့ ဆရာ့ထံမှာ နည်းခံပါလို့လဲ (၅၂၀)ကြိမ်တိုင်တိုင် သတိပေးနှိုးဆော်ခဲ့ပါသေးတယ်။

**မိတ်ဆွေ** - ဗဟုသုတဖြစ်ရပါတယ် ခင်ဗျာ။ ဆက်ပြီးရှင်းစမ်းပါ။

**မိုးကြိုး** - ပုသိမ်မြို့ဗိုလ်ကုန်းဆရာတော်ရေးသားအပ်တဲ့ အဘိဓမ္မတ္ထဒီပကျမ်းမှာ ဝေဒနာနံ့ အပနုဿနာ၊ ဝေဒနာနုပဿနာ ဝေဒနာနံ ဒုက္ခ ဒုက္ခ ဝိပရိဏာမဒုက္ခသင်္ခါရဒုက္ခဖြစ်၍ ဖြစ်ကုန်သော ဝေဒနာတို့ကို အနုပဿနာ အဖန်တလဲလဲ မမေ့မလျော့ရှုခြင်း အောက်မေ့မှတ်သားခြင်းသည် ဝေဒနာနုပဿနာမည်၏ အဓိပ္ပါယ်ကား။ ဒုက္ခိန္ဒြေသောမနဿိန္ဒြေ ဟုဆိုအပ်သော ကေန္တဒုက္ခ သို့မဟုတ် ဒုက္ခ ဒုက္ခ သုခိန္ဒြေသော မနဿိန္ဒြေဟုဆိုအပ်သော ဖေါက်ပြန်ခြင်းကြောင့်ဖြစ်သော ဝိပရိဏာမ ဒုက္ခ ဥပေက္ခိန္ဒြေဟုဆိုအပ်သော သင်္ခါရဒုက္ခဖြစ်၍ ဖြစ်ကုန်သော ဝေဒနာတို့ကို အဖန်တလဲလဲ မမေ့မလျော့ရှုခြင်း အောက်မေ့မှတ်သားနိုင်ခြင်းသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန်မည်၏ဟူ၍ ရေးသားထားပါတယ် ခင်ဗျား။

ထိုပြင် ဒုက္ခ သစ္စာထိုက်တဲ့ ဒုက္ခများဟာ (၁)ဒုက္ခ-ဒုက္ခ (၂)ဝိပရိဏာမဒုက္ခနဲ့ (၃)သင်္ခါရဒုက္ခမျိုးတို့ဖြစ်တယ်လို့ မြတ်စွာဘုရားက တိတိကျကျ ဟောကြားထားပါလျက်ကနဲ့ သင်္ခါရဒုက္ခဖြစ်တဲ့ ဥပေက္ခာဝေဒနာကိုသာ ဝိပဿနာရှုပွားရမယ်ဟူ၍ရင်း ဝိပရိဏာ မဒုက္ခဖြစ်တဲ့ သုခဝေဒနာနဲ့ သင်္ခါရဒုက္ခဖြစ်တဲ့ ဥပေက္ခာဝေဒနာတို့ကိုသာ ဝိပဿနာ ရှုပွားရမယ်ဟူ၍ရင်း ပြောဆိုရေးသားနေကြခြင်းဟာ ဘုရားရှင်ဟောကြား ထားတဲ့ ဒုက္ခအစစ်ဇကန်ဖြစ်သဖြင့် ဒုက္ခ ဒုက္ခဟူ၍ ခေါ်ဆိုအပ်တဲ့ ဒုက္ခဝေဒနာကို တောခိုနိုင်းထားခြင်းနဲ့တူနေပါတယ်။

ဒုက္ခသစ္စာကို အဘိဓမ္မာနည်းအရ တရားကိုယ်ကောက်ပါရင် စိတ်-၈၉၊ လောဘကြဉ်သော စေတသိတ်-၅၁၊ ရုပ်-၂၈ပါးကို ရပါတယ်။

www.dhammaransi.com



တဖန် "သံခိတ္တေန ပဋ္ဌုပါဒါနက္ခန္ဓာပိဒုက္ခာ" လို့လဲ အကျဉ်းအားဖြင့် ဒုက္ခသစ္စာထိုက်တဲ့ ဒုက္ခအစစ်ဖြစ်သော ဥပါဒါန်ခန္ဓာငါးပါးကို ဟောကြား ထားပြန်ပါတယ်။ ထိုဥပါဒါန်ဖြစ်တဲ့ ခန္ဓာငါးပါးထဲမှာ ဝေဒနာသုံးပါးလုံး ပါနေပါလျက်ကနဲ့ ဒုက္ခသစ္စကို ထူးသော ဉာဏ်ဖြင့်သိအောင် ကျင့်ကြံ အားထုတ်တဲ့ ဝိပဿနာအကျင့်လုပ်ငန်းထဲမှာ ဒုက္ခ-ဒုက္ခမျိုးဖြစ်တဲ့ ဒုက္ခဝေဒနာကို မရှုပွားရဘူးဟူ၍၎င်း၊ ဒုက္ခဝေဒနာနဲ့ သုခဝေဒနာတို့ကို မရှုပွားရဘူးဟူ၍၎င်း၊ ဉာဏ်ကောက်တွေနဲ့ ယူဆခဲ့ရင် "ရွှေဘုံထီးနဲ့ အပုံကြီးကွာတယ်" ဆိုတာလို မဂ်တရား၊ ဖိုလ်တရားနဲ့ အလွန်တရာ ဝေးကွာပါလိမ့်မယ်။ ဝေးကွာရုံမကပါဘူး။ ဝိပဿနာပွားချိန်မှာ ဒုက္ခဝေဒနာ ကို ပေယျာလကံဝကွက်၍ ချန်ထားမှုကြောင့် သေခါနီးဆဲဆဲ ကျတော့ သုခဝေဒနာနဲ့ ဥပေက္ခာဝေဒနာများ ပေါ်မလာဘဲ အသက်ကို ဆောင်မယ့် ဒုက္ခဝေဒနာပေါ်မှာ ဒိဋ္ဌိစွဲကို မဖြုတ်နိုင်တဲ့အတွက် ငါနာတယ်၊ ငါကျင်တယ်၊ အမယ်လေး၊ အဘလေး၊ ယူပါလေး၊ ကယ်ပါလေးနဲ့ ငြီးငြူဟစ်အော်ပြီး၊ ဒေါမနဿစိတ်၊ တခွဲသား၊ တတင်းသားနဲ့သေရခဲ့ရင် အပါယ်ကျပါလိမ့်မယ်။

ကျွန်တော်ရေးသားတင်ပြခဲ့ဘူးတဲ့ ခန္ဓာသံယုတ်နကုလပိတုသုတ် မှာလာသော သဘောတရားပေတံနဲ့တိုင်းထွာကြည့်မယ်ဆိုရင် (မင်းကွန်း) တိပိဋကဓရအသျှင် ဝိစိတ္တသာရာဘိဝံသရဲ့ ပဌမဓမ္မနာဒဆရာတော် ဘုရားကြီးဟာ အသက်တော်ချွေမဲ့ရောဂါကို လည်ပင်းမှာ ရရှိသည့် တိုင်အောင် ထိုရောဂါ (ဒုက္ခဝေဒနာ)ကြောင့် မျက်နှာရှုံ့မဲ့ဖောက်ပြန်ခြင်း အလျဉ်းမရှိဘဲ ဒုက္ခ-ဒုက္ခကြီးကို ကြံ့ကြံ့သည်းခံနိုင်စွမ်းရှိတယ်ဆိုတာ ဘာကြောင့်လဲဆိုရင် ဝေဒနာသုံးပါးလုံးကို သည်းခံနိုင်စွမ်းရှိအောင် သမထ ဝိပဿနာအကျင့်ကို ပေါက်မြောက်အောင် အားထုတ်ထားခြင်းကြောင့်ဘဲလို့ဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှပါတယ် ခင်ဗျား။

## သဲအင်းဂူဆရာတော်

အနိပြဿနာနဲ့ပတ်သက်ပြီး သဲအင်းဂူဆရာတော်ဘုရားက ဒကာကြီး ဦးအုန်းခင်၊ ဦးပဋ္ဌင်းစာတတ်လို့စာဖတ်ပြီး တရားဟောနေတာ မဟုတ်ပါဘူး။ ဦးပဋ္ဌင်းစာဘယ်လောက်တတ်သလဲဆိုတာ ပြောပြမယ်။ တခါက မီးရထားစီးသွားကြတော့ မီးရထားတွဲနံရံမှာ "တံတွေးမထွေးရ" လို့ ရေးသားထားတာကို ဦးပဋ္ဌင်းက "တွံတေးမထွေးရ" လို့အထပ်ထပ် ဖတ်ပြီး

www.dhammaransi.com



နားမလည်လို့ အတူပါလာတဲ့ ဘီးလင်းမြို့ လေသာဆရာတော် ဘုရားကို မေးတော့မှ အမှန်ကို သိရပါတယ်။

သောတာပန်ဖြစ်အောင် ကျင့်ကြံအားထုတ်တဲ့ ပုထုဇဉ်ယောဂီဟာ (၁)ဒုက္ခဝေဒနာ၊ (၂)သုခဝေဒနာ၊ (၃)ဥပေက္ခာဝေဒနာသုံးမျိုးကို ပယ်နိုင်တဲ့ အဆင့်ထိအောင် အားမထုတ်နိုင်သေးဘူး။ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါးဆိုတဲ့ သက္ကာယဒိဋ္ဌိပျောက်ပြီး မြင်ကြားနံလျက် ထိသိဆိုတာ တွေဟာ ဝေဒနာရဲ့ ခံစားခြင်း သဘောလက္ခဏာမျှသာဖြစ်တယ်။ အခြား ဘာမှမဟုတ်ပါလား၊ ဒီခံစားခြင်းသဘောဟာလဲ မမြဲပါကလား၊ ဆင်းရဲပါကလား၊ အစိုးမရ ပါကလား၊ အသုဘသဘောကြီးပါကလားလို့သိအောင်အမှား ပုဂ္ဂလ သညာကို ဖျောက်ပြီး အမှန်ဝေဒနာသညာကို ရောက်အောင် အားထုတ်တဲ့ အဆင့်ဘဲရှိပါသေးတယ်။

ဒါပေမယ့် ဒီသောတာပန်အရိယာကြီး ခံစားနေတဲ့ ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာတွေထဲမှာ အပါယ်လေးပါးသို့ကျရောက် စေမယ့် မမိုဝဲအပ်တဲ့ အကုသိုလ်ဖြစ်စေမယ့် ဝေဒနာမျိုးကတော့ဖြင့် လုံးဝမပါတော့ဘူး။ လူပြည်နတ်ပြည်ကို ရောက်နိုင်တဲ့ မှီဝဲအပ်သော ကုသိုလ်ဖြစ်စေမယ့် စေတနာ၊ ဝေဒနာမျိုးသာပါဝင်နေပါတယ်။

သမထဝိပဿနာတရားကို ကျင့်ကြံအားထုတ်တယ်ဆိုတာ နာမ်ခန္ဓာလေးပါးကို အရောင်ဆိုးထားတဲ့ ဥပါဒါန် အညစ်အကြေးတွေကို ကုန်စင်ပျောက်ကင်းအောင် မဂ်လေးပါးနဲ့လေးကြိမ်လေးခါ ဖွတ်လျှော် ပစ်တဲ့ အလုပ်ဖြစ်တယ်ဆိုတာကိုဉာဏ်ငုံမိထားဘို့လိုပါတယ်။

ဒိဋ္ဌိဆိုတဲ့ ဥပါဒါန်အညစ်အကြေးကို ဝေဒနာပေါ်မှာ ပထမအဆင့် အနေနဲ့ ဆေးကြောပစ်ရတယ်။ တဏှာဆိုတဲ့ အညစ်အကြေးကို တော့ ရုပ်ပေါ်မှာ အထက်မဂ်သုံးပါးနဲ့ ဆေးကြောပစ်ရတယ်လို့ ဦးပဥ္စင်း ကိုယ်တွေ့အားဖြင့် တွေ့သိနားလည်ထားပါတယ်။

ဘုရားသခင်ဟောကြားထားတဲ့အတိုင်း ဝေဒနာနုပဿနာအရ ပေါ်လာကြတဲ့ ဝေဒနာသုံးမျိုးလုံးကို ရှုပွားသွားရတယ်။ တရားယောဂီဟာ တရားထိုင်လို့အချိန်အတော်ကလေးကြာလာတယ်ဆိုရင် ညောင်းညာ ကိုက်ခဲ ထုံကျင်စတဲ့ ဝေဒနာတွေပေါ်လာတယ်။ အစမှာ အာနာပါနရှာန် သမာဓိကို အင်အားကောင်းအောင် ထူထောင်ပြီး ထိုဝေဒနာကို ကျော်လွှန်စေရတယ်။ ဒီလိုအာနာပါနရှာန် သမာဓိအင်အားဟာ ဘယ်လောက်ကောင်းလာတယ် ဆိုတာကို ဒကာကြီးစဉ်းစားကြည့်ပေါ့။

www.dhammaransi.com



ဒီလိုပေါ်လာတဲ့ ဒုက္ခဝေဒနာကို အာနာပါနရှာန်သမာဓိနဲ့ ကျော်လွန်အောင် အားမထုတ်ဘဲ ဣရိယာပုတ်ကို ပြုပြင်ပေးခြင်းနဲ့ ကျော်လွန်တယ်ဆိုရင် ထိုကဲ့သို့ ဣရိယာပုတ်ကို ပြုပြင်ပေးတဲ့ ယောဂီရဲ့ သမာဓိဟာ အားမကောင်းဘူး။ အင်မတန်ပျော့ညံ့နေသေးတယ်ဆိုတာကို သိနိုင်ပါတယ်။

ဘုရားသခင်က သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်လို့ မဂ္ဂင်သုံးပါးကို ဟောထားတယ်မဟုတ်ပါလား။ သမာဓိမဂ္ဂင်အင်အားမကောင်းဘဲနဲ့ ပညာမဂ္ဂင်ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးဆိုတာ ကိုယ်တိုင်ကျင့်ကြည့်ရင် သိပါလိမ့်မယ်။

ဒီလိုဒုက္ခဝေဒနာကို ကျော်လွန်နိုင်တဲ့ အာနာပါနရှာန် သမာဓိကို ရတဲ့နောက်ပိုင်းမှာ ဝေဒနာသုံးပါးလုံးရဲ့ အစ၊ အလယ်၊ အဆုံးသုံးပါးလုံးကို ရှုပွားနိုင်တဲ့ ဝိပဿနာပညာအဆင့်ကို ရောက်လာပါတယ်။

အကြင်အခါ ရုပ်နာမ်ဓမ္မသင်္ခါရ အားလုံးတို့သည် အမြဲမရှိကုန်ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏ ဤသို့ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်း ဖြစ်၏လို့ ဒကာကြီးရွတ်ပြလေ့ရှိတဲ့ ဘုရားဟောဒေသနာအတိုင်း (၁)သင်္ခါရအားလုံး ပဲ့ဟာ မမြဲဘူးလို့ ဝိပဿနာပညာနဲ့ ရှုမြင် ခြင်းကို ယထာဘူတဉာဏ်လို့ ခေါ်တယ် မဟုတ်လား၊ (၂)သင်္ခါရတို့ကို ဒီလိုမြင်လို့ ငြီးငွေ့တဲ့ ဉာဏ်ဟာ နိဗ္ဗိဒါဉာဏ်ဘဲ မဟုတ်လား။ ထိုမှတဆင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့အစဉ်အတိုင်းတက်ရောက် သွားရတယ် မဟုတ်လား။

တရားယောဂီဟာ တရားအားထုတ်စမှ (၁)သဒ္ဓါနဲ့ (၂)ဝီရိယကို ဖိုလ်အဆင့်ရောက်အောင် ထူထောင်ပေးရပါတယ်။ ထိုမှတဆင့် (၃)သတိ ဖိုလ်အဆင့်ကို ရောက်သွားအောင် အားထုတ်ရပါတယ်။ အဲဒီသတိဖိုလ် အဆင့်ကနေပြီး (၄)သမာဓိဖိုလ်အဆင့်ကို ရောက်သွားအောင် တက်ရ တယ် (၅)ထိုမှ တဖန်ပညာဖိုလ်အဆင့်ကို ရောက်အောင် တက်ရတယ်။ သမာဓိဖိုလ်အဆင့်မှာ ရပ်နေရင် သမထကြီးဘဲဖြစ်နေမယ်။ ထိုမှတဆင့် ပညာဖိုလ်အဆင့်ရောက်အောင် တက်ခါမှ ဝိပဿနာပညာအဆင့်ကို ရောက်မှာပေါ့ ... ဟူ၍ သဲအင်းဂူဆရာတော်က အမိန့်ရှိပါတယ် ခင်ဗျား။

မိတ်ဆွေ - "ရဟန်းပုဂ္ဂိုလ်လူထိုထို စာကို ကျင့်သုံး၏ စကားမှန်၏ ဉာဏ်မမိ ထိအောင်သူမသိ" ဆိုတဲ့ အကြောင်းကိုဘဲ ဆက်လက်ဆွေးနွေး မယ်မဟုတ်ပါလား။

www.dhammaransi.com



မိုးကြိုး - မှန်ပါတယ်။ အနီပြဿနာဟာက အလွန်အရေးကြီးတဲ့ ပြဿနာဖြစ်တဲ့အတွက် ကြေကြေလည်လည် ပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြဖို့ လိုအပ်တယ်လို့ထင်ပါတယ်။

မိတ်ဆွေ - ဒီလိုဆိုရင် ဆက်လက်တင်ပြစမ်းပါ ခင်ဗျာ၊ အသင့်နာခံလျက်ပါ။

မိုးကြိုး - မြတ်စွာဘုရားဟာ ဓမ္မစကြာတရားဦးကို ဟောတော်မူခဲ့တဲ့အခါ၊ (၁)သစ္စာလေးပါးကို ၁၁-ဘုံမှ လွတ်မြောက်ရေးပန်းတိုင်အနေနဲ့ရှင်း၊ (၂)မဂ္ဂင်ရှစ်ပါးကို ထိုပန်းတိုင်သို့ သွားရောက်စဉ်အနေနဲ့ရှင်း ဟောကြားတော်မူခဲ့ပါတယ်။

ထို့နောက် သမထဝိပဿနာတရားကို ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံအားထုတ်ပါမှ သစ္စာလေးပါးပန်းတိုင်သို့ ရောက်ရှိနိုင်ကြသော နေယျပုဂ္ဂိုလ်မျိုးတို့အတွက် (၃)သတိပဋ္ဌာန်လေးပါးအကျင့်မြတ်တရားကို ဟောကြားတော်မူခဲ့ပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်တရားကို ယာဉ်ရထား နဲ့ ပမာတင်စားပြီး ပြောပြရင် သဘာဝကျမည်ဖြစ်ပါတယ်။

ထိုဓမ္မစကြာသုတ်မှာမြတ်စွာဘုရားက (က)ကာမသုခလ္လိကာနုယောဂ လက်ျာဘက်အစွန်းတပါးနဲ့ (ခ)အတ္တကိလမထာနုယောဂ လက်ဝဲဘက်အစွန်းတပါး ပေါင်းဝဲယာအစွန်းနှစ်ပါးကြောင်းကို ဟောကြားပြီးနောက် ထိုအစွန်းနှစ်ပါးမှ လွတ်တဲ့ မဇ္ဈိမပဋိပဒါအလယ်ဗဟိုအကျင့်ဆိုတာ မဂ္ဂင်ရှစ်ပါး(ဝါ) သတိပဋ္ဌာန်လေးပါး အကျင့်မြတ်တရားဖြစ်တယ်။ အခြားအကျင့်မဟုတ်ဘူးလို့ တိတိကျကျဟောကြားတော်မူခဲ့ပါတယ်။

ထိုဓမ္မစကြာတရားတော်ကို နာကြားရတဲ့အတွက် ငါးယောက်အစုဖြစ်တဲ့ ယောဂီတို့ဟာ သောတာပန်အရိယာကြီးများဖြစ်သွားကြ ပါတယ်။

ထို့နောက်ခြောက်ရက်မြောက်တဲ့နေ့မှာ အနတ္တလက္ခဏာသုတ်ကို ဟောကြားပါတယ်။ မြတ်စွာဘုရားဟာ (၁)ဓမ္မစကြာသုတ်မှာ သစ္စာ လေးပါးကို ပဓါနအချက်ထားပြီး ဟောကြားသလို၊ (၂)အနတ္တလက္ခဏာသုတ်မှာ ခန္ဓာငါးပါးကို မူတည်ပြီး ခန္ဓာငါးပါးတို့ရဲ့ အတ္တဖြစ်ပုံသဘောကို ပဓါနအချက်ထားပြီး ဟောကြားတော်မူပါတယ်။ ထိုယောဂီငါးဦးတို့ဟာ ထိုအနတ္တလက္ခဏာသုတ်ကို ကြားနာရတော့မှ သောတာပန်အဆင့်ကနေပြီး အာသဝေါကင်းတဲ့ ရဟန္တာကြီးများဖြစ်သွားကြပါတယ်။

သို့ရာတွင် ကြားနာရရုံနဲ့ အရိယာမဖြစ်ဘဲ ကျင့်ကြံအားထုတ်ပါမှ အရိယာဖြစ်နိုင်သော နေယျပုဂ္ဂိုလ်မျိုးအတွက် ဘုရားကိုယ်တော်တိုင်

www.dhammaransi.com



မဖ္ဖျိမပဋိပဒါအလယ်လမ်းဖြစ်တဲ့ သတိပဋ္ဌာန်လေးပါးအကျင့်မြတ်တရားကို ဟောကြားတော်မူပြန်ပါတယ်။

ဒါကြောင့် သတိပဋ္ဌာန်လေးပါးကို နည်းနာကျကျ ခမ္မစည်းမျဉ်းနဲ့အညီ မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်သဖြင့် ပေါက်မြောက်ပြီးသော အရိယာ ဆရာကောင်းကို ဆရာတင်ကာ ကျင့်ကြံအားထုတ်ပါရင် ဘယ်သောအခါမှ ကာမသုခလ္လိကာနုယောဂနဲ့ အတ္တကိလကမထာနုယောဂအကျင့်များ မဖြစ်နိုင်ဘူးဆိုတာ တွံသင်လူပြန်တော်ပညာရှိသည် ဂဏှာဟိ မှတ်လေ့လာပေါ့ ခင်ဗျာ။

မိတ်ဆွေ - ဒါထက် အကိုးအကား ဘုရားဟော ဒေသနာများကို ဖော်ပြ ရရင် သာလို့ပင်ကောင်းမည်ထင်ပါတယ်။

မိုးကြိုး - မြတ်စွာဘုရားက သတိပဋ္ဌာန်လေးပါးအကျင့်မြတ်တရားကို ကျင့်ကြံအားထုတ်တဲ့ တရားယောဂီဟာ အင်္ဂါလေးပါးနဲ့ ပြည့်စုံရမယ်လို့ မဟာသတိပဋ္ဌာနသုတ်နိဒါန်းမှာ ဟောကြားထားပါတယ်။

(၁) ကိလေသာ ငိုပူပန်ခြောက်သွေ့စေတတ်သော အာတာပဝိရိယနဲ့ ပြည့်စုံခြင်း၊

(၂) အမြော်အမြင် ဆင်ခြင်ဉာဏ်သမ္ပဇဉ်နဲ့ပြည့်စုံခြင်း၊

(၃) အောက်မေ့ခြင်း သတိတရားကို မပြတ်ရှေ့သွားပြုခြင်း၊

(၄) ဥပါဒါနက္ခန္ဓာဟူသော လောက၌ မက်မောသည့် အဘိဇ္ဈာနဲ့ နှလုံးမသာယာသည့် ဒေါမနဿတို့ကို ပယ်ဖျောက်ခြင်းဆိုတဲ့ မင်္ဂါလေးပါးတို့နဲ့ပြည့်စုံရမည်ဖြစ်ပါတယ်။

အနီအင်္ဂါလေးပါးအနက် (၁)အာကာပ ဝီရိယအကြောင်းကို ရှင်းလင်းတင်ပြပါမယ်။

## သမ္မပ္ပဓါန်လေးပါး

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားက ဗောဓိပက္ခိယ ဒီပနီမှာ တွန့်တိုခြင်းမရှိသော ဝီရိယကို သမ္မပ္ပဓါန်ဆိုသည်။ အာတာပ ဝီရိယလည်း ခေါ်၏ အားထုတ်မှုအရာ၌ လွန်စွာအပူအပင်အပန်းခံနိုင်သော ဝီရိယဟူလို။ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယ၏ အမည်ချည်းတည်း။

(၁) အရေကြွင်းစေ အင်္ဂါတစ်ပါး၊

(၂) အကြောကြွင်းစေ အင်္ဂါတစ်ပါး၊

www.dhammaransi.com



(၃) အရိုးကြွင်းစေ အင်္ဂါတစ်ပါး၊

(၄) အသားအသွေးအကုန်ခန်းခြောက်စေ အင်္ဂါတစ်ပါး။ ဤကား သမ္မပ္ပဓါန် ဝီရိယ၏ အင်္ဂါလေးပါးတည်း။ ဝီရိယကို အားထုတ်နိုင်လျှင် ရထိုက်သော တရားမျိုးသာမှန်ပါစေ မရသမျှ ငါမနေ၊ မပေါက်သမျှ ငါမနေ၊ မရောက်သမျှ ငါမနေ၊ ဝီရိယကို မလျှော့ပြီးဟု အရှင် သောဏထေရ် အရှင်စက္ခုပါလ မထေရ်တို့ကဲ့သို့ဖြစ်သော ဝီရိယမျိုး တည်း။

ဝီရိယမှုမှာ ကန်းကုန်အောင်လွတ်မှုတည်း။ ရှင်သောဏမထေရ်သည် ဝါတွင်းသုံးလပတ်လုံး အိပ်မှုမရှိ၊ ထိုင်မှု စင်္ကြံသွားမှုနှင့် အားထုတ်၏ ရှင်စက္ခုပါလလည်း။ ထို့အတူ ဖုဿဒေဝမထေရ်သည် ထိုကဲ့သို့ ၂၅နှစ်တိုင်တိုင် အားထုတ်မှုရ၏။ မဟာသိဝမထေရ်သည် အိပ်မှုကို ပယ်ရှား၍ အနှစ် သုံးဆယ်အားထုတ်မှုရ၏ ယခုကာလ၌ ထိုကဲ့သို့ ဝီရိယမျိုးအလွန်လို၍ နေကြ၏။ အားထုတ်ကြသူတို့မှာလည်း ပရိယတ္တိဉာဏ်ပညာအား သေးလျှက်နေကြ၏။ ပရိယတ္တိဉာဏ်ပညာ အလိမ်မာရှိကြသူတို့မှာလည်း မြို့ရွာမှာနေလျှင် မြို့ဘုန်းရွာဘုန်းကြီးမှု၊ တောတောင်မှာ တောဘုန်းတောင်ဘုန်းကြီးမှု၊ တရားဓမ္မပြောဟောမှု၊ ကျမ်းဂန်ဓမ္မရေးသားမှု၊ ပလိဗောကြီးတွေနှင့် နေကြကုန်၏ နှစ်ရှည်လများ တသွန်းတည်း သွားဘို့လို၍ နေကြကုန်၏ စသည်ဖြင့် ရေးသားခဲ့ပါတယ် ခင်ဗျား။

မိတ်ဆွေ - ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားရဲ့ ယူဆရေးသားချက်များ သည်ကားဆိုရင် အမြဲရှင်း အမြဲလင်းပါ ခင်ဗျား။ ဒါထက် ဆက်ပါအုံးဗျာ။

## အင်္ဂတာပါး၌ျှတ်ယှဉ်းပါက

(၁)ပြင်းစွာအားထုတ်သော လုံ့လဝီရိယ (၂)ဆင်ခြင်ဉာဏ် သမ္မဇဉ် (၃)အောက်မေ့မှုသတိ (၄)လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်ခြင်း ဆိုတဲ့ အင်္ဂါလေးပါးအနက်မှ တပါးပါးချွတ်ယွင်းနေခဲ့ပါရင် သတိပဋ္ဌာန်လေးပါး အားဖြင့် ရအပ်သော အကျိုးထူးများကို ရာနိုင်နှုန်းပြည့်ရမည်မဟုတ်ပါ။ သို့ရာတွင် ကာမစလ္လိကာနုယောဂနဲ့ အတ္တကိလမထာ နုယောဂအကျင့်ယုတ် များတော့ မဖြစ်နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ ထို အယုတ်တရားနှစ်ပါးဟာက ဘုရားသာသနာရဲ့ အပြင်အပမှာ တတ္တိအချို့တို့ရဲ့ အကျင့်များဖြစ်ပြီး သတိပဋ္ဌာန်လေးပါးအကျင့်မြတ်တရားဟာက မဂ္ဂင်အကျင့်ကိုပြီးစီးစေနိုင်သော မဇ္ဈိမပဋိပဒါလမ်းဖြစ်တယ်လို့ မြတ်စွာ ဘုရားအထင်အရှားဟောကြား

www.dhammaransi.com



ထားသောကြောင့် ဖြစ်ပါတယ် ခင်ဗျား။

မိတ်ဆွေ - ဒါထက် ကျွန်တော်မေးချင်တာက ဒုက္ခဝေဒနာကို ရှုပွားတဲ့အခါ တရားယောဂီဟာ ဒေါမနဿမဖြစ်ပေဘူးလား ခင်ဗျား။

မိုးကြိုး - သတိပဋ္ဌာန်ကို အားထုတ်တဲ့ ယောဂီဟာ အာတာပဝီရိယ(ဝါ) သမ္မပ္ပဓာန်လုံ့လနဲ့ ပြည့်စုံရမယ်လို့ ဆိုထားပါတယ်။ ထိုသမ္မပ္ပဓာန် လုံ့လဝီရိယဟာ အကျိုးလေးပါးကို ပြည့်စုံစေပါတယ်။ (၁)မိမိသန္တာန်၌ ဖြစ်ပြီးဖြစ်ဆဲဖြစ်ကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာရင်း၊ (၂)ရှေ့၌ဖြစ်လတ္တံ့ကုန်သော အကုသိုလ်တရားတို့ကို နောင်ဘဝ အဆက်ဆက်မှာ တရံတဆစ်မျှ ဖြစ်မလာစေခြင်းငှာရင်း၊ (၃)မိမိသန္တာန် ၌ မဖြစ်ဘူးသေးကုန်သော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာရင်း၊ (၄)ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်ကုန်သော တရားတို့ကို အမြဲနိယာမအဖြစ်သို့ ရောက်စေရန် လွန်စွာကြီးပွားစေခြင်းငှာရင်း၊ အားထုတ်ခြင်းတို့ဖြစ်ပါတယ်။

တဖန်အားထုတ်တဲ့ ယောဂီဟာ (၁)မက်မောခြင်း၊ အဘိဇ္ဈာနဲ့၊ (၂)နှလုံးမသာယာခြင်း ဒေါမနဿတို့ကို ပယ်ဖျောက်ရမယ်လို့ ဆိုထား ပြန်ပါတယ်။

ထိုပြင် ကုသိုလ်စိတ် စေတသိက်တို့ကို ဖြစ်စေရန် သင့်မြတ်သော နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသောမနသိကာရ အကြောင်းခံရပါတယ်။ အကုသိုလ်စိတ်စေတသိက်တို့ဖြစ်စေရန်မသင့်မြတ်သောနှလုံးသွင်းခြင်းဆိုတဲ့ အယောနိသော မနသိကာရ အကြောင်းခံရပါတယ်။

ဥပမာ တယောက်သောသူကို တွေ့မြင်ရာမှာ နှလုံးသွင်း လိမ္မာရင် ကုသိုလ်ဖြစ်ပြီး နှလုံးသွင်းမလိမ္မာရင် အကုသိုလ်ဖြစ်ရပါတယ်။ အဘယ် အာရုံမျိုးဟာ ကုသိုလ်ဖြစ်ရန် မြဲတယ်။ အဘယ်အာရုံမျိုးဟာ ကုသိုလ်ဖြစ်ရန် မြဲတယ်လို့တထစ်ချမရှိပါ။

စိတ်အစဉ်ဟာ လှေနဲ့တူပါတယ်။ ကောင်းသော နှလုံးသွင်းခြင်း မကောင်းသော နှလုံးသွင်းခြင်းဆိုတဲ့ အာဝဇ္ဇန်းရဲ့ကိစ္စနှစ်ပါးဟာ လှေပဲ့ကိုင်နဲ့ တူပါတယ်။ လှေပဲ့ကိုင်ဦးလှည့်ပေးရာသို့ လှေသွားသကဲ့သို့ အာဝဇ္ဇန်း ဦးလှည့်ပေးရာသို့အကုသိုလ်လမ်းပွင့်ကြပါတယ်။

## ဒီဃနခသုတ်

ဒီတော့ ဒုက္ခဝေဒနာနဲ့ရင်ဆိုင်မိတဲ့အခါ ယောနိသောမနသိကာ နဲ့

www.dhammaransi.com



ဘယ်လိုနလုံးသွင်းရင် မဂ်ဉာဏ်ကို ရတယ်ဆိုတာကို မြတ်စွာဘုရားသခင်ဟာ မဇ္ဈိမပဏ္ဏာသပါဠိတော် ပရိဗ္ဗာဇကတ် ဝဂ်ဒီဃနခသုတ်မှာ ရှင်းရှင်းလင်းလင်း တိတိကျကျဟောကြားထားပါတယ်။ အကျဉ်းတင်ပြ ပါမယ်။

အဂ္ဂိဝေဿန ဆင်းရဲခံစားမှုသည် မမြဲပေ၊ ပြုပြင်အပ်၏ အကြောင်းကို စွဲ၍ဖြစ်၏။ ကုန်တတ်သော သဘောရှိ၏။ ပျက်စီး တတ်သော သဘောရှိ၏ တပ်မက်ဖွယ်ရာမကောင်းသော သဘောရှိ၏ ချုပ်ပျောက်တတ်သော သဘောရှိ၏။

အဂ္ဂိဝေဿန ဤသို့မြင်လတ်သော် အကြားအမြင်နှင့် ပြည့်စုံသော အရိယာတို့၏ တပည့်သည် (မှတ်ချက်။ ။စာမှာ မတတ် ကိုယ်မှာ တတ်သဖြင့် ဂါဟတ်ကင်းပြတ်နေသော အရိယာ ဆရာကောင်းထံမှာ နည်းခံအားထုတ်သော တပည့်ဟူ၍ အဓိပ္ပါယ် ကောက်ယူနိုင်ခြင်းကို အထူးသတိပြုပါ။ မိုးကြိုး) (သုခဝေဒနာ) ချမ်းသာခံစားမှု၌လည်း ငြီးငွေ့၏ (ဒုက္ခဝေဒနာ) ဆင်းရဲခံစားမှု၌လည်း ငြီးငွေ့၏။ (ဥပေက္ခာဝေဒနာ) ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်း မဟုတ်သော ခံစားမှု၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်ခြင်း ကင်း၏ တပ်မက်ခြင်း ကင်းခြင်းကြောင့် (ကိလေသာမှ)လွတ်၏ (ကိလေသာမှ) လွတ်ရာ၌လွတ်ပြီဟု အသိဉာဏ် ဖြစ်၏ အရဟတ္တမဂ်ဉာဏ် အကျိုးငှာ တဖန်ပြုဖွယ်ကိစ္စမရှိတော့ပြီဟု သိ၏ဟူ၍ဖြစ်ပါတယ် ခင်ဗျား။

(မှတ်ချက်။ ။ဤတရားသဘောကိုအဖန်ဖန်ရှုဆင်ခြင်တဲ့အရှင်သာရိပုတြာဟာ အာသဝေါကင်းတဲ့ ရဟန္တာကြီးဖြစ်သွားပါတယ်။ ဦးမိုးကြိုး)

ဒီတော့ သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာသုံးပါးကို တွေ့ကြုံခံစား ရတဲ့အခါ အရဟတ္တမဂ်ဉာဏ်တိုင်ရောက်အောင် ဘယ်နည်းဘယ်ပုံ ရှုပွားရမယ်ဆိုတာ မြတ်စွာဘုရားက လယ်ပြင်မှာ ဆင်သွားသလို အထင်အရှားဟောကြား ထားပါလျက်ကနဲ့ "ဒုက္ခဝေဒနာနဲ့ တွေ့ခဲ့ရင် ဒေါမနဿဖြစ်မှာစိုးလို့ ဣရိယာပုတ်ကို ပြုပြင်ပေးရမယ်။ ဒီလို ပြုပြင်ပေးခြင်းသည်သာ မဇ္ဈိမပဋိပဒါလမ်းကျတယ် သို့မဟုတ်ခဲ့ရင် အတ္တကိလမထာနုယောဂဖြစ်တယ်" လို့ပြောဆိုနေကြတဲ့ ပုဂ္ဂိုလ်များရဲ့ဉာဏ်ဟာ "အံ့ဩကုန်နိုင်ဘွယ် လေးတည့်မှ" ဆိုတာလို ဖြစ်နေပြီပေါ့ ခင်ဗျား။

မိတ်ဆွေ - ဒီနေ့ဘာကို ဆွေးနွေးမှာလဲ။

မိုးကြိုး - ဘာကို ဆွေးနွေးရမှာလဲဗျာ။ သတိပဋ္ဌာန်ဒေသနာလား။ ဝေဒနာနုပဿနာ ရှုပွားရမှာ နာကျင်ကိုက်ခဲတဲ့ ဒုက္ခဝေဒနာများပေါ်လာ တဲ့အခါ

www.dhammaransi.com



ထိုဒုက္ခကို သိရှိခံစားနေရင် ဒုက္ခနောက်က ဒေါမနဿဝင်လာမှာ စိုးလို့ ဣရိယာပုတ်ကို ပြောင်းလဲပေးလိုက်ပြီး သုခဝေဒနာနဲ့ ဥပေက္ခာဝေဒနာတို့ကိုသာ ရှုပွားနေသဖြင့် သေခါနီးဆဲဆဲမှာ အသက်ကို ဆောင်မဲ့ ဒုက္ခဝေဒနာနဲ့တွေကြုံဆုံဆည်းတဲ့အခါ ကယ်ပါလေး၊ ယူပါလေးလို့အော်ဟစ်ညည်းညူပြီး ဒေါသစိတ် တတင်းသားနဲ့သေရာရတဲ့ ပုဂ္ဂိုလ် မျိုးအားထုတ်တဲ့ အကျင့်အကြောင်းနဲ့ ပတ်သက်ပြီး သိကောင်းစရာများကို ဆက်လက်ဆွေးနွေးရမှာပေါ့ဗျာ။

မိတ်ဆွေ - အလို...ဒီနေ့စိတ်ဆိုးနေတယ်မှတ်တယ်။

မိုးကြိုး - စိတ်မဆိုးပါဘူးဗျာ။ ကျွဲမြီးတိုတာပါ ဒါထက်မြတ်စွာဘုရားဟာ ဝေဒနာနုပဿနာကို ရှုပွားလို့ဒုက္ခဝေဒနာပေါ်လာတဲ့အခါ ခေါ်လာတဲ့ အခါ ဒေါမနဿဖြစ်လိမ့်မယ်။ ဒီလို ဒေါမနဿဖြစ်လာခဲ့ရင် အတ္တကိလမထာနုယောဂအကျင့်ဖြစ်လိမ့်မယ်ဆိုတာတွေကို သဗ္ဗညုတဉာဏ်တော်ကို ရရှိထားပါလျက်ကနဲ့ သတိမေ့သွားလို့ သို့တည်းမဟုတ် အလျဉ်းမသိလို့ ထိုသတိပဋ္ဌာန်ဒေသနာထဲမှာ သို့မဟုတ် အခြားသော ဒေသနာများထဲမှာ ဣရိယာပုတ်ကို ပြင်ပေးရမယ်လို့ မဟောခဲ့တာနဲ့ တူပါတယ်။ ခင်ဗျား ဘယ်လိုထင်ပါသလဲ။

မိတ်ဆွေ - ကျွန်တော်ဘယ်လိုမှ မထင်တတ်ပါ ခင်ဗျာ။ အခုတလော အအေးမိပြီး နာစီးနေပါတယ်။

မိုးကြိုး - တော်တော်အားကိုးရတဲ့ လူပြန်တော်ပညာရှိကြီးဘဲ ဒါထက်မြတ်စွာဘုရားက ဒုက္ခသစ္စာကို ထူးသော ဉာဏ်နဲ့သိအောင် ဒုက္ခသစ္စာ ထိုက်တဲ့ ဒုက္ခသစ္စာကို ဝေဒနာနုပဿနာအရ ရှုပွားရမယ်လို့ တိတိကျကျ ဟောကြားညွှန်ပြထားပါလျက်ကနဲ့ ကိုယ်မရှုတတ်လို့ မရှုပွားဘဲနေရင် တော်ပါသေးတယ်။ အခုတော့ ဒုက္ခဝေဒနာကို ရှုပွားတတ်လို့ရှုပွားနေ သူများကို ခန္ဓာကိုယ်ကို တနည်းတဖုံညှဉ်းပန်းရာကျတဲ့အတွက် အတ္တကိလမထာနုယောဂဖြစ်တယ်လေး၊ ဘာလေး၊ ညာလေးနဲ့ပါဠိစာပေကို တတ်သူ အချို့ရေးသားပြောဆိုနေခြင်းဟာ "ယိုသူမရှက် မြင်သူရှက်" ဆိုတာလို ရှက်စရာကြီးဖြစ်မနေပေဘူးလား ခင်ဗျား။

မိတ်ဆွေ - ဒါကဒီလိုပါ။ စာပေကို အတော်အတန် သင်ကြားတတ်မြောက်ပြီးနောက် အသုဘကို သမထကြီးထင်ကာ မရှုပွားဘဲ သုဘကိုဘဲ ရှုပွား ခဲ့မိလို့ မိန်းမမြင် မိန်းမသိ။ ချောတာမြင် ချောတာသိ။ လှတာမြင် လှတယ် လို့သိခဲ့လို့

www.dhammaransi.com



လူထွက်ကာ မိန်းမယူပြီးတဲ့အခါ လူတွင်ကျယ်တတ်ရောင်ကား လုပ်ချင်ကြပါတယ်။ ဒါဟာ ကျွန်တော်ကိုယ်ကို ကျွန်တော်ပြောတာပါ သူတပါးကို ပြောခြင်းအလှည့်မဟုတ်ပါ ခင်ဗျား။

မိုးကြိုး - ဒီလိုဆိုရင် ခင်ဗျားကို မာန်မိမဲမိတာတွေကို ခွင့်လွှတ်ပါလို့ အနူးအညွတ်တောင်းပန်ပါတယ်။ ခန္ဓာငါးပါးဝိပဿနာရှုပွားပုံရှုပွားနည်းကို ထင်ရှားစေတဲ့ ဘုရားဟော ခန္ဓသံယုတ်ခဇ္ဇနိယသုတ်ကို အကျဉ်းတင်ပြမယ်။

## ခဇ္ဇနိယသုတ်

ရဟန်းတို့ အဘယ်အကြောင်းကြောင့် ရုပ်တုဆိုကုန်သနည်း။ ရဟန်းတို့ ဖောက်ပြန်တတ်သောကြောင့် ရုပ်ဟုဆိုအပ်၏ အဘယ်တရားကြောင့် ဖောက်ပြန်သနည်း။ အအေးကြောင့်၊ အပူကြောင့်၊ ဆာလောင်ခြင်းကြောင့်၊ မွတ်သိပ်ခြင်းကြောင့် မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ပျား၊ ကင်း၊ သန်းတို့နှင့် တွေ့ခြင်းကြောင့်လည်း ဖောက်ပြန်၏။ ရဟန်းတို့ ဤသို့ဖောက်ပြန်တတ်သောကြောင့် ရုပ်ဟုဆိုအပ်၏။

ရဟန်းတို့အဘယ်အကြောင်းကြောင့် ဝေဒနာဟုဆိုကုန် သနည်း။

ရဟန်းတို့ ခံစားတတ်သောကြောင့် ဝေဒနာဟုဆိုအပ်၏ အဘယ်ကို ခံစားတတ်သနည်း။ ချမ်းသာကိုလည်း ခံစားတတ်၏။ ဆင်းရဲ ခြင်းကိုလည်း ခံစားတတ်၏။ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကိုလည်း ခံစားတတ်၏။ ရဟန်းတို့ခံစားတတ်သောကြောင့် ဝေဒနာဟုဆိုအပ်၏။

ရဟန်းတို့ အဘယ်အကြောင်းကြောင့် သညာဟုဆိုကုန်သနည်း။ ရဟန်းတို့ မှတ်သားတတ်သောကြောင့် သညာဟုဆိုအပ်၏။ အဘယ်ကို မှတ်သားတတ်သနည်း။ အညိုကိုရင်း၊ အဝါကိုရင်း၊ အနီကိုရင်း၊ အဖြူကို ရင်း မှတ်သားတတ်၏ ရဟန်းတို့မှတ်သာတတ်သောကြောင့် သညာဟု ဆိုအပ်၏။

ရဟန်းတို့အဘယ်အကြောင်းကြောင့် သင်္ခါရတို့ဟုဆိုကုန်သနည်း။ ရဟန်းတို့ ပြုပြင်အပ်သော သဘောကို ပြုပြင်တတ်သောကြောင့် သင်္ခါတို့ဟုဆိုအပ်၏။ အဘယ်ပြုပြင်အပ်သော သဘောကို ပြုပြင်တတ် သနည်း။ ရုပ်ကို ရုပ်အဖြစ် အကျိုးငှာပြုပြင်အပ်သော သဘောကိုပြုပြင် တတ်၏ ဝေဒနာကို ဝေဒနာအဖြစ်ကျိုးငှာရင်း၊ သညာကို သညာအဖြစ် အကျိုးငှာရင်း၊ သင်္ခါရတို့ကို သင်္ခါရအဖြစ်အကျိုးငှာရင်း၊ ဝိဉာဏ်ကို ဝိဉာဏ်အဖြစ် အကျိုးငှာရင်း၊ ပြုပြင်အပ်သော သဘောကို ပြုပြင်တတ်၏။ ရဟန်းတို့ ပြုပြင်အပ်သော

www.dhammaransi.com



သဘောကို ပြုပြင်တတ်သောကြောင့် သင်္ခါရ တို့ဟုဆိုအပ်၏။

ရဟန်းတို့ အဘယ်အကြောင်းကြောင့် ဝိညာဏ်ဟုဆိုကုန် သနည်း။ ရဟန်းတို့ သိတတ်သောကြောင့် ဝိညာဏ်ဟုဆိုအပ်၏။ အဘယ်ကို သိတတ်သနည်း။ အချဉ်ကိုဂင်း၊ အခါးကိုဂင်း၊ အစပ်ကိုဂင်း၊ အချိုကိုဂင်း၊ အငန်ကိုဂင်း၊ အငန်မဟုတ်သည်ကိုဂင်း၊ ဆားအရသာကိုဂင်း၊ ဆားမှတပါး အခြားအရသာကိုဂင်း၊ သိတတ်၏။ ရဟန်းတို့ သိတတ်သောကြောင့် ဝိညာဏ်ဟုဆိုအပ်၏။

(ဤနည်းဖြင့် မြတ်စွာဘုရားဟာ ခန္ဓာငါးပါးတို့ရဲ့ သဘော လက္ခဏာများကို ရှင်းလင်းဟောကြားတော်မူပါတယ် ခင်ဗျား။ ထို့နောက် ဆက်လက်၍ ထိုခန္ဓာငါးပါးတို့အား အသီးသီး အရှုခံအာရုံအဖြစ်ထားကာ ဝိပဿနာရှုပွားနည်းကို ညွှန်ကြားတော်မူပါတယ်။ ဦးမိုးကြိုး)

ရဟန်းတို့ အကြားအမြင်ရှိသော အရိယာ၏ တပည့်သည် ထိုခန္ဓာငါးပါးတို့၌ ဤသို့ဆင်ခြင်၏။

(မှတ်ချက် ။ ။ အဲဒီလို ဆင်ခြင်ခြင်းမျိုးကို ယောနိသော မနသိကာရလို့ ခေါ်ဆိုပါတယ်။ မိုးကြိုး)

ယခု ငါ့ကိုယ်ရုပ်သည် ကိုက်ခဲအပ်၏။ ငါ့ကိုယ်ယခုအခါ ပစ္စုပ္ပန်ရုပ်သည် ကိုက်ခဲအပ်သကဲ့သို့ အတိပ်ကာလကလည်း ဤအတူ၊ ငါ့ကို ရုပ်သည်၊ ကိုက်ခဲအပ်ဘူးပြီး ငါသည်အနာဂတ်အခါ၌ ရုပ်ကို နှစ်သက်ငြားအံ့၊ ငါ့ကိုယ်ယခုပစ္စုပ္ပန်ရုပ်သည် ကိုက်ခဲအပ်သကဲ့သို့ အနာဂတ်ကာလ၌လည်း ဤအတူသာ ငါ့ကိုယ်ရုပ်သည် ကိုက်ခဲရာ၏ဟု ဤသို့ဆင်ခြင်၍ အတိပ်ရုပ်၌ ငဲ့ကွက်ခြင်းကင်း၏။ အနာဂတ်ရုပ်ကို မနှစ်သက်ပစ္စုပ္ပန်ရုပ်၌ ငြီးငွေ့ခြင်းငှာ၊ စွဲမက်မှုကင်းခြင်းငှာ၊ ချုပ်ခြင်းငှာ ကျင့်၏။

ယခုငါ့ကို ဝေဒနာသည် ကိုက်ခဲအပ်၏။ ယခုငါ့ကိုယ်ပစ္စုပ္ပန် ဝေဒနာသည် ကိုက်ခဲအပ်သကဲ့သို့ အတိတ်ကာလ၌လည်း ဤအတူ ငါ့ကိုယ်ဝေဒနာသည် ကိုက်ခဲအပ်ဘူး၏။ ငါသည် အနာဂတ်အခါ၌ ဝေဒနာကို နှစ်သက်ငြားအံ့။ ယခုအခါ ငါ့ကိုယ်ပစ္စုပ္ပန်ဝေဒနာသည် ကိုက်ခဲအပ်သကဲ့သို့ အနာဂတ်ကာလ၌လည်း ငါ့ကို ဝေဒနာသည် ကိုက်ခဲရာ၏ဟု ဆင်ခြင်၍ အတိပ်ဝေဒနာ၌ ငဲ့ကွက်ခြင်းကင်း၏။ အနာဂတ်ဝေဒနာကို မနှစ်သက်၊ ပစ္စုပ္ပန်ဝေဒနာ၌ ငြီးငွေ့ခြင်းငှာ၊ စွဲမက်မှု ကင်းခြင်းငှာ၊ ချုပ်ခြင်းငှာ ကျင့်၏။

(သညာ - သင်္ခါရ - ဝိညာဏ်တို့ကိုအထက်ပါနည်းအတိုင်း၊ ဆင်ခြင်၏။ အကျယ်ကို

www.dhammaransi.com



မှုရင်းသုတ်မှာ ဖတ်ပါ)

ရဟန်းတို့ရုပ်အားလုံးကို ဤရုပ်သည် (၁)ငါ့ဉစ္စာမဟုတ်၊ (၂)ငါမဟုတ်၊ (၃)ငါ၏ကိုယ် "အတ္တ" မဟုတ်ဟု ဤသို့ဟုတ်တိုင်း မှန်စွာမှန်ကန်သော ပညာဖြင့် ရှုရမည်။ ဝေဒနာအားလုံးကို သညာအားလုံးတို့ကို သင်္ခါရအားလုံးတို့ကို ဝိညာဏ်အားလုံးတို့ကို (၁)ငါ့ဉစ္စာမဟုတ် (၂)ငါမဟုတ် (၃)ငါ၏ကိုယ် "အတ္တ" မဟုတ်ဟု ဤသို့ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့ ဤသို့ အရိယာတပည့်သည် ဖျက်ဆီးတတ်၏။ မပွားစီးစေတတ်၊ ပယ်စွန့်တတ်၏ စွဲလမ်း၍ မယူတတ်၊ ဖရိုဖရဲဖြန့်ကြဲတတ်၏။ မပေါင်းစုတတ် ငြိမ်းစေ၏။ မတောက်လောင်စေတတ်ဟု ဆိုအပ်၏။

အဘယ်ကို ဖျက်ဆီးသနည်း။ မပွားစီးစေတတ်သနည်း။ ရုပ်ကို ၎င်း၊ ဝေဒနာကို၎င်း၊ သညာကို၎င်း၊ သင်္ခါရတို့ကို၎င်း၊ ဝိညာဏ်ကို၎င်း၊ ဖျက်ဆီးတတ်၏၊ မပွားစီးစေတတ်။

အဘယ်ကို ပယ်စွန့်သနည်း၊ စွဲလမ်းမယူသနည်း။ ရုပ်ကို၎င်း၊ ဝေဒနာကို၎င်း၊ သညာကို၎င်း၊ သင်္ခါရတို့ကို၎င်း၊ ဝိညာဏ်ကို၎င်း ပယ်စွန့်၏ စွဲလမ်းမယူ။

အဘယ်ကို ဖရိုဖရဲပြန့်ကြဲသနည်း၊ မပေါင်းစုသနည်း။ ရုပ်ကို၎င်း၊ ဝေဒနာကို၎င်း၊ သညာကို၎င်း၊ သင်္ခါရတို့ကို၎င်း၊ ဝိညာဏ်ကို၎င်း၊ ဖရိုဖရဲဖြန့်ကြဲ၏။ မပေါင်းစု။

အဘယ်ကိုငြိမ်းစေသနည်း၊ မတောက်လောင်စေသနည်း။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကို ငြိမ်းစေ၏ မတောက်စေ။

ရဟန်းတို့ဤသို့ရှုသော အကြားအမြင်ရှိသော အရိယာ၏တပည့်သည် ရုပ်၌လည်း၊ ဝေဒနာ၌လည်း၊ သညာ၌လည်း၊ သင်္ခါရတို့၌ လည်း၊ ဝိညာဏ်၌ လည်း၊ ငြီးငွေ့၏။ ငြီးငွေ့သော်စွဲမက်မှု ကင်း၏။ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏။ ကိလေသာမှ လွတ်မြောက်သော် လွတ်မြောက်ပြီဟု အသိဉာဏ်ဖြစ်၏။ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှာ၊ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟုသိ၏ ဟူ၍ပင် ဖြစ်ပါတယ် ခင်ဗျား။

မိတ်ဆွေ - ဒီအတိုင်းဆိုတော့ သဲအင်းဂူဆရာတော်သင်ကြားပေးနေတဲ့ အရိယာပုတ်မပြောင်းလဲဘဲ၊ ဝေဒနာသုံးပါးလုံးရဲ့ဆင်းရဲသဘော၊ မမြဲသဘော၊ အနတ္တသဘော၊ အသုဘသဘောများကို မှန်သောအတိုင်း သိမြင်အောင်

www.dhammaransi.com



ပညာဖြင့် ရှုပွားနိုင်သော အဆင့်သို့ရောက်စေရန် အာနာပါန ဈာန်သမာဓိကို အားကောင်းအောင် စတင်ထူထောင်ခြင်းဟာ ဓမ္မစည်းမျဉ်းနဲ့အံဝင်ခွင်ကျ ဖြစ်နေပြီပေါ့။

မိုးကြိုး - မှန်ပါတယ် အလွန်မှန်ပါတယ်။ အလွန့်အလွန်မှန်ပါတယ် ခင်ဗျား။

မိတ်ဆွေ - ဥပရိပဏ္ဏာသပါဠိ၊ သဠာယတနဝဂ်၊ ဣန္ဒြိယဘာဝနာသုတ်မှာ "ဝိပဿနုပေက္ခာသည်၊ ငြိမ်သက်၏၊ မွန်မြတ်၏။" လို့ဆိုထားတဲ့အတွက် ကြမ်းတမ်းသော ဒုက္ခဝေဒနာကို ဣရိယာပုတ်ပြုပြင်ခြင်းနဲ့ ဖယ်ရှားပြီး သုခဝေဒနာနဲ့ ဥပက္ခာဝေဒနာတို့ကို သာဝိပဿနုပေက္ခာဆိုတဲ့ လျစ်လျူရှု ခြင်းနည်းနဲ့ ရှုပွားရမယ်လို့ ကျွန်တော်ရဲ့ မိတ်ဆွေဓမ္မာစရိယာကြီးက ယူဆခြင်းဖြစ်ဟန်တူပါတယ်။

ဒီပြဿနာကို ဦးမိုးကြိုးတတ်နိုင်ရင် ရှင်းလင်းတင်ပြစမ်းပါအုံး ခင်ဗျား။

မိုးကြိုး - ကျွန်တော်ဉာဏ်မီသမျှတင်ပြပါမယ်။ ဒါထက် ထိုဣန္ဒြိယဘာဝနာ သုတ်ကို အကျဉ်းတင်ပြပါအုံးမယ်။

## ဣန္ဒြိယဘာဝနာသုတ်

မြတ်စွာဘုရားဟာ ပါရာသိဝိယပုဏ္ဏား၏ တပည့်ဥတ္တရလုလင်ကို "ဥတ္တရ-အဘယ်သို့လျှင် ပါရာသိဝိယပုဏ္ဏားသည် တပည့်တို့အား အိန္ဒြေတို့ကို ပွားများခြင်းကို ဟောပြောသနည်း" လို့ မေးပါတယ်။ ထိုအခါ ဥတ္တရက "အရှင်ဂေါတမဤလောက၌ မျက်စိဖြင့် ရူပါရုံကို မရှုအပ်နားဖြင့် သဒ္ဒါရုံကို မကြားအပ်ဟူ၍ ဟောပြော၏လို့လျှောက်ထားပါတယ်။ ထိုအခါ မြတ်စွာဘုရား က ဥတ္တရပါရာသိဝိယပုဏ္ဏား၏ စကားသည် ဤသို့ဖြစ်သော် ကန်းသော သူသည်ရင်း၊ နားပင်းသော သူသည်ရင်း၊ ပွားများပြီးသော အိန္ဒြေရှိသည် ဖြစ်လတ္တံ့၊ ဥတ္တရကန်းသောသူသည် မျက်စိဖြင့် ရူပါရုံကိုမမြင်၊ နားပင်းသော သူသည် နားဖြင့် သဒ္ဒါရုံကို မကြား" ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားက အာနန္ဒာပါရိသိဝိယပုဏ္ဏားသည် တပည့်တို့အား အိန္ဒြေတို့ကို ပွားများခြင်းကို တမျိုးအားဖြင့် ဟောပြော၏။ အာနန္ဒာအရိယာ၏ အဆုံးအမ၌ အတုမရှိသော အိန္ဒြေပွားများခြင်းသည် တမျိုးဖြစ်၏။

အာနန္ဒာအဘယ်သို့လျှင် အရိယာ၏ အဆုံးအမ၌ အတုမရှိသော အိန္ဒြေကို ပွားများခြင်းသည်ဖြစ်သနည်း။ (၁)မျက်စိဖြင့် ရူပါရုံကို မြင်တဲ့အခါ၊

www.dhammaransi.com



(၂)နားဖြင့် သဒ္ဒါရုံကို ကြားတဲ့အခါ၊ (၃)နှာခေါင်းဖြင့် ဂန္ဓာရုံ ကို နမ်းတဲ့အခါ၊ (၄)လျှာဖြင့်ရသာရုံကိုလျက်တဲ့အခါ၊ (၅)ကိုယ်ဖြင့်ဖောဋ္ဌဗ္ဗါရုံကိုတွေ့ထိတဲ့အခါ၊ (၆)စိတ်ဖြင့်ဓမ္မာရုံကိုသိတဲ့အခါမည်သို့မည်ပုံအိန္ဒြေကိုပွားများရမယ်ဆိုတာကို ဟောကြားပါတယ်။

ယခုကျွန်တော်တို့ ဆွေးနွေးနေတဲ့ ပြဿနာဟာက ကိုယ်ဖြင့် ဖေါဋ္ဌဗ္ဗါရုံကို တွေ့ထိခြင်းနဲ့သက်ဆိုင်တဲ့အတွက် ၎င်းအကြောင်းနဲ့ပတ်သက်ပြီး မြတ်စွာဘုရားဟောကြားပုံကို တင်ပြပါ့မယ်။

## (၁) အတုမရှိသော အိန္ဒြေကို ပွားများခြင်း

အာနန္ဒာရဟန်းအား ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗါရုံကို တွေ့သိ၍ (၁)နှစ်သက်ခြင်းသည်ဖြစ်၏၊ (၂)မနှစ်သက်ခြင်းသည်ဖြစ်၏၊ (၃)နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းသည်ဖြစ်၏။ ထိုရဟန်းသည် "ငါအား ဤမည်သော နှစ်သက်ခြင်းသည်ဖြစ်၏။ ဤမည်သော မနှစ်သက်ခြင်းသည်ဖြစ်၏။ ဤမည်သော နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းသည်ဖြစ်၏။ စင်စစ် ထိုနှစ်သက်ခြင်းစသည်မှာ အကြောင်းတရားတို့ ပေါင်း၍ ပြုပြင်အပ်၏။ ကြမ်းတမ်း၏။ အကြောင်းကို စွဲ၍ဖြစ်၏။ ဝိပဿနုပေက္ခာသည် ငြိမ်သက်၏၊ မွန်မြတ်၏ဟု ဤသို့သိ၏။ ထိုရဟန်းအားဖြစ်သော နှစ်သက်ခြင်းသည်၎င်း၊ ဖြစ်သောမနှစ်သက်ခြင်းသည်၎င်း၊ ဖြစ်သောနှစ်သက်ခြင်း၊ မနှစ်သက်ခြင်း သည်၎င်း ချုပ်၏၊ ဝိပဿနုပေက္ခာသည် ကောင်းစွာတည်၏၊ အာနန္ဒာ ဥပမာအားဖြင့် အားကောင်းသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်ရာသကဲ့သို့ ဆန့်ထားသော လက်မောင်းကိုလည်း ကွေးရာသကဲ့သို့အာနန္ဒာ ဤအတူသာလျှင် တစုံတယောက်သော ပုဂ္ဂိုလ်အား ဤသို့မပင်ပန်းဘဲ ဖြစ်သောနှစ်သက်ခြင်းသည်၎င်း၊ ဖြစ်သော မနှစ်သက်ခြင်းသည်၎င်း၊ ဖြစ်သောနှစ်သက်ခြင်း၊ မနှစ်သက်ခြင်းသည်၎င်း ဤသို့လျင်စွာ၊ ဤသို့စောစွာ ချုပ်၏။ ဝိပဿနုပေက္ခာသည် ကောင်းစွာ တည်၏။ အာနန္ဒာ ဤဆိုခဲ့ပြီးကို အရိယာ၏ အဆုံးအမ၌ ကာယဝိညာဏ် ဖြင့် သိအပ်သော ဖေါဋ္ဌဗ္ဗာရုံတို့၌ အတုမရှိသော အိန္ဒြေကို ပွားများခြင်းဟူ၍ ဆိုရ၏။

## (၂) ကျင့်ဆဲ ပုဂ္ဂိုလ်အတွက် အကျင့်

အာနန္ဒာ အဘယ်သို့လျှင် ကျင့်အပ်သော အကျင့်ရှိသနည်း။ အာနန္ဒာ

www.dhammaransi.com



ဤသာသနာတော်၌ ရဟန်းအား ကိုယ်ဖြင့် ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ နှစ်သက်ခြင်းသည်ဖြစ်၏။ မနှစ်သက်ခြင်းသည်ဖြစ်၏။ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းဖြစ်၏။ ထိုရဟန်းသည် ဖြစ်သောနှစ်သက်ခြင်းဖြင့် ဖြစ်သောမနှစ်သက်ခြင်းဖြင့်ဖြစ်သော ထိုနှစ်သက်ခြင်း၊ မနှစ်သက်ခြင်းတို့ကို ငြီးငွေ့၏။ စက်ဆုတ်၏။ အာနန္ဒာ ဤသို့လျှင် ကျင့်အပ်သော အကျင့်သည် ရှိ၏။

## (၃) ပွားအပ်ပြီးသော အရိယာပုဂ္ဂိုလ်

အာနန္ဒာအဘယ်သို့လျှင် ပွားအပ်ပြီးသော အိန္ဒြေရှိသော အရိယာပုဂ္ဂိုလ်ဖြစ်သနည်း။ အာနန္ဒာဤသာသနာတော်၌ ရဟန်းအား ကိုယ်ဖြင့် ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ နှစ်သက်ခြင်းသည်ဖြစ်၏။ မနှစ်သက် ခြင်းသည်ဖြစ်၏။ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းသည်ဖြစ်၏။

(က) ထိုရဟန်းသည် စက်ဆုတ်ဖွယ်အာရုံ၌ စက်ဆုတ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေလိုငြားအံ့၊ ထိုသို့အမှတ်ရှိ၍နေ၏။

(ခ) စက်ဆုတ်ဖွယ်မဟုတ်သောအာရုံ၌စက်ဆုတ်ဖွယ်ဟုအမှတ်ရှိ၍နေ၏။

(ဂ) စက်ဆုတ်ဖွယ်မဟုတ်ဟုအမှတ်ရှိ၍နေ၏။

(ဃ) စက်ဆုတ်ဖွယ်မဟုတ်သော အာရုံ၌၎င်း၊ စက်ဆုတ်ဖွယ်အာရုံ၌၎င်း၊ စက်ဆုတ်ဖွယ်ဟုအမှတ်ရှိ၍ နေလိုငြားအံ့၊ ထိုသို့အမှတ်ရှိ၍နေ၏။

(င) စက်ဆုတ်ဖွယ်အာရုံကို၎င်း စက်ဆုတ်ဖွယ်မဟုတ်သော အာရုံကို၎င်း (ဤသို့) ထိုနှစ်ပါးစုံသော အာရုံကို ကြည့်၍ လျစ်လျူရှုလျက် သတိပညာဖြင့် ပြည့်စုံ၍ နေထိုင်ငြားအံ့၊ ထိုအာရုံနှစ်ပါးစုံ၌ လျစ်လျူရှုလျက် သတိဆင်ခြင်ဉာဏ်နှင့် ပြည့်စုံ၍နေ၏။ အာနန္ဒာ ဤသို့လျှင် ပွားများအပ်ပြီးသော အိန္ဒြေရှိသော အရိယာပုဂ္ဂိုလ် သည်ဖြစ်၏။

အာနန္ဒာ ဤသို့လျှင် ငါသည် -

(၁) အရိယာ၏ အဆုံးအမ၌ အတုမရှိသော အိန္ဒြေပွားများခြင်းကို ဟော၏။

(၂) ကျင့်ဆဲ "သေက္ခ" ဖြစ်သော ပုဂ္ဂိုလ်ကို ဟော၏။

(၃) ပွားအပ်ပြီးသော အိန္ဒြေရှိသော အရိယာပုဂ္ဂိုလ်ကို ဟော၏ ဟူ၍ပင်ဖြစ်ပါတယ်။

အနီသုတ်ကို သေချာယကာစွာ ဖတ်ရှုသော အမြင်ဉာဏ် ထက်သန်တဲ့

www.dhammaransi.com



ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားသည် ပုဂ္ဂိုလ်သုံးမျိုးအတွက် ဉာဏ် အမြင်သုံးစားကို ခွဲခြားဟောထားခြင်းကို သဘောပေါက်မည်ဖြစ်ပါတယ်။

အမှတ် (၁) - အရိယာ၏ အဆုံးအမဉ္ဈ အတုမရှိသော အိန္ဒြေပွားများခြင်း အပိုင်းဟာ ကာမရာဂါနုသယနဲ့ ပဋိဃာနုသယကို ပယ်စွန့်ပြီး သေက္ခဖြစ်တဲ့ အနာဂါမ်ကြီးများသည် အထက်မဂ်သို့ တက်လှမ်းရန် ကျင့်သော အကျင့်မြတ်သည်သာ ဖြစ်ပါတယ်။ ခင်ဗျားမိတ်ဆွေ ဓမ္မာစရိယထိပ်ဖူးကြီး ယူဆသကဲ့သို့ တရားအားထုတ်စ ပုထုဇဉ်ယောဂီများ ပွားများနိုင်သော အကျင့်လုံးဝမဟုတ်ပါ။

အမှတ် (၂) - အကျင့်သည်ကား ကျင့်ဆဲ "သေက္ခ" ဖြစ်သော ပုဂ္ဂိုလ်တို့ ကျင့်အပ်သော (ဝါ) တရားအားထုတ်စ ယောဂီတို့ ကျင့်အပ်သော ကျင့်နိုင်စွမ်းရှိသော အကျင့်ဖြစ်ပါတယ်။ ၎င်းကျင့်စဉ်ကို မဟာသတိပဋ္ဌာန သုတ်လာ ဝေဒနာနုပဿနာသတိပဋ္ဌာန်နဲ့ညှိကြည့်ပါက ညီညွတ်နေသည် ကို တွေ့ရမည်ဖြစ်ပါတယ်။

အမှတ် (၃) - ကတော့ အသေက္ခရဟန္တာကြီးများထားရှိနိုင်သော အိန္ဒြေကို ဖော်ပြထားခြင်းဖြစ်တာကို တွေ့ရမည်ဖြစ်ပါတယ်။

အမှတ် (၂) - မှာ မြတ်စွာဘုရားက "ဤသို့လျှင် ကျင့်အပ်သော တရား အကျင့်သည်ရှိ၏" လို့ တရားအားထုတ်စ ယောဂီတို့ကျင့်ရန် အကျင့်ကို တိတိကျကျ ပြတ်ပြတ်သားသား ဟောကြားထားတဲ့အတွက် ဝေဝေဝါးဝါး အဓိပ္ပါယ်အကောက်အယူ မှောက်မှားစရာမရှိပါ ခင်ဗျား။

မိတ်ဆွေရဲ့ လူဟာက စာတတ်ပေတတ်၊ လူထွက်ထိပ်ဖူး ဓမ္မာစရိယာကြီးတစ်ဦးဆိုပြီး ဘုရားဟောဒေသနာကို ဖတ်တော့လဲ သဘော ပေါက်ပုံမပေါ်ပါကလား။ ဒီလိုသဘောမပေါက်တဲ့အတွက် သူမှန်တယ် ထင်တဲ့ ကျင့်စဉ်နဲ့ပတ်သက်သော အယူအဆများဟာ သတိပဋ္ဌာန် ဒေသနာနှင့်၎င်း၊ ဝေဒနာသံယုတ်လာဒေသနာများနဲ့၎င်း၊ ညှိကြည့်ရင် မညီဘဲ အလွဲလွဲ အချော်ချော်ဖြစ်နေခြင်းကို တွေ့နေရပါတယ်။ သို့ရာတွင် စာမတတ်သော သဲအင်းဂူဆရာတော်ဘုရားရဲ့ ကျင့်စဉ်ကတော့ ထိုထိုဒေသနာများနဲ့

www.dhammaransi.com



အံ့ဝင်ဂွင်ကျဖြစ်နေပုံကို တွေ့ရမည်ဖြစ်ပါတယ် ခင်ဗျား။

ဒါကြောင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်နိုင်ရန် ဘုရားဟောဝေဒနာ သံယုတ်လာသုတ်အချို့ကို တင်ပြပါမယ်။

## သဂါထာဝဂ် သမာဓိသုတ်

ရဟန်းတို့. ခံစားမှုဝေဒနာတို့ကား ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်း၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့တည်း။

တည်ကြည်မှု - သမာဓိ၊ ဆင်ခြင်မှု ပညာ၊ အောက်မေ့မှု သတိ ရှိသော မြတ်စွာဘုရား၏ တပည့်သာဝကသည် (၁)ဝေဒနာတို့ကိုရင်း၊ (၂)ဝေဒနာတို့၏ ဖြစ်ကြောင်းကိုရင်း၊ (၃)ဝေဒနာတို့၏ ချုပ်ငြိမ်းရာကိုရင်း၊ (၄)ဝေဒနာတို့၏ ချုပ်ရာ (နိဗ္ဗာန်သို့)ရောက်ကြောင်း မဂ်ကိုရင်း၊ သိ၍ ဝေဒနာတို့၏ ကုန်ခြင်းကြောင့် ရဟန်းသည် တဏှာဟူသော ဆာလောင်မှုကင်းသည်ဖြစ်၍ ချုပ်ငြိမ်းနိုင်၏ဟူ၍ ဟောကြားတော်မူပါတယ်။ ထို့နောက် မဟာနသုတ်မှာ -

## မဟာနသုတ်

ရဟန်းတို့ဝေဒနာတို့သည် ဤသုံးမျိုးတို့တည်း အဘယ်သုံးမျိုး တို့နည်း သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့တည်း။ ရဟန်းတို့.သုခဝေဒနာ၌ စွဲမက်မှု၊ ရာဂနုသယကို ပယ်အပ်၏။ ဒုက္ခဝေဒနာ၌ အမျက်ထွက်မှု ပဋိဃာနုသယကို ပယ်အပ်၏။ ဥပေက္ခာဝေဒနာ၌ မသိမှု အဝိဇ္ဇာနုသယကို ပယ်အပ်၏။ ရဟန်းတို့. အကြင်အခါ ရဟန်းအား သုခဝေဒနာ၌ စွဲမက်မှု၊ ရာဂါနုသယကိုရင်း၊ ဒုက္ခဝေဒနာ၌ အမျက်ထွက်မှု ပဋိဃာနုသယကိုရင်း၊ ဥပေက္ခာဝေဒနာ၌ မသိမှု၊ အဝိဇ္ဇာနုသယကိုရင်း၊ ပယ်ပြီးဖြစ်၏။ ထိုအခါ ထိုရဟန်းတို့ကို (အနုသယ)ကင်းကွာသူ ကောင်းစွာမြင်ပြီးသူ (ရဟန္တာ)ဟု ဆိုရ၏။

ခံစားမှုဝေဒနာကို မသိသည်ဖြစ်၍ (၁)သုခဝေဒနာကို ခံစားသော ထွက်မြောက်ရာလမ်းကို မတွေ့မြင်သော သူအား ထိုစွဲမက်မှု ရာဂါနုသယ ဖြစ်၏၊ (၂)ဒုက္ခဝေဒနာကို ခံစားသော ထွက်မြောက်ရာလမ်းကို မတွေ့မြင်သော သူအား အမျက်ထွက်မှု ပဋိဃါနုသယဖြစ်၏၊ (၃)ငြိမ်သက်ကောင်းမြတ်လှ၏ဟု မြတ်စွာဘုရားဟောထားတော်မူအပ်သော ဥပေက္ခ (ဝေဒနာ)ကိုပင် အလွန်နှစ်သက်နေပါလျှင် ဆင်းရဲဒုက္ခမှ မလွတ်နိုင်။

www.dhammaransi.com



လုံ့လရှိသော ရဟန်းသည် ဆင်ခြင်ဉာဏ်၊ သမ္မာဇဉ်ကို မစွန့်ခဲ့သော ထိုပညာရှိ ရဟန်းသည် ခံစားမှုဝေဒနာအားလုံးတို့ကို ပိုင်းခြားသိနိုင်၏။ (ဒုက္ခဝေဒနာကို တောနိုးနိုင်းထားဘို့ ဘုရားမဟောပါခင်ဗျား။ မိုးကြိုး)

ထိုရဟန်းသည် ဝေဒနာတို့ကို ပိုင်းခြားသိသော် ယခုဘဝ၌ပင် အာသဝေါကင်းကွာနိုင်၏။ လောကုတ္တရာဓမ္မ၌ တည်သော ရဟန္တာဖြစ်၍ ခန္ဓာကိုယ်ပျက်စီးသော် (ကာမ၊ ရူပ၊ အရူပဆိုသည့်) ဘဝသုံးပါး၌ဖြစ်သူဟူသော အရေအတွက်သို့မရောက်တော့ချေ။ (၃၁-ဘုံမှ လွတ်မြောက်ပြီးဖြစ်သူ) ဟူ၍ပင်ဖြစ်ပါတယ်။

မြတ်စွာဘုရားတို့မည်သည်တရားကို မှောက်ချည်လှန်ချည်ကို ဟိုတစ်မျိုး ဒီတဖုံ ဟောကြားခြင်း အလျဉ်းမရှိပါ။ တိတိကျကျ တသမတ်တည်းသာ ဟောကြားလေ့ရှိပါတယ်။ အကျင့်နဲ့ ပတ်သက်ပြီး ဟောကြားထားသော ဒေသနာများကို သတိပဋ္ဌာန်လေးပါးအကျင့်တရားအတွင်းသို့ သွတ်သွင်း၍ ကြည့်တတ်သဖြင့် သွတ်သွင်း၍ ကြည့်ပါက အံဝင်ဂွင်ကျဖြစ်နေသည်များကိုသာ အစဉ်အမြဲတွေ့ရမည်ဖြစ်ပါတယ်။ ကွဲလွဲခြားနားခြင်းမျိုးကို တွေ့ရမည်မဟုတ်ပါ။ ဤအချက်ကို သတိမထားသူများဟာ "စကားမှန်၏ ဉာဏ်မမိ" ဖြစ်တတ်ပါတယ်။

ဤအထောက်အထားအကြောင်းအရာများကြောင့် (၁)ဒုက္ခ ဝေဒနာပေါ်လာတဲ့အခါ ဒေါမနဿဖြစ်မှာစိုးလို့မရှုပွားဘဲ ဝက္ကရိယာပုတ်ကို ပြုပြင်ကာ ထိုဒုက္ခဝေဒနာကို တောနိုးနိုင်းရမယ်ဆိုသော ခင်ဗျားရဲ့ မိတ်ဆွေလူပြုန်တော်ပညာရှိ ဓမ္မစရိယကြီးရဲ့အယူအဆက ဘုရားဟော ဒေသနာများနဲ့ ညီညွတ်သလား။ သို့တည်းမဟုတ် (၂)ဒုက္ခဝေဒနာနဲ့တကွ ဝေဒနာအားလုံးတို့ကို ထူးသောဉာဏ်ဖြင့် ဒုက္ခသစ္စာအနေအားဖြင့် ပိုင်းခြား၍ သိခြင်းငှာ။ ဣရိယပုတ်ကို မပြုပြင်ဘဲ သည်းခံကာ ယောနိသော မနသိကာရနဲ့ ရှုပွားရမယ်ဆိုတဲ့ "စာမှာမတတ်၊ ကိုယ်မှာတတ်တဲ့" သဲအင်းဂူ ဆရာတော်ဘုရားသင်ကြားပေးနေတဲ့ ကျင့်စဉ်က ဘုရားအလိုတော်နဲ့ ကိုက်ညီသလားဆိုတာ သတိကြီးစွာထားပြီး ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်ပေါ့ဗျာ။ ကိုယ်မှားရင် ကိုယ်ခံပြီး၊ ကိုယ်မှန်ရင် ကိုယ်စံရမဲ့အလုပ်မျိုး ဖြစ်ပါတယ် ခင်ဗျား။

**ခင်ဗျား** - "စကားမှန်၏ ဉာဏ်မမိ၊ ထိအောင် သူမသိ" ဆိုတဲ့ သဘောပေတံကို အခြေခံပြီး၊ မဇ္ဈိမပဋိပဒါဆိုတဲ့ မဂ္ဂင်အကျင့်အကြောင်းကို ဆွေးနွေးခဲ့တာ

www.dhammaransi.com



တော်တော်ပင် စုံလင်သွားပြီးဖြစ်လို့ ယနေ့အဖို့မှာ နိဂုံးချုပ်သင့်ပြီ ထင်ပါတယ်။
မိုးကြိုး - ဘယ်လိုလဲဗျ။ ရှေ့ဆက်ပြီး ဆွေးနွေးခဲ့ရင် ခင်ဗျားမိတ်ဆွေ ဓမ္မစရိယကြီးရဲ့ အယူအဆတွေဟာ ပို၍ပို၍ အလိုမပြေ့ "ဗလချာ" ဖြစ်ကုန် မှာ စိုးလို့လား။
မိတ်ဆွေ - နိဂုံးမချုပ်လို့ ဆက်လုပ်အုံးမယ်ဆိုရင်လဲ လုပ်ပေါ့ဗျာ။ ကျွန်တော့်အဖို့ကတော့ ဗဟုသုတဖြစ်ရမယ်ဆိုရင် သာလို့ပင် ကြိုက်ပါ တယ်။
မိုးကြိုး - ခင်ဗျားရဲ့မိတ်ဆွေ ဓမ္မာစရိယကြီးဟာက အဌကထာအသုံး "သံကိလိဌ" ပုဒ်ကလေးတလုံးနဲ့ အဓိပ္ပါယ်မသိဘဲလျက် လူလယ်လူတတ် ကြီးလုပ်လွန်းနေပါတယ်။ အမှန်တော့ မြတ်စွာဘုရားကိုယ်တော်တိုင်က မဟာသတိပဋ္ဌာနသုတ် ဥဒ္ဒေသမှာ "အာတာပီ၊ သမ္ပဇာနော၊ သတိမာ၊ ဝိနေယျ၊ လောကေ၊ အဘိဇ္ဈာ ဒေါမနဿံလို့ တိတိကျကျ ဟောကြားထားခဲ့ပါတယ်။ အဓိပ္ပါယ်က (၁)အာတာပဝိရိယနဲ့ ပြည့်စုံခြင်း၊ (၂)ဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံခြင်း၊ (၃)သတိတရား ရှေ့သွားပြုခြင်း၊ (၄)မက်မောသည့် အဘိဇ္ဈာနဲ့ နလုံး မသာယာသည့် ဒေါမနဿတို့ကို ပယ်ခြင်းဆိုတဲ့ အင်္ဂါလေးပါးနဲ့ သတိပဋ္ဌာန် အားထုတ်သူများ ပြည့်စုံရမယ်" လို့ သတိပေးထားပါတယ်။

အဲဒီလို အဘိဇ္ဈာနဲ့ ဒေါမနဿကို ပယ်ဘို့ကိစ္စမှာ မိတ်ဆွေရဲ့ ဓမ္မာစရိယကြီးက ဒေါမနဿမဖြစ်အောင် ဒုက္ခဝေဒနာပေါ်လာတဲ့အခါ ဣရိယာပုတ်ကို ပြောင်းပေးရမယ်လို့ဆိုပါတယ်။ သုခဝေဒနာပေါ်လာတဲ့ အခါကျတော့ အဘိဇ္ဈာမဖြစ်အောင် မလုပ်တတ်တော့ပါဘူးတဲ့။ အနီးလို "စကားမှန်ပြီး ဉာဏ်မနီး" တဲ့အတွက် ထိုဓမ္မစရိယကြီးတင်ပြနေတဲ့ မဇ္ဈိမ ပဋိပဒါအကျင့်ဟာ ဘုရားဟောသတိပဋ္ဌာန်သုတ်နဲ့၎င်း၊ ဝေဒနာသံယုတ်လာ ဒေသနာများနဲ့၎င်း ညီလို့မညီဘဲ "ချော်တာငေါ့" ကုန်ပါတယ်။ အဲဒီလို ဖြစ်မှာစိုးတော်မူလို့ အရိယာဆရာကောင်းထံမှာ နည်းခံပါလို့ မြတ်စွာ ဘုရားက ၅၂၈ ကြိမ်တိုင်တိုင် သတိပေးခဲ့ခြင်းဖြစ်ပါတယ်။

မိတ်ဆွေရဲ့ ဓမ္မာစရိယကြီးဟာ ခန္ဓာကိုယ်တွေ့ဖြစ်တဲ့ ပုဂ္ဂိုလ် ကျော်ကြီးဖြစ်တော်မူသော (၁)ကျမ်းဂန်အကျော် ညောင်လွန့်တောရ တေဝဇ္ဇပတ္တ ရဟန္တာဆရာတော်ရဲ့ အဘိဇ္ဈာနဲ့ ဒေါမနဿပယ်၍ တရား အားထုတ်နည်းကို လေ့လာဖတ်ရှုသင့်ပါတယ်၊ (၂)စာမတတ်တဲ့အတွက် ရဟန္တာဖြစ်တဲ့ စွန်းလွန်းဆရာတော်ရဲ့ကျင့်စဉ်ကိုတော့ မဖတ်ရှုချင်ရင် နေပေါ့။

ထိုပြင် ဘုရားဟော သတိပဋ္ဌာန်သုတ်သာမကဘဲ ဝေဒနာ

www.dhammaransi.com



သံယုတ်လာဒေသနာများကို ရေရေလည်လည် ပပ်ပပ်နပ်နပ် ဖတ်ရှုလေ့လာခဲ့ပါရင်လဲ ဒုက္ခဝေဒနာကို ဒေါမနဿဖြစ်မှာစိုးလို့တော့ တောနိုင်းခြင်းဟာ ဧရာမအမှားကြီးဖြစ်တယ်ဆိုတာကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်ပါတယ်။

ဒီလို တင်ပြရေးသားနေတာက ဓမ္မာစရိယကြီးရဲ့ မှန်တယ်ဆိုတဲ့ ကျင့်နည်းနဲ့တရားအားထုတ်စဉ်မှာ ဣရိယာပုတ်ပြောင်းလဲကာ ဒုက္ခ ဝေဒနာကို တောနိုနိုင်းထားလို့ရပေမယ့် သေခါနီးဆဲဆဲအသက်ကို ဆောင်ယူမယ့် ဒုက္ခဝေဒနာနဲ့ရင်ဆိုင်ရတဲ့အခါ ဒေါမနဿစိတ် တတင်း သား တခွဲသားနဲ့ သေခဲ့ရင်အပါယ်ကျမှာစိုးလို့သတိပေးရေးသားနေခြင်း သာဖြစ်ပါတယ် ခင်ဗျား။

စိတ်၏အစဉ်သည် လှေနဲ့တူတယ်။ အာဝဇ္ဇန်းဟာ ပဲ့သမားနဲ့ တူတယ်။ ပဲ့သမား ဦးလှည့်ပေးရာသို့ လှေသွားရသလို အာဝဇ္ဇန်းဦးလှည့်ပေးရာသို့ ကုသိုလ်လမ်း၊ အကုသိုလ်လမ်းများပွင့်ပါတယ်။ ဒါကြောင့် အာဝဇ္ဇန်းရဲ့ ကိစ္စနှစ်ပါးဖြစ်တဲ့ ယောနိသောမနသိကာရနဲ့ သင့်မြတ်သော နှလုံးသွင်းခဲ့ရင် ကုသိုလ်ဖြစ်ပြီး အယောနိသောမနသိကာရနဲ့ မသင့်မြတ်သော နှလုံးသွင်းခဲ့ရင် အကုသိုလ်ဖြစ်တယ်ဆိုတာ ထိုဓမ္မာစရိယကြီးသည် သဒ္ဓမ္မ သန္နိဋ္ဌာနကျ သိသင့်အပ်လှပါတယ် ခင်ဗျား။

ဒုက္ခဝေဒနာနဲ့ တွေ့တဲ့အခါ (၁)အယောနိသော မနသိကာရနဲ့ နှလုံးသွင်းပုံက ငါနာတယ်၊ ငါကျင်တယ်၊ ငါသေရတော့မယ်၊ အမယ်လေး၊ အဘလေးနဲ့ အော်ဟစ်ခြင်းမျိုးဖြစ်ပြီး (၂)ယောနိသောမနသိကာရနဲ့ နှလုံးသွင်းပုံက ဝေဒနာဟာ နာမ်ခံစားတဲ့သဘောဘဲ တခြားဘာမှ မဟုတ်ဘူး။ နာသူမရှိဘူး။ ကျင်သူမရှိဘူး။ ငါမဟုတ် သူမဟုတ် နှိပ်စက် ညှဉ်းပန်းမှု၊ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းသဘော ဒုက္ခသစ္စာကြီး ပါကလားလို့သိခြင်းမျိုးဖြစ်ပါတယ်။

## ဒုက္ခသစ္စာအနက် (၄)ချက်

(၁) နှိပ်စက်တဲ့သဘောကလဲ - ဒုက္ခ၊

(၂) ပြုပြင်တဲ့သဘောကလဲ - ဒုက္ခ၊

(၃) ပူလောင်တဲ့သဘောကလဲ - ဒုက္ခ၊

(၄) ဖေါက်ပြန်တဲ့သဘောကလဲ - ဒုက္ခ၊

ဒုက္ခဿ၊ ပီဠနဋ္ဌော၊ သင်္ခတဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိဏာမဋ္ဌော။

www.dhammaransi.com



ရန်ကုန်မင်းကွန်းတိုက် ဆရာတော်ဦးဝိသုဒ္ဓရေးသားအပ်တဲ့ အဲဒီသစ္စာလေးပါး၊ မင်းကွန်းသွား၊ လင်္ကာကလေးကိုလဲ ကျက်မှတ်ထားပြီး နှိပ်စက်တဲ့သဘောဖြစ်တဲ့ ဒုက္ခဝေဒနာဟာ၊ ဒုက္ခသစ္စာမထိုက်ဘူးရယ်လို့မပြောမိလို့ ခင်ဗျားရဲ့ဓမ္မာစရိယကြီးကို သတိပေးလိုက်ပါအုံး။ ထို့ပြင် ကျေးရူးရှင် လယ်တီဆရာတော်ဘုရားရေးသားတဲ့ စတုသစ္စဒီပနီကိုလဲ ဖတ်ခိုင်းအုံး ပေါ့ဗျာ။

မိတ်ဆွေ - တီးတွန်းလှုချည့်လား ကိုယ့်ဆရာ ဒါထက်ဆက်စမ်းပါအုံး ခင်ဗျား။

မိုးကြိုး - ခင်ဗျားရဲ့မိတ်ဆွေ၊ ဓမ္မာစရိကြီးဟာ စာဖတ်ပျင်းတယ်ထင်တယ်။ ဒါကြောင့် သူရဲ့အယူအဆ မှန်မမှန်ကို ချိန်ထိုးကြည့်နိုင်ရန် ဝေဒနာ သံယုတ် သလ္လသုတ်ကို အကျဉ်းတင်ပြပါမယ်။ အကျယ်သိချက်ရင်တော့ မူရင်း သုတ်ကို ဖတ်ရှုပေါ့။

## သလ္လသုတ်

(၁) ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်သည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသုံးပါးတို့ကို ခံစားရ၏။

(၂) ရဟန်းတို့ အကြားအမြင်ရှိသော အရိယာ၏ တပည့်သည်လည်း ထိုဝေဒနာသုံးပါးလုံးကို ခံစားရ၏။ ထိုသူနှစ်ဦးတို့၏ ထူးခြားမှု၊ ကွဲလွဲမှု၊ ကွဲပြားမှုတို့ကား အဘယ်နည်း။

## အကြားအမြင်မရှိသူ

(၁) ရဟန်းတို့၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် ဒုက္ခဝေဒနာဖြင့် တွေ့ထိခံစားရသော် စိုးရိမ်ပင်ပန်းငိုကြွေးမြည်တမ်းရ၏။ မိန်းမောခြင်းသို့ ရောက်ရ၏။ (က)ကိုယ်၌ဖြစ်သော်၊ စိတ်၌ဖြစ်သော နှစ်မျိုးသော ဝေဒနာ တို့ကို ခံစားရ၏။

ရဟန်းတို့ဥပမာသော်ကား ယောကျ်ားကို ခြောင့်စူးမိရာ၏။ ထိုသူကို ဒုတိယခြောင့်သည် ပဌမခြောင့်စူးရာအနီး၌ စူးပြန်ရာ၏။ ရဟန်း တို့ဤသို့လျှင် ထိုယောကျ်ားသည် ခြောင့်နှစ်ချောင်းဖြင့် ဝေဒနာခံစားရ၏။ ရဟန်းတို့ ဤအတူပင် အကြားအမြင်မရှိသော ပုထုဇဉ်သည် ဒုက္ခ ဝေဒနာကို ခံစားရ၏။ ထိုသူသည် ဒုက္ခဝေဒနာဖြင့် တွေ့ထိအပ်သော် အမျက်ထွက်၏။ ထို့ကြောင့် ပဋိဃာနုသယသည် ကိန်း၏။ ထိုသူသည် သုခဝေဒနာဖြင့် တွေ့ထိသော် ကာမချမ်းသာကို နှစ်သက်၏။ ထိုသို့နှစ်သက်ခြင်းသည် အဘယ်ကြောင့်နည်း

www.dhammaransi.com



ထိုပုထုဇဉ်သည် ကာမချမ်းသာ မှတပါး သုခဝေဒနာမှ ထွက်မြောက်ရာကို မသိသောကြောင့်တည်း။ ကာမချမ်းသာကို နှစ်သက်သော ထိုသူအား သုခဝေဒနာကြောင့်ဖြစ်သော ရာဂါနုသယသည် ကိန်း၏။ ထိုသူသည် ထိုဝေဒနာတို့၏ (က)ဖြစ်ကြောင်း ကိုရင်း၊ (ခ)ချုပ်ကြောင်းကိုရင်း၊ (ဂ)သာယာဘွယ်ကိုရင်း၊ (ဃ)အပြစ်ကို ရင်း၊ (င)ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာမသိ ထိုမသိသူအား ဥပေက္ခာဝေဒနာကြောင့်ဖြစ်သော အဝိဇ္ဇာနုသယသည်ကိန်း၏။ ထိုသူသည်ကိလေသာနှင့်ယှဉ်သော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာတို့ကို ခံစား၏။ ရဟန်းတို့အကြားအမြင်မရှိသော ဤပုထုဇဉ်ကို ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပူပန်မှုတို့နှင့် ယှဉ်စပ်နေသူဟုဆိုရ၏။ ဆင်းရဲဒုက္ခနှင့် ယှဉ်စပ်နေသူဟု ငါဆို၏။

## အကြားအမြင်ရှိသူ အရိယာ၏ တပည့်

(၂) ရဟန်းတို့ အကြားအမြင်ရှိသော အရိယာ၏ တပည့်သည်ကား ဒုက္ခဝေဒနာဖြင့် တွေ့ထိခံရသော် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ထုလျက်၊ မမြည်းတမ်း၊ မိန်းမောခြင်း သို့မရောက် ထိုသူသည် ကိုယ်၌ဖြစ်သော ဝေဒနာတမျိုးကိုသာ ခံစားရ၏။ စိတ်၌ဖြစ်သော ဝေဒနာကို မခံစားရ။

ရဟန်းတို့ဥပမာသော်ကား ယောကျ်ားသည် ငြောင့်စူးမိရာ၏။ ထိုသူကို ဒုတိယငြောင့်သည်နောက်ထပ်မစူးရာ၊ ရဟန်းတို့ဤသို့လျှင် ထိုယောကျ်ားသည် ငြော့်တချောင်းဖြင့် ဝေဒနာကိုသာ ခံစားရ၏။ ရဟန်း တို့ ဤအတူပင် အာကားအမြင်ရှိသော အရိယာ၏ တပည့်သည် ဒုက္ခ ဝေဒနာဖြင့် တွေ့ထိသော် မစိုးရိမ်၊ မပင်ပန်း၊ ရင်ထုလျက် မမြည်တမ်းရ မိန်းမောခြင်းသို့မရောက်ရ။ ထိုသူသည် ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာမျိုး ကိုသာ ခံစားရ၏။ စိတ်၌ဖြစ်သော ဝေဒနာကို မခံစားရ။ ထိုသူသည် အမျက်မထွက် သို့ကြောင့် ပဋိဃာနုသယသည် မကိန်း။ ထိုသူသည် သုခဝေဒနာဖြင့် တွေ့ထိသော် ကာမချမ်းသာကို မနှစ်သက် အဘယ် ကြောင့်နည်း။ ကာမချမ်းသာမှတပါး သုခဝေဒနာမှ ထွက်မြောက်ရာကို သိသောကြောင့်တည်း။ ထိုသူအား သုခဝေဒနာတို့၏ ဖြစ်သောရာဂါ နုသယသည်မကိန်း။ ထိုသို့ဝေဒနာတို့၏ဖြစ်ကြောင်းကိုရင်း၊ ချုပ်ကြောင်းကိုရင်း၊ သာယာဘွယ်ကိုရင်း၊ အပြစ်ကိုရင်း၊ ထွက်မြောက်ရာကိုရင်း၊ ဟုတ်တိုင်း မှန်စွာသိသော ထိုသူအား ဥပေက္ခာဝေဒနာကြောင့်ဖြစ်သော အဝိဇ္ဇာနုသယ

www.dhammaransi.com



သည် မဂ်ကိန်း၊ ထိုသူသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ကို ခံစားသော်ကိလေသာနှင့်မယှဉ်ဘဲလျှင် ခံစား၏။ ဤကား အကြားအမြင်ရှိသော အရိယာ၏ တပည့်နှင့် အကြားအမြင် မရှိသော ပုထုဇဉ်နှစ်ဦးတို့၏ ထူးခြားမှု၊ လွန်ကဲမှု၊ ကွဲပြားမှုတည်းဟု (မိန့်တော်မူ၏)ဟူ၍ပင်ဖြစ်ပါတယ် ခင်ဗျား။

## ဝေဒနာသံယုတ် ပထမအာနန္ဒသုတ်

ထိုပြင် အာနန္ဒသုတ်၏ အာနန္ဒာ (၁)ဝေဒနာတို့အား သုခ ဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ဤသုံးမျိုးတို့တည်း (၂)တွေ့ထိ မှုဖြစ်ခြင်းကြောင့် ခံစားမှုဖြစ်၏။ (၃)တွေ့ထိမှု ချုပ်ခြင်းကြောင့် ခံစားမှုချုပ်၏။ (၄)အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်သည်ပင် ဝေဒနာချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျဉ်းတည်း။ (၅)ဝေဒနာကို အစွဲပြု၍ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်၏။ ဤကား ဝေဒနာ၏ သာယာဘွယ်တည်း၊ (၆)မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်း သဘောရှိသော ဝေဒနာသည်ရှိ၏။ ဤကား ဝေဒနာ၏အပြစ်တည်း (၇)ဝေဒနာ၌လိုချင်မှု စွဲမက်မှုကို ဖျောက်ခြင်းလိုချင်မှု၊ စွဲမက်မှုကို ပယ်ခြင်းသည်ရှိ၏။ ဤကားဝေဒနာ၏ ထွက်မြောက်ရာတည်း ဟူ၍ပင်ဖြစ်ပါတယ်။

မိတ်ဆွေ - ကျေးဇူးတင်ပါတယ် ခင်ဗျား။ အနီသုတ်နှစ်သုတ်ကို ယှဉ်တွဲ ဖတ်ရှုရခြင်းအားဖြင့် မြတ်စွာဘုရားရဲ့အလိုတော်ကို ရှင်းလင်းပြတ်သားစွာ သိရပါတယ်။

မိုးကြိုး - မြတ်စွာဘုရားဟာ နေယျပုဂ္ဂိုလ်တို့ ကျင့်ကြံအားထုတ်ရမယ့် သတိပဋ္ဌာန်လေးပါးကို ဟောကြားပြီးနောက် ထိုထိုယောဂီပုဂ္ဂိုလ်တို့ဟာ တရားသဘောကို နားလည်သဘောပေါက်၍ ကျင့်ကြံအားထုတ်နည်းကို သိရှိတတ်မြောက်ကြစေရန် ဝေဒနာသံယုတ်အစရှိသော အကျင့်ဆိုင်ရာ ဒေသနာများကို ဖြည့်စွက်ရှင်းလင်းတဲ့ သဘောနဲ့ အထပ်ထပ်ဟောကြား ပြန်ပါတယ်။ အဲဒီအချက်ကို (၁)သတိမပြုမိတဲ့အတွက် မိမိရဲ့အယူအဆကို အကျင့်ဒေသနာများနဲ့ညှိနှိုင်းတိုက်ဆိုင်မကြည့်လျှင်သော်၎င်း၊ (၂)ဒေသနာရဲ့ သဘောအနက်ကို ဉာဏ်ငုံမိအောင် မကြိုးစား မကြံဆ ခဲ့လျှင်သော်၎င်း၊ (၃)သဒ္ဒါအနက်မျှနဲ့ပြောဆိုလုပ်ကိုင်ခဲ့ရင်သော်၎င်း၊ မှားတတ်တယ်ဆိုသော အချက်ကို အထူးသတိပြုရမည်ဖြစ်ပါတယ်။ အဲဒီလို မှားခြင်းမျိုးကို ရည်ရွယ်ပြီး "စကားမှန်၏ ဉာဏ်မမိ" လို့ဆိုခြင်းဖြစ်ပါတယ်။

www.dhammaransi.com



အမှန်သဘောကို ပြောရမယ်ဆိုရင် ကျင့်ကြံပေါက်မြောက်ပြီးသော အရိယာသူတော်ကောင်းများသည်သာ ကျင့်ကြံအားထုတ်နည်းများကို သိရှိနားလည်ကြပါတယ်။ ထို့ကြောင့် မဟုတ်ပါလော။ မြတ်စွာဘုရားက အရိယာဆရာကောင်းထံမှာ နည်းခံစေလိုတဲ့အတွက် "အရိယာတပည့်သည်" ဟူ၍ အကျင့်ဒေသနာများမှာ ဟောကြားထားခြင်း ဖြစ်ပါတယ်။ အဓိပ္ပါယ်က "အရိယာဆရာကောင်းထံမှ နည်းခံသော ယောဂီတပည့်သည်" ပင် ဖြစ်ပါတယ်။

သို့ပါသောကြောင့် "မောင်မင်းလို အယူရှာကြလျှင်၊ လတကာ ပါယ်ရှာရောက်သည့်ပြင် သာသနာကွယ်ကာ မှောက်မည်ကြောင့် ထင်နောက်အောင် ဉာဏ်မလည်နင့် မောင်ကြံစည်ဖွင့်ကာထုတ်ပါတဲ့ တောင်ပန်နီ (မှုမမှန်သော)မင်းစာအုပ်ကိုကွယ် မီးဖုတ်ဘို့ကောင်း" ဟူသော ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားရဲ့ လေးချိုးကြီးအတိုင်း ခင်ဗျားမိတ်ဆွေ ဓမ္မာစရိယ "ချာတူးလံ" ကြီးရဲ့ဟိုအယူအဆစာအုပ်များကို မီးရှို့ပစ်ရန် ကောင်းကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

မိုးကြိုး - ဒီနေ့တော့ ကျွန်တော်ကဘဲစပြီး ပြောပါမယ်။

မိတ်ဆွေ - ကြားစမ်းပါရစေခင်ဗျား။ အမိန့်ရှိမှာသာရှိပါ။

မိုးကြိုး - မိတ်ဆွေရဲ့ဓမ္မာစရိယကြီးက ဘုရားဟော မဟာသတိပဋ္ဌာန သုတ်လာ၊ဝေဒနာသုံးပါးကို ရှုပွားတဲ့အခါ "သံကိလိဋ္ဌ" ဆိုတဲ့ အဋ္ဌကထာ သုံးစကားလုံးကို ဉာဏ်မငုံမိတဲ့အတွက် (၁)ဒုက္ခဝေဒနာဖြစ်ပေါ်လာရင် ဒေါမနဿဖြစ်လိမ့်မယ်။ ဒါကြောင့် ကြိယာပုတ်ကို ပြောင်းပေးရမယ်။ (၂)ဒီလိုကြိယာပုတ် ပြောင်းပေးခြင်းအားဖြင့် သုခဝေဒနာဖြစ်ပေါ်လာတဲ့ အခါ သမာဓိဦးဆောင်ပြီး ဥပေက္ခာဝေဒနာဖြစ်အောင် ကြိုးစားအားထုတ်ကာ ဖြစ်ပျက်ကို ရှုပါမှ သုခဝေဒနာပေါ်မှာ လောဘမဖြစ်မယ်။ ဒုက္ခဝေဒနာ အပေါ်မှာ ဒေါမနဿဖြစ်ခဲ့ရင် အတ္တကိလမထာနယောဂဖြစ်တယ်။ သုခဝေဒနာပေါ်မှာ လောဘဖြစ်ခဲ့ရင် ကာမသုခလ္လိကာ နယောဂဖြစ်တယ်။ ဥပေက္ခာဝေဒနာပေါ်မှာ ဖြစ် - ပျက် - ရှုပါမှ မဇ္ဈိမပဋိပဒါ ဖြစ်တယ်လို့ ဆိုထားပါတယ်။ အဲဒီပြဿနာနဲ့ ပတ်သက်ပြီး မိတ်ဆွေရဲ့ဓမ္မစရိယ၏ အယူအဆမှားကြောင်းကို ဘုရားဟော ဂါမဏိသံယုတ်၊ ရာသိယသုတ်ကို အကျဉ်းတင်ပြကာ ကျွန်တော် ရှင်းပြပါအုံးမယ်။

www.dhammaransi.com



## ရာသိယသုတ်

(အခါတပါး၌) ရာသိယရွာသူကြီးဟာ မြတ်စွာဘုရားအား လျှောက်ထားပါတယ်။ "အသျှင်ဘုရားရဟန်းဂေါတမသည် (၁)ပြင်းထန်သော အကျင့်အားလုံးကို ကဲ့ရဲ့၏၊ (၂)ပြင်းထန်သော အကျင့်၌မီသူ ခေါင်းပါးသော အသက်မွေးမှုရှိသူအားလုံးကို တဖက်သက် စွပ်စွဲ၏၊ ပုတ်ခတ်၏ဟူသော ဤစကားကို အကျွန်ုပ်ကြားရဘူးပါ၏၊ မှန်ပါသလော" လို့ မေးပါတယ်။ ထိုအခါ မြတ်စွာဘုရားက "ရွာသူကြီး ရဟန်းဂေါတမသည် ပြင်းထန်သော အကျင့် အားလုံးကို ကဲ့ရဲ့၏၊ ပြင်းထန်သော အကျင့်၌မီသူ ခေါင်းပါးသော အသက်မွေးမှု ရှိသူအားလုံးကို စွပ်စွဲ၏၊ ပုတ်ခတ်၏ဟု ဤသို့ဆိုကြသော သူတို့သည် ငါ၏ စကားအတိုင်း ဆိုရာမရောက်ကြကုန် စင်စစ်ထိုသူတို့သည် ငါဘုရားကို ထင်ရှားမရှိသော အချည်းနှီးသော မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲ ရာရောက်ကြကုန်၏" ဟု မိန့်တော်မူ၏။

## ကာမသုခလ္လိကအကျင့်

ရွာသူကြီး (၁)ရွာသူတို့အကျင့်ဖြစ်သော၊ (၂)ပုထုဇဉ်တို့အကျင့် ဖြစ်သော၊ (၃)အရိယာတို့အကျင့်မဟုတ်သော၊ (၄)အကျိုးမဲ့နှင့် စပ်သော၊ (၅)ကာမဂုဏ်တို့၌ တွယ်တာငြိကပ်အားထုတ်သော အကျင့်သည် အစွန်း တဖက်တည်းဟူ၍ ရှင်းလင်းဟောကြားတော်မူပါတယ်။

အဲဒီအစွန်းတဖက်ဟာ ဓမ္မစကြာသုတ်၌ ဟောတော်မူသောအတိုင်း ကာမသုခလ္လိကာနုယောဂအကျင့်ဘဲဖြစ်ပါတယ်။ ဒီတော့ မိတ်ဆွေကို မေးချင်တာက မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ်မှာ ဝေဒနာ သုံးပါးကို ထူးသော ဉာဏ်ဖြင့် သိအောင် ရှုပွားရမယ်ဆိုသောအတိုင်း သုခဝေဒနာကို (ထူးသောဉာဏ်ဖြင့်) သိအောင် ရှုပွားခြင်းဟာ (၁)ရွာသူတို့ အကျင့်လား၊ (၂)ပုထုဇဉ်တို့ အကျင့်လား၊ (၃)အရိယာတို့ရဲ့ အကျင့် မဟုတ်ဘူးလား၊ (၄)အကျိုးမဲ့တဲ့ အလုပ်လုပ်ခြင်းလား၊ (၅)ကာမဂုဏ်တို့၌ တွယ်တာငြိကပ်အောင် အားထုတ်ခြင်း လား ဘယ်လိုလဲဆိုတာ စာဉာဏ် ပေဉာဏ်နဲ့မဖြေဘဲ "လမ်းပေါ်ကလူ" ရဲ့ဉာဏ်လောက်နဲ့ဘဲ ဖြေစမ်းပါ ခင်ဗျာ။

မိတ်ဆွေ - "မပြေးနိုင်ပါတယ်၊ ချွေးဖြိုင်ဖြိုင်ယိုကာကျပါပေါ့၊ ကြုံရလေခြင်း" ဆိုတဲ့ ငိုချင်းကိုဘဲ ငိုလိုက်ချင်ပါတော့တယ် ခင်ဗျာ။

www.dhammaransi.com



မိုးကြိုး - ဝိုချင်လဲဝိုပေါ့။ ဒါပေမယ့် အဖြေတော့ပေးရလိမ့်မယ် ခင်ဗျ။
မိတ်ဆွေ - ဘယ်လိုမှမလဲပါ ခင်ဗျာ။ နိဗ္ဗာန်ရောက်ကြောင်းဘုရားဟော ဝေဒနာနုပဿနာအရ ရှုပွားနေခြင်းသာ ဖြစ်ရမယ်ပေါ့။ ဘယ်ကလာပြီး တတ္ထိအချို့တို့ရဲ့ကာမသုခလ္လိကာနုယောဂအကျင့်ဖြစ်နိုင်မှာတဲ့လဲ။

## အတ္တကိလမထအကျင့်

ကဲ ဒီလိုဆိုရင် ဘုရားဟောသော ဒုတိယအပိုဒ်ကို ပြောပြအုံးမယ် "ရှာသူကြီး (၁)ဆင်းရဲသော (၂)အရိယာတို့၏ အကျင့်မဟုတ်လား၊ (၃)အကျိုးမဲ့နှင့်စပ်သော၊ (၄)ကိုယ်ကို ပင်ပန်းစေသော အားထုတ်ခြင်းသည် (အခြား)အစွန်းတဖက်တည်း" ဟူ၍ ရှင်းလင်းဟောကြားတော်မူပါတယ်။

အဲဒီအခြားအစွန်းတဖက်ဟာ ဓမ္မစကြာဒေသနာအရ အတ္တကိလမထာနုယောဂအကျင့်ဘဲဖြစ်ပါတယ်။ ဒီတော့ မဟာသတိပဋ္ဌာန်သုတ်အတိုင်း ဒုက္ခဝေဒနာကို ထူးသော ဉာဏ်ဖြင့် သိအောင် (ကြိယာပုတ်မပြုပြင်ဘဲ) ရှုပွားခြင်းဟာကော၊ (၁)ဆင်းရဲသော (၂)အရိယာတို့၏ အကျင့်မဟုတ်သော (၃)အကျိုးမဲ့နှင့်စပ်သော (၄)ကိုယ်ကိုပင်ပန်းစေသော အားထုတ်ခြင်းလား ဘယ်လိုလဲဆိုတာ ဖြေစမ်းပါ ခင်ဗျာ။
မိတ်ဆွေ - ဒုက္ခဝေဒနာကို ကြိယာပုတ်မပြုပြင်ဘဲ ထူးသောဉာဏ်ဖြင့် သိအောင် ရှုပွားခြင်းဟာ (၁)အရိယာတို့အကျင့်မဟုတ်ဘူး၊ (၂)အကျိုးမဲ့နှင့်စပ်သော အကျင့်ဖြစ်တယ်လို့ မဆိုနိုင်ပေမယ့် (၃)ဆင်းရဲသော (၄)ကိုယ်ကိုပင်ပန်းစေသောအားထုတ်ခြင်းရယ်လို့တော့ ဆိုနိုင်နေပါတယ် ခင်ဗျား။
မိုးကြိုး - ကောင်းလိုက်လေဗျာ။ အဲဒီလို ဂျက်ကျလက်ကျ ဖြေဆိုမှပေါ့။ ဒါထက် ဒီအကြောင်းကို မြတ်စွာဘုရားက ရာသိယသုတ်နောက်ပိုင်းမှာ ဖြေဆို ထားပါတယ်။ ၎င်းကို တင်ပြပါမယ်။ ထို့ပြင် -

## မဇ္ဈိမအလယ်အလတ်အကျင့်

"ရှာသူကြီး ဤအစွန်းနှစ်ဖက်တို့ကို မကပ်မူ၍ (၁)ဉာဏ်မျက်စိကို ပြုတတ်သော၊ (၂)အသိဉာဏ်ကို ပြုတတ်သော၊ (၃)ငြိမ်းခြင်းငှာ အထူးသိခြင်း ငှာထိုးထွင်း၍ သိခြင်းငှာ၊ (၄)နိဗ္ဗာန်သို့ရောက်ခြင်းငှာ

www.dhammaransi.com



အလယ်အလတ် ဖြစ်သော အကျင့်ကို မြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူ၏၊ ထိုအကျင့်သည် အဘယ်နည်း အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင်တည်း" ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူပါတယ် ခင်ဗျား။

(မှတ်ချက်။ ။သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံအားထုတ်ပါက မဂ္ဂင်ရှစ်ပါး ကိစ္စပြီးစီးပြည့်စုံတယ်ဆိုတဲ့ ဘုရားဟောကို အထူးသတိပြုပါ ခင်ဗျား။ မိုးကြိုး)

ဘုရားဟော ရာသိယသုတ်ဟာက တော်တော်ရှည်လျားပါတယ်။ သို့အတွက် အကျယ်သိလိုသူများဟာ မူရင်းသုတ်ကို ဖတ်ကြပါလို့ တောင်းပန်ပါတယ်။ ယခုပြသနာဟာက သဲအင်းဂူကျင့်စဉ်ကို စွပ်စွဲသော အတ္တကိလမထာနုယောဂနဲ့ သက်ဆိုင်တဲ့အတွက် ၎င်းနဲ့ပတ်သက်သော ဘုရားဟောဒေသနာအတိုင်း အခက်ကိုသာ တင်ပြပါမယ်။

## (၁) အကြောင်းသုံးပါးနှင့် အကဲ့ရဲ့ခံရသူ

ရွာသူကြီး ပြင်းထန်သော အကျင့်ကိုမှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော အကြင်သူသည် (က)မိမိကိုယ်ကို ပူပန်စေ၏။ ပြင်းစွာပူပန်စေ၏။ (ခ)ကုသိုလ်တရားကိုလည်းမရ၊ (ဂ)လူတို့တရား ထက်လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်မပြုနိုင်။ ဤသူသည် သုံးပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏။ (၁)မိမိကိုယ် ကို ပူပန်စေ၏။ ပြင်းထန်စွာ ပူပန်စေ၏ဟူသော ပထမအကြောင်း၊ (၂)ကုသိုလ်တရားကိုလည်း မရဟူသော ဒုတိယအကြောင်း၊ (၃)လူတို့ တရားထက်လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကို မျက်မှောက်မပြုနိုင် ဟူသော တတိယအကြောင်းပင်တည်း။

## (၂) အကြောင်းနှစ်ပါးနှင့် အကဲ့ရဲ့ခံရသူ

ရွာသူကြီးပြင်းထန်သော အကျင့်၌မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော အကြင်သူသည် (က)မိမိကိုယ်ကိုပူပန်စေ၏။ ပြင်းထန်စွာ ပူပန်စေ။ (ခ)ကုသိုလ်တရားကိုသာရ၏။ (ဂ)လူတို့တရားထက်လွန်သော အရိယာတို့ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်မပြုနိုင် ဤသူသည် နှစ်ပါးသော အကြောင်းတို့ဖြင့် အကဲ့ရဲ့ခံရ၏ တပါးသော အကြောင်းဖြင့်

www.dhammaransi.com



အချည်းနှီးခံရ၏။ (၁)မိမိကိုယ်ကိုပူပန်စေ၊ ပြင်းထန်စွာ ပူပန်စေဟူသော ပဌမအကြောင်းနှင့် (၂)လူတို့တရားထက်လွန်သော အရိယာတို့၏ ဉာဏ်အမြင်ထူးကိုကား မျက်မှောက်မပြုနိုင်ဟူသော ဒုတိယအကြောင်းနှစ်ပါး နှင့် အကဲ့ရဲ့ခံရ၏။ (၃)ကုသိုလ်တရားကို သာရ၏ဟူသော တပါးသော အကြောင်းဖြင့် အချည်းနှီးခံရ၏။

## (၃) အကြောင်းတပါးနှင့် ကဲ့ရဲ့ခံရသူ

ရွာသူကြီးပြင်းထန်သော အကျင့်၌မှီ၍ ခေါင်းပါးသော အသက်မွေးမှုရှိသော အကြင်သူသည် (က)မိမိကိုယ်ကို ပူပန်စေ၊ ပြင်းထန်စွာ ပူပန်စေ၏၊ (ခ)ကုသိုလ်တရားကိုလည်း ရ၏၊ (ဂ)လူတို့တရားထက်လွန်သော အရိယာတို့ ဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်ပြုနိုင်၏။ ဤသူသည် တပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏ နှစ်ပါးသော အကြောင်းတို့ဖြင့် အချည်းနှီးခံရ၏။ (၁)မိမိကိုယ်ကို ပူပန်စေ၊ ပြင်းစွာပူပန်စေ၏ဟူသော တပါးသော အကြောင်းဖြင့် အကဲ့ရဲ့ခံရ၏။ (၂)ကုသိုလ်တရားကိုလည်း ရ၏ဟူသော ပထမအကြောင်းနှင့် (၃)လူတို့တရားထက်လွန်သော အရိသာတိုဉာဏ်အမြင်ထူးကိုလည်း မျက်မှောက်ပြုနိုင်၏ဟူသော ဒုတိယအကြောင်း၊ဤအကြောင်းနှစ်ပါးတို့ဖြင့် အချည်းနှီးခံရ၏ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူပါတယ်။

ဤပုဂ္ဂိုလ်သုံးဦးအနက် ဒုက္ခဝေဒနာကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်အရ ဣရိယာပုတ်ကို မပြုပြင်ဘဲ အာတာပဝိရိယနဲ့မိမိကိုယ် ကို ပူပန်စေ၊ ပြင်းထန်စွာ ပူပန်စေ၊ ပြင်းစွာ ပူပန်စေကာ ကျင့်ကြံ အားထုတ်သူဟာ (၁)မိမိကိုယ်ကို ပူပန်စေ၊ ပြင်းစွာပူပန်စေ၏ဟူသော အကြောင်းတပါးဖြင့်သာ မသိနားမလည်သောသူတို့၏ အကဲ့ရဲ့ကို ခံရမည်ဖြစ်သော် လည်း (၂)အကုသိုလ်တရားကိုရ၏ဟူသော အကြောင်းတပါးတည်းနှင့် (၃)လူတို့တရားထက်လွန်သော အရိယာဉာဏ်အမြင်ထူးကို မျက်မှောက် ပြုနိုင်သော အကြောင်းတပါးပေါင်းအကြောင်းနှစ်ပါးတို့ဖြင့် အချည်းနှီး ခံရမည်ဖြစ်ပါတယ်။ သို့ရာတွင် အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးမဲ့နှင့်စပ်သော ကိုယ်ကိုပင်ပန်းစေသော အားထုတ်ခြင်းဆိုတဲ့ တိတ္ထိ အချို့တို့ရဲ့အတ္တကိလမထာနုယောဂအကျင့်တော့ ဘယ်နည်းနဲ့မှ မဖြစ် နိုင်ဘူးဆိုတာ မိတ်ဆွေသဘောပေါက်သင့်တယ် မဟုတ်ပါလား ခင်ဗျာ။

www.dhammaransi.com



မိတ်ဆွေ - အင်း . . . စိတ်ရှည်လက်ရှည်နဲ့ ဆီလျော်လှတဲ့ ဘုရားဟော ဒေသနာများကို ရှာဖွေတင်ပြတဲ့အတွက် ဗဟုသုတတိုးပွားခြင်း ဖြစ်ရပါတယ်။ ကျေးဇူးလဲအထူးတင်ပါတယ်။ ဒုက္ခဝေဒနာကို ဣရိယာပုတ် မပြောင်းလဲ၊ မပြုပြင်ဘဲ၊ ပညာနဲ့ ရှုပွားခြင်းဟာ ဘယ်နည်းနဲ့မှ အတ္တကိလမထာနုယောဂ အကျင့်ယုတ်မဟုတ်နိုင်၊ မဖြစ်နိုင်ဘူးဆိုတာကိုလည်း သဘောပေါက်ပါတယ် ခင်ဗျား။

မိုးကြိုး - ဒါထက် "စကားမှန်၏ ဉာဏ်မမိ" ဆိုတာကိုလည်း မိတ်ဆွေ သဘောပေါက်တယ်လို့ ဆိုရမှာပေါ့နော်။

www.dhammaransi.com

**ပထမနှိပ်ခြင်း** - ၁၉၇၀ - ခု၊ ဒီဇင်ဘာလ

**အုပ်ရေ (၄၂၀၀)** - အဖိုး သုံးကျပ်

**မျက်နှာဖုံးရိုက်** - ချင်းတွင်းပုံနှိပ်တိုက်
(၀၁၂၈၃) ၁၇၈ - ၄၇လမ်း၊ ရန်ကုန်မြို့

**ပန်းချီ** - ကျော်အေး

**ထုတ်ဝေသူ** - ဦးထွန်းအိ "*ဗမာ့ခေတ်စာပေ*"
(မြ၀၈၅၃) အမှတ် - ၁၁၅၊ ၃၂ - လမ်း၊
ရန်ကုန်မြို့

**ပုံနှိပ်သူ** - ဒေါ်ညွန့်ညွန့် "*မျိုးသန့်ပုံနှိပ်တိုက်*"
(မြ၀၁၃၉၅) အမှတ် - ၁၁၊ ၁၃၂ - လမ်း၊
ရန်ကုန်မြို့

**ဖြန့်ချိရေး** - "*ချစ်မြိုင်စာပေ*"
၁၃၈၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့

www.dhammaransi.com

# မိုးကြိုး ၏ မြေ ရေ လေ မီး

မိုးကြိုး ဦးအုန်းခင်
ရေးသည်

www.dhammaransi.com

# မာတိကာ


၁။ နိဒါန်း

၂။ တောင်းပန်ပါသည် ၁၉၅

၃။ လသာတုန်းဗိုင်းငင့် ၁၉၆

၄။ ဓါတ်ကြီးလေးပါးရှုပွားနည်း (၁) ၂၀၀

၅။ ဓါတ်ကြီးလေးပါးရှုပွားနည်း (၂) ၂၀၃

၆။ ဗုဒ္ဓ၏အနုမြူလက်နက် (၁) ၂၀၆

၇။ ဗုဒ္ဓ၏အနုမြူလက်နက် (၂) ၂၀၈

၈။ အတင်နှင့် အထင် ထူးခြားချက် ၂၀၉

၉။ ဇာနာတိနှင့် ပဇာနာတိ ထူးခြားချက် ၂၁၂

၁၀။ နှောင်းကုန်းတေဝိဇ္ဇာရေ - ရဟန္တာ ၂၁၅

၁၁။ ဒိဋ္ဌေဒိဋ္ဌမတ္တံ ဒေသနာ ၂၂၁

၁၂။ ဗုဒ္ဓ၏ သာသနာတော် ၂၂၄

၁၃။ ဗုဒ္ဓ၏ ပန်းတိုင်နှင့် လမ်းစဉ် ၂၂၈

၁၄။ ဇော်ဂျီဖိုဝင်ခဏ်း ၂၃၁

၁၅။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ မြန်မာပြန် မူနှစ်မှု ၂၃၃

၁၆။ ပြောမယုံ ကြုံဘူးမှသိ ၂၄၀

၁၇။ ညောင်လွန် ရဟန္တာ၏ မှတ်တမ်း ၂၄၃

၁၈။ ခေတ်သုံးခေတ် ၂၄၅

၁၉။ မြန်မာပြည် သာသနာ ရောက်လာပုံ ၂၄၆

၂၀။ ပရိယတ္တိ သာသနာ ၂၄၈

၂၁။ ပရိပတ္တိ သာသနာ ၂၄၈

၂၂။ မဟာစည်၏ မြန်မာပြန် ရသနှင့် လက္ခဏာပြသနာ ၂၄၉

www.dhammaransi.com

၂၃။ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကိစ္စ ဖြေရှင်းချက် ၂၅၃
၂၄။ သိကြားစောင့်မည့် ရဟန္တာခေတ် ၂၅၇
၂၅။ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကိစ္စ ဒုတိယနှင့် နောက်ဆုံးဖြေရှင်းချက် ၂၆၁
၂၆။ မိုးကြိုး၏ဒုတ်ထမ်းတရား ၂၆၃
၂၇။ မဟာစည် မြန်မာပြန် ရသနှင့် လက္ခဏာပြဿနာ
ဖြေမနော် အဖက်ဖက်က စမ်းကြပါတော့ ၂၆၇
၂၈။ မဟာစည် မြန်မာပြန် ပစ္စုပ္ပန်နှင့် ပဒ္ဓာန်ပြဿနာ ၂၇၃
(မိုးကြိုး သတင်းစာ ၁ - ၆ - ၆၃)
၂၉။ ရဟန္တာစစ်နဲ့ တွေ့တဲ့အခါ ၂၇၅
၃၀။ မဟာစည် မြန်မာပြန် ပစ္စုပ္ပန်နှင့် ပဒ္ဓာန်ပြဿနာ ၂၇၈
(မိုးကြိုး သတင်းစာ ၁၅ - ၆ - ၆၃)
၃၁။ မဟာစည် မြန်မာပြန် ပစ္စုပ္ပန်နှင့် ပဒ္ဓာန်ပြဿနာ ၂၈၁
(မိုးကြိုး သတင်းစာ ၁၆ - ၆ - ၆၃)
၃၂။ ကျားနှင့်မြွား တရားတော် ၂၈၃
၃၃။ မဟာစည် မြန်မာပြန် ပစ္စုပ္ပန်နှင့် ပဒ္ဓာန်ပြဿနာ ၂၈၉
(မိုးကြိုး သတင်းစာ ၁၈ - ၆ - ၆၃)
၃၄။ မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်း၏ မှားအစဉ် ပြင်ခဏ ၂၉၅
၃၅။ မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်း၏ မှားအစဉ် ပြင်ခဏ (၂) ၂၉၉
၃၆။ မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်း၏ မှားအစဉ် ပြင်ခဏ (၃) ၃၀၄
၃၇။ မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်း၏ မှားအစဉ် ပြင်ခဏ (၄) ၃၁၁
၃၈။ ဗုဒ္ဓဘာသာတိုင်း အမြတ်ဆုံး နိဗ္ဗာန်ရောက်ရန် ၃၁၄
၃၉။ ကျွန်တော်မ, ပါဖျို့ခေါ် တရားထူး တရားဆန်း ၃၁၇
၄၀။ ပကာသနိယကံပြုခြင်း ၃၂၀

www.dhammaransi.com

# နိဒါန်း

မိုးကြိုးသတင်းစာတွင် ဓမ္မသဘာဝနှင့် ပတ်သက်၍ တင်ပြရေးသား သော ဆောင်းပါးများကို စုပေါင်းလျက် စာအုပ်အဖြစ်ဖြင့် ပုံနှိပ်ထုပ်ဝေရန် ရည်ရွယ်ချက်မရှိခဲ့ပါ။

သို့ရာတွင် ဆောင်းပါးများသည် အရေအတွက်အားဖြင့် တစ်စထက် တစ်စ များပြားလာသောအခါ၌ စာဖတ်ပရိသတ်များသည် ထိုဆောင်းပါးများကို စိတ်ဝင်စားစွာ ဖတ်ရှုလာကြပြီး မဖတ်လိုက်ရသော ရှေ့ပိုင်းဆောင်းပါးများကိုပါ ပြန်လည်ဖတ်ရှုလိုလာကြပါသည်။ ထိုအခါတွင် ထိုဆောင်းပါးများကို စုပေါင်းလျက် စာအုပ်အဖြစ်ဖြင့် ပုံနှိပ်ထုတ်ဝေရန် လိုလားတောင်းပန် မေတ္တာရပ်ခံ၍ လာကြပါသည်။

ထို့ကြောင့် ဆောင်းပါးပေါင်းချုပ်စာအုပ်သည် မြေ - ရေ - လေ - မီး အမည်ဖြင့် ထွက်ပေါ်လာရပါတော့သည်။ ထိုသို့ စာအုပ်အဖြစ်ဖြင့် ထွက်ပေါ်လာရသည့်အခါတွင်မူ စာအုပ်အတွဲတစ်ခုတည်းဖြင့် ဆောင်းပါး အားလုံးပါဝင်နိုင်မည်မဟုတ်သောကြောင့် အတွဲဆက်များဖြင့် သီးခြားလျက် ဆက်လက်ထုတ်ဝေသွားရမည်ဖြစ်ပါသည်။

ဤကဲ့သို့ အတွဲဆက်များကို ဆက်လက်ထုတ်ဝေ၍ သွားခြင်းနှင့် ဤဆောင်းပါးပေါင်းချုပ် မြေ - ရေ - လေ - မီး စာအုပ်ကို ထုတ်ဝေခြင်းသည် စီးပွားရေးအတွက် လုံးဝမဟုတ်ဘဲ ဓမ္မရေးအတွက်သာ သက်သက်ဖြစ်ကြောင်း ကို စာဖတ်ပရိသတ်တို့အား သိစေအပ်ပါသည်။

ဤ မြေ - ရေ - လေ - မီး စာအုပ်ပထမတွဲကို အုပ်ရေသုံးထောင် ပုံနှိပ် လျက် ရန်ကုန်မြို့ ကျိုက္ကဆံလမ်း၊ အမှတ် - ၁၅၂ ဗုဒ္ဓ၏ တရားစစ်များ ပြန့်ပွားရေး အဖွဲ့သို့ လှူဒါန်းထားပါ၏။ နောက်လာမည့်အတွဲဆက်များကိုလည်း ဆက်လက် လှူဒါန်းသွားမည်ပင်ဖြစ်ပါသည်။

ကျွန်တော်နှင့်အတူ ဤကောင်းမှုကုသိုလ်ကို ဝေခွဲ၍ ယူနိုင်ကြ ပါစေသတည်း။ ။

မိုးကြိုး

၅ - ၁၁ - ၆၃

www.dhammaransi.com



# တောင်းပန်ပါသည်

(မိုးကြိုး သတင်းစာ ၁၅-၂-၆၃)

"မိုးကြိုး၏ ဆောင်းပါးများကို အပြတ်မခံနိုင်ကြဘူး၊ မိုးကြိုး ဆောင်းပါး ကို မဖတ်ရတဲ့နေ့မှာ ဟာတာတာကြီးဖြစ်နေတယ်" လို့ မိုးကြိုးနဲ့ တွေ့တဲ့အခါ စာဖတ်ပရိသတ်များက ပြောကြတယ်ခင်ဗျ။

မိုးကြိုး ဆောင်းပါးများဟာ ကောင်းလွန်းလှလို့ စာဖတ်ပရိသတ်များ စွဲတယ်လို့ မထင်ဘူး။ ဆေးလိပ်သောက်မှု၊ ကွမ်းစားမှုတို့လို ကောင်းသည်၊ ဆိုးသည် အပထားပြီး အကျင့်ပါသွားလို့သာ ဖြစ်မယ်လို့ ထင်တယ် ခင်ဗျ။

မိုးကြိုး အဖို့ကတော့ ဆောင်းပါးရေးရတာ မပျင်းပါဘူး။ ပျော်ပါတယ်။ ဒါပေမယ့် စာဖတ်ပရိသတ်များ စိတ်ဝင်စားကြပါစေ။ ကြားဖူးနားဝဖြစ်တန် သလောက်လဲ ဖြစ်ကြပါစေဆိုတဲ့ စေတနာကြောင့် ကိုယ်ကြိုက်နှင့် သူကြိုက် ကြိုက်နှစ်ကြိုက်နဲ့ တိုးတိုက်မိအောင် ဆောင်းပါးရေးစရာအကြောင်းရှာရ တာဟာ မလွယ်လှဘူး ခင်ဗျ။

ဒါတွေကို အသာထားပြီး ပြောချင်တာတခုကတော့ ဗုဒ္ဓဘုရားရဲ့ သာသနာတော်နဲ့ တွေ့ဆုံကြုံကြိုက်တဲ့ အခါမျိုးမှာ ဘဝသံသရာက အရိပ် ပမာကပ်ပါလာတဲ့ လောဘ၊ ဒေါသ၊ မောဟစတဲ့ အကုသိုလ်တရားများကို အကြွင်းမဲ့ရှင်းလင်းသုတ်သင်ဖို့ အလုပ်ဟာ အရေးအကြီးဆုံးလို့ ဆိုလိုခြင်းဘဲ ခင်ဗျ။

အဆိုပါ လောဘ၊ ဒေါသ၊ မောဟ တရားများကို အကြွင်းမဲ့ ရှင်းလင်းသုတ်သင်ခြင်း မပြုနိုင်စေကာမူ အပါယ်တခါး ပိတ်ရုံလောက်တော့ ရှင်းလင်းဖို့ရာ ယခုအချိန်ဟာ အကောင်းဆုံး အချိန်ဘဲလို့ ထင်တယ် ခင်ဗျ။

ဗုဒ္ဓဘာသာတရားတော်အရ ဝိပဿနာနဲ့ဆိုင်တဲ့ ဓမ္မကိစ္စများမှာ သုတမယ၊ စိန္တာမယဉာဏ်မျိုးလောက်နဲ့ စီစစ်ဝေဖန်ပြီး ရေးသားတင်ပြ တာထက် ဘာဝနာမယဉာဏ် အတော်အတန်ရှိပြီး ငါတွေ့များကို ရေးသားတင်ပြနိုင်မယ်ဆိုရင် ပိုပြီးကျေးဇူးများမယ်လို့ ထင်တယ်ခင်ဗျ။ ဝမရှိဘဲ ဝိလုပ်ခြင်းထက် ဝရှိလို့ ဝိလုပ်ခြင်းဟာ ပိုမိုကောင်းမယ်ဆိုတဲ့ သဘောဘဲ ခင်ဗျ။

ဒါကြောင့် သတိပဋ္ဌာန်လေးပါး အကျင့်မြတ်တရားကို အားကြိုး မာန်တက်ကျင့်ဖို့အတွက် စိတ်ကူးကြံစည်နေတာ အချိန်တော်တော်ကြာခဲ့ပြီ

www.dhammaransi.com



ခင်ဗျ။ ကြိုတင်စီစဉ်မှုများကိုလည်း လုပ်ခဲ့တာကြာပြီ ဒါကြောင့် ရက်အနည်း ငယ်လောက်တော့ တရားအားထုတ်လုပ်အုံးမယ် ခင်ဗျ။

ဒီအတောအတွင်းမှာ မိုးကြိုးဟာ ရေးနေကြအတိုင်း ဆောင်းပါးများကို ရေးသားနိုင်မှာ မဟုတ်တဲ့အတွက် စာဖတ်ပရိသတ်များက မိုးကြိုးအား ခွင့်လွှတ်ပါလို့ အနူးအညွတ် တောင်းပန်လိုက်ပါတယ် ခင်ဗျ။

မိုးကြိုး

# လသာတုန်းမိုင်းငင့်

(မိုးကြိုး သတင်းစာ ၁၇-၄-၆၃)

"ဘုရားငါးဆူပွင့်တော်မူသော ဤဘဒ္ဒကမ္ဘာတွင် ဘုရားပွင့်ခြင်း၏ အကျိုးတရားသည် အဘယ်နည်း" ဟူ၍အမေးရှိပါက "ကျွတ်သင့်ကျွတ်ထိုက်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား မဂ္ဂင်တည်းဟူသော ဖေါင်ကူးတို့ဖြင့် ဒုက္ခခပ်သိမ်းတို့၏ ကင်းငြိမ်းရာ မှန်ပြည်နိဗ္ဗာန်သို့ ပို့ဆောင်ရန်ပင်ဖြစ်သည်" ဟု အဖြေရရှိပေလိမ့်မည်။

ထို့ကြောင့် မြတ်စွာဘုရားသည် -

(၁) ဒုက္ခသစ္စာ

(၂) သမုဒယသစ္စာ

(၃) နိရောဓသစ္စာ

(၄) မဂ္ဂသစ္စာ ဟူ၍ သစ္စာ (၄)ပါး အမြတ်တရားကို ဟောကြားတော်မူခဲ့ပေသည်။

ဤသစ္စာ (၄)ပါးအနက်၊ ဒုက္ခသစ္စာကို သိ၍ သမုဒယသစ္စာကို ပယ်ကာ နိရောဓသစ္စာကို ဆိုက်ရန်အတွက် ပွားများဖို့ရန် မဂ္ဂသစ္စာသည် လုပ်ငန်းစဉ် တရားပေတည်း။

မဂ္ဂသစ္စာအရ မဂ်ဉာဏ် (၄)ပါးကို ရရှိရေးအတွက် အားထုတ်ကျင့်သုံးရာတွင် နာမရူပပရိစ္ဆေဒဉာဏ်မှအစ၊ သင်္ခါရုပေက္ခာဉာဏ်အဆုံး ဖြစ်သော ဝိပဿနာဉာဏ်စဉ်ဖြင့် အဆင့်ဆင့် တက်လှမ်းရပေလိမ့်မည်။

အဆိုပါ နာမရူပပရိစ္ဆေဒဉာဏ်မှအစ၊ သင်္ခါရုပေက္ခာဉာဏ်အဆုံး ဖြစ်သော ဝိပဿနာဉာဏ်များကို ထင်လာမြင်လာရေးအတွက် ယောဂီ

www.dhammaransi.com



ပုဂ္ဂိုလ်ရှုပွားရမည့် လုပ်ငန်းမှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော အာရုံ (၆)ပါး၊ ဒွါရ (၆)ပေါက်၌ အမြဲမပြတ် ဒလစပ်ဖြစ်ပျက်နေကြသော ရုပ် – နာမ်တို့ကို ဖြစ်ဆဲပျက်ဆဲ ပစ္စုပ္ပန်ကာလ၌သိအောင် ရှုမှတ်ပွားများဖို့ပင် ဖြစ်ပေသည်။

ထိုကဲ့သို့ ရုပ် – နာမ်တို့၏ ဖြစ်ပျက်ခြင်းကို (က)ဖြစ်ပျက်ရာ ဌာန၊ (ခ)ဖြစ်ဆဲဖြစ်ခိုက်ကာလတွင် သိအောင် သတိဖြင့် ရှုမှတ်ပွားများခဲ့သော် ဤကားရုပ်၊ ဤကားနာမ်ဟူ၍ ခွဲခြားကာ ထင်မြင်သိရှိသော နာမရူပပရိစ္ဆေဒ ဉာဏ်သည် ပေါ်လာပေလိမ့်မည်။

ဤနေရာတွင် (ရုပ်)၏ အကြောင်းကို ရှင်းလင်းဖော်ပြရန် လိုအပ်ပေသည်။ ရုပ်ဆိုသည်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောစသော ဓါတ်ကြီးလေးပါးနှင့်တကွသော ရုပ်တို့၏ အပေါင်းအစည်းပင်ဖြစ်လေသည်။

ထို့ကြောင့် ပဌမအဆင့် ဉာဏ်လှေခါးထစ်ဖြစ်သည့် နာမရူပ ပရိစ္ဆေဒ ဉာဏ်ပေါ်ပေါက်ရေးအတွက် ထိုဓါတ်ကြီးလေးပါးတို့အနက် တပါးပါးကို ရှုရမည်ဖြစ်သည်။ ထိုတပါးပါးသော ဓါတ်ကြီးတို့၌ ဝါယောဓါတ်ကို အစပြု၍ ရှုပွားခြင်းသည် ယောဂီများအဖို့ ထင်လွယ်မြင်လွယ်သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။

ဓါတ်ကြီးလေးပါးတွင် (က)လက္ခဏာ၊ (ခ)ရသ၊ (ဂ)ပစ္စုပဋ္ဌာန်၊ (ဃ)ပဒဋ္ဌာန်ဟူ၍ အခြင်းအရာလေးမျိုးစီရှိရာတွင် ယောဂီပုဂ္ဂိုလ်သည် ဓါတ်ကြီး (၄)ပါးတို့၏ (က)လက္ခဏာသဘောနှင့် (ခ)ရသကိစ္စကိုသာ ရှုပွားအပ်ပေသည်။ ထိုသို့ ရှုပွားမှသာ ပရမတ်သဘောကို သိရှိကာ ပညာတ်ကွာမည်ဖြစ်ပေသည်။ ဥပမာ ဝါယောဓါတ်ကို ရှုလိုသော ယောဂီသည် ဝါယောဓါတ်၏ လက္ခဏာ များဖြစ်သော (က)တွန်းခြင်း၊ (ခ)ရွေ့ခြင်း၊ (ဂ)ယိုင်ခြင်း၊ (ဃ)လဲခြင်းအနက် (က)တွန်းခြင်းနှင့် (ခ)ရွေ့ခြင်းတို့ကို သာ ရှုသင့်သည်ဟု ဆိုလိုသည်။ ယိုင်ခြင်း၊ လဲခြင်း ပစ္စုန်ပဋ္ဌာန်သဘောလက္ခဏာများကို မရှုပွားရပေ။

အထက်ပါနည်းအတိုင်း ရုပ်ကိုမှတည်၍ ရှုပွားခဲ့သော် နာမရူပ ပရိစ္ဆေဒဉာဏ်မှ အဆင့်ဆင့်မြင့်တက်၍ ရုပ်နာမ်တို့၏ ဖြစ်ခြင်း – ပျက်ခြင်း သဘောကို ကိုယ်တွေ့သိသော ဥဒယဗ္ဗယဉာဏ်စစ်ဉာဏ်မှန်သို့ အနေးနှင့် အမြန်ရောက်ရှိပေလိမ့်မည်။

ဤကဲ့သို့ ဥဒယဗ္ဗယဉာဏ်သို့ ရောက်ရှိပြီးသော ယောဂီသည်

www.dhammaransi.com



မိမိကိုယ်ကိုမိမိ တိဟိတ် ပုဂ္ဂိုလ်အစစ် ဧကန်ဖြစ်သည်ဟု ယုံကြည်စိတ်ချ အပ်လှပေသတည်း။

ဝိပဿနာတရားကို အားမထုတ်မီ “ငါသည် တိဟိတ်” ဟူ၍ရင်း၊ “ဒွိဟိတ်” ဟူ၍ရင်း၊ လက်တွေ့မဟုတ်ဘဲ စိတ်ကူးမျှဖြင့် ဆုံးဖြတ်ခြင်း သည် ဓမ္မသဘာဝနှင့် မကိုက်ညီ၊ ဆန့်ကျင်ဘက်သာဖြစ်ပေသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များကို ရရှိရေးလမ်းခရီးတွင် ဥဒယဗ္ဗယဉာဏ်သည် အလွန် အရေးပါလှသည်ကို သတိပြုသင့်ကြပေသည်။ မဂ်ပုဂ္ဂိုလ်များသည် မဂ်ဉာဏ်ကို တစ်ကြိမ်သာလျှင် ရရှိကြသည်။ ကျန်သောအချိန်များတွင် တရား နှလုံးသွင်းလိုက်သည်နှင့် တစ်ပြိုင်နက် ဥဒယဗ္ဗယဉာဏ်၌သာ တည်ပေတော့ သည်။ အောက်ဉာဏ်များသို့ မဆင်းသင့်ပေ။ ဤကား မဂ်ရပုဂ္ဂိုလ်တို့အဖို့ တစ်ကယ်မဂ်ရ၊ မရကိုမှတ်ကျောက်တင်၍ ကြည့်ရန် စမ်းနည်းတစ်ခု ပေတည်း။

ဥဒယဗ္ဗယဉာဏ်ရပြီးသော ပုဂ္ဂိုလ်သည် တရားအားထုတ်နေစဉ် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခ မသုခ ဝေဒနာသုံးမျိုးအနက် သုခ ဝေဒနာ မထင်တော့ပဲ ဒုက္ခဝေဒနာသာလျှင် သဲသဲမဲမဲ အမြဲတစေထင်တက် နေပေရာ ထိုဒုက္ခဝေဒနာမှ ကျော်လွန်၍ ဥပေက္ခာဝေဒနာ၌ တည်ငြိမ်မှု အကြိမ်ကြိမ်၊ အဖန်ဖန်ရရှိနိုင်ခဲ့သော် သင်္ခါရုပေက္ခာဉာဏ်ရင့်သန်ပြီး မဂ်ဉာဏ်သို့ ရောက်လွယ်နိုင်ပေလိမ့်မည်။

ရုပ်နာမ်တို့ကို ၎င်းတို့ဖြစ်ပေါ်ရာဌာန၊ ၎င်းတို့ဖြစ်ပေါ်ဆဲ၊ ဖြစ်ပေါ် ခိုက်ကာလတွင် ရှုမှတ်ပါက ရုပ်နာမ်တို့၏ လက္ခဏာရေးသုံးပါးဖြစ်သော မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းတို့သည် အလိုအလျောက်ပေါ်ပေါက်၍ လာကြမည်သာ ဖြစ်သည်။ ထိုသို့မဟုတ်ပဲ ရုပ်နာမ်သည် အနိစ္စ၊ ရုပ်နာမ် သည် ဒုက္ခ၊ ရုပ်နာမ်သည် အနတ္တဟူ၍ တင်စားလျက် ရှုပွားခြင်းသည် သဘာဝမကျသဖြင့် ထို လုပ်နည်းမျိုးသည် နို့ကိုလို၍ နွား၏ ဦးချိုတွင် ညှစ်သော သူကဲ့သို့လည်းကောင်း၊ မီးကိုလို၍ ပိုးစုန်းကြူးတွင် မီးညှိသော သူကဲ့သို့လည်းကောင်း၊ မိမိလိုရာအကျိုးကို ရရှိနိုင်မည်မဟုတ်ကြောင်း အထူးသတိပြုသင့်လှပေသည်။

ဥဒယဗ္ဗယဉာဏ်ပေါ်ပုံပေါက်နည်းနှင့် ပတ်သက်၍ ကိုတွေ့ဗဟု သုတကို တင်ပြရမည်ဆိုပါလျှင် ဝါယောဓါတ်ကို ရှုပွားရာ၌ ငယ်ထိပ်အစ ခြေဖျားအဆုံးကျွန်တော်၏ တစ်ကိုယ်လုံးသည် ရေနွေးအိုးတွင် ရေဆူ

www.dhammaransi.com



သကဲ့သို့ ပွက်လောရိုက်၍ဖြစ်နေသည်ကို တွေ့ရပေသည်။

ထိုဉာဏ်ထက်မြက်ရင့်သန်နေချိန်တွင် မျက်စိဖြင့် မြင်သမျှသော အရာဟူသမျှသည်၊ ပွက်လောရိုက်၍ ပျက်နေသည်ကို မြင်နေရပါသည်။ ကြားသမျှအသံတို့လည်း ပွက်လောရိုက်၍ ပျက်နေသည်ကို သိရပါသည်။ ဤနည်းအတိုင်းအနံ့တို့သည်လည်းကောင်း၊ အရသာတို့သည်လည်းကောင်း၊ တစ်ပျက်တည်းပျက်နေသည်ကို တွေ့သိရပါသည်။ ထို့ကြောင့် လှသော အဆင်း၊ မွှေးသောအနံ့၊ သာယာသော အသံ၊ ကောင်းသော အရသာ၊ သိမ်မွေ့သော ထိတွေ့မှုဟူ၍ ရှာမရတော့ဘဲ။ စွဲလန်းတက်မက်ခြင်း တဏှာ ကင်းကွာကာ မုန်းတီးရွံ့ရှာသော စိတ်သည်သာ ဦးစီး၍ နေပါတော့သည်။

ကျွန်ုပ်ကဲ့သို့ ဉာဏ်အဆင့်အတန်းနိမ့်သေးသော သူတို့တွင် ထိုဥဒယဗ္ဗယဉာဏ်သည် ပေါ်ချည်တခါ ပျောက်ချည်တလှည့်ဖြစ်သော်လည်း ဉာဏ်အဆင့်အတန်းမြင့်သူ ပုဂ္ဂိုလ်အဖို့မှာ ထိုဥဒယဗ္ဗယဉာဏ်သည် "အကာလိကော" အမြဲတစေ ပေါ်ပေါက်ထင်ရှား၍နေသည်ဟု သိရှိရပါသည်။

အထက်ပါ အကြောင်းအရာကို ထင်ရှားစေသော ပမာတခုကို ပြောရမည်ဆိုပါက ရှေးသရောအခါတွင် ဂရိတ်ပြည်၌ ဘုရင်တစ်ပါးရှိ၏။ ထိုဘုရင်သည် ရွှေကို အလွန်တက်မက်မောသဖြင့် မိမိစုဆောင်းထားသော ရွှေများထားရာ တိုက်ခန်းထဲ၌ ရွှေတုံး၊ ရွှေခဲများကို ကိုင်တွယ်ကြည့်ရှု နေလေ့ရှိပါသည်။ ထိုအခါတွင် နတ်တပါးပေါ်လာပြီး ""အသင်မင်းကြီး သင်ဘာကို အလိုရှိသနည်း။ သင်၏ အလိုပြည့်စေမည်"" ဟုဆိုလာ၏။ ထိုအခါတွင် ဘုရားမင်းကြီးက ""ကျွန်ုပ်လက်နှင့် ထိတွေ့သမျှသော အရာဟူသမျှသည် ရွှေတုံး၊ ရွှေခဲဖြစ်၍သွားသည်ကို အလိုရှိပါသည်"" ဟုဆို၏။ နတ်လည်း သင်၏ အလိုပြည့်စေသတည်းဟု ဆုပေး၍ ကွယ်လေသည်။ ဘုရင်မင်းမြတ်သည် တိုက်ခန်းမှ ထွက်၍ နံနက်စာ စားရန်သွားလေ၏။ မင်းကြီး၏ ရှေ့မှောက်သို့ နံနက်စာအဖြစ် ရောက်ရှိလာသော စားဖွယ်ခဲဘွယ်တို့သည် မင်းကြီးလက်နှင့် ထိသည်နှင့် တပြိုင်နက် ရွှေအဖြစ်သို့ ရောက်လေကုန်၏။ ထိုအတွင်းတွင် ဘုရင်မင်း မြတ်၏ ချစ်လှစွာသော သမီးငယ်သည် ဖခင်ဘုရားကြီးထံသို့ ရွှင်လန်း ဝမ်းမြောက်စွာပြေး၍လာလေသည်။ ထိုသမီးတော်အား ဘုရင်မင်းမြတ်သည် ပွေ့ဖက်လိုက်သည်နှင့် တပြိုင်နက် လူအသွင်ပျောက်၍ ရွှေစင်ရုပ် အဖြစ်သို့ ရောက်ခဲ့လေသည်။

www.dhammaransi.com



အထက်ပါပုံ ဥပမာအတိုင်း ဘုရားကြီး၏ လက်နှင့်ထိတွေ့ သမျှသော အရာဟူသမျှတို့သည် ရွှေတုံးရွှေခဲအဖြစ်သို့ ရောက်ရှိသကဲ့သို့ ဥဒယဗ္ဗယ ဉာဏ်သည် အာကလိကော အမြဲတစေပေါ်ပေါက်နေသော ပုဂ္ဂိုလ်တို့အဖို့ အာရုံခြောက်ပါးဖြင့် တွေ့ထိသမျှတို့သည်လည်း တဖွားဖွား တစီးစီး ပျက်စီး နေတော့သဖြင့် လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်တရားများသည် ဝင်နိုင်ခွင့်မရှိတော့ပါ။

သင်္ခါရုပေက္ခာဉာဏ်၏ သဘောကို ကျွန်တော်သိသမျှပြောရမည် ဆိုလျှင် ယခုခေတ်တွင် အသုံးပြုသော ဓါတ်ပုံရိုက် ကင်မရာနှင့် နှိုင်းယှဉ်၍ ပြရပေမည်။ အဆင်းသဏ္ဌာန်များသည် ကင်မရာမှန်ပေါက်မှနေ၍ ကော်ပြား ဆီသို့ ရောက်လာသောအခါတွင် ပုံထင်၍ ကောင်းသည်၊ ဆိုးသည်၊ လှသည်၊ ယဉ်သည်တို့ကို ကော်ပြားသည်မသိ ဂရုမဆိုက်သကဲ့သို့ သင်္ခါရုပေက္ခာ ဉာဏ်ထက်မြက်ရင့်သန်နေသော ယောဂီ၏ စိတ်တွင်လည်း အာရုံ (၆)ပါးနှင့် တွေ့ထိသမျှသော သဘောများကို ဂရုမပြုဘဲနေပါတော့သည်။

အထက်ဖော်ပြပါအတိုင်း ဂေါတမမြတ်စွာဘုရား၏ ဟောကြား ဆုံးမတော်မူခဲ့သော နိဗ္ဗာန်ရောက်ကြောင်း တစ်ကြောင်းတည်းသော လမ်းခရီးနှင့် ပတ်သက်၍ နည်းနာကျကျ သင်ပြလျှက်ရှိသဖြင့် ထိုနည်းနာ များအတိုင်း ကျင့်သုံးအားထုတ်ကာ တရားထူးကို ရရှိနေသော ပုဂ္ဂိုလ်များ ပေါ်ပေါက်ထွန်းကားနေသော အချိန်ကာလသည် ယခုအချိန် ကာလပင် ဖြစ်တော့သည်။ ထိုသို့ အချိန်ကောင်း၊ အခါကောင်း၊ ဆရာကောင်းများနှင့် ကြုံကြိုက်နေချိန်တွင် နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျမြတ်စွာဘုရားကို လက်ဦးစွာဖူးတွေ့ရ၍ တရားတော်ကို နာကြားကာ နိဗ္ဗာန်ကို မျက်မှောက် ပြုပါလို၏ဟူသော ဆုတောင်းမျိုးဖြင့် တင်းတိမ် ရောင့်ရဲမနေသင့်ကြောင်း။ "လသာတုံးဗိုင်းငင့်" ဆိုသော စကားပုံကို ရေရှုလျှက် အချင်းတို့ ဤ အချိန်သည်ကား လသာချိန်ပေတည်း။ ဗိုင်းငင်ကြလော့ဟူ၍ မေတ္တာ ရှေ့ထားကာ တိုက်တွန်းနှိုးဆော် လိုက်ရပေသည်။

## ဓါတ်ကြီးလေးပါးရှုပွားနည်း (၁)

(မိုးကြိုး သတင်းစာ ၂၄-၄-၆၃)

သံလျှင်တောရဆရာတော်သည် ယောဂီတို့အား ဝိပဿနာရှုကွက်

www.dhammaransi.com



အနေဖြင့် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဓါတ်ကြီးလေးပါးအနက် ဝါယောဓါတ်ကို စလျှင် စခြင်း အရှုနိုင်းလေ့ရှိ၏။

ထိုဝါယောဓါတ်ကို အရှုနိုင်းရာတွင် ဝါယောဓါတ်၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့အနက် လက္ခဏာနှင့် ရသ (၂)မျိုးကိုသာ အရှုနိုင်း လေ့ရှိသည်။

အကြောင်းမှာ လက္ခဏာဝါယောနှင့် ရသဝါယောတို့ကို ရှုပွား မှသာ ပညတ်ကွာ၍ ပရမတ်ကို တိုက်ရိုက်သိတွေ့မည်ဖြစ်သောကြောင့် ပေတည်း။ ထိုယူဆချက်နှင့် ပတ်သက်၍ ဝိသုဒ္ဓိမဂ်ဒုတိယတွဲ စာမျက်နှာ(၂၂၂) ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသအပိုဒ် နံပါတ်(၆၆၄)တွင် အထဿ ယာထာဝ သရသ လက္ခဏာတောအာဝိဘူတာသု ဓါတူသုဆိုသော စကားကို ကိုးကားကြောင်း သိရ၏။ အထက်ပါနည်းအရ ဝါယောဓါတ်၏ တွန်းသဘောနှင့် ရွေ့သဘောကို ရှုသောအခါတွင် ယောဂီ၏ ပါရမီအလိုက် အချို့မှာ နာရီပိုင်းအတွင်းအချို့မှာ ရက်အနည်းငယ်အတွင်းမျှနှင့် ဝါယောဓါတ်သည် တွန်းတိုင်း တွန်းတိုင်း၊ ရွေ့တိုင်း ရွေ့တိုင်း ဖြစ်ပေါ် ချုပ်ပျောက်သွားပုံကို တရားအားထုတ်သူ ကျွန်တော်ကိုယ်တိုင် တွေ့ရှိ သိမြင်အံ့ဩ၍ မဆုံးနိုင်အောင် ဖြစ်ရပါသည်။

ဤသို့ ဝါယောဓါတ်၏ ဖြစ်ပေါ်ချုပ်ပျောက်သွားပုံတို့ကို ပိုင်နိုင်စွာ တွေ့သိရပြီးနောက်၊ ပထဝီဓါတ်၏ လေးမှုသဘော၊ မာမှုသဘော၊ ကြမ်းမှု သဘော၊ ပိမှုသဘောကို ၎င်း၊ တေဇောဓါတ်၏ ပူအေးမှုသဘောကို ၎င်း၊ ဝါယောဓါတ်မှာကဲ့သို့ ဖြစ်ပျက်ချုပ်ပျောက်ပုံတို့ကို ခန္ဓာကိုယ်အနှံ့ရှုလိုရာ ပိုင်နိုင်စွာ တွေ့ရပါသည်။

အချိန်အားဖြင့်ဆိုရသော် ဤဓါတ်ကြီးသုံးပါးတို့၏ ဖြစ်ပေါ်ချုပ် ပျောက်မှု ပရမတ္ထ၏ ဓမ္မအရသာတို့ကို ရက်အနည်းငယ်မျှနှင့် ကျေနပ်စွာ တွေ့သိ ရပါတော့သည်။

အာပေါဓါတ်၏ သဘောလက္ခဏာကိုကား၊ အထက်ပါဓါတ်ကြီး သုံးပါးကို ပိုင်နိုင်စွာ ရှုပွားနိုင်ချိန်မှ ဓါတ်ကြီးတပါးပါးနှင့်တွဲ၍ တဆင့် လေ့လာရှုပွား နိုင်တော့သည်။ အကြောင်းမှာ အာပေါဓါတ်သည် (အဖေါဋ္ဌဗ္ဗ) ရုပ်ဖြစ်သော ကြောင့်ပေတည်း။

အာပေါဓါတ်၏ သဘောလက္ခဏာကို ကျွန်တော်တွေ့သိရပုံမှာ ဥပမာအားဖြင့် ပြရသော် အောက်ပါအတိုင်းပင် ဖြစ်သည်။

လူတယောက်သည် အိမ်ဆောက်လိုသဖြင့် အိမ်တိုင်ထူရန်အတွက်

www.dhammaransi.com



လက်သမားဆရာကို နိုင်းစေသည်ဟု ဆိုကြပါစို့။ ဤဥပမာတွင် အိမ်ဆောက်လိုသူမှာ စိတ်ပင်ဖြစ်သည်။ လက်သမားဆရာမှာ အာပေါပင်ဖြစ်သည်။ အိမ်တိုင်ထူရန် ဝက်ခွ၊ ကျားကြိုးများကို အသုံးပြုသူတပည့်လက်သားတို့မှာ ပထဝီ၊ တေဇော၊ ဝါယောပင်ဖြစ်သည်။

တဖန် ရှင်းဦးအံ့၊ အကြင်သူတဦးသည် လက်တဖက်ကို မြှောက်လိုသည်ဖြစ်အံ့၊ ထိုမြှောက်လိုရာမှတဆင့် မြှောက်စေလိုက်ပါသည်။ ထိုမြှောက်စေလိုက်သော အချိန်မှစ၍ မြှောက်ပြီးသည်အထိ ပြုလုပ်ဆောင်ရွက်သွားသူတို့မှာ ပထဝီ၊ တေဇော၊ ဝါယောပင်ဖြစ်သည်။ ဤအခါတွင် ပထဝီအား ခက်မာအောင်လည်းကောင်း၊ ပျော့ညံ့အောင် လည်းကောင်း၊ ဝါယောအား လှုပ်ရှားအောင်လည်းကောင်း၊ ရပ်တန့်အောင် လည်းကောင်း၊ တေဇောအား ပူအောင်လည်းကောင်း၊ အပူလျော့အောင် လည်းကောင်း ဦးစီးခေါင်းဆောင်ပြု၍ လက်သမားဆရာကြီးသည် တပည့် လက်သားတို့အား အိမ်တိုင်ထူရာတွင် အလျှော့အတင်း၊ အမြှောက်အပင့် တို့ကို ဘေးမှနေကြည့်ရှုအမိန့်ပေးနေသကဲ့သို့ အာပေါဓါတ်ဦးစီး ဆောင်ရွက်ခြင်းသဘောကို ယောဂီ၏ဉာဏ်တွင် ဘီလူးတွေ့၊ ဒူးတွေ့တွေ့သိလာပါတော့သည်။

အထူးညွှန်ကြားလိုက်သည်မှာ အာပေါဓါတ်သည် အဖက်ဖက်မှ နက်နဲသဖြင့် ၎င်းကို ဘာဝနာနယ်၌ သုံးရန် ကမ္မဋ္ဌာန်းဆရာအဆက်ဆက်တိုင်း ပယ်ထားကြပါသည်။ ကျွန်တော့်အမြင့်မှာ အာပေါဓါတ်ကို ပိုင်နိုင်စွာရှုပွားနိုင်ချိန်တွင် ကျန်ဓါတ်ကြီးသုံးပါးတို့သည် အာပေါဓါတ်၏ တပည့်ငယ်သား လက်အောက်ခံဓါတ်ကြမ်းများ သဘောမျှသာ ဖြစ်နေပုံကို အံ့အားသင့်စွာ တွေ့ရပါသည်။

ဤကိစ္စမှာ ပြော၍မယုံကြုံဘူးမှသာ သိအပ်သော သဘောတရားများဖြစ်သော်လည်း ဉာဏ်ကျယ်သူတို့ ရိပ်စားမိစေရန် ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

ဤကဲ့သို့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓါတ်ကြီးလေးပါး တို့ဖြစ်ပေါ် ချုပ်ပျောက်ပုံတို့ကို ဥဒယဗ္ဗယဉာဏ်အရ ပိုင်နိုင်စွာတွေ့သိသော ပုဂ္ဂိုလ်သည် (မှတ်ချက်။ ။ဥဒယဗ္ဗယဉာဏ် သန့်ရှင်းစွာပေါ်ပုံနှင့်ပတ်သက်၍ "လသာတုံးမိုင်းငင့် သင့်ကြပြီ" ဟူသော ဆောင်းပါးတွင် လက်နှင့် ထိတိုင်းထိတိုင်း အရာမှန်သမျှ ရွှေတုံးရွှေခဲကြီးဖြစ်နေသော ဂရိတ်ဘုရင်ကြီးလက်နှင့် တူသည်ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။) မဟာသတိ

www.dhammaransi.com



ပဋ္ဌာနသုတ်၊ ဣရိယာပုတ်ဆင်ခြင်ခြင်းစာပိုဒ်တွင် ဖော်ပြထားသည့် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းတို့ကို ရှုပွားသည်ဖြစ်အံ့မည်သို့ တွေ့သိရသည်ကို ကျွန်တော်၏ ဉာဏ်ဖြစ်တွေ့သိရသည့် အတိုင်း အောက်တွင် ဖော်ပြပါအံ့။

ကျွန်တော်သည် မက်တတ်စုံရပ်လျှက် သွားအတွက်ရန်ခြေကို လှမ်းမည် ပြုပါသည်။ ထိုအခါတွင် အစဦးဆုံးသွားချင်သည်ဟူသော စိတ်ကလေး ပေါ်လာသည်ကို စတင်သိပါသည်။ ထိုသွားချင်ပြီးနောက် သွားရန်ဟန်ပြင်သော အချိန်၌ ရှေ့သို့ခြေတလှမ်း လှမ်းဖို့ရန် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဓါတ် (၄)ပါးအနက် ဝါယောဓါတ်၏ လှုပ်ရှားမှုနှင့် ပထဝီဓါတ်၏ တင်းမာသင့်သော နေရာတို့တွင် တင်းမာ၍ ပျော့ညံ့သင့်သော နေရာတွင် ပျော့ညံ့မှုများ ခြေဆုံးခေါင်းဖျား လှုပ်လှုပ်ရွရွ ပေါ်ပေါက်မှုများကို သိလာပါသည်။

ထို့နောက်ခြေစ၍ လှမ်းပါတော့သည် ထိုသို့ လှမ်းသောအခါတွင် အသာအယာ ဖြေးဖြေးဆေးဆေးလှမ်းပါသည်။ ခြေမသော အချိန်ကစ၍ ခြေချသော အချိန်အထိ ဝါယောဓါတ်တို့၏ ဖြစ်ပေါ်ချုပ်ပျောက်မှုတို့ကို အကြိမ်အရာ၊ အထောင် သိလိုက်ရပါသည်။

ဤနည်းဖြင့် မျက်စိတမိုတ်လျှပ်တပျက်အချိန်ကာလအတွင်း၌ ကုဋေတသိန်းသော နာမ်တို့နှင့် ကုဋေငါးထောင်သော ရုပ်တို့ ဖြစ်ပျက်ချုပ်ပျောက်ကြလေသတည်းဟူသော ကျမ်းဂန်လာစကား၏ အဓိပ္ပါယ်လေးနက်ပုံကို စာတွေ့မဟုတ်၊ ငါတွေ့လက်တွေ့၊ ဘီလူးတွေ့ ဒူးတွေ့ တွေ့ရပါတော့သည်။

## ဓါတ်ကြီးလေးပါးရှုပွားနည်း (၂)
(မိုးကြိုး သတင်းစာ ၂၅-၄-၆၃)

ဤကဲ့သို့ ခြေတလှမ်းတွင် သိပုံမျိုးသည် ရပ်သော၊ ထိုင်သော၊ လျောင်းသောအခါတို့၌လည်းကောင်း၊ မဟာသတိပဋ္ဌာနသုတ်လာ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်း၌ ရှေ့သို့ တိုးရာ၊ နောက်သို့ ဆုတ်ရာ၊ တူရူကြည့်ရာ၊ တစောင်းကြည့်ရာ၊ ကွေးရာ၊ ဆန့်ရာ၊ စားရာ၊ သောက်ရာ၊ ခဲရာ၊ လျှက်ရာစသော အမူအယာ အားလုံးတို့တွင်လည်း ဓါတ်ကြီး (၄)ပါးတို့၏

www.dhammaransi.com



ဖြစ်ပျက်မှုကို သတိရှိသမျှအချိန်ကာလအတွင်းတွင် တွေ့သိရပါတော့သည်။

မဟာသတိပဋ္ဌာနသုတ် ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်း အပိုင်းနှင့် ပတ်သက်၍ ထွက်သက်လေကို သတိရှိလျက် မှတ်ထုတ်ခြင်း၊ ဝင်သက်လေကို သတိရှိလျက် ရှုသွင်းခြင်းကိစ္စတွင် ပိန်သည်ဖောင်းသည် ဟူ၍ အမှတ်မပြုဘဲ ဝါယောဓါတ်ရှုနည်းအရမသည့်၊ ဖိသည့် သဘောများကို ရှုသောအခါတွင် အထက်ပါ ခြေတလှမ်းလှမ်းစဉ်သကဲ့သို့ ဓါတ်ကြီး(၄)ပါး တို့ဖြစ်ပျက် - ချုပ်ပျောက်ကြပုံတို့ကို တွေ့သိရပါတော့၏။

ဓါတ်ကြီး (၄)ပါးတို့အနက် တပါးပါးကို ရှုလျှင် ကျန် (၃)ပါး ပါဝင်သည်ဟု ဆိုခြင်းကို ကျွန်တော်သဘောကျပါသည်။ သို့ရာတွင် ဓါတ်(၁)ပါးကိုသိသဖြင့် ကျန် (၃)ပါးကို သိတာဘဲဟု ဆိုခြင်းကိုမူ လက်မခံနိုင်ပါ။ ဓါတ်ကြီး (၄)ပါးကို တပါးစီ တပါးစီ ပိုင်နိုင်အောင် လေ့ကျင့်ရှုမှတ်မှသာ ဓါတ် (၄)ပါးစလုံးကို ပိုင်နိုင်သော အခြေသို့ ရောက်နိုင်ပါသည်။

ဉပမာ ဟင်းတခွက်ကို ဆားအပေါ့ အငံမြီးသောသူသည် ဆား အပေါ့အငံကိုသာ သိပါလိမ့်မည်။ ထိုသို့မဟုတ်ဘဲ ပဌမအကြိမ်တွင် ဆားအပေါ့အငံ၊ ဒုတိယအကြိမ်တွင် အချို အချဉ်၊ တတိယအကြိမ်တွင် အနံ့ကောင်းမကောင်း၊ စတုတ္ထအကြိမ်တွင် အပူအစပ်တို့ကို မြီးမှသာလျှင် ဟင်းတစ်ခွက်လုံး၏ အရသာစုံကို ပိုင်နိုင်စွာ ပိုင်းခြား၍ သိသကဲ့သို့ ဖြစ်ပါသည်။

ဤကဲ့သို့ ဓါတ်ကြီး (၄)ပါးကို ထုံးလိုချေ ရေလိုနှောက်လျက် ရှုပွားနိုင်သောအချိန်များတွင် ဖြစ်ပျက်တည်းဟူသော ဉဒယဗ္ဗယဉာဏ် သည် ရင့်သန်ထက်မြက်သည်နှင့်အမျှ ထိုဉဒယဗ္ဗယဉာဏ်မှ သင်္ခါရုပေက္ခာ ဉာဏ်အထိရင်း၊ သင်္ခါရုပေက္ခာဉာဏ်မှ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်သို့ ရောက်သော ခရီးစဉ်နှင့် ပတ်သက်၍ ဝိပဿနာတရားအားထုတ်သော ယောဂီသည် တွေးတော ကြံဆ ပူပင်သောက ရောက်စရာအလုပ်မဟုတ်ပေ။ ထိုထိုကိစ္စတို့သည် သဒ္ဓါဗိုလ်၊ သတိဗိုလ်၊ ဝိရိယဗိုလ်၊ သမာဓိဗိုလ်တို့၏ အရာသာဖြစ်သည် ဟူ၍ နလုံးပိုက်သင့်ကြပေသည်။ နိဂုံးအနေနှင့် သတိပေးလိုသည်မှာ လောကီယ မဂ္ဂင်ရှစ်ပါးအနက် ပဌမအဆင့်အားဖြင့် သမ္မာကမ္မန္တကောင်းစွာ အားထုတ် ခြင်းကို မူတည်ပါ။ ထို့နောက် ဒုတိယအဆင့်အားဖြင့် သမ္မာ - သတိကို မြဲရန်

www.dhammaransi.com



ကြိုးစားပါ။ ထိုသို့ အားထုတ်သဖြင့် သတိမြဲသည်နှင့်အမျှ သမ္မာသမာဓိသည် ကြီးပွားရင့်သန်၍ လာလတ့်၊ သမာဓိကြီးပွားရင့်သန်လာသည်နှင့်အမျှ သမ္မာသက်ပ္ပနှင့် သမ္မာဒိဋ္ဌိအဆင့်သို့ရောက်မည်ဟု စိတ်ချယုံကြည်ပါလေ။

အထူးမှာ အားထုတ်မှုနှင့် သတိမြဲမှုတို့ကား ယောဂီအဖို့အရေး အကြီးဆုံးပင်ဖြစ်သည်။

အထက်တွင် အထသဃယာ ထာဝသရသလက္ခဏာတောဆိုသော ဝိသုဒ္ဓိမဂ်စကားကို ကိုးကားခဲ့ရာ၌ ကျွန်တော်ဉာဏ်မီသမျှဆုံးဖြတ်ရမှု ယင်းစကား၏အနက်မှာ ထိုဓါတ်လေးပါးရှုပွားသော ယောဂီအား မိမိရှုပွား နေသော ဓါတ်တပါးပါး၏ လက္ခဏာအရနှင့်ဖြစ်စေ၊ ထင်ရှားလာမှုကို ယူရမည်ဟုဆိုလိုသည်။

လိုရင်းကား ယာထာဝဟုတ်မှန်တိုင်းသော၊ သဓါတ်တခုခု၏ရသကိစ္စ အားဖြင့်လည်းကောင်း၊ လက္ခဏာတော လက္ခဏာအားဖြင့် လည်းကောင်းဟု ဆိုထားချက်ပင်ဖြစ်၏။

ထိုယာထာဝသရသလက္ခဏာတောတွင် ယာထာဝသဆိုတာကို ဖြုတ်ထားလျှင် ရသလက္ခဏာတောဟု ပုဒ် (၂)ခုသာကျန်၏။ ယင်း (၂)ခုမှာ လက္ခဏာနှင့် ရသခေါ်ဓါတ်၏ အမှတ်အသားနှင့် ဓါတ်၏ အလုပ်ကိစ္စများ ပင်ဖြစ်သည်။ ထို့ကြောင့် လက္ခဏာ၊ ရသ ပစ္စုပဋ္ဌာန်ပဒပဋ္ဌာန်လေးပါး အနက် ပဋ္ဌမ (၂)ခုကိုသာ ရှုဟုဆိုပေသည်။ ပစ္စုပဋ္ဌာန်နှင့် ပဒပဋ္ဌာန်ကို မရှုရဟု မှတ်ရာ၏။ အဋ္ဌကထာ ဆရာသည် ယာထာဝသလက္ခဏာ ရသတော ဟုဆိုသင့်လျက် ယာထာဝရသလက္ခဏာတောဟု ရှေ့နောက်လွဲ ရေးသားခြင်း အတွက် မှားသည်ဟု ထင်ရသော်လည်း ဉာဏ်ကြီးရှင် ဗုဒ္ဓမတည်း ဖြစ်တော်မူသည် အားလျော်စွာ သဒ္ဒါကျမ်းဒွန်သမာသ်လက္ခဏာကို ထောက်သောအားဖြစ် ထိုသို့ရသကို ရှေ့ကရေး၍ လက္ခဏာကို နောက်ကထားခြင်းဖြစ်၏။ ဒွန်သမာသ်အရာဝယ် များသောအားဖြင့် အက္ခရာနည်းသော စကားလုံးကို ရှေ့ကထား၍ အက္ခရာများတာကို နောက်ကထားရသည်။

ထို့ကြောင့် ၎င်းလက္ခဏာရသစကား (၂)လုံးတွင် လက္ခဏာကစာ (၃)လုံး၊ ရသကစာ (၂)လုံးမျှဖြစ်ရာ နည်းသော ရသပုဒ်ကို ရှေ့ကထား တော်မူသည်ဟု မှတ်ပါလေ။ သဘောကိုယူတော့ လက္ခဏာကို ရှေ့ကဟု ယူရပါမည်။ ပိဋကတ် (၃)ပုံသည် နည်းအမျိုးမျိုးတို့နှင့် ပြည့်နက်

www.dhammaransi.com



နေသောကြောင့် အလွန်နက်နဲလှသည့်အတွက် အထက်ပါ ကျွန်တော်၏ အယူအဆကို သဒ္ဒမတတ်သူ သာမာန်အရပ်သားတို့ နားလည်နိုင်ကမည် မဟုတ်သော်လည်း စာပေကျမ်းဂန် တတ်ကျွမ်းနားလည်သူ ပုဂ္ဂိုလ်မွန်တို့ ကျွန်တော်၏ အထက်ပါ အယူအဆကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်ကြစေရန် တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

## ဗုဒ္ဓ၏ အနုမြူလက်နက် (၁)
(မိုးကြိုး သတင်းစာ ၂၇-၄-၆၃)

လူတစ်ဦးတစ်ယောက်တွင် (၂၄)နာရီအချိန်တို့၌ ဝိဇ္ဇာဟူသော အသိတရားနှင့် အဝိဇ္ဇာဟူသော မသိတရားတို့ မည်သည့်တရားက များပြားသည်ကို ဆင်ခြင်စဉ်းစား၍ ကြည့်သင့်ကြပေသည်။

တစ်ရက်လျှင် နာရီအားဖြင့် (၂၄)နာရီ၊ မိနစ်အားဖြင့် (၁၄၄၀) စက္ကန့်အားဖြင့် (၈၆၄၀၀)ဖြစ်လေသည်။ တစ်စက္ကန့်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်သော အချိန်နှင့် ညီမျှသည်ဆိုပါက ထိုမျက်စိ တစ်မှိတ် လျှပ်တစ်ပြက်တွင် ကုဋေတစ်သိန်းသော စိတ်တို့ဖြစ်ပွား ပေါ်ပေါက် ကြသည်ဟု ကျမ်းဂန်များတွင် ပါရှိလေရာ တစ်နေ့တွင် စိတ်ချက်ပေါင်း မည်မျှကို တွက်ချက်ကြည့်ပါက (၈၆၄၀၀)နှင့် ကုဋေတစ်သိန်းတို့၏ မြှောက်၍ရသော အကြိမ်ဖြစ်ကြောင်း သိရမည်။

ထိုစိတ်တို့ ဖြစ်ပေါ်တိုင်း၊ ဖြစ်ပေါ်တိုင်း ဝိဇ္ဇာနှင့် အဝိဇ္ဇာမည်သည့် တရားကသာသနည်းဟူမူ အဝိဇ္ဇာတရားသည် နှမ်းတစ်တင်းအရေအတွက် မျှဖြစ်ပွားသော အချိန်တွင် ဝိဇ္ဇာတရားမှာ ဥသျှစ်သီးတစ်တင်းအရေအတွက် လောက်မျှပင် ပါဝင်မည်မဟုတ်သည်ကို တွေ့ရပေလိမ့်မည်။

ထို့ကြောင့်လည်း ကမ္ဘာတစ်ဝှမ်းလုံးရှိ လူတို့၏ အရေအတွက်ကို စစ်ဆေးကြည့်ရှုရာတွင် သန်းပေါင်း (၃)ထောင်မျှဖြစ်သည်ကို သိရသော အခါ၌ မြေတစ်ကေအတွင်း၌သော ခြ၊ ပရွက်ဆိတ်တို့၏ အရေအတွက်မှာ ထိုသန်းပေါင်း (၃)ထောင်မက မြှောက်များလှသည်ကို တွေ့ရပေသည်။ ဤနည်းအတိုင်း ကမ္ဘာတဝှမ်းရှိ လူဦးရေသန်းပေါင်း (၃)ထောင်နှင့် ကမ္ဘာတဝှမ်းရှိ တိရိစ္ဆာန်များ၏ အရေအတွက်ကို နှိုင်းစာလျှင် လူထက် တိရိစ္ဆာန်က အဆပေါင်းမရေမတွက်နိုင်အောင် များပြားနေသည်ကို

www.dhammaransi.com



တွေ့ရပေလိမ့်မည်။

ဤနည်းဖြင့် (၂၄)နာရီမျှ ကာလအတွင်း အဝိဇ္ဇာနှင့် ဝိဇ္ဇတို့ ဖြစ်ပေါ်ပုံအတိုင်း လူနှင့် တိရိစ္ဆာန်တို့၏ အရေအတွက်ချင်း ကွာခြားသည် ကို တွေ့ရသည့်အခါ အံ့သြစရာပင် မဟုတ်တော့ပေ။

ကျွန်တော်နှင့်အတူ တရားအားထုတ်လျက်ရှိသော ဉာဏ်အဆင့် အတန်းမြင့်သည့် ရဟန်းပုဂ္ဂိုလ်တစ်ဦးအား မေးလျှောက်ကြည့်ရာ "ဒကာကြီးရေ – ကျွန်ုပ်ဖြစ်ခဲ့ရသော ဘဝပေါင်းများစွာကို လှည်း တစ်စီးတွင် အပြည့်ပါသော သဲပွင့်လေးများနှင့် နိုင်းစာလျက် သုဂတိဘုံသို့သွားသော အကြိမ်ပေါင်းမှာ လက်သန်းခွန်ပေါ်တွင် တင်နေသော သဲပွင့်လုံးလေးများ၏ အရေအတွက် မျှလောက်သာများစရာ ရှိသည်။ ထိုထက်များမည်မဟုတ်ပေ" ဟု ပြောပြသည်ကို ကြားသိရပါသည်။

ဤကဲ့သို့ လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့၏ ဝေရက်တောင်ကြီး တမျှမြင့်မားလှသော တောင်ရှိသဲလုံးနှင့် အမျှထုပြောများပြားလှသော အဝိဇ္ဇာတရားများကို ပယ်ဖျက်ရန်အတွက် ဗုဒ္ဓမြတ်ဘုရားသည် တရားဆေးကို ဟောပြောညွှန်ကြား၍ ထားခဲ့လေသည်။ ၎င်းဆေးတွင် အင်္ဂါအားဖြင့် ရှစ်ပါးနှင့် အမယ်အားဖြင့် (၃၇)ပါးရှိလေသည်။ ၎င်းအင်္ဂါကို မဂ္ဂင် (၈)ပါးဟူ၍ လည်းကောင်း၊ အမယ်အားဖြင့် ဗောဓိပက္ခိယတရား (၃၇)ပါး ဟူ၍လည်းကောင်း ခေါ်ဆိုပါသည်။

အဝိဇ္ဇာဆိုသော မသိတရားကို ကင်းပျောက်အောင် ကုစားလိုသော် ထိုအဝိဇ္ဇာတို့၏ ဖြစ်ပေါ်ရာဌာန (၆)ပါးတွင် ဝိဇ္ဇာဆေးကို တိုက်ကျွေး ရပေလိမ့်မည်။

ထို (၆)ဌာနတို့ကား မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ပင် ဖြစ်လေသည်။ ထိုအဝိဇ္ဇာ၏ ပွားများကျယ်ပြန့်ပုံကို ဗုဒ္ဓဘုရားသည် ပဋိစ္စသမုပ္ပါဒ်ရဟတ်တည်းဟူသော အမည်ဖြင့် ဟောကြားခဲ့လေရာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၊ သဠာယတနကြောင့် ဖဿဖြစ်၊ ဖဿကြောင့် ဝေဒနာဖြစ်သည်စသည်ဖြင့် အစဉ်အတိုင်း အကြောင်းအကျိုးစပ်၍ ဟောပြခဲ့လေသည်။

ပဋိစ္စသမုပ္ပါဒ်တရားတော်အရ အကြောင်းနှင့် အကျိုးဆက်စပ်၍အာရုံ (၆)ပါး၊ ဒွါရ (၆)ပေါက်တို့၌ မျက်စိတမှိတ်လျှပ်တပြက်လျှင် ကုဋေ

www.dhammaransi.com



တသိန်းမျှသော များပြားသည့် စိတ်ချက်တိုင်းတွင် ပဋိစ္စသမုပ္ပါဒ်တရားသည် လည်ပတ် လျှက်ရှိသော လူသာမန်တို့သည် မွေးဖွားသည့် နေ့မှအစပြု၍ သေသည့် အဆုံးထိ၌ ပဋိစ္စသမုပ္ပါဒ်တပတ်လည်သည်ဟူ၍သာ သိရှိသဘောပေါက် နေကြသည်။

အထက်ပါအတိုင်း ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် အမြဲမပြတ် ဒလစပ်လည်လျှက်ရှိသည်ကို ပြတ်စေလို၍ ဖြတ်လိုသော ပုဂ္ဂိုလ်သည် အခြားအခိုက်အတန့်တွင် ဖြတ်၍မရ၊ ဝေဒနာအခိုက်အတန့်၌သာ ဖြတ်၍ရ၏။

ဝေဒနာဟူသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍ (၃)ပါးရှိသည်တို့အနက် သုခဖြစ်လျှင် လောဘဝင်သည်။ ဒုက္ခဖြစ်လျှင် ဒေါသဝင်သည်၊ ဥပေက္ခာဖြစ်မှသာ ဝိဇ္ဇာဉာဏ်ဝင်ရန် အခွင့်အလမ်းရှိသည်ကို အထူးသတိပြုသင့်ကြသည်။ ဘဝသံသရာအဆက်ဆက်က ပူးတွဲပါလာသော အဝိဇ္ဇာတရားတို့နှင့် ယခုဘဝတွင် ဖြစ်ပွားပေါ်ပေါက်လျှက်ရှိသော အဝိဇ္ဇာတရားတို့၏ ထုထယ်မှာ အလွန်ကြီးမားသည်ဖြစ်ရကား ထိုအဝိဇ္ဇာထုကြီးကို ဝိဇ္ဇာတရားသည် ဦးတည်ခေါင်းကိုက်၍ ထိုးဖောက်ခြင်းငှာ ခက်ခဲမည်ဖြစ်ပေသည်။

ထို့ကြောင့် အဝိဇ္ဇာထုကြီးကို ထိုးဖောက်လိုသော ဝိဇ္ဇာသည် ရှေ့တော်ပြေးအနေနှင့် သဒ္ဓါမိုလ်ကိုလည်းကောင်း၊ ဒုတိယအနေဖြင့် ဝိရိယမိုလ်ကိုလည်းကောင်း၊ တတိယအနေဖြင့် သတိမိုလ်ကိုလည်းကောင်း၊ စတုတ္ထအနေဖြင့် သမာဓိမိုလ်ကိုလည်းကောင်း အဆင့်ဆင့်စေလွှတ် တိုက်ခိုက်ပြီးနောက်မှ အဝိဇ္ဇာအား ပြောသည့် အခွင့်သာသော အချိန်တွင် ဝိဇ္ဇာသည် ပညာမိုလ်အသွင်ဖြင့် အဝိဇ္ဇာကို ဖြိုခွင်းလေတော့သည်။

## ဗုဒ္ဓ၏ အနုမြူလက်နက် (၂)
(မိုးကြိုး သတင်းစာ ၂၈-၄-၆၃)

ဤကဲ့သို့ ဖြိုခွင်းရာတွင် နာမရူပ ပရိစ္ဆေဒဉာဏ်မှ ဂေါတြဘူဉာဏ်အထိ (၁၃)ကြိမ်၊ ဂေါတြဘူဉာဏ်မှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိ (၁၅)ကြိမ်အားဖြင့် သောတာပတ္တိမဂ်အဖို့ (၁၅)ကြိမ်၊ သကဒါဂါမိမဂ်အဖို့ (၁၅)ကြိမ်၊ အနာဂါမိမဂ်အဖို့ (၁၅)ကြိမ်၊ အရဟတ္တမဂ်အဖို့ (၁၅)ကြိမ်ပေါင်း (၆၀)သော အကြိမ်ဖြင့် ဖြိုခွင်းရာ အဆိုပါ အဝိဇ္ဇာထုကြီးသည်

www.dhammaransi.com



အနမြူဖုံးကြီးနှင့် ဖြိုခွင်းလိုက်ဘိသကဲ့သို့ အကြွင်းမဲ့ပြိုကွဲပျက်စီး၍ သွားရလေတော့သည်။

ထိုမဂ် (၄)ပါး၊ ဖိုလ် (၄)ပါးတို့ အဆင့်ဆင့်ပေါ်ပေါက်ရေးအတွက် ဗုဒ္ဓမြတ်ဘုရားသည် . . . "ဧကာယနော ယံ ဘိက္ခဝေမဂ္ဂေါ" အစရှိသော သတိပဋ္ဌာန်(၄)ပါး အကျင့်မြတ်တရားကို ဟောကြားတော်မူခဲ့လေသည်။

ထိုသတိပဋ္ဌာန် (၄)ပါးတို့သည်ကား (၁)ကာယ၊ (၂)ဝေဒနာ၊ (၃)စိတ္တာ၊ (၄)ဓမ္မာဟူ၍ ရှိလေရာ ကာယနှင့် ဝေဒနာ (၂)ပါးသော တရားတို့ကိုသာ များသောအားဖြင့် ယခုခေတ်၌ကျင့်ကြံအားထုတ်လျက်ရှိသည်ကို တွေ့ရပေရာ စိတ္တာနှင့် ဓမ္မာအားထုတ်ကျင့်သုံးပုံနည်းနာများမှာ တိမ်ကော ပပျောက်တော့ မလောက်ဖြစ်နေသည်ကို ဝမ်းနည်းကြေကွဲဖွယ်ရာ တွေ့နေရပေသည်။

ထို့ကြောင့် ထိုသတိပဋ္ဌာန် (၄)ပါး အကျင့်မြတ်တရားအားလုံးနှင့် ပတ်သက်၍ ကျွန်တော်ကိုယ်တိုင် ကျင့်ကြံအားထုတ်ရပုံကို ဆက်လက် ဖော်ပြသွားမည်ဖြစ်ရာ ပေါက္ခရဝဿမိုးသည် စွပ်လိုသော သူတို့အဖို့ကိုသာ စွပ်စိုစေသကဲ့သို့ သုံးဆောင်ကျင့်သုံးလိုသူများ ကျင့်သုံးနိုင်ကြပါစေ သတည်း။ ။

## အတင်နှင့် အထင် ထူးခြားချက်
(မိုးကြိုး သတင်းစာ ၁-၅-၆၃)

"ဝိပဿနာကိစ္စဖြစ်သော ရုပ်နာမ်တို့ကို ရှုပွားရာတွင် လက္ခဏာ ရေးသုံးပါး "တင်" ၍ ရှုရမည်။ သို့တည်းမဟုတ် လက္ခဏာရေးသုံးပါးတို့ အလိုအလျောက်ညာက်၌ "ထင်" လာအောင်ရှုရမည်" ဟူ၍ ဝိဝါဒ(၂)ပါး ကွဲပြားနေသည်ကို ကြားသိတွေ့မြင်နေရပါသည်။

ရုပ်နာမ် (၂)ပါးတို့၏ အပေါ်တွင် လက္ခဏာရေး (၃)ပါး "တင်" ၍ ရှုသည်ဆိုသော် လုပ်ငန်း၏ သဘောသက်ရောက်ပုံမှာ တွေးခြင်း၊ ကြံစည်ခြင်း အမိပ္ပါယ်ပေါက်နေပါသည်။

ရုပ်နာမ် (၂)ပါးသည် အာရုံ (၆)ပါး၊ ဒွါရ (၆)ပေါက်တို့၌ အဆက် မပြတ် ဒလစပ်ပေါ်နေသည်ဖြစ်ရာ ထိုရုပ်နာမ်တို့ ဖြစ်ဆဲဖြစ်ခိုက်အခါတွင် လည်းကောင်းတို့ဖြစ်ပေါ်ရာ တံခါး (၆)ပေါက်တို့၌ အသင့်စောင့်၍

www.dhammaransi.com



ရှုပွားနေပါက ရုပ်နာမ်တို့၏ သဘောသည် မြဲလျှင်မြဲကြောင်း၊ မမြဲလျှင် မမြဲကြောင်း၊ ချမ်းသာလျှင် ချမ်းသာကြောင်း၊ ဆင်းရဲလျှင် ဆင်းရဲကြောင်း၊ အစိုးရလျှင် အစိုးရကြောင်း၊ အစိုးမရလျှင်လည်း အစိုးမရကြောင်း လည်းကောင်းတို့၏ သဘာဝအမှန် "ထင်" လာသည်ကို မုချဆက်ဆက် တွေ့ရမည်သာဖြစ်သည်။

ထိုသို့မဟုတ်ပဲ ရုပ်နာမ်တို့၏ ဖြစ်ပွားပေါ်ပေါက်ရာ အာရုံ (၆)ပါးနှင့် တံခါး (၆)ပေါက်တွင် သတိနှင့် စောင့်စားရှုပွား၍ မနေပဲ၊ တွေးတော ကြံဆလျှက် "ရုပ်နာမ်တို့သည် အနိစ္စ၊ ရုပ်နာမ်တို့သည် ဒုက္ခ၊ ရုပ်နာမ် တို့သည် အနတ္တ" ဟူ၍ ထင်မြင်လာအောင် စည်းဝါးမကျ ရှုပွားနေခြင်းသည် ရုပ်နာမ်တို့၏ သဘာဝအမှန်ကို တွေ့မြင်သိရှိနိုင်မည် မဟုတ်ကြောင်း သတိပြုသင့်ကြပေသည်။

ဥပမာဆိုသော် သူခိုးသည် အိမ်တွင်းရှိ ပစ္စည်းကိုခိုးယူရန် ထို အိမ်တွင်းသို့ တံခါး (၆)ပေါက်အနက် တစ်ပေါက်ပေါက်မှ ဝင်ရောက် ရမည်ဖြစ်ရာ ထိုသူခိုးအားဖမ်းလိုသော အိမ်ရှင်သည် (၆)ပေါက်သော တံခါးတို့ကို သတိကြီးစွာဖြင့် စောင့်ရောက်၍ မကြည့်ပဲ၊ အိပ်ရာထဲတွင် အသာလှဲ၍ "သူခိုးသည် တံခါး (၆)ပေါက်အနက် တပေါက်ပေါက်မှ ဝင်လာပေလိမ့်မည်" ဟု တွေးတောကြံဆနေပါက သူခိုးတက်လာကာ အိမ်တွင်းရှိ ပစ္စည်းဥစ္စာကိုယူ၍ ထွက်ပြေးသွားသည်ကို မည်သို့မျှ သိနိုင် မည် မဟုတ်ပါ။ စဉ်းစားကြံစည်ရာမှ ထ၍ အိမ်တွင်းရှိ ပစ္စည်းများကို စစ်ဆေးကြည့်ရှုသောအခါတွင်မှ သူခိုး ခိုးသွားကြောင်းကို သိရမည် ဖြစ်ပေသည်။

အခြားလူတစ်ဦးမှာကား သူခိုးသည် တံခါး (၆)ပေါက်အနက် တစ်ပေါက်ပေါက်မှ ဝင်လာမည်ကို သိသဖြင့် သတိကြီးစွာထားရှိကာ ထိုအပေါက်များကို အမြဲတစေ စောင့်ရှောက်ကြည့်နေပေသည်။ ထိုသူ အဖို့ကား သူခိုးဝင်သည်နှင့် တစ်ပြိုင်နက် လက်ပူးလက်ကြပ်မိမည်ဖြစ်သဖြင့် အိမ်တွင်းရှိပစ္စည်းများ သူခိုးလက်သို့ပါနိုင်ရန် အကြောင်း မရှိပေ။

ဤနည်းအတိုင်းပင် ရုပ်နာမ်တို့ ရုပ်နာမ်တို့ကို လက္ခဏာရေး သုံးပါး "တင်" ၍ ရှုသူနှင့် သူခိုး ခိုးခံရသူဟူ၍ လက္ခဏာရေး (၃)ပါး သူ့ အလိုအလျောက် "ထင်" လာသိလာအောင် ရုပ်နာမ်တို့အား ၎င်းတို့ ဖြစ်ပွားပေါ်ပေါက်ရာ ဒွါရ (၆)ပေါက်မှ စောင့်၍ စောင့်ကြပ်ကြည့်ရှုနေခြင်းနှင့်

www.dhammaransi.com



သူခိုး ခိုးမခံရသူတို့ တူလှပေတော့သည်။

ဤကဲ့သို့ ရုပ်နာမ်တို့၏ လက္ခဏာရေး (၃)ပါးကို "တင်" ၍ ရှုခြင်း၏ အကျိုးမများပုံနှင့် "ထင်" မြင်လာအောင် ရှုခြင်း၏ အကျိုးများပုံကို ဖော်ပြပြီးနောက် ဝိပဿနာတရားကို တကယ်အားထုတ်ရာတွင် ဒွါရ (၆)ပေါက်တို့အနက် "မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်" ဟူသော အပေါက် (၅)ပေါက်ကို ပိတ်လျှက် စိတ်ဟူသော မနောဒွါရမှ စောင့်၍ ရုပ်နာမ်တို့အား ရှုမှတ်ရသည်ကို သတိပြုစေလိုသည်။

အထက်ပါတို့မှာ စာပေသမားများမှ မဟုတ်သော သာမာန် ပုဂ္ဂိုလ်တို့ အလွယ်တကူသဘောပေါက်နိုင်စေရန် "တင်" ခြင်းနှင့် "ထင်" ခြင်းကို သိလွယ်သော ဥပမာများနှင့် တင်စား၍ ဖော်ပြလိုက်ခြင်းဖြစ်ပေသည်။ စာပေသမားတို့အဖို့မူကား အောက်ပါအတိုင်းပင် ရှင်းလင်း ဖော်ပြလိုက်ရပေသည်။

ဝိသုဒ္ဓိမဂ် ဒုတိယတွဲ ဆဋ္ဌသံဂါယနာတင်မှ "မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ" စာမျက်နှာ (၂၅၃-စာကြောင်းရေ-၇ နှင့် ၈)တွင် "ဇဝံကာလေနရူပံ၊ ကာလေနအရူပံ၊ သမ္မသိတွာပိ၊ တိလက္ခဏံ အာရောပေတွာ၊ အနုက္ကမေန ပဋိပဇ္ဇမာနော၊ ဇကောပညာဘာဝနံ သမ္ပာဒေတိ" ဟု ပါရှိရာအဆိုပါ "ဇကော" ဆိုသော ပုဒ်ကို ဘာသာပြန်ဆိုရာ၌ ကျိုက်ထိုမြို့ အရှင်နန္ဒမာလာပြန်ဆိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြန်မာပြန်မှ စာမျက်နှာ (၃၂၉)တွင် "အချို့သော ယောဂီသည်" ဟူ၍ ဘာသာပြန်ဆိုထားသည်ကိုလည်းကောင်း၊ တဖန်စာမျက်နှာ (၂၅၃) ပိုဒ်ရေ(၇၀၆)တွင် "အပရော" ဆိုသောပုဒ်ကို ထိုမြန်မာပြန်စာအုပ်၌ "တဦးသော ယောဂီသည်" ဟူ၍ ဘာသာပြန်ဆိုထားသည်ကို တွေ့ရပေသည်။ ထိုမှတပါး အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား ရေးသားစီရင်အပ်သော ဝိသုဒ္ဓိမဂ်မြန်မာ ဘာသာပြန်စာအုပ် စာမျက်နှာ (၁၈၅) စာကြောင်းရေ (၇)တွင် "တဦးသော ယောဂီ" ဟူ၍လည်းကောင်း၊ စာကြောင်းရေ(၈)တွင် တဖန် "တပါးသော ယောဂီသည်" ဟူ၍ လည်းကောင်း မြန်မာဘာသာပြန်ဆို ထားသည်ကို တွေ့ရပြန်လေသည်။

၎င်းဆရာတော် (၂)ပါးတို့၏အလိုမှာ "လက္ခဏာရေး (၃)ပါးကိုတင်၍ ရှုပွားရမည်" ဟု ဘာသာပြန်ဆိုထားလေသည်။ ဤအရာတွင် ဖော်ပြခဲ့သော "ဇကော" နှင့် "အပရော" (၂)ပုဒ်၏ အနက်ကို "တဦးသော ယောဂီ

www.dhammaransi.com



တယောက်သော ယောဂီ" ဟူ၍ ဘာသာပြန်ဆိုခြင်း မပြုဘဲ "တဦးသော ကမ္မဋ္ဌာန်းဆရာ" ဟူ၍လည်းကောင်း၊ "အခြားတပါးသော ကမ္မဋ္ဌာန်းဆရာ" ဟူ၍လည်းကောင်း၊ "ဘာသာပြန်ဆိုပါမှ ဝိသုဒ္ဓိမဂ်ကို ပြုစုရေးသားတော်မူခဲ့သော ရှင်မဟာဗုဒ္ဓဃောသ၏ အလိုတော်ကျဖြစ်လိမ့်မည်" ဟု ကျွန်တော်ယူဆပါသည်။ ရှင်မဟာဗုဒ္ဓဃောသသည် ရုပ်နာမ်တို့၏ လက္ခဏာရေး (၃)ပါးကို ထင်လာမြင်လာအောင် ရှုပွားရန် မိမိ၏ အာဘောအဆုံးအဖြတ်ကို အပိုဒ်(၆၉၃)တွင် အထင်အရှား ဖော်ပြထားလေသည်။

ဤသို့ ဖော်ပြပြီးနောက်မှ ကျမ်းပြုဆရာတော်သည် ရုပ်နာမ်တို့၏ လက္ခဏာရေး (၃)ပါးကို "တင်" ၍ ရှုရန် ညွှန်ကြားပြသသော အခြားအခြားသော ကမ္မဋ္ဌာန်းဆရာတို့၏ အာဘော်ကို အဆိုပါ "ဧကော၊ အပရော" စသော စကားတို့ဖြင့် ဖော်ပြခြင်းဖြစ်ပေသည်။

၎င်းတို့မှာ ရှင်ဗုဒ္ဓဃောသ ကျမ်းပြုဆရာ၏ "အာဘော်" မဟုတ်ကြောင်းကို ထင်ရှားပြတ်သားစွာသိပါမှ "တင်" ခြင်းနှင့် "ထင်" ခြင်း တို့၏ အနက်သဘော ကွဲပြားခြားနားပုံကို ပိုင်နိုင်စွာ သိမြင်နိုင်ကြမည် ဖြစ်ပေသည်။

ဤကိစ္စမျိုးတွင် ပရိယတ္တိသက်သက်မဟုတ်ပဲ ပရိယတ္တိနှင့် ပရိပတ္တိနှစ်ပါးဒွန်တွဲလျက် ကိုယ်တိုင်ကိုယ်ကျ ဝိပဿနာတရားကို ပွားများအားထုတ်၍ အနည်းဆုံး ဥဒယဗ္ဗယဉာဏ်ထက် သန်ပေါက်ရောက်သော ယောဂီများအဖို့မှ နာမ်ရုပ်တို့ကို ရှုပွားနေခြင်းဖြင့် ထိုနာမ်ရုပ်တို့၏ လက္ခဏာရေး(၃)ပါးသည် တွေးတောကြံစည်၍မနေရဘဲ ဉာဏ်၌ သူ့အလိုလို ထင်ပေါ်တွေ့ရှိ၍ လာသည်ဖြစ်ရာ ရှင်မဟာဗုဒ္ဓဃောသ၏ ထင်ခြင်းဆိုသော အာဘောဘကို "အကွင်းအကွင်း၊ မုံ့တီဟင်း" ကဲ့သို့ မြင်သိသဘောပေါက်၍လာကြောင်း မေတ္တာရှေ့ထား၍ ရေးသားဖော်ပြ အပ်ပါသတည်း။

## ဇာနာတိနှင့် ပဇာနာတိ ထူးခြားချက်

(မိုးကြိုး သတင်းစာ ၄ - ၅ - ၆၃)

ဂေါတမမြတ်စွာဘုရားသည် မဟာသတိပဋ္ဌာနသုတ်တွင် . . .

"ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန်၊

အရိယာမဂ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်၊ တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏။ ယင်းသည် ခရီးလမ်းကား ဤသတိပဋ္ဌာန် (၄)ပါးတို့ ပင်တည်း" ဟူ၍ နေယျနှင့် ပဒပရမပုဂ္ဂိုလ် (၂)မျိုးတို့အဖို့ အကျင့်မြတ်တရား အဖြစ်ဖြင့် ညွှန်ကြားဆုံးမတော်မူခဲ့လေသည်။

အကျင့်မြတ်တရားဆိုသည်မှာ ဘုရားဟောတရားများကို ကြားနာမှတ်သားရုံနှင့် နိဗ္ဗာန်မဂ်ဖိုလ်သို့ မရောက်ရှိဘဲ ကိုယ်တိုင်ကိုယ်ကျ အပတ်တကုတ်ကျင့်သုံးအားထုတ်ပါမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို အမှန်ရစေရန် ကျင့်သုံးဖို့အတွက် ဟောထားသော ကျင့်စဉ်ပြလမ်းညွှန်တရားများဖြစ်လေသည်။

ဤသတိပဋ္ဌာနသုတ် ဣရိယာ ပထပဗ္ဗခန်းတွင် ပါဠိဘာသာဖြင့် "ဂစ္ဆန္တောဝါဂစ္ဆာမီတိ ပဇာနတိ" ဟူ၍ ဟောကြားထားခဲ့လေသည်။

ဤနေရာတွင် (ပ) အက္ခရာတလုံးအပိုထည့်ထားသော "ပဇာနာတိ" ဆိုသော ပုဒ်နှင့် (ပ) အက္ခရာ အပိုမပါသော "ဇာနာတိ" ပုဒ်တို့၏အနက်သဘောကို ပြတ်ပြတ်သားသားခွဲခြား၍ သိနားလည်မှသာ ဘုရားရှင်၏ အလိုတော်ကျဖြစ်လျက် ညွှန်ကြားထားသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရောက်နိုင်မည်ဖြစ်ပေသည်။

"ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ" ဟူသော စကားသာဖြစ်ခဲ့ ပါလျှင် "သွားလျှင် သွားသည်" ဟူ၍ သူသူငါငါ လူတကာတိုင်းသိသော အသိမျိုးမျှသာ ဖြစ်မည်ဟူ၍ ကျွန်တော်ယူဆပါသည်။ (ပ) ဇာနာတိဟူသော အသိမှာ ထိုဇာနာတိကဲ့သို့ သူသူငါငါ လူတကာတို့၏အသိမျိုး မဟုတ်ဟု ယူဆမိပါသည်။ အဆိုပါ ထူးထူးခြားခြား ဇာနာတိရှေ့တွင် ထည့်သွင်းထားသော (ပ) အက္ခရာ တလုံး၏အနက် သဘောကို ဗုဒ္ဓ၏အလိုတော်ကျ သိရှိရန် အတွက် အောက်ပါ အချက် တို့ကို ထည့်သွင်း စဉ်းစားရန် လိုအပ်သည်ဟု ကျွန်တော် ယူဆပါသည်။



မြတ်စွာဘုရားသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရန် နိဗ္ဗာန်ကို မျက်မှောက် ပြုရန်အတွက် ဟောကြားဆုံးမခဲ့သည်ကား ရုပ်နာမ်တို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော တို့ကို နာမရူပပရိစ္ဆေဒဉာဏ်အစ သခါရုပေက္ခာ

www.dhammaransi.com



ဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်အဆုံးအားဖြင့် အဆင့်ဆင့်သိရန် ဟောကြားဆုံးမတော်မူခဲ့ခြင်းသာဖြစ်လေသည်။

ရုပ် - ဆိုရာ၌ အကျဉ်းအားဖြင့် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဖြစ်သည့် ဘူတရုပ် (၄)ပါးတို့ကို (ရုပ်)ဟုဆိုသည်။

ထို့ကြောင့် ""ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ (ပ) ဇာနာတိ"" စကားအရ ခြေတလှမ်းလှမ်းခိုက်၌ ပါဝင်ကြသော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓါတ်ကြီး(၄)ပါးနှင့် ထိုဓါတ်ကြီးတို့နှင့်အတူပါနေသော နာမ်တရားတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို ဉာဏ်ငုံမိသိရှိမှသာ (ပ) အက္ခရာ၏ သဘောသည် ဘုရား၏ အလိုတော်ကျဖြစ်မည်ဟု ကျွန်တော် ယူဆမိပါသည်။

ကျွန်တော်သည် သံလျင်တောရတွင် ဝိပဿနာတရားကို ပွားများ အားထုတ်ရာ၌ ဝါယောဓါတ်မှ အစပြု၍ ပထဝီ၊ တေဇော၊ အာပေါတို့၏ တဖွားဖွားဖြစ်ပျက်သည်ကို ဉာဏ်၌ထင်ပေါ်သော ဥဒယဗ္ဗယဉာဏ် သာသာမျှ ပေါက်ရောက်ခဲ့ပါသည်။ ဥဒယဗ္ဗယဉာဏ်ဆိုသည်မှာ ခန္ဓာကိုယ်တခုလုံး အတွင်း၌ သေးငယ်လှစွာသော ရေပွက်ကလေးများ ဆူပွက်၍ နေသကဲ့သို့ လည်းကောင်း၊ တရှိန်ရှိန်၊ တသုတ်သုတ်၊ တလှုပ်လှုပ်၊ တလှပ်လှပ်နှင့် တလျှပ်များဖြစ်ပျက်နေသကဲ့သို့လည်းကောင်း၊ ထက်ခွင်အဇ္ဈာမိုးအာကာ၌ ပြိုးပျက်လျှံဝင်း၊ လျှပ်စည်းများ ဖြစ်ပျက်သကဲ့သို့လည်းကောင်း၊ ကာယသံ ဖဿဓါတ်တို့သည် ဖြစ်လည်းဖြစ်၍ ပျက်လည်းပျက်ကြကုန်သော ဓမ္မသဘောကို ထင်ပေါ်သော ဉာဏ်ပင်ဖြစ်ပေသည်။

ထိုဥဒယဗ္ဗယဉာဏ် အဆင့်အတန်းသို့ ရောက်သော အချိန်တွင် "ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ (ပ) ဇာနာတိ" အတိုင်း သွားတုံး - သွားဆဲ - သွားခိုက်တွင် သွားသည်ဟု (ပ) ဇာနာတိစကားအရ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓါတ် (၄)ပါးတို့၏ ဖြစ်ပေါ်ချုပ်ပျောက်ခြင်းကို "နဖူး တွေ့ဒူးတွေ့" သိရသော အခါတွင်မှ ထို (ပ) ဇာနာတိပုဒ်၏ အနက်သဘောကို မြတ်စွာဘုရား၏ အလိုတော်ကျ သိရတော့သဖြင့် နစ်ထောင်း အားရ ဝမ်းမြောက်မိလှပါတော့သည်။ ထိုတွင် ရုပ်နာမ်ဖြစ်ပျက်ကို သိခိုက် (ပ) ဇာနာတိအရ မဂ်ဖိုလ်ဉာဏ်တွေကို ကောက်ရမည်ဟု တဆင့်တက်၍ သဘောပေါက်မိပါသည်။

ထို့ကြောင့် (ပ) ဇာနာတိပုဒ်အရ ဘုရားအလိုတော်ကျသိရှိရန်

www.dhammaransi.com



အတွက်ပရိယတ်ခေါ် (စာ) သိမျှနှင့် မလုံလောက်ဘဲ ပဋိပတ်ခေါ် (ငါ) သိနှင့်ပါ ဒွန်တွဲ၍ သိမှသာယထာဘူတကျမည်ဖြစ်ကြောင်းကို မေတ္တာရှေ့ထား၍ ရေးသားတင်ပြ လိုက်ပါသတည်း။

(ဖြည့်စွက်ချက် ။ ။ ဝိသုဒ္ဓိမဂ် မြန်မာပြန်ခန္ဓနိဒ္ဒေသ၊ စာမျက်နှာ(၁၁၇)၌...သညာ၊ ဝိညာဉ်၊ ပညာတို့၏သိတတ်သောအဖြစ်သည် တူသော်လည်း (၁)သညာသည် အညို၊ အရွှေအစရှိသော အာရုံကို အမှတ်နမိတ်ပြု၍ သာမညသိခြင်းသာတည်း။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေး (၃)ပါးကို ထိုးထွင်း၍ သိခြင်းငှာ မစွမ်းနိုင်။ (၂)ဝိညာဉ်သည် အညို အရွှေစသည်ဖြင့် အာရုံကိုလည်း သိ၏။ လက္ခဏာ ရေး (၃)ပါးကို ထိုးထွင်း၍လည်း သိ၏။ ဥဒယဗ္ဗယဉာဏ်အစဉ်ဖြင့် အားထုတ်၍ မဂ်သို့ရောက်စေခြင်းငှာ မတတ်နိုင်။ (၃)ပညာသည်ကား ဆိုအပ်ပြီးသော နည်းဖြင့် အာရုံကိုလည်းသိ၏။ လက္ခဏာရေးသုံးပါးကို ထိုးထွင်း၍လည်း သိ၏။ ဥဒယဗ္ဗယဉာဏ်အစဉ်ဖြင့် အားထုတ်၍ မဂ်ကို ရခြင်းအဖြစ်သို့လည်း ရောက်စေနိုင်၏လို့ ဆိုထားချက်ကို တွေ့နိုင်ပါသည်။

ထိုအချက်ကို ထောက်ရှုလျက် (ပ) ဇာနာတိပုဒ်အရ အသိမျိုးသည် ပညာသိမျိုးသာဖြစ်ရပေမည်။

## နှောင်းကျွန်းတောဝိဇ္ဇာရေ–ရဟန္တာ
(မိုးကြိုးသတင်းစာ ၇-၅-၆၃)

အင်းစိန်ခရိုင်၊ မှော်ဘီမြို့အနီးတွင် ရဟန္တာတစ်ပါးပေါ်နေသည် ဟူသော သတင်းကို ကျွန်တော်ကြားသိရပါသည်။ ထို့နောက် အဆိုပါ ရဟန္တာသည် ရန်ကုန်၊ တာမွေနတ်ချောင်းတွင် တရားဟောလိမ့်မည်ဟု သိရသဖြင့် ကျွန်တော်သွားရောက်တရားနာပါသည်။ တဖန်အဆိုပါ ရဟန္တာဆရာတော် သည် သံလျင်တောရဆရာတော်ထံ ရဟန်းကိစ္စပြီး - မပြီးနှင့် ပတ်သက်၍ ဒေသနာအရ အဆုံးအဖြတ်ခံပြီး နောက်တကြိမ် သံလျင်တောရဆရာတော်အား ကန်တော့ရန်သွားသည်ဟု ကြားသိရ ပြန်ပါသည်။

ထိုသို့ သံလျင်တောရမှ ကန်တော့ပြီး အပြန်တွင် ရန်ကုန်ရှိ ဒကာ များက တရားတောင်းကြသောကြောင့် အထက်ပါအတိုင်း နတ်ချောင်းတွင်

www.dhammaransi.com



တရား ဟောပြတော်မူခြင်းဖြစ်ပါသည်။ လွန်ခဲ့သော ၁၃၂၄-ခုနှစ်၊ တန်ဆောင်မုန်း လကဖြစ်သည်။

ကျွန်တော်သည် သံလျင်တောရတွင် တရားအားထုတ်နေစဉ် အားလပ်ချိန်များ၌နောကုန်းရဟန္တာနှင့် ပတ်သက်၍ သံလျင်ဆရာတော် အား လျှောက်ထားမေးမြန်းကြည့်ရာ ဆရာတော်က . . .

"မေးကြ၊ မြန်းကြ၊ ပြောကြ၊ ဆိုကြတာတွေကတော့ အများကြီးဘဲ၊ ကောင်းကောင်းတောင် မမှတ်မိတော့ပါဘူး။ ကြာလဲကြာလှမှဘဲ။ ယခုဆိုရင် နှစ်နှစ်လောက်တောင်ရှိတော့မည်" ဟူသော စကား ပြန်ကိုသာ ရရှိပါသည်။ ကျွန်တော်ကား ထိုမျှကြားသိရရုံနှင့် မကျေနပ်ပါ။

ထို့ကြောင့် ကျွန်တော်သည် သံလျင်မှ တရားရပ်နား၍ ရန်ကုန်သို့ ရောက်ပြီးနောက် လွန်ခဲ့သည့် ၁၉၆၃-ခုနှစ် "မေဒေးနေ့" က အလုပ်တိုက် ပိတ်သည်နှင့် နောကုန်းသို့ နံနက်စောစောပင် မီးရထားနှင့် သွားရောက်ရာ နံနက် (၈)နာရီလောက်တွင် နောကုန်းသို့ရောက်ပါသည်။

နောကုန်းဆရာတော်နှင့် တွေ့ရှိပြီးနောက် ကျွန်တော်သိလိုရာ များကို မေးလျှောက်ရာ ထိုအမေးအဖြေတို့အနက် ကျွန်တော်မှတ်မိသမျှ တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဆရာတော်မေး - ဒကာကြီး သံလျင်တောရက ပြန်လာတာ ဘယ်လောက် ကြာပြီလဲ။ သံလျင်ဆရာတော်ဘုရားကော နေထိုင်ကောင်း ရဲ့လား။

ကျွန်တော်ဖြေ - တပည့်တော်တရားရပ်နားပြီး ပြန်လာတာ (၂)ရက်၊ (၃)ရက်ခန့်ဘဲရှိသေးတယ်။ ယနေ့တော့ အလုပ်အားတာနဲ့ ဆရာတော် အားဖူးမျှော်ရန်နှင့် မေးလျှောက်လိုသည်များကို မေးလျှောက်ရန် လာခဲ့ခြင်း ဖြစ်ပါသည်။

သံလျင်ဆရာတော်မှာ တပည့်တော်ပြန်လာချိန်အထိ ညာဘက် လက်တဘက်ကပ်ပြီး ကိုက်ခဲနေပါသည်။

ဆရာတော်ပြော - ဒကာကြီး ဘုန်းကြီးလဲ လွန်ခဲ့သော နှစ်များက ဘယ်ဘက်လက်ကပ်ပြီး ကိုက်နေတာ ၆-လကြာမှ ပျောက်ဘူးတယ်။ ဒီလို ပျောက်ပြီးနောက် ဘာဖြစ်တာလဲဟု ဆင်ခြင်ကြည့်တဲ့အခါမှာ လွန်ခဲ့သည့် တခုသော ဘဝ၌ လယ်သမားဖြစ်စဉ် မိမိပိုင် ကျွဲတစ်ကောင်၏ လက်တွင် မြင်းဘုနားပေါက်သဖြင့် ၎င်းကိုခွဲပြီး ရေနံပတ်ကို ဆွဲထုတ်လိုက်ပါသည်။ ထိုသို့ ရေနံပတ်ထည့်ထားစဉ် ကျွဲကြီးသည် (၆)ရက်မျှ လက်ကပ်၍ အခံရ

www.dhammaransi.com



ခက်နေပုံရသည်။

ယခု ဘုန်းကြီးလက်ကပ်၍ ကိုက်ခဲနေခြင်းမှာ ထိုဝိပါက်လိုက်ခြင်း ဖြစ်သည်ဟု သိပါသည်။ ကိုယ်ကလုပ်တုံးကတော့ စိတ်ကောင်းစေတနာ ကောင်းနှင့် (၆)ရက်ကြာမျှ လုပ်ပေမယ့် ကိုယ်ကပြန်ခံရတော့ (၆)လ တောင်ကြာတယ် ဒကာကြီးရေ။ သံလျင်ဆရာတော်လက်ကပ်တာလဲ မကြာမီ ပျောက်မှာပါဘဲ။

မေး – ဒါနဲ့ဆရာတော် (၄)မဂ်၊ (၄)ဖိုလ်ဉာဏ်ပေါ်ပုံကို တပည့်တော် ခွဲခြားပြီး နားလည်ချင်ပါတယ်။ တပည့်တော်ခွဲခြားပြီး နားလည်နိုင်တဲ့ ဥပမာတခုနှင့် ဆရာတော်ဟောပြတော်မူစမ်းပါ။

ဖြေ – ထိုအခါ ဆရာတော်သည် ခေတ္တမျှမျက်စိမှိတ်ခါဆင်ခြင်နေပြီး၊ ဒကာကြီးရေပုလင်းတလုံးကို ဒကာကြီးရေ့တွင် ထောင်ထားသည်ဆိုပါတော့။

ထိုပုလင်းကို ဒကာကြီး အလိုမရှိသဖြင့် လမ်းပေါ်သို့ လွှင့်ပစ် လိုက်တယ်ဆိုကြပါစို့။ အဲဒီလို ပုလင်းကို အလိုမရှိသဖြင့် စွန့်လွှတ်လိုက်တဲ့ သဘောရုပ်နာမ်တို့ကို ရှုံမုန်းစက်ဆုတ်သဖြင့် စွန့်လွှတ်ပစ်လိုက်ခြင်းဟာ ပထမမဂ်နဲ့တူတယ်။

ထို့နောက်ထိုပုလင်းကွဲများကို တဖန်ပြန်ယူ၍ အသုံးကျလိုကျညား၊ မှန်စာမှုန့်ဖြစ်အောင် ထောင်းထုပစ်ခြင်းဟာ ဒုတိယမဂ်နှင့်တူတယ်။

ထိုပဌမမဂ်နှင့် ဒုတိယမဂ်ထင်ပုံမှာ အချို့ပုဂ္ဂိုလ်တို့တွင် ထင်ရှား တတ်ပြီး အချို့ပုဂ္ဂိုလ်တို့တွင် မထင်ရှားတတ်ဘူးဆိုတာ သတိထားရမယ်။

ထိုထောင်းပြီးသာ မှန်စာမှုန့်များကို အလိုမရှိတော့သဖြင့်နောက် တကြိမ်လမ်းတွင် လွှင့်ပစ်လိုက်ပြန်သည်။ ဒီလိုလွှင့်ပစ်ခြင်းမျိုးဟာ တတိယ မဂ်နှင့်တူတယ်။ မဂ်စိတ်ပေါ်ပုံ အင်မတန်ထင်ရှားတယ်။

ထို့နောက် ထိုမှန်စာမှုန့်များသည် အသုံးလည်းနောက်ထပ်ကျ တော့မည်မဟုတ်၊ ပြန်လည်စုဆောင်းကောက်ယူ၍လည်း မရတော့သဖြင့် ထိုမှန်စာမှုန့်တို့အပေါ်တွင် အာလယပြတ်စွန့်လွှတ်လိုက်ခြင်းသည် စတုတ္ထမဂ် နှင့်တူသည်။ ဘုန်းကြီးအနေနှင့်ကတော့ ဤဥပမာဟာ အကောင်းဆုံးလို့ ထင်ပါတယ်။ စာကမတတ်တော့ စာလိုမပြောတတ်ဘူး။

မေး – ဆရာတော်သံလျင်တွင် အစစ်အဆေးခံရန် ဘယ်နည်းဘယ်ပုံ အကြောင်းဖြစ်ပေါ်ပါသလဲ ဘုရား။

ဖြေ – ဘုန်းကြီးဟာ ရဟန်းကိစ္စပြီးသည်ဟု ယူဆပေမယ့် ဒေသနာ

www.dhammaransi.com



တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်များထံမှာ မေးစမ်းကြည့်ချင်တဲ့စိတ်ပေါ်လာတယ်။ ဘယ်ဆရာတော်များထံမှာ မေးမြန်းရပါမလဲလို့ ဒကာများနဲ့ ပြောဆိုတိုင်ပင်တုံး ဒကာတစ်ယောက်က သံလျင်တောရဆရာတော်ရေးသားထုတ်ဝေတဲ့ "အရိယာ ဘုံသွား ဉာဏ်လှေခါး" ကျမ်းစာအုပ်ကို ယူလာပြီး မေးချင်ရင်တော့ သံလျင်တောရဆရာတော်ထံ သွားရောက် မေးမြန်းရင် အကောင်းဆုံးဘဲဟု ပြောလာတယ်။ ဒါနဲ့ဘုန်းကြီးလဲ သွားချင်စိတ်ပေါက်ပြီး သံလျင်ရောက်ခဲ့တာဘဲ ဒကာကြီး။

မေး - သံလျင်တောရရောက်တော့ ဘာတွေမေး၊ ဘာတွေဖြေကြ ပါသလဲ ဘုရား။

ဖြေ - ပဌမ (၃)ရက်လောက်မှာ ဘုန်းကြီးက "သံလျင် ဆရာတော် နားလည်စေတော့" လို့ဆိုတဲ့ သဘောနဲ့ မတတ်တတတ် ပါဠိပါဠိသားတွေ ကြားညှပ်ပြီး ရောရောထွေးထွေးပြောနေတယ်။

ထိုအချိန်မှာ သံလျင်ဆရာတော်ဟာ မဝေခွဲနိုင်ဖြစ်နေပုံရတယ်။ ထို့ပြင် ပါဠိတွေနဲ့ ရောထွေးပြောနေတော့ ယုံရခက်မယုံရခက်ဖြစ်နေဟန်လဲတူတယ်။ ထို့နောက် ဘုန်းကြီးကို ဆရာတော်က "ဦးပဥ္စင်းကြီးတွေ့မြင်သိရှိထားတဲ့အတိုင်း ပြောရိုးပြောစဉ် ပြောတတ်သလို မြန်မာစကားသက်သက်နဲ့ ပြောစမ်းပါ" လို့ အမိန့်ရှိတော့မှ ဘုန်းကြီးက ပါဠိသံမနှောဘဲ၊ အရပ်ပြောပြောပါတယ်။

ဒီအခါကစပြီး သံလျင်ဆရာတော်ဟာ အတော်ဝမ်းမြောက်ဝမ်းသာဖြစ်သွားပုံရတယ်။ နောက်ဆုံးအနေနဲ့ (၅)ရက်မြောက်နေ့မှာ ကုလားထိုင်ကို လက်နှင့်အသံထွက်အောင်ပုတ်ပြီး "ဒီအသံကို ဦးပဥ္စင်းကြီး ဘယ်လိုသိသလဲ" လို့မေးတယ်။

ဘုန်းကြီးက "ဒီအသံဟာ တည်မြဲနေပါတယ် ဘုရား" လို့ ဖြေတယ်။ ဒီအခါမှာ ဆရာတော်ဘုရားဟာ စိတ်ပျက်လက်ပျက်ဖြစ်သွားပုံရပြီး (၂)ကြိမ်၊ (၃)ကြိမ်ထပ်ပုတ်ပြီး မေးမြန်းပါတယ်။ ဘုန်းကြီးကလဲ "တည်မြဲနေတယ်" လို့ဘဲ ထပ်ဖြေတယ်။

ဒီလိုနဲ့ဘဲ နံနက်ပိုင်း အမေးအဖြေကို ရပ်နားလိုက်ကြတယ်။ ညပိုင်းမှာအမေးအဖြေထပ်လုပ်ကြပြန်ရာ ဘုန်းကြီးက "ဆရာတော်နံနက်က အသံကို ဘယ်လိုထင်သလဲလို့ မေးတုံးက တည်မြဲတယ်လို့ ဖြေတာက မေးခြင်း၊ ဖြေခြင်း ရပ်နားလို၍တကြောင်း ထိုအသံတည်မြဲသည်ဆိုသည်မှာ

www.dhammaransi.com



ကြားစါမျှဖြင့် ရပ်ဆိုင်း တည်မြဲနေသည်၊ ရှေ့ဘာမျှ မဆက်တော့သဖြင့် တည်မြဲနေသည်ဟု ဖြေခြင်း အမှန်အတိုင်းဖြစ်ပါသည် ဘုရား" ဟု လျှောက်လိုက်ရာ သံလျင်ဆရာတော်ဟာ ရွှင်လန်းဝမ်းမြောက်လာပြီး သာဓုအနုမောဒနာသုံးကြိမ်ခေါ်၍ နံနက်က အဖြေအတိုင်းဆိုရင် ဆင်ပြောင်းကြီးအမြီးကျမှ တစ်ဆိုတာလို ဖြစ်များနေမလားလို့ စိုးရိမ်မိတယ်။ ယခုတော့ ဦးပဥ္စင်းကြီးပြောပြချက်ဟာ ဘုရားဟောဒေသနာ ဗါဟိယ ဒါရုစီရိယသုတ်၊ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ သုတေ သုတမတ္တံ" စသည်တို့ အတိုင်းအစဉ် ဖြစ်နေတော့ ရဟန္တာဆိုတာ ဒီအတိုင်းဘဲ ဖြစ်နေတာဘဲလို့ ပြောပါတယ်။

မေး – ဒီနောက် ဒို့ပြင်ကိစ္စများကိုကော ဘာတွေဆွေးနွေးကြသေးသလဲ ဘုရား။

ဖြေ – သမထ၊ သမာဓိနဲ့ ပတ်သက်တဲ့ အကြောင်းတွေပါဘဲ။

မေး – ဘယ်လိုဘာလဲ ဘုရား။

ဖြေ – နတ်ဘုံ၊ ဗြဟ္မာ့ဘုံနဲ့ ငရဲဘုံတွေကို အကြည့်ခိုင်းပြီး ဒေဝဒတ်နဲ့ အဇာတသတ်တို့ ခံနေရပုံကို မေးတယ်။ ဒီတော့ ဘုန်းကြီးက ဒေဝဒတ်ဟာ ပုလင်းထဲမှာ သဲအပြည့်ထည့်ထားသလို ငရဲသားတွေ ပြည့်ကြပ်နေတဲ့ ငရဲကြီးတွင် တဖြည်းဖြည်းအောက်သို့ မတ်တတ်ကြီး ကျနေတာကို တွေ့ရတယ်။

ဒေဝဒတ်ရဲ့ ငယ်ထိပ်မှ စအိုဝထိအောင် သံတံကျင်တချောင်း၊ ညာဘက်ဘေးမှ ဘယ်ဘက်ဘေးပေါက်အောင် သံတံကျင်တချောင်း၊ ချက်မှ ကျောသို့ သံတံကျင်တချောင်း၊ သံတံကျင်သုံးချောင်းထိုး၍ ခံနေရပါတယ်။ ငရဲမီးတွေကလည်း တဟုန်းဟုန်းတောက်နေပါတယ်။

အဇာတသတ်ကတော့ မီးကြီးလောင်နေသော သဲသောင်ပြင်မှာ ဓါးနဲ့ မွှမ်း၍ ဆားနဲ့ ပက်ထားသော ငါးကင်သို့ တွန့်လိမ်ပြီး ပက်လက်ခံ နေရပါတယ်ဟု ပြန်ပြောတယ်။

ဒီတော့ သံလျင်ဆရာတော်က ဒေဝဒတ်ခံနေရတဲ့ ငရဲကို ဦးပဥ္စင်းကြီးပြောတဲ့အတိုင်း ကြားမလပ်ရအောင် ငရဲသူ ငရဲသားများ၊ သတ္တဝါအများပြွတ်သိပ်ခံနေရတဲ့ မဟာအဝိစီငရဲကြီးလို့ခေါ်တယ်။ အဇာတသတ် ခံတဲ့ ငရဲကိုတော့ လောဟကုမ္ဘီငရဲလို့ခေါ်တယ်လို့ ပြောပြတယ်။

မေး – နောက်ထပ်ဘာများ မေးပါသေးလဲ ဘုရား။

ဖြေ – သာသနာအကြောင်းနဲ့ ပတ်သက်ပြီး "ယခု အခါသာသနာ

www.dhammaransi.com



ထွန်းကားပါအုန်းမလား" လို့ မေးတော့ ဘုန်းကြီးက ရဟန္တာတွေ အများအပြားပေါ်ပါလိမ့်အုံးမယ်။ မကြာတော့ပါဘူး။ မြန်မာပြည်တွင် မကပါဘူး။ ကမ္ဘာအရပ်ရပ်မှာလည်း ဗုဒ္ဓဘာသာဟာ ထွန်းကားပါလိမ့်အုံးမယ်။ (အနီးတွင် ထိုင်နေသော ကျွန်တော်၏ (၈)နှစ်သမီးကလေးကို လက်ညှိုးထိုး၍) သူတို့ခေတ်ရောက်ရင် သာသနာကြီးဟာ အင်မတန် ထွန်းကားနေလိမ့်မယ်ဟု ပြောပါသည်။

မေး - နောက်ကောဘုရား ဘာတွေမေးကြသေးသလဲ။

ဖြေ - ဘုန်းကြီးနဲ့ သံလျင်ဆရာတော်နဲ့ဟာ ရှေးဘဝတွေကို ဘယ်လို အဆက်အသွယ်တွေ ရှိဘူးသလဲလို့မေးတယ်။ ဒီတော့ ဘုန်းကြီးက ပဒုမုတ္တိုရ်ဘုရား လက်ထက်က သံလျင်ဆရာတော်က ရှင်ဘုရင်ကိုးကွယ်တဲ့ ပိဋကတ်အမော် ဘားမဲ့ဆရာတော်ဖြစ်တယ်။ ဘုန်းကြီးက ရှင်ဘုရင်ရဲ့ အဆုံးအမကို နာခံခဲ့ရဘူးတယ်။ အဲဒါကြောင့် ယခုလဲ ရဟန်းကိစ္စပြီးတာ သိလျှက်ကနဲ့ မေးမြန်းစုံစမ်းချင်စိတ်ပေါ်ပြီး အခြားခြား ဆရာတော်ကြီးများထံသို့ မသွားလိုဘဲ သံလျင်ဆရာတော်ထံရောက်ဖို့ ဖြစ်လာတယ်။ (ဘုရားလက်ထက်ဆိုတာ ဘုရားသာသနာဟု ဆိုလိုသည်) ဒါနဲ့ ဘုန်းကြီးဟာရဟန်းကိစ္စပြီး ပြီးနောက် သဲအင်းတောရတွင် နံနက်စောစောမှာ လူ(၃)ယောက်ပေါက်လာတယ်။ "ဘာလုပ်လာကြတာလဲ" လို့ မေးတော့ အရှင်ဘုရားကို ဖူးမျှော်ရအောင်လာကြောင်း၊ သူတို့ဟာလဲ သာသနာပြုနေသူများဖြစ်ကြောင်းကို ပြောပြ၍ သိရတယ်။ ဒီအကြောင်းကို သံလျင်ဆရာတော်အား ပြောပြတယ်။

ဒီတော့ သံလျင်ဆရာတော်က "ဘယ်လူတွေလို့ ထင်သလဲ" လို့ မေးတယ်။ ဘုန်းကြီးက "အရှင်ဘုရားရဲ့ မိတ်ဆွေဗြဟ္မာကြီးတွေဘဲလို့" ပြန်ပြောတယ်။ အမှန်ကတော့ သံလျင်ဆရာတော်ဟာ သူသိလျှက်သားနဲ့ မေးကြောင်းဘုန်းကြီးသိတယ်။

သံလျင်ဆရာတော်နဲ့ ဘုန်းကြီးဟာ ပြောခဲ့တဲ့ ပဒုမုတ္တိုရ်ဘုရား လက်ထက်ကစပြီး ကွဲသွားကြတယ်။ သူက ဗြဟ္မာဘုံမှာ ဗြဟ္မာဖြစ်နေတယ်။ ဗြဟ္မာဘုံက ယခု သံလျင်တွင် ရောက်နေတာဘဲ။

ဘုန်းကြီးကတော့ သံသရာလည်နေတယ်။ ကောဏ္ဍညသာန်ဂုံ ဘုရားလက်ထက်မှာ အလှူနဲ့ဆင်းရဲတဲ့ ထင်းခွေသမား ဘဝဖြစ်စဉ်နံ့ငယ် ပိုင်းကလေးတပိုင်းကို ဘုရားအားလှူပြီး "ကျွတ်တမ်းဝင်ရပါလို၏" လို့

www.dhammaransi.com



ဆုတောင်းခဲ့တယ်။

ဤဆုတောင်းဟာ ယခု ဂေါတမဘုရားသာသနာတွင်းမှာ လာပြည့်တယ်။ နောက်တခုကတော့ ဘုန်းကြီးနဲ့ သံလျင်ဆရာတော်တို့ဟာ အတူတွဲပြီးသာသနာပြုကြရလိမ့်အုန်းမယ်။ "ယခုအချိန်မှာတော့ မာရ်နတ်က လှည့်စား ထားလို့ နဲနဲတော့ အချိန်စောင့်ရအုံးမယ်" ဟု စိတ်ရှည်လက်ရှည် ပြောပြတော်မူလိုက်ပါသည်။

## ဒိဋ္ဌေဒိဋ္ဌမတ္တံ ဒေသနာ

(မိုးကြိုးသတင်းစာ ၁၁-၅-၆၃)

"ဒိဋ္ဌေဒိဋ္ဌမတ္တံ" စကားလုံးအားမြန်မာပြည်တွင် လူသုံးများလာအောင် ဖန်တီးလိုက်သူမှာ နိုင်ငံကျော်စာရေးဆရာကြီးရွှေဥဒေါင်းဖြစ်သည်ဟူ၍ ဆိုရပေမည်အကြောင်းမှာ စာရေးဆရာကြီးရွှေဥဒေါင်း၏ "ဒိဋ္ဌေဒိဋ္ဌမတ္တံ" လက်တွေ့ကျင့်စဉ်ကျမ်းစာအုပ်သည် စာဖတ်ပရိတ်သတ်များဆီသို့ အုပ်ရေတသောင်းနီးပါးပြန့်နှံ့သွားသောကြောင့်ဖြစ်ပါသည်။

ဆရာကြီးရွှေဥဒေါင်းသည် ပိဋကတ်ဉာဏ်ရင့်သန်သူမဟုတ်သဖြင့် ထို "ဒိဋ္ဌေဒိဋ္ဌမတ္တံ" ကျင့်စဉ်သည် "စိတ္တာနုပဿနာ" ဟူ၍ နာမည်ပေးမှားသွားစေကာမူ၊ ဝတ္ထုရေးဆရာအဖြစ်ဖြင့်လည်းကောင်း၊ သတင်းစာဆရာကြီးအဖြစ်ဖြင့်လည်းကောင်း၊ ပြည်တော်ချစ်ဖြစ်သော ဆရာကြီး၏ စာဖတ်ပရိတ်သတ်တို့အား ထိုစာအုပ်ဖြင့် မဂ်ရောက်ဖိုလ်ရောက် တရားကို နားရေဝစေလိုက်သည့်အတွက် ကျေးဇူးများလှပါပေသည်။

ဂေါတမမြတ်ဘုရားသည် "ဒိဋ္ဌေဒိဋ္ဌမတ္တံ" ဒေသနာကို "ဗါဟိယဒါရုစီရိယပရိဗိုဇ်" နှင့် မာလုကျပုတ္တရဟန် (၂)ပါးတို့ကိုသာ ဟောကြားလျှက် အရဟတ္တဖိုလ်၌တည်စေခဲ့ပါသည်။

ထို "ဒိဋ္ဌေဒိဋ္ဌမတ္တံ" တရားကို အခြားမည်သည့်ပုဂ္ဂိုလ်ကိုမျှ ဟောကြားခြင်းမရှိခဲ့ပါ။ ထို့ကြောင့်လည်း ထိုဒေသနာဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသူထပ်မံ၍ပေါ်ပေါက်သည်ဟု ဗုဒ္ဓဟောကျမ်းများတွင် မတွေ့ရပါ။

အကြောင်းမှာ ထိုတရားမျိုးဖြင့် ဥဂ္ဃဋိတညူနှင့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်မျိုးသာ ကျွတ်တမ်းဝင်နိုင်သည်။ အခြားနေယျနှင့် ပဒပရမပုဂ္ဂိုလ်တို့အဖို့ကား သိရန်ပင် ခဲယဉ်းသော တရားဖြစ်သောကြောင့်ပေတည်း။

www.dhammaransi.com



ထိုဒိဋ္ဌေဒိဋ္ဌမတ္တံဒေသနာတွင် "ဒိဋ္ဌေဒိဋ္ဌမတ္တံ" ဘဝိဿတိဟု ဆိုထားသဖြင့် ဘဝိဿတိ၏ အနက်သဘောကို ဘုရားအလိုတော်ကျ ကောင်းစွာသဘောပေါက်ရန်မှာ အရေးပါလှသော အချက်ပင်ဖြစ်သည်။

မာလုကျ ပုတ္တ၊ အို-မာလုကျ ပုတ္တ။ တေ-သင့်အား ဒိဋ္ဌေ-မြင်သောခဏ၌၊ ဒိဋ္ဌမတ္တံ-မြင်ရုံမျှသည်၊ ဘဝိဿတိ ဖြစ်လတ့်။

ထိုသို့ မြင်ဆဲခဏ၌ မြင်ရုံဖြစ်ခဲ့သော် မြင်ရသောအဆင်းနှင့် ဆက်စပ်လျက်ရှိသော ကိလေသာသည် မဖြစ်လတ့်ဟူ၍ဖြစ်ပေသည်။

ကျွန်တော်တင်ပြရေးသားခဲ့သော (၇-၅-၆၃) ဆောင်းပါး၌ နောကုန်းရဟန္တာနှင့် ပတ်သက်၍ရဟန်းကိစ္စပြီးသောအခါတွင် ဒိဋ္ဌေဒိဋ္ဌ မတ္တံ သဘောထားဝစဉ်အမြဲဖြစ်နေပုံကို ပြန်လည်ဖတ်ရှုသုံးသပ်စေလိုပါသည်။

ဤဒိဋ္ဌေဒိဋ္ဌမတ္တံသဘောကို ပိုမိုရှင်းလင်းစေရန် ဘုရားဟော ပဋိစ္စသမုပ္ပါဒ်တရားနှင့် ဆက်စပ်၍ ဆင်ခြင်သုံးသပ်သင့်ပါသည်။

ပစ္စုပ္ပန်အကျိုးတရားများဖြစ်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာအားဖြင့် ဆက်စပ်၍ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် အမြဲ ဒစပ်လည်ပတ်၍နေပါသည်။

ထိုလည်ပတ်နေသော ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို ဖြတ်လိုလျှင် ဝေဒနာအခိုက်အတန့်တွင်သာ၊ တဏှာသို့ မကူးအောင်ဖြတ်ရပါမည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ ထွက်ပေါက်သည် ဝေဒနာ ဖြစ်ခိုက်ဟု ဆိုထားပါသည်။

စက္ခုနှင့် အဆင်းတွေ့ကြသဖြင့် မြင်စိတ်ပေါ်ချိန်တွင် သုခဝေဒနာ၊ ဒုက္ခဝေဒနာတို့ မဖြစ်ဘဲ ဥပေက္ခာဝေဒနာဖြစ်ခဲ့သော် ထိုအခိုက်မှာ ဝိဇ္ဇာ ဉာဏ်ဝါးသွင်း၍ ဖြတ်တတ်ပါက ဝေဒနာနိရောဓါ၊ တဏှာနိရောဓါဆို သည့်အတိုင်း ဝေဒနာချုပ်၊ တဏှာချုပ် အားလုံးချုပ်ပါသည်။

(မှတ်ချက် ။ ။ ဤသည်ကို ထောက်၍လည်း ဒိဋ္ဌေဒိဋ္ဌမတ္တံ ဒေသနာသည်စိတ္တာနုပဿနာ မဟုတ်ဘဲ ဝေဒနာနုပဿနာအတွင်းသို့ ဝင်ကြောင်းသိသာနိုင်ပေသည်။)

ထိုသို့ဖော်ပြခဲ့သည့်အတိုင်း ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ပြတ်ပုံနှင့် မာလုကျပုတ္တနှင့် ဗါဟိယ ဒါရုစီရိယတို့အား ဘုရား၏ အဆုံးအမဖြစ်သော ဒိဋ္ဌေဒိဋ္ဌမတ္တံတရားသည် သဘောအားဖြင့် တသားတည်း အံကျလျက် ဖြစ်နေသည်ကို တွေ့နိုင်ပါသည်။

www.dhammaransi.com



တဖန်အရှင်ပေါဋ္ဌိလဝတ္ထုကို ကြည့်ပြန်လျှင် အရှင်ပေါဋ္ဌိလအား (၇)နှစ်အရွယ် ရဟန္တာသာမဏေငယ်က ကမ္မဋ္ဌာန်းတရားပေးရာ၌. . . "အရှင်ဘုရားအပေါက် (၆)ပေါက်ရှိသော တောင်ပို့တစ်ခု၌ဖွက် သတ္တဝါကို ဖမ်းမိလိုပါလျှင် အပေါက် (၅)ပေါက်ကို ပိတ်လျှက် ကျန်အပေါက် တစ်ခုက စောင့်၍ ဖမ်းမှသာ မိနိုင်သကဲ့သို့ ထို့အတူ အာရုံ (၆)ပါး၊ ဒွါရ (၆)ပေါက်တို့အနက် ကျန် (၅)ခုကို ပိတ်၍ မနောဒွါရတစ်ခုတည်းမှ စောင့်၍ဖမ်းသော အလုပ်ကို လုပ်ပါလေ" ဟု ညွှန်ကြားပါသည်။

ဤညွှန်ကြားချက်သည် "ဝိညာတဝိညာတေမတ္တံ ဘဝိဿတိ" ဟူသော သဘောနှင့်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး ပြတ်သွားသည့် သဘောနှင့်လည်းကောင်း၊ ကိုက်သည်နေသည်ကို တွေ့ရပါလိမ့်မည်။

မာလုကျပုတ္တနှင့် ဗာဟိယ ဒါရုစီရိယကဲ့သို့ ပါရမီရင့်သန်ကာ ဒိဋ္ဌေဒိဋ္ဌမတ္တံဒေသနာဖြင့် အရိယာပုဂ္ဂိုလ်တို့၏ အဆင့်သို့ထိအောင် မတတ်နိုင်ပဲ ကျင့်ကြံအားထုတ်ပါမှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်မည့် နေယျနှင့် အခြေခံမျှရတဲ့ ပဒရမပုဂ္ဂိုလ်တို့အဖို့ ဘုရားရှင်ကိုယ်တော်မြတ်က ကာယ၊ ဝေဒနာ၊ စိတ္တာ၊ ဓမ္မာတည်းဟူသော သတိပဋ္ဌာန် (၄)ပါး အကျင့်မြတ်တရားကိုဟောကြားခဲ့ပါသည်။ ကျွန်တော်သည် သံလျင်တောရတွင် ကမ္မဋ္ဌာန်းတရားကို အားထုတ်နေစဉ်ယောဂီဓမ္မမိတ်ဆွေတစ်ဦး၏ တရားတွေ့ပုံကို ကြားသိရသဖြင့် အောက်တွင် ဖော်ပြလိုက်ရပါသည်။

ကျွန်တော်၏ ဓမ္မမိတ်ဆွေသည် သံလျင်တောရတွင် ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံအားထုတ်ရာ တိုတောင်းလှသော (၁၀)ရက်မျှ အချိန်ကာလအတွင်း၌ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုသည့် ဓါတ်ကြီး (၄)ပါးတို့ကို ဝိပဿနာဉာဏ်စဉ် အကုန်ထိ ပိုင်နိုင်စွာ ရှုပွားနိုင်ပုံကို တွေ့ရပါသည်။

တစ်နေ့၌ သူသည်နှာသီးဖျားတွင် အသိစိတ်ကိုထားလျှက် ထွက်လေ၊ ဝင်လေတို့၏ နှာသီးဖျားကို တွန်းတိုင်း တွန်းတိုင်း၌ "တွန်းသည် တွန်းသည်" တိုးတိုင်း တိုးတိုင်း၌ "တိုးသည် တိုးသည်" ဟု သိအောင် ဝါယောဓါတ် ဓါတုမနသိကာရနည်းအရ ရှုပွားနေပါသည်။

ထိုသို့ တစ်နာရီကြာကြာမျှ အားထုတ်ရှုပွားနေသောအခါတွင် သူ၏ခန္ဓာကိုယ်ကြီးသည် ဒိုးယိုပေါက်နေသော ဝါးလုံးခေါင်းကြီးပမာ

www.dhammaransi.com



ဟင်းလင်းဟာလာကြီးဖြစ်ပေါ်နေသည်ကို ဉာဏ်၌ တွေ့ရပါသည်ဟု ဆိုပါသည်။

ဆက်လက်၍ အားထုတ်သည့်အခါတွင် ခန္ဓာကိုယ်ကြီးတစ်ခုလုံးသည် ဟောင်းလောင်းပေါက်ကြီးဘဝမှ ဆိပ်သုဉ်းချုပ်ပျောက်၍ သွားပြီး အသိစိတ် ကလေးသာ ကျန်နေသည်ဟု ပြောပါသည်။

ထိုအချိန်ကစ၍ တရားအားထုတ်မှုရပ်နားချိန်အထိ မိနစ် (၃၀) ကျော်အတွင်း၌ မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှုတို့သည် မြင်ကာ၊ ကြားကာ၊ နံကာ၊ လျှက်ကာ၊ ထိကာ၊ သိကာမျှအနေနှင့် ရှေ့သို့မဆက်ပဲ အပြတ်အပြတ်နှင့် ဒလက်စပ်ဖြစ်ပျက်နေသည်ဟုဆိုပါသည်။ ထိုနေ့မှစ၍ တရားအားထုတ်သဖြင့် သမာဓိကြီးထွားလာသည်နှင့် တစ်ပြိုင်နက် အထက်ဖော်ပြပါအတိုင်း ဖြစ်နေသည်ဟု ပြောပြပါသည်။

ဝါယောဓါတ်ကို ရှုခြင်းဖြင့် အထက်ပါအတိုင်း ဒိဋ္ဌေဒိဋ္ဌမတ္တံတရား သဘောပေါ်ပုံမျိုးကို မြန်မာပြည်အရပ်ရပ်ရှိ ကမ္မဋ္ဌာန်းတရားအား ထုတ်နေသော ယောဂီနှင့် ဓမ္မမိတ်ဆွေများ မိမိတို့၏ တရားသဘာဝ ပေါ်ပုံမျိုးနှင့် နှိုင်းယှဉ်ကြည့်ရှုနိုင်ရန် မေတ္တာရှေ့ထား၍ ရေးသားတင်ပြ အပ်ပါသတည်း။

## ဗုဒ္ဓ၏ သာသနာတော်
(မိုးကြိုးသတင်းစာ ၁၃-၅-၆၃)

“ဂေါတမရှင်တော်ဘုရား၏ သာသနာသည် အနှစ် (၅၀၀၀) သာ တည်နိုင်မည်” ဟု သံဂါယနာဝင် ပါဠိတော်များတွင် ဖော်ပြထားခြင်း မရှိကြောင်းကိုကား ပညာရှိတိုင်း သိရှိဝန်ခံကြပေသည်။ ထို့ကြောင့် ဘုရားက “ငါ၏သာသနာ (၅၀၀၀)သာ တည်ရှိရစ်ရမည်” ဟု မညွှန်ကြားခဲ့ခြင်းမှာ လယ်ပြင်တွင် ကျွဲသွားသလို၊ ကွဲပြား၍နေပေသည်။

ထိုသို့ ဘုရားရှင်က သာသနာနှစ်အတွက် ကန့်သတ်ချက်မရှိရုံ မက သူ၏သာသနာတော်ကြီးဟာ အကြောင်းအပေါင်းတို့ ညီညွတ်ပါက နှစ်ပရိစ္ဆေဒ ကန့်သတ်၍ မရနိုင်လောက်အောင်ပင် ရှည်လျားနိုင်ပုံကို ဟောညွှန်အားပေး တော်မူခဲ့ပေသေးသည်။ ထိုသို့ ညွှန်ကြားခဲ့ပုံစကားတော် များကား . . . ။

www.dhammaransi.com



(၁) ဆဋ္ဌမူဒီယနိကါယ်သုတ္တန်ပိဋကတ်မဟာဝဂ်ပါဠိတော် မြန်မာပြန် စာအုပ်စာမျက်နှာ(၁၁၆)တွင် သာသနာအရှည် တည်တံ့ရေး (၃၇)ပါး ဆိုသောခေါင်းစဉ်ဖြင့် . . .။

"ရဟန်းတို့ ငါသည် ထူးသော ဉာဏ်ဖြင့်သိ၍ ဟောတော်မူအပ်သော တရားတို့ကို သင်တို့သည် ကောင်းစွာသင်ယူ၍ မှီဝဲအပ်ကုန်၏၊ ပွားများအပ်ကုန်၏၊ အဖန်အဖန်လေ့ကျင့်အပ်ကုန်၏၊ ယင်းသို့ မှီဝဲပွားများလေ့ကျင့်သည် ရှိသော် ဤမြတ်သော အကျင့်သာသနာတော်သည်ကြာမြင့်စွာ တည်တံ့ရာ၏" စသည်ဖြင့် ဟောညွှန်းခဲ့၏။

(၂) ထိုမှတစ်ပါး ၎င်းမဟာဝဂ်ပါဠိတော် မြန်မာပြန်စာမျက်နှာ (၁၄၅) ၌ "သုဘဒ္ဒ၊ ဤမဂ်ပုဂ္ဂိုလ် (၄)ယောက်၊ ဖိုလ်ပုဂ္ဂိုလ် (၄)ယောက်နှင့် တစ်ကွ၊ မဂ် (၄)ပါးကို ရရန်ကျင့်ကြံနေသော ဝိပဿကယောဂီ (၄)ယောက်အားဖြင့် တစ်ကျိပ် (၂)ယောက်သော ရဟန်းပုဂ္ဂိုလ်မြတ်တို့သည် မှန်စွာအဆင့်ဆင့် ဟောပြောလျှက် နေကုန်ငြားအံ့၊ လောကကြီးသည် ရဟန္တတို့မှ မဆိတ်မသုဉ်း နိုင်သည်သာဖြစ်ရာ၏" စသည် ဖြင့်လည်း ဟောညွှန်းခဲ့လေသည်။

ထိုတွင် ရဟန္တာတို့မှ မဆိတ်သုဉ်းပုံကိုဆိုသဖြင့် ယင်းရဟန္တာတို့ ၏ သန္တာန်မှာရှိသော သာသနာဓမ္မာကြီးလည်း မဆိတ်သုဉ်းမကွယ်ပျောက် ဘဲ အနှစ် (၅၀၀၀)မက တည်နေနိုင်ပုံကို သိရာပေတော့သည်။

(၃) ထိုမှတစ်ပါး "ဝီရိယဝတောဟိ ဘိက္ခဝေကိံနာမကမ္မံနသိဇ္ဈတိ" ဆိုသောပါဠိအရလည်း အားထုတ်မှုရှိနေက အမှုခပ်သိမ်းပြီးနိုင်သည်ဟုဆိုရာ သာသနာနှင့် ဆိုင်ရာတို့ကို သင်က ကျင့်ကြံအားထုတ်နေက မကွယ်ပျောက် နိုင်ဟုပင်မှတ်ရာ၏။

ထိုသို့ ပညာရှိများကလည်း ဝန်မခံဘုရားရှင်ကိုယ်တိုင်ကလည်း နှစ်မကန့်သတ်ခဲ့ငြားသော်လည်း ဘုရားရှင်၏သာသနာသည် (၅၀၀၀)သာ တည်လိမ့်မည်ဟု "ဆကေသဓါတုဝင်" စသော သံဂါယနာဝင်မဟုတ် သည့် ကျမ်းအချို့၌လာရှိသော ဘုရား၏ ဗျာဒိတ်စကားတော်ဖြစ်သည် ဆိုသည်ကို သာလျှင် အမှတ်တမဲ့ပြောဆိုနေကြသည်ကို တွေ့ရပေသည်။

သို့သော်ယင်းသို့ သံဂါယနာမဝင်သည့် ဘုရားရှင်၏ ဗျာဒိတ် စကားများ ရွှေတိဂုံစသော စေတီပုထိုးတော်၏ သမိုင်းစကားများနှင့် ပတ်သက်ပြီး ဗမာပြည်တွင် နေတဆူလတစ်စင်းကဲ့သို့ အလွန်လျှင် ထင်ရှားခြင်း ရှိတော်မူခဲ့သော ပခုက္ကူမြို့မင်္ဂလာမဟာဝိသုတာရာမ

www.dhammaransi.com



တိုက်ကြီး၏ မဟာဝိ နာယကဖြစ်၍ ယခုကွယ်လွန်ပြီးဖြစ်သော ဆရာတော် (ဦးပညာ) မဟာထေရ်အား လျှောက်ထားကြည့်ဘူးရာ ရှေးက သံဂါယနာတင်ကြသည့် ဆရာစဉ်ဆက်တို့ ထည့်သွင်း၍ သံဂါယနာမတင်ထားခဲ့ကြသော်လဲ ထိုဘုရားရဲ့ ဗျာဒိတ်စကားနှင့် စေတီတော်သမိုင်းစာမျက်နှာများမှာ ယုတ္တိယုတ္တာနှင့် ပြည့်စုံပါမူ ယုံကြည်ထိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရွှေတိဂုံသမိုင်း စသော စကားကို မပယ်နိုင်သောကြောင့်ပင်ဖြစ်၏။ ယုတ္တိရှိလှစွာပင်။

အထူးသဖြင့် နီးနီးပြောရလျှင် ပခုက္ကူမြို့က သိယံ့ဥ္စရှင်ခေါ်သီဟိုဠ်ရှင်ရုပ်ပွားတော်၏ သမိုင်းအတ္ထုပ္ပတ္တိပင်ဖြစ်ရာ ထိုသမိုင်းစာအတိုင်းပင် သီဟိုဠ်ရှင်ဘုရားကိုလဲ ဖူးတွေ့နေသောကြောင့် အထက်ပါဗျာဒိတ်ဆိုတာနှင့် သမိုင်းဆိုတာတို့ကိုပါ ယုံကြည်ရမည်ဟု မှတ်လို့ အမိန့်ရှိတော်မူထားလေသည် မှတ်ဖွယ်တရပ်ပင်။

ကျွန်တော့်ဉာဏ်မီသမျှ တစ်နည်းအားဖြင့် ဆိုရပြန်မူ အထက်ပါ သံဂါယနာမဝင်သည့် "ဆကေသဓါတုဝင်ကျမ်း" စသည်၌သာရှိသည် မဟုတ်သေး၊ သံဃာယနာဝင်သည့် ပါဠိတော်တို့၏ အဖွင့်ကျမ်းအဋ္ဌကထာများတွင်လည်း "သာသနာအနှစ် ၅၀၀၀" ဟု အတိအလင်း ဖော်ပြထားကြသေးသည်ကို ပညာရှင်များလည်း တွေ့သိတော်မူကြပြီးပင် ဖြစ်ပေလိမ့်မည်။

ထိုသာသနာ (၅၀၀၀)ကိစ္စအတွက် ဖွင့်လျှက်ရှိသော အဋ္ဌကထာကျမ်းများမှာ -

(၁) ဝိနည်းစူဠဝါအဋ္ဌကထာ ဘိက္ခုနီခန္ဓက အဖွင့်တွင်

(က) ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် တစ်ထောင်၊

(ခ) သုက္ခဝိပဿကရဟန္တာခေတ် တစ်ထောင်၊

(ဂ) အနာဂါမ်ခေတ် တစ်ထောင်၊

(ဃ) သကဒါဂါမ်ခေတ် တစ်ထောင်၊

(င) သောတာပန်ခေတ် တစ်ထောင်ပေါင်း(၅၀၀၀)ဟူ၍ဆိုထားပါသည်။

(၂) သုတ်ပါထေယျအဋ္ဌကထာတွင်

(က) ပဋိသမ္ဘိဒါပတ္တခေတ် တစ်ထောင်၊

(ခ) ဆဠာဘိညခေတ်တစ်ထောင်၊

www.dhammaransi.com



(ဂ) တေဝိဇ္ဇာမရေခေတ် တစ်ထောင်၊
(ဃ) သုက္ခဝိပဿကခေတ်တစ်ထောင်၊
(င) ပါတိမောက္ခ သံဝရသီလခေတ်တစ်ထောင် ပေါင်း(၅၀၀၀) ဟူ၍ ဆိုထားပါသည်။

(၃) အင်္ဂုတ္တိုရ်အဋ္ဌကထာတွင်
(က) ပဋိသမ္ဘိဒါပတ္တခေတ် တစ်ထောင်၊
(ခ) ဆဠဘိညခေတ် တစ်ထောင်၊
(ဂ) တေဝိဇ္ဇာမရေခေတ် တစ်ထောင်၊
(ဃ) သုက္ခဝိပဿကခေတ် တစ်ထောင်၊
(င) သောတပန်သကဒါဂါမ် အနာဂါမ်ခေတ် တစ်ထောင်ပေါင်း (၅၀၀၀)ဟူ၍ ဆိုထားပါသည်။

ထိုသို့ ဖော်ပြပြီး အဋ္ဌကထာကြီး (၃)ကျမ်းတို့တွင် အသီးသီး သာသနာနှစ် (၅၀၀၀)ကို ဝေဖန်ပိုင်းခြားပြီးပြထားလေရာ ဘာသာ စာပေကို လေးစားသူ ပညာရှင်တိုင်း အလွန်ပင်သတိကြီးစွာထားရှိ ဆင်ခြင် ထိုက်လှပေသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားဟောပါဠိတော်များ အလို (၅၀၀၀)ရယ်၊ (၆၀၀၀)ရယ်ဟု နှစ်အရေအတွက် မကန့်သတ်၊ ၎င်းတို့ရဲ့အဖွင့် အဋ္ဌကထာများတွင်မှ (၅၀၀၀)ဟု ပိုင်းခြားလာသော ကြောင့်ဖြစ်၏။

ထိုအဖွင့်အဋ္ဌကထာကြီး (၃)ကျမ်းစလုံးမှာလည်း အရှင်မဟာ ဗုဒ္ဓဃောသဆရာတစ်ဦးတည်းပင် ရေးသားပြုစုထားသည်ဖြစ်လျှက် ပိုင်းခြားချက်ခြင်းမတူမျှပုံကို ယှဉ်ပြိုင်စစ်ဆေးကြည့်က တွေ့နိုင်ပေရာ နောင်လာနောက်သားတို့အတွက် အစဉ်းစားရခပ်ခက်ခက်ဖြစ်ရပေသည်။

သို့သော်လည်း ဘုရား၏ အလိုတော်ကျ သိနိုင်သည့် ဉာဏ်ကြီးရှင် ဗုဒ္ဓမတည၊အဋ္ဌကထာကျမ်းပြုဆရာကြီးသည် ၎င်း၏ အမှီပြုရေးဖွင့်ရာ ဖြစ်သော အဋ္ဌကထာကျမ်းဟောင်းကြီးများ၏ အယူအဆမတူမျှသော ကြောင့်လည်း ကောင်း၊ ဒီဃဘာဏကဆောင်စသော သံယာယနာတင် ဘာဏကဆောင် ဆရာတော်တို့၏ အယူအဆချင်းမတူမျှခဲ့ကြသောကြောင့် လည်းကောင်း၊ ထိုကဲ့သို့ ရှေးအစဉ်အဆက်က မတူမျှချက်အတိုင်း အလိုက်သင့်တစ်ဆင့် ဖော်ပြထားသည်ဟု ကျွန်တော်တို့ နောင်လာနောက် သားတို့ ယူဆဆုံးဖြတ်သင့် ကြပေတော့သည်။

ထိုတွင်အနည်းငယ်မျှ ကွဲလွဲနေပုံကိုသာ တွေ့ရပေရာ ယင်းအဖွင့်

www.dhammaransi.com



ကျမ်းကြီးသုံးမျိုးအရ ညှိနှိုင်းပြလျက် ယခုခေတ်တွင် ရဟန္တာများ အရိယာများရှိသင့်/မရှိသင့်နှင့် ရှိသင့်က မည်ကဲ့သို့သော ရဟန္တာခေတ်များ ရှိသင့်ပုံကို ကျွန်တော်ဉာဏ်မီသမျှ ဖော်ပြသွားမည်ဖြစ်ပေသတည်း။

## ဗုဒ္ဓ၏ ပန်းတိုင်နှင့် လမ်းစဉ်
(မိုးကြိုးသတင်းစာ ၁၅-၅-၆၃)

ကျွန်တော်နှင့် (မိုးကြိုး)ဦးအုန်းခင်တို့သည် ကမ္မဋ္ဌာန်းတရား အားထုတ်ရန် သံလျင်တောရသို့ လွန်ခဲ့သော ဖေဖော်ဝါရီလ (၁၄)ရက်နေ့က သွားရောက်ကြပါသည်။

ကျွန်တော်သည် (၁၅)ရက်လောက် ကမ္မဋ္ဌာန်းတရားအားထုတ်ပြီး ပြန်လာခဲ့သော်လည်း ဦးအုန်းခင်မှာမူ ယနေ့တိုင်တရားအားထုတ်လျက် ရှိနေပါသည်။

လွန်ခဲ့သော စနေနေ့က သံလျင်တောရသို့ ကျွန်တော်သွားပြီး၊ ဦးအုန်းခင်နှင့် တရားဆွေးနွေးရာတွင် ...

ကျွန်တော် - ဦးလေးတရားအားထုတ်ရန် သွားခါနီးအချိန်က "ကိုယ်တွေ့ဓမ္မသဘာဝများကို ဆောင်းပါးရေးပြီး တင်ပြမည်" ဟု ကတိပေးခဲ့ပါသည်။ မိုးကြိုးစာဖတ်ပရိသတ်များကလည်း ဦးလေး၏ ဆောင်းပါးများကို မျှော်လင့်စောင့်စားနေကြသည်ဟု ကျွန်တော်သိရပါသည်။ ဦးလေးဆောင်းပါးများ ရေးဘို့ စိတ်မကူးသေးဘူးလား။

မိုးကြိုး - တရားအားထုတ်ခြင်းနဲ့ ဆောင်းပါးရေးခြင်းဟာ ကိစ္စ (၂)မျိုးဖြစ်နေတယ်။ တရားအားထုတ်နေတုန်း ဆောင်းပါးရေးဖို့ စိတ်ကူးယဉ်သမာဓိပျက်တယ်။ ထို့အပြင် နောက်တစ်ခုရှိသေးတာက လောကီကိစ္စတွေမှာ အာဘောင်အာရင်းသန်သန်နဲ့ ဖြန်းလို့ဖြီးလို့ ရပေမယ့် မဂ်ဖိုလ်နိဗ္ဗာန်ကိစ္စကတော့ ဖြီးဖို့ဖြန်းဖို့ မသင့်ဘူး။ ဝ မရှိပဲ လူအထင်ကြီးအောင် ဝိလုပ်တာမျိုးဟာလဲ မကောင်းဘူး။ မျက်ကန်းအချင်းချင်း လမ်းပြလုပ်ရင် ကိုယ့်ကို ယုံကြည်ပြီးလိုက်ကြသူများ နစ်နာမှာလည်း စိုးရိမ်ရတယ်။

ကျွန်တော် - ဦးလေးပြောတာတွေကို ကျွန်တော်မငြင်းလိုပါဘူး။ ဒါပေမယ့် ဦးလေးရဲ့မိတ်ဆွေအညာက ကိုခင်မောင် တိုက်ကို လာတယ်။ ဦးလေးရဲ့ ဓမ္မသဘာဝဆောင်းပါးတွေကို ဖတ်ချင်လှပြီလို့ ပြောသွားတယ်။

www.dhammaransi.com



မိုးကြိုး - မင်းရေးတဲ့ ဆောင်းပါးတွေဟာလည်း ကောင်းသားပဲ။ ယူပုံဆပုံတောဟာလည်း သဘာဝကျသားပဲ မဟုတ်လား။
ကျွန်တော် - ကျွန်တော်တို့က ဓမ္မစရိယစာမေးပွဲလေးဘာကလေးအောင်ထားတော့ စာရေးတဲ့အခါမှာ ပါဠိသံတွေဘာတွေမပါဘဲ ရေးလို့မရဘူး။ ဦးလေးကတော့ လူဖြိန်းနားလည်တဲ့ အရပ်သုံးဗမာစကားလုံးများနဲ့ တိုတိုတုတ်တုတ် ရေးတတ်တော့ လူဖြိန်းနားထဲကို လက်နဲ့ ဆုတ်သွင်းလိုက် သလိုဝင်သွားတယ်။
မိုးကြိုး - မင်းက ဘာကို တိုတိုတုတ်တုတ်နဲ့ လိုရင်းအချက်ကို သိချင် တာလဲ။
ကျွန်တော် - ဂေါတမမြတ်စွာဘုရားရဲ့ (၁)ရည်မှန်းတဲ့ ပန်းတိုင်ဟာ ဘာလဲ၊ (၂)ထိုပန်းတိုင်ကို ရောက်ဖို့ ခရီးလမ်းစဉ်ဟာ ဘာလဲ၊ (၃)လုပ်ဖို့ လုပ်ငန်းဟာ ဘာလဲ ဆိုတဲ့မေးခွန်း (၃)ခုကို တိုတိုတုတ်တုတ်နဲ့ ဖြေစေချင်တယ်။
မိုးကြိုး - ဂေါမမြတ်စွာဘုရားရဲ့ တရားဦးဖြစ်တဲ့ ဓမ္မစကြာသုတ်မှာ (က)ဒုက္ခသစ္စာ၊ (ခ)သမုဒယသစ္စာ၊ (ဂ)နိရောဓသစ္စာ၊ (ဃ)မဂ္ဂသစ္စာဆိုတဲ့ "သစ္စာလေးပါး" ကို ဟောထားတယ်။ အဲဒီသစ္စာလေးပါးအနက် (က) (ခ) (ဂ) ဟာ အကျိုးတရားတွေပဲ။ မဂ္ဂသစ္စာသည်သာ အကြောင်းတရားဖြစ်တယ်။ မဂ္ဂသစ္စာပေါက်မြောက်ခဲ့လျှင် ကျန်သုံးပါးဟာအရင်းလည်း အဖျားထင်းဖြစ်ဆိုတာလို အားလုံးကိစ္စပြီးသွားတယ်။
ကျွန်တော် - ဒေသနာအရဆိုရင် မဂ်ဉာဏ်ပေါ်တဲ့အခါမှာ သစ္စာလေးပါးတစ်ပြိုင်နက် ပေါ်တယ်လို့ဆိုတယ်။ ဥပမာက ဆီမီးထွန်းလိုက်တဲ့အခါ အမှောင်ပျောက်ခြင်းအလင်းရောက်ခြင်း၊ ဆီကုန်စေခြင်း၊ မီးစာကုန်စေခြင်း ဆိုတဲ့ ကိစ္စလေးပါးတစ်ချိန်တည်းပြီးပုံမျိုးလို့ဆိုတယ်။
မိုးကြိုး - ဆိုချင်သလိုဆိုပေါ့။ မင်းဟာလည်းမှန်တယ်။ ငါ့ဟာလည်းမှန်တာပဲ။ မဂ္ဂသစ္စာလုပ်ငန်းတွေထဲမှာ လမ်းဆုံးရင် ရှာတွေ့ရမယ်၊ ရှာတွေ့ / မတွေ့ကိုလဲ ကိုယ်ဟာကိုယ်စစ်ဆေးကြည့်ဘို့ အရေးကြီးတယ်။ ငါ့အနေနဲ့ ကတော့ ငါဟာ ဥဠာဒ်ဓိတညူနဲ့ ဝိပဥ္စိတညူပုဂ္ဂိုလ်မျိုးကဲ့သို့ ဘုရားတရားကို အကျဉ်းအကျယ်ကြားနာရရုံနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ လူစားမျိုးမဟုတ်ဘူးဆိုတာ ထင်ရှားနေတယ်။ ဒီတော့ ကျင့်ကြံအားထုတ်မှ ရမှာမို့ ကျင့်ကြံအားထုတ် နေရတာဘဲ။

မြတ်စွာဘုရားက အရိယာမဂ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မဟာသတိပဋ္ဌာန်အကျင့်မြတ်တရားဟာ တစ်ကြောင်းတည်းသော ခရီး

www.dhammaransi.com



လမ်းဖြစ်တယ်လို့ ဟောထားတယ်။

တဖန်ဓါတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်းမှာ ရဟန်းတို့ တဖန် ထို့ပြင်လည်း "ဤရုပ်အပေါင်း၌ မြေဓါတ်၊ ရေဓါတ်၊ မီးဓါတ်၊ လေဓါတ်သည်ရှိ၏။ ဤရုပ်အပေါင်းကို ဓါတ်အားဖြင့် ရှုးစိုက်ဆင်ခြင် ရာ၏။" လို့ ဆိုထားတယ်။

ငါ့အနေက ဓါတ်ကို ရှုတာလွယ်ကူနေတာကို တွေ့ရတယ်။ ဒီတော့ (၁)မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ဟာ ဘုရားရဲ့ရည်ရွယ်ချက်ပန်းတိုင်ဘဲ၊ (၂)ထိုပန်းတိုင်ကိုရောက်အောင် လှေခါးနဲ့ တူတဲ့ ခရီးစဉ်ဟာကတော့ ဝိပဿနာဉာဏ် (၁၃)တန်ဖြစ်တယ်။ အဲ့ဒီဝိပဿနာဉာဏ်ရဲ့အမည်တွေကို ရေတွက်ပြစမ်း။

ကျွန်တော် - (၁)နာမရူပ ပရိစ္ဆေဒဉာဏ်၊ (၂)ပစ္စယပရိဂ္ဂဟဉာဏ်၊ (၃)သမ္မသနဉာဏ်၊ (၄)ဥဒယဗ္ဗယဉာဏ်၊ (၅)ဘင်္ဂဉာဏ်၊ (၆)ဘယဉာဏ်၊ (၇)အာဒီနဝဉာဏ်၊ (၈)နိဗ္ဗိဒါဉာဏ်၊ (၉)မုစ္စိတုကမျတာဉာဏ်၊ (၁၀)ပဋိသင်္ခါဉာဏ်၊ (၁၁)သင်္ခါရုပေက္ခာဉာဏ်၊ (၁၂)အနုလောမဉာဏ်၊ (၁၃)ဂေါတြဘုဉာဏ်တို့ဖြစ်တယ်။

မိုးကြိုး - အဲဒီဉာဏ် (၁၃)ပါးဆိုတဲ့ လှေခါးထစ်များကို တစ်ထစ်ပြီး တစ်ထစ်တက်သွားမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရောက်ခဲ့ရင် ဤဉာဏ် လှေခါးရဲ့ ပထမအထစ်ဟာ နာမရူပပရိစ္ဆေဒဉာဏ်ဘဲမဟုတ်လား။ နာမရူပ ပရိစ္ဆေဒဉာဏ် ဆိုတာဘာလဲ။

ကျွန်တော် - နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာ ဤကားနာမ်၊ ဤကားရုပ်ဟူ၍ သဲသဲကွဲကွဲ ခွဲခြားထင်လာတဲ့ ဉာဏ်ဘဲ။

မိုးကြိုး - အဲဒီဉာဏ်ကို ရူပနာမပရိစ္ဆေဒဉာဏ်လို့လဲ ပြောင်းပြန်ခေါ်နိုင် သေးတယ်။

ဒီနာမရူပ ပရိစ္ဆေဒနဲ့ ရူပနာမ ပရိစ္ဆေဒအမည် (၂)ခုရဲ့ခြားနားချက် ဟာက (၁)သမထယာနိက ပုဂ္ဂိုလ်ကို အစွဲပြု၍ (သို့မဟုတ်) ဈာန်ဆိုတဲ့ နာမ်တရားကို ဦးတည်၍ ရှုပွားခြင်းကို အစွဲပြုပြီးခေါ်တဲ့ အမည်နဲ့ (၂)ဝိပဿနယာနိကပုဂ္ဂိုလ်ကို စွဲ၍ (သို့မဟုတ်) ရုပ်တရားကို ဦးတည်၍ ရှုပွားခြင်းကို အစွဲပြုပြီးခေါ်တဲ့ အမည် (၂)မျိုးဘဲဖြစ်တယ်။ ကုလားနဲ့ အရာကြီးဆိုတာမျိုးပါဘဲ။

ဉာဏ်လို့ဆိုရာမှာလဲ ငရုပ်သီးဟာ စပ်တယ်လို့ သူတစ်ပါးပြောသံ

www.dhammaransi.com



ကြားလို့ မှန်းဆပြီးသိတာမျိုးမဟုတ်ဘူး။ ငရုပ်သီးကို ကိုယ်တိုင်စားကြည့်လို့ စပ်တာကို ကိုယ်တိုင်ကိုယ်ကျ တွေ့သိရတဲ့ ဘာဝနာဉာဏ်မျိုးမှ အကျိုးပြီးတယ်။ ဒါထက်ရုပ်တရားများကို မင်းရေတွက်ပြစမ်းပါ။

**ကျွန်တော်** – ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ ဓါတ်ကြီးလေးပါး နဲ့ အဆင်း၊ အနံ့၊ အရသာ၊ ဩဇာပေါင်း (၈)ပါးတို့ရဲ့အစုဘဲ။

**မိုးကြိုး** – ဒီလိုရုပ်မှာ ပါဝင်တဲ့ ဓါတ်ကြီးလေးပါးအနက် တပါးပါးရဲ့ (က)လက္ခဏာသဘောနဲ့ (ခ)ရသသဘောကို ရှုရမယ်၊ ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကို မရှုမိဘို့ အထူးသတိပြုရမယ်။ ဒီလိုရှုတဲ့အခါမှာ ရူပနာမ ပရိစ္ဆေဒဉာဏ် ဆိုတာ သူ့အလိုလို ထင်လာတယ်။ ရှုပွားခြင်းကို အစွဲပြုပြီးခေါ်တဲ့ ထို့နောက် တဆင့်ပြီးတဆင့် ဉာဏ်မြင့်တက်သည်နှင့်အမျှ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းဆိုတဲ့ ရုပ်နာမ်တို့ရဲ့လက္ခဏာရေး (၃)ပါးဟာလဲ သူ့အလိုလို ထင်လာတယ်။ ရုပ်နာမ် အနိစ္စ၊ ရုပ်နာမ်ဒုက္ခ၊ ရုပ်နာမ် အနတ္တလို့ လက္ခဏာရေး (၃)ပါးတင်ပြီး သုံးသပ်စရာမလိုဘူး။ ပါးစပ်က တဖွဖွ ရွတ်စရာမလိုဘူး။

ဒီလို နိဗ္ဗာန်ကိုသွားတဲ့ ဉာဏ်လှေခါးရဲ့အစကို ရောက်ရင် နိဗ္ဗာန်ဟာ ဘယ်ပြေးနိုင်မှာလဲ။ နိဂုံးအနေနဲ့ ပြောရရင် (က)ဘုရားရဲ့ရည်ရွယ်ချက် ပန်းတိုင်ဟာ မဂ်ဖိုလ်နိဗ္ဗာန်ဖြစ်တယ်၊ (ခ)လမ်းစဉ်က ဝိပဿနာဉာဏ် (၁၃)ပါးဆိုတဲ့ ဉာဏ်လှေခါးထစ်များဖြစ်တယ်၊ (ဂ)လုပ်ငန်းက ဓါတ်ကြီး (၄)ပါးအနက် (၁)ပါး ပါးကို ပေါက်မြောက်အောင်ရှုခြင်းဘဲဖြစ်တယ်။

**ကျွန်တော်** – ဒီ့ပြင် ဘာလိုသေးလဲ။

**မိုးကြိုး** – ဒီလုပ်ငန်းအောင်မြင်ဘို့အချက် (၁)သဒ္ဓါရှိဘို့၊ (၂)ဝီရိယကောင်းဘို့၊ (၃)သတိမြဲဘို့၊ (၄)သမာဓိတည်ငြိမ်ဘို့တို့ကို ကြိုးစားပေးရမယ်။ ဤလေးပါးပြောင်မြောက်လာတဲ့အခါမှာ ပညာဆိုတဲ့ ဉာဏ်ဟာ သူ့အလိုလို အဆင့်ဆင့်ပေါ်လာတယ်။ အဲဒါဟာ မြတ်စွာဘုရားဟောတဲ့ လိုရင်း အတိုချုပ်ပဲလို့ ငါယူဆတယ်။

## ဇော်ဂျီဖို့ဝင်ခဏ်း

(မိုးကြိုးသတင်းစာ ၁၈ - ၅ - ၆၃)

ကျွန်တော်သည် သံလျင်တောရသို့ သွားရောက်ပြီး (မိုးကြိုး) ဦးအုန်းခင်နှင့် တွေ့ဆုံကာ ဗုဒ္ဓ၏ ပန်းတိုင်နှင့် လမ်းစဉ်ကို မေးမြန်းပြီး

www.dhammaransi.com



အမေးအဖြေ ဆောင်းပါးကို တင်ပြခဲ့ပါသည်။ ထိုနေ့က ဦးလေးတရား အားထုတ်ရာ၌ ထူးခြားသော တရားသဘာဝတွေ့ရပုံတစ်ခုကို ပြောပြသည် တို့မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

မိုးကြိုး - တရားသဘာဝတွေ့ပုံတွေကို အချိန်ကျတဲ့အခါ ငါကိုယ်တိုင် ရေးသားတင်ပြမယ်။ ဒါပေမယ့် ဆားမြီးသဘောနဲ့ ထူးခြားပုံတစ်ခုကို ငါပြောပြမယ်။

ငါ့အဖို့မှာ ကြွားသည်ဟု ထင်ချင်ထင်၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓါတ်ကြီးလေးပါးကို အာရုံစိုက်ကာမျှနှင့် ပျက်စီးချုပ်ပျောက် ခြင်းကို အချိန်မရွေးတွေ့နိုင်တယ်။ သည်လိုဉာဏ်ပေါ်ပုံမျိုးကို ဒေသနာအရ အမည်ပေးမယ်ဆိုရင် ဥဒယဗ္ဗယဉာဏ်လို့ခေါ်တယ်။ တစ်နေ့တော့ အသိစိတ်ကို နှာသီးဖျားမှာ ထားလျက်၊ ထွက်လေ/ဝင်လေတို့၏ တွန်းမှု၊ တိုးမှုကို သတိနှင့် သိနေတယ်။ တစ်နာရီကျော်မျှ အချိန်ကြာသောအခါ ခန္ဓာကိုယ်ကြီး တစ်ခုလုံးဟာ ရေနွေးအိုးကြီးဆူပွက်နေသလို တစ်ဖွားဖွား ဆူပွက်လျှက် ဒလက်စပ်ပျက်နေတာကို ဉာဏ်မှာထင်လာတယ်။ ထို့နောက် တဖြည်းဖြည်းချင်း မရှုနိုင်၊ မရှာနိုင်၊ တင်းကြပ်ပြီး ပင်ပန်းဆင်းရဲလာတယ်။

ဒီလို ဒုက္ခကြီးနဲ့ ရင်ဆိုင်တိုးလို့ အချိန်အတော်ကြာသွားတဲ့အခါမှာ လက်ဝဲခြေဖျားဟာ လျှပ်စစ်ဓါတ်အားရှိတဲ့ ဓါတ်ကြီးနဲ့ တို့ထိမိသလို နာကျင်ပြီးတကိုယ်လုံးတွန့်လိမ်သွားတယ်။

ထို့နောက် ညာဘက်ခြေဖျားမှ တဖန်လျှပ်စစ်ဓါတ်ကြိုးနဲ့ ထိသလို ထပ်တွန့်တက်လာပြီး ခြေဆုံးခေါင်းဆုံး ခန္ဓာကိုယ်ကြိုးတခုလုံးဟာ မီးဟုန်းဟုန်းတောက်နေတယ်။ ဒီလိုလောင်ကျွမ်းနေတာ တမိနစ်လောက် ကြာမယ်လို့ ထင်တယ်။ ကိုယ်ရော စိတ်ရော မီးလောင်ကျွမ်းသွားတယ်။

ထို့နောက် သတိပြန်ရလာသောအခါမှာ မီးအပူရှိန်မရှိတော့ဘဲ၊ အေးငြိမ်းကြည်လင်ပြီး ချမ်းသာနေတာကို တွေ့ရတယ်။ ဒီအရသာကို အသိစိတ်နဲ့ ခံစားနေတာ တော်တော်ကြာတယ်။

ထို့နောက် ကမ္မဋ္ဌာန်းမှ ထတယ်။ ထလိုက်ပြီးတဲ့နောက်ပိုင်းမှာ လည်း ကိုယ်စိတ်နှစ်ပါးလုံးဟာ ကြည်လင်သန့်ရှင်းပေါ့ပါးနေတယ်။

ဒီလိုထူးခြားပုံမျိုးအနက် ဒါဟာ ဒုတိယအကြိမ်ဘဲဖြစ်တယ်။ ဒီလို ကိုယ်ရောစိတ်ပါ မီးလောင်စာဖြစ်ခဲ့ရင် မကြာမီကိလေသာဟာ စင်ကြယ် လိမ့်မယ်လို့ ငါ့ဉာဏ်မှာ ထင်မြင်ယူဆမိတယ်။

www.dhammaransi.com



ဒီလိုနောက်ထပ် ထူးခြားမယ်ဆိုရင်တော့ ငါမျှော်မှန်းတဲ့ ပန်းတိုင် ကို ရောက်ဖို့ဟာ မကြာတော့ဘူးလို့ ငါထင်တယ်။ ဒီလိုထူးခြားပုံတွေ တွေ့ရတဲ့အတွက် သဒ္ဓါတို့၊ ဝီရိယတို့၊ သတိတို့ဟာ ပိုပိုသာလာတယ်။ အဲဒါကို ဆားမြီးသဘောနဲ့ ငါ့ရဲ့ထူးခြားချက်တခုဘဲဆိုတာ မင်းတင်ပြ လိုက်ပေါ့။

## ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ မြန်မာပြန် မှုနှစ်မှု
(မိုးကြိုးသတင်းစာ ၂၀-၅-၆၃)

ဗုဒ္ဓဘာသာ မြန်မာပြည်သားများနှင့်တကွ ဗုဒ္ဓဘာသာဝင်ကမ္ဘာသူ ကမ္ဘာသားများအပြင် ဗုဒ္ဓဘာသာ အယူဝါဒကို လေ့လာလိုသူများ အားကိုး အားထားပြုရသော ပဋိပတ်ခေါ် အကျင့်မြတ်ကို ဖော်ပြသည့် တကမ္ဘာလုံးရှိ ပဋိပတ်ကျမ်းတို့တွင် ဝိသုဒ္ဓိမဂ်ကျမ်းသည် အကောင်းဆုံးကျမ်း ဖြစ်ပေသည်ဟု ပညာရှိတို့က ချီးမွမ်းကြပေသည်။ အမှန်အားဖြင့် ဝိသုဒ္ဓိမဂ်ကျမ်းသည် အနှစ်သာရနှင့် ပြည့်စုံ၏။ အထက်တန်းအကျဆုံး လည်းဖြစ်၏။

ထိုဝိသုဒ္ဓိမဂ်ကျမ်းတွင် သံဂါယနာ သုံးကြိမ်သုံးတန် တင်ထား အပ်သော ပိဋကတ်သုံးပုံလာ ဘုရားဟောတရားတော်များ၏ လိုရင်း အချက်အနက် သဘောကို သိက္ခာသုံးပါး အကျင့်မြတ်တရားကို မူထားကာ အကျဉ်းခြုံး၍ သန့်ရှင်းစင်ကြယ်စွာ ရေးသားထားပေသည်။

ထိုသိက္ခာသုံးပါး အကျင့်မြတ်တရားများမှာ "သီလ"၊ "သမာဓိ"၊ "ပညာ" တို့ပင်ဖြစ်သည်။

ဝိသုဒ္ဓိမဂ်ကျမ်းကို မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူပြီး နောက် သာသနာနှစ် (၉၇၃ - ခုနှစ်)(လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကျော်)က အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် သီဟိုဠ်ကျွန်းအနုရာဓမြို့ မဟာဝိဟာရ ကျောင်းတိုက်၌ ပါဠိဘာသာဖြင့် စီရင်ရေးသားတော်မူသည်။

အဘယ်အကျိုးကို ရည်ရွယ်၍ ရေးသားသနည်းဟူမူ နိဗ္ဗာန်ကို ရရာရကြောင်းဖြစ်သော အကျင့်မြတ် ပဋိပတ်နည်းလမ်းမှန်ကို နိဗ္ဗာန် အလိုရှိသော သူတော်ကောင်းအပေါင်းတို့အား သိစေလိုသဖြင့် စီရင် ရေးသားတော်မူခဲ့ပေသည်။

ဤအချက်ကို ထောက်သောအားဖြင့် ဝိသုဒ္ဓိမဂ်ကျမ်းကို ပြုစုပေး

www.dhammaransi.com



သော အရှင်မဟာဗုဒ္ဓဃောသသည် ပရိယတ်၊ ပဋိပတ် စွယ်စုံတတ် ဆရာကြီး တစ်ဆူဖြစ်သည်ကို အထူးသတိပြုအပ်လှပေသည်။ ထိုသို့ အထူးသတိပြုမှသာ ကျမ်းပြုဆရာကြီး၏ ဆိုလိုရင်းအချက် အနက်သဘောများကို ပရိယတ် တတ်ရုံကာမျှနှင့် မပြီး။ ပရိယတ်၊ ပဋိပတ် စွယ်စုံတတ်မှသာ ပဋိဝေဓ အကျိုးပွားတိုးပြီးမြောက်နိုင်မည်ကို ဉာဏ်ငုံမိ သိရှိ နိုင်မည်ဖြစ်ပေသည်။ "မြွေ - မြွေ" ချင်းမှသာ ခြေမြင်နိုင်မည်ဟူသော စကားပုံအတိုင်းပေတည်း။

တနည်းဆိုရလျှင် "အတွေးသမား" ၏ စိတ်ကူးဉာဏ်သည် "အတွေ့သမား" ၏လက်တွေ့ဗဟုသုတကို မှီအောင် မတွေးနိုင်၊ မကြံစည်နိုင်၊ လက်တွေ့သမား အချင်းချင်းသည်သာလျှင် ဆိုလိုရင်းအချက် အနက် သဘောကို ထိုးထွင်းသိမြင်နိုင်သကဲ့သို့ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်ကျမ်းကို စီရင်ရေးသားတော်မူသော ကျမ်းပြုဆရာကြီး သည် မြတ်စွာဘုရားဟောကြားတော်မူသော စာကြောင်းရေအားဖြင့် နှစ်ကြောင်းမျှ ဖြစ်သော ဂါထာစကားကို မူတည်၍ ရေးသားတော်မူပါသည်။ ထိုနှစ်ကြောင်း မျှသော ဂါထာစကား၏ မြန်မာပြန်မှာ .....

"ပညာရှိသော သူသည် သီလ၌တည်၍ လုံ့လ ဝီရိယဖြင့် ရင့်ကျက်မှုကို ဖြစ်စေပြီးလျှင် စိတ်ကိုလည်းကောင်း၊ ပညာကိုလည်းကောင်း၊ ပွားစေသော ထိုသူသည် ဤအရှုပ်အထွေးကို ဖြေရှင်းနိုင်၏" ဟူ၍ပင်ဖြစ်ပါသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌နေတော်မူစဉ်တခုသော သန်းခေါင်ယံအချိန်၌ တဦးသော နတ်သား၏ အမေးဖြစ်သော...

"အရှင်ဂေါတမအတွင်း အရှုပ်အထွေး အပြင်အရှုပ်အထွေး ဟူသော နှစ်မျိုးသော အရှုပ်အထွေးတို့သည် သတ္တဝါအပေါင်းတို့ကို ရှုပ်ထွေး စေလိုပါ၏။ ထို့ကြောင့် အဘယ်သူသည် ဤအရှုပ်အထွေးကို ဖြေရှင်း နိုင်ပါသနည်းဟု မေးပါ၏ ..." ဆိုသော အမေးကို မြတ်စွာဘုရားက ... ပညာရှိသော သူသည် . . . အစရှိသော အထက်ပါ ဂါထာစကားဖြင့် ဖြေတော်မူပါသည်။

ထိုဂါထာစကား၏ အနက်အဓိပ္ပါယ်ကို ကျမ်းပြုဆရာကြီးက ပေါ်လွင်အောင် နည်းအမျိုးမျိုး ဥပမာအစားစားတို့ဖြင့် အကျယ်ချဲ့၍ ရေးသားဖော်ပြခဲ့ပါသည်။

ဝိသုဒ္ဓိမဂ်ကျမ်းကို စီရင်ရေးသားတော်မူသော ကျမ်းပြုဆရာကြီး၏ ဝန်ခံချက်စကားမှာ ...

www.dhammaransi.com



နိဗ္ဗာန်ကို ရောက်ရာရောက်ကြောင်း အကျင့်မြတ်လမ်းစဉ်ကို မှန်ကန်စွာမသိကုန်သော ယောဂီတို့အဖို့ ကောင်းစွာစင်ကျယ်သည့် အဆုံးအဖြတ်တို့နှင့် ပြည့်စုံသော နိဗ္ဗာန်ရောက်ရာရောက်ကြောင်း အကျင့်မြတ်လမ်းစဉ်ကို ငါဆိုပေအံ့။ သင်သူတော်ကောင်းအပေါင်းတို့သည် ရိုသေစွာ ထိုဝိသုဒ္ဓိမဂ်ကို နာယူမှတ်သားပါကုန်လော…ဟူ၍ပင်ဖြစ်ပေသည်။

ထို့ကြောင့် ဤကျမ်းသည် အကျဉ်း – အကျယ်အားဖြင့် ဟောကြားသော တရားတို့ကို ကြားနာမှတ်သားခြင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်ထူးများအဖို့ အဓိကမရည်ရွယ်ဘဲ ကျင့်ကြံအားထုတ်ပါမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရရှိကြမည့် ပုဂ္ဂိုလ်တို့အဖို့ အဓိကဖြစ်သည်။ ရေကူးတတ်လိုသူ၊ ရေကူးတတ်ချင်သူတို့အဖို့ ရေကူးနည်းနှင့် တူလှပေသည်။ ဤရေကူးနည်းကို ဖတ်ရှုလေ့လာမှတ်သားရုံနှင့် ရေကူးမတတ်နိုင်။ ဖတ်ရှုလေ့လာမှတ်သားပြီး ရေထဲဆင်းကာ လက်တွေ့ကူးမှသာ ရေကူးတတ်မည်ဖြစ်သည်ကိုလည်း အထူးသတိပြုအပ်လှပေသည်။ ထိုပါဠိဘာသာဖြင့် ရေးသားအပ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ကျိုက်ထိုမြို့ဘုရားသုံးဆူတောင် ဆရာတော်အရှင်နန္ဒမာလာက မြန်မာဘာသာပြန်ဆိုသောမှုကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ၁၃၂၀ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့ပေသည်။ ထိုဘာသာပြန်ဆိုချက် တတိယတွဲ၊ စာမျက်နှာနံပါတ် (၂၂၉)ပဋ္ဌမစာပိုဒ်တွင် အောက်ပါအတိုင်းဖတ်ရှုရပေသည်။ ယခုအခါ၌ ဤသို့အကြင် – အကြင်စီစစ်စီရင်အပ်ကုန်ပြီးသော ဝိပဿနာ၏ ဖြစ်ရာ၊ အာရုံဘုံဖြစ်ကုန်သော ခန္ဓာစသော တရားတို့၌ ဆရာကောင်းထံ၌ ကျမ်းဂန်ကို သင်ယူခြင်းဟူသော ဝါစုဂ္ဂတနှုတ်သို့ တက်အောင်ပြုခြင်း၊ ထက်ဝန်းကျင်ခပ်သိမ်းသော အပြားအားဖြင့် အနက် သိခြင်းငှာ၊ အလိုရှိသော သမာဆန္ဒ၊ ပုဗ္ဗင်္ဂမသဝနဥပပရိက္ခာစသည်တို့ဖြင့် ထိုကျမ်း၏အနက်ကို နလုံး၌ထားသော အစီအရင်၏ အစွမ်းဖြင့် ထက်ဝန်းကျင်လေ့လာအပ်မိဝဲအပ်သော ဉာဏ်ကို ပြု၍ သီလဝိသုဒ္ဓိကိုလည်းကောင်း၊ စိတ္တဝိသုဒ္ဓိကိုလည်းကောင်း ဤသို့ မူလဖြစ်ကုန်သော အကြင်ဝိသုဒ္ဓိ (၂)ပါးတို့ကို ပြည့်စုံစေအပ်ကုန်၏…ဟူ၍ ငါဆိုခဲ့ပြီ။

အထက်ပါ မြန်မာဘာသာပြန်မျိုးကို ဖတ်ရှုရသော မြန်မာလူမျိုးတို့သည် မည်သို့မျှ ရှင်းလင်းပြတ်သားစွာ ဆိုလိုရင်းအချက်အနက် အဓိပ္ပါယ်ကို နားလည်နိုင်ကြမည် မဟုတ်ပေ။

www.dhammaransi.com



ထိုမြန်မာပြန်မှု၌ ပါရှိသော စာပိုဒ်ကို ကြည့်ရှုသုံးသပ်တော်မူရသော ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားသည် ဝိသုဒ္ဓိမဂ်ကျမ်းရင်း ပါဠိကို ကြည့်ရှု၍ အောက်ပါအတိုင်း မြန်မာပြန်ဆိုသင့်သည်ကို တွေ့ရှိပြီး ထိုအတိုင်းပင် ၎င်းရေးသားစီရင်အပ်သော ဝိသုဒ္ဓိမဂ်မြန်မာပြန် (အခြေခံများနှင့်တကွ ဝိပဿနာပိုင်း) ခေါ် စာအုပ်တွင် စာမျက်နှာ(၈၃)၌ အောက်ပါအတိုင်း မြန်မာပြန်ဆိုထားလေသည်။

ယခုအခါ (ဝိပဿနာပညာ၏) ဘုံအာရုံဖြစ်သော (ဤပြဆိုခဲ့ပြီးသော ခန္ဓာအစရှိသော) တရားတို့၌ သင်ယူခြင်း - မေးမြန်းခြင်းတို့၏ အစွမ်းဖြင့် ဉာဏ်အလေ့အကျင့်ကို ပြုပြီးလျှင် "သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ဟူသော နှစ်ပါးသော မူလအခြေအမြစ်ဖြစ်သော အကြင်ဝိသုဒ္ဓိတို့ကို ပြည့်စုံစေအပ်ကုန်၏" ဟူ၍ ရှေ့၌ဆိုခဲ့ပြီ။ ဤကဲ့သို့ ပေါ်လွင်ထင်ရှားစွာ မြန်မာခေတ်သုံးစကားလုံးများဖြင့် ရေးသားစီရင်ပေသော ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားအား အထူးပင် ကျေးဇူးတင်ရမည်ဖြစ်ပေသည်။

ထို့ပြင် ဆရာတော်အရှင်နန္ဒမာလာ၏ မြန်မာပြန်တတိယတွဲ စာမျက်နှာ(၂၃၀) စာကြောင်းရေ(၁၀)တွင် ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ နေဝသညာ နာသညာယတနရျာန်ကို (ဖြစ်စေ၍)ဟု ဘာသာပြန်ဆိုထား ရာ ကျေးဇူးရှင်မဟာစည်ဆရာတော်၏ မြန်မာပြန်စာမျက်နှာ(၈၅)၌ သမထယာဉ်ရှိသော ပုဂ္ဂိုလ်သည် နေဝသညာ နာသညာယတနရျာန်ကို (ချန်ထား၍)ဟု ပြန်ဆိုတော်မူထားသည်မှာ အမှန်ကို ရောက်သဖြင့် ကျေးဇူးများလှပေသည်။

အဘယ်ကြောင့်ဆိုသော် ထိုဝိသုဒ္ဓိမဂ်ကျမ်းရင်း ပါဠိတွင် (ဌပေတွာ)နေဝသညာ နာသညာယတနံဟုဆိုထားပြီး (ဌပေတွာ) ပါဠိ၏ အနက်မှာ ဖြစ်စေ၍ မဟုတ်ဘဲ ဖယ်ထား၍ ချန်ထား၍ ဟူ၍ ဖြစ်သော ကြောင့်ပေတည်း။ ထိုမှတဖန် အရှင်နန္ဒမာလာ၏ တတိယတွဲ မြန်မာပြန် စာမျက်နှာ(၂၃၁)၊ စာကြောင်းရေ(၁၉)တွင် အကြင်အကြင်ဆိုအပ်ပြီးသော သမထယာဉ်ရှိသော ပုဂ္ဂိုလ်သည်ဟု မှားယွင်းရေးသားထားရာ ကျေးဇူးရှင်မဟာစည်ဆရာတော်၏ မြန်မာပြန် စာမျက်နှာ(၈၆)၊ စာကြောင်းရေ(၁၆)တွင် "ဤဆိုခဲ့သော သမထယာနိကပုဂ္ဂိုလ်ပင်ဖြစ်စေ" ဟု ဘာသာပြန်ဆိုထားတော်မူသည်မှာလည်း အမှန်ကိုရောက်၍ ကျေးဇူးများလှပေသည်။

အကြောင်းမှာ ဝိသုဒ္ဓိမဂ်ကျမ်းရင်းပါဠိဖြစ်သော (အယမေဝ)ပုဒ်

www.dhammaransi.com



သည် အထက်တွင် ဖော်ပြထားသည့်အတိုင်း မဟာစည်ဆရာတော်၏ အနက်ပြန်ဆိုချက်နှင့်သာ ကိုက်ညီသောကြောင့်ဖြစ်ပေသည်။

အထက်ဖော်ပြပါအတိုင်း အရှင်နန္ဒမာလာ၏ ချိုယွင်းချက်များသည် ကျေးဇူးရှင်မဟာစည်ဆရာတော်၏ မြန်မာပြန်တွင် အမှန်ရောက်နေသည်ကို တွေ့မြင်ဖတ်ရှုရသူတိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြပေလိမ့်မည်။

သို့ရာတွင် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရား၏ မြန်မာပြန်ဆိုချက်၌ ကျွန်တော်နှင့် သဘောအယူအဆချင်း မတိုက်ဆိုင်သည်တို့ကိုလည်း တွေ့ရပေရာ ထိုအချက်အနည်းငယ်ကိုလည်း ပညာရှိများစဉ်းစားဝေဖန်နိုင်ရန် ရိုးသားသော စေတနာဖြင့် အောက်ပါအတိုင်း တင်ပြလိုက်ပါသည်။

အရှင်နန္ဒမာလာပြန်ဆိုသော ဝိသုဒ္ဓိမဂ် တတိယတွဲ စာမျက်နှာ (၂၃၁)အောက်ဆုံးစာကြောင်းတွင် ထိုယောဂီအား (မဖောက်မပြန် မိမိ၏ ကိစ္စလက္ခဏာအားဖြင့်) ဓါတ်တို့သည် ထင်စွာဖြစ်၍ ဖြစ်ကုန်လတ်သော ဟု ဓါတ်ကြီး (၄)ပါးကို ရှုထင်ခန်း၌ ပြန်ဆိုထား၏။

မဟာစည်ဆရာတော်ဘာသာပြန်ဆိုသော ဝိသုဒ္ဓိမဂ်စာမျက်နှာ (၈၇)၊ စာကြောင်းရေ(၄)တွင် ဓါတ်တို့သည် ထိုယောဂီအား (မှန်ကန်သော မိမိ၏သဘောလက္ခဏာအားဖြင့်) ထင်ပေါ်ကုန်လတ်သော်ဟု ဆိုထား၏။

ဤမြန်မာပြန်နှစ်စောင်တွင် အနက်ပြန်ဆိုပုံထူးခြားချက်မှာ (မိမိ၏ ကိစ္စလက္ခဏာအားဖြင့်) ဆိုတာနှင့် (မိမိ၏ သဘောလက္ခဏာအားဖြင့်) ဆိုတာဘဲဖြစ်သည်။

ထိုတွင် ဓါတ် (၄)ပါးကို ရှုထင်ရာ၌ ၎င်းတို့၏ လက္ခဏာနှင့် ကိစ္စ (၂)ခုတွင် တခုခုကိုသာ ရှုရမည်ဖြစ်၍ (ကိစ္စလက္ခဏာအားဖြင့်)ဟု ပြန်ဆိုသော အရှင်နန္ဒမာလာ၏ ဘာသာပြန်ဆိုချက်ကသာ ဤနေရာတွင် မှန်ကန်သင့်မြတ်၍ ကျေးဇူးရှင်မဟာစည်ဆရာတော်၏ (သဘော လက္ခဏာအားဖြင့်)ဆိုသော ဘာသာပြန်ဆိုချက်သည် မူရင်းဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ၏ (ယာထာဝသရသ လက္ခဏတော)ဟူသော ပုဒ်ထဲမှ (ရသ)ဆိုသည့် ပုဒ်တစ်ခုလုံး၏ အနက်နှင့် အရကောက်ပျောက်ဆုံးနေသည့်အပြင် (လက္ခဏ)ဟူသော ပုဒ်ကို (၂)ထပ်အနက်ပေးနေတာကို တွေ့ရပြန်ပါသည်။ ထိုသို့ (၂)ထပ်အနက်ဖြစ်နေပုံ သာဓကကို ထုတ်ပြ ရသော်...

"သာမညံဝါသဘာဝေါဝါမွာန် လက္ခဏံ မတံ" ဟူသော

www.dhammaransi.com



အဘိဓမ္မာဋီကာများအရ သဘာဝဆိုတာနှင့် လက္ခဏာဆိုတာ အရချင်း အတူတူပင်ဖြစ်နေကြောင်း ထင်ရှားနေပါသည်။ သဘောလက္ခဏာဆိုတာ တစ်ခုတည်းပင် မှတ်ယူရမည်။ ထို့ကြောင့် မဟာစည်ဆရာတော်ပြန်ဆို ချက်အရ ဓါတ်ကြီး (၄)ပါးတို့မှာ သဘောလက္ခဏာအားဖြင့်သာ ထင်၍ (ရသ)ခေါ် (ကိစ္စ)အားဖြင့် ထင်ပေါ်မှုမပါဘဲ ကျန်ရှိနေသည်ကို ပညာရှင်များ သတိထားဆင်ခြင်သင့်ကြပေသည်။

ထိုဘာသာပြန် စကားလုံး၏ မူရင်းပါဠိကား (ယာထာဝ သရသ လက္ခဏာတော)ဟုဖြစ်ပြီး၊ ယင်းပါဠိစကား၏ အဆုံးအဖြတ်အကျဉ်းကိုမူ ယခင်အကြိမ်က ကျွန်တော်ဉာဏ်မီသမျှ တင်ပြခဲ့ပြီးဖြစ်သည်။

ထို့ပြင်ယင်း လက္ခဏ ရသ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့၏ အရှုပ်ကိစ္စ နှင့် ပတ်သက်ပြီး တွေ့ရပြန်သည်မှာ . . .

(၁) မဟာစည်ဘာသာပြန် ဝိသုဒ္ဓိမဂ်စာမျက်နှာ(၈၅)တွင် နာမ်မှစ၍ ရှုနည်းဆိုသော ခေါင်းစဉ်ဖြင့် သမထယာနိကအတွက် ရှာနင် ဖြစ်သော နာမ်တရားများကို လက္ခဏ၊ ရသစသည်ဖြင့် ရှုပွားရန် အတိအလင်းမြန်မာပြန်ဆိုထားပါလျက် . . .

(၂) တဖန် မဟာစည်ဆရာတော်ဟောကြား ရိုက်ထုတ်သော ဝိပဿနာ အခြေခံတရားတော်ဆိုသော စာအုပ်ငယ်တွင် မူစာမျက်နှာ(၃၅)၊ စာကြောင်းရေ(၉)၌ ဝါယောဓါတ်၏ လက္ခဏာစသည်ဟူသော ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်းရေးသားထားသည်ကို တွေ့ရ ပေသည်။

ဝိပဿနာဆိုတာ ရုပ်တရား၊ နာမ်တရားတွေကို သဘောအမှန် အတိုင်းသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ကစပြီး အားထုတ်ရတယ်။ ရုပ်နာမ် (၂)ပါးထဲကလည်း ဝိပဿနာသက်သက်ကစပြီး ရှုတဲ့ဝိပဿနာယာနိက ပုဂ္ဂိုလ်မှာ ရုပ်တရားကစပြီး ရှုရတယ်ရှုတော့ ဘယ်လိုရှုရသလဲဆိုရင် လက္ခဏာရသာဒိဝသေနပရိဂ္ဂဟေတဗ္ဗါလို့ (ဝိသုဒ္ဓိ ၂. ၂၂၂) ဝိသုဒ္ဓိမဂ် က ဆိုထားပါတယ်။

ဤသို့စသည်ဖြင့် ဘတ်ရှုရလေရ ဝိသုဒ္ဓိမဂ်က နာမ်အရာရှာ နင်အရာ၌ ရှုရမည်ဟု ဖော်ပြထားသော (လက္ခဏ ရသာဒိဝသေနပရိဂ္ဂဟေ တဗ္ဗါစကားကို ဤဝါယောရုပ်စသော ရှုပွားခန်း၌ အရာမဟုတ်ပဲ လာရောက်ပြီး ထိုဝိပဿနာ အခြေခံတရားတော်ကျမ်းငယ်၌ကိုးကား

www.dhammaransi.com



ထားခြင်းကို တွေ့မြင်ဖတ်ရှု ရပြန်ပေသည်။

ကျွန်တော်သဘောအရ ဤရုပ်ကမ္မဋ္ဌာန်းအရာ၌ ကိုးကားဖော်ပြရန်ကား (ယာထာဝသရသလက္ခဏာတော)ဆိုသော ဝိသုဒ္ဓိမဂ်စကားပင်ဖြစ်၍ ရုပ်ကိုရှုရင် လက္ခဏာနှင့် ရသ (၂)ခုတွင် တခုခုကစပြီး ရှုရမည်ဟု ယူဆမိပေသည်။ ဤသည်လည်း ပညာရှင်အများသတိထားရန် ကိစ္စတရပ်ပင်ဖြစ်ပါသည်။ ထိုမှတစ်ပါး အရှင်နန္ဒမာလာမြန်မာပြန်ဝိသုဒ္ဓိမဂ် တတိယတွဲ စာမျက်နှာနံပါတ်(၂၃၀)၊ အကြောင်းရေ(၁၃)၌. . .

ဝိတက်အစရှိကုန်သော ဈာန်အင်္ဂါတို့ကိုလည်းကောင်း၊ ထိုဈာန် နှင့် ယှဉ်ကုန်သော ဖဿစသော နာမ်တရားတို့ကိုလည်းကောင်း၊ လက္ခဏာ ရသပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့်ဟု ပြန်ဆိုထားသည်။

မဟာစည်ဆရာတော်မြန်မာပြန်စာအုပ် စာမျက်နှာ(၈၅)၊ စာကြောင်းရေ(၅)တွင် ဝိတက်အစရှိကုန်သော ဈာနင်တရားတို့ကိုလည်းကောင်း၊ ထိုဈာနင်တို့နှင့် ယှဉ်ကုန်သော ဖဿစသော နာမ်တရားတို့ကိုလည်းကောင်း လက္ခဏာရသစသည်တို့၏ အစွမ်းအားဖြင့်ဟု ပြန်ဆိုထားပေသည်။ ထို့နောက် မဟာစည်ဆရာတော်က မှတ်ချက်ရေးထားသည်မှာ လက္ခဏာရသစသည်ဆိုရာတွင် ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် (၄)မျိုးစလုံးယူရမည်ဟု ညွှန်ကြားထားသည် ကို တွေ့ရပေသည်။

ထို့တွင် အရှင်နန္ဒမာလာ မြန်မာပြန်နှင့် မဟာစည်မြန်မာပြန် (၂)စောင်လုံးမှာပင် "ဝိတက်" စသည်နှင့် "ဖဿ" စသည်တို့ကို ရှုပွားရာတွင် ၎င်းတို့၏ လက္ခဏာရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် (၄)ခုလုံးအားဖြင့် ရှုပွားရမည့်သဘောကို တညီတညွတ်တည်း ဖော်ပြထားပုံကို တွေ့ရပေသည်။ သို့ရာတွင် ပညာရှင်အများ စဉ်းစားရန် အချက်ကား သမထယာနိကမှာ ဈာနင်ဖြစ်တဲ့ နာမ်တရား၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် (၄)မျိုးအနက် ဤနေရာတွင် နာမရူပ ပရိစ္ဆေဒခေါ် နာမ်ရုပ်ကို သဲကွဲစွာ ပိုင်းခြားသိရမည့် ဉာဏ်စခန်းဖြစ်နေသောကြောင့် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် (၃)မျိုးနှင့်သာ ဆိုင်၍ ပဒဋ္ဌာန်နှင့် မဆိုင်ဟု ယူဆရပေမည်။

အဘယ်ကြောင့်ဆိုသော် ပဒဋ္ဌာန်ဆိုသော အကြောင်းတရားသည် ဒုတိယဖြစ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်စခန်းနှင့်သာ သက်ဆိုင်နေသဖြင့် ဤပဌမ နာမရူပ ပရိစ္ဆေဒနှင့် မဆိုင်သောကြောင့်ဖြစ်၏။ ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့သော မြန်မာပြန် (၂)စောင်လုံးမှာပင် ဤနေရာ၌ (ပဒဋ္ဌာန်ဆိုတာ

www.dhammaransi.com



ကလေး) ပိုသွားသည်ဟု ယူဆမိပေသည် စာကိုမြတ်နိုးသည့် ပညာရှင် ရဟန်းရှင်လူအပေါင်းတို့လည်း စီစစ်သင့်ကြပေသည်။

တဖန်ထိုကိစ္စနှင့် ပတ်သက်၍ မီးခိုးကြွက်လျှောက်ပေါ်ပေါက်လာပြန်သည်ကား...

(လက္ခဏာ ရသ ပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ)ဟု လက်သန်းအဋ္ဌကထာခေါ် သင်္ဂြိုဟ်ကျမ်းကဆိုထားပုံကို ငယ်စဉ်ကပင် တွေ့ရသောကြောင့် အတန်တန်ပင် ထပ်ထပ်ပြီးစီစစ်ကြည့်ရပြန်ပေသည်။ ထိုတွင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၌ ဒိဋ္ဌိဝိသုဒ္ဓိအပိုင်း၊ နာမရူပ ပရိစ္ဆေဒဉာဏ်စခန်းဝယ် လက္ခဏ ရသာဒိဝသေနဟုဆိုထားသည်ကို တွေ့ရ၍ လက္ခဏ ရသာဒိအရလက္ခဏရသ၊ ပစ္စုပဋ္ဌာန်ထိ (၃)ခုကိုသာ ယူရမည်။ သို့မဟုတ် ပဒဋ္ဌာန်ထည့်၍ လက္ခဏရသ၊ ပစ္စုပဋ္ဌာန် - ပဒဋ္ဌာန်ပါ (၄)ခု စလုံးယူရမည်ဆိုတာကို ဝေဖန်ရာ၌ ပစ္စယပရိဂ္ဂဟဉာဏ်နှင့်သာ ဆိုင်သော ပဒဋ္ဌာန်ကို ချန်ပြီး ကျန် (၃)ခုကိုသာယူရန် "လယ်ပြင်မှာ ဆင်သွားသကဲ့သို့" ထင်ရှားနေသည်ကို ပညာရှင်များ သတိပြုရပါမည်။ ထို့ကြောင့် သင်္ဂြိုဟ်ဆရာ၏ ပဒဋ္ဌာန်ဟူသော (၄)ချက်ကို ဤနာမရူပ ပရိစ္ဆေဒဉာဏ်အရာ၌ ထည့်သွင်း ဖော်ပြလိုက်ခြင်းသည် မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို ပညာရှင်များပင် စဉ်းစားဆုံးဖြတ်ကြစေလိုပေသည် အနည်းငယ်ပိုလွန်းသွားသည်ဟု ကျွန်တော် ထင်မြင်ယူဆမိပေသည်။

ဤတွင် စာပေကို တိကျစွာ လိုက်စားနေကြသော ပညာရှင် အပေါင်းတို့ မတိမ်းမစောင်းရအောင် လေ့လာစီစစ်နိုင်ကြစေရန် မေတ္တာဖြင့် ရှေ့ထား၍ ဝေဖန်ရေးသားရင်း နိဂုံးချုပ်လိုက်ပါသည်။

## ပြောမယုံ ကြုံဘူးမှသိ

(မိုးကြိုးသတင်းစာ ၂၂-၅-၆၃)

ဂေါတမမြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူရာတွင် ကောသလတိုင်း ကာလမမင်းတို့၏ ကေသမုတ္တိမည်သော နိဂုံးသို့ ရောက်တော်မူပါသည်။

ကာလာမမင်းမျိုးတို့သည် မြတ်စွာဘုရားအား အောက်ပါအတိုင်း လျှောက်ထားကြကုန်၏။

www.dhammaransi.com



"အရှင်ဘုရား . . . အချို့သော သမဏဗြာဟ္မဏတို့သည် ကေသမုတ္တိနိဂုံးသို့ လာရောက်ကြပြီး မိမိတို့၏ အယူဝါဒကိုသာလျှင် ပြောပြကြပါ၏ သူတပါး၏အယူဝါဒကိုမူကား ရှုတ်ချကြပါကုန်၏ တခြားသော သမဏဗြာဟ္မဏ အချို့တို့သည်လည်း မိမိတို့၏ အယူဝါဒ ကိုသာလျှင် ဖော်ပြကြလျက် သူတပါးတို့၏ အယူဝါဒကိုမူ မထိမဲ့မြင် ပြုကြပါကုန်၏ အရှင်ဘုရား...ဤသမဏဗြာဟ္မဏတို့တွင် အဘယ် သမဏဗြာဟ္မဏတို့သည် မမှန်သော စကားကိုဆိုပါသနည်း" ဟူ၍ မေးလျှောက်ကြကုန်၏။

ထိုအခါတွင် မြတ်စွာဘုရားက "ကာလမ မင်းတို့ သင်တို့သည် ပြောသံကြားကာမျှဖြင့်...

ဟုတ်ပြီမှန်ပြီဟု အတည်မယူကုန်လင့်၊

အစဉ်အဆက်စကားမျှဖြင့်လည်း မယူကြကုန်လင့်၊

ဖြစ်ဘူးသတတ်ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်၊

ပိဋကတ်စာပေနှင့် ညီညွတ်ပေသည်ဟူ၍လည်း မယူကုန်လင့်၊

ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်၊

အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း မယူကုန်လင့်၊

ငါတို့ကြံစည်နှစ်သက်၍ ယူထားသော အယူနှင့် တူညီပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊

ကာလာမမင်းတို့ . . . ဤတရားတို့ကား အကုသိုလ်တရားတို့ တည်းအပြစ်ရှိသော တရားတို့တည်း၊ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရား တို့တည်း၊ ဤတရားတို့ကို ဆောက်တည်အပ်ကုန်သည်ရှိသော် . . . အစီးအပွားမရှိခြင်းငှာ၊ ဆင်းရဲခြင်းငှာဖြစ်ကုန်၏...ဟု သင်တို့ သည် မိမိတို့ "ကိုယ်တိုင်ကိုယ်ကျ" သိသောအခါ၌မူ ပယ်စွန့်ကုန်ရာ၏၊" ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် ကေသမုတ္တိသုတ်တွင် အထင်အရှား ဟောကြားထားခဲ့ပါသည်။

ဆိုလိုရင်းအဓိပ္ပါယ်ချုပ်မှာ ပြောရုံမျှဖြင့်၊ စာတွေ့ ဖြစ်ရုံမျှဖြင့် မယုံလေနှင့် ကိုယ်တိုင်ကြုံဘူး၍ သိအောင်ပြုပြီး မှန်ကန်သောအခါတွင်မှ ယုံကြည်ရမည်ဟု အဓိပ္ပါယ်ပေါ်လျက်ရှိသည်ဟု ကျွန်တော်ယူဆပါသည်။ ဤသို့ မြတ်စွာဘုရား၏ အဆုံးအမစကားကို ဖော်ပြရခြင်းမှာ ယခု အချိန်အခါတွင် ဝိပဿနာအကျင့် တရားခေတ်စားလာသောအခါဖြစ်ပြီး စာအုပ်အစားစား၊ တရားအစားစား ပေါ်များလာသောကြောင့် အမှားနှင့်

www.dhammaransi.com



အမှန်ဝေဖန်ရာတွင် မှဝ်ကျောက်အနေနှင့် အသုံးချရန် ဖော်ပြလိုက်ခြင်း ဖြစ်ပါ သည်။

"ယခုအချိန်အခါတွင် ဝိပဿနာအကျင့်တရားခေတ်စားလာ သော အချိန်အခါဖြစ်သည်" ဟု ဖော်ပြရခြင်းမှာ (၁)စွန်းလွန်းဝိပဿနာ အားထုတ်နည်း၊ (၂)မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ ဝိပဿနာ အားထုတ်နည်း၊ (၃)မဟာစည်ဆရာတော်ဘုရား၏ "ပိန် - ဖေါင်း" ကိုမှုထားသော ဝိပဿနာအားထုတ်နည်း၊ (၄)ဉာဏ်ဏစာဂီ ဝိပဿနာ အားထုတ်နည်း၊ (၅)ညောင်လွန်တောရ ဝိပဿနာအားထုတ်နည်း၊ (၆)ကျောက်သဘော်၏ မင်ဖိုလ်နိဗ္ဗာန်ဆိုက်ရောက်နည်း၊ (၇)သံလျင် တောရဝိပဿနာအားထုတ်နည်းစသည်ဖြင့် ဝိပဿနာ အားထုတ်နည်း အမျိုးမျိုးတို့ ပေါ်ပေါက်လျက်ရှိ သောကြောင့်ဖြစ်ပါသည်။

အဆိုပါ ဝိပဿနာအားထုတ်နည်းအမျိုးမျိုးမှာ မူအားဖြင့် တူသလို လိုက်ရသော်လည်း လက်တွေ့ကျင့်ကြံအားထုတ်ပုံချင်းတို့မှာ အထူး ခြားနားကွဲပြားလျက်ရှိနေသည်ကို ထိုထိုကမ္မဋ္ဌာန်းဌာနများတွင် လေ့လာ အားထုတ်ဖူး သူတိုင်း သိကြပေလိမ့်မည်။ ထို့ကြောင့် တကဲ့နည်းမှန်လမ်း မှန်နှင့် တမဂ်တဖိုလ်ကအစ လေးမဂ်လေးဖိုလ်အထိ ပေါက်ရောက်အောင် အားထုတ်လိုသော ပုဂ္ဂိုလ်များသည် မိမိတို့ဉာဏ်မီသမျှအဝေးက နေ၍ ဝေဖန်စဉ်းစားဆုံးဖြတ်ဖို့ထက် ထိုထိုဝိပဿနာနည်းနာများအရ ကိုယ်တိုင် ကိုယ်ကျ ကျင့်သုံးအားထုတ်၍ နည်းလမ်းမှန်ကို တွေ့ရှိအောင် ကြိုးစားသင့် ကျကြောင်းဖြင့် တိုက်တွန်းလိုပေသည်။

ဤကဲ့သို့ စမ်းသပ်ကျင့်ကြံ အားထုတ်ရာ၌လည်း အကြင် ဝိပဿနာအားထုတ်နည်းသည် "မိမိအဖို့ အကျိုးမများ" ဟု လက်တွေ့ သိရှိလာသောအခါတွင် လူနာသည် တဆရာနှင့် မပျောက်အခြားဆရာ တဦးနှင့် ပြောင်းလွှဲကုသ သကဲ့သို့ ထိုအားထုတ်နည်းကို စွန့်ပစ်၍ နောက် တနည်းနှင့် ကျင့်ကြံအားထုတ်ဖို့ကို ကြိုးစားပါမှ အချိန်ကုန် လူပမ်း မဖြစ်ဘဲ အကျိုးများမည်ဖြစ်ကြောင်း မေတ္တာရှေ့ထား၍ သတိပေးရေးသားအပ် ပါသည်။

www.dhammaransi.com



# ညောင်လွန့် ရဟန္တာ၏ မှတ်တမ်း
(မိုးကြိုးသတင်းစာ ၂၅-၅-၆၃)

သာသနာနှစ်ငါးထောင်နှင့် ပတ်သက်၍ ယခုအချိန်တွင် အတိတ်သာသနာမှာ (၂၅၀၆)နှစ်ကုန်ဆုံးခဲ့ပြီးရောက်ဆဲ (၂၅၀၇) နှင့် ရောက်လတ္တံ့ သာသနာမှာ (၂၄၉၃)နှစ်တိုင် ကျန်ရှိနေပေသေးသည်။

(၁) ထိုတွင် "ဗုဒ္ဓ၏ သာသနာတော်" ဆောင်းပါးဖော်ပြခဲ့သည့် အတိုင်း ဝိနည်းစူဠဝါအဖွင့်ကျမ်းအလိုအားဖြင့် ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် တထောင်နှင့် သုက္ခဝိပဿကရဟန္တာခေတ်တထောင်ပေါင်း နှစ်ထောင်မှာ လုံးဝကုန်ဆုံးခဲ့ပြီးဖြစ်၏။ ကျန်အနာဂါမ်ခေတ် တထောင်ထဲမှာ (၅၀၇)နှစ်ကုန်၍ (၄၉၃)နှစ်တိုင် အနာဂါမ်အထိ အမြင့်ဆုံးဖြစ်နိုင်ပုံကို တွေ့ရပေသည်။ ဤကား ဝိနည်းစူဠဝါ အဋ္ဌကထာအလို ယခုခေတ်တွင် အနာဂါမ်အထိ အရိယာ ဖြစ်နိုင်သေးပုံဖြစ်၏။

(၂) တဖန် သုတ်ပါထေယျအဋ္ဌကထာ အလိုအားဖြင့် ပဋိသမ္ဘိဒါပတ္တ ခေတ်တထောင်နှင့် ဆဠာဘိညခေတ်တထောင်ပေါင်းနှစ်ထောင်လုံး မှာ လုံးလုံးကုန်လွန်ခဲ့ပြီး တေဝိဇ္ဇရဟန္တာခေတ်တထောင်ထဲတွင် (၅၀၇)နှစ်ကုန်၍ (၄၉၃)နှစ်ကျန်ပေသေးသည်။ ဤကားသုတ်ပါ ထေယျ အဋ္ဌကထာ အလို ယခုခေတ်တွင် တေဝိဇ္ဇရဟန္တာအထိ အရိယာဖြစ်နိုင်သေးပုံဖြစ်၏။

(၃) တဖန် အင်္ဂုတ္တိုရ်အဋ္ဌကထာအလိုအားဖြင့်လည်း အထက်ပါ သုတ်ပါ ထေယျ အဖွင့်အတိုင်း ယခုခေတ်တွင် တေဝိဇ္ဇရဟန္တာအထိ ဖြစ်နိုင်သေးပုံကို တွေ့ရလေသည်။

ဤတွင် အဖွင့်ကျမ်းများအလိုအားဖြင့် သာသနာနှစ်ငါးထောင် ရှိပြီးယင်း ငါးထောင်အနက် ယခုခေတ်တွင် တေဝိဇ္ဇရဟန္တာအထိ ဖြစ်နိုင်သေးသည်ကို ပါထေယျနှင့် အင်္ဂုတ္တိုရ်အဖွင့်ကျမ်း (၂)စောင်က ဆိုထား၍စူဠဝါအဖွင့်က အနာဂါမ်အထိသာ ဖြစ်နိုင်တော့ပုံကိုဆိုထား သည်ကို စစ်ဆေးသိရှိရပေသည်။

ထိုတွင် အနာဂါမ်ခေတ်ဆိုတာက တကျမ်းတည်းဖြစ်၍ တေဝိဇ္ဇ ပတ္တခေတ်ဆိုတဲ့ အယူက (၂)ကျမ်းဖြစ်နေရကား အားများရာလိုက်သော

www.dhammaransi.com



အားဖြင့် ယခုခေတ်တွင် အမှန်ပင်တေဝိဇ္ဇပတ္တရဟန္တာများဖြစ်နိုင်ပုံကို ယုံကြည်ဆုံးဖြတ် သင့်ပေသည်။

ထိုမှတပါးဘုရားဟောပါဠိတော်များအရ သာသနာနှစ်အရေအတွက် လည်းမရှိ၊ ထိုသို့ ရေတွက်မပြခဲ့သဖြင့် ဘယ်အချိန်တွင် ဘယ်လို ရဟန္တာများ ဖြစ်သင့်သည်ဟူ၍လည်း ယူဆစရာမရှိတော့သည့်အတွက် အချိန်မရွေး၊ ကာလမရွေး၊ ပါရမီထူးသည့် ပုဂ္ဂိုလ်ထူးတို့ ပေါ်ပေါက်ခဲ့မူ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမျိုးအထိ ဖြစ်နိုင်ပုံကို ကျွန်တော်တို့ ယုံကြည်သင့် လှပေသည်။

ကျွန်တော်ဖတ်ရဖူးသော "ညောင်လွန့်တောရ" ရဟန္တာ ဆရာတော်တပါး၏ အတ္ထုပ္ပတ္တိနှင့် ကျင့်စဉ်စာအုပ်တွင်ပါရှိပုံကား၊ ထို ဆရာတော်သည် အာနာပါန၊ သမထရျာန်မှ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ထို့ပြင် ၎င်းဆရာတော်သည် မိမိရဟန်းကိစ္စပြီးသည့်အခါတွင် အဘိညာဉ်များကို ကြိုးစားကြည့်ရာ "ဥပမာ - ဣဒ္ဓိဝိဓအဘိညာဉ်ဆိုပါတော့" ထိုအဘိညာဉ်ကို ရရန် အခြေခံဖြစ်သည့် သမထရျာန်ကို ရှုပွားရာတွင် အတော်ကြီး အချိန်ကြာ၍ မိမိလိုရာတန်ခိုးဖြင့် ဖန်ဆင်း၍ မြေလျှိုး မိုးပျံလုနီးနီးခန့် အချိန်ရောက်၌သော် မိမိရဲ့ ကိုယ်ခန္ဓာအတ္တဘော် မခိုင်ခံ့တော့ဘဲ၊ ထိုင်ခြင်းဣရိယာပုထ်ကို မခံနိုင်လောက်အောင် ဖောက်ပြန် ချို့ယွင်းပြီး သွေးတွေ လေတွေ ဆုတ်ယုတ်ဆုတ်ယုတ် လာသောကြောင့် ရှော့ရှော့ပစ်လိုက်ရသည်ဟု မှတ်တမ်းပြုထားပုံကို တွေ့ရပေသည်။

ထို့ပြင် ယင်းခန္ဓာကိုယ်မခိုင်ခန့်မှုကို ပြန်လည်ဆင်ခြင်လိုက်သော် ပတ်ဝန်းကျင်ရာသီဥတုမညီမျှမှု၊ ထိုသို့ရာသီဥတုဖောက်ပြန်သည့်အထဲမှ ပေါက်ရောက်လာသော သစ်သီးဝလံကောက်ပဲသီးနှံတို့၏ အဆီဩဇာ ခါတ်ယုတ်ညံ့မှု၊ ထိုသို့ယုတ်ညံ့တဲ့ အစာအဟာရကို မှီတင်းစားသောက် နေရသဖြင့် ခန္ဓာကိုယ်မခိုင်ခံ့မှုဖြင့် အဘိညာဉ်တရားကို အားထုတ်ရသည့် အတွက် ထိုအဘိညာဉ်ပြီးဆုံးအောင် မရောက်နိုင်ဘဲ ပျက်စီးရမှုများ ဖြစ်ရသည်ဟု ဆရာတော်ကိုယ်တိုင်ကောက်ချက်ချခဲ့ပုံကို ဖတ်ရဖူးလေ သည်။

ထိုဆရာတော်ကျင့်ကြံအားထုတ်ချိန်ကား အင်္ဂလိပ်မင်းတို့ စိုးအုပ် ချိန်ဖြစ်၏။ အထိပေါက်ရောက်သော တေဝိဇ္ဇရေ ရဟန္တာအထိ ဖြစ်သွား ခဲ့သော သမထယာနိကဆရာတော်ထူးတပါးဖြစ်သည်ကို ဖတ်ရှုရ၏။

သို့သော် ညောင်လွန့်တောရ ရဟန္တာက နိဂုံးချုပ်မိန့်ကြားချက်မှာ

www.dhammaransi.com



ယခုအခါတွင် ပတ်ဝန်းကျင်က မင်းစိုးရာဇာမှစ၍ အဆင်မပြေမှုအတွက် ထိုကဲ့သို့ အမျိုးမျိုးဖောက်ပြန်နေ၍ အဘိညာဉ်ကို မရနိုင်သေးသော်လည်း နောင်တချိန်ချိန်တွင် သာသနာပြုမင်းများ၊ ရာသီဥတုကောင်းများနှင့် ကြုံကြိုက်ပေါ်ပေါက်ရသည့် ခေတ်ကောင်းတခုခုတွင်မူ ဧကန်ပင် အဘိညာဉ် ရနိုင်ပေလိမ့်မည်ဟု မိန့်ဆိုထားခဲ့လေသည်။

ကျွန်တော်တို့ စိတ်အထင်အားဖြင့် တချိန်ချိန်တွင် ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်လာကာ ဈာန်အဘိညာဉ်ရ ရဟန္တာထူးကြီးတွေ ပေါ်ထွက်လိမ့်ဦးမည်ဟု ယူဆမိပါသည်။ တချိန်ချိန်ဆိုရာ၌ ဘယ်အချိန်ဟူ၍ကား မကန့်သတ်အမှတ်နိုင်ပါ။ သို့သော် မကြာမီ ၄-၅-၆ နှစ်အတွင်း ပေါ်ပေါက်ဖွယ်ရှိပါသည်။

ဤတွင် ယခုအခါ ဘုရားဟောပါဠိတော်အလိုအားဖြင့် ထိပ်သီး ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးတွေလဲရှိနိုင်သေး၍ အဖွင့်အဋ္ဌကထာတွေ အလိုအားဖြင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယ ဉာဏ်ဖြစ်တဲ့ "ပု၊ ဒိ၊ အာ" နှင့် ပြည့်စုံသော တေဝိဇ္ဇခရ ရဟန္တာတွေအထိ နှစ်ပေါင်း (၄၉၃)နှစ်အတွင်း ဖြစ်ပေါ်နိုင်သေးပုံ စိစစ်ဖော်ပြချက် ပြီးဆုံးပါတော့သတည်း။

## ခေတ်သုံးခေတ်

(မိုးကြိုးသတင်းစာ ၂၇-၅-၆၃)

ကျွန်တော်ဆိုလိုသော ခေတ်သုံးခေတ်မှာ (၁)ပရိယတ္တိခေတ်၊ (၂)ပဋိပတ္တိခေတ်နှင့် (၃)ပဋိဝေဓခေတ်တို့ပင်ဖြစ်ပါသည်။

"ရဟန်းတို့ . . . ငါသည်ထူးသော ဉာဏ်ဖြင့်သိ၍ ဟောတော်မူအပ်သော တရားတို့ကို သင်တို့သည် ကောင်းစွာသင်ယူ၍ မှီဝဲအပ်ကုန်၏၊ ပွားများအပ်ကုန်၏၊ အဖန်ဖန် လေ့ကျင့်အပ်ကုန်၏၊ ယင်းသို့ မှီဝဲပွားများ လေ့ကျင့်အပ်သည်ရှိသော် ဤမြတ်သော အကျင့် သာသနာတော်သည် အရှည်ခိုင်ခန့်လျက် ကြာမြင့်စွာ တည်တံ့ရာ၏"

"ထူးသော ဉာဏ်ဖြင့်သိ၍ ငါသည် ဟောအပ်သော ထိုတရား တို့ကား သတိပဋ္ဌာန် (၄)ပါး၊ သမ္မပ္ပဓာန် (၄)ပါး၊ ဣဒ္ဓိပါဒ် (၄)ပါး၊ ဣန္ဒြေ (၅)ပါး၊ ဗိုလ် (၅)ပါး၊ ဗောဇ္ဈင် (၇)ပါး၊ အင်္ဂါ (၈)ပါးရှိသော အရိယာမဂ်တို့ပေတည်း" ဟူ၍

www.dhammaransi.com



ဂေါတမမြတ်စွာဘုရားသည် မဟာပရိနိဗ္ဗာနသုတ်၌ ဟောကြားတော်မူခဲ့ပေသည်။

ထိုသို့ ဟောကြားသော ဘုရား၏ စကားတွင် . . . "သင်ယူမှီဝဲ အပ်ကုန်၏" ဟုဆိုရာ၌ ပရိယတ္တိဟူ၍ ကျွန်တော်ယူဆပါသည်။ "ပွားများအပ်ကုန်၏၊ အဖန်ဖန်လေ့ကျင့်အပ်ကုန်၏" ဟုဆိုရာ၌ ပဋိပတ္တိလုပ်ငန်း၊ ဘာဝနာလုပ်ငန်းကို ဆိုလိုသည်ဟု ကျွန်တော်ယူဆပါသည်။

ထို့ကြောင့် "ပဋိဝေဓ" ဟူသော သာသနာထွန်းကားရေးအတွက် (၁)ပရိယတ္တိ၊ (၂)ပဋိပတ္တိဟူသော လှေခါးထစ်များဖြင့် အဆင့်ဆင့် တက်သွားရန်လိုပါသည်။

ပရိယတ္တိသာသနာသည် မြတ်စွာဘုရား၏ ရည်ရွယ်ချက်ပန်းတိုင်သို့ရောက်အောင် သွားရာလမ်း၏ ခရီးအစပင်ဖြစ်ပါသည်။ ထိုလမ်းစကို "လမ်းဆုံးပန်းတိုင်" ဟု ယူဆ၍ ရောင့်ရဲတင်းတိမ်ပြီး မနေအပ်သည်မှာ ထင်ရှားပါသည်။ မြန်မာပြည်သို့ ဗုဒ္ဓ၏ သာသနာရောက်ရှိလာချိန်ကစ၍ လွန်ခဲ့သော အနှစ် (၉၁၉)နှစ် ပုဂံခေတ် - နော်ရထာနှင့် ကျန်စစ်သားမင်းခေတ်မှ ယခုမြန်မာ့လွတ်လပ်ရေးခေတ်အထိ အခါကာလသည် ပရိယတ္တိ သာသနာကြီး တနေ့တခြား ဒီရေအလားသို့ ထွန်းကားလာသောအခါပင် ဖြစ်ပါသည်။

## မြန်မာပြည် သာသနာ ရောက်လာပုံ

"မြန်မာအစ တကောင်းက" ဆိုသည့်အတိုင်း လွန်ခဲ့သော အနှစ် (၂၀၀၀)ကျော်ဆီက တိဘက်မြန်မာလူမျိုးများသည် တကောင်းဆီသို့ စတင်ရောက်ရှိလာကြသည်။

ထိုခေတ်နှင့် တချိန်တည်းလောက်မှာပင် ရခိုင်ပြည်၌လည်းကောင်း၊ အလယ်ပိုင်းပြည်မြို့တဝိုက်၌လည်းကောင်း၊ လူနေအိမ်ခြေများ ရှိနေကြပြီး မြန်မာပြည်တောင်ဘက်ဆီတွင်လည်း မွန်လူမျိုးများရောက်ရှိနေကြသည်ကို ရာဇဝင်အရသိရပါသည်။

ထိုလူမျိုးများသည် "ယဉ်ကျေးကြသည်" ဟူ၍ မဆိုနိုင်သေးပါ။ နတ်နဂါးကို ကိုးကွယ်ခြင်းများ၊ အိန္ဒိယဘက်မှ ယူဆောင်လာသော ဟိန္ဒူ အယူဝါဒများနှင့် မိရိုးဖလာကိုးကွယ်ခြင်းများ၊ ရောထွေးလျက်ရှိနေခြင်းကို

www.dhammaransi.com



တွေ့ရပါသည်။

တရုပ်တရက်တို့ ဝင်ရောက်တိုက်ခိုက်သဖြင့် တကောင်းခေတ်ပျက်ပြီးနောက်၊ သတိုးမဟာရာဇာ၏ သားမဟာသမ္ဘဝနှင့် စူဠသမ္ဘဝတို့ ပြည်မြို့သို့ရောက်ရှိလာပြီး မဟာသမ္ဘဝနှင့် ဗေဒါရီတို့၏ သားဒွတ္တပေါင်မင်းသည် သရေခေတ္တရာမြို့ကို တည်ထောင်၍ ဆက်လက်အုပ်စိုးပါသည်။

ထိုအချိန်တွင် ပြူလူမျိုးများသည်လည်း ယခုပြည်မြို့တဝိုက်တွင် အများအပြားဆုံးနေထိုင်လျက်ရှိကြပါသည်။

လွန်ခဲ့သော အနှစ်(၁၇၀၀)ကျော်လောက်က အိန္ဒိယတောင်ပိုင်းမှ ဟိန္ဒူလူမျိုးများသည် ဘင်္ဂလားအော်ကို ဖြတ်၍ ရေလမ်းခရီးဖြင့် အောက်မြန်မာနိုင်ငံကမ်းရိုးတမ်းတလျှောက် ဒဂုံ၊ ပဲခူး၊ သထုံ၊ ပြည်တဝိုက်သို့ ရောက်လာရာ ၎င်းတို့၏ အယူဝါဒနှင့် စာပေတို့လည်းပါလာခဲ့ပါသည်။

မြန်မာနိုင်ငံသို့ အိန္ဒိယမှ ဗုဒ္ဓဘာသာရောက်ရှိလာခြင်း၏ အစကို ရှာဖွေသည့်အခါတွင် "တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် သိဒ္ဓတ္ထမင်းသားဘုရားအဖြစ်သို့ ရောက်တော်မူစက သတ္တသတ္တာဟ အလွန်တွင် လက်ဦးစွာဖူးတွေ့ရပြီး ဒွေဝါစိက၊ သရဏဂုံကို ခံယူလျက် ရာမညတိုင်းသို့ ဗုဒ္ဓသာသနာကို ယူဆောင်လာသည်" ဟူ၍ အဆိုတရပ်ရှိပါသည်။

သို့ရာတွင် ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာသက္ကရာဇ်(၂၃၇)ခုနှစ်တွင် အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်မြတ် (၂)ပါးတို့သည် သုဝဏ္ဏဘုမ္မိသထုံပြည်သို့ ဗုဒ္ဓ၏ သာသနာကို ယူလာသည့် အချက် မှာ ပိုမို၍ သက်သေအထောက်အထားထင်ရှားလှပါသည်။ မည်သို့ပင် ဖြစ်စေ အင်အားကောင်း၍ သန့်ရှင်းစင်ကြယ်သော ထေရဝါဒဗုဒ္ဓဘာသာကို မြန်မာနိုင်ငံအနှံ့ပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်သော ခေတ်အခါ သည်ကား သထုံပြည်မှ ကြွလာသော ရှင်အရဟံနှင့် ခရစ်သက္ကရာဇ် (၁၀၄၄)မှ (၁၀၇၇)ခုနှစ်အထိ အုပ်စိုးသော အနော်ရထာမင်းကြီးတို့ ဦးဆောင်သော ပုဂံခေတ်ပင်ဖြစ်လေသည်။

နော်ရထာမင်းစောသည် ခရာဇ်သက္ကရာဇ် (၁၀၅၇)ခုနှစ်တွင် သထုံပြည်မှ မနူဟာမင်းနှင့်တကွ ပိဋကတ်သုံးပုံကို ပုဂံပြည်သို့ ယူဆောင်လာခဲ့ပေသည်။

www.dhammaransi.com



## ပရိယတ္တိ သာသနာ

ထိုအချိန်မှစ၍ အင်းဝခေတ်မှ ကုန်းဘောင်ခေတ်အထိ ပရိယတ္တိ အကျော်ဆရာတော်ကြီးများသည် ပရိယတ်နှင့် ပတ်သက်သော ကျမ်းဂန် စာပေအမြောက်အမြားတို့ကို နောင်လာနောက်သား ဗုဒ္ဓဘာသာဝင်များ အဖို့ ပြုစုခဲ့ကြပေသည်။ ၎င်းတို့၏ ကျေးဇူးတော်များကြောင့်လည်း ယနေ့ ဗမာပြည်၏ ပရိယတ္တိသာသနာသည် သူတကာမယှဉ်နိုင်အောင် ထွန်းလင်း တောက်ပနေသည်ကို တွေ့မြင်ရပေသည်။

## ပဋိပတ္တိ သာသနာ

ပဋိပတ္တိသာသနာနှင့် ပတ်သက်၍ လမ်းညွှန်ပြုခဲ့ကြသော ဆရာတော်ကြီးများအနက် ကျွန်တော့်အနေအားဖြင့် လယ်တီဆရာတော် ဘုရားကြီးအားဟူသော နံပါတ် (၁)ထားကာ ကြည်ညိုလေးစားလိုပါ သည်။

အကြောင်းမှာ ဆရာတော်ကြီးပြုစုရေးသားခဲ့သော ဒီပနီကျမ်းများ သည် ယနေ့ထက်တိုင် လူတကာတို့ လက်ကိုင်ထားရလောက်အောင် ခေတ်စား လျက်ရှိသောကြောင့်ဖြစ်ပါသည်။

တဖန် ရဟန္တာဟု မြန်မာပြည်သူပြည်သားအပေါင်းတို့ ယုံကြည် ကိုးစားခြင်းကို ခံယူရသော မြင်းခြံစွန်းလွန်း ဆရာတော်ကြီးသည် စတီး ဘရားသားစာရေးကြီး ဦးဘစံက လယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာ အာနာပါန အကြောင်းပြောပြသည်ကို အရိပ်အမြွက်မျှ ကြားရရုံမျှနှင့် တရားအားထုတ်ရာက ရဟန္တာဖြစ်သွားခြင်းမှာလည်း ထင်ရှားနေပါသည်။

ထို့ပြင် ယခုတစ်ဖန်လောလောဆယ် ကျော်ကြားလာသော မော်ဘီ နောကုန်းမှ တေဇိန္ဒရေ ရဟန္တာပုဂ္ဂိုလ်မှာလည်း စွန်းလွန်း၏မူဖြင့် အားထုတ်ရာက ရဟန္တာဖြစ်သွားပြန်ပါသည်။

ဤကဲ့သို့ လယ်တီဆရာတော်ဘုရား၏ ပဋိပတ္တိသာသနာအတွက် ကျေးဇူးပြုပုံများကို ဖော်ပြပြီးနောက် သတိပဋ္ဌာန်လေးပါး အကျင့်မြတ် တရားကို ပြန်လည်အသက်သွင်းပေးသော မူလမင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးသည် ပဋိပတ္တိသာသနာကို နံပါတ်(၂)အားဖြင့် ပြုစုပြန့်ပွားစေခဲ့သည်ဟု ကျွန်တော်ယူဆပါသည်။

www.dhammaransi.com



ထိုဆရာတော်ဘုရားကြီး၏ နိသျည်းခံ ကမ္မဋ္ဌာန်းဋ္ဌာနများသည် မြန်မာပြည်အနှံ့အပြားတွင် ထင်ရှားပေါ်ပေါက်ပြီးနောက် ဆရာတော်ဘုရားထံတွင် ပဋိပတ်နည်းနိဿယများကို ခံယူဘူးသော မဟာစည်ဆရာတော်ကြီးမှူးသည့် သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းတိုက်များ တိုးပွားများပြား၍ လာပြန်ပါသည်။ ယခုအချိန်အခါတွင် ပဋိပတ္တိသာသနာသည် ထွန်းကားလျှက် ရှိသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရပါသော်လည်း ပရိယတ်အကျော် ဆရာတော်ကြီးများမှုကား ပဋိပတ္တိသာသနာ၏ ရှေ့ဆောင်လမ်းပြပြုရမည့်အစား ပရိယတ္တိနှင့်သာ တင်းတိမ်ရောင့်ရဲလျက် တုဏှီဘာဝေ ဆိတ်ဆိတ်နေတော်မူ ကြပုံကို တွေ့မြင်ရသည့်အတွက် ကျွန်တော်သည် အားမလိုအားမရ ဖြစ်မိပါတော့သည်။ အကယ်၍သာ ပိဋကတ်အကျော်ဆရာတော်ကြီးများသည် ဝိပဿိအစရှိသော ရှေးဘုရား (၆)ဆူတို့၏လက်ထက်၌ရဟန်းပြုကာပဋိကတ်သုံးပုံကိုဆောင်၍ကျမ်းဂန်ကို သင်ကြားပို့ချခဲ့ဘူးပြီး ယခု ဂေါတမဘုရားလက်ထက်တွင်လည်း ကျမ်းဂန်ကိုသာ ပို့ချလျက်နေသော အရှင်ပေါဋ္ဌိလ မထေရ်ကြီးအား ပဋိပတ်ဘာဝနာ တရားကို အားမထုတ်သဖြင့် "တုစ္ဆပေါဋ္ဌိလ" ဟု ခေါ်ဝေါ် သတိပေးခြင်း ခံရသော အရှင်ပေါဋ္ဌိလ မထေရ်၏ ထုံးကို နှလုံးမူလျက် ပဋိပတ်ဘာဝနာကို ကျင့်သုံးအားထုတ်ကာ မြန်မာပြည်သူပြည်သားတို့အား ပရိယတ္တိနှင့် ပဋိပတ်ကို ဒွန်တွဲ၍ ရှေ့ဆောင်လမ်းပြပြုတော်မူကြပါက အတိုင်းထက်အလွန်တံခွန်နှင့် ဘုရားဆိုဘိသကဲ့သို့ ဗုဒ္ဓ၏ သာသနာတော် (၃)ရပ်သည် ယခုထက်ပင် အဆပေါင်းများစွာ ထွန်းလင်းတောက်ပလာမည့် အရေးကို တွေးတောလျက် ပရိယတ် ပဋိပတ် (၂)ပါးစလုံးကို လက်မလွှတ်စတမ်း အားပေးတော်မူကြပါရန် လျှောက်ထားတောင်းပန်လိုက်ရပါသတည်း။

## မဟာစည်၏ မြန်မာပြန် ရသနှင့် လက္ခဏာပြဿနာ

(မိုးကြိုးသတင်းစာ ၂၉-၅-၆၃)

တရားခံမှာ ကျွန်တော်၏ (၂၀-၅-၆၃)ဆောင်းပါးဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ်ကို အရှင်နန္ဒမာလာသည်လည်းကောင်း၊ ကျေးဇူးရှင်မဟာစည်ဆရာတော်သည်လည်းကောင်း မြန်မာပြန်မှု (၂)စောင်ပြန်ဆိုထားပါသည်။

www.dhammaransi.com



(၁) "အရှင်နန္ဒမာလာက ဓါတ်ကြီးလေးပါးကို ရှုခန်းတွင် ထိုယောဂီအား မဖောက်မပြန် မိမိ၏ (ကိစ္စလက္ခဏာ)ဖြင့် ဓါတ်တို့သည်လျှင်စွာဖြစ်၍" ဟု မြန်မာပြန်ဆိုပါသည်။

(၂) ကျေးဇူးရှင်မဟာစည်ကမူ "ဓါတ်တို့သည် ထိုယောဂီအား မှန်ကန်သော မိမိ၏ (သဘောလက္ခဏာ)အားဖြင့် ထင်ပေါ်ကုန်လတ်သော . . ." ဟူ၍ ပြန်ဆိုပါသည်။

ဤပြန်ဆိုချက် နှစ်ရပ်အနက် ကျွန်တော်က အရှင်နန္ဒမာလာကို ထောက်ခံခဲ့ပါသည်။

ထိုပြဿနာပေါ်ပေါက်ရာ မူရင်းပါဠိမှာ "အထဿ ယာထာဝ သရလက္ခဏတော၊ အာဝိဘူတာသုဓါတူသု . . ." ဆိုသော ပုဒ်ပင်ဖြစ် ပါသည်။

မြန်မာစကားရိုးရိုးနှင့် ပြောရလျှင် ကျွန်တော်ထောက်ခံသော ရှင်နန္ဒမာလာက ရသနှင့် လက္ခဏာဆိုသော ပါဠိပုဒ်နှစ်ခု၏ အဓိပ္ပာယ်မှာ "ကိစ္စနှင့် လက္ခဏာ" အားဖြင့် သဘောချင်းကွဲပြားသည်ဟုဆိုပါသည်။ ကျေးဇူးရှင် မဟာစည်ဆရာတော်က "မကွဲပြားဘူး အတူတူဘဲ" ဟုဆို သဖြင့် ဤတွင် ကျွန်တော်နှင့် ဆရာတော်၏ သဘောကွဲလွဲချက်သည် ပေါ်ထွက်၍ လာပါတော့သည်။

ဤကဲ့သို့ အယူအဆလွဲချက်မှာ သာမန်အားဖြင့် အရေးမကြီးဟု ထင်ရသော်လည်း ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ရာတွင် မြတ်စွာ ဘုရား၏ အလိုတော်ကျ ဟုတ်/မဟုတ်ဟူသော ဂိုက်တောင်နှင့် တိုင်းသောအခါတွင် အလွန်အရေးပါလှသည်ကို တွေ့ရမည်ဖြစ်ပါသည်။

အထက်ပါ အချက်အလက်နှင့် ပတ်သက်၍ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရား၏ ဖြေရှင်းချက်ကို ယမန်နေ့ထုတ် မိုးကြိုးတွင် ကျွန်တော်ဖတ်ရှုလိုက်ရပါသည်။ ထိုဖြေရှင်းချက်နှင့် ပတ်သက်၍ ကျွန်တော်၏ရိုးသားသော ထင်မြင်ယူဆချက်ကို အောက်တွင် ဖော်ပြပါမည်။

အငြင်းပွားရသော ပါဠိပုဒ်မှာ . . . "အထဿယာထာဝသရသ လက္ခဏတော၊ အာဝိဘူတာသုဓါသူတု" ဆိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပါဠိ ဒုတိယတွဲ စာမျက်နှာ(၂၂၂)လာ စကားများဖြစ်ပါသည်။ ၎င်းပုဒ်သည် ဓါတ်ကြီးလေးပါး ရှုပွားခန်းသက်သက်နှင့်သာ သက်ဆိုင်သည်ကို အထူး သတိပြုစေလိုပါသည်။

ထို့ကြောင့် ထိုပါဠိပုဒ်နှင့် တိုက်ရိုက်ပတ်သက်သော အဋ္ဌကထာ

www.dhammaransi.com



ဋီကာလာစာများကိုသာ ကိုးကား၍ မဟာစည်ဆရာတော်ဘုရားသည် ဟုတ်/မဟုတ် မှန်/မမှန်ကို ဖြေရှင်းသင့်ပါသည်။

ယခုသော်ကား ထိုသို့မဟုတ်ပါဘဲ ကျေးဇူးရှင်မဟာစည် ဆရာတော်သည် မဆီမဆိုင်သော အသုဘရှုပွားခန်းမှ ဗင်းစကားများကို ကိုးကားလျက် ဖြေရှင်းနေသည်ကို တွေ့ရပါသည်။

ဥပမာဆိုရလျှင် ။ ။ ကျွန်တော်က ပြဒါးသတ်နည်းအကြောင်း ပြောနေရာတွင် ဆရာတော်က သံသေနည်းတွင် ဖော်ပြထားသော စကား များကို ကိုးကားပြီး၊ မင်းဟာမဟုတ်ဘူးဟု ပြောသကဲ့သို့ ပြဒါးတလမ်း သံတလမ်းဖြစ်နေသည်ကို အံ့ဩစွာတွေ့ရပါသည်။

ပြဒါးတလမ်း သံတလမ်းဖြစ်ပုံကား ကျွန်တော်က ဝိသုဒ္ဓိမဂ်အဋ္ဌ ကထာဒုတိယတွဲ စာမျက်နှာ(၂၂၂) အပိုဒ်(၆၆၄)လာ သမထယာနိကနှင့် ဝိပဿနာယာနိကပုဂ္ဂိုလ် (၂)ဦးတို့ ရုပ်ကမ္မဋ္ဌာန်း ရှုပွားခန်းကို ဖော်ပြလျက် ရှိပြီး ဆရာတော်ဘုရားကမူ ပဌမတွဲ စာမျက်နှာ(၁၈၉) စာပိုဒ်(၁၂၂)လာ အသုဘဆယ်ပါးကို လက္ခဏာတမျိုးထဲအနေနှင့် ရှုပွားခန်းနှင့်လည်းကောင်း၊ အဖွင့်ဋီကာလာစကားများကို ဖော်ပြလျက်ရှိသည်ကို ထောက်ခြင်းဖြင့် သိသာထင်ရှားနေပါသည်။

တဖန် ကျေးဇူးရှင်ဆရာတော်ဘုရားသည် အခြင်းများနေသော မူရင်းပါဠိ၏ အဖွင့်အဋ္ဌကထာဋီကာလာ စကားများကို အဘယ်ကြောင့် မဖော်ပြဘဲနေသနည်းဟူသော အချက်မှာ စဉ်းစားစရာပင်ဖြစ်တော့သည်။

ထို့ကြောင့် ကျွန်တော်တင်ပြချက်က တခြားဆရာတော်၏ အဖြေက တလွဲဖြစ်နေ၍ပြဒါးတလမ်း သံတလမ်းဟု အဆိုပြုခဲ့ပါသည်။

နိဂုံးအနေနှင့် ပြောရမည်ဆိုသော် ဆရာတော်ဘုရားရေးသားသော ဝိပဿနာရှုနည်းကျမ်း၊ တတိယနိပ်ခြင်း၊ ပဌမတွဲ စာမျက်နှာ(၈)၌ တဆင့် စကားကြားရသည်မှာ ရှိန်းမကားရွာ၌ သိမ်သမုတ်ကိစ္စအတွက် မန္တလေး၊ စစ်ကိုင်းစသော ဌာနများမှ ရာဇဂုရုတံဆိပ်တော်ကြီးများစွာတို့ စုဝေးမိကြ ရာတွင် လျှောက်ထားတောင်းပန်သောကြောင့် သီးလုံးဆရာတော်ဘုရား ကြီးက သံယာ့ပရိသတ်အား တရားပြပြောဆိုဆုံးမတော်မူသတတ်။

ဟောသောအခါမှာလည်း မိမိသဘောကျနှလုံးသွင်း အားထုတ် သည့်အတိုင်း ဟောပါမည်ဟု စကားပလင်ခံပြီးလျှင် အနာဂါမ်မိဖိုလ် တိုင်အောင် ဝိပဿနာရှုပုံ ဝိပဿနာဉာဏ်များဖြစ်ပုံ မဂ်ဖိုလ်သို့ရောက်ပုံ

www.dhammaransi.com



ဖလသမာ ပတ်ဝင်စားပုံတို့ကို ကျနစွာ ဟောပြောတော်မူသတတ် ဟောအပ်သော ထိုတရားတော်သည် ကျမ်းဂန်တတ်သော ဆရာတော်ကြီးများပင် အံ့ဩလောက်အောင် နက်နဲသိမ်မွေ့သတတ်။

ထို့ကြောင့် သင်္ဂဇာဆရာတော်က "ယခု အရှင်ဘုရားဟောသမျှ အတိုင်း ကျမ်းပြုစုတော်မူပါက အလွန်ကောင်းပါလိမ့်မည်" ဟု လျှောက်သတဲ့ ထိုအခါ ဆရာတော်ဘုရားက အမိန့်ရှိသည်မှာ . . .

"ဦးအဂ္ဂရေ…ဟောမှုကျင့်မှုကတော့ ကိုယ့်သဘောကျသည့်အတိုင်း ပြုလုပ်နိုင်သည်၊ ငါတို့ရှိရိက်မှာ နားလည်အောင် ဖြေပြ နိုင်သော်လည်း ငါတို့က မကြာမီသေသွားကြမည်၊ ထိုအခါမှာ ထူးသော အချက်၌ ငြင်းခုန်မှု ဖြစ်ပွားနေရစ်ကြမည်ကို စိုးရိမ်ရသည်" ဟု မိန့်တော်မူသတဲ့ဟူ၍ ဖော်ပြထားသည့်အတိုင်း ကျေးဇူးရှင်မဟာစည် ဆရာတော်ရေးသားအပ်သော ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်းတွင် ဆရာတော်ဘုရားသက်တော် ထင်ရှားရှိနေခိုက် မရှင်းလင်းသည်တို့ကို ရှင်းလင်းသွားစေလိုသဖြင့် ဤကဲ့သို့ ရိုးသားစွာ ဖော်ပြနေရခြင်းဖြစ်ပါသည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားအား ထပ်မံ၍ လျှောက်ထားလိုသည်မှာ တပည့်တော်၏ဆောင်းပါးတွင် မူတည်ထားသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ ဒုတိယတွဲ စာမျက်နှာ(၂၂၂)တွင် ဖော်ပြထား သည့် "အထသသယာထာဝ သရသ လက္ခဏ တော အာဝိဘူတာသု၊ ဓါတူသု" ဟူသော ဓါတ်ကြီးလေးပါးနှင့် သက်သက်ပတ်သတ်သည့် (အခြားကိစ္စများနှင့် လုံးဝ မသက်ဆိုင်သော) အဋ္ဌကထာဋီကာလာစကားများကိုသာ ကိုးကားလျက် ရှင်းလင်းဖော်ပြစေလိုပါသည်။

သူမှန်ဖို့ ကိုယ်မှန်ဖို့မှာ အရေးမကြီးပါ ဓမ္မသဘာဝအရ မှန်ဖို့သည်သာ အရေးကြီးလှပါသည်။

အကယ်၍ ကျေးဇူးရှင်ဆရာတော်ဘုရားက အဆိုပါအချက်နှင့် တိုက်ရိုက်သက်ဆိုင်ရာ အဋ္ဌကထာနှင့် ဋီကာလာစကားတို့ကို ဖော်ပြ၍ ထပ်မံရှင်းလင်းခြင်းမပြုဘဲနေခဲ့ပါမူ ဓမ္မပရိသတ်တို့က အဖက်ဖက်မှ သံသယကင်း၍ အမှန်ကို ထင်လင်းစွာသိနိုင်ရန် တပည့်တော်အား ဉာဏ်မှီသလောက် ထပ်မံတင်ပြခွင့်ပြုပါမည့်အကြောင်းကို ရိုသေစွာ လျှောက်ထားအပ်ပါသည်။

www.dhammaransi.com



(မှတ်ချက် ။ ။ ဤပဌမကိစ္စအဆုံးသတ်ပြီးမှ ကျန်ကိစ္စများကို ဆက်လက်ရှင်းလင်းတင်ပြပါမည်။)

## ဝိသုဒ္ဓိမဂ် မြန်မာပြန်ကိစ္စ ဖြေရှင်းချက်
(မိုးကြိုးသတင်းစာ ၂၈-၅-၆၃)

၂၀-၅-၆၃ နေ့ထုတ် မိုးကြိုးသတင်းစာ၌ ဓမ္မာစရိယဦးစိန်နီ (သံလျင်တောရ)ဟူသော အမည်ဖြင့် အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား၏ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်းမှ အချက် (၂၂)ခုနှင့် စပ်လျဉ်း၍ ဝေဖန်ထားသည်ကို တွေ့ရသဖြင့် ၎င်းသတင်းစာကို ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားအား ဆက်ကပ်လိုက်ရာ အောက်ပါ အတိုင်း ရှင်းလင်း၍ မိန့်ကြားတော်မူလိုက်ပါသည်။

(၁) ဒီဆောင်းပါးရှင်က ယာထာဝ သရသ ပုဒ်၏အနက်ကို အဋ္ဌကထာ ဋီကာ အဖွင့်များနှင့်အညီ အမှန်အတိုင်း မသိသောကြောင့် ထိုသို့ ဝေဖန် ခြင်းဖြစ်သည်။ "ယာထာဝ" ပုဒ်နှင့် တွဲ၍ဆိုထားသော သရသပုဒ်၏အနက်မှာ ကိစ္စရသမဟုတ် သဘာဝသာလျှင်ဖြစ်သည်။ ဝိသုဒ္ဓိမဂ်မဟာ ဋီကာပဌမအုပ် နံပါတ်(၂၁၆)၌ "ယာထာဝ သရသန္တိ ယထာဘူတံ သဘာဝံ၊ ယာထာဝတောရသီယတိ ဉာယ တီတိရသော သဘောဝေါ" ဟူ၍လည်းကောင်း၊ ဋီကာဒုတိယအုပ်နံပါတ်(၃၆၂)၌ "ယာထာဝ သရသ ကေတိယထာဘူတသဘာဝတော" ဟူ၍လည်းကောင်း ဖွင့်ဆိုထားသည်။ ထိုအဖွင့် (၂)ရပ်ဖြင့် ယာထာဝသရသပုဒ်ကို မဖောက်မပြန် မှန်ကန်သော သဘောဟူ၍သာ အနက်ပြန်သင့်ကြောင်းပါဠိပညာရှိတိုင်း သိနိုင်၏။

ထို့ပြင် ဝိဘင်းမူလဋီကာနံပါတ်(၉၂)၌ "ရသိတဗ္ဗောပဋိဝိဇ္ဈိ တဗ္ဗော သဘာဝေါရသော၊ အတ္တနော ရသော သရသော၊ ယာထာဝေါ သရသော ယာထာဝသရသော၊ သော ဧဝလက္ခဏံတဗ္ဗတ္တာလက္ခဏန္တိယာ ထာဝသရသ လက္ခဏံ" ဟူ၍ အသေးစိတ် ဝစနတ္ထများနှင့်တကွ ရှင်းလင်းပြတ်သားစွာ ဖွင့်ပြထားသည်။ ဤမူလဋီကာအဖွင့်ဖြင့်လည်း ယာထာဝ သရသလက္ခဏ ပိုဒ်၏အနက်မှာ "မဖေါက်မပြန် မှန်ကန်သော မိမိ၏ သဘောလက္ခဏာ" ဟူ၍သာဖြစ်ကြောင်း ပါဠိပညာရှိတိုင်းသိနိုင်၏။

အဋ္ဌကထာဋီကာတို့တွင် "လက္ခဏနှင့် ရသ" နှစ်မျိုးလုံးကို ဆိုလို

www.dhammaransi.com



သောအခါ၌ "လက္ခဏ ရသ" ဟူ၍လည်းကောင်း၊ "သလက္ခဏာတော သရသတော" ဟူ၍လည်းကောင်း ဤသို့စသည်ဖြင့် ပြဋ္ဌာန်းသော အရင်းခံလက္ခဏာကို ရှေ့ထား၍သာဆိုလေ့ရှိသည်။ မပြဋ္ဌာန်းသော ရသကို ရှေ့ထား၍ ကမောက်ကမ ပြောင်းပြန်ဆိုလေ့မရှိချေ။

ထို့ပြင် ရုပ်နာမ်တရားတို့၏ လက္ခဏာမှာ "သဘာဝလက္ခဏ သာမညလက္ခဏာ" ဟူ၍ နှစ်မျိုးရှိရာတွင် ဤနာမရူပ ပရိစ္ဆေဒဉာဏ်အရာ ၌ အနိစ္စတာအစရှိသော သာမညလက္ခဏာကို မဆိုလို၊ ကက္ခဋတ္တစသော သဘာဝလက္ခဏာကိုသာလျှင် သိစေလိုသည်။ ထို့ကြောင့် လက္ခဏာပုဒ်ကို သရသပုဒ်ဖြင့် အထူးပြု၍ တိုက်ရိုက်ထင်ရှားပြဆိုထားချက်လည်း ရှိသေး၏။ တရားအားထုတ်သော ပုဂ္ဂိုလ်တို့မှာ ဉာဏ်အနအလတ် အမျိုးမျိုး ရှိသောကြောင့် အထူးဉာဏ်ထက်သော ပုဂ္ဂိုလ်အား ထိုအဘိဓမ္မတ္ထ သင်္ဂဟကျမ်း၌ မိန့်ဆိုသည့်အတိုင်း နာမရူပ ပရိစ္ဆေဒအရာ၌ပင် ပဒဋ္ဌာန်ဖြင့် ရှုခြင်းလည်း ဖြစ်နိုင်ရာသေး၏။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း နှင့်လည်း ညီစေရန် ဝိသုဒ္ဓိမဂ်မြန်မာပြန်၌ ပဒဋ္ဌာန်ကိုပါ အာဒိသဒ္ဒါဖြင့် ယူရန်ပြန်ဆို ထားခြင်းဖြစ်သည်။

(၂) ထို့ပြင် ဆောင်းပါးရှင်က "လက္ခဏရသာ ဒိဝသေနပဂ်ဂ္ဂဟေ တဗ္ဗာ" ဟူသော ရှုနည်းပြစကားကို နာမ်တရားနှင့်သာ ဆိုင်သည်။ ရုပ်တရားနှင့် မဆိုင်ဟူ၍ ဆိုပြန်၏။ ထိုဆိုချက်မှာလည်း သူ၏ "အတ္တနောမတိ" မျှသာဖြစ်ကြောင်း ထင်ရှားလှ၏။ ရုပ်တရားကို လက္ခဏာရသစသည်ဖြင့် မရှုလျှင် အဘယ်ဖြင့် ရှုရမည်နည်း။ အဘယ် ကျမ်းက ထိုသို့ ပြဆိုထားသနည်း။ ဘယ်ကျမ်းမှာမျှ ထိုသို့ပြဆိုထားချက် မရှိချေ။ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းကပင် နာမ်ရှုပုံနှင့် ရုပ်ရှုပုံကို မခွဲခြားဘဲ "လက္ခဏ ရသ ပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန နာမရူပ ပရိဂ္ဂဟော" ဟု တမျိုးတည်းဆိုထားသည်မဟုတ်ပါလော။ ထို့ပြင် "ယထာဝသရသ လက္ခဏ ဝသေန အဝိဝီဘူတာသု" ဟူသော စကားကို ရုပ်ကမ္မဋ္ဌာန်း၌ ရှုပုံပြသည်ဟု ဆောင်းပါးရှင်က ဆိုထားပြန်၏။ ၎င်းမှာလည်း ရှုပုံမဟုတ် ဘာဝနာဉာဏ်ရင့်လာသောအခါ၌ ထင်ပေါ်ပုံကို ပြခြင်းမျှသာ ဖြစ်ကြောင်း ပါဠိပညာရှိတိုင်း သိနားလည်နိုင်၏။

အထက်ပါအတိုင်း ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားက ရှင်းလင်း၍ အမိန့်ရှိလိုက်ပါသည်။ ထိုရှင်းလင်းချက်ဖြင့် "ယာထာဝရသ လက္ခဏာတော မှန်ကန်သော မိမိသဘော လက္ခဏာအားဖြင့်" ဟူသော

www.dhammaransi.com



ပြန်ဆိုချက်မှာ မူလ "မူလသဘာဝလက္ခဏာ" ဟု သိစေသည်။ ဘာဝ လက္ခဏာထပ်နေ၍ပိုသည်ဟု မဆိုအပ်။

ထို့ပြင် လက္ခဏာအားဖြင့် ထင်ရှားသည်ဟုဆိုလျှင် ရသ ပစ္စုပ္ပဋ္ဌာန်တို့ဖြင့် ထင်ရှားခြင်းလည်း ပဓါနနည်း၊ နိဒဿနနည်းအရဖြင့် ပါဝင်သွားသည်သာ ကျန်နေသည်ဟု မယူဆရ။ ဤသို့သော ယူပုံ ယူနည်းကိုလည်း ပါဠိပညာရှိတိုင်း သိနားလည်နိုင်၏။

သို့ဖြင့်၍ အထက်ပါဋီကာဖွင့်များနှင့် သဒ္ဒယုတ္တိ၊ အတ္ထယုတ္တိများကို အမှီပြုပြီးလျှင် ဝိသုဒ္ဓိမဂ် ဒုတိယအုပ်နံပါတ်(၂၂၂)မှ ယာထာဝသရသ လက္ခဏ ကေပုဒ်ကို မှန်ကန်သော မိမိ၏ သဘောလက္ခဏာအားဖြင့်ဟု ဝိသုဒ္ဓိမဂ် မြန်မာပြန်၌ ပြန်ဆိုထားသည်။ သီဟိုဠ်ဆရာတော်တို့ကလည်း ဤပုဒ်ကို ဤအတိုင်းပင် ပြန်ဆိုကြကြောင်းကို ဉာဏမောဠိ၏ ဝိသုဒ္ဓိမဂ် အင်္ဂလိပ် ဘာသာပြန်က ထောက်ခံလျက်ရှိ၏။ ၎င်းစာအုပ်နံပါတ်(၆၈၀) တွင် ဤယာထာဝသရသလက္ခဏကေပုဒ်ကို (Their Gorrect Essential Characteristies) ဟု ပြန်ဆိုထားသည်။ (အင်္ဂလိပ်ဘာသာပြန်ကို ဖော်ပြရခြင်းမှာ စာအုပ်မရှိသူတို့အတွက်ဖြစ်သည်)

(၃) ထို့ပြင် "လက္ခဏ ရသာ ဒိဝသေန လက္ခဏ ရသစသည် တို့၏ အစွမ်းအားဖြင့်" ဟု ဆိုထားသော ဝိသုဒ္ဓိမဂ်၌ (အာဒိ - စသည်)ဟူသော စကားဖြင့် ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်ကိုယူရန် ဝိသုဒ္ဓိမဂ်မြန်မာပြန်နံပါတ် (၈၅)တွင် ညွှန်ပြထားသော မှတ်ချက်နှင့် စပ်လျဉ်း၍လည်း ဆောင်းပါးရှင်က ပဒဋ္ဌာန်ကို မယူလို၍ သူ၏ "အတ္တနောမတိ" မျှဖြင့် ထင်မြင်ချက်ကို ဖော်ပြထားသည်။

ဤအရာ၌ ဆင်ခြင်ရန်ကား ဝိသုဒ္ဓိမဂ်ကို မြန်မာပြန်သည်မှာ မိမိသဘောအတိုင်း ရေးလိုရာကို ရေးနိုင်ခွင့်မရှိ၊ ထိုကျမ်းဆရာ၏ အာဘော်အတိုင်းသာ ရေးနိုင်ခွင့်ရှိသည်။ "လက္ခဏရသာဒိ"၌ အာဒိသဒ္ဒါဖြင့် ပဒဋ္ဌာန်မပါဘဲ ပစ္စုပဋ္ဌာန် တခုတည်းကိုသာဆိုလိုသည်ဟု ယူရန် သံသယမကင်းပေ။ ပစ္စုပဋ္ဌာန်တခုတည်းအတွက်သာဆိုလျှင် "လက္ခဏ ရသာဒိ" ဆိုမည့်အစား "လက္ခဏရသပစ္စုပဋ္ဌာနံ" ဟု ဆိုဖွယ်ရာရှိ၏။ ဤအရာ၌ အဋ္ဌသာလိနီနံပါတ်(၁၅၁)တွင် "ဝစနတ္ထလက္ခဏရသာဒီဟိ" ဟု အာဒိဖြင့် ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်ကို ပြထားသည်ကိုလည်း သတိပြု သင့်၏။ ထို့ပြင် ပဒဋ္ဌာန်ကို မယူသင့်ကြောင်း ဖော်ပြရန်လည်း ခိုင်လုံသော သာဓက

www.dhammaransi.com



ပါဌ်မရှိချေ။ မရှိရုံမျှသာမဟုတ် အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၌ "လက္ခဏရသ ပစ္စုပ္ပဋ္ဌာန ပဒ ဋ္ဌာနဝသေန နာမရူပ ပရိဂ္ဂ ဟောဒိဋ္ဌိ ဝိသုဒ္ဓိနာမ" ဟု ပဒဋ္ဌာန်၏ အစွမ်းအားဖြင့်လည်း ရှုရကြောင်း ဋီကာ၊ မဟာဋီကာတို့နှင့် အညီ မှန်ကန်သော ပြန်ဆိုချက်ဖြစ်သည်ဟူ၍လည်းကောင်း၊ လက္ခဏရသ ဒိဝသေနပုဒ်မှ "အာဒိ" စသည်ဟူသောစကားဖြင့် ပဒဋ္ဌာန်ပါယူရန် ညွှန်ပြချက်မှာလည်း ဝိသုဒ္ဓိမဂ် ကျမ်းပြုဆရာတော် အရှင်မဟာ ဗုဒ္ဓဃောသ၏အလိုနှင့် ညီသည့်အပြင် အဘိဓမ္မတ္ထသင်္ဂဟကျမ်းနှင့်လည်း တိုက်ရိုက်ညီညွတ်သည်ဟူ၍လည်းကောင်း၊ ပညာရှိတို့ သံသယကင်းရှင်းစွာ နှင့် မှတ်သားနိုင်ကြလိမ့်မည်ဟု မျှော်လင့် ပါသည်။

နိဂုံးချုပ်အနေဖြင့် ဆောင်းပါးရှင် ဓမ္မစရိယဦးစိန်ခိုအား ကျွန်တော်က သတိပေးစကားတစ်ခုကို မေတ္တာလက်ဆောင်အဖြစ်ပါး လိုက်ပါရစေ "မိတ်ဆွေ၏ ဆောင်းပါးတွင် ကျိုက်ထိုမြို့ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ၏ မြန်မာပြန်ဝိသုဒ္ဓိမဂ်ကျမ်းကို ဆဋ္ဌသံဂါယနာမူ" ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။ သို့သော် ၎င်းကျမ်းမှာ ဆဋ္ဌ သံဂါယနာတင် ဆရာတော်တို့နှင့် မည်သို့မျှမသက်ဆိုင်ကြောင်း သိရပါသည်။ ၎င်းစာအုပ်၏ မျက်နှာဖုံးစသည်တို့၌လည်း "ဆဋ္ဌသံဂါယနာမူ" ဖြစ်ကြောင်း ဖော်ပြချက်မရှိပါ။ သို့ဖြစ်ပါ၍ ဆဋ္ဌသံဂါယနာတင်ဆရာတော် တို့ကတည်း ဖြစ်သုတ်သင်ခြင်း၊ အသိအမှတ် ပြုခြင်းမရှိသော ကျမ်းစာကို ဗုဒ္ဓသာသနာ အဖွဲ့ပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေ ယုံမျှဖြင့် "ဆဋ္ဌသံဂါယနာမူ" ဟူ၍မယူသင့်၊ မဆိုသင့်ကြောင်းကြောင်းကို မေတ္တာလက်ဆောင် အဖြစ်ဖြင့် သတိပေးစကား ရေးသားဖော်ပြလိုက်ပါကြောင်း။

မင်္ဂလာအောင်မြင့်
သာသနာ့ရိပ်သာ
ကုက္ကိုင်း - ရန်ကုန်
၂၂-၅-၆၃

(ဖြည့်စွက်ချက်။ ။နိဂုံးစကားအရ မူလဆောင်းပါးတွင် ပြင်ဆင်လိုက်ပါသည်)

www.dhammaransi.com



# သိကြားစောင့်မည့် ရဟန္တာခေတ်
(မိုးကြိုးသတင်းစာ ၁-၆-၆၃)

ကျွန်တော်သည် ယခင်ဆောင်းပါးတွင် ရဟန္တာများ အဆင့်အတန်း အလိုက်ယခုခေတ်၌ ဖြစ်ထိုက်ပုံကို စာဖတ်သူပရိသတ်အပေါင်းအား စိစစ်တင်ပြခဲ့ပေသည်။ ယခုဆက်လက်ပြီး အနည်းငယ်ရှင်းပြရပါမူ . . .

ရှေးယခင်က ကဿပအမှုးရှိသော သံဂါယနာတင် မထေရ် အဆက်ဆက်တို့ တင်ထားခဲ့သည့် သုတ်သီလက္ခန် ပါဠိတော်တွင် အမ္ဗဋ္ဌသုတ်၏အဖွင့်၌ . . .

မြတ်ဘုရား၏ သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် ကူညီစောင့်ရှောက်ရန် တာဝန်ယူပါမည်ဘုရားဟု ဝန်ခံလျှောက်ထားကြ သော သိကြားမင်းနှင့် စတ္တုပါဒ (ခေါ်) ဝဇီရပါဏိဘီလူးမင်း (၂)ဦးတို့ အကြောင်း ဖော်ပြရန်ပါရှိပြန်လေသည်။

ထိုအမ္ဗဋ္ဌသုတ်လာစကားအရ သိကြားက တာဝန်ယူထားခဲ့ဘူး သော်လဲ ယခုလို သာသနာညှိုးနွမ်းနေချိန်တွင် ထူးထူးထွေထွေ သိကြားမင်းက မစောင့်ရှောက်ဘဲနေသည့်အတွက် သိကြားမင်းဟာ တာဝန်မကျေဘဲ သူ၏ သုဇာတာ၊ သုမာလာ၊ သုနန္ဒာ၊ သုစိတ္တာဆိုတဲ့ ဒေဝစ္ဆရာနတ် မိဖုရားကညာများနှင့်သာ ပျော်မွေ့နေဟန်ရှိ၍ စလေ ဆရာကြီးဦးပုညက သူမကျေနပ်ပုံကို . . .

ဘုရားက သိကြားမှာသည် ဋ္ဌကထာစကားစသဖြင့်လည်းကောင်း၊ ပစ်ရာမဲ့ဝရဇိန်ငယ်၊ ပန်းတိမ်မှာပြင်တုန်းထင့်လေး...စသဖြင့်လည်းကောင်း၊ သိကြားစောင်းတေးထပ်ကလေးရေးစပ်ထားခဲ့သည်ကို ငယ်စဉ်က မိဘများ ပြောကြား၍ သိခဲ့ရဘူးလေသည်။ သိကြားမင်းက သာသနာ့ ရန်စွယ်ကို ပစ်ခွင်းမယ်ဆိုတဲ့ သူရဲ့ဝရဇိန်လက်နက် မိုးကြိုးစက်ကြီးမှာ ပျက်နေ၍ ပန်းတိမ်တွင် အပြင်ခိုင်းထားတုန်းဟု ထင်တယ်လို့ သရော်ထားခြင်းပင် ဖြစ်လေသည်။

အထက်ပါ သိကြားနှင့် စတ္တုပါဒဘီဘူး (၂)ဦးတို့ လျှောက်သည် ဆိုရာတွင် ဘုရားရှင်က စတ္တုပါဒဘီလူးအား သူ့သာသနာကို စောင့်ရှောက် ခွင့်မပြုဘဲ သိကြားမင်းကိုသာ ခွင့်ပြုခဲ့သည်ဟု အကြမ်းဖျင်းသိရဘူး သော်လည်းအမှန်မှာ သိကြားမင်းက ဘီလူးယောင်ဆောင်လာပြီး ဝရဇိန်

www.dhammaransi.com



(ခေါ်) တူလက်နက်ကြီးကိုင်လာခြင်းဖြစ်၏။

ထိုတွင် စလေဆရာကြီး ဦးပုညက သိကြားမင်းသည် သာသနာ့ရန်သူတွေကို ဝရဇိန်လက်နက်နှင့် ပစ်ခွင်းသတ်ဖြတ်ပြီး သာသနာပြုရမည့်သဘောမျိုး ရေးစပ်ထားသော်လည်း အမှန်မှာ သိကြားသည် ဘုရားရှိစဉ်က သက္ကပဉှသုတ်ကို ကြားနာရ၍ သောတာပန် အရိယာဖြစ်သွားသည် ဖြစ်ရာ သောတာပန်ဟူသည် ကံငါးပါးကို မိမိ၏ အသက်နှင့်လဲပြီး စောင့်ထိန်းတတ်သောကြောင့် အခြားနည်းပရိယာယ်ဖြင့်သာ သာသနာကို စောင့်မည့် လက်နက်ကြီးတွေနဲ့တော့ ပစ်သတ်ပြီး သာသနာမပြုဟု ယူဆရပေသည်။

ထိုမှတပါး ရှေးအင်းဝခေတ်က ၎င်းသိကြားမင်း၏ သာသနာရေးကိစ္စနှင့် ပတ်သက်ပြီး အဖြစ်အပျက်ကလေးတရပ်ကို သိကြားရဘူးသည်ကား...

အရှင်ခေမစာရဆရာတော်သည် အင်းဝခေတ် မင်းကြီးစွာစော်ကဲလက်ထက် (၇၃၀)ခုနှစ်တွင် ထင်ရှားသော ဆရာတော်ဖြစ်သည်။ သို့သော် မင်းကမချီးမြှင့်...

ထိုသို့ သီလဝန်ဂုဏဝန်မဟုတ်သော ပုဂ္ဂိုလ်များကိုသာ ဘုရင်က ချီးမြှောက်နေသဖြင့် ဆရာတော် ညဥ့် (၂)ချက်တီးအချိန်တွင် ဘုရားရှေ့၌ဆွဲထားသော စည်ကြီးကို အချက်များစွာ တီးခတ်လေသည်။ ဘုရင်က စုံစမ်းမေးမြန်းသောအခါ...

"သိကြားမင်း သေ၍ စည်တီးသည်၊ သိကြားမင်းသည် မြတ်စွာဘုရားထံ၌ သာသနာကို စောင့်ရှောက်ပါမည်ဟု ဝန်ခံထားလျက် ယခုမစောင့်ရှောက်သောကြောင့် သိကြားမင်းသေကြောင်းသိရသည်" ဟု အမိန့်ရှိလေသည်။

ထိုသို့ မိန့်သည့်အတွက် ဘုရင်မင်းမြတ်သည် သတိရကာ ဆရာတော်အား ဝမ်းဘဲအင်းမြောက်ဘက်ဒန့်တောရပ်၌ ကျောင်းဆောက်ကိုးကွယ်လေသည်ဟုပင် ဖြစ်ပေသတည်း။ မှတ်ဖွယ်တရပ်ပင်။

ထိုသို့ သိကြားက လျှောက်၍ ခွင့်ပြုသည်ဟုသာပါပြီး သာသနာ (၅၀၀၀)ဟူ၍လည်းကောင်း၊ ထို (၅၀၀၀)အနက် ကျန် (၂၅၀၀) သာသနာတဝက်ကို သိကြားစောင့်ရမည်။ သိကြားသာသနာဟူ၍လည်းကောင်း မဆိုကြောင်းကို ပညာရှင်များက သတိထားကြရမည်။

သို့သော် သာသနာ (၅၀၀၀)ဆိုရာ၌ အဋ္ဌကထာဆရာတို့က

www.dhammaransi.com



ခေတ်ငါးခေတ်ဖြင့် ထပ်မံဝေဖန်ထားပုံကိုလည်း စာဖတ်သူတို့ စုံလင်စွာ ဖတ်သိကြစေရန် ဖော်ပြပါအံ့ . . .။

(၁) အရိယာတွေပေါများပြီး ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ ပွင့်လင်းလာသော ကာလသည် ဝိမုတ္တိယုဂခေတ်မည်ပြီး အချိန်အားဖြင့် အနှစ်တထောင်ကြာမည်။

(၂) သမထတရားတွေ ပေါ်ထွန်းပြီး မြေလျှိုးမိုးပျံရှာန် အသိဉာဏ်တွေ ပွင့်လင်းသည့် ကာလသည် သမာဓိခေတ်မည်၍ ကာလအားဖြင့် အနှစ် တထောင်ကြာမည်။

(၃) ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလစတဲ့ လူသာမဏေသီလ၊ ရဟန်း ဝိနည်းတရားတော်သီလများ ထွန်းကားပြီး ထူးထူးခြားခြား သီလကို မကျိုးမပေါက် မပျောက်မကြားအောင် စောင့်ထိန်းသူတွေ ထွန်းလင်းသည့် ကာလသည် သီလခေတ်မည်၍ ကာလအားဖြင့် အနှစ်တထောင်ကြာမည်။

(၄) စာပေကျမ်းဂန် ဓမ္မက္ခန်တွေကို သင်အန်လေ့လာသူတွေပေါများပြီး အထူး သဖြင့် စာတတ်ပေတတ်သူတွေ ထွန်းကာသောကာလသည် သုတခေတ် မည်၍ အနှစ်တစ်ထောင်ကြာမည်။

(၅) အလှူ လှူမှု၊ ပေးကမ်းစွန့်ကြဲမှုတွေ ပေါ်များပြီး လူတိုင်းလူတိုင်း နေ့စဉ်နှင့်အမျှ အလှူအတန်းကိုသာ ဂုဏ်ပြိုင်ပြီး လှူနေရာ ကာလသည် ဒါနခေတ်မည်၍ ကာလအားဖြင့် အနှစ်တစ်ထောင် ကြာမည်။

ယင်းအထက်ပါခေတ်ငါးခေတ်ကို တွက်စင်ကြည့်ပါမူ တစ်ခေတ် လျှင် အနှစ်တစ်ထောင်စီကြာသောကြောင့် ငါးထောင်ရှိသည်ကို သိနိုင် ပေသည်။ ဤကား သာသနာနှစ် (၅၀၀၀)ကို ခေတ်ငါးခေတ်နှင့် ဝေဖန်ချက် ဖြစ်၏။

ထို့တွင် ထူးခြားချက်ကားအထက်၌ ဖော်ပြခဲ့သည့်နံပါတ်စဉ် အတိုင်းယခုအခါ သာသနာနှစ် (၂၅၀၆)နှစ်ကုန်လွန်ပြီဖြစ်၍ (၁)နံပါတ်အရ ဝိမုတ္တိခေတ် တစ်ထောင်နှင့် (၂)နံပါတ်အရ သမာဓိခေတ်တစ်ထောင်ပေါင်း နှစ်ထောင်ဝပ်မှာ ကုန်ခဲ့ပြီး (၃)နံပါတ်အရသီလခေတ်တစ်ထောင်ထဲတွင် (၅၀၇)နှစ်ဝင်နေပြီဖြစ်၏။

ထို့ကြောင့် ယခုအခါတွင် ရဟန္တာစသော အရိယာများနှင့် ဈာနလာဘီ

www.dhammaransi.com



ပုဂ္ဂိုလ်ထူးတွေ မရှိနိုင်၊ သာမန်ဖြစ်သော လူတို့၏ ဂဟဋ္ဌသီလ၊ ရဟန်းတို့၏ ဝိနည်းတော် သီလများလောက်သာ စောင့်ထိန်းနိုင်ကြပြီး နောက်ပိုင်းအကျန် သာသနာ (၂၅၀၀)အတွက် မျှော်လင့်ချက်မရှိ ဒါနမှု၊ သီလမှု၊ စာပေလေ့လာမှုတို့မျှဖြစ်သာ အချိန်စေ့ပြီး သာသနာကွယ်တော့မည်ဟု မယူဆရ။

အမှန်မှာ ခေတ်ငါးခေတ်ကို (၅၀၀)စီခွဲပြီး အောက်ပါအတိုင်း သတ်မှတ် ယူရမည်။

(၁) အရှင်မဟာကဿပ အစရှိသော ပဋိသမ္ဘိဒါပတ္တရဟန္တာကြီးတွေရှိစဉ် လွန်ခဲ့တဲ့အနှစ် (၂၅၀၇)ခုနှစ်မှ ယခုအချိန်ထိ အားလုံးသော ခေတ်ငါးခေတ်ထဲမှ နံပါတ်စဉ်အတိုင်း (၅၀၀)စီ ကျန်နေသေးသည် ဖြစ်ရာ ငါးရာ ငါးလီ (၂၅၀၀)သာသနာ တစ်ဝက်ကုန်ခဲ့ပြီးဖြစ်၏။

(၂) ယခုအခါတွင် ကျန်သာသနာ (၂၅၀၀)အတွက် (၁)နံပါတ် ဝိမုတ္တိခေတ်မှ လက်ကျန် (၅၀၀)ထဲသို့ (၇)နှစ်စဝင်လာသည်ဖြစ်၍ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွင် ပွင့်လင်းလျက် ဝိမုတ္တိယုဂခေတ်အားလျော်စွာ ရဟန္တာတွေ ပေါ်လာပုံကို သိကြရပေမည်။

(၃) ထို့ကြောင့် ဝိမုတ္တိယုဂခေတ်ဆန်းစဖြစ်၍ နောင်အနှစ် (၅၀၀) တိုင်တိုင် တေဝိဇ္ဇပတ္တ ရဟန္တာတွေအထိ ဖြစ်နိုင်ပုံကို သိကြရမည်။

(၄) ထိုသို့ ဝိမုတ္တိခေတ် (၅၀၀)ကုန်ပြီးနောက်မှ (၂)နံပါတ်သမာဓိခေတ် (၅၀၀) စသဖြင့် အဆုံးဒါနခေတ် (၅၀၀)အထိ ကျန်သာသနာနှစ် (၂၅၀၀)ကုန်၍ သာသနာ (၅၀၀၀)စေ့ပြီး ဂေါတမဘုရား သာသနာကွယ်ပြီဟု အဋ္ဌကထာ စကားအရ ယူဆစရာရှိပေသည်။

(၅) သို့သော် ဘုရားစကားပါဠိတော်များအရဆိုမူ ကြိုးစားသူ ဗုဒ္ဓဘာသာဝင်တို့ ရဲ့အပေါ်၌သာ မူတည်နေသည် တစ်ကြောင်း၊ ဆဋ္ဌမူ - ဒီဃ နိကာယ်၊ သုတ္တန်ပိဋကတ် မဟာဝဂ်ပါဠိတော် မြန်မာပြန် စာမျက်နှာနံပါတ်(၂၈၀) မဟာသတိပဋ္ဌာနသုတ်နိဂုံးတွင် . . .

"ရဟန်းတို့ မည်သည့် ပုဂ္ဂိုလ်မဆို သတိပဋ္ဌာန်လေးပါးတို့ကို (၇)ရက်ပတ် လုံးမှ (၇)နှစ်တို့ ပတ်လုံးတွင် ဤဟောပြောသော နည်းဖြင့် ပွားများအံ့။ ထိုပွားများသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန်အကြွင်း ရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ၊ ဤဖိုလ် (၂)ပါးတို့တွင် တပါးပါးသော ဖိုလ်ကို အမှန်ရပေမည်" ဟု

www.dhammaransi.com



ဆိုထားသည် တစ်ကြောင်း...။

ထို့ပြင် ဤအချိန် ဤအခါတွင် သတိပဋ္ဌာန်ဒေသနာအရ ကာယဒေနာ စိတ္တာဓမ္မာတည်းဟူသော သတိပဋ္ဌာန်လေးပါး အကျင့်မြတ်တရားကို ညွှန်ကြား ပြသနေကြသော ပုဂ္ဂိုလ်ကျော်များ ပေါ်ပေါက်လျက်ရှိပြီး ထိုတရားကို ကျင့်ကြံ အားထုတ်သော ကမ္မဋ္ဌာန်းတိုက်များလည်း ထူးခြားစွာ ပေါ်ပေါက်လျက်ရှိနေပြီ ဖြစ်သောကြောင့် ဤအချိန်တွင် ရဟန္တာများ မကြာခဏ ပေါ်ပေါက်လာမည်ကို ကျွန်တော်တို့ စောင့်ကြည့်ရန်သာ လိုတော့ကြောင်းဖြင့် ရေးသားလိုက်ရပါ သတည်း။

## ဝိသုဒ္ဓိမဂ် မြန်မာပြန်ကိစ္စ ဒုတိယနှင့် နောက်ဆုံးဖြေရှင်းချက်

(မိုးကြိုးသတင်းစာ ၃-၆-၆၃)

"ဓမ္မစရိယ ဦးစိန်နီ" ဟူသော အမည်ဖြင့် ဒုတိယအကြိမ်တင်ပြသော ဝေဖန်ချက်နှင့် စပ်လျဉ်း၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားက အောက်အတိုင်း အမိန့်ရှိလိုက်ပါသည်။

ဒီဝေဖန်ချက်ကို ရေးသူက ဘယ်လိုပင် ဖြေရှင်းသော်လည်း သူသဘောကျ ထားသည့်အတိုင်း မဟုတ်ပါလျှင် တနည်းနည်းဖြင့် ထပ်ပြီး ဝေဖန်ရေးသားနေဦးမှာဘဲ။ ဒီလို အငြင်းအခုံ အပြန်အလှန် လုပ်နေတာ မျိုးကိုတော့ ငါတို့က အလိုမရှိဘူး။ ပဌမတကြိမ် ဖြေရှင်းလိုက်တာတောင်မှ ပိုသွားသေးသည်။ ပရိယတ်၊ ပဋိပတ် ကိုယ့်လုပ်ငန်းစဉ်မှာ အနှောက် အယှက်ဖြစ်ရုံပါဘဲ။ ဘာမှ အကျိုးရှိမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီတကြိမ် တော့နောက်ဆုံးအနေနှင့် နည်းနည်းရှင်းပြလိုက်ဦးမည်။

ဝေဖန်ချက်ရေးသူတနေ့က ထုတ်ပြလိုက်သည့် ဋီကာအဖွင့်များကို အသုဘရုပ္ပွားခန်း၊ နာမ်-ရုပ် တွဲ၍ ရုပ္ပွားခန်းမှ စကားများဖြစ်၍ ဓါတ်လေးပါးရုပ္ပွားခန်း နှင့် မဆိုင်ကြောင်းဆိုထား၏။ ပဒတ္တပုဒ်အနက်ဆိုတာ မည်သည့်အပိုင်းကဖြစ်စေ၊ အနက်ခြင်းတူသင့်လျှင် အကုန်လုံးဆိုင်ပါသည်။ သဘာဝတ္တမျှသာကွဲပါသည်။ ငါတို့ထုတ်ပြတာက "ယာထာဝသရသ" ပုဒ်နှင့် "ယာထာဝသရသ လက္ခဏ" ပုဒ်တို့မှ သရသ သဒ္ဒါကို သဘာဝအနက် ဟောချည်းဖွင့်ပြချက်ရှိကြောင်း။ ကိစ္စ ရသ အနက် ဟောဟူ၍ ဖွင့်ပြချက်

www.dhammaransi.com



မရှိကြောင်း သိစေရန် ထုတ်ပြခြင်းဖြစ်သည်။

"ယာထာဝသရသ လက္ခဏတော၊ အာဝဇ္ဇတာသု စိတ္တေသု" ဟူသော ဤဝိသုဒ္ဓိမဂ်၌မူ ၎င်းသရသပုဒ်ကို မည်သို့မျှဖွင့်ပြချက်မရှိပေ။ ထိုသို့ မရှိခြင်းမှာ လည်း တနေ့က ထုတ်ပြန်ခဲ့တဲ့ မူလဋီကာပါဠိနှင့် အလားတူပင် မဟာဋီကာ ဒုတိယတွဲ နံပါတ်(၂၅၇)၌ အပြည့်အစုံပင်ဖွင့်ပြခဲ့ပြီး ရှိသောကြောင့် ဟူ၍သာ ယူအပ်၏။ ဤသို့ နောက်ပိုင်း၌ အဖွင့်မရှိလျှင် ရှေ့ပိုင်းက အဖွင့်အတိုင်း ယူရသည်မှာ အဋ္ဌကထာဋီကာတို့၌ ယူရိုးယူစဉ်ပင် ဖြစ်သည်။ ထို့ကြောင့် ထိုဋီကာ အဖွင့်နှင့် အညီမပြန်ဆို ထိုဋီကာ တို့နှင့် ဆန့်ကျင်ရုံမျှမက လက္ခဏရသဟူ၍သာ အစဉ်အတိုင်းဆိုလေ့ရှိသော အဋ္ဌကထာကိုလည်း အစဉ်မကျကမောက်ကမနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်စေရာရောက်၏။ ဝေဖန်ချက်ရေးသူက သူ့အားကိုးသော သာဓကကို မထုတ်ပြသေးသော်လည်း ဝိသုဒ္ဓိမဂ် ပဌမတွဲနံပါတ်(၃၄၆)နှင့် (၃၄၇)တို့၌ ပြဆိုထားသော "ထဒ္ဓဘာဝေါ ဝါခရဘာဝေါဝါ" စသည်နှင့် ၎င်း၏ အဖွင့်မဟာဋီကာ ပဌမတွဲနံပါတ်(၄၃၃)၌ "ဥပဋ္ဌာနာ ကာရောစ နာမဓါတူနံ သကိစ္စကရ ကာဝသေနဉာဏ သဟဇ္ဇတာကာရော (ပ) သလက္ခဏတော သရသတောပိ ပရိဂ္ဂဏှာတိ" စသည်ကို တထစ်ချ ယူထားဟန်တူ၏။ ထိုပါဠိ၌ လက္ခဏနှင့် ရသကို အစဉ်ကျအောင် ဆိုထားသည်ကို သတိပြုသင့်၏။ ထို့ပြင် ထိုအခဏ်း၌ ဓါတ်တို့ကို ရှုနည်းများမှာ လက္ခဏနှင့် ရသတို့ဖြင့် ရှုပုံတနည်းမျှ သာမဟုတ်ပေ။ သ သမ္ဘာရ သင်္ခေပစသည်ဖြင့် (၄)နည်း၊ ဝစနတ္ထစသည်ဖြင့် (၁၃)နည်းတို့လည်း ရှိကြသေး၏။

ထိုနည်းအလုံးစုံကိုပင် ရည်၍ ဝိသုဒ္ဓိမဂ် ဒုတိယတွဲစာမျက်နှာနံပါတ် (၂၂၂)၊ စာပိုဒ်နံပါတ် (၆၆၄)၌ "တေသံ တေသံ ဓါတုပရိဂ္ဂဟမုခါနံ အညတရဝသေန ဓါတူ ယောပရိဂ္ဂဏှာတိ၊ ထိုထိုဓါတ်ကို သိမ်းဆည်းကြောင်း နည်းအမြွက်တို့တွင် တပါးပါးသော နည်းအမြွက်၏ အစွမ်းဖြင့် ဓါတ်လေးပါးတို့ကို သိမ်းဆည်း၏" ဟု မိန့်ဆိုထားသည်။ ထိုစကားရပ်ဖြင့် သာလျှင် ရှုပုံကိုပြပေသည်။

ထိုသို့ ပြရာတွင်လည်း လက္ခဏရသတို့ဖြင့် ရှုပုံတနည်းကိုသာ ပြသည် မဟုတ်။ ရှေးပဌမတွဲ၌ ပြခဲ့သော (၁၈)နည်းလုံးကိုပင်ပြပေသည်။ ထိုတွင် ဝစနတ္ထ စသည်ဖြင့် ရှုပုံ (၁၃)နည်းထဲ၌ လက္ခဏရသ ပစ္စုပဋ္ဌာန် (၃)ပါးလုံးဖြင့် ရှုပုံလည်း တနည်းပါဝင်လျက်ရှိ၏။ ထိုသို့ရှုရာ၌ "ဧကမေကေန

www.dhammaransi.com



မုစေန ဓါတုယောပါကဋ္ဌာ ဟောန္တိ" ဟု ဝိသုဒ္ဓိမဂ်ပဌမတွဲ နံပါတ်(၃၆၇)၌ ပြဆိုထားသောကြောင့် မူလရှုသော နည်းတမျိုးမျိုးဖြင့်ပင် ဓါတ်တို့ ထင်ပေါ်ကြောင်း သိရ၏။ ထို့ကြောင့် လက္ခဏရသ တို့ဖြင့်သာ ထင်တတ်သည် မဟုတ်သေး။ ပစ္စုပဋ္ဌာန်ဖြင့်လည်း ထင်တတ် သေးသည်ပင်။

သို့ဖြစ်၍ ယာထာဝသရသလက္ခဏာတော့ပုဒ်ကို မဖော်ကမပြန်မိမိ၏ ကိစ္စ လက္ခဏာဖြင့်ဟု ပြန်ဆိုသော်လည်း ဝိသုဒ္ဓိမဂ်ဓါတုဝဝတ္ထာန်က ပြဆိုချက်နှင့်အညီ ထင်ပေါ်ပုံမပြည့်စုံသေးသည်ပြင်ပ ဒတ္ထအားဖြင့် ဋီကာ အဖွင့်များနှင့် မညီခြင်း၊ လက္ခဏရသဟု အစဉ်မကျဘဲ ကမောက်ကမ ဖြစ်ခြင်းဟူသော အဖြစ်များသာ ရောက်ဖွယ်ရှိသည်ဟု မိန့်ကြား လိုက်ပါသည်။

ဤဖြေရှင်းချက်သည် နောက်ဆုံးဖြစ်ပါသည်။ နောက်နောင်ကို သတင်းစာမှ ဖြေရှင်းတော့မည် မဟုတ်ပါ။ ဓမ္မာမကပုဂ္ဂိုလ်များသည် ဥပုသ်နေ့တိုင်း နေ့ (၂)နာရီမှ (၄)နာရီအတွင်း သာသနာ့ရိပ်သာဖလ်ယာဉ် ဓမ္မရုံသို့ လာရောက်၍ ဆရာတော်ဘုရားကြီး၏ တရားတော်ကို ကြားနာ နိုင်ကြပါသည်။

## မိုးကြိုး၏ ဒုတ်ထမ်းတရား
(မိုးကြိုးသတင်းစာ ၅-၆-၆၃)

ကျွန်တော်သည် သံလျင်တောရသို့ လွန်ခဲ့သော တနင်္ဂနွေနေ့က သွားရောက် ပြီး ဦးလေးဦးအုန်းခင် (မိုးကြိုး)နှင့် တွေ့ဆုံပါသည်။

ကျွန်တော် - ဦးလေးတရားအားထုတ်တာ ဘယ်အခြေလောက်ရောက် နေပြီဟု ယူဆသလဲ။

မိုးကြိုး - ကိုယ်ရည်မှန်းတဲ့ ပန်းတိုင်ကိုတော့ မရောက်သေးဘူး။ ဒါပေမယ့် တနေ့ထက် တနေ့နီးတော့လာပြီ။

ကျွန်တော် - နောက်ဘယ်လောက်လောက်ကြာအောင် တရားအားထုတ် နေဦးမှာလဲ။

မိုးကြိုး - အနည်းဆုံးတော့ ဒီတဝါကုန်အထိ နေရပုံပေါက်နေတယ်။

ကျွန်တော် - ကျွန်တော်ရေးနေတဲ့ ဆောင်ပါးတွေကို ဦးလေးဘယ်လို ထင်သလဲ။

www.dhammaransi.com



မိုးကြိုး - ကောင်းပါတယ်။ ဒါပေမယ့် ငါသာရေးရရင် ဒီထက်အဆီအသား ပါမယ်။ မင်းတို့က ပါဠိတွေ ဘာတွေနဲ့ ရေးတော့ သူများ မပြောနဲ့ ငါတောင် ကောင်းကောင်း နားမလည်ဘူး။

ဒါထက် မဟာစည်ဆရာတော်ဟာ မင်းရဲ့ဆရာတော်ဘဲမဟုတ်လား။ ဆရာကို တပည့်က တဘက်မှနေပြီး ရှေ့နေလိုက်ကာ ပြန်ကောတယ်ဆိုတော့ နေရာကျပါ့မလား။

ကျွန်တော် - ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကို အရိယာပုဂ္ဂိုလ် ကြီးဟူ၍ ကျွန်တော်ယုံကြည်ကိုးကွယ်ပါတယ်။ ဆရာလဲ ဆရာပါဘဲ။

ဒါပေမယ့် ရဟန္တာများတောင် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ရမှ စာတတ် လမ်းဆုံးတယ်။ ဒီတော့ ထိုဉာဏ်မရသော ပုဂ္ဂိုလ်များရေးသော ကျမ်းနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြခွင့်ရှိအပ်တယ်လို့ ကျွန်တော်ယူဆတယ်။ အမှန်က ကျွန်တော်မသိတာကို သိချင်လို့ ရှင်းလင်းဖို့ မေးခြင်းပါဘဲ။

မိုးကြိုး - ဒီလိုမင်းပြောတဲ့အတိုင်း မေးဖို့ဆိုရင် ဆရာတော်ထံသွားပြီး တိုးတိုး တိတ်တိတ် လျှောက်မေးရင် မပြီးဘူးလား။

ကျွန်တော် - ဆရာတော်က ကျမ်းတွေပြုပြီးထုတ်ဝေနေတဲ့အတွက် ထိုကျမ်းများကို ကျွန်တော်ကဲ့သို့ ဖတ်ရှုကြသော စာဖတ်ပရိတ်သတ်များ ဟာလဲ ကျွန်တော်နဲ့အတူ ဗဟုသုတဖြစ်ကြပါစေဆိုတဲ့ ရိုးသားတဲ့ စေတနာနဲ့ သတင်းစာကနေပြီး မေးမြန်းတင်ပြ ရခြင်းဖြစ်ပါတယ်။ ဒီလိုမေးမြန်းခြင်း အတွက် ဆရာတော်ဘုရားကဲ့သို့ ပရိယတ်၊ ပဋိပတ်စွယ်စုံတတ်ကျွမ်းတဲ့ ဆရာတော်ကြီးအဖို့ ဖြေရှင်းရန် ဝန်လေးဖွယ်မရှိပါ။ ဆရာကြီးသခင် ကိုယ်တော်မှိုင်းတို့ကဲ့သို့...

"ဖြေမနော်အဖက်ဖက်က စမ်းကြပါတော့၊ မပြေသော် တသက် နှစ်သက်တမ်းပါဘဲ..."

ဆိုတာလို ပညာရဲရင့်ပွဲလယ်တင့်ပြီး စာဖတ်ပရိတ်သတ်တို့အတွက် ပိုမိုကျေးဇူးများဖွယ်သာဖြစ်ပါသည်။

မိုးကြိုး - မင်းပြောတဲ့အတိုင်းဆိုတော့လည်း မရိုင်းပါဘူး။ မေးမြန်းခြင်း၊ စုံစမ်းခြင်း၊ ဆွေးနွေးခြင်းစတဲ့ အလုပ်တွေဟာ ဗဟုသုတများပြီး တိုးတက်ဖို့ သာရှိတယ်။ ဆုတ်ယုတ်မှုမရှိပါဘူး။ "မိလိန္ဒမင်းကြီးဟာ ရှင်နာဂသိန်ရဲ့ အဖြေကို ကြားရပြီး အရိယာ ဖြစ်သွားတယ်" မဟုတ်လား။ နိုင်ငံခြားသားတွေ ဆိုရင်လဲ ဒီလိုလုပ်ကြလို့ တနေ့တခြား ကြီးပွား လာကြတာဘဲ။ အတုယူဖို့

www.dhammaransi.com



သိပ်ကောင်းတယ်။ ဒါပေမယ့် သူတို့ဟာ လောကီ သမားတွေဆိုတော့ လောကီဘဲ ကြီးပွားတယ်။ ဒို့ဗမာတွေကတော့ လောကုတ္တရာလဲ ကြီးပွားစေရမယ်။

ကျွန်တော် – ဒါထက် ကျွန်တော်တို့ ရေးသားနေတဲ့ လက္ခဏရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ဆိုတဲ့ ရုပ်နာမ်ရှုပွားခန်းနှင့် ပတ်သက်တဲ့ အကြောင်းတွေနဲ့ ပတ်သက်ပြီး ဦးလေးရဲ့ယူဆချက်က ဘယ်လိုလဲ။

မိုးကြိုး – ငါက ဗမာစာဘဲဖတ်တတ်တော့ အရှင်နန္ဒမာလာမြန်မာပြန်ဆိုတဲ့ ဝိသုဒ္ဓိမဂ် ပ – ဒု – တ တွဲတို့ကိုဘဲ ဖတ်ပြီး ဝိသုဒ္ဓိမဂ်အကြောင်းကို သိရတယ်။

ဒီလိုဖတ်ပြီးနောက် ဝိသုဒ္ဓိမဂ်၏ အဆီအနှစ်ကို ထုတ်ကြည့်လိုက်တဲ့ အခါငါ့သဘောအရကတော့ . . .

(၁) သစ္စာ (၄)ပါးတရားတို့ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို အကျဉ်းအကျယ် နာကြားရရုံနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရနိုင်ဘဲ ကျင့်ကြံအားထုတ်မှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမယ့် နေယျပုဂ္ဂိုလ်မျိုးတို့အဖို့ အဓိကကျင့်စဉ်တွေကို အပ်ချ၊ မတ်ချ ဖော်ပြထားတဲ့ ကျမ်းဘဲ လို့ သိလာတယ်။

(၂) မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို ရရန်၊ ရောက်ရန်အတွက် ဝိပဿနာဉာဏ် လှေခါး (၁၃)ပါးဖြင့် တက်သွားရမယ်။ ပဌမအထစ်ဖြစ်တဲ့ ဉာဏ်လှေခါးထစ် ဟာက နာမရူပ ပရိစ္ဆေဒဉာဏ် (သို့မဟုတ်) ရူပနာမပရိစ္ဆေဒဉာဏ်ပဲ ဖြစ်တယ်။ နာမ်ကစရှုတတဲ့ ပုဂ္ဂိုလ်အဖို့ နာမရူပလို့ခေါ်တယ်။ ရုပ်ကစရှုတဲ့ ပုဂ္ဂိုလ်အဖို့ ရူပနာမလို့ခေါ်တယ်။ နာမရူပနဲ့ ရူပနာမကွဲနေပုံကို သိရတယ်။

(၃) အဲဒီပဌမလှေခါးထစ်ဖြစ်တဲ့ ဉာဏ်ကို ရောက်ဖို့အတွက် ရုပ်ကို စရှုရင် ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကို စရှုရင် နာမ်ကမ္မဋ္ဌာန်း၊ ရုပ်နာမ်ကို တွဲရှုရင် မိဿကမ္မဋ္ဌာန်းရယ်လို့ သုံးမျိုးရှိတယ်။

(၄) ရုပ်ကစရှုတဲ့ ဝိပဿနာယောဂီအဖို့ "ရေ၊ မြေ၊ လေ၊ မီးဓါတ်ကြီး အစုပါ" ဆိုတဲ့အတိုင်း ဓါတ်ကြီး (၄)ပါးအနက် တပါးပါးကို မှတ်ပြီး စတင်ရှုရမယ်။

(၅) ဒီလိုဓါတ်တပါးပါးကို ရှုတဲ့အခါ ပညတ်သဘောနဲ့ ပရမတ်သဘော ရယ်လို့ (၂)ခုရှိတယ်။ ပရမတ်သဘောကို ရှုမှသာ ဝိပဿနာဉာဏ် အစစ်အမှန်ကို ရောက်မှာမို့၊ ရုပ်ကို ရှုတဲ့အခါ လက္ခဏနဲ့ ရသ သဘောများကိုသာ ရှုရမယ်။ ပစ္စုပဋ္ဌာန်ဆိုတဲ့ ပညတ်အထင်ကြီးမျိုး ကို မရှုရဘူး။

www.dhammaransi.com



အဲဒီအတိုင်း ဝိသုဒ္ဓိမဂ်ဆရာတော် ရှင်မဟာဗုဒ္ဓယောသက အထပ်ထပ် သတိပေးထားတာကို ငါတွေ့ရတယ်။

ဥပမာ - ဝါယောဆိုတဲ့ လေဓါတ်ကို ရှုမယ်ဆိုရင် (၁)တွန်းခြင်း ကြိယာဖြစ်သော ဝါယောဓါတ်၏ လက္ခဏာသဘော၊ (၂)ရွေ့ခြင်းကြိယာ ဖြစ်သော ရသ သဘောကိုသာ ရှုပွားရမယ်။ ဒါမှ ပရမတ်ဖြစ်တဲ့ ကြိယာ သဘောနဖူးတွေ့ဒူးတွေ့ရမယ်။

ဒီလိုမဟုတ်ဘဲ တွန်းခြင်း၊ ရွေ့ခြင်းအကြောင်းတို့ကြောင့် ဖြစ်ပေါ် လာသော အကျိုးတရားဖြစ်တဲ့ တုံးလုံးလဲနေတဲ့ ပစ္စုပ္ပဋ္ဌာန်အခိုက်အတန့်ကို ရှုပွားရင် ပညတ်ကြီးဟာ အတုံးလိုက်အခဲလိုက် ထင်နေမယ်။ ပရမတ် ကြိယာကို တွေ့ဖို့ခက်တယ်။

ဒီလို သဘောတွေကို သိရှိတော်မူတဲ့အတွက် ဝိသုဒ္ဓိမဂ်ဆရာကြီးက အထပ်ထပ်အကြိမ်ကြိမ် အကျဉ်းအကျယ်အားဖြင့် ဥပမာအမျိုးမျိုးပြကာ သတိပေးခဲ့ခြင်းဖြစ်တယ်။ ဒီအချက်ကို သေသေချာချာအမှတ်ပြုထားဖို့ လိုတယ်။

ထို့နောက် နာမ်ကမ္မဋ္ဌာန်းမှာ နာမ်ကစပြီး ရှုတဲ့အခါကျတော့ နာမ်ဆိုတဲ့ တရားဟာက သိဖို့ အင်မတန်ခက်တယ်။ ပညတ်ဆိုတဲ့ အတုံးအခဲကြီးတွေနဲ့လဲ ပူးကပ်နေတာမဟုတ်ဘူး။ ဒီတော့ ဝိပဿနာရှုပွားတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ဉာဏ်မှာ ပညတ်ထင်ဖို့ လုံးဝမဖြစ်နိုင်ဘူး။ ဒါကြောင့် နာမ်ကို ရှုတဲ့အခါ (က)လက္ခဏာသဘော (ခ)ရသ သဘော (ဂ)ပစ္စုပ္ပဋ္ဌာန် သဘောသာမကဘူး။ ပညတ်မပေါ်မှာကတော့ သေချာတယ်။

ဒါကြောင့် နာမ်ကို ရှုတဲ့အခါမှာ အားလုံးရှုနိုင်တယ်လို့ ဝိသုဒ္ဓိမဂ် ဆရာကြီးက ဆိုထားတယ်။

အဲဒီလိုရုပ်နဲ့ နာမ်နဲ့ ရှုပွားခန်းမှာ အသိဉာဏ်ရှင်းပြီး ဝိသုဒ္ဓိမဂ် ဆရာကြီး၏ ရုပ်ရှုခန်းတွင် ဆိုပုံ၊ နာမ်ရှုခန်းတွင် ဆိုပုံတို့ကို တိတိကျကျ ပြတ်ပြတ်သားသား ခွဲခြား၍ သိဖို့ကိစ္စဟာ အရေးအကြီးဆုံးပါဘဲ။

မင်းတို့ အပြန်အလှန်ရေးသားတင်ပြနေကြတဲ့ ဆောင်းပါးတွေထဲမှာ လည်းကောင်း၊ ကျေးဇူးရှင်မဟာစည်ဆရာတော်ရေးတဲ့ ဝိသုဒ္ဓိမဂ် မြန်မာပြန် ကျမ်း၊ ဝိပဿနာ ရှုနည်းကျမ်း၊ ကမ္မဋ္ဌာန်း တရားအားထုတ်ရခြင်းအကြောင်း စာအုပ်နှင့် ဝိပဿနာ အခြေခံတရားတော်အမည်ရှိ ကျမ်းစာအုပ်တွေမှာ လည်းကောင်း၊ ကျေးဇူးရှင် ဆရာတော်ဘုရားဟာ နာမ်ရှုခန်းနဲ့ ပတ်သက်တဲ့

www.dhammaransi.com



ရှင်မဟာဗုဒ္ဓဃောသရဲ့ပါဠိအကိုးအကား အချို့ကို သူ၏ ရုပ်ရှုခန်းမှာ ပြလိုပြ၊ ရုပ်ရှုခန်းမှာ ဖော်ပြတဲ့ ပါဠိ အကိုးအကား အချို့ကို သူ၏ နာမ်ရှုခန်းမှာ ကိုးကား၍ တင်ပြလိုပြနှင့် မရှင်းမလင်း မပြတ်သားခြင်းများကို တွေ့ရသည်။

ဒီတော့ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားရေးသားတဲ့ ကျမ်းများ စာအုပ်များကို ကိုင်ပြီး၊ ဆရာတော်ဘုရား၏ တပည့်ရင်းများ အချင်းချင်းပင် ရေ့တုန်းက ပုဂံရာဇဝင်ပြောသူများကဲ့သို့ ဒုတ်ထမ်းပြီး ပြောရမလိုဖြစ်နေတယ်။

ဒါကြောင့် ဒီကိစ္စတွေကို ကျေးဇူးရှင်ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်မှာ ပြတ်ပြတ်သားသား အရေးယူဖြေရှင်းပေးခဲ့ဖို့ ကောင်းတယ်။

ဒီတော့မှလဲ ဝေနေယျသတ္တဝါတွေအပေါ်ဆရာတော်က သနားညှာတာ မေတ္တာထားရာရောက်မယ်။ ငါ့အထင်ကတော့ ဒါပါဘဲ။

## မဟာစည်မြန်မာပြန် ရသနှင့် လက္ခဏာပြသနာ မြေမနော် အဖက်ဖက်က စမ်းကြပါတော့

(မိုးကြိုးသတင်းစာ ၈ - ၆ - ၆၃)

ဝိသုဒ္ဓိမဂ်သည် ကျွန်တော်၏ (တရားခံဖြစ်နေသော) ၂၀ - ၅ - ၆၃ ဆောင်းပါးဖော်ပြခဲ့သည့်အတိုင်း ပိဋကတ်သုံးပုံ၏အဆီအနှစ်ကို ထုတ်လျက် မဂ်ဖိုလ်နိဗ္ဗာန်အတွက် အကျင့်မြတ်နှင့် သက်ဆိုင်သော ခက်ဆစ်ခက်ရာများကို ရှင်းလင်းရေးသားထားသော ကျမ်းကြီးဖြစ်ပါသည်။

ထို့ကြောင့် ထိုကျမ်းကြီးနှင့် ပတ်သက်၍ အယူအဆ ဝေဖန်ချက်များသည် ပါဠိပညာရှင်များအဖို့ စိတ်ဝင်စားဖွယ်ဖြစ်နိုင်စေကာမူ သာမန်စာဖတ်ပရိသတ်တို့အဖို့ အလွယ်နှင့် နားလည်ရန်ပင် ခက်ခဲသဖြင့် ပျင်းရိငြီးငွေ့ဖွယ်ရာဖြစ်ပေလိမ့်မည်။

သို့ရာတွင် ပျင်းရိငြီးငွေ့ဖွယ်ရာ မဖြစ်ရလေအောင်နှင့် လူတိုင်းပင် ခပ်လွယ် လွယ်နှင့် ရိပ်စားမိလေအောင် ကျွန်တော်စွမ်းအားရှိသမျှ ကြံဆောင်ကြိုးစား၍ တင်ပြရေးသားပါမည်။ ဤသို့ ရေးသားရာတွင် သောလုံးရွှမ်းလုံးကလေးများ အကယ်၍ ကြားညှပ်ပါရှိငြားအံ့ ဘွေမယူရန် ကြိုတင်တောင်းပန်အပ်ပါသည်။

www.dhammaransi.com



မှိုင်းတဲ့နော်၊ တိုင်းနဲ့ပြည်ကျော်ဖို့၊ ဖြေမနော် အဖက်ဖက်က စမ်းကြပါတော့၊ မပြေသော် တသက် နှစ်သက်တမ်းပါဘဲ . . . ဟူသော ဂုဏတ္တပကာသနီလေးချိုးကြီးကို စပ်ဆိုရေးသားသည့် ဆရာကြီးသခင် ကိုယ်တော်မှိုင်းတို့လို ကျွန်တော်သည် "ပညာရဲရင့် ပွဲလည်တင့်" ဝံ့သူ မဟုတ်ပါ။ ပခုက္ကူထွက် ဓမ္မစရိယ ကလေးမျှသာ ဖြစ်ပါသည်။

ဤရသနှင့် လက္ခဏ ပြဿနာတွင် ကျွန်တော်သည် တရားခံ မဟုတ်ပါ။ ရှေ့နေသာလျှင်ဖြစ်ပါသည်။ "အကျိုးလို၍ ညောင်ရေလောင်း ပတ်ထမ်းတွေ့" ဆိုသည် လိုသာ ဖြစ်နေပါသည်။

အရှင်မဟာဗုဒ္ဓဃောသ၏ ပါဠိဘာသာဝိသုဒ္ဓိမဂ်ကျမ်းကို အရှင် နန္ဒမာလာသည် မြန်မာပြန်ဆိုပါသည်။ ထို့နောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကလည်း မြန်မာပြန်ဆိုပါသည်။ ထို့ကြောင့် ပါဠိဘာသာ ကိုမတတ်သော မြန်မာလူမျိုး များအဖို့ အလွန်တရာ ကျေးဇူးများလှပါသည်။

အဆိုပါ မြန်မာပြန်စာမူနှစ်မူတွင် "ခါတ်ကြီးလေးပါးရှုနည်း" အခန်း၌ကျမ်းရင်း အပိုဒ်နံပါတ်(၆၆၄)၌ ဖော်ပြထားသော "အထဿယာ ထာဝသရသ လက္ခဏတော အာဝိ ဘူတာသု ခါတူသု" ဆိုသော ပုဒ်တွင် ရသနှင့် လက္ခဏ ပုဒ်ကို (၁)အရှင်နန္ဒမာလာကရသနှင့် လက္ခဏပုဒ်တို့သည် အနက်မတူရသမှာကိစ္စအနက် ဖြစ်သည်ဟုဆိုပါသည်။ (၂)ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကမူ ရသနှင့် လက္ခဏပုဒ်တို့၏ အနက်မှာ အတူတူဘဲ သဘောလက္ခဏာဟူ၍ဆိုပါသည်။

ထိုမြန်မာလို အနက်ပေးပုံနှစ်ခုအနက် ကျွန်တော် (ပခုက္ကူထွက် ဓမ္မာစရိယ ကလေး)က အရှင်နန္ဒမာလာကို ထောက်ခံခဲ့ပါသည်။

ဤကဲ့သို့ ကျွန်တော်၏ ထောက်ခံချက်နှင့် ပတ်သက်၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားက (မိုးကြိုးတွင် မေလ (၂၈)ရက်နေ့က ဖော်ပြပြီး ဖြစ်သော) သူ၏ "ဝိသုဒ္ဓိမဂ် မြန်မာပြန်ကိစ္စဖြေရှင်းချက်" တွင်

(၁) ဒီဆောင်းပါးရှင်က . . . ယာထာဝသရသပုဒ်၏ အနက်ကို အဋ္ဌကထာ ဋီကာအဖွင့်များနှင့်အညီ အမှန်အတိုင်း မသိသောကြောင့် ထိုသို့ ဝေဖန်ခြင်း ဖြစ်သည်ဟူ၍ တပည့်အား ဆရာက ဆုံးမသလို ဆုံးမရေးသားထားပါသည်။

ဤကဲ့သို့ကျွန်တော်အားအမှန်အတိုင်းမသိဟူ၍အပြစ်ပြောသူသည် အရိယာပုဂ္ဂိုလ်ကြီးအဖြစ်ဖြင့် ကျွန်တော်ယုံကြည်ကိုးကွယ်ထားသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားမဟုတ်ပါဘဲ အခြားသော သူလို

www.dhammaransi.com



ကိုယ်လို ဓမ္မာစရိယ အချင်းချင်းဖြစ်ဘိမူ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးအတိုင်း ...

"မာန်မူကာစင်ထောင်မည့် စကားရယ်နဲ့၊ ရန်သူပမာသင်ထောင် လွှားသော်လဲ၊ ဆင်ပြောင်ကို ခြင်ကောင်ဝါးသည်သို့ ယားရုံမျှ အိုမနာ ဆိုစရာတွေက ရှိလေညား (မြရယ်)လိုရာအခြေကိုတဲ့ မသိလေသလား" ဟူသော စာသွားမျိုးဖြင့် (တကယ်စိတ် မဆိုးဘဲ စိတ်ဆိုးလေဟန်ဖြင့်) ပရိသတ်တို့ စိတ်ဝင်စားအောင် ပြန်လည်ချေပမည် သာဖြစ်ပါသည်။ ယခုမှာသော်ကား မိမိကိုးကွယ်အားထားရင်းဖြစ်သော ဆရာတော် ဘုရားဖြစ်နေ၍ ဤသို့ မချေပဝံ့၊ မချေပထိုက်သဖြင့် မချေပလိုက်တော့ပါ။ တဖန် ကျေးဇူးရှင်ဆရာတော်ဘုရား ဖြေရှင်းချက်တွင် ...

အဋ္ဌကထာဋီကာ အဖွင့်များနှင့်အညီ အမှန်အတိုင်းမသိသော ကြောင့်ဟူ၍ ပါရှိရာ ကျွန်တော်အား မသိသောကြောင့်ဟူ၍ အပြစ်တင်ရာ မရောက်ဘဲ (၁၁၅၀)ခုနှစ်ဖွား အမရပူရခေတ်တွင် ကျော်ကြားသော နိသျရေးဆရာဖြစ်တဲ့ ပြည်ဆရာတော်ဘုရားကြီးနှင့်တကွ အရှင်နန္ဒမာလာ တို့အားသာ အပြစ်တင်ရာ ရောက်နေပါသည်။ ဤကဲ့သို့ ဆရာတော်ဘုရား၏ အပြစ်တင်ခြင်းသည် (မှန်ခဲ့ပါလျှင်) အားလုံးကောင်းပါ၏ပင်ဖြစ်ပါမည်။ (မမှန်ဘဲ လွဲမှားနေခဲ့သော်) ခက်ပါမည်။

ဤကဲ့သို့သော ရသနှင့် လက္ခဏာတို့၏ အဓိပ္ပါယ်ကောက်ယူမှုသည် မည်မျှ လောက်အရေးကြီးသည်ကို ကျွန်တော်တင်ပြပါဦးမည်။

"ဗုဒ္ဓ၏ ပန်းတိုင်နှင့် လမ်းစဉ်" ခေါင်းစဉ်ဖြင့် ကျွန်တော်၏ ဆောင်းပါးတွင် ဓါတ်ကြီးလေးပါးရှုပွားခြင်းဖြင့် ဝိပဿနာဉာဏ် (၁၃)ပါး ဉာဏ်လေ့ခါးများကို အဆင့်ဆင့်တက်လျက် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန် ကိုရမည်၊ ရောက်မည်ဟူ၍ ဖော်ပြ ခဲ့ပါသည်။

ဥပမာ - လက်မှန်းတည့်သော မှဆိုးလိမ်မာသည့် ကျားသတ္တဝါကို ပစ်သောအခါတွင် (၁)အသဲနှလုံးကို ချိန်ရွယ်မည်လော၊ (၂)ခြေ၊ လက်၊ ပေါင် စသည်တို့ကို ချိန်ရွယ်မည်လော။ မိမိ၏ ထက်လှစွာသော မြှားသွားဖြင့် အသဲနှလုံးကို ချိန်၍ မှန်အောင်ပစ်နိုင်မှသာ ကျားသည် နေရာတွင် ပွဲချင်းပြီး သေမည်ဖြစ်ပါသည်။

ထိုဥပမာကဲ့သို့ ဓါတ်ကြီး (၄)ပါးတို့၏ (၁)လက္ခဏာသဘောနှင့် (၂)ရသ သဘောတို့သည် ထိုဓါတ်ကြီးတို့၏အသဲနှလုံးနှင့် တူပါသည်။

www.dhammaransi.com



ထို့ကြောင့်လည်း ဝိသုဒ္ဓိမဂ်ကျမ်းဆရာကြီးသည် ဓါတ်ကြီးလေးပါး ရှုခန်းကို ပြဆိုသော အပိုဒ်(၃ဝ၆)စတုဓါတုဝ ဝတ္ထာနဘာဝနာအခန်းတွင် စာမျက်နှာ (၃၄၂ မှ ၃၆၈)ထိ ရှည်လျားစွာ (က)ဉာဏ်ထက်မြက်သော ပုဂ္ဂိုလ်တို့အတွက် အကျဉ်းနည်းဖြင့်လည်းကောင်း၊ (ခ)ဉာဏ်မထက်မြက်သော ပုဂ္ဂိုလ်တို့အတွက် အကျယ်နည်းဖြင့် လည်းကောင်း ဥပမာအမျိုးမျိုး ပြလျက် စိတ်ရှည်လက်ရှည် ရေးသားဖော်ပြတော်မူခဲ့ ခြင်းဖြစ်ပါသည်။

(မြန်မာပြန်ကို ဖတ်လိုသော ပုဂ္ဂိုလ်များသည် အရှင်နန္ဒမာလာ ပြန်ဆိုသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က ရိုက်နှိပ်သော ဝိသုဒ္ဓိမဂ် မြန်မာပြန်ဒုတိယတွဲစာမျက်နှာ(၁၂၄) မှ (၁၈ဝ)ထိ ဖတ်ရှုပါလေ)

ကျွန်တော်၏(၂၉-၅-၆၃)ဆောင်းပါးတွင် အငြင်းပွားလျက်ရှိသော အထသာ ယာထာဝသရသလက္ခဏာတော အာဝိဘူတာ သုဓါတူသု ဟူသော ပုဒ်နှင့် (သွယ်ဝိုက်၍ မဟုတ်ဘဲ) တိုက်ရိုက်သက်ဆိုင်သော အဋ္ဌကထာနှင့် ဋီကာလာအဖွင့် စကားများကို တင်ပြပါမည်ဟူ၍ အဆိုပါ ဆောင်းပါးတွင် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားအား အခွင့်ပန်လျှောက်ထားခဲ့သည့် အတိုင်း ဖော်ပြပါမည်ဖြစ်ပါသည်။ ဤသို့ မဖော်ပြမီ စကားပုံ ဥပမာကလေး တခုကို တင်ပြလိုပါသေးသည်။

အခါတပါးတွင် တိုင်းလုံးကျော်သည့် ဗန်းမော်ဆရာတော်သည် ရတနာ ထွင့်ခေါင်ဆရာတော်ဘုရား (လူမည် ဦးစိုး)အား ကျီစားတော်မူ လိုရကား ...

စိပ်ပုတီးရယ်နှင့် ရိပ်မိုးတဲ့ ထွင့်ခေါင်ဦးရွှေစို သီလချောရယ်နှင့် တောခိုသည့် ချောင် . . . ဟူသော စာချိုးကလေးကို ရေးသားကာ ထွင့်ခေါင် ဆရာတော်၏ ကျောင်းတွင် ချထားသောဟူ၏။

ဗန်းမော်ဆရာတော်၏ လက်ရာစာချိုးမှန်းကို တပ်အပ်သိသော ထွင့်ခေါင်ဆရာတော်သည် ဗန်းမော်ဆရာတော်အား ပင့်ပြီးလျှင် . . . အဘယ့်ကြောင့် ကျွန်ုပ်ကို သီလရှင်ချောချောကလေးတွေနှင့် တောခိုသည်ဟု ရေးပါသနည်းဟူ၍ မေးသတတ်။

ထိုအခါ ဗန်းမော်ဆရာတော်က ဆရာတော်ဘုရားအား သီလရှင် ချောချောကလေးတွေနှင့် တောခိုသည်ဟူသော မနောသွားနှင့် ရေးသားခြင်း မဟုတ်ပါ။ အရှင်ဘုရား၏ သီလတော်သည် အညစ်၊ အမြည်း၊ အဖုအထစ်မရှိ

www.dhammaransi.com



အလွန်တရာချောမွေ့စင်ကြယ်၊ ပြေပြစ်ကောင်းမွန်လှသော သီလနှင့် နေတော်မူသည်ဟူသော အနက်သဘောနှင့် (သီလချော)ဟု ရေးသားခြင်း သာဖြစ်ပါသည်။ ဘုရားဟူ၍ ပြန်ပြီး လျှောက်ထားဖြေရှင်းသည်ဟူ၏။

အထက်ပါဗန်းမော်ဆရာတော်၏ (သီလချော)ဆိုသည့် စကားလုံးမျိုးကဲ့သို့ မတိမကျ မပြတ်မသား ဟိုလိုဒီလို ကိုယ်လိုရာကိုယ်ဆွဲပြီး အဓိပ္ပါယ်ကောက်နိုင်သော စကားလုံးမျိုးကဲ့သို့ ဓါတ်ကြီးလေးပါးရှုပွားခန်းတွင် ဖော်ပြထားသော လက္ခဏာနှင့် ရသပုဒ်တို့သည် အလျှင်းမဟုတ်ပါ။ ထိုစကားလုံးများကို ရေးသားရင်း ကျမ်းပြုဆရာတော် အရှင်မဟာဗုဒ္ဓဃောသကပင် စတုဓါတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို ပြဆိုရာ၌ ပြဆိုခဲ့ကုန်သော ထိုထို ဓါတ်လေးပါးသိမ်းဆည်းနည်း အကျဉ်းအကျယ်ဖော်ပြချက်တို့ကို ပြန်ကြည့်ပါဟု ညွှန်ကြားခဲ့ပါသည်။

ဤသည်တို့ကို ထောက်ရှုလျက် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားသည် အငြင်းပွားနေသည့် ရသနှင့် လက္ခဏာတို့အကြောင်းကို ထိုထိုမူလကျမ်းပြုဆရာတော်၏ညွှန်ကြားချက်တွင် ဖော်ပြထားသော စကားများကိုသာ ကိုးကားဖြေရှင်းသင့်ပါသည်။ မူလကျမ်းပြုဆရာတော်၏ "အာဘော်" မရှင်းမလင်းရှိသော အခါမှသာလည်းကောင်း၊ မညွှန်းသော အသုဘရှုပွားခန်းမှလည်းကောင်း၊ နာမ်ရုပ်တွဲ၍ ရှုပွားခန်းမှလည်းကောင်း၊ ကိုးကားသင့်လှပါသည်။ ထိုသို့မဟုတ်ပါက "ငါးစကော" မင်းအကြောင်းပြောဆိုရာတွင် မထင်ရှားသော တောသူမလေး မောင်းထောင်းဆန်ပြာရာတွင် သုံးသော "စကော" အကြောင်းကို ကိုးကား၍ ပြောနေပုံနှင့် တူမည်ဖြစ်ပါသည်။ ထိုသို့ မလိုလားအပ်သော အလွဲအမှား များကိုသာ ကိုးကားထားသောကြောင့်လည်း ကျွန်တော်၏ (၂၉-၅-၆၃) ဆောင်းပါးတွင် ပြဒါးတလမ်း၊ သံတလမ်း ဖြစ်နေပါသည်ဟူ၍ အဆိုပြုခဲ့ခြင်းဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ် စတုဓါတုဝ ဝတ္ထာန ဘာဝနာခန်းတနေရာတွင် ကက္ခဠတ္တံထဒ္ဓံခရိဂ တန္တိဖရသံ၊ တတ္ထပဋ္ဌမံလက္ခဏဝစနံ၊ ဒုတိယံအာကာရဝစနံ ကက္ခဠလက္ခဏာ ဟိ ပထဝီဓါတု၊ သာဖရသာကာရာဟောတိတသ္မာခရိဂ တန္တိဝုတ္တာဟူသော ပထဝီဓါတ်၏ (လက္ခဏာသဘောနှင့် ရသ သဘော)တို့၏ ကွဲပြားခြားနားပုံအတူတူမဟုတ်ပုံတို့ကို ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရပါလိမ့်မည်။

ထိုမှတပါး ထိုအခန်း၏ အခြားတနေရာတွင် ယောဂ္ဂမသွိကာယေတ

ဒ္ဒဘာ ဝေါဝါ၊ ခရဘာဝေါဝါ၊ အယံပထဝီဓါတုဟူသော ပထဝီဓါတ်၏ (လက္ခဏာ သဘော)နှင့် (ရသသဘော)တို့၏ အတူတူမဟုတ်ပုံ ခြားနားကွဲပြားပုံ ရှင်းလင်းချက်ကို ထပ်မံ၍ တွေ့ရပါလိမ့်မည်။

ထိုတဒ္ဒဘာဝေါနှင့် ခရဘာဝေါပုဒ်တို့သည် လက္ခဏာနှင့် ရသကိုဆိုသော စကားများ ဟုတ်မှဟုတ်ပါမလားဟူ၍ သံသယဖြစ်ခဲ့လျှင် ထိုပုဒ်တို့၏ အနက်ကို တိုက်ရိုက်ဖော်ပြထားသော မဟာဋီကာကို ကြည့်သင့်ပါသည်။

ကြည့်ခဲ့ပါလျှင် မဟာဋီကာ အပိုဒ်(၃၀၈)တွင် တတ္ထပရိဂ္ဂ ဟောတ္ထာတိပရိဂ္ဂဟာကဘူတေန ဉာဏေန ဓါတုယော လက္ခဏာတော၊ ရသတော ဝါပရိစ္ဆိန္ဒဂဟေတွာဟူ၍ လက္ခဏာနှင့် ရသကို ဆိုကြောင်း တွေ့ရမည်ပင်ဖြစ်ပါသည်။


ရှင်မဟာဗုဒ္ဓဃောသ

ထိုမှတပါး မဟာဝဂ္ဂဋီကာ ဓါတုမနသိကာရပဗ္ဗဝဏ္ဏနာခန်းက ဝိသုဒ္ဓိဋီကာ ပဌမတွဲ စာမျက်နှာ(၄၂၅) အညွှန်းလက္ခဏာဖြင့် ပြထားရာ ထိုညွှန်းချက်ကို ကြည့်ရှုပါက ကက္ခဠတ္တ သဘာဝ သရသ လက္ခဏာတော ဓါတ်တုယောမနသိကာ တဗ္ဗာဟူ၍ လက္ခဏာ နှင့် ရသတို့၏ ကွဲပြားခြားနားပုံ ဖော်ပြချက်ကို တဆင့်တက်၍ တွေ့ရမည်ဖြစ်ပါသည်။ လက္ခဏာနှင့် ရသ ကမောက်ကမ မဖြစ်နိုင်တာကို ဤပါဠိဋီက သက်သေခံနေပါသည်ကို သတိပြုပါ။ ဤကဲ့ သို့သော ဖော်ပြပါအဋ္ဌကထာနှင့် ဋီကာလာတိုက်ရိုက်ဖွင့်ဆိုထားသော စကားများအရ အထဿ ယာထာဝသရသ လက္ခဏာတော အာဝီဘူတာသုဟူသော ပါဠိစကားနှင့် ပတ်သက်၍ (၁)ပြည်


အရှင်နန္ဒမာလာ

ဆရာတော်ဘုရားကြီး၏ နိသျှကိုအမှီတကဲပြု၍ မိမိ၏ ကိစ္စ လက္ခအားဖြင့် ဓါတ်တို့သည် ထင်စွာဖြစ်၍ဟူသော အရှင်နန္ဒမာလာ၏ မြန်မာပြန် သညအဋ္ဌကထာဋီကာနှင့် ကိုက်ညီလျက်။

(၂) ကျေးဖူးရှင်မဟာစည်ဆရာတော်ဘုရား၏ မိမိ၏ လက္ခဏာအားဖြင့် ဓါတ်တို့သည် ထင်ပေါ်ကုန်လတ်သော်ဟူသော မြန်မာပြန်သည် အဋ္ဌကထာ

www.dhammaransi.com



ဋီကာနှင့် မကိုက်ညီကြောင်း မေတ္တာရှေ့ထား၍ ရေးသားခြင်းနိဂုံးသည် ဤတွင်ဆုံးမပါသတည်း။

## မဟာစည်မြန်မာပြန် ပစ္စုပ္ပန္နာန်နှင့် ပဒ္ဓာန်ပြဿနာ

(မိုးကြိုးသတင်းစာ ၁-၆-၆၃)

ကျွန်တော်သည် (၁)အချက်ဖြစ်တဲ့ ရသနှင့် လက္ခဏာအတွက် "ယာထာဝ သရသ လက္ခဏာတော" ပုဒ်အရ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရား၏ဖြေရှင်းမိန့်ကြားချက်နှင့် ပတ်သက်ပြီး (၂၉-၅-၆၃)နှင့် (၈-၆-၆၃) ဆောင်းပါးများဖြင့် စာဖတ်ပရိသတ်တို့အား ပြန်လည် ရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။

ယခုမူ နံပါတ် (၂)အချက်ဖြစ်တဲ့ ပစ္စုပ္ပန္နာန်နှင့် ပဒ္ဓာန်ပြဿနာ အတွက် ထို "ယာထာဝသရသ လက္ခဏာတော" ပုဒ်အရမှပင် အကြောင်းပြုပြီး ထွက်ပေါ်လာကာ မဟာစည်ဆရာတော်၏ မိန့်ကြားချက်ကို တင်ပြ ဖြေရှင်းပါအံ့။

စာဖတ်သူ ပညာရှင်တို့ မှတ်ညချမှတ်ထားရန် ပဌမလိုအပ်သော အချက် ကား ဝိသုဒ္ဓိမဂ်တွင် သမထယာနိက ခေါ် ဈာန်ရယောဂီများမှာ မိမိရထားသော ဈာန်မှ ထပြီး ထိုဈာန်ထဲတွင် ပါဝင်သည့် နာမ်တရား များဖြစ်သော ဝိတက်စတဲ့ ဈာန်အင်္ဂါတွေကစပြီး ဝိပဿနာ ရှုရသည် နာမ်က စရှုတယ်ဆိုပါတော့။

ထိုသို့ ရှုတဲ့အခါမှာ အရှုခံတရားက နာမ်တွေဖြစ်နေသောကြောင့် လက္ခဏာ ရသနစ်ခုတွင်မက ပစ္စုပ္ပဌာန်အထိ (၃)ခုစလုံး ရှုနိုင်ပုံကို ဝိသုဒ္ဓိမဂ်အဌကထာဆရာကြီးက ဗုဒ္ဓအလိုတော်ကျ ဖော်ပြရေးသားထား ပါသည်။ ထို့ကြောင့် ရုပကို ရှေ့က မထားဘဲ နာမရူပ ပရိစ္ဆေဒဉာဏ်လို့ နာမပုဒ်ကို ရှေ့ဆုံးကထားရသည်။

ထိုသို့မဟုတ် ဈာန်မရဘဲ ဝိပဿနာသက်သက်ရှုသူ ဝိပဿနာ ယာနိက ယောဂီတို့မှာ ရုပ်ကစပြီး ရှုရသည်။ ထို့ကြောင့် နာမကို ရှေ့က မတတ်ဘဲရူပနာမ ပရစ္ဆေဒဉာဏ်လို့ ရူပကို ရှေ့ကတပ်ထားရသည်။ ဤကား ဝိသုဒ္ဓိမဂ်အဆိုဖြစ်သည်။

www.dhammaransi.com



ထိုမှတပါး ပဋိသမ္ဘိဒါမဂ်် ပဋိသမ္ဘိဒါမဂ် ပါဠိတော် သံယုတ် ပါဠိတော်စသည့် ပါဠိတော်အရပ်ရပ်တို့မှာလည်း လူအများစုကိုရည်စူးပြီး ရုပ်ကစတင်ရှုပွားပုံကိုသာ ဟောကြားချက်များသောကြောင့် ရူပနာမပရိစ္ဆေဒ ဟုပင် ရူပကိုရှေ့က အတပ်ကျယ်ပြန့်များပြားလျှက်ရှိနေပုံကို သတိပြု ရပေမည်။

ထိုရူပကို ရှေ့က အမည်တပ်မှုမှာဖြေရှင်းခဲ့ပြီး ခါတ်လေးပါး ရှုခန်းနှင့်သာ ပတ်သက်ပါသည်။ ဉာဏ်နာမရူပမှာ ဝိတက်စသော ဈာနင် နာမ်တို့နှင့်သာ ပတ်သက်၍ ယခုဖြေရှင်းရမည့် ပစ္စုပဋ္ဌာန်တို့နှင့်သာ ဆိုင်သော နာမ်ရှုခန်းပင်ဖြစ်ပါသည်။

ထိုကြောင့် စဖတ်သူပညာရှင်တို့ နားမရှုပ်ကြစေရန် ရုပ်ကိုစရှုရင် လက္ခဏာနဲ့ ရသ ၂ မျိုးရှု၊ နာမ်ကိုစရှုရင် အလွန်အသိခက်သိမ်မွေ့သော တရားဖြစ်၍လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် ၃ မျိုးစလုံးရှု၊ ပဒဋ္ဌာန်ကိုတော့ မရှုရဟူ၍ အထူးမှတ်ယူပါ။

အကြောင်းမှာ ပဒဋ္ဌာန်ဆိုတာ အကြောင်းတရားအဆက်ဆက် ဖြစ်ရကား ဉာဏ်နာမရူပ ပရိစ္ဆေဒခန်းနဲ့မဆိုင် ဒုတိယဆင့်ဖြစ်တဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်ခန်းနဲ့သာ ဆိုင်၍ သူ့နေရာမဟုတ်သောကြောင့်ဖြစ်၏။

ရုပ်ကစရှုတဲ့ခန်းမှာ လက္ခဏာနဲ့ ရသတို့သည်သာ ပရမတ်အာရုံဖြစ်ပြီး အတ္တ အတ္တနိယယနတို့မှ ဆိပ်သုဉ်း၍ ပစ္စုပဋ္ဌရကပညတ်အာရုံဖြစ်ကာ သတ္တပုဂ္ဂလစသော ပညတ်အသွင်ထင်လာနိုင်သောကြောင့် ပရမတ်အာရုံ လက္ခဏာနဲ့ ရသကိုသာ ရှုရသည်၊ ပညတ်ပစ္စုပဋ္ဌာန်ကို မရှုရ ပဒဋ္ဌာန်မှာ သူ့အခန်းမဟုတ် ပစ္စယ ပရိဂ္ဂဟဉာဏ်အခန်းဖြစ်၍ သံသယဖြစ်စရာမလို။

သို့သော် မဟာစည်ဆရာတော်ဘုရား အလိုကမူ ရုပ်ကစရှုလဲ လက္ခဏာရသ ပစ္စုဋ္ဌာန် ပဒဋ္ဌာန် ၄ ပါးစလုံးရှု၊ နာမ်ကစရှုလဲ ၄ ပါးစလုံးကိုရှုဟု မိန့်ဆိုကြောင်းကို ဆရာတော်၏ ဖြေရှင်းချက်တွင် တွေ့ရပေသည်။

ထိုကဲ့သို့ အယူအဆ ကွဲလွဲနေချက်ကို စာဖတ်သူပညာရှင်များ မျက်ခြေမပြတ် သတိထားလေ့လာရန်လိုအပ်လှပါသည်။သို့မှသာ အဖြေမှန် ရပါမည်။

ထိုကြောင့် မဟာစည်ဆရာတော်၏ ဝိသုဒ္ဓိမဂ် မြန်မာပြန်စာမျက်နှာ ၈၅ တွင်၎င်း၊ ယင်း၏မှတ်ချက်တွင်၎င်းလက္ခဏာရသာဒိဝသေနဟူသော ဝိသုဒ္ဓိမဂ်စကားကို လက္ခဏာရသ ပစ္စုဋ္ဌာန် ပဒဋ္ဌာန် ၄ မျိုးစလုံးယူဟု

www.dhammaransi.com



ဆိုထားပါသည်။

ထိုသို့ဆိုထားသော်လည်းမဟာစည်ဆရာတော်ကိုယ်တိုင်ပင်လျှင်ဋင်း ရေးသားသော ဝိပဿနာ အခြေခံတရားတော် ခေါ် စာအုပ်စမျက်နှာ ၃၆ နှင့် ၃၇၌လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာန ဝသေန နာမ ရူပ ပရိဂ္ဂဟောဒိဋ္ဌိ ဝိသုဒ္ဓိနာမဆိုသော သင်္ဂြိုဟ်ပါဌ်ကို ရှင်းပြရာတွင်. . . ပဒဋ္ဌာန်ကို သိဖို့ကတော့ ဝိပဿနာရှုခါစမှာ မလိုသေးပါဘူးဟုဆိုထားသဖြင့် မဟာစည်ဆရာတော် တပါးတည်းရေးသော ဝိသုဒ္ဓိမဂ်မြန်မာပြန်နှင့် ဝိပဿနာအခြေခံကျမ်း ၂ ကျမ်းတွင်တကျမ်းက ပဒဋ္ဌာန်ယူ တကျမ်းက ပဒဋ္ဌာန်မယူပါနှင့် ဦးဟုက မောက္ခမဆိုထားပုံကို စာဖတ်သူ ပရိသတ်များ အမှန်သိရအောင်သတိထားရှိဖို့ လိုအပ်လှပါသည်။

ဤတွင် ကျွန်တော်၏ဖြေရှင်းချက်မှာ ဋင်းပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန် ပြဿနာအတွက် မလုံလောက်နိုင်သေးပါ ထိုပြဿနာနဲ့ ပတ်သက်၍ ပရိယတ်ကျမ်းဂန် ကိုးကားချက် သာဓကရော၊ ပဋိပတ်လက်တွေ့အကျင့် တရားသဘောပါ ဒွန်တွဲပြီး စုံလင်စွာ ထပ်မံဖြေရှင်းပါမှ ရှင်းလင်းပြေလည် နိုင်မည်ဖြစ်သောကြောင့် ဆက်လက်ပြီး ဖြေရှင်းပါဦးမည်။

## ရဟန္တာစစ်နဲ့ တွေ့တဲ့အခါ
(မိုးကြိုးသတင်းစာ ၁၂-၆-၆၃)

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ပေးကမ်းစွန့်ကြဲခြင်း၊ သီလ ဆောက်တည်ခြင်းတို့ကို ပြုလုပ်ကြပြီးနောက် ဆုတောင်းဆုယူပြုလုပ်လေ့ ရှိကြသည်။

ဤသို့ပြုရသောကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် အရိမေတ္တေယျ မြတ်စွာဘုရားပွင့်သည်ခေတ်နှင့် ကြုံကြိုက်သည်ဆိုပါစို့ "ထိုအခါတွင် ဘုရားမှန်း၊ တရားမှန်း၊ သံဃာမှန်းသက်ဝင်ယုံကြည်နိုင် ကြပါမည်လော" ဟူသောမေးခွန်းကို ဉာဏ်ဝင်စားကာ မိမိဟာမိမိဖြေကြား သင့်ကြပေသည်။ ယခု မျက်မှောက်ခေတ် တွင် ရဟန္တာများပေါ်ပေါက်ခဲ့ပြီး ဖြစ်သည်ကိုဋင်း၊ စွန်းလွန်းဆရာတော်၊ နောကုန်းဆရာတော်တို့ကို အကြောင်းပြု၍ ရဟန္တာများပေါ်ပေါက်နေဆဲဖြစ်သည်ကိုဋင်း၊ နောင်အခါ တွင်လည်း ရဟန္တာများပေါ်ပေါက်လိမ့်မည်ဟုယုံသူ ဗုဒ္ဓဘာသာမြန်မာ

www.dhammaransi.com



လူမျိုးအများအပြားပင် ရှိကြပေသည်။

သို့ရာတွင် ရဟန္တာအစစ်နှင့် နဖူးတွေ့ ဒူးတွေ့ တွေ့ကြသော အခါ၌မူကား ယုံထင်ကြောင်ထင်နှင့် ယုံမှားသံသယဖြစ်သူများကို ကျွန်တော်တွေ့ရပါသည်။

ရဟန္တာဟူ၍ ယုံကြည်လိုသူများ၏ စိတ်နေစိတ်ထားကို ကျွန်တော်ဉာဏ်မီသမျှတင်ပြလိုပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းတော်မူစဉ်၊ မူတင်သိက္ခာကျင့်ဆောင်ရာ၌ သာသနာတော်ထဲတွင် အောင်ပွဲရဖြစ်သော မဟာသာဝက ကဿပမထေရ်ကြီးသည် နိရောဓသမာပတ်မှ ထပြီး၊ ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုတော်မူပြီးနောက်၊ ဆင်းရဲလှစွာတနပ်စာကိုမျှ ချွေတာခွဲဝက်၍ ညာ၊ နံနက်လောက်အောင် နစ်ယောက်လင်မယားမျှ၍စားရသော ကာကဝလိယလူ့ ဒုက္ခိတတို့ကို မြင်တော်မူပြီး ၎င်းတို့ထံတွင် ဆွမ်းခံကြွတော်မူသည်။

ကဿပထေရ်ကြီးဆွမ်းခံကြွလာသည့် လက္ခဏာအင်္ဂါနိမိတ်ကို ထောက်ပြီးလျှင် "ဒို့နစ်ယောက်ကံ စ နာလန်ထချင်၍ ပုဗ္ဗနိမိတ်ကောင်းဟိတ်တိတ်ထုံ ယနေ့ကြုံပြီ" ဟုပုံသေစိတ်စွဲနှင့် ထမနဲချဉ်ပေါင်ဟင်းကို မချွင်းမချန်၊ ပြောင်းပြန် ဦးစောက်သွန်မှောက် လှူဒန်းလိုက်လေသည်။

ဤသို့သော ကောင်းမှုကုသိုလ်၏ အကျိုးအာနိသင်ကြောင့် (၇)ရက်မြောက်သောနေ့တွင် ရွှေအိုးကြီးများကိုရလျက် သူဌေးကြီးအရာကို ချီးမြှင့်သနားတော်မူခြင်းခံရလေသည်။ ထိုကဲ့သို့ ဘုရားရှိခိုးစဉ်က ပစ္စက္ခအကျိုးပွားတိုးရတဲ့ ဝတ္ထုတွေ အများကြီးတွေ့ရပေသည်။

ထိုဝတ္ထုကို လူတိုင်းလိုပင် ကြားဘူးသဖြင့် ရဟန္တာ အစစ်ကိုလှူလျှင် "သူဌေးဖြစ်ရမည်" ဟုယူဆလျက်မိမိသူဌေးမဖြစ်ပါက "ရဟန္တာအစစ်ဟုတ်ချင်မှ ဟုတ်မည်" ဟုယူဆနေကြဟန်ရှိလေသည်။ အကြောင်းညီမှ သူဌေးဖြစ်ရပုံက သတိပြုသင့်ပေသည်။

ထို့ပြင် ငယ်စဉ်ကပင် သာသနာ့ဘောင်သို့ဝင်၍ဖြူစင်သောသီလနှင့်ကျင့်သုံးနေထိုင်သော ဆရာတော်သံဃာတော်များကို ရဟန္တာအစစ်မဟုတ်သည့်တိုင်အောင် ရဟန္တာဟူ၍ ယူမှတ်ယုံကြည်ကာကိုးကွယ်နေကြသူများကိုလည်း တွေ့နေရပြန်ပါသည်။

တဖန် ဂေါတမဘုရားရှင်လက်ထက်တွင် အင်္ဂုလိမာလအား

www.dhammaransi.com



ဆုံးမတော်မူခန်းကို သတိပြုသင့်ကြပေသည်။ လက်ညှိုးပေါင်းတစ်ထောင် ဖြတ်ကာ "အဟိံ သက" အမည်ရ အင်္ဂုလိမာလသည်လက်တွင်ခါးဆွဲလျက် သား၏ချစ်ခြင်းဖြစ် ကောသလ မင်းကြီးဖမ်းမည့်သတင်းကိုကြိုတင် အကြောင်းကြားရန်လာသော "မိခင်မန္တာဏီ ပုဏ္ဏေးမ၏လက်ညှိုးကိုဖြတ်အံ့" ဟု လုံ့ပြုနေစဉ် ဘုရားရှင်နှင့် တွေ့သဖြင့် ဘုရားရှင်၏ တရားတော်ကို နာကြားပြီးနောက် ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ထို့ပြင် သန္တတိမတ်ကြီးသည် ၇ ရက်ပတ်လုံးအရက်မူးလျက် မင်း၏ စည်းစိမ်ကို ခံစားပျော်ပါးနေပါသည်။ ၇ ရက်မြောက်သောနေ့၌ အခြွေအရံ တို့နှင့်တကွ ရေဆိပ်သို့ ထွက်သွားစဉ် မြတ်စွာဘုရားနှင့်တွေ့၌ ဆင်ပေါ်မှ ခေါင်းငြိမ့်ကာ အရိုအသေပေးပါသည်။

ထိုအခါမြတ်စွာဘုရားက "ဤအမတ်သည် ယနေ့ပင်ငါ၏ထံ၌ ဂါထာတပုဒ်ကိုကြားနာပြီးလျှင် ရဟန္တာဖြစ်လျက်၊ လူဝတ်ကြောင်နှင့်ပင် ပရိနိဗ္ဗာန်ပြုလိမ့်မည်" ဟုမိန့်တော်မူပါသည်။ ထိုစကားကိုကြားသောတိတ္ထိတို့က "ဤမူးလောက် အရက်မူးနေတဲ့လူဟာ ယနေ့ပင်တရားနာပြီး လူဝတ်လူစား နှင့် ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန် ပြုလိမ့်မည်" တဲ့ဖြစ်နိုင်ပါမည်လော။

ဂေါတမဘုရား၏ "မုသာဝါဒကိုယနေ့ပင် သိရပေလိမ့်မည်" ဟုကဲ့ရဲ့ ပြောဆိုကြပေသည်။

ထိုနေ့ညနေခင်း၌ အမတ်ကြီး၏ ချစ်လှစွာသောမိန်းမငယ်သည် အမတ်ကြီးအား ဖျော်ဖြေနေစဉ်မှာပင် လတ်တလောသေဆုံးရာလေသည်။ ထိုအခါ အမတ်ကြီးမှာ ဖြေမဆည်နိုင်အောင် အလွန်ပြင်းထန်ပူပင်သောက ဖြစ်၍ ဘုရားထံသို့ ရောက်လာလေသည်။

မြတ်စွာဘုရားက "ယံပုဗ္ဗေတံ ဝိသောသေဟိ၊ ပစ္ဆာတေမာဟုကိဉ္စနံ၊ မဇ္ဈေစေနောဂဟေဿသိ၊ဥပသန္တောစရိဿသိ ..." ဟူသော ဂါထာနောက်ဆုံး တွင် အမတ်ကြီးသည် ရဟန္တာဖြစ်ပြီးလျှင် မြတ်စွာဘုရား၏ အမိန့်တော် အတိုင်း လူအများတို့၏ ယုံမှားခြင်းကို ပယ်ဖျောက်ရန် ထန်း ၇ ဆင့်မြင့်သော အရပ်သို့ တန်ခိုးဖြင့် ပျံတက်ပြီးလျှင် လူဝတ်လူစားနှင့်ပင် ပရိနိဗ္ဗာန် ပြုခဲ့ဖူးပါသည်။

ယခုအခါနောက်ကန်းတေဝိဇ္ဇာမရေ ရဟန္တာနှင့်ပတ်သက်၍ သူ၏ လူဝတ်ကြောင်ဘဝက ဆိုးညစ်ပေတေခဲ့မှုများကို တွေ့မြင်သိရှိခဲ့ကြသော လူအချို့တို့သည် "ရှာဘုရား ရှာသားမရှိသေ" သဘောမျိုးဖြင့် ယနေ့တိုင်ပင်

www.dhammaransi.com



အတင်းပြောလျက်၊ မေးငေါ့တုန်းရှိနေသေးဟု ကျွန်တော်ကြားသိရသည်မှာ အလွန်တရာဝမ်းနည်းစရာပင်ဖြစ်ပါသည်။

တနည်းအားဖြင့်ဆိုသော် ယခုခေတ်၌လူလိမ်လူညာ အတုဆရာများ ပေါ်များသဖြင့် ဤကဲ့သို့ အစစ်အမှန်နှင့် တွေ့ကြုံရသည့်တိုင်အောင် ယုံမှား သံသယ ဖြစ်ကြခြင်းအတွက်အပြစ်မဆိုသာပါ။

ဤဖော်ပြပါအထောက်အထားအကိုးအကားများကို ဆင်ခြင်စဉ်းစား ကိုယ်ပိုင်ဉာဏ်ပွားများလျှက်အစစ်နှင့် အတုခွဲခြားဝေဖန်နိုင်သော ဉာဏ် မျက်စိကို ရင့်သန်အောင်မွေးမြူနိုင်ကြပါစေသော်ဟု ဆုတောင်းလိုက် ရပါသည်။

## မဟာစည်၏ မြန်မာပြန် ပစ္စုပ္ပန္နာန်နဲ့ ပဒဋ္ဌာန်ပြဿနာ
(မိုးကြိုးသတင်းစာ ၁၅-၆-၆၃)

ကျွန်တော်သည် ၁၉-၆-၆၃ ဆောင်းပါး၏ နိဂုံးတွင်ပစ္စုပ္ပန္နာန်နှင့် ပဒဋ္ဌာန် ပြဿနာမှာ၊ ပရိယတ်၊ ပဋိပတ် ၂ ဖက်ညှက်၍ ဖြေမှသာ ပြေလည်မည်ဖြစ်၍ ကျမ်းကိုးကျမ်းကားများနှင့်တကွ၊ အကျင့်သဘော တရားပါ၊ ဆက်လက်ပြီး ဖြေရှင်းရန် ညွှန်ကြားခဲ့ပါသည်။

ထိုညွှန်ကြားချက်အရ၊ ဆက်လက်ဖြေပြရမှု၊ ပရမတ် ရုပ်နာမ်နိဗ္ဗာန် တရားတို့၏လက်တွေ့အကျင့်ကို ကျင့်သုံးရာ၌အဆီအနစ် အသည်းနှစ်လုံးကို ရှာကြံစီစစ်လိုက်သည့်အခါတွင် ထိုပရမတ်တို့၏ လက္ခဏာရသပစ္စုပ္ပဋ္ဌာန်နှင့် ပဒဋ္ဌာန်ဆိုသော အခြင်းအရာများကို တွေ့ရပေသည်။

ထိုအကြောင်းနှင့် ပတ်သက်ပြီး သင်္ဂဟ ဆရာတော်အား ပရမတ် လိုက်စားသူ ဒကာတစ်ဦးက ၎င်းတို့၏လက္ခဏာစသည်ကို မေးလျှောက်ရာ၌ ဒကာကြီး... ဒကာကြီးမေးတဲ့ လက္ခဏာစသည့် ၄ မျိုးတို့ကား ပရမတ်၏ သည်းခြေပင်ဖြစ်ချေသည်။ ဖြေဆိုရန်ရတ်တရက်မလွယ်ကူပါဟု မိန့်လိုက် ကြောင်းကြားသိရဖူးပေသည်။

ထိုကြောင့် ယခုလို နိဗ္ဗာန်ကို လူတိုင်းလိုလိုရှာဖွေနေတဲ့ အချိန်တွင် အထက်ပါ အသည်းနှလုံးဖြစ်တဲ့ လက္ခဏာရသစသည်တွေကို ဉာဏ်ဖြင့် ကျင့်သုံးနည်းတွေရှိလျက် စနစ်တကျ ကျက်စားနိုင်မှ ဘာဝနာဉာဏ်နှင့်

www.dhammaransi.com



မင်္ဂလာဒိပ်ဓာတ်ပေါ်ကာ မိမိတို့လိုချင်သော နိဗ္ဗာန်ကိုရနိုင်မည်ဖြစ်သည်ကို သတိကြီးစွာ ထားရမည်ပင် ဖြစ်ပါသည်။

ထိုသို့သိမ်မွေ့သော အသဲနှလုံးဖြစ်နေ၍လည်း ယခုမြန်မာပြည် အရပ်ရပ် တရားရှာနေသူတွေနှင့် တရားပြနေသူတို့မှာလည်း ခြားခြားဖြစ်နေဟန်ရှိသည်ကို စဉ်းစားမိပေသည်။ အထူးစဉ်းစားတော်မူကြပါ။

အချို့ပုဂ္ဂိုလ်တွေကား ဒီလို ပရမတ်သဘောဉာဏ်ပညာ ဖြန့်နေရခြင်းသာ ဖြစ်သည်ဟု အထင်ရှိကြပေသည်။ သို့သော် တိတိကျကျ ဝိပဿနာကို ကျင့်သုံးအားထုတ်ကြည့်လိုက်သောအခါ သူ့နေရာနှင့်သူပြတ်သားစွာ လက်တွေ့ကျင့်ရေးအတွက် စာပေကျမ်းဂန်တတ်မှုက ပဋိပတ်အကျင့်အားကျေးဇူး ပြုပုံမှာ ထင်ရှားလာပါသည်။

ပရိယတ်မတတ်ဘဲ ပါရမီအလျောက်နောကုန်းရဟန္တာ၊ မြင်းခြံစွန်းလွန်းရဟန္တာဦးကဝိတို့ကဲ့သို့ပေါက်ရောက်သွားခြင်းမှာ မတထောင်တကောင်ဘွားမျိုးပင်ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များလဲပရိယတ်ကပင် ကျေးဇူးပြုလွှတ်လိုက်သည်ဆိုက မည်သူမှမငြင်းနိုင်ပါ။ ပိဋကတ်ကို မန့်စပ်ပေတဲ့ အာနာပါနသဘောသိပြီး ရှုနိုင်ခြင်းဟာ ပရိယတ် တစိတ်တဒေသကိုတတ်သိလို့သာဟုဆိုလိုပါသည်။ထိုအသည်းနှလုံးဖြစ်တဲ့ လက္ခဏာစသည်တို့သဘောကို ဝါယောရုပ်ဖြင့် နမူနာသဘော ရှာကြံတင်ပြပါအံ့။

ကျွန်တော်တို့ပကတိတိုက်ခိုက်သောလေသည်သမုတိလေဖြစ်၍ထိုလေကဲ့သို့ ပရမတ်လေရုပ်ကိုဝါယောလို့ခေါ်ပါသည်။ ပကတိလေနှင့် တူသည်ဆိုသော်လည်း ပရမတ်လေမှာ တခြားဖြစ်ပါသည်။ ပညတ်လေနဲ့ ပရမတ်လေသည် မတူမှတ်ပါ။

ယင်းပရမတ်လေကို သိရန်သူ့ရဲ့ အမှတ်လက္ခဏာ၊ သူ့ရဲ့အလုပ်ကိစ္စသူ့ရဲ့ အထင်ပေါ်လာသော အခြေအနေ၊ သူရဲ့ အခြေခံအကြောင်းတရားအဆက်ဆက်မျိုးတို့နှင့် ရှာကြံရပါသည်။ ထို ၄ မျိုးကိုပင် ပါဠိလိုလက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဟုခေါ်ထားပါသည်။

ထိုတွင် နိဗ္ဗာန်ကိုတွေ့ရန် ပဌမသိရမည့် ပရမတ်လေဝါယောရုပ်ကို မှတ်ပုံတင်နှင့် စစ်ရသော် (၁)လေရဲ့ အမှတ်အသားက အဘယ်ဟာနည်း။ (၂)လေရဲ့အလုပ်ကိစ္စကိုခေါ်ရသကား အဘယ်ပါနည်း။ (၃)လေရဲ့ထင်ပေါ်လာမှု အကျိုးအခြေအနေကားအဘယ်နည်း။ (၄)လေကိုဖြစ်စေတဲ့ အကြောင်းခံတရား ကား အဘယ်ပါနည်းဟုမေးပြီးလျှင် –

www.dhammaransi.com



(၁) လေရဲ့မှတ်ပုံတင်အမှတ်ကား၊ တွန်းခြင်း၊ တိုးခြင်း၊ ကန်၊ ထောက်ခြင်း၊ မခြင်း၊ ဖိခြင်း၊ မြောက်ခြင်း၊ ဆွဲခြင်း စသည်ပင်ဖြစ်သည်။ လက်တွေ့ခန္ဓာကို ရှာကြည့်ပါ။

(၂) လေရဲ့အလုပ်ကိစ္စကားရွေ့ခြင်း၊ လှုပ်ခြင်း၊ လိမ့်ခြင်း၊ ပင့်ခြင်း၊ တင်းခြင်း၊ ကြပ်ခြင်း၊ အင့်ခြင်းစသည့် ကိစ္စများ ဖြစ်ပါသည်။

(၃) လေရဲ့စိတ်၌ထင်ပေါ်မှုကား ရွေခြင်း၊ သွားခြင်း၊ ထွက်ခြင်း၊ လှမ်းခြင်း၊ ထိုးခြင်း၊ ကြိတ်ခြင်း၊ ထောင်းခြင်း၊ ရိုက်ခြင်း၊ ပိန်ခြင်း၊ ဖေါင်းခြင်း၊ ကခုန်ခြင်း စသည်ဖြစ်ပါသည်။

(၄) လေရဲ့ အကြောင်းကားစိတ်ကလဲ တွန်းကန်အောင် လုပ်ပေးရသည်။ ဥတု၊ အဟာရ၊ ကံတို့ကလည်း တွန်းကန်အောင်လုပ်ပေးနိုင်သည်။

ဤ ၄ ပါးကို လက္ခဏာစတဲ့ ပါဠိနှင့် အစဉ်စပ်ဟပ်ပြီး မှတ်ယူထားပြီးလျှင် ထိုကဲ့သို့မှတ်ယူထားပြီးလျှင် ထိုကဲ့သို့ မှတ်ယူထားခြင်း သည်ပင် ပရိယတ်ဖြစ်တော့သည် သင်ယူခြင်းဖြစ်တော့သည်ဟု သဘော ပေါက်ရပါမည်။

လက်တွေ့လေလာကျင့်သုံးရန်ကား ခြေထောက်တဘက်ကို ဖို့ကြွလိုက်ရာတွင် ကြွတက်လာသော ခြေထောက်ပညတ်ကြီးမှာ (၁)အရ မြောက်ကြွတက လာသောဉာဏ်၌ထင်မှု အခြေအနေဖြစ်ပါသည်။ ၎င်းကိုဝိပဿနာရှုခဲ့သော်ပညတ်လွတ်အောင်ရှာနေရာတွင် ပရမတ်မပေါ်ဘဲ ပညတ်ပေါ်နေ၍ ဝိပဿနာဉာဏ်စစ်မဖြစ်နိုင် ထိုကဲ့သို့ ခြေထောက်ကြီး ကြွတက်တဲ့ ပညာတ်ကိုရှုလဲ တော်တော်ကြာလာတော့ဝါယောရုပ်လက္ခဏာ ပေါ်မှာပါပဲဆိုသော အယူအဆကို နောက်မှရှင်းပြပါမည်။ သတိပြုထားခဲ့ပါ။

တဖန်ခြေထောက်ကြွတက်ပညတ်ကို အာရုံမပြုဘဲဂရုမစိုက်ဘဲ ထိုမှတခြားဖြစ်သော ထောက်မလိုက်မြောက်လိုက်တဲ့ အမူအရာသဘော လက္ခဏာကိုသာ ဉာဏ်နဲ့ရှုရမည်၊ ထိုသို့ရှုတဲ့အခါ (၃)နံပါတ်သဘော တွေ့နေလျှင် ပညတ်ဝင်နေသည်။ ဝိပဿနာမစစ်ပညတ်မဝင်သော ထောက်မခြင်း လက္ခဏာသည်သာ ဝါယောရုပ်စစ်စစ်ဖြစ်သည်။ ဤကား (၁)နံပါတ် လက္ခဏာပင်ဖြစ်သည်။

www.dhammaransi.com



## မဟာစည်၏ မြန်မာပြန် ပစ္စုပ္ပန္နာန်နဲ့ ပဒဋ္ဌာန်ပြသနာ

(မိုးကြိုးသတင်းစာ ၁၆ - ၆ - ၆၃)

ထို့ပြင် ခြေထောက်ပညတ်ကြီး အထက်တက်မှုအာရုံမဟုတ်ဘဲ။ အောက်က အထက်လှုပ်ခြင်း၊ ရှန်းခြင်း၊ ရွှေခြင်း ကိစ္စသည် လေရဲ့လုပ်ငန်း ရသပင် ဖြစ်သည်။ထိုရသကိုလဲ ပရမတ်အာရုံပင်ဖြစ်၍ဝိပဿနာရှုနိုင်သည်။ ဤကား (၂)အချက်ပင်ဖြစ်လေသည်။

(၄)အချက်ဖြစ်တဲ့ ပဒဋ္ဌာန်ခေါ်လေကိုဖန်တီးသော အကြောင်းကား၊ ခြေထောက်ပညကတ်ကြီးမြောက်ကြွတာလည်းမဟုတ်။ မြောက်တဲ့ ရသ လည်း မဟုတ်။ ထောက်မတဲ့ လက္ခဏာဝါယောကိုဖြစ်စေတဲ့ စိတ်စေတနာ နာမ်တရားပင် ဖြစ်သည်။ ထို(၄)အချက်ဖန်တီးတဲ့ စိတ်ကိုလဲဝိပဿနာဉာဏ် (၁၃)တန်တွင် အကြောင်း၊ သိမ်းဆည်းသော (၂)နံပါတ် ပစ္စယပရိဂ္ဂဟ ဉာဏ်နဲ့သာ ဆိုင်သည်။

ပဋ္ဌမဖြစ်တဲ့ ရူပနာမပရိစ္ဆေဒဉာဏ်နဲ့မဆိုင်၊ ရူပနာမနှင့် နာမရူပ အကြောင်းကို နောက်မှ ရှင်းဦးမည်။

ထိုကြောင့် အထက်ပါဝါယောရုပ်ရဲ့လက္ခဏာသည့် အသဲနှလုံးတို့၏ တရားရှာရာတွင်အရေးကြီးပုံနမူနာကို နိဗ္ဗာန်ရောက်ရန် လိုလားသူတိုင်း ပဋ္ဌမနားလည်ထားဖို့ အရေးကြီးကြောင်းကို သတိပြုရမည်။ ဒေသနာနဲ့ လွတ်ပြီး စိတ်အထင်နှင့် ရမ်းလုပ်၊ ရမ်းကျင့်နေလျှင် နိဗ္ဗာန်ကို တွေ့ရမည် မဟုတ်။

ထိုမှတပါးနာမ်တရားများမှာ အလွန်သိမ်မွေ့၊ အသိခက်သည့် အတွက် သူတို့၏မှတ်ပုံတင်ဖြစ် စီစစ်လိုက်သော်၊ နမူနာအဖြစ်ထင်ရှားသော အဝိဇ္ဇာခေါ် မောဟတရား၊ မသိတရားကို တင်ပြပါအံ့။

ထိုမသိခြင်းနာမ်တရား၏အမှတ်အသားကား (၁)မသိခြင်းလက္ခဏာ သည်ပဋ္ဌမအမှတ်အသားဖြစ်သည်။ (၂)သူ့ရဲ့ကိစ္စအလုပ်ကားအလွန်တွေဝေ မိုက်မဲခြင်းရသဖြစ်သည်။ (၃)သူရဲ့စိတ်၌ထင်လာခြင်းကား သစ္စာလေးပါး ရုပ်နာမ်များကို "ဖုံးအုပ်ထားခြင်း" ဟုထင်လာမှု ပစ္စုပ္ပဋ္ဌာန်ဖြစ်သည်။ (၄)သူ့ကိုဖန်တီးသူကား အဖန်ဖန်ထုံအပ်သော အရက်ကဲ့သို့ ဘုံအားဖြင့် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါ်တြဘူဉာဏ်အထိ ယိုစီးတတ်တဲ့ အာသဝေါ

www.dhammaransi.com



တရားပင်ဖြစ်သည်။ ဤ(၄) ချက်ကိုပဋ္ဌမကျေပြွန်အောင် လေ့လာထားရန် လိုပေသည်။ ယင်းသို့ လေ့လာထားခြင်းသည် ပရိယတ်သင်မှု၊ တတ်မှုပင် ဖြစ်သည်။

ထိုနောက်မှ လက်တွေ့ကျင့်လိုသော်၊ မသိခြင်းမောဟကလေးကို ရုပ်နာမ်အမှန်ကို "မသိ၊မသိ၊မသိ" ဟုဝိပဿနာဉာဏ်ဖြင့် ရှုနေရမည်။ ရုပ်အားလုံးမဟုတ် အလွန်သိမ်မွေ့တဲ့ မသိဆိုသော လက္ခဏာကို ရှုခြင်းဖြစ်သည်။ မသိခြင်းကိုသိနေတဲ့ ဉာဏ်အသိဖြစ်နေရမည်ဟု ဆိုလိုသည်။ ထိုကြောင့် ဝိပဿနာသက်သက် သမားများမှ နာမကစမရှုရ၊ ဓါတ်ကြီးလေးပါးက စရှုရမည်ဟု ဆိုထားသည်။

တဖန် အလွန်မိုက်မဲတွေဝေခြင်းဟု မောဟကိုရှုလျှင် ၎င်း၏ ကိစ္စရသကို ရှုခြင်းဖြစ်သည်။ ထို့ပြင် "သစ္စာကို ဖုံးခြင်း၊ ကွယ်နေခြင်း" ဟု ရှုလျှင် မောဟ၏ ပစ္စုပဋ္ဌာန်ကို ရှုခြင်းဖြစ်သည်။ ဤကား ဝိပဿနာဉာဏ် (၁၃)တန်တွင် ပဋ္ဌမဆုံး နာမရူပပရိစ္ဆေဒဉာဏ်အတွက် ရှုခြင်းဖြစ်သည်။

ထိုမောဟ၏အကြောင်း အာသဝကို ရှုခြင်းသည် ဒုတိယဉာဏ် ပစ္စယပရိဂ္ဂဟအတွက် ရှုခြင်းဖြစ်သည်။ ဤသို့ဉာဏ်စဉ်တက်ရှုသွားလျှင် မောဟမသိတရား၏ ဖြစ်ပျက်မှုစသည်ကို တွေ့၍ နိဗ္ဗာန်တိုင်ရောက် သွားမည်။

သို့သော် အထက်တွင် ဆိုခဲ့ပြီးသော ဝါယောရုပ်ကိုပဲစရှုရှု၊ ယခု မောဟနာမ်ကို ပဲစရှုရှု၊ တော်တော်ကြာလာလျှင် ရုပ်မှနာမ်ကိုပါတွေ့လာခြင်း၊ နာမ်မှရုပ်ကိုပါ တွေ့လာ ခြင်းများဖြစ်ပြီး၊ ရုပ်နဲ့ နာမ်အစုံ၊ နာမ်နဲ့ ရုပ်အစုံတို့ ဖြစ်ပျက်ချုပ်ဆုံးမှသာ နိဗ္ဗာန်ဖြစ်သည်ကို သတိပြုပါ။

ရုပ်တစ်ခုတည်းနှင့် လဲမပြီး နာမ်တစ်ခုထဲနှင့်လဲ နိဗ္ဗာန်မရောက် နိုင်ဟု အထူးမှတ်ရပါမည်။ ထိုတွင် မဟာစည်ဆရာတော်နှင့် ကျိုက်ထို အရှင်နန္ဒမာလာတို့ရဲ့ ဝိသုဒ္ဓိမဂ်မြန်မာပြန်အရ ယင်းပရမတ်တို့ရဲ့လက္ခဏာ စသော (၄)မျိုးနှင့် ပတ်သတ်ပြီး ဘာသာပြန်မှု အရှုပ်၌ ရှင်းလင်းရန် လိုရင်းအချက်ကား။

ကျွန်တော်အထက်တွင် ရေလည်စွာ ဖော်ပြခဲ့သော မောဟ နာမ်နမူနာနှင့် ဝါယောရုပ် နမူနာကိုမှတည်ပြီး ထားခြင်းပင်ဖြစ်ပါသည်။

(၁) ဝါယောရုပ်ကိုရှုလျှင် ပရမတ်အာရုံဆိုက်ရန် လက္ခဏာနဲ့ရသ ၂ မျိုး တမျိုးမျိုးကို ရှုရမည်။ ပညတ်ဖြစ်တဲ့ ပစ္စုပဋ္ဌာန်ကို မရှုရ။

www.dhammaransi.com



အထက်တွင်ပြန်ပြီး သုံးသပ်ကြည့်။ ပဋိပတ္တိ ယုတ္တိနှင့် ကိုက်ညီနေပုံကို တထစ်ချဆုံးဖြတ်ယုံကြည်နိုင်ကြလိမ့်မည်ဟု ကျွန်တော်ထင်မိပါသတည်း။

## ကျားနှင့်မြွေး တရားတော်

(မိုးကြိုးသတင်းစာ ၁၇-၆-၆၃)

အရှင်မဟာ ဗုဒ္ဓဃောသ ပါဠိဘာသာဖြင့် ရေးသားခဲ့သော ဝိသုဒ္ဓိမဂ်ကျမ်း မြန်မာဘာသာပြန်ကိစ္စနှင့် ပတ်သက်၍ မြန်မာပြန်ဆိုပုံက မှားအမှန်ဝေဖန်တင်ပြသော (တပည့်) ကျွန်တော်နှင့် (ဆရာ)ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားတို့၏ အပြန်အလှန်ဆောင်းပါးများကြောင့် (လက္ခဏ) နှင့် (ရသ)ဆိုသော စကားလုံးများသည် ဓမ္မနယ်တွင် ခေတ်စား လာခဲ့ပါသည်။ အလွန်တရာကျေးဇူးများလှပေသည်။

လက္ခဏနှင့် ရသတို့၏ အကြောင်းကို စိတ်ဝင်စားကြသော ဓမ္မမိတ်ဆွေများသည် ကျွန်တော့်အား တယ်လီဖုန်းမှငင်း၊ လူကိုယ်တိုင် လာရောက်၍ ၎င်းမေးမြန်းကြပါသည်။ ဤသို့မေးမြန်းဖြေဆိုပုံများကို အကျဉ်းတင်ပြပါမည်။

မေး ။ ။ ဦးစိန်နီ ခင်ဗျားနဲ့ မဟာစည်ဆရာတော်ဘုရားတို့ အပြန်အလှန်ရေးတဲ့ ဆောင်းပါးများကို ဖတ်ရတော့မှ ဝိပဿနာတရားကို ကျင့်ကြံအားထုတ်တဲ့လုပ်ငန်း မှာ( လက္ခဏ) နဲ့ (ရသ) တို့ရဲ့ အရေးပါ အရာ ရောက်ပုံကို ကျွန်တော်ရိပ်စားမိပါတယ်။ သို့ပေမယ့် ကျွန်တော်ကောင်း ကောင်းနားမလည်သေးဘူး။

ဖြေ ။ ။ ခင်ဗျားမပြောနဲ့ ကျွန်တော်လည်းရေးတုန်းက နားမလည် ခဲ့ပါဘူး။ဓမ္မစရိယစာမေးပွဲ အောင်မြင်ဖို့အတွက် ငယ်ရွယ်စဉ်စာကျက်ခဲ့ တုန်းက ပရမတ်ရုပ် ၂၈ ပါးနာမ် ၅၃ ပါးတို့ရဲ့ကိုယ်စီကိုယ်ငှ သဘာဝလက္ခဏာ တို့ရဲ့အမည်များ နှုတ်တိုက်အရ ဆောင်ခဲ့ပါတယ်။

ဒါပေမယ့်ကိုယ်တွေ့ မသိခဲ့ပါဘူး။ ကြက်တူရွေးတတ်ပုံမျိုးပဲ တတ်ခဲ့ပါတယ်။

မေး ။ ။ ဝိပဿနာတရားကျင့်သုံးအားထုတ်ရာမှာ စာတတ်ဖို့မလိုဘူး၊ ကမ္မဋ္ဌာန်းဆရာ သင်ကြားပေးတဲ့အတိုင်း လိုက်လုပ်ရင်ပြီးတာဘဲလို့ ကျွန်တော်သိပါတယ်။ ယခုခင်ဗျားတို့ ရေးနေကြတဲ့ လက္ခဏနဲ့ ရသတို့ရဲ့

www.dhammaransi.com



ကိစ္စက ဘယ်လိုလဲ၊ ဒါတွေသိပြီးမှ တရားအားထုတ်ရမှာလား။

ဖြေ ။ ။ မိတ်ဆွေပြောသလို ဝိပဿနာတရား ကျင့်သုံးအားထုတ်ရာမှာ စတက်ဖို့ မလိုဘူးဆိုတာ မှန်ပါတယ်။ ဒီအတိုင်းပါပဲ။ ဒါပေမယ့် ကမ္မဋ္ဌာန်းဆရာ သင်ကြားပေးတဲ့ နည်းလမ်းဟာ မှန်သလား မှားသလား၊ နေးမလား၊ မြန်မလားဆိုတာကို တပည့်မခံမီ ကိုယ်ပိုင်ဉာဏ်နဲ့ ကြိုတင်စဉ်းစားသိထားဖို့ မလိုပေဘူးလား။ ရွှေဝယ်ခါနီးမှာ မှတ်တိုက်ကြည့်သလိုပေါ့။

မေး ။ ။ ဟာ .... "အများကြီးလိုတာပေါ့" သို့မဟုတ်ရင် "ပိုးသားကုန်မောင်ပုံစောင်းမတက်" ဆိုတာလိုဖြစ်နေပြီး မီးကိုလိုသူဟာ ပိုးစုန်းကြူးနဲ့ မီးညှိသလို ဖြစ်နေမှာပေါ့။

ဖြေ ။ ။ မှန်တယ်၊ သိပ်မှန်တယ်။ ဒီတော့ သစ္စာလေးပါးတို့၊ ပဋိစ္စသမုပ္ပါဒ် တရားတို့ကို ဆရာဘုန်းတော်ကြီး ဟောပြောသဖြင့် ကြားနာမှတ်သားရုံနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လွယ်လွယ်လေးနဲ့ရတဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ဘဲ ဝိပဿနာတရားကို ကိုယ်တိုင်ကိုယ်ကျ ကျင့်သုံးအားထုတ်ပါမှ မဂ်ဖိုလ်နိဗ္ဗာန်ကိုရမဲ့ နေယျပုဂ္ဂိုလ်မျိုးအတွက် ကျင့်သုံးအား ထုတ်ဖို့ဆိုရင် ကမ္မဋ္ဌာန်းတရားဟာ သုံးမျိုးသုံးစားရှိပါတယ်။ (၁)ရုပ်ကိုရှုတဲ့ရုပ်ကမ္မဋ္ဌာန်း၊ (၂)နာမ်ကိုရှုတဲ့နာမ်ကမ္မဋ္ဌာန်း၊ (၃)ရုပ်နဲ့နာမ်နှစ်ခုစလုံးကို တွဲပြီးရှုတဲ့ မိဿကကမ္မဋ္ဌာန်းတို့ဖြစ်ပါသည်။

အဲ့ဒီသုံးမျိုးအနက် ဘယ်ကမ္မဋ္ဌာန်းမျိုးလဲဆိုတာကို ကမ္မဋ္ဌာန်းပြဆရာအားမေးသင့်ပါတယ်။ ဆရာလုပ်သူကလည်း ပြောတတ်ဖို့နဲ့ ပြောဖို့ လိုပါတယ်။

မေး ။ ။ အင်း...ခင်ဗျားပြောမှဘဲသိရတော့တယ်။ "မြင်းစီးလို့မှ အထီးမှန်း အမမှန်းမသိဘူးဆိုရင် အခက်သားဘဲ။"

ဖြေ ။ ။ (၁)ရုပ်ကမ္မဋ္ဌာန်း သက်သက်ဆိုတာ (က)ဣရိယာပထကာယ၊ (ခ)သမ္ပဇညကာယ၊ (ဂ)ဓါတုမနသိကာရကာယ၊ (ဃ)အာနာပါနကာယဆိုတဲ့ လုပ်ငန်းလေးမျိုးဘဲဖြစ်ပါတယ်။

(၂) နာမ်ကမ္မဋ္ဌာန်း သက်သက်ဆိုတာ (က)ဝေဒနာနုပဿနလုပ်ငန်း (ခ)စိတ္တာနုပဿနာလုပ်ငန်း ၂ မျိုးဖြစ်တယ်၊ (၃)ရုပ်နဲ့နာမ် ၂ မျိုးရောတဲ့ မိဿက ကမ္မဋ္ဌာန်းဆိုတာက ဓမ္မာနုပဿနာလုပ်ငန်းမျိုးဖြစ်ပါတယ်။

မေး ။ ။ အင်း နေရာကျလိုက်ဗျာ။ ဗဟုသုတအများကြီးဖြစ်ပါတယ်။ ဆက်စမ်းပါဦး။ မကြားဘူးတာတွေကြားရအောင်။

www.dhammaransi.com



ဖြေ ။ ။ အဲဒီကမ္မဋ္ဌာန်း(၃)မျိုးမှာ (၁)ရုပ်ကမ္မဋ္ဌာန်းဟာ အလွယ်ဆုံးဘဲ။ (၂)ဒုတိယအနေနဲ့ကတော့ နာမ်ကမ္မဋ္ဌာန်းဘဲ၊ (၃)အခက်အခဲဆုံးကတော့ မိဿကဖြစ်တဲ့ ဓမ္မနုပဿနာ ကမ္မဋ္ဌာန်းပါဘဲ။

ဓမ္မနုပဿနာကမ္မဋ္ဌာန်းဟာဘယ်လောက်ခက်လဲဆိုရင် ကျွန်တော်တို့ မြန်မာပြည်မှာ ကမ္မဋ္ဌာန်းဆရာများ လက်ရှောင်ကာမထိဝံ့ဘဲ၊ ဝ.ကွက်ပြီး ချန်ထားခဲ့တာ ကြာပါပြီ။ ဓမ္မနုပဿနာကိုရှုကြရတယ်။ ရှုလို့လဲရတယ်လို့ ပြောတဲ့လူကို ဒီလူအရူးဘဲလို့ အများက မှတ်ချက်ချမှာဖြစ်တဲ့အတွက်၊ ဓမ္မနုပဿနာအကြောင်းကို ကျွန်တော် ယခုမတင်ပြချင်သေးပါဘူး၊ တဖြည်းဖြည်းတော့ တင်ပြပေးပါ့မယ်။

မေး ။ ။ ဒါဖြင့် ရုပ်ကမ္မဋ္ဌာန်းနဲ့ နာမ်ကမ္မဋ္ဌာန်းအကြောင်းကိုဘဲ ပြောအုန်းပေါ့ဗျာ။ မှတ်သားပါရစေ။

ဖြေ ။ ။ ကျွန်တော်ဟာ ပရိယတ်သမားသက်သက်ဖြစ်တုန်းက ကျွန်တော်တို့ ပြောနေတဲ့ (လက္ခဏ) (ရသ) စသည်တို့အကြောင်းကို လက်တွေ့မဟုတ်တဲ့အတွက် ကောင်းကောင်းနားမလည်ခဲ့ပါဘူး။ ဒီလို နားမလည်ခဲ့တဲ့အတွက်ကြောင့်လဲ အရေးကြီးတယ်လို့ မထင်မိခဲ့ဘူး၊ ယခုကျွန်တော် ပဋိပတ်အကျင့်ဖြစ်တဲ့ ဓါတ်ကြီးလေးပါးကို ရှုပွားလို့ ဉာဏ်အတော်ရောက်နေပြီးနောက် ပရိယတ်(စာတွေ)နဲ့ ပဋိပတ် (ဝါတွေ့)ကို ဆက်စပ်ဆင်ခြင်ကြည့်တဲ့အခါကျတော့မှ (လက္ခဏ) နဲ့ (ရသ)တို့ဟာ ဝိပဿနာရုပ်ကမ္မဋ္ဌာန်းရဲ့ အသဲနှလုံးများပါလားဆိုတာဝမ်းမြောက်စွာ တွေ့သိလာပါတယ်။ ကျွန်တော်ရေးသားတင်ပြခဲ့တဲ့ ဆောင်းပါးထဲမှာ (လက္ခဏ)(ရသ)တို့ရဲ့ သဘောကို ထင်ထင်ရှားရှား ပြတ်ပြတ်သားသား ရိပ်မိသိရှိအောင် "ကျားနှင့်မြား" ဥပမာနဲ့ တင်ပြခဲ့တာကို မိတ်ဆွေ မှတ်မိမှာပါ။

မေး ။ ။ မှတ်မိပါတယ်။

ဖြေ ။ ။ ဝိပဿနာတရားကို အားထုတ်တဲ့ ယောဂီဟာမုဆိုးနဲ့ တူတယ်။မင်ဖိုလ် နိဗ္ဗာန်ဆိုတာက ကျားသေတစ်ကောင်နဲ့ တူတယ်။ (လက္ခဏ) (ရသ) ဆိုတာက ကျားရဲ့အသဲနှလုံးနဲ့ တူတယ်။

ဒီတော့ ရုပ်ကမ္မဋ္ဌာန်းကိုရှုပွားတဲ့ ယောဂီမုဆိုးဟာ မင်ဖိုလ်နိဗ္ဗာန်နဲ့ တူတဲ့ ကျားသေကို အလိုရှိခဲ့ရင်မိမိ၏ထက်လှစွာသော မြားနဲ့ ကျား၏ အသဲနှလုံးကို ထိအောင်ချိန် ပစ်သလို၊ရုပ်တရားတို့ရဲ့ (လက္ခဏ) နဲ့

www.dhammaransi.com



(ရသ)ကိုထိမိအောင် ရှုပွားရမယ်။ ခြေလက်နဲ့ တူတဲ့ ပစ္စုပ္ပန်ကို မရှုရဘူး။

မေး။ ။ရှုတော့ဘာဖြစ်သလဲ။

ဖြေ။ ။ရှုတော့ အချိန်ကုန်လူပင်ပန်းဖြစ်တာပေါ့။ တရားအားထုတ်လို့ ၆ လကြာတော့လဲ မဂ်တရား၊ ဖိုလ်တရားကိုမရဘူး။ တစ်နှစ် ၂ နှစ်ကြာလို့လဲမဂ်တရား၊ ဖိုလ်တရားကိုမရဘူး။ မဂ်ဖိုလ်ရဖို့မပြောနဲ့ ဉဒယဗ္ဗယဉာဏ်ရင့်ကိုတောင် မရရှာကြဘူး။ "ပိုးသာကုန် မောင်ပုံစောင်းမတတ်" ဆိုတာလို ဖြစ်ကြရတယ်။ သနားစရာပါဘဲ။

မေး။ ။ဆက်စမ်းပါဦး။

ဖြေ။ ။ဝိပဿနာရှုတယ်ဆိုတာဟာ ရုပ်နဲ့ နာမ်တို့ရဲ့သဘောကို ထိုးသွင်းပြီး သိရှိဖို့ရှုခြင်းဖြစ်သည်။ ဒီလိုရုပ်နဲ့နာမ်တို့ရဲ့ပရမတ်သဘောကို ထိုးထွင်းပြီး သိမြင်လာအောင်၊ ထိုရုပ်နာမ်တို့ရဲ့ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းဆိုတဲ့ လက္ခဏာရေး ၃ ပါးကို ဝိပဿဉာဏ် ၁၃ တန်နဲ့ ပြတ်ပြတ်သားသား ပိုင်းခြားသိမြင်ပြီးနောက်ဆုံး ပန်းဝင်တဲ့အနေနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရမယ်။ မျက်မှောက်ပြုမယ်။

မေး။ ။ကျေးဇူးများလိုက်တာဗျာ။ ကမ္မဋ္ဌာန်းတရားအားထုတ်မယ်လို့ ကြံစည်ရင် ယခုခင်ဗျားပြောတဲ့ အရေးကြီးတဲ့ အချက်တွေနဲ့၊ မှတ်တိုက်ကြည်ဖို့ဟာ အင်မတန် အရေးကြီးတာဘဲ။

ဖြေ။ ။ ရုပ်တရားကိုရှုပွားမယ်ဆိုရင် ပထဝီအာပေါ ဝါယော၊ တေဇောဆိုတဲ့ မြေရေလေမီးဓါတ်ကြီးအစု မဟာဘုတ်လေးကိုရှုပွားရမယ်။ ထိုမဟာဘုတ်လေးခုရဲ့ ပရမတ်သဘောများဟာ အကောင်အထည် မဟုတ်ဘူး။ သဘော လက္ခဏာကိရိယာ မျှသာဖြစ်တယ်။

ဥပမာ (၁)ပထဝီဆိုတာမာခြင်း။ကြမ်းခြင်းသဘောဖြစ်တယ်။ (၂)တေဇောကတော့ ပူခြင်း - အေးခြင်းဖြစ်တယ် (၃)အာပေါကတော့ ယိုစီးခြင်း - ဖွဲ့စည်းခြင်း သဘောဖြစ်တယ်။ (၄)ဝါရောကတော့ တွန်းခြင်း ထောက်ကန်ခြင်းသဘောဖြစ်တယ်။

ဒါပေမယ့် မဟာဘုတ်ကြီးလေးပါးရဲ့ ပရမတ်ဖြစ်တဲ့ သဘော လက္ခဏာကိရိယာတွေဟာ အကောင်အထည် ပုံသဏ္ဌာန်ဖြစ်တဲ့ လူတိရစ္ဆာန် ဝတ္ထုပစ္စည်းဖြစ်တဲ့ ပညတ်တို့နဲ့ တခြားစီခွဲ၍ မရဘဲ ငြိကပ်နေတဲ့အတွက် ထိုပညတ်ကိုလွန်ပြီး ပရမတ်ကို ထိမိအောင်ရှုပွားဖို့ခက်တယ်မလွယ်လှဘူး။

ဒကြောင့်ရုပ်ကိုရှုတဲ့အခါမှာ ပညတ်ကို ထိုးဖေါက်ပြီး ပရမတ်ကို

www.dhammaransi.com



ဆိုက်ရောက်အောင် ဝိသုဒ္ဓိမဂ် ဆရာအရှင် ဗုဒ္ဓဃောသက(လက္ခဏ)နဲ့ (ရသ)ကိုသာရှု၊ အခြားပစ္စုပဋ္ဌာန်ကိုမရှုနဲ့လို့ အလီလီအထပ်ထပ် သတိပေးရေးသားခဲ့ခြင်းဖြစ်သည်။

မေး။ ။မြေ၊ ရေ၊ လေ၊ မီး ဓါတ်ကြီးလေးပါးရဲ့(လက္ခဏ)နဲ့ (ရသ)ကို ရှင်းပြပေးစမ်းပါဦးဗျာ။

ဖြေ။ ။ရှင်းပြပါ့မယ်။ လိုရင်းကိုဉာဏ်ငုံမိအောင် ဝန်ကြီးခန်းထွက်ပြီး ပြည်တည်နေတာပါ။

ဥပမာ ဝါယောဆိုတဲ့လေဓါတ်ရုပ်ကို ယောဂီပုဂ္ဂိုလ်ဟာရှုပွားမယ်ဆိုပါတော့ လေဓါတ်ရဲ့ (လက္ခဏ)ကတွန်းခြင်းကိရိယာဖြစ်တယ်။ ဒီလိုတွန်းခြင်း ကိရိယာကို ကြောင်းခံပြီး(ရသ)ဆိုတဲ့ ရွေ့ခြင်းအမှုအရာဖြစ်တဲ့ အကျိုးစဟာ ပေါ်လာတယ်။ (တွန်း လို့ရွေ့တယ်)ပေါ့ဗျာ။

ဝါယောဓါတ်ကိုရှုသူဟာ ဉာဏ်ထက်သူဖြစ်ရင် (တွန်း) သဘောကို ရှုပါ။ ဉာဏ်မထက်ရင်တော့ ရွေ့သဘောကိုရှုနိုင်တယ်။ ဒီအဆင့်ထိအောင် ပညတ်မဝင်သေးဘူး (ရွေ့)ရာက (ယိုင်)သွားတဲ့ (လဲ)သွားတဲ့ (ပစ္စုပဋ္ဌာန်) အဆင့်ရောက်သွားရင်၊ ပညတ်အကောင်အထည်ကြီးတွေဟာ ကိုးယိုးကားယား ပေါ်လာမှာမို့ မရှုရဘူး။ မရှုနဲ့လို့ ဝိသုဒ္ဓိမဂ်ဆရာအရှင် မဟာဗုဒ္ဓဃောသက ပိတ်ပင်ဟန့်တားခြင်းဖြစ်တယ်။ ကျန်ဓါတ်ကြီးသုံးပါးမှာလည်း ဒီအတိုင်းပါပဲ။

ရုပ်ကမ္မဋ္ဌာန်းမဟုတ်ဘဲ နာမ်ကမ္မဋ္ဌာန်းကို ရှုပွားတဲ့ လုပ်ငန်းကျတော့ နာမ်တရားရဲ့(၁)လက္ခဏ (၂)ရသ (၃)ပစ္စုပဋ္ဌာန်သဘောတွေတင်မကဘူး ရေ့တစ်မိုင်လောက် ရောက်အောင်သွားနိုင်ရင်သွားအုံး၊ အပြစ်မဖြစ်ဘူး ဘာကြောင့်လဲဆိုတော့ နာမ်တရားဆိုတာက ကောင်အထည် ပုံသဏ္ဌာန်နဲ့ ပူးကပ်တွဲမှီမနေဘဲ သူ့ဟာသူ တခြားသတ်သတ်တည်နေတဲ့အတွက် ဘယ်တော့မှ ပညတ်မဖြစ်နိုင်ဘူးလို့ ဝိသုဒ္ဓိမဂ်ဆရာ ကြီးက အဆိုပြုထား ၁၅-၆-၆၃ ဆောင်းပါးတွင်မသိခြင်းမောဟဆိုတဲ့နာမ်ရဲ့လက္ခဏာရသ၊ ပစ္စုပဋ္ဌာန် ရှုနည်း အကျဉ်း ပြထားသည်ကို ပြန်ကြည့်ပါ။

မေး။ ။ကျွန်တော်သဘောပါက်ပြီဗျို့၊ သိပ်ပြီးနေရာကျတာဘဲ။

ဖြေ။ ။ဒါပေမယ့်ကိုယ်တိုင်အားထုတ်ကြည့်မှပိုသိမယ်။ တရားအားထုတ်ကြည့်အုံးပေါ့ဗျာ။ စာအသိနဲ့ ငါ့အသိဟာ ဘယ်လောက်ခြားနားတယ်ဆိုတာသိရမယ်။ အဲဒီခါကျတော့မှ ဝိပဿနာဉာဏ်စစ်၊ ဉာဏ်မှန် (ဘာဝနာ

www.dhammaransi.com



မယဉာဏ်) ဆိုတာဘာကို ဆိုလိုတယ်ဆိုတာကို ကိုယ်တွေ့သိလာတယ်။

မေး။ ။ဘယ်ကမ္မဋ္ဌာန်းဋ္ဌာနမှာသွားပြီး အားထုတ်သင့်သလဲ၊ အကြံပေးစမ်းပါ။

ဖြေ။ ။မြန်မာပြည်မှာရှိရှိသမျှ ကမ္မဋ္ဌာန်းဋ္ဌာနတွေကို သွားရောက်ပြီး စုံစမ်းပြီး မေးမြန်းလေ့လာပါ။ တဋ္ဌာနမှာတစ်ပတ်လောက်စီလည်း အစမ်းအားထုတ်လေ့လာပါ။ ဒီလိုစုံစမ်းလေ့လာအားထုတ်ကြည့်ပြီးနောက် ဘယ်နည်းမှန်တယ်၊ ဘယ်နည်း မြန်တယ်ဆိုတာ မှတ်ကျောက်တိုက်ပြီး ကိုယ်ပိုင်ဉာဏ်နှင့် ဆုံးဖြတ်ပေ့ါ။ ဘုရားတောင်မှ ပညာမိက ဟာပညာကို အသုံးချတဲ့အတွက် ဘုရားအဖြစ်ကို လျင်လျင်မြန်မြန်ရတယ်မဟုတ်လား ဒီအတိုင်းပါပဲ။

မေး။ ။အော်... ဒါထက် ဦးစိန်နိုနဲ့ မဟာစည်ဆရာတော်တို့ အငြင်းပွားနေတဲ့ (လက္ခဏ) နဲ့ (ရသ) ဟာအင်မတန် အရေးကြီးတယ်ဆိုတာကို ယခုမှဘဲ ကျွန်တော်သဘောပေါက်တယ်။ အစတုံးကတော့ အားအားရှိလို့ စာရေးစရာရှာပြီးရေး နေကြတာပဲလို့ ထင်မိတယ်၊ ခွင့်လွှတ်ပေ့ါဗျာ။

ဖြေ။ ။အရေးကြီးပါပြီးလားဗျာ၊ ကျွန်တော်ကရုပ်ရှုတဲ့အခါမှာ ရုပ်တို့ရဲ့ လက္ခဏာနဲ့ ရသကိုသာ ရှုပါ၊ အကျိုးများမယ်၊ နာမ်ကိုရှုတဲ့ အခါမှာတော့ လက္ခဏ ရသ ပစ္စုပဋ္ဌာန် သုံးပါးကိုရှုပါ။ မမှားနိုင်ပါဘူးလို့ အဆိုပြုခဲ့တယ်။ ရိုးသားတဲ့ စေတနာ သဒ္ဓါတရားနဲ့ ပြောခြင်းပါ။ ပဒဋ္ဌာန်က ဒုတိယဉာဏ်အရာကျမှ ရှုရပါမယ်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကတော့ ရုပ်ကို ရှုတဲ့အခါမှာ ဖြစ်စေ၊ နာမ်ကိုရှုတဲ့အခါမှာဖြစ်စေ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်ပဒဋ္ဌာန် လေးမျိုးစလုံးရှု အရေးမကြီးဘူး အတူတူဘဲလို့ဆိုတယ်။

ဒါထက် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားရဲ့ ဝိသုဒ္ဓိမဂ် မြန်မာပြန်ဖြေရှင်းချက်ဆိုတဲ့ ပဋ္ဌမဆောင်းပါးမှာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းခေါ် သဂြိုဟ်ကျမ်းမှာ "လက္ခဏ.ရသ.ပစ္စုပဋ္ဌာန်.ပဒဋ္ဌာနဝသေနနာမရူပ. ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ" ဟုပဒဋ္ဌာန်၏အစွမ်းအားဖြင့် လည်းရှုရကြောင်း၊ တိုက်ရိုက်ထင်ရှားပြဆိုထားချက်လည်း ရှိသေး၏ဟု ဆိုထားပါတယ်။

ဒီလို ဆရာတော်ရဲ့အားထားကိုးကားချက်ဟာ ဓါတ်ကြီးလေးပါး ပေါက်ပြီး ပဋိပတ်ဉာဏ်အားကြီးမားတဲ့ယောဂီများအဖို့ သဘာဝမကျ

www.dhammaransi.com



လှပါဘူး။ ဒါပေမယ့် မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်းတွင်ပါဝင်ကြောင်း နိုင်လုံစွာ ဖော်ပြ ထားတဲ့အတွက် ငြင်းဖို့ ခက်နေပါတယ်။

ဒါပေမဲ့ ထိုမြန်မာသင်္ဂြိုဟ်ကျမ်းဟာ မြန်မာပြည်သူ့သို့ ကူယူရောက်ရှိလာရာမှာ အရေးအကူး လက်လွန်ပြီး မူရင်းကျမ်းနဲ့မတူဘဲ လွဲမှားနေသည် ဖြစ်ခဲ့ရင်တော့ ဆဋ္ဌသံဂါယနာတင်ရမှာ ဖြည့်စွက်ထည့် သွင်းပြီး ပြင်ဆင်ပေးရမဲ့ အခြေအနေကို ဆိုက်လာဖွယ်ရှိနေပါတယ်။

ဤသို့ အရေးကြီးလှသော ကိစ္စနဲ့ ပတ်သတ်ပြီး အမှားအမှန်ကို အကိုးအကား မူရင်းကျမ်းသက်သေ သာဓကများ ခိုင်လုံစွာနဲ့ ကျွန်တော် ဆက်လက် တင်ပြသွားမည် ဖြစ်ပါတယ်။

ဒီလိုပြင်ဆင်ပေးရမဲ့ အခြေအနေကို ဆိုက်ရောက်လာခဲ့ရင်တော့ ဆဋ္ဌသံဂါယနာတင်ဝန်ဆောင် ဆရာတော်ဘုရားကြီးများနှင့် တကွ၊ မြန်မာပြည်တဝှမ်းလုံးမှာရှိကြတဲ့ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အတွက် ဆုံးဖြတ် ချက်ချရာတွင် အထူးစဉ်းစားစရာ၊ ကြီးလေးတဲ့ တာဝန်ကြီး ဖြစ်လာဖွယ်ရာ အကြောင်းရှိနေပါတယ်ခင်ဗျား။ အမှန်တရားနဲ့ အမှန်ပုဒ်ပါဠိအက္ခရာများသည် အမှန်အတိုင်းသာ တည်ရှိနေပါစေသတည်း။ ကျန်းမာချမ်းသာကြပါစေ။

## မဟာစည်၏ မြန်မာပြန် ပစ္စုပ္ပန္နာန်နဲ့ ပဒဋ္ဌာန်ပြဿနာ
(မိုးကြိုးသတင်းစာ ၁၈ - ၆ - ၆၃)

ကျွန်တော်သည် ၁၅ - ၆ - ၆၃ ဆောင်းပါးဖြင့် ပဋ္ဌိပတ္တိနှင့် ပစ္စုပ္ပ-, ပဒဋ္ဌာန် ပြဿကိုတင်ပြခဲ့ပေပြီ။ ယခုတဖန်ပရိယတ်ကျမ်းဂန်ဖြင့် အကိုးအကား ပြဆုံးဖြတ်ဖြေရှင်းပါအံ့။

ဝိသုဒ္ဓိမဂ် ဒုတိယတွဲ ၂၂၂ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ၊ နာမရူပ ပရိဂ္ဂဟကထာ၊ ၆၆၃ အပိုဒ် သမထယာနိကအတွက် နာမ်ကို စရှုခန်းတွင် လက္ခဏာရသဒိဝသေန ပရိဂ္ဂဟေတဗ္ဗာပါဠိ၌ ကျွန်တော်က ၁၅ - ၆ - ၆၃ ဆောင်းပါးတွင် အကျယ်ပြခဲ့သည့်အတိုင်း မောဟကဲ့သို့ ဝိတက်စသော ဈာန်နာမ်တရားတွေနှင့် ထိုတရားတို့နှင့် ယှဉ်ဘက် နာမ်တရားတွေကိုစရှုရမည့် အခန်းဖြစ်နေသောကြောင့် လက္ခဏာရသဒိ၌ပါသောလက္ခဏာရသ ပစ္စုပ္ပဋ္ဌာန်

www.dhammaransi.com



၃ မျိုး စလုံးကို ရှုနိုင်သည့်အတွက် လက္ခဏာရသအပြင် ပစ္စုပဋ္ဌာန် တခုထပ်တိုးစေလိုသည်။ မဟာစည်ဆရာတော်ကမူ၊ ပစ္စုပဋ္ဌာန်ကလေး တခုမျှယူရန်၊ သံသယမကင်းဟု မိန့်တော်မူသည်။ တကယ်အမှန်လိုလား သူတိုင်း မဟာစည်ဆရာတော်၏ အဖြေကိုပြန်ကြည့်ပါ။ ထိုကြောင့်နာမရူပ ပရိစ္ဆေဒနှင့် မဆိုင်သော ပဒဋ္ဌာန်ကိုပါ ထည့်ပြီး ၄ မျိုး စလုံးအကုန်ယူ ဟုဆိုသည်။ ဤကားနာမ်ကို ရှုလဲ ၄ မျိုးစလုံး ယူသင့်မယူသင့် ထောက်ချင့်ရန် ဖြစ်သည်။

တဖန်ဧင်းစာမျက်နှာ ၂၂၂ အပိုဒ် ၆၆၄ တွင်ရုပ် ၄ ပါးကစရှုခန်း၌ မဟာစည်ဆရာတော်ကအထက်နာမ်ရှုခန်းတွင်ဆိုထားခဲ့သောလက္ခဏာ ရသာဒိဝသေနစကားကိုပင် မူတည်ပြီး ရုပ်တို့၏လက္ခဏာစသော၄ပါးစလုံးကို ရှုဟု မိန့်ပါသည်။

ထိုတွင် ရှုရမည့် ယောဂီအမျိုးအစားကတော့ ပဌမနာမ်ရှုခန်းမှာ သမထယာနိက ယောဂီတမျိုးတည်းဖြစ်သည်။ သူကဈာန်ရအောင် အားထုတ်ပြီး နာမ်ကို ရှုရမည့် သူဖြစ်နေသဖြင့် သူရထားတဲ့ဈာန်ထဲကရှိတဲ့ ရိုးရိုးနာမ်မဟုတ် ဈာနင်ထိုက်သော နာမ်ဝိတတ်စသည်တွေကို ရှုရန်ဖြစ်ရာ ပဋိကတ် စည်းမျဉ်းအတိုင်း ပရမတ် အာရုံစိုက်နေသော ဧင်းတို့၏ လက္ခဏာ ရသပစ္စုပဋ္ဌာန် ၃ မျိုး ကိုရှုရမည်။ ၁၅ - ၆ - ၆၃ ဆောင်းပါးကို ပြန်ကြည့်ပါ။

ဒုတိယရုပ်ရှုခန်းတွင်မူ အထက်ပါသမထယာနိက ယောဂီကလဲ နာမ်သာရှုဖူး၍ ရုပ်မရှုသေးတာကြောင့်သူလဲ ပါဝင်လျက် ဝိပဿနာယနိက ယောဂီနှင့် ပုဂ္ဂိုလ် ၃ မျိုးပါဝင်ပါသည်။ ထို ၂ မျိုးစလုံးပင် ရုပ်ကို စရှုကြရန်ဖြစ်သည်။

ကျွန်တော်ကိုယ်စားလှယ်လိုက်နေသော အရှင်နန္ဒမာလာရဲ့ မြန်မာပြန်ကမူ သူအမှီပြုထားသော ပြည်နိသျှအတိုင်း ယာထာဝသရသ လက္ခဏာတော ဟုတ်မှန်တိုင်းသော မိမိ၏ ကိစ္စလက္ခဏာအားဖြင့်ဟု ပြန်ဆိုထားသည်ကို ထောက်သော်။

အထက်တွင် ဝိသုဒ္ဓိမဂ်ကဆိုထားသော "လက္ခဏာရသာဝဒိသေန" စကားအရ ဤနေရာ၌ အားလုံးမယူတော့ဘဲ ရုပ်ရှုခန်း၌ ဆိုပြီးရှိနေသော သရသလက္ခဏာတောအရ လက္ခဏာရသနှစ်ခုကိုသာ ရှုထိုက်ပုံကိုရည်၍ ဘာသာပြန်ထားပေသည်။ သေချာစွာ သတိပြုပါ၊ ကျွန်တော်ကား ဧင်းအယူကို ထောက်ခံပြီးရေးသားခဲ့ပါသည်။ အရေလည်ပြီး သဘောပေါက်သူတိုင်းလည်း

www.dhammaransi.com



ထောက်ခံပါမည်။

အထက်ပါ "လက္ခဏရသာဒိဝသေန" အရယူလိုသော ကျေးဇူးရှင်မဟာစည် ဆရာတော်သည် ဤနေရာတွင် ဝိသုဒ္ဓိမဂ်ဆရာသီးခြားဆိုထားသော "ယာထာဝ သရသ လက္ခဏော" ပုဒ်ကို မှန်ကန်သော မိမိ၏ သဘောလက္ခဏာ အားဖြင့်ဟု ပြန်ဆိုတော်မူထားသည်။

ထိုသို့ပြန်ခြင်းဖြင့် ရုပ်တို့၏ လက္ခဏာတစ်ခုတည်းအားဖြင့်သာ ထင်ပေါ်ခြင်းအနက်ဖြစ်ပေသည်။ ကျန်ရသ - ပစ္စုပဋ္ဌာန ပဒဋ္ဌာန် ၃ မျိုးမပါ၊ သို့သော် ကျန်သုံးမျိုးကိုလဲ ယူနိုင်ပါသည်ဟု မိန့်ဆိုလေသည်။နည်းဥပစာနှင့် သွင်းယူထားသည်။

ထိုသို့ မဟုတ်လဲ အထက်၌ "လက္ခဏ ရသာဒိဝသေန" အတိုင်း ၄ပါးစလုံးယူ၍ ဤနေရာတွင် ဆိုထားသော "ယာထာဝသရသလက္ခဏော" စားအရ မူရုပ်ကို ရှုခန်းမဟုတ်။ ရှုတဲ့အခါ ဉာဏ်တွင် ထင်ပေါ်လာမှုအတွက် ပြထားသော စကားဖြစ်၍ မှန်ကန်သော မိမိ၏ သဘောလက္ခဏာအားဖြင့်ဟု ဘာသာပြန်ဆိုခြင်းသည်သာ အမှန်ဖြစ်ပုံကို ဖြေရှင်းထားလေသည်။

မဟာစည်ဆရာတော် ဖြေရှင်းချက်အတိုင်း စီစစ်ကြည့်လိုက်သော် ရုပ်ကိုရှုလျှင် လက္ခဏာစသော ၄ ပါးစလုံးကိုရှု၊ သို့သော် ဉာဏ်ရင့်၍ ထင်ပေါ်လျှင် လက္ခဏာတခုတည်းဖြင့်သာ ထင်ရမည်ဟု ဆိုသကဲ့သို့ ဖြစ်နေပြန်သည်ကို တွေ့နိုင်လေသည်။

ထိုကြောင့် "ရှုတော့တမျိုး၊ ထင်တော့တမျိုးဟု" ဖြစ်နေသဖြင့် ကျွန်တော်သည် သဘာဝမကျဟုပင်ယူဆမိပေသည်။

ကျမ်းကိုးပြချက်

(၁) မဟာစည်ဆရာတော်က လက္ခဏ ရသ ပစ္စုပဋ္ဌာနဝသေနနာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ ဆိုသော သင်္ဂြိုဟ်ကျမ်းကို ကိုးကားပြီး ရုပ်ဖြစ်စေ နာမ်ဖြစ်စေ ၄ ပါးစလုံး ရှုနိုင်သည်ဆိုသည်။

(၂) ဝိသုဒ္ဓိမဂ်က "လက္ခဏရသာဒိဝသေန" ၌ အာဒိဆိုတာ ထောက်ပြီး လေးပါးစလုံးယူရမည်ဟုလည်း မိန့်ထားသည်။

(၃) ကျွန်တော်သည် (၁)၌ပါသော သင်္ဂြိုဟ်ပါဠိအရ အဖွင့်ဋီကာကျော်ကို ကြည့်သည့်အခါတွင် ဓမ္မာနံ သာမည သဘာဝေါ လက္ခဏံကိစ္စသမ္ပတ္တိယော ရသော ဥပဋ္ဌာနာ

www.dhammaransi.com



ကာရော ဖလဥ္စပစ္စုပ္ပန္နန္တိဝေဝုတ္တာနံစသည်ဖြင့် လက္ခဏ ရသ ပစ္စုပ္ပဋ္ဌာန ၃ ပုဒ်ကို မဖွင့်ခြင်းကို တွေ့ရပါသည်။

(၄) ထိုအချက်ကို ထောက်သော် သီဟိုဠ်ဖြစ် သဂြုဟ်ကျမ်းနှင့် သီဟိုဠ်ဖြစ် အဖွင့်ဋီကာကျမ်းဖြစ်၍ ပဒဋ္ဌာနပုဒ်ကို သဂြုဟ်၌ ရှိလျှက်ဋီကာက သက်သက် ချန်ပစ်ထားခဲ့သလား။

(၅) ဋီကာကို ရေးစဉ်က သဂြုဟ်ကျမ်း သီဟိုဠ်လိုမူရင်းတွင် ထို ပဒဋ္ဌာနဝသေနပုဒ်မပါဘဲ လက္ခဏရသပစ္စုပ္ပဋ္ဌာနဝသေန ဟုသာရှိသဖြင့် ထိုရှိနေသော ၃ ပုဒ်အတိုင်းသာ ဖွင့်သလား ဆိုတာကို စဉ်းစားစရာရှိနေပြန်ပါသည်။

(၆) ထိုဋီကာမဖွင့်တာထောက်ပြီး ယခု ဗမာပြည်ရှိ ဆရာတော် အချို့သည် ပဒဋ္ဌာနပုဒ်ကို မည်သူက အပိုသွားထည့်ထား ပါသလဲ၊ သီဟိုဠ်မူရင်းမှာ ထိုပုဒ်မပါ၍သာ ဋီကာက မဖွင့်တာဖြစ်နိုင်သည်ဟုယူဆပြီး "လက္ခဏရသပစ္စု ပဋ္ဌာနဝသေန" ဟုသာ သဂြုဟ်၌ ရှိသင့်ပုံကို ကြိုက်နေ ကြပေသည်။ အထူးစဉ်းစားစရာပင်။

(၇) ထိုကြောင့် လက္ခဏရသ ပစ္စုပ္ပဋ္ဌာန်ပဒဋ္ဌာန် ၄ မျိုးကို နှုတ်တတ်နေသည့်အတွက် ဆရာတဦးဦးက ဤနေရာ တွင်မသက်ဆိုင်ဘဲ ထိုပဒဋ္ဌာန်ပုဒ်ကို ထည့်ထားရာကစပြီး မူအမှားကြီးတခု ဖြစ်နေဟန်ရှိလေသည်။

(၈) တဖန် သဂြုဟ်ဋီကာ ဟောင်းတွင် နာမရူပမတ္တဒဿနံ အတ္တဒိဋ္ဌိဝိသော ဓနတော ဒိဋ္ဌိဝိသုဒ္ဓိနာမဟု ဖွင့်ထားရာ နာမ်ရုပ်မျှသာရှုဟုဆိုသဖြင့် ရုပ်အစစ် မဟုတ်သော ဉာဏ်အထင် ပစ္စုပ္ပဋ္ဌာန်ခေါ် ပညတ်အာရုံအခြင်းအရာကို ရုပ်ရှုခန်းတွင် မရှုသင့်၍ ပစ္စုပ္ပဋ္ဌာန်မပါသင့်ပုံမှာ အထူး ထင်ရှားနေပြန်ပေသည်။

(၉) မဟာစည်ဆရာတော်က စတုဓါတုဝ ဝတ္ထာန်ခန်းကို ပြန်ကြည့်သော်လည်း တနည်းမဟုတ်တနည်းဖြင့် ထို လက္ခဏရသပစ္စုပ္ပဋ္ဌာန်တွေ အစုံအလင် ပြထားသော ကြောင့် ဒီနေရာက သရသလက္ခဏတော ပုဒ်ကို ရသ လက္ခဏ ၂ မျိုးထဲ ယူထားလျှင် မပြည့်စုံတဲ့ အပြစ်

www.dhammaransi.com



ဖြစ်မည်ဟုဆိုထား ပြန်ပါသည်။

(၁၀) ထိုဆိုထားချက်မှာ မမှန်ပါ အကြောင်းဆိုသော် နောက်က စတု ဓါတုဝ ဝတ္ထာန်ခန်းသည် ဤအခန်းလို ပညာခန်း၊ ဝိပဿနာခန်းမဟုတ်ပါ။ သမာဓိခန်း သမထခန်းက စတုဓါတုဝသတ္ထာန် ဇောဝ ဝတ္ထာန် နာမဆိုသော ကမ္မဋ္ဌာန်းစကားအရ အနည်းနည်း ဖွင့်ပြနေခြင်းသာ ဖြစ်ပါသည်။

(၁၁) ထိုကြောင့် သမထမှာ ပညတ်အာရုံတွေ အရေးကြီးရကား ဓါတ် ၄ ပါး၏ လက္ခဏဆိုတဲ့ ပရမတ်အာရုံလဲရှု၊ ကိစ္စ ရသဆိုတဲ့ ပရမတ်အာရုံကိုလည်းရှု ပစ္စုပဋ္ဌာန် ဆိုတဲ့ ပရမတ်အာရုံကိုလဲရှုလေ။ ပဋိပတ်လမ်းစဉ်အရ ဆိုလိုရင်း ကတော့ သမထ ကမ္မဋ္ဌာန်းအခန်းတွင်ဓါတ် တို့၏လက္ခဏ ရသတို့ကို ရှုပြီးနောက် ပစ္စုပဋ္ဌာန်ကို ရှုလိုက်တဲ့အခါတွင် ပညတ်အာရုံသို့ ဆိုက်သွားသည်။ ထိုသို့ ဆိုက်သော်လဲ သမထအခန်းဖြစ်နေရ၍ ရှုရမည်ဟု အဋ္ဌကထာကဆိုသည်။ ထိုသို့ ဆိုက်သော်လဲ သမဋ္ဌအခန်းဖြစ်နေ၍ ရှုရမည်ဟု အဋ္ဌကထာက ဆိုသည်။ ထိုသို့ဆိုက်မှ သမထနှင့် ကိုက်ညီမည်။

(၁၂) သို့သော် ယခုဝိပဿနာ ခန်းကျတော့ သမထခန်းပြန် ညွှန်းထားသည်ဆိုပြီး အားလုံးရှုနိုင်သည်ဟု မဟာစည် ဆိုသလိုမယူထိုက်။ ထိုသို့မယူထိုက်သဖြင့် ပရမတ် အာရုံအစစ်ဖြစ်စေရန် ယာထာဝသရသ လက္ခဏာတော ဟုစည်းကမ်းသတ်ပြီး လက္ခဏရသ ၂ ပါးကိုသာယူ "သမထခန်းအတိုင်း ပစ္စုပဋ္ဌာန်ရော မယူစေလို၍" ယာထာဝသလက္ခဏာ ဒိတောဟုမဆိုဘဲ ယာထာဝသ လက္ခဏာတောဟုသာဝိသုဒ္ဓိမဂ်ကသာ ထည့်ဆိုထားသည်။

(၁၃) ထိုတွင် လက္ခဏရသဟု အစဉ်အတိုင်းသာဆိုသည်။ ရသလက္ခဏဟု ကမောက်ကမကျမ်းဆရာများမဆိုဟု မဟာစည်ဆရာတော်က မိန့်ထားပြန်ရာ နိဒါန်း၌ သဒ္ဒါကို ပဓါနမထား အနက်သဘောကိုသာ ပဓါနထားပြီး

www.dhammaransi.com



ရေးမည်ဟု ဆိုထားချက်အရ ယာထာဝသရလက္ခဏာတော ဟုဆို၊ ယာထာဝသ လက္ခဏရသတောဟုဆို၊ အတ္တယတ္တိ သက်ရောက်နေသောကြောင့်(ကိစ္စ) ရသလက္ခဏာ-လက္ခဏ(ကိစ္စ) ရသဟုပင် ယူရမည်ဟုလည်း ဆိုနိုင်ပေသည်။

(၁၄) တဖန်အထက်က နာမ်ရှုခန်းတွင် လက္ခဏ ရသာဓိဝသေနဟု အစဉ်အတိုင်း ဆိုထားခဲ့သော်လည်း ဤရုပ်ရှုခန်း၌မူ ပစ္စုပဋ္ဌာန်မလိုသောကြောင့် လက္ခဏရသ ၂ ပုဒ်တွင်သာရှိပေသည်။ ထို ၂ ပုဒ်တွင် အရကွဲသော ဒွန်သမသ် အရာဖြစ်သည်။ အရတူသော ကမ္မဓါရည်း အရာမဟုတ်ဟု သိစေလို၍ ရသ လက္ခဏတောဟု ပြောင်းပြန်ဆိုထားသည်။

(၁၅) ထိုသို့ဆိုရခြင်းကား ဒွန်သမသ်တွင် များသောအားဖြင့် အက္ခရာအရေအတွက်နည်းသော ပုဒ်ကိုရှေ့က ထားရိုးရှိသဖြင့် အက္ခရာ များသော လက္ခဏပုဒ်ကို နောက်ထားပြီး အက္ခရာနည်းသော ရသပုဒ်ကို ရှေ့က ထားတော်မူသည်ဟုလည်းယူနိုင်သည်။

(၁၆) တဖန်ဝိသုဒ္ဓိမဂ်မဟာဋီကာသမာဓိခန်း၊ စာမျက်နှာ ၄၂၅ တွင်ကမ္မပနသဘါဝသရသလက္ခတော ဓါတုယေါမနသိကာ တဗ္ဗာဟု လက္ခဏ ရသ အစဉ်တိုင်းမဆိုဘဲ ရသလက္ခဏဟု ဆိုထားပြန်သည်။

ဤကိုထောက်၍ သရသလက္ခဏဟုဆိုခြင်းဟာ ကမောက်ကမ မဖြစ်သည်ကို ပဋ္ဌပတ်နယ်မှ အရယာဟူ၍ လေးစားယူဆခြင်းခံရသော မဟာဋီကာ ဆရာကြီး၏လက်ရာကို လေးစားတော်မူကြပါရန် သတိပေးရေးသား ရပါသည်။ ဋီကာကလက်နဲရေးထားတာကို ခြေနဲ့ ဖျက်သဘောမျိုး အယူသည်းတော် မမူကြရန် ထပ်မံပြီးမေတ္တာရပ်ခံအပ်ပါသည်။

www.dhammaransi.com



# မြန်မာပြည်သုံး သင်္ကြံဟ်ကျမ်း၏ မှားအစဉ် ပြင်ခဏ

(မိုးကြိုးသတင်းစာ ၁၆-၆-၆၃)

"ပျက်အစဉ် ပြင်ခဏ" ဆိုသော စကားသာကြားဘူးပါသည်။ "မှားအစဉ် ပြင်ခဏ" ဆိုသော စကားကိုကားမကြားဘူးပါ၊ မှန်ပါသည်။ "မှားအစဉ်ပြင်ခဏ" ဆိုသောစကားသည် ယနေ့မှပင် အကြောင်းဆိုက်သဖြင့် တည်ထွင်လိုက်သော စကားမျှသာ ဖြစ်ပါသည်။

မှားသည်ဆိုခြင်းမှာ တကယ်မှားသော အမှားဖြစ်သည်။ မှားကြောင်းကို နိုင်လုံလှသော သာဓကများဖြင့် ဖော်ပြပါမည်။

ထိုအမှားသည် မနေ့ တနေ့က၊ သို့မဟုတ် လွန်ခဲ့သော ဆယ်နှစ်၊ အနှစ်နှစ်ဆယ်က သို့မဟုတ် လွန်လေပြီးသော အနှစ်တရာ နှစ်ရာက မှားခဲ့သော (ဝါ) ဆက်တိုက်မှားလာသော အမှားမျိုးမဟုတ်ပါ။ လွန်ခဲ့သော နှစ်ပေါင်းရှစ်ရာကျော်လောက်ကပင် ဆက်တိုက်မှားလာခဲ့သော "နှစ်ချို့" အမှားကြီးဖြစ်သည်။ မျက်စိပေါက်ပေါင်းသိန်းခြောက်သောင်းကို အောင်မြင်စွာ ရှောင်ကွင်းနိုင်ခဲ့သော "လူစွမ်းကောင်း" အမှားကြီးလည်းဖြစ်ပါသည်။

ထိုလူစွမ်းကောင်းအမှားကြီးကို ကျွန်တော်သည် ပညာမျက်စိရှိလေသောကြောင့် တွေ့သည်။ သတိပြုမိသည်ဟု မယူဆစေလိုပါ။ အမှန်ကား "ကြက်ကန်းဆန် အိုးတိုး" သဘောမျိုးဖြင့် တွေ့ရှိခြင်း၊ သတိပြုမိလိုက်ခြင်းမျှသာဖြစ်သည်။ ကျွန်တော် "တော်" ၍မဟုတ်၊ မျက်စိပေါင်းသိန်းခြောက်သောင်းသည် ရှောင်၍လည်း မဟုတ်ပါ။

ပုဂံမင်း ၅၅ ဆက်အနက်၊ ၄၂ ဆက်မြောက်ဖြစ်သော အနော်ရထာမင်းသည် ခရစ်သက္ကရာဇ် ၁၀၄၄ – ခုနှစ်တွင် နန်းတက်ပြီး ၃၃ နှစ်တို့ ကာလပတ်လုံး နန်းစံနေပါသည်။

ထိုမင်းလက်ထက်တွင် မြန်မာနိုင်ငံတော်သည် ပဌမအကြိမ်အထွဋ်အထိပ်သို့ ရောက်လျှက် အမျိုးပညာစာပေ၊ ဥစ္စာများမှတ်သားဖွယ်ကြီးကျယ်ထွန်းကား ကောင်းစားရုံသာမက ထေရဝါဒ ဗုဒ္ဓသာသနာတော်သည်လည်း စတင်စည်ပင် ပြန့်ပွားခဲ့ပါသည်။

အနော်ရထာမင်းလက်ထက်တွင် လူစွမ်းကောင်းများဖြစ်သော (၁)ကျန်စစ်သား (၂)ငထွေးရူး (၃)ငလုံးလက်ဖယ် (၄)ညောင်ဦးဖီးနှင့်

www.dhammaransi.com



(၅)သထုံမှ ထွက်ပြေးတိမ်းရှောင်လာသောဗျတ္တတို့ ပေါ်ပေါက်ခဲ့သည်။ ၎င်းတို့သည် အနော်ရထာမင်း၏ သာသနာပြုခြင်းအလုပ်တွင် အစွမ်းကုန်ကူညီရန် ပေါ်ပေါက်လာကြခြင်းဖြစ်သည်ဟူ၍ ယူဆဖွယ်ရာရှိသည်။

ရှင်အရဟံမည်သော ရဟန်းကောင်းတပါးသည် ဗုဒ္ဓသာသနာစည်ပင် ထွန်းကားလျှက်ရှိသော မွန်တို့ဌာနေ သထုံပြည်မှ နတ်၊ နဂါးနှင့်အရည်းကြီးတို့ အယူဝါဒများ လွှမ်းမိုးကြီးစိုးနေသော ပုဂံပြည်သို့ ကြွရောက်လာပြီးလျှင် အနော်ရထာမင်းအား သန့်ရှင်းစင်ကြယ်သော ထေရဝါဒဗုဒ္ဓဘာသာ အယူမှန်၌ သက်ဝင်ယုံကြည်စေခဲ့သည်။

ရှင်အရဟံ၏ မိန့်ကြားချက်အရ သထုံပြည်တွင် ပိဋကတ်တော်များ ရှိကြောင်းကို အနော်ရထာမင်းသိသောအခါတွင် ကျန်စစ်သားနှင့်တကွ လူစွမ်းကောင်းများကို သထုံပြည်သို့ စေလွှတ်ခဲ့ပါသည်။

ထိုလူစွမ်းကောင်းသည် သထုံပြည်မနူဟာမင်းနှင့်တကွ ပိဋကတ်တော် အစုံသုံးဆယ်၊ အရိယာသံဃာတော် တထောင် နှုတ်မှု၊ လက်မှု၊ ပညာတတ်၊ ပညာသည်များစွာကို ပုဂံပြည်သို့ ဆောင်ယူခဲ့ပါသည်။ ထိုနှစ်သည်ကား ခရစ်သက္ကရာဇ် ၁၀၅၇ ခုနှစ် (လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ကျော်)က ဖြစ်ပါသည်။

ထိုအချိန် ထိုအခါက သထုံပြည်မှ ပုဂံပြည်သို့ အရှင်မဟာဗုဒ္ဓဃောသ စီရင်ရေးသားသော ဝိသုဒ္ဓိမဂ်ကျမ်းနှင့် အရှင်အနုရုဒ္ဓါ၏ သင်္ဂြိုဟ်ကျမ်းများလည်း ပါဝင်ရောက်ရှိလာဖွယ်ရာ လက္ခာရှိပါသည်။ ကျွန်တော် အသေအချာမသိပါ၊ ထပ်မံကာ သေသနပြု၍ တင်ပြပါဦးမည်။

ဤဆောင်းပါးကို ကျွန်တော်ရေးသားခြင်း၏ ရည်ရွယ်ရင်းဖြစ်သော အဓိကအချက်မှာ ပဋ္ဌိပါတ်ကျင့်စဉ်လမ်းနှင့် ပတ်သက်၍ မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်းတွင် ပါဝင်နေသော "လူစွမ်းကောင်း" အမှားကြီးအကြောင်းပင် ဖြစ်ပါသည်။

ထိုအမှားကြီးအကြောင်းကို ရေရေလည်လည် ပတ်ပတ်နပ်နပ် ရှင်းရှင်းလင်းလင်း နားလည်စေရန်အတွက် မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်း၏ မူရင်းသီဟိုဠ်ဘာသာ သင်္ဂြိုဟ်ကျမ်းနှင့် "ဝိသုဒ္ဓမဂ်" တို့၏ အကြောင်းကို ဦးစွာတင်ပြပါမည်။

အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် သာသနာနှစ် ၉၇၃ ခုနှစ် (လွန်ခဲ့ သောနှစ်ပေါင်း ၁၅၃၄) နှစ်က ဝိသုဒ္ဓိမဂ်ကျမ်းကို သီဟိုဠ်ကျွန်း

www.dhammaransi.com



အနုရာဓမြို့ မဟာဝိဟာရ ကျောင်းတိုက်၌ ပါဠိဘာသာဖြင့် ရေးသား ပြီးစီးခဲ့ပါသည်။

ထို့ပြင် အရှင်မဟာဗုဒ္ဓဃောသ၏ အဆိုပါဝိသုဒ္ဓိမဂ်ကို တစိတ် တဒေသ အသုံးပြုနန်းကို မှီငြမ်းပြုလျက် အရှင်အနုရုဒ္ဓါမထေရ်မြတ် သည်"အဘိဓမ္မတ္ထ သင်္ဂဟော" အမည်ဖြင့် (မြန်မာခေါ် သင်္ဂြိုဟ်ကျမ်းကို) ပရက္ကမဗာဟု မင်းရေပိုင်း လောက်တွင် ရှေးအခေါ်(ပုလတ္ထိနဂရ) ယခုအခေါ် (ပေါလုနရုဝ)တောမြို့ငယ်တွင် သီဟိုဠ်ဘာသာဖြင့် စီရင်ရေးသားခဲ့ပါသည်။

ထိုမှတပါး အဘိဓမ္မတ္ထသင်္ဂဟောခေါ် သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဋီကာ သီဠိဘာသာဖြင့် ရေးသားထားသော (၁)အဘိဓမ္မတ္ထသင်္ဂဟ ဝမ္ဘလဋီကာ (မြန်မာအခေါ် ဋီကာဟောင်းအကျမ်း) နှင့် (၂)အဘိဓမ္မတ္ထသင်္ဂဟ ဝိဘာဝနီဋီကာ (မြန်မာခေါ် ဋီကာကျော်)ကျမ်းနှစ်စောင်လည်း ပရက္ကမဗါဟု မင်းလက်ထက်တွင် ပေါ်ထွက်လာပြီး ယနေ့တိုင်ပင် ထင်ရှားစွာ တည်ရှိ နေပါသည်။

ဤသို့သော နောက်ခံကားများကိုဖော်ပြပြီးနောက် "လူစွမ်းကောင်း" အမှားကြီးအကြောင်းကို ဖော်ပြပါတော့မည်။

ထိုအမှားကြီးကို တွေ့စေ၊ မြင်စေသော သဲလွန်စကို ကျွန်တော်နှင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားတတို့၏ ဝိသုဒ္ဓိမဂ်မြန်မာပြန် လက္ခဏနှင့် ရသတို့နှင့် ပတ်သက်၍ အခြေအတင်ဆွေးနွေးတင်ပြသော ဆောင်းပါးများမှပင် ရရှိခဲ့ပါသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား၏ ဖြေရှင်းချက် ပဉ္စမ ဆောင်းပါး တွင်...။

(၂)ထို့ပြင် "လက္ခဏ ရသ ဒိဝသေန လက္ခဏ ရသ. စသည်တို့၏ စွမ်းအားဖြင့်" ဟုဆိုထားသောဝိသုဒ္ဓိမဂ်၌(အာဒိစသည်)ဟူသောစကားဖြင့် ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်ကို ယူရန် ဝိသုဒ္ဓိမဂ် မြန်မာပြန်နံပါတ် ၈၅ တွင် ညွှန်ပြထားသော မှတ်ချက်နှင့် စပ်လျဉ်း၍လည်း ဆောင်းပါးရှင် (ဦးစိန်နီ)က ပဒဋ္ဌာန်ကိုမယူလို၍ သူ၏အတ္တနောမတိမျှဖြင့် ထင်မြင်ချက်ကို ဖော်ပြထား၏။

ဤအရာ၌ ဆင်ခြင်ရန်ကား ဝိသုဒ္ဓိမဂ် ကိုမြန်မာပြန်သည်မှာ မိမိ(မဟာစည် ဆရာတော်၏) သဘောအတိုင်းရေးလိုရာရေးနိုင်ခွင့်မရှိ။ ထိုကျမ်းဆရာ (အရှင်မဟာ ဗုဒ္ဓဃောသ)၏ အာဘော်အတိုင်း ရေးနိုင်ခွင့်ရှိသည်။ "လက္ခဏရသာ ဒိ" ၌ အာဒိသဒ္ဒါဖြင့်ပဒဋ္ဌာန် မပါဘဲ၊

www.dhammaransi.com



ပစ္စုပ္ပန်တခုတည်းကိုသာ ဆိုလိုသည်ဟုယူရန် သံသယမကင်းပေ။ ပစ္စုပ္ပန်တခုတည်းအတွက်ဆိုလျှင် "လက္ခဏရသာဒိ" ဆိုမည့်အစား "လက္ခဏရသ,ပစ္စုပ္ပဋ္ဌာန်" ဟုဆိုဖွယ်ရာရှိသည်။

ဤအရာ၌အဋ္ဌသာလိနီ နံပါတ်(၁၅၁)တွင် "ဝစနတ္ထလက္ခဏရသာ ဒီဟိ"ဟု အာဒိဖြင့် ပစ္စုပ္ပဋ္ဌာန်နှင့် ပဒဋ္ဌာန်ကိုပြထားသည်ကိုလည်း သတိပြုသင့်၏။

ထို့ပြင်ပဒဋ္ဌာန်ကို မယူသင့်ကြောင်း ဖော်ပြရန်လည်း ခိုင်လုံသော သာဓကပါဠိ မရှိချေ။ မရှိရုံမျှသာမဟုတ်။

အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ "လက္ခဏရသ၊ ပစ္စုပဋ္ဌာန ဝသေနနာမရူပ ပရိဂ္ဂဟော၊ ဒိဋ္ဌိဝိသုဒ္ဓိနာမ"ဟု ပဒဋ္ဌာန်၏ အစွမ်းဖြင့်လည်း ရှုရကြောင်း တိုက်ရိုက် ထင်ရှားပြဆိုချက်လည်းရှိသေး၏။ တရားအားထုတ်သော ပုဂ္ဂိုလ်တို့မှာ ဉာဏ်အနအထက် အမျိုးမျိုးရှိသောကြောင့် အထူးဉာဏ်ထက် သော ပုဂ္ဂိုလ်အား ထိုအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ မိန့်ဆိုသည့်အတိုင်း နာမရူပပရိစ္ဆေဒအရာ၌ပင် ပဒဋ္ဌာန်ဖြင့် ရှုခြင်းလည်း ဖြစ်နိုင်သေး၏ ထိုကြောင့် ထိုအဘိဓမ္မတ္ထသင်္ဂဟ ကျမ်းနှင့်လည်း ညီစေရန် ဝသုဒ္ဓိမဂ် မြန်မာပြန်၌ ပဒဋ္ဌာန်ကိုပါ အာဒိသဒ္ဒါဖြင့် ယူရန်ပြန်ဆိုထားခြင်းဖြစ်သည်။

ဟူ၍ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားက ထိုအဘိဓမ္မတ္ထ သင်္ဂဟကျမ်း (ဝါ) သင်္ဂြိုဟ်ကျမ်းများကို မြင့်မိုရ်တောင်ကြီးအဖြစ်ဖြင့် အကာအကွယ်ယူလိုက်ပါတော့သည်။

အမန်မှာ ဝိသုဒ္ဓိမဂ်က ကျမ်းရင်းဖြစ်ပြီး အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းကတချို့နေရာများတွင် ဝိသုဒ္ဓိမဂ်ကို မှီပြီး ရေးထားသော ကျမ်းများ ဖြစ်သည်ကို ဆရာတော် မရိပ်မိဘဲ၊ အဘကိုအားမကို၊ သားကိုအားကိုး ပြုထားနေသည်ကို ဝမ်းနည်းစွာ တွေ့ရသည်။

ထို့ပြင်ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကိုးကားထားသော မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်းပါ "လက္ခဏ,ရသ,ပစ္စုပ္ပဋ္ဌာန ပဒဋ္ဌာနဝသေန" ဟူသောပုဒ်သည်သီဟိုဠ် ဘာသာဖြင့်ရေးသားထားသောသီဟိုဠ် မူရင်း ကျမ်းတွင် ပဒဋ္ဌာနပုဒ် မပါဝင်ဘဲ၊ မြန်မာပြည်သုံးပါဠိဘာသာ သင်္ဂြိုဟ်ကျမ်း တွင်သာ ပဒဋ္ဌာနပုဒ် ပါဝင်နေသည်ကို တွေ့နေရသည်။ ဤကဲ့သို့ မြန်မာ ပြည်သုံး သင်္ဂြိုဟ်ကျမ်း၏ ချွတ်ချော်ခဲ့ခြင်းကိုကျွန်တော်သည် "ကြက်ကန်း ဆန်အိုးတိုး" သဘောမျိုးတွေ့ရရာ အနှစ်ကိုးရာကျော်ကပင် ဆက်တိုက်

www.dhammaransi.com



လွဲမှားနေညခြင်းကို ဤကဲ့သို့ ယခုအချိန်တွင် ထုတ်ဖော်တင်ပြနိုင်ခွင့် ရသဖြင့် မဟာစည်ဆရာတော်ဘုရားအား ရှေ့ကထက်ပို၍ ကျေးဇူးတင်ကြောင်း ဖော်ပြလိုက်ရပါသည်။

## မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်း၏ မှားအစဉ် ပြင်ခဏ(၂)

(မိုးကြိုးသတင်းစာ ၂၂-၆-၆၃)

ကျွန်တော်ယမန်နေ့ကသံလျှင်တောရသို့ သွားရောက်ခဲ့ပါသည်။ အကြောင်းမှာ ကျွန်တော်ရေးနေသောဆောင်းပါးများနှင့် ပတ်သက်၍ ဦးလေး ဦးအုန်းခင် (မိုးကြိုး)၏ ထင်မြင်ချက်ကိုရယူလို၍ဖြစ်သည်။

ကျွန်တော် ။ ။ မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်းလာ နာမရူပ ပရိစ္ဆေဒဉာဏ် အရာမှာ(ပဒဋ္ဌာန်)ပုဒ်၊ လက်လွန်ပါနေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဦးလေးဘယ်လို ယူဆပါသလဲ။

မိုးကြိုး ။ ။ မင်းတင်ပြတဲ့ သက်သေအထောက်အထား သာရက များဟာ ခိုင်လုံလှချည်လား မင်းဘယ်ကရသလဲ။

ကျွန်တော်။ ။ အရှင်အနုရုဒ္ဓါ သီဟိုဠ်ဘာသာနဲ့ ရေးတဲ့ မူရင်းသင်္ဂြိုဟ်ကျမ်းမှာ(ပဒဋ္ဌာန်)မပါဘူးလို့ ဆရာသမားများပြောသံကိုကြားခဲ့ရဘူးပါတယ်။ ဒါပေမယ့် အရေးကြီးတယ်လို့ မထင်မိတဲ့အတွက် အမှုမဲ့ အမှတ်မဲ့ဘဲ နေခဲ့ပါတယ်။ ကျေးဇူးရှင် ဆရာတော်ဘုရားက ထိုမြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်းမှာပါတဲ့(ပဒဋ္ဌာန်)ပုဒ်ကို အထောက်အထားပြပြီး ငြင်းချက်ထုတ်တော့မှ သီဟိုဠ်ဘာသာနဲ့ ရေးတဲ့ မူရင်းသင်္ဂြိုဟ်ကျမ်းကို အပြေးအလွှားလိုက်လံ ရှာဖွေခဲ့ရပါတယ်။ မော်လမြိုင်နဲ့ ၁၈ မိုင်လောက်ဝေးတဲ့ ဖားအောက်တောရ (မွန်)ဆရာတော်ဦးစန္ဒာထံက ခေတ္တငှားရမ်းခဲ့ရပါတယ်။

မိုးကြိုး ။ ။ ဒီလိုခိုင်လုံလှတဲ့ အကိုးအကား အထောက်အထားကို မင်းက ဆုပ်ကိုင်ထားနိုင်တဲ့အတွက် မင်းရဲ့ဆောင်းပါးတစောင်မှာ "ဓမ္မာစရိယ အချင်းချင်းဖြစ်ဘိမူ - ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးအတိုင်း..."

မာန်မူကာ စင်ထောက်မည့်စကားရယ်နဲ့၊ ရန်သူပမာ သင် ထောင်လွှားသော်လဲ ဆင်ကောင်ကို၊ ခြင်ကောင်ဝါးသည်သို့၊ ယားရုံမျှဒိုမနာ၊ ဆိုစရာ တွေကကြား(မြရယ်) လိုရာအခြေကိုတဲ့ မသိလေ သလားလေး၊

www.dhammaransi.com



ဘာလေးနဲ့၊ လုပ်လိုက်တာပဲ မဟုတ်လား။

ကျွန်တော် ။ ။ ဝင်ဝါလိုက်ခြင်းအလျဉ်းမဟုတ်ပါဘူး၊ စာဖတ်ပရိတ်သတ်များ အပြင်းပြေအောင် ရေးလိုက်ခြင်းသာဖြစ်ပါသည်။ဒါထက် စာရေးတဲ့အခါ၊ လူဖတ်ချင်အောင် ရေးရမယ်လို့ ကျွန်တော်တို့တတွေကို ဦးလေးဘဲ ခဏခဏ သတိပေးတယ် မဟုတ်လား။

မိုးကြိုး ။ ။ အေး - ဒီလိုဆိုတော့လဲ မရှိင်းပါဘူး ဒါထက် ငါရထားတဲ့ ဆရာကြီးရဲ့လေးချိုးကလေးကိုမှတ်သားချင်သူမှတ်သားနိုင်အောင် ငါဆိုပြမယ် . . .။

ကောင်မကလေးနယ်၊ ရိုးပုံနှင့် လုတဲ့သူရဲ့ ၊ တတောင်က မဝေးသဟယ်၊ တမျိုးတဖုန်ထပြန်ပေါ့၊ ဆိုးဂုဏ်မပြချင်နှင့် တင်၏သဖွယ်၊ မယ်တင့်ရယ်... ဟောသည် ပုဆိုးခပုံမ. ပါလို့ပြင်မိတယ်...။

ရန်သူမဖြစ်ချင်ဘူးကွယ်တို့ရယ် - ဩော် တရန်ဖြစ်ရပြန်ပေါ့၊ မာန်စစ်သည် ဗိုလ်သေနင်တို့နှင့် ဗဟိုမြေပလင်ကို တိုက်စရာခဲသလိုပ ကိုရွှေတင်ကြိုက်ရာကန္တခဲ့ပေတော့ ပွားအလယ်မှာနော်ကွယ်၊ ရဲစ.တကယ်။

မင်းတို့ဉာဏ်အမြင် တမိုက်တထွာမျှရယ်နှင့် ငြင်းဖို့သန်လျှင် မိုက်ရာကျပါလိမ့်၊ စရိုက်သဘာဝရယ်တဲ့ ကျမ်းဂန်နယ်...၊ အိုမန်း သံထယ်ထယ်နှင့် မာနတက်စရာအများ၊ တင်တင်ရယ်... အရန်းထန် မဟယ်ဖြင့်၊ ဟာလ လက္ခဏာတပါး။

မှိုင်းတဲ့နော်၊ တိုင်းနဲ့ ပြေကျော်ဖို့၊ ဖြေမနော် အဖက်ဖက်က စမ်းကြပါတော့ မပြေသော် တသက်နစ်သက်တမ်းပါဘဲ ထက်မန်း မင်္ဂလာဘုံက ဟံသာတဂုန် အောက်နယ်တကြောတွင်မှ၊ ဓမ္မက္ခန္ဓာအစုံ၊ ဉာဏ်ဝစနအပုံ၊ ကြောက်ဖွယ် သဘောတွေနှင့် မောက်မယ်လို့ပြောကြပါစို့။ အမယ်မင်း . . . ဓမ္မာသဓေသူ့အခြေရတနာတပါးပေမို့၊ ဟောရလိမ့်မယ်ကွဲ့ သုတေသန အများတို့ရဲ့ထုချေလွှာတွေ သနားလှချည်ရဲ့၊ သဘောမကျတဲ့ ဥပဒေ ဘာဝနာသမားတွေနှင့် တင်တင်တို့ကိုကွယ် ဟောပြလို့ ယခုဖြေစရာတွေများ . . .။

ကျွန်တော် ။ ။ ဒါထက်ဦးလေးဖက်နေတဲ့ အရှင်နန္ဒမာလမြန်မာပြန်တဲ့ ဝိသုဒ္ဓိမဂ် အလိုအားဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်အရာမှာ (ပဒဋ္ဌာန်) ပါသင့်မပါသင့် ဦးလေး အယူအဆကို ကျွန်တော်သိချင်ပါတယ်။

မိုးကြိုး ။ ။ မင်းက "သူခိုးသေဘော်ညို" ဆိုတာမျိုး ငါ့ကိုလုပ်ချင်

www.dhammaransi.com



လို့လား၊ ဒါထက် ခက်ခဲနက်နဲတဲ့ စာဆိုတာဖက်ရုံနဲ့ အဓိပ္ပါယ်မပေါ်ဘူး။ အထပ်ထပ် လေ့လာရတယ်။ လိုအပ်ရင်လေ့လာခြင်းထက် တဆင့်တက်ပြီး သုတေသနပြုရတယ်။ (ပဒဋ္ဌာန်)ပုဒ်ဟာ သီဟိုဠ်ဘာသာ မူလ သဂြိုဟ်ကျမ်း မှာမပါဘူး၊ မြန်မာပြည်သုံး သဂြိုဟ်ကျမ်းမှာသာ လက်လွန်ပြီး ပါနေတယ် ဆိုတာကို မင်းသိအောင် စုံစမ်းရှာဖွေခြင်းမျိုးဟာ သုတေသနပြုတယ်လို့ ခေါ်တယ်။ ဒါထက် ဝိသုဒ္ဓိမဂ်မြန်မာပြန်ကို ငါလေ့လာကြည့်တဲ့အခါမှာ ကျမ်းပြုဆရာအရှင် မဟာဗုဒ္ဓဃောသဟာ ဝိပဿနာ ဉာဏ် ၁၃ တန်နှင့် ပတ်သက်ပြီးရေးထားပုံဟာ အင်မတန် ရှင်းလင်းပြတ်သားတယ်၊ ဥပမာအမျိုး မျိုးနဲ့ တနည်းမဟုတ် တနည်းနဲ့ နားလည်အောင် စိတ်ရှည်လက်ရှည် ရေးသားထားပုံဟာ အင်မတန်အံ့သြစရာကောင်းတယ်။ အင်မတန် ကြည်ညိုစရာလည်းကောင်းနေတယ်။ ဒီဝိပဿနာဉာဏ် ၁၃ တန် အကြောင်းကို လေ့လာကြည့်ရင် နာမရူပ ပရိစ္ဆေဒဉာဏ်အရာ (၁) လက္ခဏ (၂)ရသ (၃)ပစ္စုပဋ္ဌာန်သုံးမျိုးနဲ့ သာဆိုင်တယ်။ ဒုတိယဉာဏ်ဖြစ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကြတော့မှ (၄)ပဒဋ္ဌာန်အရာဖြစ်လို့ ပဒဋ္ဌာန်ကို ထည့်သွင်းခြင်းကို တွေ့ရတယ်။

ကျွန်တော်။ ။ဦးလေးပြောပုံကတော့ တယ်ရှင်းတာဘဲ၊ ဝိသုဒ္ဓိမဂ်က ဘယ်လိုဆိုထားပါလဲ။

မိုးကြိုး။ ။ စာရေးဆရာ၊ ကျမ်းပြုဆရာလုပ်သူဟာဉာဏ်အမြင် "ဘလုံးလထွေးနဲ့အရေးအသားမှာလည်းတောင်လိုလိုမြောက်လိုလို" လုပ်ရင် ထမင်းငတ်ပေါက်တိုးမယ်၊ ဉာဏ်အမြင် "ရှင်း" ပြီး ရေးပုံသားပုံရှင်းလင်း ပြတ်သားမှ ထမင်းတလုပ်စားရမယ်။ ဉာဏ်အမြင်မရှင်းတဲ့လူဟာ စာရေး စားဖို့ မသင့်ဖူး။

ဒါထက် အဆိုပါ ဝိသုဒ္ဓိမဂ် မြန်မာပြန်စာမျက်နှာ ၂၂၉ က ၂၆၁ အထိဟာ ဒိဋ္ဌိဝိသုဒ္ဓိဆိုတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်အကြောင်းကို ရေးသားဖော်ပြထားတဲ့ အခန်းဖြစ်ပါတယ်။

နာမ်ရုပ်မှ လွန်၍ အခြားတပါးသော သတ္တဝါဟူသည်ငင်း၊ ပုဂ္ဂိုလ်ဟူသည်ငင်း၊ နတ်ဟူသည်ငင်း၊ ဗြဟ္မာဟူသည်ငင်း မရှိပြီ (ဝါ)နာမ်ရုပ်နှစ်ပါးကလွဲ၍ ပုဂ္ဂိုလ်သတ္တဝါ (ငါ-သူတပါး၊ ယောကျ်ား၊ မိန်းမ)နတ်ဗြဟ္မာဟုမရှိပြီ၊ "ဤသို့ဆုံးဖြတ်ခြင်းကို ရောက်၏" လို့ စာမျက်နှာ(၂၄၆)မှာတွေ့ရတယ်။

www.dhammaransi.com



တဖန်အစမထင်၊ သံသရာ ကာလပတ်လုံး၊ ထုံအပ်သော၊ ခန္ဓာပဥ္စကဌ် အတ္တဟူ၍ စွဲလမ်းယူမှားသော အမှတ်သညာကို ပယ်ခွာ၍ အသမ္မောဟဘုံ၌ တည်နေသော နာမ်ရုပ်တို့ကို (ဝါ)နာမ်ရုပ်တို့၏ မဖေါက်မပြန်မှန်ကန်သော အားဖြင့် ကောင်းစွာမြင်ခြင်းကို အတ္တဟုစွဲလမ်းသော "ဒိဋ္ဌိ" ဟူသော အညစ်အကြေးကို သုတ်သင်တတ်၊ စင်ကြယ်ဒေတတ်သောကြောင့် "ဒိဋ္ဌိဝိသုဒ္ဓိဟူ၍ သိအပ်၏" ... လို့စာမျက်နှာ(၂၆၁)ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသပိုင်း နိဂုံးမှာ ရေးသားဖော်ပြထားတာကို ဖတ်ရှုရပြန်တယ်။ ။ မရှင်းဘူးလား။

ကျွန်တော် ။ ။ ဆက်စမ်းပါဦး။

မိုးကြိုး ။ ။ သံသရာဝဲဩြယထဲမှာ လည်နေကြတဲ့ လူ့နတ်. ပြဟ္မာသတ်တဝါတွေဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရဖို့နိဗ္ဗာန်ကို မျက်မှောက် ပြုဖို့အတွက် ဉာဏ်လှေခါးရဲ့ပဌမအထစ်ဟာ နာမ် - ရုပ်တို့ကို မဖောက်မပြန် မှန်ကန်စွာသိတဲ့ နာမရူပ ပရိစ္ဆေဉာဏ်ပဲ မဟုတ်လား။

သောတာပတ္တိဆိုတဲ့ ပဌမ မဂ်ဉာဏ်ဟာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ပယ်တယ်ဆိုတော့ အစမထင် သံသရာကာလပတ်လုံး ထုံအပ်သော ခန္ဓာကဥ္စကဌ် အတ္တဟူ၍ စွဲလမ်းယူမှားသော အမှတ်သညာကို ဖယ်ခွာခြင်း။ အတ္တဟုစွဲလမ်းသော ဒိဋ္ဌိဟူသော အညစ် အကြေးကိုပယ်ခြင်း၊ စင်ကြယ် စေခြင်းဘဲ မဟုတ်လား၊ အဲဒီလိုနောက်ဆုံးအနေနဲ့ ဒိဋ္ဌိကို ပယ်နိုင်ဖို့အတွက် နာမရူပ ပရိစ္ဆေဒဉာဏ်ကအစပျိုးပြီး အဆင့်ဆင့်အားဖြင့် ထိုဒိဋ္ဌိကို ပယ်ခြင်း ပန်းတိုင်ကို ရောက်ရန်ဘဲ မဟုတ်လား။

ကျွန်တော် ။ ။ ဦးလေးကစာတွေ့သမားသက်သက်မဟုတ်ဘဲ၊ စာတွေ့-ငါတွေ့-တွေ့နစ်တွေ့သမားလဲဖြစ်ပြန်၊ စာကိုလည်း ရှင်းအောင် ရေးတတ်ပြန်ဆိုတော့ ပြတ်သားတာပေါ့။ အကွင်းကွင်းမှန့်တီဟင်းဆိုတာ မျိုးပါဘဲ။

မိုးကြိုး။ ။ ဒီလိုစာရေးရှင်းတာ ကလေးတခုတည်းနဲ့ဘဲငါ "လှူလယ်" လုပ်နေတာဘဲ၊ ငါ့ထက် ရှင်းအောင်စာရေးတတ်သူတွေလဲ အများကြီး ရှိပါတယ် ဒါထက် ဒုတိယဉာဏ်ဖြစ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်အကြောင်းကို ဆက်ပြောပါဦးမည်။

ဝိသုဒ္ဓိမဂ်မြန်မာပြန်စာအုပ်စာမျက်နှာ(၂၆၂) - က (၂၈၅)ထိဟာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနိဒ္ဒေကို ဖော်ပြချက်ဖြစ်တယ်။ ပစ္စယပရိဂ္ဂဟ ဉာဏ် အကြောင်းဘဲ ဤကားရုပ်ဆိုတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရပြီးနောက်...

www.dhammaransi.com



နာမ်ရုပ်အကြောင်း (ပစ္စယ) ကိုသိမ်းဆည်းသဖြင့် (သိသဖြင့်) အဒ္ဓန် ၃ပါးတို့၌ ယုံမှားခြင်းကို လွန်၍တည်သောဉာဏ်သည် ယုံမှားခြင်းကို လွတ်မြောက်နိုင်သည်ဖြစ်၍ ယုံမှားခြင်းတည်းဟူသော အညစ်အကြေးကို စင်ကြယ်စေတတ်သော ကင်္ခါဝိတရဏဝိ သုဒ္ဓိဉာဏ်မည်၏။

ထိုကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်ကိုပြည့်စုံစေလိုသောရဟန်းသည် ထိုနာမ်ရုပ်၏ (ဟေတု အကြောင်း၊ ပစ္စယောအကြောင်း)ကို ရှာဖွေ၏။

အကြောင်းရှာဖွေပုံကား၊ ဥပမာအားဖြင့် လိမ်မာသော ဆေးဆရာသည် အနာရောဂါကိုမြင်သော် - ထိုရောဂါ၏ "ဖြစ်ကြောင်း" ကိုရှာသကဲ့သို့ရှင်း။

အစဉ်သနားတတ်သော ယောကျ်ားသည် အသက်အရွယ် ငယ်စွာသော အသိဉာဏ်ပညာနုံ့သေးသော ပက်လက်အိပ်တတ်ကာမျှ ဖြစ်သော သူငယ်ကို မီးရထားလမ်းခရီးမ၌ အိပ်သည်ကိုမြင်၍ ဤသူငယ်၏ မိဘတို့ကို ဆင်ခြင်ခြင်း၊ ရှာဖွေခြင်းဖြစ်သကဲ့သို့ရှင်း။

ထို့အတူ နာမ်ရုပ်၏ ဟေတုအကြောင်းတို့ကို ရှာမှီးခြင်းသို့ရောက်၏ (ဝါ) အကြောင်းရှာ၏ဟူ၍ ဖတ်ရှုရသည်။

ဒီတော့ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ရုပ်တို့ရဲ့(၁)လက္ခဏ (၂)ရသ. (၃)ပစ္စုပဋ္ဌာန်သဘောတွေကို သိတယ်။ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ ကျတော့ (၄)ပဒဋ္ဌာန်ဆိုတဲ့ အကြောင်းကိုပါထပ်မံသိတယ်ဆိုတာ လယ်ပြင်မှာ ဆင် သွားသလိုမထင်ရှားဘူးလား။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကိုးကားတဲ့ မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်းအလိုဆိုရင် နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ရုပ်နာမ်တို့ရဲ့(၁)လက္ခဏ (၂)ရသ. (၃)ပစ္စုပဋ္ဌာန် (၄)ပဒဋ္ဌာန်လေးပါးစလုံးကိုသိရင် ပစ္စယပရိဂ္ဂဟ ဉာဏ်ကို အမှိုက်ပုံးထဲ လွှင့်ပြစ်ဖို့ပဲရှိတော့တယ်လို့ မဖြစ်ပေဘူးလား။

ထို့ပြင် ဝိပဿနာဉာဏ် ၁၃ တန်ကို သစ္စာနဲ့ ပိုင်းခြားပြသတဲ့ စာမျက်နှာ (၃၉၇)မှာ...

ဒိဋ္ဌိဝိသုဒ္ဓိကို ရအပ်သည်ရှိသော် ရှေးဦးစွာနာမ်ကို ပိုင်းခြားမှတ်သား သဖြင့် ဒုက္ခရသစ္စာကို ပိုင်းခြားသတ်မှတ်ထားခြင်းကိုပြသည်ဖြစ်၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်ကိုရရှိသော် (အကြောင်းပစ္စည်း)ကို သိမ်းဆည်း ခြင်းကြောင့် (ဝါ) သိခြင်းကြောင့် "သမုဒယသစ္စာကို ပိုင်းခြားမှတ်သားခြင်း ပြသည်ဖြစ်၏" လို့ ဖတ်ရှုရပြန်တယ်။

www.dhammaransi.com



ဒီသစ္စာအရပိုင်းခြားထားခြင်းကို ထောက်ရှုရပြန်ရင် နာမရူပ ပရိစ္ဆေဒ ဉာဏ်ဟာ (မြန်မာပြည်သုံး သင်္ဂြိုဟ်အတိုင်း) နာမ်ရုပ်တို့ရဲ့ (၁)လက္ခဏ (၂)ရသ (၃)ပစ္စုပဋ္ဌာန် (၄)ပစ္စုပဋ္ဌာန်လေးပါးစလုံးကို သိတယ်လို့ဆိုရင် ဒုက္ခသစ္စာဟာ ဘယ်ရောက်သွားမလဲ ပျောက်မနေပေဘူးလား။

ဒီအချက်တွေကို ထောက်ရှုရင် ရှင်အနုရုဒ္ဓါရေးတဲ့ သိဟိုဠ်ဘာသာ သင်္ဂြိုဟ် ကျမ်းထဲမှာ နာမရူပ ပရိစ္ဆေဒဉာဏ်အတွက် (ပဒဋ္ဌာန်) ပုဒ်မပါသင့်ဘဲ ပါနေတောင် ငါတို့ရဲ့ဆရာတော်ကြီးများက(ပဒဋ္ဌာန်)ပုဒ်ကို မပါသင့်ဘူး၊ ဖြုတ်ပြစ်သင့်တယ်လို့ ရဲရဲကြီး ဖော်ပြရမယ်။ သူ့အမှန်ကို ကိုယ်ကအမှား ဖြစ်စေဖို့ဆိုတာမျိုး ဖြစ်နိုင်စရာအကြောင်း မရှိဘူး ဘာကြောင့်လဲဆိုတော့ ဒို့ဗမာပြည်ဆိုတာက ထေရဝါဒ ဗုဒ္ဓစာပေထွန်းကားပြီး သံဃာယနာ နှစ်ကြိမ် နှစ်ခါတင်တဲ့ တိုင်းပြည်ဖြစ်လို့ဘဲ။

ကျွန်တော် ။ ။ ဆဋ္ဌသံဂါယနာတင်သံဃာတော်ဘက်ဆိုင်ရာ ဝန်ဆောင် အဖွဲ့ထဲမှာ ဦးလေးနဲ့ အင်မတန် ခင်မင်ရင်းနှီးတဲ့ ဆရာတော်ကြီး တွေပါတယ် မဟုတ်လား။

မိုးကြိုး ။ ။ အေး... အများကြီးပါတယ်။ ဆရာတော်ကြီးများကို ငါမေးလျှောက်ကြည့်မယ်။ ဆရာတော်ကြီးများရဲ့အဖြေကို ငါသိချင်တယ်။ "ပိန်းနဲ့ပင်မပါစေနဲ့" လို့ များကြိမ်းမောင်းနေကြ၊ ငါ့ကို ကြိမ်းမောင်းကြမလား မသိပါဘူး။

## မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်း၏ မှားအစဉ် ပြင်ခဏ(၃)
(မိုးကြိုးသတင်းစာ ၂၄-၆-၆၃)

ကျွန်တော်နှင့် ဦးလေး ဦးအုန်းခင် (မိုးကြိုး) တို့၏ ဆွေးနွေး မေးမြန်းချက်များ ပဌမပိုင်းကို တင်ပြခဲ့ပြီးပါပြီ။ ဒုတိယပိုင်းကို ထပ်မံ တင်ပြပါဦးမည်။

မိုးကြိုး ။ ။ ဒါထက် ငါမသိလို့ မေးစမ်းပါရစေ သီဟိုဠ်သား အရှင် အနုရုဒ္ဓါမထေရ်မြတ် သီဟိုဠ်ဘာသာနဲ့ ရေးသားခဲ့တဲ့ မူရင်း "အဘိဓမ္မသတ္တ သင်္ဂဟော" (ဝါ) မြန်မာခေါ် သင်္ဂြိုဟ်ကျမ်းကို ဖွင့်ဆိုရေးသားခဲ့တဲ့ ဋီကာကျမ်းနှစ်စောင်ရှိတယ်ဆိုတာက ဘယ်ကျမ်းတွေလဲ ဘယ်သူတွေ

www.dhammaransi.com



ရေးသားခဲ့တာလဲ။

ကျွန်တော်။ ။ သင်္ဂြိုဟ်ကျမ်းရဲ့အဖွင့်ဋီကာနှစ်စောင်အနက် တစောင်က (၁)အဘိဓမ္မတ္ထသင်္ဂဟမူလဋီကာ (မြန်မာခေါ်ဋီကာဟောင်း ကျမ်း) ဖြစ်ပါတယ်။ ကျမ်းပြုဆရာကတော့ သီဟိုဠ်သား အရှင်သာရိပုတ္တရာ၏ တပည့် နဝဝိမလဖြစ်ပါတယ်။ သီဟိုဠ်ဘာသာနဲ့လည်းရေးသားခဲ့ပါသည်။ (၂)ကျန်တစ်စောင်ကတော့ အဘိဓမ္မတ္ထသင်္ဂဟဝိဘာဝနီဋီကာ (မြန်မာ ခေါ်ဋီကာကျော်ဖြစ်ပါသည်) ကျမ်းပြုဆရာကတော့ အရှင်သာရိပုတ္တရာ အမည်ရှိသော မထေရ်၏ တပည့်သီဟိုဠ်သား အရှင်သုမင်္ဂလာသာမိ ဖြစ်ပါတယ်။သီဟိုဠ်ဘာသာနဲ့ပဲ ရေးသားခဲ့ပါတယ်။

မိုးကြိုး။ ။အဲ့ဒီဋီကာအဖွင့် နှစ်စောင်ထဲမှာ နာမရူပပရိစ္ဆေဒဉာဏ်ကို ဖော်ပြရာမှာ(ပဒဋ္ဌာန်)ပုဒ်ကို ထည့်သွင်းဖွင့်ဆိုထားပါသည်။

ကျွန်တော်။ ။ ဒီကျမ်းနှစ်စောင်လုံးမှာလက္ခဏ.ရသ.ပစ္စုပဋ္ဌာန ဝသေနနာမရူပ ပရိဂ္ဂဟောဒိဋ္ဌိဝိသုဒ္ဓိနာမ ဆိုတဲ့ပုဒ်ကိုဘဲဖွင့်ဆိုထားပါတယ်။ (ပဋ္ဌာန်) ပုဒ်မပါပါဘူး။

မိုးကြိုး။ ။ ဒါထက်မင်းဓမ္မာစရိယစတဲ့ စာမေးပွဲဖြေဖို့စာတွေကို လေ့လာတုန်းက မင်းယခုပြောတဲ့ ဋီကာဟောင်းနဲ့ ဋီကာကျော်တို့ကို မဖတ် ဘူးလား။ ဖတ်ဘူးရင် ဒီဋီကာနှစ်စောင်မှာ (ပဒဋ္ဌာန်)ပုဒ်အဖွင့်မပါတာကို တွေ့ရတဲ့အခါမှာ (မြန်မာပြည်သုံး) သင်္ဂြိုဟ်ကျမ်းကို မင်းသံသယ မဖြစ်မိဘူးလား။

ကျွန်တော်။ ။ဒီဋီကာနှစ်စောင်လုံးကို ဖတ်ခဲ့ဘူးပါတယ်။ (ပဒဋ္ဌာန်) ပုဒ်ရဲ့အဖွင့်မပါတာကိုလဲ သတိပြုမိခဲ့ပါသည်။ ဒါပေမယ့် ဋီကာဆရာကြီး တွေဟာမလိုလို့ မဖွင့်ဘဲ ချန်ထားခဲ့တာဖြစ်မှာလဲလို့ အမှုမဲ့အမှတ်မဲ့ဘဲ နေခဲ့မိပါတယ်။

မိုကြိုး။ ။ အင်း... မင်းတို့လုပ်ပုံတွေကတယ်လဲ ရှော်ရှုတ်ရှုတ် နိုင်တာဘဲ၊ ဘယ်ကိစ္စမျိုးမဆို အခြေအမြစ်နဲ့ တကွသိရအောင် သုတေသနပြုရတယ်ဆိုတာ သတိမပြုကြဘဲကိုး။

ဒီအတိုင်းဆိုတော့ အနှစ်ကိုးရာကျော်တို့ ကာလပတ်လုံး ဆက်တိုက် မှားလာတဲ့အမှားကြီးကို ယခုကျမှတွေ့သိရပြီး ပြုပြင်ခွင့်ရတယ်ဆိုတော့ မင်းနဲ့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးတို့ရဲ့ဆွေးနွေးတဲ့ ကိစ္စဟာ အမြတ် ထွက်လာတာပေါ့။ ဆွေးနွေးခြင်းရဲ့အကျိုးထူးဘဲ ဝမ်းသာဖို့ကောင်းတယ်။

www.dhammaransi.com



ဒါထက် ကျေးဇူးရှင်မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး ရေးသားတဲ့ ပရမတ္ထသံခိပ်ကျမ်းနဲ့ဋီကာမော်(ဝါ)ဋီကာသစ်လို့ လူတွေခေါ်နေတဲ့၊ ပရမတ္ထ သံခိပ်စာအုပ်စာမျက်နှာ ၆၆ မှာ...။

(၆၈၄)လက္ခဏာနှင့် ရသ နှစ်ခု ပစ္စုပဋ္ဌာန်၊ ပဋ္ဌာန် သိမ်းရန် နာမ်နှင့်ရုပ်။

(၉၄၉)လေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တဇီဝ အတ္တအယူ ကင်းစင်၍၊ မှတ်ယူဒိဋ္ဌိဝိသုဒ္ဓိ... လို့ဆိုထားပါတယ်။

၁၉၈၁ ခုနှစ်၊ ဟံသာဝတီတိုက်ရိုက်ဋီကာသစ်ရဲ့ စာမျက်နှာ ၃၄၇ မှာ ပဒဋ္ဌာန်ပုဒ် အဖွင့်ပါနေတာကိုဘဲတွေ့ရပါတယ်။

မိုးကြိုး ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က (သာသနာ သက္ကရာဇ် ၂၄၉၉) ကရိုက်တဲ့ ဋီကာကျော် မြန်မာကိုရော မင်းလေ့လာ ဘူးသေးသလား။ ဘယ်သူမြန်မာပြန်သလဲ။

ကျွန်တော် ။ ။ မနေ့တနေ့ကဘဲဝယ်ပြီးဖတ်ပါတယ်။ မြန်မာပြန်တဲ့ပုဂ္ဂိုလ်ကတော့ နယ်နယ်ရရ မဟုတ်ပါဘူး။ မေဓါဝီ - ဆရာဆိုင် ဖြစ်ပါတယ်။ (သစ္စာဝါဒီဋီကာ၊ အဘိဓမ္မတ္ထဂုဋ္ဌတ္ထနဲ့ ကစ္စာယနဂုဋ္ဌတ္ထကျမ်းပြု ပရိယတ္တ သာသနဲ့ ဟိတဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ) ပုဂ္ဂိုလ်ကျော်ကြီး ဖြစ်ပါတယ်။

ထိုမြန်မာပြန်ကို အဂ္ဂမဟာ ပဏ္ဍိတ မစိုးရိမ်ဆရာတော်ဘုရားကြီးက တည်းဖြတ်သုတ်သင်တော်မူသည်။

မန္တလေး ပရိယတ္တိသာသနဲ့ဟိတနှင့် အစိုးရစာချဓမ္မာစရိယ၊ ပါဠိနယ ပဒေသကျောင်း၊ မစိုးရိမ်တိုက် မန္တလေးမြို့ (ပဋ္ဌာန်း) ဦးဝိသုဒ္ဓဆရာတော်က စာအုပ်အစမှာ အကျိုးအကြောင်းကိုဖော်ပြသော နိဒါနစာတမ်းရေးသားပြီး သင်သင်အံအံ ကြံကြံကျင့်ကျင့် ပညာဉာဏ် ပွင့်ကြစေရန်၊ တိုက်တွန်းရေးသားထားပါသေးတယ်။

မိုးကြိုး ။ ။ အင်း "အားလုံးမှားကြပါပေ၏" ဘဲ၊ ဒါထက်မင်းရဲ့ ပဒဋ္ဌာန်ကိစ္စဟာက ယာယီနာကလေးမဟုတ်တော့ဘူး၊ ကင်ဆာနာကြီး ဖြစ်နေပြီ။ မစိုးရိမ်ဆရာတော် ဘုရားကြီးတို့ (ပဋ္ဌာန်း) ဦးဝိသုဒ္ဓဆရာတော်တို့ ဆိုတာက ငါနဲ့အင်မတန် ခင်မင်ရင်းနှီးပြီး ငါကိုးကွယ်တဲ့ ဆရာတော်ကြီးတွေဘဲ ဒါထက်ဆရာတော်ဦးဇနကာဘိဝံသတို့၊ ဆရာတော်ဦးဝိစိတ္တသာရာဝံသ (တိပိဋကဓရ)တို့ မပါသေးတာတော်သေးတာပေါ့။

ကျွန်တော် ။ ။ ဦးလေးကသာတော်သေးတာပေါ့လို့ပြောပါတယ်။

www.dhammaransi.com



ကျွန်တော် မကြာသေးမီက ရွှေတိဂုံဘုရားဈေးသွားပြီး ဦးလေးအဝယ်နိုင်းတဲ့ ပဋ္ဌာန်းသမ္ဘိဒါမဂ်မြန်မာပြန်စာအုပ်ဝယ်ရင်း အရှင်ဇနကာဘိဝံသမှုဆိုတဲ့ သင်္ဂြိုဟ်ပါဠိစာအုပ်လေးတွေ့လို့ ထို (ပဒဋ္ဌာန်) ပုဒ်နေရာရှာကြည့်လိုက်တော့ စာမျက်နှာ ၁၁၂ စာပိုဒ် ၃ အရတွင် "လက္ခဏရသ ပစ္စုပဋ္ဌာနဝသေန" ဟုပင် ပါနေကျ (ပဒဋ္ဌာန်)ပုဒ် ပါနေတာကိုဘဲ တွေ့ခဲ့ရပါတယ်။

အရှင်ဇနကာဘိဝံသ မှုလို့ဆိုထားတော့ ကျူတော်ကဆရာတော် ဦးဇနကာဘဲ တိတိကျကျသုတ်သင်ထားတဲ့သင်္ဂြိုဟ်ပါဠိလို့ ယူဆမိပါတယ်။ ကျွန်တော်များ မှားမလား မသိဘူး။

ဒီလိုမှားတတ်တယ်ဆိုတာတော့ ကျွန်တော် - တော်တော်တုံးက ပြောဘူးသလို နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်မရက စာတတ်လမ်းမဆုံးဘူး လမ်းမဆုံးရင် မှားနိုင်တယ်လို့ ဆိုရမယ်။

သို့သော် တကယ်မှားနေတဲ့ ဒီအမှားကြီးကို တကယ့်ကိုပြင်ပစ်တဲ့ ဘဝရောက် သွားမှ တကယ်မှန်သွားပြီး "မှားအစဉ် ပြင်ခဏ" ဆောင်ပုဒ်နှင့် ကိုက်ညီမှာ။

ဒါကြောင့် ဒီအမှားကြီးကိုအမှန်ပြင်ပစ်တဲ့ဘဝကို ရောက်အောင် ဦးလေး အစွမ်းကုန်ကြိုးစားပေးစမ်းပါ။ အောင်မြင်နိုင်ပါစေလို့လဲ ဆုတောင်း လိုက်ပါတယ်။

မိုးကြိုး ။ ။ ဒီ(ပဒဋ္ဌာန်)ကိစ္စမှာ မင်းငါ့ကိုလာပြီးမေးလား၊ မြန်းလား၊ လုပ်တာ "သူနိုးသေဘော်ညှိ" ရအောင်လာလုပ်တာဘဲဆိုတာ ငါယခုရိပ်မိပြီ၊ ဒါကြောင့် တိုင်းလုံးကျော်တဲ့ ဗန်းမော်ဆရာတော်ကြီးရဲ့ ...

"ခေကံငယ်ဆိုးပါဘိ၊ သင်းမေရိုးမဲ့ကံရယ်" ဆိုတဲ့ ငိုချင်းကိုသာဆိုပြီး ငိုလိုက်ဖို့ ကောင်းတော့တယ်။ သို့ပေမယ့်မငိုသေးဘူး၊ တတ်တဲ့ ပညာမနေသာ ဆိုတာလို တရန်ဖြစ်ရပြန်ပေါ့၊ မာန်စစ်သည် ဗိုလ်သေနင် တို့နှင့် ဗဟိုမြေပလင်ကို တိုက်စရာခဲသလိုပ၊ ကိုရွှေတင်ကြိုက်ရာက နွှဲခဲ့ပေတော့၊ ပွဲများအလယ်မှာနော်ကွယ် ... ရဲစ.တကယ် ... ဆိုတဲ့ သခင်ကိုယ်တော်မှိုင်းရဲ့ လေးချိုးကြီးလို "မရဲ ...သော်လည်း ပြေးခဲစေ" ပေါ့ကွာ။

ဒါထက်အရှင်အနုရုဒ္ဓမထေမြတ်က သူရေးသားအပ်တဲ့ အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၊ ဥယောဇဉ်မှာတမ်းမှာ ဘယ်လိုရေးထားသလဲ။ ။ စကားအစ ပေါ်အောင်ငါသိရဲ့ သားနဲ့ မေးနေတာပါ။

www.dhammaransi.com



ကျွန်တော် ။ ။ "ဘာဝေတဗ္ဗံ ပန်စေတဲ့၊ ဘာဝနာ ဒွယမုတ္တမံ၊ ပဋိပတ္တိရသဿာဒံ ပတ္ထယန္တေန သာသနေ" လို့ ရေးသားထားပါတယ်။ နဝပိုင်းအဆုံးနားကြည့်ဂါ တွေ့နိုင်ပါတယ်။

မိုးကြိုး ။ ။ အင်း .... အဲ့ဒီစာပိုဒ်တစ်ခုလုံးမှာ ပဋိပတ္တိရသဿာဒံ သာသနေဆိုတဲ့ ပုဒ်တို့ဟာ အရေးအကြီးဆုံးဘဲ။ တိပိဋကာလင်္ကာရ မဟာမ္မရာဇဂုရု တံဆိပ်တော်ရ ပဌမ ဖားကရားဆရာတော်ဘုရားကြီးစီရင်တဲ့ (၁၃၁၈ ခုနှစ်သုဓမ္မဝတီ စာပုံနှိပ်တိုက်ရိုက်) အဘိဓမ္မတ္ထသင်္ဂြိုဟ်ပါဠိနိသျ (ဒီကျမ်းမှာလည်း ပဒဋ္ဌာန်ပုဒ်ပါပြီး မှားနေတာဘဲ) စာမျက်နှာ(၃၉၂-၃၉၃)မှာ မြန်မာပြန်ကိုငါဖတ်ရတယ်။ ငါကပါဠိမတတ်ပေမဲ့ နိသျတို့ မြန်မာပြန်တို့ ကိုယခုတလော တရားနာတဲ့ အချိန်တွေမှာ အများကြီး ဖတ်မှတ်လေ့လာနေတယ်။ ဒီကောင်ဘာသိလို့လည်းဆိုလို့တော့ အထင် မသေးနဲ့ပေါ့ကွာ။

ပဋိပတ္တိရသဿာဒံနဲ့သာသနေဆိုတဲ့ ပုဒ်တို့ရဲ့ သဘောကို နားလည်သလိုပြောမယ်။ (၁)သမထ ကမ္မဋ္ဌာန်းကို ကျင့်ကြံအားထုတ်လို့ ဈာန်ရပုဂ္ဂိုလ်နဲ့ (၂)ဝိပဿနာကမ္မဋ္ဌာန်းကို ကျင့်ကြံအားထုတ်လို့ မဂ်ရတဲ့ ပုဂ္ဂိုလ်များသည်သာပဋိပတ္တိ ရသ,ဆိုတဲ့ ဈာနသုခ,အရသာ ချမ်းသာမှုများကို ခံစားရတယ်။ ဒါကြောင့် ဈာန်ရအောင် မဂ်ရအောင် ကျင့်ကြပါလို့ တိုက်တွန်း ထားတယ်။

ကျွန်တော် ။ ။ ဦးလေးဟာပါဠိမတတ်လို့သာ ပါဠိသာတတ်ရင် ခက်မှာဘဲ။

မိုးကြိုး ။ ။ မင်းပြောတဲ့ ပါဠိတတ်ဖို့ဆိုတာလဲ မခက်ပါဘူး။ ပါဠိ ဝေါဟာရ အလုံးပေါင်းငါးထောင်လောက်ကိုသိရင် ကိစ္စပြီးသလောက်ပါဘဲ။ အလုံး ငါးထောင်ကို ရအောင်ကျက်ဖို့ဆိုရင်အလွန်ဆုံး တစ်နှစ်ပေါ့။

ဒါထက် ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါက သမထကမ္မဋ္ဌာန်း ဝိပဿနာ ကမ္မဋ္ဌာန်းပိုင်းများနဲ့ ပတ်သက်လာရင် စာတွေ့ငါတွေ့တွေ့နှစ်တွေ့နဲ့ စွယ်စုံရမှ လုပ်ကြပါ။ အစွယ်တစ်ချောင်းထဲနဲ့ မလုပ်ကြပါနဲ့လို့၊ တနည်းအားဖြင့် တစ်နည်းအားဖြင့် သတိပေး စကားရေးသားထားတယ်လို့ ငါ့ဉာဏ်အမြင်မှာ ထင်ရှားနေတယ်။

ဒါထက်သင်္ဂြိုဟ်ကျမ်းရေးဆရာ အရှင်အနုရုဒ္ဓါဟာ ဘယ်ကျမ်းကို အမှီသဟဲ ပြုသလဲ။

www.dhammaransi.com



ကျွန်တော် ။ ။ အရှင်မဟာဗုဒ္ဓဃောသရေးသားအပ်တဲ့ ဝိသုဒ္ဓိမဂ်ကျမ်းကို အများအားဖြင့် အမှီသဟဲပြုထားတာကိုတွေ့ရတယ်။

မိုးကြိုး ။ ။ဝိသုဒ္ဓိမဂ်ကျမ်းဆရာကကော ဘယ်ကျမ်းကိုအမှီသဟဲပြုသလဲ။

ကျွန်တော် ။ ။ ဘုရားဟောပါဠိတော်နဲ့ ပဋိသမ္ဘိဒါမဂ်ကို အမှီပြုထားပါတယ်။

မိုးကြိုး ။ ။အေး...ဒီတော့ သင်္ဂြိုဟ်ကျမ်းကလေးဟာ သေးတယ်ဆိုပြီး အမှုမဲ့ အမှတ်မဲ့ အစွယ်တချောင်းထဲနဲ့ လုပ်လို့မရဘူး၊ ဝိသုဒ္ဓိမဂ်ဆိုတဲ့ ဟိမဝန္တာတောင်ကြီးကိုရင်း၊ အဆင့်ဆင့်အမှီသဟဲပြုထားတဲ့ ကျိုက်ထီးရိုးတောင်မျိုးတွေကို ယခုခေတ်ပေါ်ဘယ်ကျော်ဖင်နှိုက်ဆရာတို့က (ဘူလ်ဒိုဇာ) နဲ့ ထိုးပစ်မယ်ကြံရင် "ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးဖြိုမယ်ကြံ၊ ခါးကမသန်" ဆိုတာလိုဖြစ်မယ်ဆိုတာသတိပြုသင့်တယ်။

ကျွန်တော် ။ ။ ဒါထက်ကျွန်တော်တို့ဟာ (ပဒဌာန်)ပုဒ်ကလေး တခုကိုအကြောင်းပြုပြီး "ရှောမွေးတကောင်နဲ့ဇာရာဏသီချဲ့" ဆိုတာလို လုပ်နေတယ်လို့များ စာဖတ်ပရိသတ်တို့က အထင်မှားနေကြမလားမသိဘူး။

မိုးကြိုး ။ ။ မသိ မလိမ္မာသူတွေ ယူချင်သလိုယူ၊ ထင်ချင်သလို့ ထင်ကြစေပေါ့။ သို့ပေမယ့် တကဲ့ ဗုဒ္ဓဘာသာစစ်စစ်တွေကတော့ ဒီလို မယူအပ်ဘူး၊ မယူသင့်ဘူး၊ ဘာကြောင့်လဲဆိုတာကို ငါပြောပြဦးမယ်။

ဒါန,သီလ,သမထဆိုတဲ့ တရားသုံးပါးမျိုးဟာက ဘုရားသာသနာ တွင်းမှာလည်းရှိတယ်။ သာသနာ ပ.မှာလဲရှိတယ်။ ခါးသွေးကျောက် မျိုးတွေဘဲ။ ကျေးဇူးများပါတယ် "မရှိလို့သုံးလုံးလုံးမဖြစ်ရ" ဆိုသလိုပါဘဲ။

မဂ်ဉာဏ်. ဖိုလ်ဉာဏ် နိဗ္ဗာန်တရားမျိုးကတော့ သာသနာတွင်းမှာ မှပေါ်ထွန်းတဲ့ "တသက်မှာ တခါကြုံသည်" ဆိုတဲ့ တရားမျိုးဖြစ်တယ်။ စိန်ကောင်းကျောက်ကောင်းနဲ့ တူတယ်။

မဂ်ဉာဏ်ဖိုဉာဏ် နိဗ္ဗာန်ကိုရောက်အောင် ဝိပဿနာဉာဏ် ၁၃ တန်ဆိုတဲ့ လှေခါးထစ်များကို တစ်ထစ်ပြီးတစ်ထစ် တက်သွားပါမှ ရောက်မယ်။ မတက်လဲ မရောက်ဘူး၊ ကျော်တက်လို့လဲမရဘူး။

အဲ့ဒီဉာဏ်လှေခါး ၁၃ ထစ်ရဲ့ ပဌမအထစ်နဲ့ ဒုတိယအထစ်ဟာ ဂိတ်ပေါက်များဖြစ်တယ်။ ဒီဂိတ်ပေါက်ကမသွားရင် နိဗ္ဗာန်ကိုမရောက်ဘူး၊ သံသရာဝဲဩဃထဲကလည်း မထွက်နိုင်ဘူး။ "မုံ့လုံးစက္ကူကပ် ကြာကလပ်နဲ့

www.dhammaransi.com



ဆွမ်းတော်တင်" ဆိုတာလို ပတ်လည်နေမှာဘဲ၊ ကရွတ်ကင်းလျှောက် ဖြစ်နေမှာဘဲ။

ဒီတော့ ပဌမဉာဏ်လှေခါးထစ်ဖြစ်တဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာက ရုပ်နာမ်တို့ရဲ့ အကြောင်းကို (၁)လက္ခဏ (၂)ရသ (၃)ပစ္စုပဌာန်ဆိုတဲ့ သဘောများအရ အဌမဆုံးသိတဲ့ ဉာဏ်ဖြစ်တယ်။ ဒုက္ခရသစ္စာကိုသိခြင်းဘဲ။

ဒုတိယဉာဏ်လှေခါးထစ်ဖြစ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာက နာမ်ရုပ်တို့ရဲ့ (ဟေတုအကြောင်း၊ပစ္စယကြောင်း)ကို သိတဲ့ ဉာဏ် (ပဒဌာန်)အရာဖြစ်တယ်။ သမုဒယ သစ္စာဘဲ။ ဒီသမုဒယသစ္စကိုပယ်မှ နိရောဓသစ္စာဆိုက်မယ်။

ဒီဉာဏ်နှစ်ဉာဏ်အားဖြင့် ရုပ်နာမ်တို့ကိုဎင်း၊ ရုပ်နာမ်ရဲ့အကြောင်း ကိုဎင်း ဒုက္ခသစ္စာအရ သိခြင်းနဲ့၊ သမုဒယ သစ္စာအရပယ်ခြင်း ကိစ္စကို ပြီးစေတယ်။

ဉာဏ် ၁၃ ပါးအနက် ကျန်တဲ့ဉာဏ် ၁၁ ပါးဟာက ထိုဉာဏ်နှစ်ဉာဏ်နဲ့ ရုပ်နာမ် အကြောင်းကောင်းကောင်းသိခြင်းကို သန့်ရှင်းသထက်သန့်ရှင်း၊ စင်ကြယ်သထက် စင်ကြယ်အောင်အမွန်းတင်တဲ့ ဉာဏ်တွေဘဲဖြစ်တယ်။ သစ္စာနဲ့ယှဉ်ရင် မဂ္ဂသစ္စာတွေဘဲ တွင်းထွက်စိန်ရိုင်းကို အရောင်တောက်ပြီး ပြည်တန်တဲ့ ကျောက်မျက်ရတနာဖြစ်အောင် အထပ်ထပ်သွေးခြင်းမျိုးနဲ့ တူတယ်။

ဒါကြောင့် ဒီနာမရူပ ပရိစ္ဆေဒဉာဏ်၊ထို့နောက် ပစ္စယ၊ ပရိဂ္ဂဟဉာဏ် တို့ကို ရပြီးတဲ့ ယောဂီဟာ ...

ဤသို့ပြဆိုခဲ့ပြီးသော ယထာဘူတ.သမ္မ ဒဿနာ. ကင်္ခါဝိတရဏခေါ် ဉာဏ်နှင့် ပြည့်စုံသောဝိပဿနာကမ္မဌာန်းကို ကြိုးပမ်းအားထုတ်သော ယောဂီသည် သဗ္ဗညုရှင်တော်ဘုရား၏ သာသနာတော်၌ သက်သာရာကို ရသည်ထောက်ရာတည်ရာကိုရသည်။ မြဲသောသုဂတိရှိသည်ဖြစ်၍ (စူဠ သောတပန်) မည်သည်ဖြစ်၏။ . . . လို့ ဝိသုဒ္ဓိမဂ် ဆရာအရှင်မဟာ ဗုဒ္ဓဃောသက အကျိုးကြီးမားပုံကို အားရပါးရ ဖော်ပြရေးသားတိုက်တွန်း ထားတယ် မဟုတ်လား။ (မြန်မာပြန် စာမျက်နှာ ၂၈၅ ကို ကြည့်ပါ။)

အဲ့ဒီအချက်အလက်တွေကို ထောက်ထားစဉ်းစားရင်(ပဒဌာန်)ရဲ့ အရေးကြီးပုံနဲ့တကွတို့ရဲ့ "ရှေ့ထားတဲ့မေတ္တာ" ရိုးသားတဲ့စေတနာ၊ သန့်ရှင်း ဖြူစင်တဲ့ သဒ္ဓါကို တိုင်းသူပြည်သား ရှင်လူအများသိသင့်ကြတယ်။

www.dhammaransi.com



သိရှိကြမယ် မဟုတ်လား။

## မြန်မာပြည်သုံး သင်္ဂြိုဟ်ကျမ်း၏ မှားအစဉ် ပြင်ခဏ(၄)
(မိုးကြိုးသတင်းစာ ၂၆-၆-၆၃)

ကျွန်တော်နှင့် ဦးလေးဦးအုန်းခင်(မိုးကြိုး)တို့၏ ဆွေးနွေးမေးမြန်းချက် တတိယပိုင်းကို ဆက်လက်တင်ပြပါမည်။

မိုးကြိုး ။ ။ ဒါ့ထက် မြန်မာ့စွယ်စုံကျမ်း အတွဲ ၄ ဆရာတော်များအခန်းမှာ နန်းကျောင်းဆရာတော်ရဲ့ အကြောင်းကိုဖတ်ရတယ်။ နန်းကျောင်းဆရာတော်ဟာ သင်္ဂြိုဟ်ကျမ်းရိုးကြီးနဲ့ အဘိဓမ္မတ္ထသင်္ဂဟ (မြန်မာခေါ် သင်္ဂြိုဟ်ကျမ်း) အဋ္ဌကထာ နိဿယကို ရေးသားသွားတယ်လို့ ဆိုထားတယ်။

နန်းကျောင်းဆရာတော်ဟာ၊ အင်းဝခေတ် ၁၀၂၃ ခုနှစ် (လွန်ခဲ့သော နှစ်ပေါင်း ၃၀၂ နှစ်)က နန်းတက်တဲ့ ပြည်မင်းလက်ထက်မှာ ကျော်ဇောထင်ရှားတဲ့ ဆရာတော်ကြီးဖြစ်တယ်။ ဖခင်မှာ အမတ်ဝန်ကြီးနေမျိုးနော်ရထာဖြစ်တယ်။ ဘွဲ့တော်က အရှင်အဂ္ဂ ဓမ္မာလင်္ကာရတဲ့၊ ပြည်မင်းက မြောက်နန်း ဆောင်တော်ကိုဖျက်ပြီး ကျောင်းဆောင်လှူတဲ့အတွက် မြောက်နန်းကျောင်း ဆရာတော်လို့ အမည်တွင်တယ်။

ဆရာတော်ကြီးပြုစုသော ကျမ်းဆယ်ကျမ်းမှာ (၁)သင်္ဂြိုဟ်ကျမ်းရိုးကြီး၊ (၂)အဘိဓမ္မတ္ထသင်္ဂဟ.အဋ္ဌကထာ နိဿယတို့ပါဝင်တယ်။ အဲ့ဒီ နိဿယပေမူကို မင်းဖတ်ဖူးတယ် ဆိုတာ ဘယ်ကရသလဲ။

ကျွန်တော် ။ ။ ရန်ကုန်မြို့ဘုရားလမ်း ကျားကူးကျောင်းဆရာတော် အရှင်ဦးစက္ကိန္ဒာစရိယသာသနဓဇ သီရိပဝရဓမ္မာစရိယ ထံကငှားပြီး ဖတ်ဘူးပါတယ်။

မိုးကြိုး ။ ။ အဲ့ဒီပေမူထက်မှာလဲ နာမရူပပရိစ္ဆေဒဉာဏ်ကို ပြဆိုရာမှာလ "လူစွမ်းကောင်း" ပဒဋ္ဌာန်ပုဒ်ဟာ၊ ပါနေတာပါဘဲ။

ကျွန်တော်။ ။ ဟုတ်ပါတယ်၊ ပဒဋ္ဌာန်ပုဒ်ပါနေတာပါဘဲ။

မိုးကြိုး ။ ။ အရှင်အနုရုဒ္ဓါမထေရ်သီဟိုဠ် ဘာသာနဲ့ ရေးသားခဲ့တဲ့ သင်္ဂြိုဟ် ကျမ်းမူရင်းမှာ (ပဒဋ္ဌာန်)ပုဒ်မပါဘဲ မြန်မာပြည်သုံးသင်္ဂြိုဟ်ကျမ်းမှာ

www.dhammaransi.com



ချွတ်ချော် မှားယွင်းပြီး ပါနေတယ်ဆိုတဲ့ အချက်ဟာကတော့ သေချာ သလောက် သေချာနေပါပြီ၊ ဒါပေမယ့် ဘယ်အချိန်လောက်ကစပြီးမှားတယ်၊ ဘယ်နည်းဘယ်ပုံ မှားတယ်ဆိုတဲ့ အချက်ကို တတ်နိုင်သမျှ သုတေသန ပြုကြည့်ဖို့ ကောင်းတယ်။ စိတ်ဝင်စားစရာပဲ။

ကျွန်တော် ။ ။ ကျွန်တော်လက်လှမ်းမှီသမျှကတော့ ကျားကူး ဆရာတော်ထံကရတဲ့ ပေမူဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၀ ကဖြစ်လို့ ရှေးအကျဆုံးပါဘဲ။ ဒါထက် သီဟိုဠ်သဂြိုဟ်မှုကို ငှားရမ်းလိုက်တဲ့ ဖားအောက် ရွာတောရ (မွန်) ဆရာတော်ကြီး ဦးစန္ဒိမာ "အင်မတန် ရှေးကျလှတဲ့ (မွန်)ဘာသာနဲ့ သဂြိုဟ်ကျမ်းပေမူ တဆူရှိတယ်လို့ကြားဘူးတယ်၊ ရှိသူထံမှာ သွားရောက်ယူငင်ပြီး ပို့ပေးလိုက်ဦးမယ်" လို့တော့ ပြောလိုက်ပါတယ်။

မိုးကြိုး ။ ။ (မွန်)မှားသလား၊ (ဗမာ)မှားသလားနှစ်ဦးစလုံး "မှားကြလေကုန်၏" ဘဲလားဆိုတာ သိရရင်တယ် ကောင်းမယ်။

(ဒီအရေးကိစ္စနဲ့ ပတ်သတ်ပြီး ရှေးရှေးပေမူများကို လက်ကိုင် ရရှိထားကြတဲ့ ရဟန်းရှင်လူ ပြည်သူအများတို့က မိုးကြိုးသတင်းစာတိုက်သို့ အကြောင်းကြားပေးပါ ရန် မေတ္တာရပ်ခံလိုက်ပါ၏)။ အယ်ဒီတာ။

ကျွန်တော် ။ ။ ပဒ္ဒဌာန်ပုဒ်ဟာ မြန်မာပြည်သုံးသဂြိုဟ်ကျမ်းထဲမှာ လက်လွန် ပြီးပါနေတာဟာ (၁)ယခုကျွန်တော်တို့တင်ပြထားတဲ့ သီဟိုဠ် ဘာသာမှုကျမ်း ၂ ကျမ်းအားဖြင့် ၎င်း၊ (၂)သီဟိုဠ်ဘာသာမှုရင်းကျမ်း၏ "မှီငြမ်းပြုစရာ အရှင်မဟာဗုဒ္ဓဃောသရဲ့ဝိသုဒ္ဓိမဂ်ကျမ်းအရင်း" လယ်ပြင် မှာ ဆင်သွားသလိုထင်ရှားနေပြီ မဟုတ်ပါလား။

မိုးကြိုး ။ ။ မှားနေတာကတော့ "ချောကညာတမိ - ပြောစရာမရှိ" ဆိုတာလို ဖြစ်နေပြီပေါ့ကွာ။

သို့ပေမဲ့ ဒီလိုနှစ်ပေါင်းကိုးရာကျော်တို့ ကာလပတ်လုံး ဆက်တိုက် မှားလာတဲ့ ဉာဏ်မျက်စိပေါင်းသိန်းခြောက်သောင်းကို ရှောင်ကွင်းဖယ်ရှား လာခဲ့တဲ့လူစွမ်းကောင်း အမှားကြီးကို အမှန်ရောက်အောင်ပြုပြင်ဖို့ အခွင့် ကောင်းရပါလျှက် ထိုအခွင့်ကောင်းကို အသုံးမချဘဲ စွန့်လွှတ်လိုက်မယ် ဆိုရင်အကျိုးယုတ်ဖို့ အကြောင်းတွေဟာ တပုံတခေါင်းကြီးဘဲ။

ကျွန်တော် ။ ။ အကျိုးယုတ်ဖို့အကြောင်းတွေဟာဘာတွေများပါလဲ။

မိုးကြိုး ။ ။ အင်္ဂလိပ်ရှိပါဠိတော် မြန်မာပြန် ဒုကနိပါတ်စာမျက်နှာ ၇၂ မှာ ၂၀။ "ရဟန်းတို့ တရားနှစ်မျိုးတို့သည်သာသနာတော်၏ပျက်စည်းခြင်းငှာ၊

www.dhammaransi.com



ကွယ်ပျောက်ခြင်းငှာ၊ ဖြစ်ကုန်ကြ၏။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ မကောင်းသဖြင့် ထားအပ်သော ပုဒ်ဗျည်းရင်း၊ မကောင်းသဖြင့်သိအပ်သော အနက်၊ ရင်းတို့တည်း၊ ရဟန်းတို့ မကောင်းသဖြင့် ထားအပ်သော ပုဒ်ဗျည်း၏ အနက်ကိုမကောင်းသဖြင့် သိအပ်ရာ၏။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့သည် သာသနာတော်၏ ပျက်စီးခြင်းငှာ ပျောက်ကွယ်ချင်းငှာ ဖြစ်ကုန်၏" ဟု မိန့်တော်မူ၏။

သံဂါယနာတင်တယ်ဆိုခြင်းဟာလဲ အထက်ဖေါ်ပြပါ မှားယွင်း ချွတ်ချော်မှုတွေကို ပြုပြင်ပေးခြင်းဘဲ မဟုတ်လား။

(၂)ဒုတိယ အကျိုးယုတ်စေမဲ့ အကြောင်းကတော့ မြန်မာပြည်ဟာ ထေရဝါဒ ဗုဒ္ဓဘာသာစာပေနဲ့ မဂ်ရောက်ဖိုလ်ရောက်အကျင့်မြတ်တရား များထွန်းကားနေဆဲ တိုင်းပြည်ဖြစ်တယ်။

ဒါကြောင့်ပဋိပတ် အကျင့်မြတ်နဲ့ ပတ်သက်လာရင် (က)နာမရူပ ပရိစ္ဆေဒဉာဏ်အရာမှာ (၁)လက္ခဏ (၂)ရသ (၃)ပစ္စုပဋ္ဌာန်တို့နဲ့ ဆိုင်တယ်။ (ခ)ပစ္စယပရိဂ္ဂဟဉာဏ်ကျတော့ သာပဒဋ္ဌာန်အရာဖြစ်လို့ ပဒဋ္ဌာန်နဲ့ ဆိုင်တယ်ဆိုတာ ဉာဏ်စွယ်တစ်ချောင်းနဲ့သာ ပြည့်စုံတဲ့ ပရိယတ် သမားများက မျက်စိရှမ်းသွားသည့်တိုင်အောင် ဉာဏ်စွယ်နှစ်ချောင်းနဲ့ ပြည့်စုံတဲ့ ပဋိပတ်သမားများက ဉာဏ်မျက်စိ မရှမ်းသင့်ဘူး။

မြန်မာပြည်ဟာ စာပေအမော်ဆရာတော်ကြီးများ ပေါ်ပေါက် ထွန်းကားရာ ဌာနကြီးဖြစ်ပြီး ပဥ္စမနဲ့ ဆဋ္ဌသင်္ဂါယနာ နှစ်ကြိမ်နှစ်ခါ တင်ရာ တိုင်းပြည်လဲဖြစ်တယ်။

သို့ရာတွင် သီဟိုဠ်ဖြစ်သင်္ဂြိုဟ်ကျမ်းငယ်မျှကိုမှ အစ.အဆုံး မှန်ကန် အောင် မရေးမကူးတတ်ခြင်း၊ ထိုသို့မှားယွင်းချွတ်ချော်နေခြင်းကို နှစ်ပေါင်း ကိုးရာကျော်တိုင်တိုင် မသိဘဲဖြစ်နေခဲ့ခြင်း၊ အမှားကို အမှားမှန်းသိသော အခါတွင် ပြုပြင်ရန် မဝံ့သဖြင့် လက်တွန့်နေခြင်းမျိုးဖြစ်နေခဲ့ရင်တော့ . . . ။

တိမ်ကြားမင်းခေါင်၊ တိမ်ကြားမင်းခေါင်လို့ ကျော်သော်လဲ ဘပေါ်လာတော့ မြေလျှောက် . . . ဆိုသလိုဖြစ်နေရင် ရှက်စရာကောင်း ခြင်းဘဲဖြစ်တယ်။

ဖော်ပြပါအကြောင်းများကြောင့် "မှားအစဉ်ပြင်ခဏ" ဟူသော စကားအရပြုပြင်သင့်တာကို ပြုပြင်ပေးဖို့ တာဝန်ရှိတော်မူတဲ့ ဆရာတော်ကြီး များကို ရိုသေလေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။

www.dhammaransi.com



# ဗုဒ္ဓဘာသာတိုင်း အမြတ်ဆုံး နိဗ္ဗာန်ရောက်ရန်
(မိုးကြိုးသတင်းစာ ၂၉-၆-၆၃)

ကျွန်တော်သည် ပြည်သူလူထုကြီးအား၎င်းမိုးကြိုးသတင်းစာမှနေ၍ အထွဋ်အမြတ်ဆုံးဖြစ်သည့် နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အခြေခံ ဝိပဿနာဉာဏ်နှင့် ပတ်သက်ပြီး အဆက်မပြတ် ကျွန်တော်ဉာဏ်မှီသမျှ တင်ပြခဲ့ပါသည်။ (ပဒဌာန်) ပြဿနာကြီးကိုလဲ အထပ်ထပ်ရှင်းပြခဲ့ပေသည်။

ထိုသို့ တင်ပြခြင်းမှာလည်း လောကီဖြစ်တဲ့ ဈာန်အဘိညာဉ်စသော သမထတရားမှာ ၃၁ ဘုံတွင်သာ အကျိုးပေးနိုင်၍တကဲ့ သံသရာဝဋ်ဒုက္ခကြီးမှမလွတ်နိုင်ရုံ မျှမက ကမ္ဘာပျက်တိုင်း ကျွန်တော်တို့ အားလုံး အဲ့ဒီသမထတန်ခိုးဖြင့် ဗြဟ္မာပြည်သို့ ပြန်ခဲ့ကြရသည်။

တဖန်လူ့ဘုံကမ္ဘာကြီး အသစ်တည်ဆောက်တဲ့အခါ ထိုဗြဟ္မာဘုံမှ ဒီလူ့ဘုံကြီးသို့ ပြန်ပြီးဆင်းသက်လာရပြန်သည်။ ထိုကြောင့် "ကမ္ဘာအစ ဗြဟ္မာက" ဆိုရိုးပြုခဲ့ကြသည်။ ကမ္ဘာကို ဗြဟ္မာက စတယ်ဆို၍လည်း ဗြဟ္မာက ဖန်ဆင်းတယ်လို့ မယူဆရပါ။ ဆိုလိုရင်းကတော့ ကမ္ဘာပျက်ခါနီးတွင် လောကဗြဟ္မာ နတ်များက ဒီကမ္ဘာပျက်တော့မယ်။ လူတွေ တရားစောင့်ကြပါ မေတ္တာပွားကြပါ။ သမထတရားတွေ အားထုတ်ကြပါလို့ လိုက်လံ ကြွေးကြော်တယ်။

ထိုအခါ လူတွေဟာ တကယ်ကြောက်လန့်စိတ်ပေါက်ပြီး မေတ္တာ ဗြဟ္မာစိုရ်စတဲ့ သမထတရားတွေ အားထုတ်ကြတော့ ကမ္ဘာပျက်တဲ့အခါတွင် ဗြဟ္မာပြည်သို့ ရောက်နေကြတာပေါ့။ ထို့နောက် ကမ္ဘာကြီးအသစ်ပြန်တည် လာချိန်တွင် ဗြဟ္မာပြည်က ဆင်းလာပြီး ဥပပါဒ်သန္ဓေလူ့ပြည်လာ တည်နေကြရာ ကစပြီး ယခုကဲ့သို့ လူ့ဘုံ၊ နတ်ဘုံ၊ အပါယ်လေးဘုံတို့ ပေါ်ပေါက်လာကြရတယ်။ အဲဒါကို အကြောင်းပြုပြီး "ကမ္ဘာအစဗြဟ္မာ က" ရယ်လို့ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေ၏ ဟောမိန့်ချက်အရ သိနေ ကြရပေတယ်။ "ဗြဟ္မာပြည် တဝင်းဝင်း၊ ဝက်စားကျင်း တရှုတ်ရှုတ်" ဆိုတာလဲ ဗြဟ္မာဖြစ်ပေမယ့် အပါယ်လေးဘုံ သားလာ ဖြစ်နိုင်ကြောင်း ဖော်ပြချက် ဖြစ်သည်။

ထိုကြောင့် ကျွန်တော်သည် ယခုကဲသို့ ဆုတ်ကပ်ကြီးထဲတွင် ပြည်သူလူထုကြီးအား အစွမ်းကုန် အကျိုးပြုတဲ့အနေနှင့် ဗုဒ္ဓဘာသာတိုင်း

www.dhammaransi.com



အရေးကြီးဆုံးဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကိုပင် ထပ်တလဲလဲ ကျည်ပွေ့ဆီပွတ်စကားပြောနည်းဖြင့် အထပ်ထပ်တင်ပြနေသည်ကို သတိပြုမိကြစေလိုသည်။

ထိုနိဗ္ဗာန်နဲ့ပတ်သက်ပြီး အရေးကြီးပုံ၊ အမြတ်ဆုံးဖြစ်ပုံကို ကျွန်တော်ငယ်စဉ်ကပင် သိထားခဲ့သော ဘုရားဟောသာဓကဝေလာမသုတ်တော်ကို ဆောင်ပြီးအတိုချုံး၍ တင်ပြပါမည်။

(၁) ၇ နှစ်၊ ၇ လ၊ ၇ ရက်ပတ်လုံး အချိန်ကြာစွာ ဇမ္ဗူဒိပ်တကျွန်းလုံးရှိ ရဟန်းရှင်လူအပေါင်းကို ပင့်ဖိတ်ပြီး မဟာအသဒိသ အလှူတော်ကြီးကို ပေးလှူခဲ့သော ဝေလာမပုဏ္ဏား သူဌေးကြီး၏ အလှူ ထက်နိဗ္ဗာန်ကို တကြိမ်မျှသိပြီး သောတာပန်ဖြစ်တဲ့ အရိယာသာဝကတဦးအားတနပ်စာသော ဆွမ်းကို ကပ်လှူရခြင်းက အကျိုးကြီးပေသည်။

(၂) ထိုသောတာပန်တရာအား လှူရခြင်းထက်၊ အနာဂါမ်တဦးအား၊ အနာဂါမ်တရာအား လှူရခြင်းထက်၊ ရဟန္တာတရာအား လှူရခြင်းထက် အရှင်ပစ္စေကဗုဒ္ဓါတဦးအား၊ အရှင်ပစ္စေကဗုဒ္ဓါတရာအား လှူရခြင်းထက်၊ သမ္မာသမ္ဗုဒ္ဓမြတ်ဘုရားတဆူအား တနပ်စာသောဆွမ်းကို ကပ်ရခြင်းက အကျိုးကြီးသည်။

(၃) ထိုဘုရားအားလှူရခြင်းထက် ဘုရားအမှူးရှိသော သံဃာတော် အပေါင်း အား လှူရခြင်းကအကျိုးကြီးသည်။

(၄) ထိုသံဃာအားလှူရခြင်းထက် စတုဒိသာ သံဃိကကျောင်းတဆောင် ဆောက်လုပ်လှူရခြင်းက အကျိုးကြီးသည်။

(၅) စတုဒိသာကျောင်းထက် သရဏဂုဏ်သုံးပါးကို ဆောက်တည်ရခြင်းက အကျိုးကြီးသည်။

(၆) ထိုသရဏဂုဏ် ၃ ပါးထက်၊ ထိုသရဏဂုဏ် ၃ ပါးနှင့်တကွ၊ ငါးပါးသီလကို ဆောက်တည်ရခြင်းကအကျိုးကြီးသည်။ ယခုကျွန်တော်တို့ ဆောက်တည်ရသော သရဏဂုဏ်သီလများသည် အလွန်မွန်မြတ်ပါသည်။

(၇) ထိုသရဏဂုဏ် သီလထက် နွားနို့တညှစ်ခန့် ကာလတွင်

www.dhammaransi.com



မေတ္တာပြဟွစိုရ် တရားပွားခြင်းက အကျိုးကြီးသည်။

(၉) ထိုမေတ္တာပွားခြင်းထက် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ရုပ်နာမ် ၂ ပါး ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး ၃ ပါး ဆိုက်အောင်၊ ထင်မြင်လာအောင် ရှုပွားခြင်းဝိပဿနာ ဉာဏ်အလုပ်သည် အကျိုးကြီး၏ဟု ဘုရားဟောတော်မူ ထားသည်ကို တွေ့ရပါသည်။

ထိုဝေလာမသုတ်ကို ပြန်ကြည့်ပါမူ ဒါနခန်း၊ သီလခန်း၊ သမထခန်း၊ ဝိပဿနာခန်းဆိုတဲ့ အခန်းလေးခန်းကိုတွေ့ရပါတယ်။ထိုအခန်းလေးခန်း တွင်လည်း ဒါနထက် သီလမြတ်၊ သီလထက်သမာဓိမြတ်၊ သမာဓိထက် ဝိပဿနာမြတ်သည်ကို ဆင့်ကဲ ဆင့်ကဲတွေရပါသည်။

တဖန် ဝိပဿနာ အမြတ်ဆုံးဟု ၄ နံပါတ်အခန်းတွင် တွေရလေရာ ယင်းဝိပဿနာအလုပ်သည် နိဗ္ဗာန်ရောက်ရန် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရန် အခြေခံအားထုတ်မှု ဖြစ်နေသောကြောင့် ထိုဝိပဿနာထက်ပင် မဂ်ဖိုလ် နိဗ္ဗာန်က မြတ်နေပေရာ အမြတ်ဆုံးတရားကိုရှာလိုက်သော် နိဗ္ဗာန်ဟုပင် ဖြေဆိုက မှားမည်မဟုတ်ပါ။

ထိုကြောင့် ကျွန်တော်သည် အမြတ်ဆုံးနိဗ္ဗာန်ကို ရောက်ရန်အခြေခံ ဖြစ်တဲ့ ဝိပဿဉာဏ်ကို အဆက်မပြတ်တင်ပြနေရပါသည်။ထိုကျွန်တော် တင်ပြနေသော အခြေခံဝိပဿနာဖြင့် ရင့်သန်လျက်အမြတ်ဆုံးနိဗ္ဗာန်ကို ရောက်တော်မူနိုင်ကြပါစေ သတည်းဟု ဆုတောင်းဆုယူပြုလိုက်ပါသည်။

မှတ်ချက် ။ ။ အထက်တွင် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာ အကျင့်ကို ရေးတကြီး အသားပေးရေးခဲ့သော်လဲ၊ ကျွန်တော်သည် ဒါန၊ သီလစတဲ့ တရားများကို မပစ်ပယ်ပါ၊ အရိယာဖြစ်ပြီးသူ ဇေတဝန် ကျောင်းကြီးဒါယိကာ မ၊ ဝိသာခါ သောတာပန်း မကြီးတွေကို ထောက်ခြင်း ဖြင့်အရိယာဖြစ်တဲ့ ပုဂ္ဂိုလ်များသည် ပုထုဇဉ်များထက် ရက်ရောစွာ လှူဒါန်းတတ်တာကို ဗုဒ္ဓဘာသာတိုင်း အထူးသတိပြုကြရန် ထပ်မံ၍ မေတ္တာ ရပ်ခံအပ်ပါသည်။

www.dhammaransi.com



## ကျွန်တော်မ,ပါဖို့ခေါ်
## တရားထူးတရားဆန်း
(မိုးကြိုးသတင်းစာ ၁-၇-၆၃)

"ဦးစိန်နိုခင်များ"

ကျွန်တော်တို့ရန်ကုန်မြို့ထဲတွင် "စိတ္တာနုပဿနာရှုနည်း" ဆိုတဲ့ ခေါင်းစဉ်ဖြင့် စာရွက်စာတန်းများ ဝေငှ၍တရားပေးနေရာက ကျွန်တော်သည် ၎င်းစာရွက်ကို ရရှိခဲ့ပါသည်။

ထိုစာတွင် "စိတ္တာနုပဿနာ ရှုနည်း" ဟူသော ခေါင်းစဉ်အောက်၌ (၁)မြင်စိတ်. (၂)ကြားစိတ်. (၃)နံစိတ် (၄)စားစိတ် (၅)ယားနာကောင်းစိတ် (အပြင်အပဒြေ့သည်စိတ်) ၅ မျိုးဟူ၍၎င်း။

ယင်း၏အောက်တွင် (၁)လောဘစိတ် (၂)ဒေါသစိတ် (၃)မာဟစိတ် (၄)အလောဘစိတ် (၅)အဒေါသစိတ် (အတွင်းအိမ်ရှင်စိတ်) ၅မျိုးဟူ၍၎င်း။

ထို့ပြင်နောက်ဆုံး၌ (၁)သင်လေသွင်းစိတ် (၂)ထွက်လေမှတ်စိတ် (အတွင်း အိမ်ရှင်စိတ်) ၂ မျိုးဟူ၍ ၎င်း၊ ၃ မျိုး ၃ စားဖော်ပြထားသည်ကို တွေ့ရပါသည်။ ထိုတွင် ၎င်းသုံးမျိုးစလုံးပင်၊ စိတ္တာနုပဿနာနည်းဆိုတဲ့ ခေါင်းစဉ်အရ စိတ္တာနုပဿနာဟုပင် မှတ်ယူရပါမည်လော။ ကျွန်တော် အထူးသံသယဖြစ်နေတာကတော့ ယားနာကောင်းစိတ် ပဌမ ၅ မျိုးအနက် ပဌမမြောက်စိတ်ပင်ဖြစ်သည်။ ထိုစိတ်သည်ယားနားကောင်းစိတ်လို့ဆိုထား တော့ သုခဝေဒနာဖြစ်နေပါသည်။ ထိုသို့ ဖြစ်က ဝေဒနာနုပဿနာနှင့်သာ ဆိုင်တယ်လို့ ထင်ပါသည်။ အဲ့ဒီစာရွက် ပြဿနာကို ဝန်မလေးက၊ တဆိတ်ကျမ်းဂမ်ဖြင့် ကိုးကားပြီးဖြေပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မောင်မောင်ခ
ကြည့်မြင်တိုင်။

တဖက်ဖော်ပြပါပြဿနာမျိုးကို မေးသည့် စာမျိုးကို ကျွန်တော် ရရှိထားပါသည်။ သို့ရာတွင် နာမရူပ ပရိစ္ဆေဒဉာဏ်အရာ၌ (ပဒဋ္ဌာန်) ပါသင့်မပါသင့်ကို အကျယ်တဝင့် တင်ပြနေရသောကြောင့် အဆိုပါ မေးခွန်းများကို မဖြေနိုင်အားဘဲရှိနေခဲ့ရပါတယ်။

ယခုအချိန်မှာမူ ထိုနာမရူပ ပရိစ္ဆေဒဉာဏ်အရာ၌ (ပဒဋ္ဌာန်) မပါ

www.dhammaransi.com



သင့်ကြောင်းကို နိုင်လုံသော အထောက်အထား သာဓကများပြကာတင်ပြပြီး ဖြစ်သဖြင့်၎င်း၊ မြန်မာပြည်ရှိ နာမည်ကျော်စာတတ်ပေတတ် ဆရာတော်ကြီးထံသို့လည်း လျှောက်ထားမေးမြန်းပြီး ဖြစ်သဖြင့်၎င်း၊ ထို့ပြင် ၎င်းဆရာတော်များထံမှ အဖြေများကို စောင့်စားနေခိုက်ဖြစ်သဖြင့်၎င်း၊ ထိုပဒဋ္ဌာန်ကိစ္စကို ခေတ္တရပ်ဆိုင်းထားလျက် အထက်ပါအမေးကို ကျွန်တော်ဉာဏ်မှီသမျှ မေတ္တာရှေ့ထားပြီး ဖြေကြားပါသည်။

ဘုရားသာသနာတော်အတွင်း၌ ကျွတ်ထိုက်သူများကို ဝေနေယျသတ္တဝါတွေလို့ ခေါ်ဆိုသည့်အပြင်၊ ဘုရားရှင်အသက်ထင်ရှားရှိစဉ်ကလဲ ဝေနေယျတွေကျွတ်ခဲ့ကြပေပြီး၊ ယခုဘုရားမရှိသည့်နောက်တွင်လည်း ကျန်ဝေနေယျတို့မှာ ဘုရားထားခဲ့သော ဓမ္မက္ခန်အရ ကျွတ်ခွင့်ရကြပေသည်။ ထိုဓမ္မက္ခန်တွေကို ဘုရားထားခဲ့ခြင်းမှာ ဝေနေယျတို့အတွက် ထားခဲ့သည်ဆိုက မှားမည်မဟုတ်ပါ။

တဖန် ထိုဝေနေယျနှင့် ပတ်သက်ပြီးအတန်းအစား ၄ မျိုးခွဲ၍ဟောကြားထားခဲ့လေသည် ၎င်းတို့မှာ ...။

(၁) ဘုရားတရားကို တပုဒ်တဂါထာမျှကြားရ၍ ရဟန္တာဖြစ်သွားကြရသော ဗါဟိရဒါရုစိနှင့် သန္တာတိအမတ်ကြီး စသူဥဃဋိတညူပုဂ္ဂိုလ်။

(၂) ဘုရားတရားကို အကျယ်ကြားနာရ၍ ရဟန္တာဖြစ်သွားကြသော ပဉ္စဝဂ္ဂီ ၅ဦး စသူ ဝိပဉ္စိတညူပုဂ္ဂိုလ်။
ထိုပုဂ္ဂိုလ် ၅ ဦးမှာ ဝါဆိုလပြည့်နေ့ညတည်တွင် ဓမ္မစကြာသုတ်တသုတ်လုံးကို ကြားနာရပြီး အရှင်ကောဏ္ဍညသောတာပန်ဖြစ်သည်။ နောက်၎င်း ဓမ္မစကြာသုတ်ကိုဘဲ လဆုတ် ၄ ရက်နေ့အထိ ဟောကာ တယောက်တညစီ သောတပန်တွေဖြစ်ကြရသည်။ လဆုတ် ၅ ရက်နေ့တွင် အနတ္တလက္ခဏာသုတ်ဟောတော့မှ အားလုံးရဟန္တာတွေဖြစ်ကုန်သည်ဟု သိရသည်။

(၃) ဘုရားတရားကိုအကျဉ်းအကျယ်ကြားနာရရုံနှင့် တရားထူးမရ ဝိပဿနာအကျင့်ကို ကျင့်မှရနိုင်သူ ရှေးခေတ်ရဟန္တာအချို့နှင့် ယခုခေတ် နာမည်ကြီးနေသော စွန်းလွန်းဆရာတော်ဦးကဝိ၊ ညောင်လွန့်ဆရာတော် ဦးမေဓါဝီ၊

www.dhammaransi.com



နောကုန်းဆရာတော်ဦးဥက္ကဋ္ဌအပြင် ယခုခေတ် ကျင့်ကြံအားထုတ်ကာ အရိယာအဖြစ်သို့ ရောက်ရှိနေသော နေယျပုဂ္ဂိုလ်များ။

(၄) အထက်ပါပုဂ္ဂိုလ်များကဲ့သို့ ကြိုးနာကျင့်ကြံပါသော်လဲ ဒီပစ္စက္ခ ဘဝတွင် နိဗ္ဗာန်မရဘဲ နောက်နောင်သော ဘဝများတွင်သာ အရိယာဖြစ်ဖို့ မျိုးစေ့ရရှိသွား ပဒပရမပုဂ္ဂိုလ်တို့ပင်ဖြစ်ပါသည်။

ထိုတွင်ယခုသာသနာအတွင်း၌ ကျွတ်မည့်သူကို ဝေနေယျဟုဆိုသဖြင့် နောက်ဆုံးဖော်ပြထားသော ပဒပရမ ပုဂ္ဂိုအတွက် ဝေနေရဟုဆိုရန် ခက်နေသော်လည်း ဒီဘုရားသာသနာမကုန်သေးမီ ဒုတိယ၊ တတိယဘဝများတွင် ကျွတ်တမ်းဝင်ကာ ထိုပဒပရမ ပုဂ္ဂိုလ်ကိုလည်း ဝေနေယျပုဂ္ဂိုလ်ဟုပင် ဆိုရမည်။

ထို၄ မျိုးအနက် ဝေနေယျနှင့် ပဒပရမတို့ တရားကျင့်ကြံအားထုတ်ဖို့အတွက် အလုပ်ပေးတရားအနေဖြင့် မဟာသတိပဋ္ဌာနသုတ်ကို ဘုရားဟောခဲ့သည်။

ထိုမဟာသတိပဋ္ဌာနသုတ်၌ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ၊ဓမ္မာနုပဿဟု ၄ စားခွဲထားသည်ကိုတွေ့ရပါသည်။

ထိုတွင်စိတ္တာနုပဿနာနှင့် ပတ်သက်ပြီး သရာဂစိတ္တံဝါသရာဂစိတ္တန္တိပဇာ နာတိစသည်ဖြင့် တဏှာရာဂလောဘနှင့်တကွဖြစ်တဲ့ စိတ်ကို တဏှာရာဂလောဘနှင့် တကွဖြစ်တဲ့စိတ်ဟု အများအားဖြင့် ရှုသိရမည်ဟု ဟောထားပါသည်။ (အကျယ်ကို သိလိုမူ မဟာဝဂ်ပါဠိတော် မြန်မာပြန်စာမျက်နှာ ၂၆၅ ကို ကြည့်ပါ။)

အထက်ပါ ဘုရားဟောမဟာသတိပဋ္ဌာနသုတ် စိတ္တာနုပဿနာအခန်းလာ စကားတော်များဖြင့် လူကြီးမင်းဦးမောင်ခမေးသော ကိစ္စနှင့်ပတ်သက်၍စိစစ်နိုင်းယှဉ်ကြည့်ရသော်လူကြီးမင်းတွေ့ရှိထားသောစာရွက်၌ ဒုတိယအစုအားဖြင့် ရေးထားသော လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊အဒေါသစိတ်၊စိတ်၅မျိုးနှင့်သာ ကိုက်ညီစေပြီး၎င်းတို့ကိုသာ စိတ္တာနုပဿနာဟု ခေါ်နိုင်ရှုနိုင်ပါသည်။

ထိုမှတပါး ကျန်အထက်အောက်ပါ မြင်စိတ်စသည် ဓမ္မာနုပဿနာလာ အာယတနပဗ္ဗအရ၌သာ အကြုံးဝင်နေသဖြင့် ဓမ္မာနုပဿနာဟုသာ

www.dhammaransi.com



ခေါ်ဆိုသင့်ပါသည်။ အမည်ပေးသင့်ပါသည်။ စာရွက်ထဲပါတဲ့ စိတ္တာနုပဿနာတော့ မဟုတ်နိုင်ပါ။

ဝင်လေစိတ်ထွက်လေစိတ်နှင့် ပတ်သက်၍ မူကားစာရေးသူဘာကို ဆိုလိုသည်ကား နားမရှင်းပါ။ ထွက်လေဝင်လေကို အရှုခံအာရုံထားလျှက် ရှုပွားခဲ့သော် မဟာသတိပဋ္ဌာနသုတ်လာအာနပါနရှုပွားခြင်းဖြစ်သဖြင့် ကာယာနုပဿနာဖြစ်ပါသည်။ စိတ္တာနုပါနာတော့မဖြစ်နိုင်ပါ။ ။ တဖန် ထွက်လေဝင်လေတို့၏ ထိရာဌာနကို အရှုခံအာရုံထားလျှက် ရှုပွားခဲ့လျှင် ဓမ္မာနုပဿနာဖြစ်ပါသည်။ ။ စိတ္တာနုပဿနာတော့မဖြစ်နိုင်ပါ။ ထိုကြောင့် မူလရေးသူအား သူဘာကို ဆိုလိုသည်ကို ထပ်မံမေးမြန်းပါက ကောင်းပါမည်။

ထိုမှတပါး ပဌမပိုင်းစိတ် ၅ မျိုးတွင် ကျန်သော ယားနာကောင်း စိတ်ဆိုတဲ့ လူကြီးမင်းယူဆတဲ့အတိုင်းပင် သုခဝေဒနာ၌သာ အကြုံးဝင် နေပြန်သောကြောင့် ဓမ္မာနုပဿနာဟုလည်း အမည်ပေးနိုင်သည်။ စိတ္တာ နုပဿနာဆိုတာကတော့ အလျှင်းမဟုတ်နိုင်ပါခင်ဗျား။ ဤမျှကျွန်တော် ဖြေပြလိုက်ခြင်းဖြင့် လူကြီးမင်း၏ သံသယ မှာ ကင်းပျောက်သွားလိမ့်မည်ဟု ယူဆပါသည်။

ဤသည်တို့ကို ထောက်သော် အလွန်တရာခက်ခဲလှသော ကမ္မဋ္ဌာန်း တရားကို အားထုတ်ရန်ညွှန်ကြားတိုက်တွန်းနေသော ပုဂ္ဂိုလ်တို့သည် မိမိတို့ညွှန်ပြနေသော ကမ္မဋ္ဌာန်း၏ အမျိုးအမည်နာမများကို ဘုရားဟော ဒေသနာနှင့် မဆန့်ကျင်အောင် မမှည့်မခေါ်တတ်သော် ကျွန်တော်မ.ပါဖို့ ဟူသကဲ့သို့ အမြီးအမောက်မတည့်ဘဲ ပဋိပတ်နယ်တွင် ရက်ဖွယ် လိလိဖြစ်ရုံမက မိမိကိုယ်ကိုမိမိ သံဝေဂရစရာကြီးပင် ဖြစ်နေသည်ကို သတိပြုသင့်လှ ပေကြောင်းဖြင့် နိုးဆော်ရင်း မေတ္တာရပ်ခံလိုက်ရပါသည်။

## ပကာသနိယကံပြုခြင်း

(မိုးကြိုးသတင်းစာ ၁၆-၇-၆၃)

"ပကာသနိယကံ ပြုကြသည်" ဟူသော စကားကို ကျွန်တော် ပဌမအကြိမ် ကြားဘူးသည်ကား ၁၉၃၈ ခုနှစ်လောက်ကပင် ဖြစ်သည်ဟု ထင်ပါသည်။ ထိုအချိန်က ကျွန်တော်သည် အသက်အရွယ်အားဖြင့် ငယ်ပါသေးသည်။ ဗဟုသုတလည်း မရှိလှသေးပါ။ ပကာသနိယကံပြုသည်

www.dhammaransi.com



ဆိုခြင်းမှာ ဘာဟူ၍ မသိလှပါ။

ကျွန်တော်သိသည်ကား ရန်ကုန်မြို့ဘုရားလမ်း ဂျူဗလီရုံကြီးတွင် ရဟာန်းပရိသတ်၊ လူပရိသတ်များ စည်းဝေးလျက် သျှင်အာဒိစ္စဝံသဆိုသော ရဟာန်းတပါးကို ဂေါတမဘုရားအားစွပ်စွဲပုတ်ခတ်သောကြောင့် ပကာသနိယ ကံပြုသည်ဟူ၍ မြင်ဘူး – ကြားဘူးလိုက်ပါသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၃၈ခုနှစ်ကဟူ၍ ကျွန်တော်ထင်ပါသည်။

ယခုတဖန် ဒုတိယအကြိမ်တွင်မူကား ပကာသနိယပြုကြသည်ဟု ကျွန်တော်ကြားရပြန်ပါသည်။ ယခုတစ်ကြိမ်တွင်မူ အသျှင်ဥက္ကဋ္ဌနှင့် အသျှဝါသဝဆိုသော ရဟာန်းနှစ်ပါးသည် ပကားသနိယကံပြုခြင်း ခံကြရပါသည်။ အကြောင်းမှာ ၎င်းသံဃာနှစ်ပါးသည် "ဘုရား တရား သံဃာများကို ဆန်ကျင်ပုန်ကန်တော်လှန်မှုကြောင့်" ဖြစ်သည်ဟူ၍ သိရပါသည်။

ယခုတစ်ကြိမ်တွင်မူကား ကျွန်တော်သည်အသက်အရွယ်အားဖြင့် လည်းကြီးလျက် ဗဟုသုတမှာလည်း အထိုက်အလျောက်များပြားလာပြီ ဖြစ်သဖြင့် ပကာသနိယကံ ပြုခြင်းသည် ဘာလုပ်သည်ဆိုတာကို သိပါသည်။ ကျွန်တော်ငယ်စဉ်ကဲ့သို့ မသိသော သူတို့ သိစေရန် နောက်ကြောင်း ရာဇဝင်နှင့်တကွ တင်ပြပါမည်။

ဂေါတမမြတ်စွာဘုရားသည် ကောသမ္ဗီပြည်၌ စံနေတော်မူစဉ် ယောသက သူဌေးအစရှိကုန်သော သူအပေါင်းတို့သည်ဘုရား၏ ကျောင်းတော်သို့ ဆည်းကပ်လျက် သံဃာတော်တို့ကို အမည်ဖြင့် အသီးအသီးခေါ်လျက်အသျှင် သာရိပုတ္တရာ၊ အသျှင်မောဂ္ဂလာန်၊ အသျှင်အာနန္ဒာတို့၏ အကြောင်းကို မေးမြန်းလျက် လှူဒါန်းဖွယ် အသီးသီးတို့ဖြင့် ပူဇော်ကြကုန်၏။

အသျှင်သာရိပုတ္တရာကား ငါတို့ဆရာတည်း၊ အလွန်ပညာ ကြီးကျယ်၏။ ငါတို့ဆရာကား အသျှင်မောဂ္ဂလာန်တည်း။ ဈာန်အဘိညာဉ် တို့၌ အံဖွယ်ရှိ၏ ဟူ၍ ချီးကျူးပြောဆိုကြကုန်၏ ဒေဝဒတ်ကိုမူကား မည်သူတစ်ဦးတစ်ယောက်မျှ မေးမြန်းလှူဒါန်းပူဇော်ချီးမွမ်းခြင်းမပြုချေ။

ထိုအခါတွင် ဆရာဒေဝဒတ်သည် ဤသို့ကြံဖြစ်၏။ "ဤ ကောသမ္ဗီပြည်သားတို့သည် ငါ့အားမေးမြန်းချီးမွမ်းလှူဒါန်းခြင်းမပြုကြ၊ သာရိပုတ္တရာ၊ မောဂ္ဂလာန်၊ အာနန္ဒာတို့ကိုသာ မေးမြန်းချီးမွမ်းလှူဒါန်းခြင်း ပြုကြသည်၊ ဤကဲ့သို့ ငါ့အားမင်းမျိုးရဟာန်းဖြစ်ပါလျက် ဒါယကာတို့

www.dhammaransi.com



မကြည်ညွတ်ခြင်းသည် ဘုရားရှင်ကငါ၏ ကျေးဇူးမဲ့စကားကို ပြောသောကြောင့်ပင်ဖြစ်တန်ရာသည်၊ ထိုကြောင့် မြတ်စွာဘုရားနှင့် ငါအတူနေ၍ မသင့်ပြီ" ဟု ဘုရားအားမနောကံဖြင့် စွပ်စွဲပါသည်။

ထို့နောက် ဆက်လက်၍အကြံဖြစ်သည်က "ငါ့အားကိုးကွယ်ချီးမြှောက်မည့် ဒါယကာသည် ထက်ဝန်းကျင်သောထီးဆောင်နန်းနေ ပဒေသရာဇ်မင်းများ မဟုတ်နိုင်၊ ၎င်းတို့ကား ဘုရားခင်၏ အလုပ်အကျွေး ဥပါသကာချည်းဖြစ်ကုန်ကြသည်။ ဗိမ္ဗိသာရမင်းကြီး၏သား အဇာတသတ်မင်းသားကား ငယ်လည်းငယ်သေး၏ ကိုးကွယ်သောဆရာလည်းမရှိသေး၊ နောင်ရေးလည်း အလွန်ကောင်း၏။ ထိုမင်းသားကို ငါ့အားကြည်ညိုစေ၍ ဆရာပြုရသော် များစွာသောလာဘသက္ကာ ရရှိသည်ဖြစ်လတ့်" ဟူ၍ ပင်တည်း။

ထိုသို့ အကြံဖြစ်ပြီးသော် ဒေဝဒတ်သည် ဘုရားရှင်ထံမှခွာ၍ ရာဇဂြိုဟ် ပြည်သို့လာခဲ့၏။ ပြည်အနီးသို့ရောင်လျှင် မိမိရသော ဈာန်အဘိညာဉ်ဖြင့် ရဟန်း အသွင်ကိုပယ်၍ လူငယ်အသွင်ကို ဖန်ဆင်းပြီးလျှင် ဦးခေါင်း၊ လက်နှစ်ဖက် ခြေနှစ်ဖက်တို့၌ မြွေငါးကောင်ရက်ထိုး၍ ခါးကြိုးကဲ့သို့ ဆင်ပြီးမှ ကောင်းကင်ဖြင့် သွား၍ အဇာတသတ်မင်းသား၏ ရင်ပြင်ထက်၌ ဆင်းသက်၏။

မင်းသားလည်း အလွန်ကြောက်လန့်သဖြင့် သည်းထန်စွာ ဟစ်အော်ထ၏ ထိုအခါဆရာဒေဝဒတ်က "မင်းသားမကြောက်လင့် ငါကား ဒေဝဒတ်ပင်တည်း သတ္တိစွမ်းအင်ကို မြင်စေလို၍ပြသည်" ဟုဆို၏။

ထိုအချိန်မှစ၍ အဇာတသတ်မင်းသားသည် "အသျှင်ဒေဝဒတ်ကား ကြီးမားသော တန်ခိုးရှိပါပေသည်၊ ခမည်းတော်ကိုးကွယ်သော ဘုရားမှာ ဤကဲ့သို့မပြနိုင်" ဟု အလွန်သဒ္ဓါကြည်ညိုလျှက် မင်းသားသည် ရထားငါးရာ တို့နှင့် ဆရာဒေဝဒတ်၏ အထံသို့ ညဦနံနက် ဆည်းကပ်၏။ ငါးရာမျှသော ဆွမ်းဝတ်တို့ကို လည်းပြု၏။

ထိုကဲ့သို့ ပူဇော်သက္ကာအခြံအရံတို့နှင့် ပြည့်စုံသောအခါတွင် ဒေဝဒတ်သည်တဆင့်တက်၍ "ဘုရားသခင်၏ တပြည့်သားဖြစ်သော သံဃာ အပေါင်းတို့ကိုသင်းခွဲ၍ ငါဆောင်အံ့" ဟု အကြံဖြစ်ပြန်သည်။ ထိုစိတ်အကြံ ဖြစ်ပေါ်သည်နှင့်တပြိုင်နက် အထက်ကရရင်းဖြစ်သော ဈာန်အဘိညာဉ်သည် ဒေဝဒတ်၌ကွယ်လေ၏။

www.dhammaransi.com



ဤအကြောင်းကို ကုက္ကုဋ္ဋနတ်သားထံမှ တဆင့်စကားကြားသိရသော အသျှင်မောဂ္ဂလာန်သည် ကောသမ္ဗီပြည်ရှိ ဘုရားထံသို့လာရောက်၍ ရှိသေစွာ လျှောက်ထား၏။

ထိုအကြောင်းကို မြတ်စွာဘုရားသခင်ကြားတော်မူသောအခါ "ချစ်သား မောဂ္ဂလာန် နတ်လျှောက်တိုင်းမှန်သည်သာတည်း သို့ရာတွင် ဆိတ်ဆိတ်သာနေဦးလော့၊ မမြင့်မီပင် ထိုအခြင်းအရာသည် ထင်ရှားစွာ ဖြစ်လတ္တံ့" ဟု မိန့်တော်မူ၏။

ထို့နောက် များမကြာမီ မြတ်စွာဘုရားသည် ပရိသတ်လေးပါးတို့အား တရားရေအေးတိုက်ကျွေးလျှက် နေတော်မူစဉ် အသျှင်ဒေဝဒတ်သည် မိမိပရိတ် သတ်နှင့် လာလတ်၍ဘုရားအား ဤသို့လျှောက်၏။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရားကိုယ်တော်ကား အသက်အရွယ်ကြီးပါပြီ၊ ချမ်းသာစွာ စံတော်မူပါ၊ ဘိက္ခု - ဘိက္ခုနီ - ဥပသကာဖြစ်သော တပြည့် ဒကာ၊ သာဝကတို့ကို ကျွန်ုပ်အား လွှဲထားအပ်နင်းတော်မူပါ" ဟုလျှောက်ထား၏။

ထိုအခါ ဘုရားသခင်က "ချစ်သားဒေဝဒတ် ဤအခွင့်ကား မသင့်သေး" ဟုပယ်တော်မူ၏။ အသျှင်ဒေဝဒတ်လည်း သုံးကြိမ်မြောက်အောင် လျှောက်လေ သော် ဘုရားရှင်က "ချစ်သားစင်စစ်သာဝကတို့၏ အထွဋ်သို့ရောက်သော သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကိုမျှ သာဝက သံဃာတော်တို့ကို ငါမအပ်သေးဘူး သူတထူး ပစ်ထွေးသော၊ တံတွေးချွေးပေါက်ကိုကောက်၍ မျိုသေးသောသင့်အား အများသံဃာကို အဘယ်သို့ ငါအပ်နင်းအံ့နည်း" ဟု မိန့်တော်မူ၏။

ထိုအခါတွင်၊ ဒေဝဒတ်သည် အလွန် အရှက်ရလျှက် . . . "ငါကား ယနေ့မှစ၍ ယောက်ဖတော် ဂေါတမ၏ ကောင်းကျိုးကို မကြံပြီ" ဟု ကြီးစွာရန်ငြိုး ပြုလေသည်။

ဘုရားရှင်ကိုယ်တော်မြတ်လည်း ဒေဝဒတ်သည် အဇာတသတ် မင်းသား အားမတရားသဖြင့် နည်းပေး၍ ဘေးရန်ကြီးစွာ ဖြစ်လတ္တံ့ကို မြင်တော်မူသဖြင့် သံဃာတို့ကို စည်းဝေးစေပြီး "ချစ်သားတို့ သင်တို့သည် ရာဇဂြိုဟ်ပြည်တွင်းသို့ သွား၍ ပရိတ်သတ်အများတို့ ကြားသိစေခြင်းငှာ၊ ပကာသနိယ ကမ္မဝါစာဖြင့် ထင်စွာပြုကြရချေကုန်" ပြုရာသော ကမ္မဝါစာ၏ အဓိပ္ပါယ်ကား...

www.dhammaransi.com



"အများသံဃာတို့၊ ဆရာဒေဝဒတ်သည် ရှေးသောအခါ သဘောထားနှင့် ယခုသဘောထားမတူပြီ၊ ထိုသူပြုသော ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသည် ဘုရားနှင့် အလိုတူ၏ ဟူ၍ရှင်း၊ မယူမှတ်ကုန်လင့် ဤသို့ သောကမ္မဝါစာဖြင့် ပကာ သနိယကံကိုပြုချေကြကုန်လော့" ဟုမိန့်တော်မူ၏။

ဤသည်တို့ကား ပကာသနိယကံပြုခြင်း၏ အကြောင်းအရင်းနှင့် အဓိပ္ပါယ်တည်း။

ဤကဲသို့သော ရဟန်းသံဃာတို့၏ ပကာသနိယကံပြုခြင်းကို ထောက်ခံ သောအားဖြင့် လူပရိတ်သတ်တို့ကလည်း "အပ္ပသာဒ-ပဝေဒနိယကံ" ပြုကြကုန်၏။ အဓိပ္ပါယ်ကား ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က အကြည်ညိုခံဖြစ်မှ ဝိုင်းပယ်သပိတ်မှောက်ခြင်းပေတည်း။ ဤအတိုင်းပင် တရားဝန်ကြီးချုပ်ဟောင်း ဦးသိန်းမောင်က သဘာပတိအဖြစ်ဖြင့် ဆော်ရွက်လျက် ဗုဒ္ဓဘာသာ အဖွဲ့ပေါင်းစုံ အစည်းအဝေးကြီးက သျှင်ဥက္ကဋ္ဌနှင့် သျှင်ဝါသဝတို့အား ရှိခိုးခြင်း၊ နေရာထပေးခြင်း၊ ခရီးဦးကြိုပြုခြင်း၊ ကြည်ညိုခြင်း၊ လှူဒါန်းခြင်းမပြု သာသနဘောင်မှ ပယ်ထုတ်ကြောင်း ဆုံးဖြတ်ကြ၏။ အသျှင်ဒေဝဒတ်၏ ဇတ်သိမ်းခန်းမှာ အဇာတသတ်အား အဖဇိမ္ဗိသာရမင်းကို သတ်စေခြင်း။

ဘုရားရှင်အား ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးလိမ့်ချလျက်သတ်ရန် ကြံစည်ခြင်း အဇာတသတ်အား နာဠာဂီရိဆင်ကို အရက်ပြင်းစွာတိုက်နင်းသတ်စေခြင်း၊ မကောင်းမှုတို့ကို ဆက်လက်ပြုသော အဆုံးတွင်မဟာပထဝီမြေကြီးသည် သတ္တရဘာန်သီဒါ၊ လေးဖြာအဏ္ဏဝဒီပလေးသွယ်ကျွန်းငယ်အရံနှင့်တကွ ဆတ်ဆတ်ခါမျှ မြည်ဟီးလျက် အသီးသီးသောရေမြေတောတောင်ကို ရွက်ဆောင်ခြင်းငှာ ငါစွမ်းနိုင်၏။ သင်ကဲ့သို့သော သူယုတ် သူပျက်သည် ငါအထက်၌ နေသည်ကိုငါမခံလိုပြီဟု ဆိုသကဲ့သို့ ကြောက်မက်ဖွယ်သော အသံကို ကြော်ညာလျက် ဒေဝဒတ်နင်းရာအရပ်၌ ကွဲ၍ တသွန်းထည်းမျိုလေရာ မဟာအဝီစိငရဲသို့ရောက်လျက် ယနေ့တိုင် ခံနေရပါသည်။

အဇာတသတ် မင်းမှာမူ သေသောအခါတွင် လောဟကုမ္ဘီငရဲ၌ ယနေ့တိုင် ခံစားနေရတုန်းပင်ဖြစ်ပါသည်။

www.dhammaransi.com

# ကိုယ့်စိတ်ကိုယ်စစ်

ဓမ္မဒါန
ဦးလှိုင်မြင့် + ဒေါ်နုနုအုန်း
သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။
ကျပ် - ၂၂၀၀